


www.burmeseclassic.com
BURMESE CLASSIC .com
မောင်ပေါ်ထွန်း
မြန်မာပြန်
A STARNGER IS WATCHING
MARY HIGGINS CLARK
DIGITAL PAINTING & GRAPHIC DESIGN : KYAW MINN MOUNG
ဒုတိယအကြိမ်
www.burmeseclassic.com

www.burmeseclassic.com

(အညွှန်း)

"ကျွန်မ ဘယ်ကို ရောက်နေတာလဲ၊ ကျွန်မကိုကို ဘာကြောင့် မရှိတာလဲ . . ဟင်"

ရွှေနှင်းက မိမိအသွင် ကိုကိုတာကလေး မေးလိုက်သော်လည်း အခန်းကျဉ်းကျဉ်းလေးထဲတွင် ပဲ့တင်ထပ်ခြင်းသာ ရှိသည်။

သူမ၏အမေကို ထွန်းက ပြုံးမချိ ရောက လာစေ၏ ရှေ့သို့ ဆွဲခေါ်ကာ တင်းတင်းဖက်ထားလိုက်ပြီး နောက်ဖေး လှေကားဆင်း သည်။ ရွှေနှင်းက ခုတင်ပေါ်တွင် ရှုံ့တွန့်ကာ အိပ်ပျော်နေသော ကလေးကို ကမန်းကတန်း ဖြေသည်။

နီးလိုက်လေလေ မြင်ရလေလေ ဖြစ်သည်။

သူမက ကလေးကို အိတ်ထဲမှ ကြည့်လိုက်စဉ် ရင်ခုန်ဖို့ ပါးစပ်ဖွင့်မိတော့ကာ ပစ်တီးတော့ ညစ်ညှင်းသော ချိုင့်သည် ကလေးငယ်သည် အသက်ပြင်းပြင်းရှူကာ မေ့လဲလျက်နေသည်။

"ရွှေနှင်း . . မင်းတို့ မှာ၍ အခန်းထဲကိုမဝင်နဲ့"

ထွန်းက အသံမာမာဖြင့် အမိန့်ပေးလိုက်သည်။

"မလုပ်ပါနဲ့ရှင် . . . ကလေးအသက်ရှူ ကျပ်နေပါပြီ၊ ရှင့်မှာ ရင်ကျပ်နေရှာပြီ"

သူမက မျက်နှာကို မော့ကြည့်လိုက်သည်။

မြင်လိုက်ရသော မြင်ကွင်းကြောင့် သူမ လန့်ပြီး မအော်မိအောင် နှုတ်ခမ်းကို တင်းတင်းကိုက်ထားလိုက်ရသည်။

နံရံပေါ်တွင် တိမ်နင့်ကပ်ထားသော . . .

ဓါးတလက် ထားရှိကြီးသုံးချ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဇေယျာမြေ စာစဉ် - ၂၈

# ပိပိရိရိ

BURMESE CLASSIC .com

မောင်ပေါ်ထွန်း (မြန်မာပြန်)

(ဒုတိယအကြိမ်)

## A STRANGER IS WATCHING

Mary Higgins Clark

ဇေယျာမြေ

စာပေတိုက်

တိုက်နံပါတ် (၇၂၄)၊ အခန်း (၁၈) မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈

www.burmeseclassic.com

www.burmeseclassic.com

# ၁

သူသည် ဘီလ်မိုးဟိုတယ် အခန်း(၉၃၂)အတွင်းရှိရုပ်မြင်သံကြားစက်ရှေ့တွင် မလှုပ်မယှက်ထိုင်နေသည်။

နာရီနှိုးစက်ကို ခြောက်နာရီတိတိတွင် ချထားခဲ့သော်လည်း သူသည် ခြောက်နာရီမထိုးခင်ကတည်းကပင် အိပ်ရာမှနိုးနေခဲ့သည်။

ညတုန်းက လေအတော်ပြင်းသည်။ မှန်ပြတင်းများကို တဝုန်းဝုန်း တိုက်ခတ်နေသောကြောင့် နဂိုကမှ အိပ်မပျော်နိုင်သောသူ့ကို အိပ်ရာမှ အစောကြီးနိုးအောင် ဖန်တီးသလိုဖြစ်ခဲ့ရသည်။

ရုပ်မြင်သံကြားတွင် ယနေ့သတင်းစဉ် ပေါ်လာသည်။

BURMESE CLASSIC .com

အသံက မပီသ။ ကြားရရုံမျှသာ ပေါ်ထွက်နေသည်။

သူသည် သတင်းကြေညာချက်နှင့် အထူးအစီရင်ခံချက်များကို လုံးဝ စိတ်မဝင်စား။ တွေ့ဆုံဆွေးနွေးချက် အင်တာဗျူးအခန်းကိုသာ အထူးအာရုံကပ်နေသည်။

နောက်မှီကုလားထိုင်တွင် နေသားတကျ ပြင်ထိုင်လိုက်သည်။

အတွေးကြောင့် စိတ်က မငြိမ်။ ခြေနှစ်ချောင်းကို တင်ပျဉ်ခွေချိတ်လိုက် ပြန်ဖြုတ်လိုက်ဖြင့် ဂနာမငြိမ် ဖြစ်နေသည်။

အိပ်ရာမှ ထပြီးနောက် ရေချိုးပစ်လိုက်သည်။ မုတ်ဆိတ်ရိတ်သည်။

ထို့နောက် မနေ့ညက ဟိုတယ်အခန်းငှားရန် လာစဉ်က ဝတ်လာသော အစိမ်းရောင်ဝတ်စုံကိုပင် ပြန်ဝတ်သည်။ နောက်ဆုံးတော့ သူ့လုပ်ငန်းစတင်ရမည့်နေ့သို့ ရောက်ခဲ့ပါပကောဟူသော အတွေးကြောင့် လက်များပင် တုန်ချင်သလိုဖြစ်လာမိသည်။

မုတ်ဆိတ်ရိတ်တုန်းက နှုတ်ခမ်းကို ဘလိတ်ဓားနည်းနည်း ရှသွားခဲ့သည်။

ပါးစပ်ထဲသို့လည်း သွေးနည်းနည်း ဝင်သွားသည်။

ငန်ပြံပြံအရသာကို ခံစားရတော့ အော်ဂလီဆန်ချင်သလိုလိုပင် ဖြစ်လာမိသည်။

သူသည် သွေးကို အလွန်မုန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ညတုန်းက ဟိုတယ်ဧည့်ခန်းတွင်ရပ်နေစဉ် ဟိုတယ်စာရေးက သူ့အဝတ်အစားများကို မျက်လုံးထောင့်ကပ်ပြီး မသိမသာ အကဲခတ်သလိုကြည့်သည်ကို သတိထားမိခဲ့သည်။

သူက ကုတ်အင်္ကျီကိုမဝတ်ဘဲ ချိုင်းကြားတွင် ညှပ်ထားသည်။ ကုတ်အင်္ကျီအညှဲ့စားဖြစ်၍ အမြင်မလှဟု ထင်သောကြောင့် ဖြစ်သည်။ တကယ်တော့ ဝတ်စုံက သူထင်သလို အမြင်မဆိုးလှပါ။ အသစ်စက်စက်ပင် ရှိသေးသည်။

သူက ယင်းအင်္ကျီကိုမဝတ်ဘဲ တမင်သိမ်းထားခဲ့ခြင်း ဖြစ်သည်။ သို့သော် ဟိုတယ်စာရေးကတော့ အဝတ်အစားကြည့်ပြီး သူ့ကို လူကုံထံတစ်ယောက်ဟု ထင်ပုံမရ။ "အခန်းငှားမလို့လား" ဟုပင် အထင်မကြီးသော မျက်နှာထားဖြင့် မေးလိုက်သေးသည်။

သူသည် ဟိုတယ်တွင် ဘယ်တုံးကမှ မတည်းခဲ့စဖူး။ သို့သော် ဟိုတယ်တွင် ဘယ်ပုံဘယ်နည်းဖြင့် အခန်းငှားရမည်ဆိုတာကိုတော့ ကောင်းကောင်းနားလည်ပါသည်။

"ဟုတ်တယ်၊ ကျုပ် အခန်းလိုချင်လို့"

သူက အေးစက်စက်ဟန်နှင့်ပင် ပြန်ပြောလိုက်သည်။ စာရေးက သူ့ကို ခေတ္တမျှ အကဲခတ်နေသေးသည်၊ အထင်မကြီးသော မျက်နှာပေးဖြင့်။

ဤတွင် သူက အိတ်ထဲမှ ပိုက်ဆံနှိုက်ပြီး ကြိုတင်စရန်ငွေ ထုတ်ပေးလိုက်သည်။ သည်တော့မှ စာရေးမျက်နှာကြည်လာသည်။

BURMESE CLASSIC .com

သူက နှာခေါင်းရှုံ့ကာ ခပ်တည်တည်နှင့် ပြောလိုက်သည်။

"ကျုပ်က ဗုဒ္ဓဟူးနေ့ မနက်အထိပဲနေမှာ"

အခန်းခမှာ သုံးညအတွက် ဒေါ်လာ (၁၄၀)ကျသည်။

အခန်းခပေးပြီးတော့ သူ့လက်ထဲတွင် ဒေါ်လာ (၃၀)မျှသာ ကျန်တော့သည်။

သို့သော် ကိစ္စမရှိ။ ယင်းပိုက်ဆံနှင့် တစ်ရက်နှစ်ရက်အတွင်း သုံးလောက်သည်။ ဗုဒ္ဓဟူးနေ့ကျတော့ ဒေါ်လာ (၈၂,၀၀၀)ကြီးများတောင် ရလာတော့မည် မဟုတ်လား။

မျက်စိရှေ့တွင် အမျိုးသမီး၏မျက်နှာ ပေါ်လာသည်။ သူက မျက်စိကိုမှိတ်ကာ အာရုံလွှဲပစ်သည်။ မျက်နှာကိုမြင်တော့ မျက်လုံးတွေကိုလည်း မြင်ယောင်လာသည်။

မျက်လုံးပြူးကြီးတွေက သူ့ကို အမြဲတမ်း စိုက်ကြည့်နေကြသည်။ ကြီးလိုက်တာကလည်း ဝပ်အားတစ်ထောင် မာကြူရီမီးလုံးကြီးတွေလောက် ထင်ရသည်။

သူသည် ကော်ဖီထပ်သောက်ချင်စိတ် ဖြစ်ပေါ်လာသဖြင့် အစားအသောက် မှာယူနည်းလမ်းညွှန်စာအုပ်ကို သေသေချာချာ ဖတ်ကြည့်ပြီးနောက် အခန်းထဲသို့မှာပြီး စိမ်ပြေနပြေ သောက်နေခဲ့သည်။ ကော်ဖီကရားကြီးတစ်လုံး ကုန်လုနီးပါး သောက်ပစ်လိုက်သည်။

ထို့နောက် ကော်ဖီကရားနှင့် မုန့်ပန်းကန်များကို ကိုယ်တိုင်ဆေးကြော၍ ဗန်းပေါ်ပြန်ထည့်ကာ ကြမ်းပြင်ပေါ် ချထားလိုက်သည်။

ရုပ်မြင်သံကြားတွင် စီးပွားရေးကဏ္ဍကို တင်ဆက်ပြီးသွားပြီ။

သူသည် ကိုယ်ကို ရှေ့သို့ကိုင်းပြီး စိတ်ဝင်စားစွာဖြင့် ရုပ်မြင်သံကြားစက်အနီးသို့ မျက်နှာကပ်လိုက်သည်။ ဆက်လက်တင်ဆက်မည့်အခန်းမှာ တွေ့ဆုံဆွေးနွေးခန်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းကို သူ အလွန်စိတ်ဝင်စားနေသည်။

ထို့ကြောင့် အသံတိုးကျယ်ခလုတ်ကို မြှင့်လိုက်သည်။

သတင်းကြေညာသူ တွမ်ဘရိုကော်၏ မြင်နေကျမျက်နှာသည် ရုပ်မြင်သံကြားမျက်နှာပြင်ပေါ်တွင် အပြည့်ပေါ်လာသည်။ တွမ်ဘရိုကောက မရယ်မပြုံးမျက်နှာထားဖြင့် စတင်ကြေညာသည်။ သူ့အသံသည် တစ်ခန်းလုံး ခြုံလွှမ်းသွားသည်။

*"ရုပ်မြင်သံကြား ဝါသနာရှင်များခင်ဗျား. . .*

*ဗီယက်နမ်စစ်ပွဲကာလကတည်းကစပြီး ကျွန်တော်တို့နိုင်ငံမှာ သေဒဏ်အပြစ်ပေးခြင်းကို ဆက်လက် ထားသင့်,မထားသင့်ဆိုတဲ့ ပြဿနာဟာ စိတ်ဝင်စားစရာအကောင်းဆုံးနဲ့ အငြင်းအပွားရဆုံး ပြဿနာကြီးတစ်ရပ် ဖြစ်ခဲ့ပါတယ်၊ ဒီအချိန်မှစပြီး နောက် (၅၂)နာရီအကြာ လာမယ့် မတ်လ (၂၄)ရက်နေ့မှာဆိုရင် အသက် (၁၉)နှစ်သားအရွယ် ရှိနယ်သွမ်မဆင်ဆိုတဲ့ လူငယ်လေးကို လျှပ်စစ်ကုလားထိုင်ပေါ်တင်ပြီး သေဒဏ်ပေးတော့မှာ ဖြစ်ပါတယ်၊ ဒါဟာ ကျွန်တော်တို့နိုင်ငံမှာ ဒီနှစ်အတွင်း ခြောက်ကြိမ်မြောက် သေဒဏ်ပေးခြင်းပဲ ဖြစ်ပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး အခု ကျွန်တော့်ရှေ့မှောက်ရောက်နေကြတဲ့ ပုဂ္ဂိုလ်နှစ်ယောက်ဟာဆိုရင်. . ."*

ကင်မရာကို နောက်သို့ ဆွဲလိုက်သဖြင့် တွမ်ဘရိုကော၏ ဝဲယာတစ်ဖက်တစ်ချက်တွင် ထိုင်နေသော ပုဂ္ဂိုလ်နှစ်ယောက်ပါ ပေါ်လာသည်။ လက်ယာဘက်တွင် ထိုင်နေသော ပုဂ္ဂိုလ်မှာ အသက် (၃၀)ကျော်အရွယ် ဖြစ်သည်။

သူ့ဆံပင်က ထိုးထိုးထောင်ထောင်နှင့် အဖြူရောင်သန်းစ ပြုနေပြီ။ မျက်ခုံးကထူထူ၊ မျက်လုံးက ပြာပြာ။ သူသည် လက်ထိပ်တွင် မေးတင်ကာ အတွေးနက်ပုံရသည်။

ဘယ်ဘက်တွင် ထိုင်နေသူကတော့ အမျိုးသမီး။ နီညိုရောင်ဆံပင်ကို နောက်ဆွဲဆံထုံးဖွဖွကလေး ထုံးထားပြီး လက်နှစ်ဖက်ကိုဆုပ်ကာ ပေါင်ပေါ်တွင် တင်ထားသည်။ သူမသည် နှုတ်ခမ်းကို လျှာနှင့်ကစ်ချက်လျက်ကာ နဖူးဆံစကို အပေါ်သို့ပင့်တင်လိုက်သည်။

တွမ်ဘရိုကော၏အသံ ဆက်လက်ပေါ်ထွက်လာသည်။

*"အခုရောက်ရှိနေတဲ့ ပုဂ္ဂိုလ်နှစ်ယောက်ဟာဆိုရင် လွန်ခဲ့တဲ့ခြောက်လလောက်ကလဲ ရုပ်မြင်သံကြားမှတစ်ဆင့် သူတို့ရဲ့ အယူအဆတွေကို ထုတ်လွှင့်တင်ပြခဲ့ကြပြီးပါပြီ၊ ဒီပုဂ္ဂိုလ်နှစ်ယောက်ဟာ သေဒဏ်ပေးခြင်းနဲ့ပတ်သက်ပြီး သူတို့ရဲ့အယူအဆတွေကို အချေအတင် အပြန်အလှန်ဆွေးနွေးတင်ပြဖို့ ရောက်ရှိလာကြတာဖြစ်ပါတယ်။ ဒီဘက်က ပုဂ္ဂိုလ်က နာမည်ကျော် သတင်းစာပင်တိုင်ဆောင်းပါးရှင် မစ္စတာရှန်မာတင်၊ 'သေဒဏ်ပေးခြင်းပြစ်မှု'ဆိုတဲ့ နာမည်ကျော်စာအုပ်ကို ရေးခဲ့တဲ့ စာရေးဆရာမလဲ ဖြစ်ပါတယ်။ ဟောဒီက ပုဂ္ဂိုလ်ကတော့ မစ္စတာ စတီဖင်ပတ်တာဆင်ဖြစ်ပါတယ်၊ မစ္စတာပက်တာ ဆင်ဟာ အများသိပြီးတဲ့အတိုင်း 'သတင်းစုံ' သတင်းမဂ္ဂဇင်းကြီးရဲ့ တာဝန်ခံအယ်ဒီတာချုပ်ဖြစ်ပြီး ကျွန်တော်တို့နိုင်ငံမှာ သေဒဏ်ပေးခြင်းကို ဆက်လက်ထားရှိရေးနဲ့ပတ်သက်ပြီး အလေးအနက် ထောက်ခံရေးသားခဲ့တဲ့ ပုဂ္ဂိုလ်ပါပဲ"*



www.burmeseclassic.com

www.burmeseclassic.com



သတင်းကြေညာသူက မစ္စတာပက်တာဆင်ဘက်သို့ မျက်နှာလှည့်လိုက်ပြီး . . .

*“အခုအချိန်ကစပြီး ဆွေးနွေးခန်း စတင်ပါတော့မယ်၊ မစ္စတာပက်တာဆင်ကပဲ စတင်ဆွေးနွေးစေလိုပါတယ်၊ ကျွန်တော်တို့နိုင်ငံမှာ သေဒဏ်ပေးခြင်းခံရတဲ့ တရားခံတွေနဲ့ပတ်သက်ပြီး အများပြည်သူအတွင်းမှာ မကျေနပ်မှုတွေ အများအပြားရှိခဲ့တယ်ဆိုတာကို မစ္စတာပက်တာဆင်အသိပါပဲ၊ အဲဒီတော့ အခုအချိန်မှာ မစ္စတာပက်တာဆင်ရဲ့ အယူအဆက ဘယ်လိုရှိနေပါသလဲ၊ သေဒဏ်ပေးခြင်းဟာ တရားနည်းလမ်းကျတဲ့ တရားဥပဒေဆိုင်ရာ လုပ်ရပ်တစ်ခုလို့ ထင်မြင်ယူဆနေတုန်းပဲ ရှိပါသေးသလား”*

ပက်တာဆင်က ကိုယ်ကို အနည်းငယ်ရှေ့သို့ကိုင်းကာ တည်ငြိမ်ပြတ်သားစွာဖြင့် ပြန်ပြောလိုက်သည်။

*“ဟုတ်ပါတယ်၊ လုံးဝတရားမျှတမှု ရှိတယ်လို့ ယုံကြည်နေဆဲပါပဲ”*

သတင်းကြေညာသူက တစ်ဖက်သို့လှည့်ကာ . . .

*“ကဲ . . မစ္စရှုရွှန်မာတင်ရဲ့ ထင်မြင်ယူဆချက်ကိုလဲ ကြားပါရစေဦး”*

မစ္စရှုရွှန်မာတင်က ကုလားထိုင်ကို မသိမသာရွှေ့ကာ မေးခွန်းမေးသူဘက်သို့ မျက်နှာမူလိုက်သည်။

သူမသည် ကိုယ်ရောစိတ်ပါ နွမ်းနယ်နေသည်။ လွန်ခဲ့သောတစ်လလုံးလုံး တစ်နေ့မှ အားလပ်ချိန်မရှိဘဲ (၂၄)နာရီအပြည့် အလုပ်များနေခဲ့သည်။ အထက်လွှတ်တော် အမတ်များ၊ အောက်လွှတ်တော်အမတ်များ၊ တရားသူကြီးများ၊ လူမှုရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ရသည်။ တက္ကသိုလ်နှင့်ကောလိပ်များ၊ အမျိုးသမီးအသင်းအဖွဲ့များတွင် ဟောပြောပွဲများ ပြုလုပ်ခဲ့ရသည်။ သူမသည် ကြိုးမိန့်ကျ တရားခံရိုနယ်သွမ်မဆင်အား သေဒဏ်မှ ခွင့်လွှတ်ရန် ကိစ္စကို ကွန်နက်တီကပ်ပြည်နယ် အုပ်ချုပ်ရေးမှူးထံသို့ မေတ္တာရပ်ခံကြရန် အဆိုပါပုဂ္ဂိုလ်များအား အလေးအနက်တိုက်တွန်းနှိုးဆော်ခဲ့သည်။ သူမ၏ကြိုးပမ်းချက်သည်မျှော်လင့်တာထက် အောင်မြင်ခဲ့သည်။ အားလုံးကပင် သူမ၏အဆိုပြုချက်ကို တစ်ခဲနက် ထောက်ခံအားပေးခဲ့ကြသည်။ ထို့ကြောင့်လည်း ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စက်ဂရင်းအနေဖြင့် ဤကိစ္စကို မလွှဲမသွေ ပြန်လည်စဉ်းစားကောင်း စဉ်းစားလိမ့်မည်ဟု မစ္စရှုရွှန်မာတင်က ကျိန်းသေပေါက်တွက်ထားခဲ့ခြင်း ဖြစ်သည်။ သူမသည် ပြန်ပြောမည့်စကားကို ကြိုးစားပြီး ရွေးချယ်နေရသည်။

*“ကျွန်မ ထင်တာကတော့၊ ကျွန်မ ယုံကြည်တာကတော့ . . ကျွန်မတို့တစ်တွေဟာ ကျွန်မတို့နိုင်ငံဟာ အမှောင်ခေတ်၊ အရိုင်းခေတ်ထဲကို ခြေလှမ်းကြဲကြဲနဲ့ နောက်ပြန်ဆုတ်သွားပြီလို့ ယုံကြည်ပါတယ်”*

ပြီးတော့ သူမ ဘေးမှသတင်းစာကို ကိုင်မြှောက်လိုက်ရင်း . . .

*“ဒီနေ့မနက်ထုတ် သတင်းစာကိုပဲ ကြည့်ကြပါ၊ သတင်းခေါင်းစဉ်တွေကို သေသေချာချာ လေ့လာကြည့်ကြပါ၊ အားလုံးလိုလို သွေးတောင်းနေတဲ့ ခေါင်းစဉ်တွေချည်းပါပဲ”*



www.burmeseclassic.com

www.burmeseclassic.com



သူမသည် သတင်းစာကို ကမန်းကတန်း လှန်လှောရင်း ဆက်ပြောသည်။

"ကွန်နက်တီကပ်ပြည်နယ်က လျှပ်စစ်ကုလားထိုင်ဖြင့် သေဒဏ်ပေးတော့မည်တဲ့၊ ပြီးတော့ နောက်တစ်ခုက ဆယ့်ကိုးနှစ်သားကလေး ဗုဒ္ဓဟူးနေ့ သေရတော့မည်၊ ပြီးတော့ နောက်တစ်ခု ကြိုးမိန့်ကျလူသတ်တရားခံက အပြစ်မရှိကြောင်း ကန့်ကွက်တဲ့၊ အားလုံး ဒီသဘောချည်းတွေပါပဲ၊ ဒီထက် အရိုင်းဆန်တဲ့ သတင်းရှိပါဦးမလား"

သူမက နှုတ်ခမ်းကိုကိုက်ပြီး စိတ်ကိုချုပ်တည်းထားလိုက်သည်။

စတီဖင်ပက်တာဆင်က သူမ၏မျက်နှာကို ဖျတ်ခနဲကြည့်လိုက်သည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးက ကြိုးမိန့်ကျတရားခံ သွမ်မဆင်၏အယူခံကို လုံးဝပယ်ချလိုက်ကြောင်း တိုင်းသိပြည်သိ ကြေညာရန်အတွက် သတင်းစာရှင်းလင်းပွဲလုပ်ဖို့ အစည်းအဝေးခေါ်ထားကြောင်း ယခုပင် သိကြရသည်။ သည်အကြောင်းသိရတော့ မစ္စရှုရှုန်မာတင် အနေဖြင့် အကြီးအကျယ် စိတ်ထိခိုက်သွားမိသည်။ ထိုင်နေရင်းမှ ရုတ်တရက်မူးလဲသွားတော့ မလောက်ပင် ခံစားရမိသည်။

သည်လိုမှန်း အစောကတည်းက ကြိုတင်သိရှိခဲ့လျှင် ယခုကဲ့သို့ ရုပ်မြင်သံကြား ဆွေးနွေးခန်းကို လုံးဝပြုလုပ်မည်မဟုတ်။ ယခုတော့ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်သည် မိမိ၏လုပ်ရပ်ကို လုံးဝအဓိပ္ပာယ်မရှိသလို ချေဖျက်လိုက်ပြီ။ သည်အတိုင်းသာဆိုလျှင် စတီဖင်ပက်တာဆင်လည်း ယခုဆွေးနွေးပွဲသို့ လုံးဝ လာရောက်ဆွေးနွေးမည် မဟုတ်သည်မှာ သေချာသည်။

သူ့အနေဖြင့် ချေပပြောဆိုစရာတော့ ရှိကောင်းရှိပေဦးမည်။

"အခုလို အနိဋ္ဌာရုံဖြစ်ရပ်တွေကို ဆင်ခြင်တုံတရားရှိတဲ့ လူသားတိုင်း ရွံရှာမုန်းတီးကြလိမ့်မယ်လို့ ကျွန်တော် အကြွင်းမဲ့ယုံကြည်ပါတယ်"

စတီဖင်ပက်တာဆင်က သူ၏ယူဆချက်ကို ဆက်လက်တင်ပြသည်။

"ဒါကြောင့်မို့ တရားခံတစ်ယောက်ကို သေဒဏ်အပြစ်ပေးတာကိုလဲ စဉ်းစားဉာဏ်ရှိတဲ့ လူသားတိုင်းက ဘယ်လိုမှ လက်ခံနိုင်စရာ မရှိပါဘူး၊ ဒါပေမယ့် ဒီအမှုကို အချိန်အကြာကြီးဆွဲပြီး အသက်ညာဆုံး စဉ်းစားပြီးမှ ဆုံးဖြတ်ချက် ချခဲ့တယ်ဆိုတာကိုတော့ အထူးသတိပြုစေချင်ပါတယ်၊ တကယ်တော့ အခုချမှတ်လိုက်တဲ့ သေဒဏ်စီရင်ချက်ဟာ မိုးပေါ်ကကျလာတဲ့ စီရင်ချက်မဟုတ်ပါဘူး၊ ဥပဒေအရ တကယ်လိုအပ်လို့ တရားမျှတစွာနဲ့ ဆုံးဖြတ်လိုက်တဲ့ စီရင်ချက်ပဲဖြစ်ပါတယ်"

ဤတွင် တွမ်ဘရိုကောက ကြားဖြတ်၍ ခပ်မြန်မြန်ကလေး မေးလိုက်သည်။

"ဒီလိုဆိုရင် ကျွန်တော်က အချက်တစ်ချက်ကို မေးချင်ပါတယ်၊ တရားခံ ရိုနယ်သွမ်မဆင်ဟာ အမှုကျူးလွန်ချိန်က အသက် (၁၇)နှစ် ပြည့်ရုံကလေးသာ ရှိသေးတဲ့အတွက် အရွယ်ရောက်ပြီးတဲ့လူတစ်ယောက် ခံစားရမယ့်ပြစ်ဒဏ်ကို မှီရုံကလေးသာ ရှိသေးတဲ့ အခြေအနေမျိုးမှာ ရှိနေပါတယ်၊ အဲဒီတော့ ဒီအချက်ကို ထည့်သွင်းစဉ်းစားသင့်တယ်လို့ မစ္စတာပက်တာဆင်အနေနဲ့ ယုံကြည်ပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်းသိတဲ့အတိုင်း ကျွန်တော်က အသတ်ခံရသူရဲ့ ခင်ပွန်းဖြစ်ပါတယ်၊ ဒါကြောင့်မို့ သွမ်မဆင်အမှုနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ဘယ်လိုမှ ထင်မြင်ချက်မပေးလိုပါဘူး၊ ထင်မြင်ချက်ပေးဖို့လဲ လုံးဝ မသင့်လျော်ဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်"

"ဟုတ်ပါတယ်. . . မစ္စတာပက်တာဆင်၊ မစ္စတာပက်တာဆင်ရဲ့ အခြေအနေကို ကျွန်တော် သဘောပေါက်ပါတယ်။ ဒါပေမယ့် မစ္စတာပက်တာဆင်ဟာ ဒီပြဿနာနဲ့ ပတ်သက်ပြီး နှစ်ပေါင်းတော်တော်ကြာကတည်းက. . . "

သူက ခေတ္တရပ်နေပြီးမှ လေအေးအေးဖြင့် ဆက်ပြောသည်။

"မစ္စတာပက်တာဆင်ရဲ့ ဇနီးကို ရှိနယ်သွမ်မဆင် မသတ်ခင် နှစ်ပေါင်းတော်တော်ကြာကြာကတည်းက အခိုင်အမာရပ်တည်ပြီး အရေးဆိုလာခဲ့တာကို လူတိုင်းသိပါတယ်"

**"မစ္စတာပက်တာဆင်ရဲ့ဇနီးကို ရှိနယ်သွမ်မဆင် မသတ်ခင်..."**

သည်စကားကြားလိုက်ရတော့ ပက်တာဆင်၏ရင်ထဲ ထိတ်ခနဲ ခံစားလိုက်ရသည်။ သူ့စိတ်အာရုံသည် လွန်ခဲ့သော နှစ်နှစ်ခွဲကျော်ကာလဆီသို့ ပြန်ရောက်သွားသည်။

လူသတ်သမားသည် သူတို့အိမ်ထဲသို့ တိတ်တဆိတ် ဝင်ရောက်လာပြီး သူ့ဇနီးနီနာအား လည်ပင်းကိုပဝါနှင့်စည်း၍ ရက်ရက်စက်စက် သတ်သွားခဲ့သောဖြစ်ရပ်ကို ပြက်ပြက်ထင်ထင် မြင်ယောင်လာမိသည်။

ပက်တာဆင်သည် အတိတ်ကာလသို့ လွင့်မျောသွားသော စိတ်အာရုံကို ပြန်လည်သိမ်းဆည်းကာ ရှေ့တည့်တည့်သို့ မျက်နှာမူလိုက်ပြီးနောက်. . .

"တစ်ချိန်တုန်းကတော့ ကျွန်တော့်တို့နိုင်ငံမှာ သေဒဏ်အပြစ်ပေးခြင်းကို လုံးဝ ပယ်ဖျက်ပစ်တဲ့အခြေအနေအထိ မလွဲမသွေ ရောက်လာလိမ့်မယ်လို့ ကျွန်တော်ယူဆခဲ့ပါတယ်၊ ဒါပေမယ့် လူကြီးမင်း စောစောက ပြောခဲ့တဲ့အတိုင်း ကျွန်တော့် မိန်းမရဲ့ အသေဆိုးနဲ့သေဆုံးမှုမပေါ်ပေါက်ခင် အစောကြီးကတည်းကပင် ကျွန်တော့်အနေနဲ့ ခိုင်မာတဲ့ခံယူချက်တစ်ရပ် ရှိနေခဲ့ပါတယ်၊ အဲဒါက တခြား မဟုတ်ပါဘူး၊ ကျွန်တော်တို့ဟာ လူသားတိုင်းရဲ့ မွေးရာပါလူ့အခွင့်အရေးဖြစ်တဲ့ စိုးရိမ်ကြောင့်ကြစိတ် ကင်းမဲ့စွာနဲ့ သွားလာနေထိုင်ခွင့်၊ ကိုယ့်အိမ်ကိုယ့်ရာမှာ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ခွင့်ရရှိနိုင်ဖို့အတွက်ဆိုရင် ပြစ်မှုကျူးလွန်သူတွေကို ရပ်တန်းကရပ်သွားအောင် လုပ်ကိုလုပ်ရမယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်၊ အဲဒီလို သူတို့ကို ရပ်တန်းကရပ်သွားအောင် လုပ်ဖို့ဆိုတာကလဲ သူတို့ကြောင့် ဒုက္ခရောက်ကြရတဲ့ အပြစ်မဲ့သူတွေ ခံစားကြရသလို သူတို့ကိုလဲ အလားတူခံစားရအောင် ပြစ်ဒဏ်ခတ်ဖို့ လိုအပ်ပါတယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ပထမဆုံးသေဒဏ်ပေးခဲ့ပြီးတဲ့ အချိန်ကစပြီး တစ်နိုင်ငံလုံးမှာ လူသတ်မှုတွေ သိသိသာသာကြီး လျော့နည်းသွားတာတွေ့ရပါတယ်၊ ဒီအချက်ဟာ သေဒဏ်ပေးဖို့ လိုအပ်ကြောင်း ခိုင်လုံတဲ့ သက်သေသာဓကပဲ ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မစ္စရှုရှန်မာတင်က ကိုယ်ကို ရှေ့သို့ကိုင်းရင်း. . .

*"မစ္စတာပက်တာဆင်ပြောသွားတာ ကျိုကြောင်း ညီညွတ်ပါတယ်၊ အဲဒီတော့ ကျွန်မ တစ်ခုမေးချင်တာက ကနေ့ကျူးလွန်နေကြတဲ့ လူသတ်မှုတွေအနက်က (၄၅) ရာခိုင်နှုန်းဟာ အသက် (၂၅)နှစ်အောက် လူငယ်တွေက ကျူးလွန်နေတယ်ဆိုတာနဲ့ အဲဒီ လူငယ်တွေရဲ့ မိသားစုအခြေအနေဟာ သာယာချမ်းမြေ့မှု မရှိကြလို့ ဖြစ်ရတယ် ဆိုတာကိုရော မစ္စတာပက်တာဆင်အနေနဲ့ သတိပြုမိပါရဲ့လား"*

***ဘီလ်မိုး ဟိုတယ်၊ အခန်း (၉၃၂)*** ထဲတွင် တစ်ကိုယ်တည်းထိုင်ကာ ရုပ်မြင်သံကြား ကြည့်နေသူသည် စတီဖင်ပက်တာဆင်ထံမှ မျက်နှာလွှဲကာ မစ္စရှုရှန်မာတင်အား စူးစူးစိုက်စိုက် အကဲခတ် ကြည့်ရှုနေသည်။ သည်အမျိုးသမီးသည် ပက်တာဆင် အရှူးအမူးချစ်နေသော စာရေးဆရာမဖြစ်သည်။

သူမသည် သူ့မိန်းမနှင့် လုံးဝမတူ။

သူမက အရပ်ရှည်သည်။

**အားကစားမယ်** တစ်ယောက်လို ကိုယ်လုံးကိုယ်ပေါက်တောင့်သည်။

သူ့မိန်းမကတော့ သေးသေးကျစ်ကျစ်ကလေးရယ်။ နဖူးနှင့်နားရွက်ကို ဆံပင်များ အုပ်နေကာ ကစားစရာအရုပ်ကလေးနှင့်သာ တူနေသည်။

မစ္စရှုရှန်မာတင်၏ မျက်လုံးတွေကိုမြင်ရတော့ လွန်ခဲ့သောနွေရာသီက အပန်းဖြေ ထွက်ခဲ့သော ကမ်းခြေမှ ပင်လယ်ပြာပြာကို သတိရမိသည်။

သူက စိမ်းပြာရောင်ကို အလွန်နှစ်သက်သည်။

စိမ်းပြာရောင် မျက်လုံးပိုင်ရှင်ဆိုလျှင်လည်း အလွန် သဘောကျသည်။

ဒါနဲ့ စောစောက ပက်တာဆင်က ဘာတွေပြောသွားပါလိမ့်။ အို. . . ဟုတ်ပြီ။ သူက လူသတ်သမားတွေကို မုန်းတီးပြီး အပြစ်တစ်စုံတစ်ရာမရှိဘဲ အသားလွတ် အသတ်ခံရသူတွေ အတွက် ကရုဏာသက်မိကြောင်း သဘောမျိုး ပြောသွားသည်။

*"အပြစ်မဲ့အသတ်ခံသွားရသူတွေအတွက်. . ကျွန်မအနေနဲ့လဲ ကရုဏာသက်မိ ပါတယ်"*

မစ္စရှုရှန်မာတင်က ဆက်လက် ဆွေးနွေးသည်။

*"ဒါပေမယ့်. . . သူတို့ပြဿနာက ဒီလိုမလုပ်ရင် ဟိုလိုလုပ်ဆိုလို့ရတဲ့ ပြဿနာမျိုး မဟုတ်ပါဘူး၊ အမှန်ကတော့ ရှိနယ်သွမ်မဆင်အတွက် အထိုက်တန်ဆုံး ပြစ်ဒဏ်ဟာ တစ်သက်တစ်ကျွန်းပေးခြင်းသာ ဖြစ်သင့်ပါတယ်၊ မစ္စတာပက်တာဆင်လို မေတ္တာ တရားကြီးမားတဲ့၊ လူ့ဘဝလူ့အသက်ကို အလွန်တန်ဖိုးထားတဲ့ ပုဂ္ဂိုလ်တစ်ဦးအနေနဲ့ ဘုရားသခင်ရဲ့ မျက်နှာတော်ကို ထောက်ထားသင့်ပါတယ်"*

သူတို့၏ အချေအတင် ဆွေးနွေးခန်းမှာ လွန်ခဲ့သော ခြောက်လခန့်က ပထမအကြိမ် ဆွေးနွေးခဲ့ကြသည့်အတိုင်းပင် ဆုံးဖြတ်ချက်တစ်စုံတရာ မချနိုင်ဘဲဖြစ်နေသည်။

နောက်ဆုံး တွမ်ဘရိုကောက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း၊ အချိန်ကလဲ စေ့ခါနီးပါပြီ၊ အဲသည်တော့. . အချုပ်သဘောနဲ့ မစ္စတာပက်တာဆင်ကို မေးချင်တာကတော့၊ အခုလို. . နိုင်ငံတစ်ဝန်းလုံးမှာ လူထုဆန္ဒပြပွဲတွေ၊ ထောင်တွင်းအုံကြွမှုတွေ၊ ကျောင်းသားထု တောင်းဆိုမှုတွေ ပေါ်ပေါက်နေတဲ့အထဲက သေဒဏ်ပေးခြင်းကို ဆက်လက်ပြုလုပ်ခဲ့ရင်. . သည်လုပ်ရပ်ဟာ တရားမျှတမှုရှိတယ်လို့ မစ္စတာပက်တာဆင်က ယူဆပါသလား"

"ကျွန်တော်က လူသားတိုင်းရဲ့ ကိုယ်ကျင့်တရားကို ယုံကြည်တယ်၊ လူသားတိုင်းရဲ့ တာဝန်ကိုယုံကြည်တယ်၊ လူ့အဖွဲ့အစည်းရဲ့တာဝန်နဲ့ လူသားအခွင့်အရေး ကာကွယ်ခွင့်ကိုလဲ ယုံကြည်တယ်၊ ပြီးတော့. . . နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံသားတိုင်းရဲ့ အခွင့်အရေးကို ကာကွယ်ပိုင်ခွင့် ရှိတယ်ဆိုတာကိုလဲ ယုံကြည်ပါတယ်"

တွမ်ဘရိုကောက မစ္စမာတင်ဘက်သို့လှည့်ရင်း. . .

"မစ္စရှုရှန်မာတင်ရဲ့ ထင်မြင်ချက်ကိုလဲ ကြားပါရစေဦး"

"ကျွန်မကတော့ သေဒဏ်ပေးခြင်းဟာ လုံးဝ အဓိပ္ပာယ်မရှိဘူး။ ရိုင်းစိုင်းရက်စက်တဲ့ ဓလေ့ထုံးစံတစ်ခုလို့ ယုံကြည်ပါတယ်၊ ကျွန်မတို့ လူသားတွေအနေနဲ့ ကိုယ့်အိမ်ကိုယ့်ရာမှာ လုံခြုံစိတ်ချစွာနေထိုင်နိုင်ရေးအတွက် တရားဥပဒေချိုးဖောက်သူတွေကို ထိုက်သင့်တဲ့အပြစ်ဒဏ် ပေးရမယ်ဆိုတာကို ကျွန်မအနေနဲ့ အကြွင်းမဲ့ယုံကြည်ပါတယ်။ တစ်ချိန်တည်းမှာပဲ အဲသည်လူတွေကို ကလဲ့စားချေ ဒဏ်ခတ်ခြင်းမျိုး မဖြစ်စေဘဲ ကိုယ်ကျင့်တရား ပြုပြင်ပေးခြင်းမျိုးနဲ့ စာရိတ္တပြုပြင်ရေး အကျဉ်းထောင်တွေမှာ သူတို့အရည်အချင်းအလိုက် သင့်တော်ရာလုပ်ငန်းတွေကို လုပ်ခိုင်းရမယ်ဆိုတာကိုလဲ ကျွန်မအနေနဲ့ အကြွင်းမဲ့ ယုံကြည်ပါတယ်၊ လိုရင်းကို ပြောရရင် လူသားတိုင်းဟာ မိမိအသက်ကို မိမိ မြတ်နိုးကြသူတွေချည်းပါပဲ၊ အသက်ရှည်ရပ်တည်ရေးဟာ လူသားတိုင်းရဲ့ အဓိကဆန္ဒကြီးဖြစ်ပါတယ်၊ လူ့အဖွဲ့အစည်း တစ်ရပ်လုံးရဲ့ ပင်မရည်မှန်းချက်လဲ ဖြစ်ပါတယ်"

"အခုလို အချိန်ကုန်ခံပြီး. . ကျွန်တော်တို့ရဲ့ ရုပ်မြင်သံကြားအစီအစဉ်မှာ လာရောက်ဆွေးနွေးကြတဲ့အတွက် မစ္စရှုရှန်မာတင်နဲ့ မစ္စတာစတီဖင်ပက်တာဆင်တို့ကို အထူးကျေးဇူးတင်ကြောင်း ပြောကြားရင်း သည်အစီအစဉ်ကို သည်တွင်ပဲ နိဂုံးချုပ်ပါတယ် ခင်ဗျား"

***ဘီလ်မိုး ဟိုတယ်၊ အခန်း (၉၃၂) ထဲရှိ ရုပ်မြင်သံကြားစက် ပိတ်သွားသည်။***

ရင်အုပ်ကားကား၊ ဗလကောင်းကောင်းနှင့်လူသည် မလှုပ်မယှက်ထိုင်ကာ ရုပ်မြင်သံကြားစက်ကို စိုက်ကြည့်နေသည်။

သူသည် သူ၏စီမံကိန်းကို ပြန်လည်သုံးသပ်ကြည့်သည်။

သူ့စီမံကိန်းသည် ဗဟိုဘူတာရုံကြီးရှိ လျှို့ဝှက်အခန်းထဲတွင် အဝတ်သေတ္တာနှင့် ဓာတ်ပုံများကို ဝှက်ထားခဲ့ရာမှ စတင်ခဲ့ပြီး၊ စတီဖင်ပက်တာဆင်၏ သားငယ်နီးလ်အား ယနေ့ညနေ ဘူတာကြီးသို့ ခေါ်သွားခြင်းဖြင့် အဆုံးသတ်မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . . အခြေအနေမှာ တစ်မျိုးတစ်မည် ပြောင်းလဲသွားသောကြောင့် သူ့အနေဖြင့် အရေးပေါ် ဆုံးဖြတ်ချက်တစ်ခုကို အလျင်အမြန် ချမှတ်ရမည်ဖြစ်သည်။

ရှရွှန်မာတင်သည် ယနေ့ညနေတွင် ပက်တာဆင်၏အိမ်သို့ သွားရန် စီစဉ်ထားသည်။ ပက်တာဆင်အလုပ်မှ ပြန်လာသည်အထိ သူမက နီးလ်အား စောင့်ရှောက်ထားမည်။

ထို့ကြောင့် သူမကိုလည်း မလွဲမရှောင်သာဘဲ အပြတ်ရှင်းပစ်ရန် သူက အရေးပေါ် ဆုံးဖြတ်လိုက်ရတော့သည်။

သို့သော်. . . သူ့စိတ်ထဲတွင် မတင်မကျ ဖြစ်နေမိသည်။

သူကလေးက အလွန်လှသည်။

သူမ၏မျက်လုံးများက ဆွဲဆောင်မှုရှိ၍ ညို့အား အလွန်ကောင်းသည်။

သူသည် သူမ၏ ရေပြာရောင် မျက်လုံးဝိုင်းဝိုင်းကြီးများကို မြင်ယောင်လာသည်။

သူ့အား သူမအနီးသို့လာရန် ဖိတ်ခေါ်နေသလား ထင်ရသည်။

သူမက သူ့ကို ချစ်နိုင်မည်ဆိုလျှင်တော့ ဘာမှ ပြဿနာဖြစ်စရာမရှိ။ မချစ်နိုင်ဘူး ဆိုလျှင်တော့ အပြတ်ရှင်းပစ်လိုက်ရုံမှတစ်ပါး အခြားနည်းလမ်း မရှိတော့။

သူမအား ကလေးနှင့်အတူ ဗုဒ္ဓဟူးနေ့မနက်တွင် ဗဟိုဘူတာရုံရှိ လျှို့ဝှက်ခန်းထဲတွင် ပိတ်လှောင်သော့ခတ်ထားမည်။

ထို့နောက် (၁၁) နာရီခွဲတွင် ဗုံးပေါက်ကွဲသောအခါ သူမလည်း အရိုးတခြား အသား တခြား ဖြစ်သွားလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂

နှစ်ယောက်သား ရုပ်မြင်သံကြား စတူဒီယိုထဲမှ ထွက်ကာ ခပ်ခွာခွာ လျှောက်လာခဲ့ကြသည်။ ရှုရွန်က သက္ကလတ်အပေါ်အင်္ကျီကို ပခုံးပေါ်တွင် လွှမ်းခြုံထားသည်။ ခြေလက်တွေလည်းအေးစက်နေသည်။ လက်အိတ်ကို ဆွဲတင်လိုက်သည်။ သူမ၏ ဘယ်ဘက်လက်သူကြွယ်တွင် ဝတ်ထားသော ကြောင်လက်စွပ်ကို သတိပြုမိသည်။ ယင်းလက်စွပ်မှာ ပက်တာဆင်က ခရစ်စမတ်လက်ဆောင်အဖြစ် ပေးထားသော လက်စွပ်ဖြစ်သည်။

ပက်တာဆင်က ရှုရွန်၏ ရှေ့မှကျော်တက်ကာ တံခါးမကြီးကို ဖွင့်ပေးသည်။

နှစ်ယောက်သား လမ်းမပေါ်သို့ ထွက်လာကြသည်။

နံနက်ခင်းလေပြင်းက တဟူးဟူး တိုက်ခတ်နေသည်။

နှင်းငွေများက သူတို့၏ မျက်နှာပေါ်သို့ လာဟပ်ကြသည်။

"ငါ ကားတစ်စီး ငှားလိုက်မယ်" ပက်တာဆင်က ပြောလိုက်သည်။

"နေပါစေ. . . ကျွန်မ လမ်းလျှောက်ပြန်မယ်"

"ဘယ်ဖြစ်မလဲ. . . မင်း တော်တော်ပင်ပန်းနေပြီ"

"ရပါတယ်. . . ဒါမှ ကျွန်မခေါင်းထဲ ကျပ်ခဲနေတာတွေ ရှင်းသွားမယ်၊ ဒါနဲ့. . . စတီးဗ်. . . ရှင်က တော်တော် ခေါင်းမာတာပဲနော်၊ ဒီလောက်တောင်မှ. . ."

"ဒီအကြောင်း မပြောပါနဲ့တော့ကွယ်"

"ကျွန်မတော့ ပြောချင်တယ်၊ ပြောလဲ ပြောသင့်တယ်လို့ ထင်. . ."

"ပြောချင်ရင်လဲ အခုမပြောပါနဲ့၊ နောက်မှ ပြောကြတာပေါ့၊ လောလောဆယ် မင်းအိမ်ပြန်ပြီး အနားယူလိုက်ပါလား၊ အဲဒါ ပိုကောင်းမယ်ထင်တယ်"

"မဖြစ်ဘူး. . . ကျွန်မ ဆောင်းပါးပြီးအောင် ရေးရဦးမယ်"

"ရေးတာလဲ ရေးတာပေါ့၊ ဒါပေမယ့်. . . အိပ်ရေးဝအောင်တော့ နည်းနည်းအိပ်ပစ်လိုက်ပါဦး၊ ညနေ ခြောက်နာရီ ဆယ့်ငါးမိနစ်လောက်ကျတော့ ငါ့အိမ်ကို သွားဖြစ်အောင်သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



"မသေချာဘူးထင်တယ်. . . စတီးဖ်"

"သေချာပါတယ်၊ သေချာအောင်လုပ်ပါ၊ ဘာဖြစ်လို့လဲဆိုရင် တို့နှစ်ယောက် မတွေ့ရတာ သုံးပတ်တောင်ရှိသွားပြီ မဟုတ်လား။ လပ်ဖ်တိုလင်မယားက သူတို့ရဲ့ မင်္ဂလာနှစ်လည်ပွဲအတွက် အပြင်ထွက်ကြလိမ့်မယ်၊ အဲဒါကြောင့်. . . သည်နေ့ည ငါ့အိမ်မှာ မင်းနဲ့နီးလ်တို့နှစ်ယောက် ရှိနေစေချင်တယ်၊ အလုပ်ပြီးရင်ပြီးချင်း ငါပြန်လာခဲ့မယ်. . . ဟုတ်လား"

အနီးရှိ 'ရော့ခ်ဖဲလားစင်တာ' အဆောက်အအုံကြီးထဲသို့ တဖွဲဖွဲဝင်သွားကြသော လူထုပရိသတ်ကို လုံးဝဂရုမစိုက်ဘဲ ပက်တာဆင်က ရှရွန်၏ပါးနှစ်ဖက်ကို လက်ဝါးနှင့်အုပ်ကာ မျက်နှာကို မော့ယူလိုက်သည်။ ညှိုးငယ်နွမ်းလျသော မျက်နှာ။

ပက်တာဆင်က ခံစားချက်အပြည့်ဖြင့်. . .

"မင်းကို ငါသိပ်ချစ်ပါတယ်. . အချစ်ရယ်၊ မင်းအသိပါပဲ၊ တို့နှစ်ယောက် အေးအေးဆေးဆေး မတွေ့ရတာ တော်တော်ကြာသွားပြီ၊ မင်းနဲ့ငါနဲ့ ပြောစရာတွေ အများကြီး ရှိသေးတယ်ကွယ်"

"ဒါပေမယ့် ကျွန်မတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်း မတူကြဘူး စတီးဖ်၊ အဲဒီတော့. . ."

ပက်တာဆင်က စကားဆုံးအောင်မစောင့်ဘဲ ကုန်း၍ နမ်းသည်။ ရှရွန်က စိတ်မပါသလို နှုတ်ခမ်းကို စေ့ထားသည်။ သူမတစ်ကိုယ်လုံး မာတောင့်နေသလို တွေ့ထိခံစားရသည်။

ပက်တာဆင်က နောက်သို့ပြန်ဆုတ်ပြီး သူတို့ဘေးမှ ဖြတ်မောင်းသွားသော အငှားကားကို ရုတ်တရက် လက်မြှောက်ကာ တားလိုက်သည်။ ကားကလေးသည် လမ်းဘေးတွင် ထိုးရပ်သွားသောအခါ ပက်တာဆင်က ရှရွန်အတွက် တံခါးဖွင့်ပေးသည်။

သူက တံခါးပြန်ပိတ်ရင်း. . .

"ဒီည ဆက်ဆက်ဆုံကြရအောင်နော်"

ရှရွန်က အသာအယာ ခေါင်းညိတ်လိုက်သည်။

အငှားကားကလေးသည် လမ်းကွေ့ကို ချိုးဝင်၍ ပျောက်ကွယ်သွားသည်အထိ ပက်တာဆင်က ရပ်ကြည့်နေသည်။ ပြီးတော့မှ အနောက်ဘက်သို့ ခပ်သုတ်သုတ်ကလေး ပြန်လျှောက်လာခဲ့သည်။

သူသည် မနက်ခြောက်နာရီခွဲတွင် ရုပ်မြင်သံကြားစတူဒီယိုသို့ အချိန်မီရောက်နိုင်ရန်အတွက် ညတုန်းက ပီယဲ ဟိုတယ်တွင် တစ်ညအိပ်ခဲ့ရသည်။

မိုးလင်းတော့ သူ့သားကလေး နီးလ်ထံ ဖုန်းဆက်ရန် စိတ်စောနေခဲ့သည်။

သူ့အိမ်မှ အပြင်ထွက်ရတိုင်း သားငယ်အတွက် အမြဲတမ်း နောက်ဆံတင်းခဲ့ရသည်။ တလေးက ယခုတိုင် အိပ်မက်ဆိုးများ မက်နေတုန်း ရှိသေးသည်။ ယင်းသို့ မက်တိုင်းမက်တိုင်းတွင်လည်း ရင်ကျပ်ရောဂါဖြင့် အသက်ရှူကျပ်ပြီး အိပ်ရာမှ သွေးရူးသွေးတန်း နိုးလာတတ်သည်ချည်းပင်။ ထိုအခါမျိုးတွင် မစ္စက်လပ်ဖ်က ဆရာဝန်ကို အပြေးအလွှား လှမ်းခေါ်ရသည်။ သို့ပေမယ့် ဝေဒနာက ရှင်းရှင်းလင်းလင်း ပျောက်ကင်းသွားသည်ဟူ၍ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တန်လျှင် အချိန်မှန် ပြန်ဖောက်လာတတ်သည် ချည်းပင်။

လွန်ခဲ့သော ဆောင်းတွင်းတုန်းကဆိုလျှင် အခြေအနေ ပိုဆိုးသည်။ နွေဦးပေါက်လျှင်တော့ ကလေးအခြေအနေ ပိုကောင်းလာလိမ့်မည်ဟု ထင်ရသည်။

ပက်တာဆင်သည် သူ့သားငယ်အကြောင်းကို တွေးရင်း လမ်းထောင့်သို့ ရောက်လာသည်။ သူက မြောက်ဘက်သို့ ပြန်ကွေ့လိုက်သည်။

သူ့စိတ်အာရုံသည် ရှုရှန်ဆီသို့ ရောက်သွားပြန်သည်။

သူနှင့် ရှုရှန်တို့ တွေ့ဆုံ ရင်းနှီးခဲ့ကြသည်မှာ ခြောက်လခန့်ပင် ရှိခဲ့ပြီ။

ပထမဆုံး စတင်ချိန်းတွေ့ကြသည့်နေ့က သူသည် ရှုရှန်အား သူမ၏အခန်းတွင် သွားခေါ်သည်။ သူတို့နှစ်ယောက်သည် ဗဟိုပန်းခြံကြီးထဲမှ ဖြတ်လျှောက်ကာ တာဗန်ဟိုတယ်သို့ လာခဲ့ကြသည်။ ရာသီက နွေနှောင်းရာသီ၊ အချိန်က ညနေဆည်းဆာချိန်။

"သာယာလိုက်တာနော်၊ ကျွန်မတော့ နွေရာသီကို သိပ်ပြီး ငြီးငွေ့တာပဲ စတီးဗ်"

နှစ်ယောက်သား စကားမဆက်ဘဲ တိတ်ဆိတ်စွာဖြင့် ဆက်လက်လျှောက်လာခဲ့ကြသည်။ ပက်တာဆင်က ဖြည်းဖြည်းချင်းလျှောက်ရင်း ရှုရှန်၏ အမူအရာနှင့် လှုပ်ရှားမှုများကို အကဲခတ်လာသည်။

သူမ၏ ကိုယ်ခန္ဓာကလေးက လုံးတန်ရပ်တန် ကြော့ရှင်းလှပနေသည်။ ဇော်ဂျီရောင်နှင့် ရွှေရောင်ပြေးနေသော ဝတ်စုံကလည်း သူမ၏ဆံပင်အရောင်နှင့် ပနံတင့်လှသည်။

လေညင်းတစ်ချက်ဝှေ့လိုက်သောအခါ သစ်ရွက်ကလေးတွေ ဝေ့ဝဲကျလာကြသည်။

ဆည်းဆာနေရောင်သည် နွေနှောင်းကာလ၏ အပြာရင့်ရောင် မိုးကောင်းကင်၏ အလှကို ဖြည့်စွက်ပေးနေသလို ထင်ရသည်။

"ကျွန်မတော့ ခုလိုညမျိုးဆိုရင် ကင်မီလေ့ ပြဇာတ်ထဲက ဟိုသီချင်းကလေးကို အမြဲတမ်းသတိရမိတယ်"

ရှုရှန်က တစ်ကိုယ်တည်းပြောသလို စတင်ပြောလိုက်သည်။

"ဟိုသီချင်းလေ. . . ရှင်မမှတ်မိဘူးလား. . . '**မောင့်ကိုသာ မေ့ခွဲခွာရမယ်ဆိုရင်**' ဆိုတဲ့ သီချင်းလေ"

သူမက လေသံကလေးဖြင့် ညည်း၍ဆိုလိုက်သည်။

"နွေနှောင်းရာသီရောက်ခဲ့ပြီကွယ်. . . မေကတော့ ဘာမှမသိတယ်. . . မောင့်ကိုပဲ အမြဲခင်တွယ်. . . မောင့်ရုပ်သွင်က ငွေစင်ပုလဲလို အမြဲပဲ ကြည်စင်တယ်. . . နွေနှောင်းကာလမှာ ဆုံခဲ့ကြတဲ့ မောင်တို့မေတို့အဖြစ်တွေ တစ်သက်မမေ့တိုင်ပေ သို့ပေမယ့် မေကတော့ နွေနှောင်းကာလနဲ့အတူ ပြောင်းလဲရတော့မယ်. . . အချစ်ရေ"

သူမ၏အသံက အေးအေးကလေးနှင့် အလွန် ကြည်လင်ပြတ်သားသည်။

**မောင့်ကိုသာ မေခွဲခွာရမယ်ဆိုရင်...**

သည်အချိန်၊ သည်ကာလ၊ သည်ခဏမှစတင်၍ သူက သူမကို စွဲချစ်ခဲ့မိခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က နှစ်ယောက်သား အလွန် ပျော်ရွှင်ကြည်နူးခဲ့ကြရသည်။ ညနေစာစားရင်း စကားတွေ ဖောင်လောက်အောင် ပြောကြသည်။ တခြားလူတွေစားပွဲမှ ထွက်ခွာသွားကြသည်။ လူသစ်တွေ ပြန်ဝင်လာကြသည်။ သို့ပေမယ့် သူတို့နှစ်ယောက်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်မိကြ။ တစ်လောကလုံးတွင် သူတို့နှစ်ယောက်တည်းသာ ရှိနေသလိုပင် မှတ်ထင်နေခဲ့ကြသည်။

နှစ်ယောက်သား ပြောကြသည့်စကားတွေကလည်း ရောက်တတ်ရာရာ စုံလှသည်။

ရှုရှန်က သူမ၏ မိသားစုအကြောင်းကို ပြောပြသည်။

သူမ၏ဖခင်မှာ ရေနံကုမ္ပဏီကြီးတစ်ခုမှ အင်ဂျင်နီယာဖြစ်သည်။ သူမနှင့် သူမ၏ ညီမနှစ်ယောက်တို့ကို နိုင်ငံခြားတွင် မွေးဖွားခဲ့သည်။ ယခုတော့ ညီမနှစ်ယောက်စလုံး အိမ်ထောင်သည်များဖြစ်နေကြပြီး သူမကတော့ ယခုအချိန်အထိ ကြင်ဖော်မဲ့ကာ အပျိုကြီးဘဝနှင့်ပင် ရှိနေသေးသည်။

"မင်းက ခုအချိန်အထိ ဘာဖြစ်လို့ အိမ်ထောင်ဖက် မရွေးသေးတာလဲ"

ပက်တာဆင်က တဲ့တိုးကြီးပင် မေးလိုက်မိသည်။

သည်မေးခွန်း၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ "မင်းအတွက် ဘဝကြင်ဖော် ရှာမတွေ့သေးဘူးလား"ဟူသည့် သဘောပင်ဖြစ်ကြောင်း သူတို့နှစ်ယောက်စလုံး သဘောပေါက်မိကြသည်။

ယင်းမေးခွန်းကို အမှန်အတိုင်းဖြေဆိုရလျှင် တကယ်ပင် သူမအဖို့ အခုအချိန်အထိ ဘဝကြင်ဖော်ရှာဖွေမတွေ့သေးပါ။ သူမသည် ယခုသတင်းစာတိုက်တွင် ဖင်တိုင်ဆောင်းပါးရှင် ဝင်မလုပ်မီကာလအထိတစ်လျှောက်လုံး ခရီးသွားနေခဲ့ရသည်။

သူမသည် သတင်းစာဆရာအလုပ်ကို အလွန်စိတ်ဝင်စားသည်။ သည်အလုပ်က ပျော်စရာ အလွန်ကောင်းသည်။ သူမသည် တက္ကသိုလ်မှ ဘွဲ့ရ၍ အလုပ်ခွင်သို့ ဝင်ရောက်ခဲ့သည်မှာ ခုနစ်နှစ်ပင် ရှိခဲ့ပြီ။ အလုပ်ခွင်တွင် စိတ်ဝင်စားရင်း ခုနစ်နှစ်ဆိုသော အချိန်ကာလသည် ကုန်မှန်းမသိ ကုန်သွားခဲ့သည်။ နေလိုက်ရသည်ဟူ၍ပင် မထင်မှတ်မိခဲ့။

စားသောက်ပြီးတော့ နှစ်ယောက်သား တိုက်ခန်းသို့ ပြန်လျှောက်လာခဲ့ကြသည်။

တိုက်ခန်းရောက်တော့ အိပ်ရာဝင် ယမကာတစ်ခွက်စီ သောက်ကြသည်။

ပြီးတော့ မီးဖိုဘေးတွင် နှစ်ယောက်သားထိုင်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ချစ်ကြည်နူးကြသည်။

ထိုနေ့ညက ပျော်ခဲ့ကြရသည့်ဘဝကို ပက်တာဆင်က ယနေ့တိုင် မမေ့နိုင်သေး။

နှလုံးသားထဲတွင် ပြက်ပြက်ထင်ထင် စွဲနေဆဲပင် ရှိသေးသည်။

မီးရောင်တွင် ရွှေရောင်ဝင်းနေသော သူမ၏ဆံပင်၊ လင်းတစ်ဝက် မှောင်တစ်ဝက် ဆလိုက်ထိုးထားသော သူမ၏ ရှုမဝရုပ်သွင်နှင့် ရွှန်းဝေနေသော အပြုံးပန်းတို့ကို ယနေ့တိုင် မေ့ပျောက်၍ မရနိုင်သေး။ သူက သူမ၏မျက်နှာကို တစိမ့်စိမ့်ကြည့်နေရင်းမှ တစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက်လိုက်ချင်စိတ်တွေ တဖွားဖွားဖြစ်ပေါ်လာမိသည်။ သို့ပေမယ့် စိတ်ဆင်ရိုင်းကို ဆင်ခြင်တုံတရားချွန်းဖြင့်အုပ်ကာ သူမအား နမ်းရုံသာ နမ်းခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စနေနေ့ကျတော့ အားတယ်နော်"

သူက ဆက်မမေးဘဲ သူမ၏အဖြေကို စောင့်နေလိုက်သည်။

"အားပါတယ်"

"ဒါဆို မနက်အစောကြီး ကိုယ်လာခေါ်မယ် ဟုတ်လား"

ထိုနေ့က ပက်တာဆင်သည် အိမ်သို့ ကားမောင်းပြန်လာရင်း စန်းပွင့်လာသော သူ့အကြောင်းသူ တွေးပြီး ဝမ်းသာမဆုံး ဖြစ်မိသည်။ သူ့ဇနီးသေဆုံးသွားပြီးကတည်းက စိတ်လွင့်ကိုယ်လွင့် ဖြစ်နေခဲ့ရသော နှစ်နှစ်တာကာလသည် မကြာမီ ကုန်ဆုံးတော့မည်။ သူ၏နှလုံးသား ဆာလောင်မွတ်သိပ်မှုသည် မကြာမီ ပြည့်ဝပေတော့မည်။

**မောင့်ကိုသာ မေခွဲခွာရမယ်ဆိုရင်. . .**

သူက သီချင်းခေါင်းစဉ်ကို အသံတိတ်ညည်းလိုက်မိသည်။

ကိုယ့်ကို ပစ်ခွာမသွားပါနဲ့ အချစ်ရယ်. . .

'သတင်းစုံ' မဂ္ဂဇင်းတိုက်သို့ရောက်တော့ နံနက် ရှစ်နာရီဆယ်ငါးမိနစ် ရှိပြီ။

တခြားအမှုထမ်းတွေ မရောက်ကြသေး။ သူတို့က စောစောရုံးတက်တတ်ကြသူတွေ မဟုတ်။ စကြံဆောင်တွင် လူသွားလူလာ ကင်းမဲ့နေသည်။

ဓာတ်လှေကားမှ လုံခြုံရေးဝန်ထမ်းကို ခေါင်းညိတ်နှုတ်ဆက်ပြီး (၃၆) ထပ်ရှိ သူ့ရုံးခန်းသို့ တက်လာခဲ့သည်။ ပြီးတော့ အိမ်ကို ဖုန်းဆက်သည်။

မစ္စက်လပ်ဖ်က ဖုန်းကို ကိုင်သည်။

"အို. . . နီးလ်လား၊ ဘာမှမဖြစ်ပါဘူး၊ သူနေကောင်းပါတယ်၊ အခု သူ မနက်စာ စားနေတယ်၊ နီးလ်. . . ဒီမှာ မင်းဖေဖေဆီက ဖုန်းလာနေတယ်"

နီးလ်က စားပွဲမှထလာပြီး ဖုန်းကို လှမ်းကိုင်လိုက်သည်။

"ဟိုင်း. . . ဖေဖေ၊ ဖေဖေ ဘယ်တော့အိမ်ပြန်လာမလဲ ဟင်"

"ဖေဖေ ညရှစ်နာရီခွဲတိတိမှာ ပြန်ခဲ့မယ်သား၊ ငါးနာရီမှာ အစည်းအဝေးတက်စရာ ရှိတယ်၊ ဒါနဲ့ လပ်ဖ်တို့လင်မယား ရုပ်ရှင်သွားကြမှာလား"

"သွားမယ်ထင်တာပဲ"

"ဒါဆို သူတို့မသွားခင် ခြောက်နာရီလောက်မှာ မစ္စရှုရွှန် ရောက်လာလိမ့်မယ်သား"

"အဲဒါ သားသိပြီးပါပြီ၊ ဖေဖေပဲ ပြောတာပဲ"

"ဟုတ်တယ်လေ၊ သူနဲ့အတူ အေးအေးဆေးဆေးစကားပြောပြီး ဖေဖေ့ကို စောင့်ပါ လား၊ ဖေဖေတတ်နိုင်သမျှ စောစောပြန်ဖြစ်အောင် ကြိုးစားပါ့မယ်၊ ဒါနဲ့ အဝတ်အစားတွေလဲ နွေးနွေးထွေးထွေး ဝတ်ထားဦး၊ ရာသီဥတုက သိပ်အေးတယ် သားရဲ့၊ ဒီမှာတော့ အေးလိုက် တာမှ အရိုးကွဲမတတ်ဘဲ၊ အဲဒီမှာလဲ နှင်းတွေကျနေတာပဲလား"

"သိပ်မကျပါဘူး ဖေဖေ၊ မိုးရိပ်နည်းနည်းရှိတာလောက်ပါ"

"ကောင်းပြီသား၊ ညကျတော့မှ တွေ့ကြမယ် ဟုတ်လား"

"ဟုတ်ကဲ့ဖေဖေ. . . ဘိုင်"



www.burmeseclassic.com

www.burmeseclassic.com



ပက်တာဆင်က ဖုန်းကိုပြန်ချပြီး မျက်မှောင်တစ်ချက် ကြုတ်လိုက်သည်။

နီးလ် ကလေးသည် တစ်ချိန်တုန်းက ပျော်ပျော်ရွှင်ရွှင် မြူးမြူးကြွကြွနေတတ်သော ကလေးတစ်ယောက် ဖြစ်ခဲ့သည်ဆိုတာ မယုံလောက်နိုင်စရာ ဖြစ်နေပြီ။

သူ့မေမေ နီနာဆုံးသွားပြီးကတည်းက ကလေး၏အခြေအနေသည် လုံးဝ ပြောင်းလဲသွားခဲ့သည်။ ပက်တာဆင်က သူ့သားကလေးနှင့်ရှရွန်တို့ကို ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနေစေချင်သည်။ ရှရွန်ကိုယ်တိုင် ကလည်း ကလေးငယ်၏ ခင်မင်မှုကိုရရှိအောင် သူမတတ်နိုင်သည့် နည်းမျိုးစုံဖြင့် ကြိုးစားခဲ့သည်။ သို့ပေမယ့် ကလေးက ရှရွန်ခင်သလိုမခင်၊ ခပ်တည်တည်လုပ်နေသည်။ ရှရွန်ကို သူက သူစိမ်းပြင်ပြင် ဆက်ဆံနေသည်။

အင်း. . . နောက်ဆုံးတစ်နေ့ကျတော့ သူတို့နှစ်ယောက် နားလည်မှု ရှိလာကြမှာပေါ့လေ။ အချိန် အချိန်. . . အချိန်က စကားပြောသွားပါလိမ့်မယ်။

ပက်တာဆင်သည် သက်ပြင်းတစ်ချက် မသိမသာ မှုတ်ထုတ်လိုက်သည်။ ပြီးတော့ စားပွဲတွင် ဝင်ထိုင်ပြီး မနေ့ညက လက်စမသတ်ခဲ့သော ခေါင်းကြီးဆောင်းပါးကို ဆက်ရေးရန် ကောက်ကိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၃

ဘီလ်မိုးဟိုတယ်၊အခန်းအမှတ်(၉၃၂)တွင် တည်းခိုနေသူသည် နံနက် (၉)နာရီခွဲတွင် ဟိုတယ်မှ ထွက်ခွာသည်။

သူသည် (၅၄) လမ်းဘက် တံခါးမှထွက်ကာ အရှေ့ဘက် ဒုတိယ အဲဗင်းနယူးလမ်း အတိုင်း လျှောက်လာခဲ့သည်။

အပြင်တွင် လေးလည်းထန်နေသည်။ ဆီးနှင်းလည်း သိပ်သည်းသည်။ လမ်းသွား လမ်းလာများသည် အကျီကော်လာကို လည်ပင်းဖုံးအောင် ဆွဲထောင်ပြီး ဦးတည်ရာသို့ သုတ်သုတ်သုတ်သုတ်နှင့် လျှောက်သွားနေကြသည်။

ရာသီဥတုက သူ့အတွက် တမင်ဖန်တီးပေးထားသလို ဖြစ်နေသည်။ သူများတွေ အတွက်ကတော့ အလွန်ဆိုးသော ရာသီဥတု။ သူ့အတွက်တော့ အလွန်ကောင်းသော ရာသီဥတု။ သည်လိုရာသီဥတုမျိုးတွင် ဘယ်သူမှမသိဘဲနှင့် ဘာအလုပ်မျိုးကိုမဆို လျှို့လျှို့ဝှက်ဝှက်ဖြင့် လုပ်လို့အကောင်းဆုံးပင်ဖြစ်သည်။

သူ၏ ပထမဆုံးအစီအစဉ်မှာ (၃၄)လမ်းအောက်ဘက် ဒုတိယအဲဗင်းနယူးလမ်းထဲမှ စျေးချိုကုန်တိုက်သို့ ဝင်ရန်ဖြစ်သည်။

သူသည် လမ်းပေါ်တွင် အဆက်မပြတ်သွားနေသော ကားကြီး ကားငယ်မျိုးစုံကို လုံးဝဂရုမစိုက်ဘဲ (၁၄)ပြအထိ ခြေကျင်လျှောက်လာခဲ့သည်။

ကုန်တိုက်တွင် ဝယ်သူမရှိ။ အရောင်းစာရေးမိန်းမကြီးတစ်ဦးသာ ကောင်တာတွင် ထိုင်ကာ မနက်ပိုင်းသတင်းစာကို စိမ်ပြေနပြေဖတ်နေသည်။

"ဘာ့အလိုရှိပါသလဲရှင်"

သူမက သတင်းစာမှ မျက်နှာခွာကာ စုံစမ်းလိုက်သည်။

"အို. . . ဟုတ်ကဲ့၊ ကျွန်တော် လျှောက်ကြည့်ပါရစေဦးခင်ဗျာ"

သူက မိန်းမဝတ်ကုတ်အကျီတွေ ဆွဲချိတ်ထားသော စင်ကို လှမ်းကြည့်ပြီး စင်ရှေ့သို့ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အရောင်ရင့်ရင့် မီးခိုးရောင်ကုတ်အင်္ကျီအရှည်ကြီးတစ်ထည်ကို ရွေးလိုက်သည်။ ပြီးတော့. . . အင်္ကျီစင်အနီးရှိ ဗန်းထဲတွင် ခေါက်ထပ်ထားသော လက်ကိုင်ပဝါပုံကို မြင်သည်။ ယင်းအထဲမှ အပြာရောင်တြိဂံပုံ လက်ကိုင်ပဝါအရှည်ကြီးတစ်ထည်ကို ယူလိုက်သည်။

အရောင်းစာရေးမကြီးက ပစ္စည်းများကို စက္ကူအိတ်နှင့် ထည့်ပြီး ကမ်းပေးသည်။

နောက်တစ်ဆိုင်က ကြည်းတပ်ရေတပ်ကုန်တိုက်။ ယင်းဆိုင်မှ ခရီးဆောင်ကင်းဘတ်အိတ်ကြီးတစ်လုံး ဝယ်သည်။ သည်အိတ်နှင့်ဆိုလျှင် ကလေးငယ်ကို လူမမြင်သူမမြင်အောင် လုံလုံခြုံခြုံ ထည့်ယူသွားနိုင်သည်။ အိတ်ကြီးက ထူလည်းထူသည်။ အထဲတွင် ဘာပစ္စည်းထည့်ထားကြောင့် အပြင်မှကြည့်၍ မခန့်မှန်းနိုင်။ ပြီးတော့. . . ထိပ်ဝတွင် ရှုံ့ကြိုးတပ်ထားသဖြင့် လေဝင်လေထွက်လည်း ကောင်းကောင်းရနိုင်သည်။

နောက်ဆုံး. . . ပထမအဲဗင်းနယူးလမ်းထဲမှ ဝူးလ်ဝပ်သ်ကုန်တိုက်တွင် ဖြက်ကျယ်ကျယ် ပတ်တီးခြောက်လိပ်နှင့် ကျစ်ကြိုးနှစ်ထုံးဝယ်ပြီးတော့ ဟိုတယ်သို့ ပြန်လာခဲ့သည်။

အခန်းထဲမှ ခုတင်တွင် အိပ်ရာကို သေသေသပ်သပ် ပြုပြင်ထားသည်။ ရေချိုးခန်းတွင်လည်း ကိုယ်သုတ်ပဝါအသစ်တွေ ရောက်နေသည်။ အခန်းထဲသို့ ဟိုတယ်သန့်ရှင်းရေးအမျိုးသမီး ဝင်ရောက်ကြောင်း သိသာသည်။

သူက တစ်ခန်းလုံးကို မျက်လုံးကစားကြည့်လိုက်သည်။ ရှူးဖိနပ်တစ်စုံမှာ သူဟိုတယ်မှမထွက်ခင် ထားခဲ့သည့်အတိုင်းပင် နေရာမပျက် ရှိနေသည်။ အခန်းထောင့်တွင် အနက်ရောင် အဝတ်သေတ္တာကြီးမှာလည်း နေသားတကျ ရှိနေသည်။

ကုန်တိုက်မှ ဝယ်လာခဲ့သော ပစ္စည်းထုပ်တွေကို ခုတင်ပေါ် တင်လိုက်သည်။

ထို့နောက် အဝတ်သေတ္တာကိုယူပြီး ခုတင်ခြေရင်းတွင် ချထားလိုက်သည်။ ပြီးတော့ ပိုက်ဆံအိတ်ထဲမှ သော့တွဲကိုယူ၍ သေတ္တာကိုဖွင့်သည်။

သေတ္တာထဲမှ ပစ္စည်းတွေကို သေသေချာချာ ပြန်လည်စစ်ဆေးကြည့်သည်။ ဓာတ်ပုံများ၊ ယမ်းမှုန့်များ၊ စားပွဲတင်နာရီ ဝါယာကြိုး၊ လျှပ်စစ်ဖျူးစ်၊ အမဲလိုက်ဓားမြှောင်နှင့် သေနတ်၊ အားလုံး အစုံအလင်ရှိနေသည်။ သူက ကျေနပ်သွားပြီး သေတ္တာကို ပြန်ပိတ်လိုက်သည်။

ထို့နောက် သေတ္တာနှင့် ပစ္စည်းထုပ်များကို ယူကာ ဟိုတယ်မှ ပြန်ထွက်ခဲ့သည်။

ဟိုတယ်အောက်ထပ် သီးသန့်ဆောင်ကိုဖြတ်ပြီး မြေအောက်လမ်းအတိုင်း ဂရင်းဘူတာကြီးဆီသို့ လျှောက်လာခဲ့သည်။ လမ်းပေါ်တွင် ရုံးသွားရုံးလာတွေ တော်တော်ကလေးရှင်းနေပြီ။ သို့ပေမယ့်. . . မီးရထားစီးခရီးသည်တွေနှင့် မြေအောက်ဈေးဆိုင်တန်းတွင် ဈေးဝယ်သူတွေကတော့ တဖွဲဖွဲနှင့် လှုပ်ရှားသွားလာမစဲ ရှိနေကြသည်။

သူသည် စင်္ကြံအမှတ် (၁၁၂)သို့ လျှောက်လာခဲ့သည်။ သည်စင်္ကြံမှ ရထားများသည် မောင့်ဗာနွန်သို့ ထွက်ခွာကြပြီး မောင့်ဗာနွန်မှ အဝင်ရထားများလည်းရှိသည်။ ရထားဝင်ရန် အချိန်လိုသေးသည်။ (၁၈)မိနစ်တိတိ စောင့်နေရဦးမည်။

သူက ပတ်ဝန်းကျင်ကို ငေ့ပြီး အကဲခတ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကိုင်လုံခြုံရေး အစောင့်တစ်ယောက်မျှ မမြင်။

သူသည် မြေအောက်ရထားလမ်းသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ သံလှေကားအတိုင်း ဆင်းလာခဲ့ပြီး နောက်ဆုံးတွင် လှေကားရင်းသို့ ရောက်လာသည်။ ထိုမှတစ်ဆင့် မြေညီခန်းအတိုင်း လျှောက်လာခဲ့ရာ အခန်းအဆုံးရှိ သံတံခါးကြီးရှေ့တွင် ရပ်လိုက်သည်။

လက်ထဲမှ သေတ္တာနှင့် ပစ္စည်းထုပ်များကို တံခါးခြေရင်းတွင် ချထားလိုက်သည်။ ပိုက်ဆံအိတ်ထဲမှ သော့တွဲများကို ထုတ်ယူပြီး တံခါးသော့ခလောက်ကို ကမန်းကတန်း ဖွင့်သည်။

ဖောကြီးနေ၍ တော်တော်ကြာကြာဖွင့်မှ တံခါးပွင့်သွားသည်။

အခန်းထဲတွင် မှောင်မည်းနေသည်။ မီးခလုတ်ကို လက်နှင့်စမ်း၍ ရှာသည်။ တွေ့ပြီ။ လက်တစ်ဖက်ဖြင့် မီးခလုတ်ကို ကိုင်ထားပြီး ကျန်တစ်ဖက်ဖြင့် သေတ္တာနှင့် ပစ္စည်းထုပ်ကို ကောက်ယူလိုက်သည်။ ပြီးတော့. . . တံခါးကို အသံမမြည်အောင် ဖြည်းဖြည်းကလေး ပြန်ပိတ်လိုက်သည်။

ယခုမှ အခန်းထဲတွင် ပို၍မှောင်သွားသည်။ အခန်းအနေအထားကို ဘာမှ သဲသဲကွဲကွဲ မမြင်ရ။ အနံ့အသက်ကလည်း ဆိုးဆိုးရွားရွား နံစော်နေသည်။ သူက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး ခေတ္တငြိမ်ကာ အနားယူနေလိုက်သည်။ အပြင်ဘက်မှ ရထားသံတွေ၊ လူသံသူသံတွေ ကြားနေရသည်။ သို့သော်. . ကိစ္စမရှိ။ သူ့အတွက် အားလုံးအဆင်ပြေနေပြီ။

မီးခလုတ်ကို ဖျတ်ခနဲ ဖွင့်လိုက်သည်။ မီးလင်းလာသည်။ သို့သော်. . . ဖုန်အလိမ်းလိမ်းကပ်နေသော မီးလုံးပေါင်းများကြောင့် အခန်းထဲတွင် မှုန်ဝါးဝါးသာ လင်းသည်။ အခန်းထောင့်များတွင် မှောင်ရိပ်ကျနေသည်။ အခန်းက အင်္ဂလိပ်စာလုံး အယ်လ် (L) ပုံစံ။ အင်္ဂတေနံရံကာ အင်္ဂတေအခန်း။ တစ်ခန်းလုံး ဖုန်အလိမ်းလိမ်းကပ်ပြီး နံရံမှ ဆေးရောင်တွေလည်း အားလုံးပျက်ကုန်ကြပြီ။ တံခါးဘယ်ဘက်တွင် ရှေးသုံး ပုံပျက်ပန်းပျက် အဝတ်လျှော် ရေကန်နှစ်ခု ရှိသည်။ အခန်းအလယ်တွင် မီးခိုးခေါင်းတိုင်ပုံစံ ပန်းကန်ခွက်ယောက်များ သယ်ပို့သော ခုံမြင့်အဟောင်းကြီးတစ်ခု ရှိသည်။ လက်ယာဘက်တွင် တံခါးရွက်ကျဉ်းကျဉ်းကလေးတစ်ချပ် ဟ,နေသည်။ ယင်းမှာ အိမ်သာခန်းဖြစ်သည်။ ပိုက်ခေါင်းမှ ရေတွေ တစ်စက်စက်ကျပြီး တစ်ခန်းလုံး ရေစမ်းစမ်းနှင့် စွတ်စိုနေသည်။

သူသည် လွန်ခဲ့သောအပတ်က ရေမီးပြည့်စုံ မပြည့်စုံ စစ်ဆေးကြည့်ရှုရန် သည်အခန်းသို့ လာရောက်ခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော်အတွင်း ပထမဆုံးအကြိမ် လာရောက်ခဲ့ခြင်းပင် ဖြစ်သည်။ သည်အခန်းသည် သူ့စီမံကိန်းအတွက် အသုံးဝင်နိုင်သည်ဟု အမှတ်မထင် တွေးမိ၍ ယင်းသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။

အခန်းနံရံတွင် စစ်သုံးကင်းဘတ် ခေါက်ခုတင်တစ်လုံး ရှိသည်။ ခုတင်ဘေးတွင် အဖုံးပွင့်နေသော သေတ္တာဟောင်းကြီးတစ်လုံးရှိသည်။ ခုတင်နှင့် သေတ္တာကိုမြင်တော့ သူက စိုးရိမ်စိတ် ဝင်သွားမိသည်။ ယင်းသဘောမှာ သည်အခန်းထဲသို့ လူဝင်လူထွက်ရှိနိုင်သည့် အခြေအနေကို ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခုတင်ပေါ်တွင် ဖုံတွေကပ်နေခြင်းနှင့် အခန်းထဲတွင် စွတ်စိုညစ်ပေနေခြင်းတို့မှာ သည်အခန်းကို လူမသုံးတာ လနှင့်ချီ၍ သို့မဟုတ် နှစ်နှင့်ချီ၍ ကြာပြီဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။

သူသည် သည်အခန်းသို့ လက်ရှိ သူ့အသက်တစ်ဝက်ဖြစ်သော (၁၆) နှစ်သားက ပထမဆုံးအကြိမ် ရောက်ခဲ့ဖူးသည်။ ထိုစဉ်က သည်အခန်းကို 'အို့က်စတာ' အရက်ခန်းက အသုံးပြုခဲ့သည်။ မီးခိုးခေါင်းတိုင်ပုံစံ ခုံမြင့်ကြီးမှာ အပေါ်ထပ် အရက်ခန်းမှ ပန်းကန်ခွက်ယောက်များကို ဆေးကြောရန် သယ်ပို့သော ခုံမြင့်ကြီးပင် ဖြစ်သည်။

အို့က်စတာအရက်ခန်းကို ပြန်လည်ပြုပြင်ပြီး ပန်းကန်ဆေးစက် တပ်ဆင်ခဲ့သည်မှာ နှစ်အတန် ကြာခဲ့ပြီ။ ထိုအချိန်မှစပြီး သည်အခန်းကို အသုံးမပြုတော့ဘဲ လုံးဝပိတ်ထားခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် သည်အခန်းမှာ ရေတွင်းဟောင်းကြီးလို ဖြစ်နေပြီး မည်သူမျှ အသုံးမပြုတော့။

သို့သော် သူ့အတွက်တော့ သည်အခန်းသည် အလွန်အသုံးဝင်သည်။

ပက်တာဆင်၏သားကလေးကို ပြန်ပေးဆွဲပြီးနောက် ဝှက်ထားမည့်နေရာကို စဉ်းစားကြည့်တော့ သည်အခန်းကို သွားပြီး သတိရသည်။ ထို့ကြောင့်လည်း သူ့စီမံကိန်းအတွက် အသုံးဝင်နိုင် မဝင်နိုင် လာရောက်စစ်ဆေးခဲ့ခြင်း ဖြစ်သည်။ အသုံးဝင်ကြောင်းတွေ့ရတော့ သူ အလွန်ဝမ်းသာသွားသည်။ သူသည် သည်အခန်းကို အသုံးပြုပြီး မကြာမီတွင် တိုင်းကျော်ပြည်ကျော် လုပ်ရပ်ကြီးတစ်ခုကို လုပ်ရတော့မည်။

ထိုအခါ သူ့အမည်သည် လူတိုင်းပါးစပ်ဖျားသို့ ရောက်သွားလိမ့်မည်။ သူ့ကို လူတိုင်းသိသွားတော့မည်။ သူသည် ကမ္ဘာကျော်ပုဂ္ဂိုလ် တစ်ယောက် ဖြစ်သွားတော့မည်။ လာမည့် ဗုဒ္ဓဟူးနေ့နောက်ပိုင်းတွင် သူ့ကို လူတိုင်းမေ့ပျောက်၍ ရနိုင်တော့မည် မဟုတ်။

သူ့အနေဖြင့် သည်အခန်းကို ဖွင့်ရသည်မှာ ဘာမှအခက်အခဲမရှိ။ သော့ခလောက်ကို ဖယောင်းပုံစံယူပြီး သော့တူလုပ်ခြင်းဖြင့် လွယ်လွယ်ကူကူပင် ဖွင့်နိုင်ခဲ့သည်။

ယခုဆိုလျှင် သူသည် သည်အခန်းကို သဘောရှိ ဝင်နိုင်ထွက်နိုင်ဖြစ်ခဲ့ပြီ။

ယနေ့ညတွင် ပင်တိုင်ဆောင်းပါးရှင် စားရေးဆရာမကလေး မစ္စရှုရွန်မာတင်သည် ပက်တာဆင်၏အိမ်တွင် ပက်တာဆင်၏သားငယ် နီးလ်နှင့်အတူ ရှိနေလိမ့်မည်။ သို့သော် ကိစ္စမရှိ။ အားလုံးအဆင်ပြေရမည်။

*ဂရင်းဘူတာကြီး. . .*။ ကမ္ဘာပေါ်တွင် ရထားအဝင်အထွက်အများဆုံး ဘူတာကြီး။ လူသွားလူလာ အရှုပ်ထွေးဆုံး၊ အလုပ်အများဆုံး ဘူတာကြီး။ ဘယ်သူဘာလုပ်လုပ် ဘယ်သူမှ မသိနိုင်အောင် ဆူဆူညံညံ ရှုပ်ယှက်ခတ်နေသော ဘူတာကြီး။ ပြန်ပေးဓားစာခံများကို ဘယ်သူမှ မသိနိုင်အောင် ဝှက်ထားရန် အကောင်းဆုံးနေရာဖြစ်သော ဘူတာကြီး။

သူက သူ့စိတ်ကူးကိုသူ သဘောကျကာ အသံထွက်အောင် ရယ်လိုက်သည်။ အားလုံး စိတ်ချရပြီ။ ဘာကိုမှ တွေးပူစရာမရှိတော့။ အလုပ်စဖို့ပဲ ကျန်တော့သည်။

ယခု သူရယ်နိုင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူအလွန် ဝမ်းသာနေသည်။ အလွန် စိတ်တက်ကြွနေသည်။

သူသည် သည်အလုပ်မျိုးတွင် ဝိဇ္ဇာဖြစ်သည်။ သည်အလုပ်မျိုးကို တစ်ဖက်ကမ်းခတ် ကျွမ်းကျင်သည်။

သူသည် ပိုက်ဆံလိုချင်၍သည်အလုပ်ကို လုပ်ခဲ့သည်။ သူ့စီမံကိန်းကြီး အောင်မြင် ပေါက်မြောက်နိုင်မည့် နည်းလမ်းများကို အချိန်အကြာကြီးယူပြီး မအိပ်မနေ အကြံထုတ်ခဲ့ရ သည်။ သူ့အကြံကို သူ ပြန်လည်စိတ်ကူးကြည့်ရင်း ရင်တဖိုဖို ဖြစ်လာမိသည်။ မတော်လို့ ခြေချော်လက်ချော်ဖြစ်သွားခဲ့လျှင် အန္တရာယ်ကတော့ မသေးလှ။

ဗုဒ္ဓဟူးနေ့. . .။ ဗုဒ္ဓဟူးနေ့မနက် (၁၁) နာရီခွဲ။ ယခုအချိန်မှဆိုလျှင် စုစုပေါင်း (၄၈)နာရီသာ လိုတော့သည်။ ထိုအချိန်ဆိုလျှင် သူသည် အာရီဇိုးနားပြည်နယ်သို့ ထွက်ခွာ ပျံသန်းနေသော လေယာဉ်ပျံပေါ်တွင် ရောက်နေပေတော့မည်။ ထိုဒေသသို့ ရောက်လျှင် သူ့ကို ဘယ်သူမှ သိတော့မည်မဟုတ်ပေ။ ကာလေမြို့သည် သူ့အတွက် လုံခြုံစိတ်ချရသော နေရာမဟုတ်။ သူတစ်ပေါက် ငါတစ်ပေါက်နှင့် အမေးအမြန်းတွေ အလွန်ထူလာနိုင်သည်။

သို့သော်. . . အာရီဇိုးနားပြည်နယ်ကျတော့ ဘာမှ ပူစရာမရှိတော့။ ပိုက်ဆံတွေက လည်း တစ်ပုံကြီးရှိနေပြီ။ အသက်အန္တရာယ်အတွက်လည်း ဘာမှ စိုးရိမ်နေစရာ မလိုတော့။ တကယ်လို့ ရှုရှန်မာတင်ကသာ သူ့ကို ချစ်နိုင်မည်ဆိုလျှင် သူမကိုလည်း သူနှင့်တစ်ပါတည်း ခေါ်သွားမည်။

သူသည် ခေါက်ခုတင်မှ ကျော်ကာ သေတ္တာကိုလှမ်းယူပြီး ကြမ်းပြင်ပေါ်တွင်ချသည်။ ပြီးတော့ သေတ္တာကိုဖွင့်သည်။ သေတ္တာထဲမှ အိတ်ဆောင် အသံသွင်းကက်ဆက် သေးသေး ကလေးတစ်လုံးနှင့် ကင်မရာတို့ကို ထုတ်ယူပြီး သူ၏ အညိုရောင် ပုံပန်းမကျကုတ်အင်္ကျီဘယ် ဘက်အိတ်ထဲ ထည့်သည်။ ဓားမြှောင်နှင့် သေနတ်ကိုမူ ညာဘက်အိတ်ထဲသို့ ထည့်သည်။ အိတ်ကြီးတွေက သာမန်ထက်ကြီးနေ၍ အိတ်ထဲတွင် ဘာတွေထည့်ထားသည်ဆိုတာကို အပြင်ဘက်မှ ဘယ်လိုမှ ခန့်မှန်း၍ မရနိုင်။

ထို့နောက် ဈေးဝယ်အိတ်ကို ကောက်ယူပြီး အထဲမှ ပစ္စည်းများကို ခေါက်ခုတင်ပေါ် စနစ်တကျ ဖြန့်ချလိုက်သည်။ မိန်းမဝတ်ကုတ်အင်္ကျီ၊ လည်စည်းပဝါ၊ ကျစ်ကြိုး၊ တိတ်ကြိုးနှင့် ပတ်တီးများ။ ယင်းတို့အားလုံးကို ကင်းဘတ်အိတ်ကြီးထဲသို့ ပြောင်းထည့်သည်။

နောက်ဆုံးတွင် သေသေသပ်သပ်လိပ်ထားသော ပိုစတာစာရွက်လိပ်ကို လှမ်းယူပြီး ကြမ်းပြင်ပေါ်တွင် ဖြန့်ခင်းလိုက်သည်။ သူက ပိုစတာစာရွက်ကို သေသေချာချာ စိုက်ကြည့်နေ သည်။ သူ့မျက်နှာ ပြုံးရွှင်လာသည်။

ပထမဆုံး ပိုစတာသုံးရွက်ကို ခေါက်ခုတင်ပေါ်မှ နံရံတွင် ဆေးရုံသုံး ပလာစတာတိပ် နှင့်ကပ်ထားလိုက်သည်။ စတုတ္ထပိုစတာကို အတန်ကြာစိုက်ကြည့်နေပြီးမှ ပြန်လိပ်လိုက်သည်။

ဒါကို အခုသုံးလို့ မဖြစ်သေးဘူးဟု သူက ဆုံးဖြတ်ချက်ချလိုက်သည်။

အချိန်တွေ တဖြည်းဖြည်း ကုန်လွန်သွားသည်။

အခန်းမီးကို ပြန်ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တံခါးရွက်ကို ဟ,ရုံမျှ ဖွင့်သည်။ အပြင်မှ အသံဗလံများကို နားစွင့်လိုက်သည်။ အနီးအနားတဝိုက်တွင် ဘာသံမျှ မကြားရ။

အခန်းအပြင်သို့ ထွက်လိုက်သည်။ တံခါးကို ပြန်ပိတ်သည်။

ပြီးတော့ ခြေသံမကြားအောင် သံလှေကားအတိုင်း ပြန်တက်လာခဲ့သည်။

မကြာမီပင် ဂရင်းဘူတာကြီး မြေအောက်စင်္ကြံသို့ ရောက်လာခဲ့သည်။

သူသည် တခြားသော ခရီးသည်တွေကြားထဲမှ သာမန် ခရီးသည်တစ်ယောက် ဖြစ်သွားပြီ။

ရင်အုပ်ကျယ်ကျယ်၊ ကိုယ်ထည်ထွားထွား၊ ပါးရိုးကားကား၊ နှုတ်ခမ်းပါးပါးနှင့် အသက် (၃၀)ကျော် (၄၀)နီးပါးခန့်ရှိသော သူ့အား တခြားခရီးသည်များက ဘယ်လိုမှ ထူးထူးခြားခြား ဂရုစိုက်နေရန် လုံးဝ အကြောင်းမရှိ။

ရထားသည် ကွန်နက်တီကပ်ပြည်နယ်၊ ကာလေမြို့သို့ စတင် ထွက်ခွာစပြုနေပြီ။

သူသည် လက်ထဲတွင် ရထားလက်မှတ်ကိုကိုင်ကာ ရထားတံခါးပေါက်ဆီသို့ သုတ်ခြေတင် ပြေးလာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၄

နီးလ်သည် လမ်းထောင့်တွင်ရပ်ကာ ကျောင်းကြိုကားကို စောင့်နေသည်။ မစ္စက်လပ်ဖ်က သူ့အား အိမ်ပေါ်ထပ်ပြတင်းပေါက်မှလှမ်းပြီး စောင့်ကြည့်နေသည်ကို သတိပြုမိသည်။ သည်ပုံစံမျိုးလုပ်တာကို နီးလ်က အလွန်မုန်းသည်။ သူ့ကျောင်းနေဘက် သူငယ်ချင်းများ၏ မိခင်များအနေဖြင့် သူတို့၏သားငယ်များအား မစ္စက်လပ်ဖ်လုပ်သလို စောင့်ကြည့်တာမျိုး ဘယ်တော့မှ မလုပ်ကြ။

ငါက သူငယ်နှပ်စား မူကြိုကျောင်းသားကလေးမှ မဟုတ်တော့တာပဲ၊ ပထမတန်းတောင်ရောက်နေပြီပဲဥစ္စာ။ ဒီလိုလုပ်တာ မကောင်းပါဘူး။

နီးလ်က စိတ်ထဲမှ ကျိတ်ပြီး မကျေမနပ် ဖြစ်မိသည်။

မိုးရွာသောနေ့များတွင်လည်း သူသည် ကျောင်းကားရောက်လာသည်အထိ အိမ်ထဲတွင်ပင် စောင့်နေရသည်။ ဒါကိုလည်း သူက မကျေနပ်။ သည်အပြုအမူမျိုးသည် သူ့အား မိန်းမလျာကလေးလို အထင်အမြင်ရောက်စေသည်ဟု သူက ယူဆသည်။ သည်အကြောင်းကို သူက သူ့ဖေဖေအား ပြောပြသည်။ သို့သော် သူ့ဖေဖေက သဘောမပေါက်။

"သားက. . . ရင်ကျပ်နာရှိတဲ့ ကလေးမဟုတ်လား။ အစစအရာရာ ဂရုစိုက်နိုင်မှ တော်တော့မှာပေါ့ သားရယ်" ဟုသာ ဖေဖေက ပြန်ပြောတတ်သည်။

သူနှင့် ကျောင်းနေဖက် ဆင်ဒီပါကာသည် သူ့ထက် အတန်းကြီးသည်။ စတုတ္ထတန်းသား။ ဆင်ဒီက နီးလ်တို့လမ်းနှင့် ဘေးချင်းကပ်လျက်လမ်းတွင် နေသည်။ ဆင်ဒီသည် ကျောင်းကားပေါ်တွင် နီးလ်နှင့် ဘေးချင်းကပ်ခုံတွင် အမြဲတမ်း ကပ်ထိုင်လေ့ရှိသည်။ နီးလ်က ယင်းသို့ထိုင်သည်ကို မကြိုက်။ သို့သော် သူက ဘာမှတော့မပြော။ ဆင်ဒီက စကားလည်း အလွန်ပြောသည်။ သူပြောသည့် စကားတွေကိုလည်း နီးလ်က လုံးဝ မကြိုက်။

ကျောင်းကြိုကား လမ်းထောင့်တွင် ကွေ့ရပ်လိုက်ရာ ဆင်ဒီသည် ချိုင်းကြားတွင် စာအုပ်တွေညှပ်ကာ ကမန်းကတန်း ကားပေါ်ပြေးတက်လာသည်။ နီးလ်က ကားနောက်ပိုင်း ခုံလွတ်တွင် သွားထိုင်မည်လုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆင်ဒီက "ဟေး. . . နီးလ်၊ ဘယ်သွားဦးမလို့လဲ၊ လာပါကွ၊ ငါနဲ့ အတူတူ ထိုင်စမ်းပါ၊ ဒီမှာ ထိုင်ခုံနှစ်လုံး လွတ်နေတာပဲဟာ" ဟု လှမ်းခေါ်သဖြင့် အားနာပါးနာ ဝင်ထိုင်လိုက်ရသည်။

လက်ပံပင် ဆက်ရက်ကျသလို ကားထဲတွင် ပွက်ပွက်ညံနေသည်။ အားလုံးလိုလို သံကုန်အော်ပြီး ကိုယ့်အတွဲနှင့်ကိုယ် သောင်းပြောင်းထွေလာ ပြောနေကြသည်။ ဆင်ဒီကတော့ တခြားကျောင်းသားကလေးတွေလို စကားကို ကျယ်ကျယ်ပြောလေ့မရှိ။ သို့သော် သူပြောလျှင်လည်း တစ်လုံးမကျန် စိတ်ဝင်စားစရာတွေချည်း ဖြစ်နေတတ်သည်။

ယနေ့ ဆင်ဒီ့အမူအရာကြည့်ရသည်မှာ တော်တော် စိတ်ဓာတ်တက်ကြွနေပုံရသည်။ ထိုင်ခုံတွင် ဖင်ချမိသည်နှင့် တစ်ပြိုင်နက် သူက ထုံးစံအတိုင်း စတင်ပြောတော့သည်။

"ဒါနဲ့ ဒီနေ့ *'ရုပ်မြင်သံကြား ယနေ့သတင်းစဉ်'* အခန်းမှာ မင်းအဖေ စကားပြောတာ မြင်ခဲ့ရတယ်ကွ၊ တို့ မနက်စာစားရင်း ဖွင့်ကြည့်တာ. . ."

"ကျွန်တော့်ဖေဖေ စကားပြောတယ်. . . ဟုတ်လား"

နီးလ်က ခေါင်းခါလိုက်ရင်း. . .

"ခင်ဗျားက သက်သက်မဲ့ လာနောက်နေပြန်ပြီ"

"အို. . မင်းကလဲ. . ငါက မင်းကို သက်သက်မဲ့ နောက်ပါ့မလားကွ၊ ငါ တကယ် ပြောတာပါကွ. . . နီးလ်ရ မင်းအဖေမှ မင်းအဖေ အစစ်ပါကွ၊ မင်းအဖေတင် မကသေးဘူး၊ မင်းတို့အိမ် ခဏခဏလာနေတဲ့ ဟိုအမျိုးသမီးတောင် ပါသေးတယ်။ ဘယ်သူတဲ့. . . အဲ. . . မစ္စရှရွန်မဟုတ်လား၊ သူလဲ ပါတယ်ကွ၊ သူနဲ့ မင်းအဖေနဲ့ အချေအတင် ဆွေးနွေးကြတာ၊ သိလား"

"သူတို့က ဘာကြောင့် အချေအတင် ဆွေးနွေးရတာတဲ့လဲ"

နီးလ်က ပါးစပ်ကသာ မေးလိုက်ရပေမယ့် စိတ်ထဲကတော့ လုံးဝ မမေးချင်။ ဘာကြောင့်လဲဆိုတော့ သူက ဆင်ဒီ၏စကားကို သုံးခွက်တစ်ခွက်တင်မျှပင် မယုံသောကြောင့် ဖြစ်သည်။

"သူတို့ဆွေးနွေးတာက လူဆိုးတွေအကြောင်းပဲကွ၊ အဲဒီအမျိုးသမီးက လူဆိုးတွေကို သေဒဏ်ပေးတာ မကြိုက်ဘူး၊ မင်းအဖေကတော့ သူတိုကို သေဒဏ်ပေးမှ ဖြစ်မယ်တဲ့၊ ငါ့ဖေဖေကလဲ ပြောတယ်၊ မင်းဖေဖေပြောတာ မှန်တယ်တဲ့၊ ဖေဖေကပြောတယ်၊ မင်းအမေကို သတ်တဲ့ ဟိုငနဲကို သတ်ရုံတင်မကဘူး၊ ချက်တောင်စားပစ်သင့်တယ်တဲ့"

နီးလ်သည် မျက်နှာကို ပြတင်းပေါက်ဘက်သို့ လှည့်လိုက်သည်။ သူသည် နဖူးကို အေးစက်နေသော မှန်သားနှင့် ထိကပ်ထားသည်။ အပြင်ဘက်တွင် တစ်မိုးလုံး ညို့မှိုင်းပြီး ဆီးနှင်းတွေ အဆုပ်လိုက်အဆုပ်လိုက် သွန်ကျနေသည်။ ညတုန်းက သူ့ဖေဖေသည် အိမ်သို့ မပြန်ခဲ့။ လပ်ဖ်တို့ လင်မယားနှင့် အိပ်ရသည်ကို သူက နည်းနည်းကလေးမျှ မကြိုက်။ သူတို့ လင်မယားနှစ်ယောက်စလုံးပင် သူ့အပေါ်တွင် ကောင်းရှာကြပါသည်။

သို့သော် သူတို့လင်မယားက ခဏခဏ စကားများတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာလပ်ဖ်က ညနေတိုင်း အရက်ဆိုင်သွားသည်။

ထိုအခါ မစ္စက်လပ်ဖ်မှာ တဖျစ်တောက်တောက်နှင့် ဆူ၍ပူ၍ မဆုံးတော့။

"ဒါနဲ့ . . . လာမယ့် ဗုဒ္ဓဟူးနေ့မှာ ရှိနယ်သွမ်မဆင်ကို လျှပ်စစ်ကုလားထိုင်ပေါ် တင်ပြီး သေဒဏ်ပေးတော့မယ်တဲ့ကွ၊ မင်းဝမ်းမသာဘူးလား. . . ဟင်"

ဆင်ဒီက မေးသည်။

"ဟင့်အင်း. . . ကျွန်တော်က အဲဒီအကြောင်း စဉ်းတောင် မစဉ်းစားပါဘူး"

နီးလ်က လေသံဖြင့် ပြန်ပြောသည်။

အမှန်က သူညာပြောတာဖြစ်သည်။ တကယ်တော့ သွမ်မဆင်အကြောင်းကို သူ အများကြီး စဉ်းစားဖူးသည်။ စဉ်းစားလွန်းလို့ အိပ်မက်များတောင် မက်ခဲ့သည်။ အိပ်မက် မက်တိုင်းလည်း အခင်းဖြစ်ပွားသောညက ဖြစ်ရပ်များကို ထပ်တူထပ်မျှ မြင်မက်ခဲ့သည် ချည်းပင်။

ထိုနေ့က သူသည် အိမ်ပေါ်ထပ်မှ အခန်းထဲတွင် မီးရထားကလေးတွေနှင့် ကစားနေ သည်။ မေမေက ဈေးဝယ်ရာမှ အပြန် မီးဖိုချောင်တွင် အလုပ်များနေသည်။ အပြင်ဘက်တွင် မှောင်စပြုနေပြီ။ သူ့မီးရထားကလေးတစ်စင်းသည် ရုတ်တရက် လမ်းချော်သွားသည်။

သူက လျှပ်စစ်ခလုတ်ကို ပြန်ပိတ်လိုက်သည်။

ထိုအချိန်တွင်ပင် သူသည် ထူးဆန်းသော အသံတစ်သံကို ကြားလိုက်ရသည်။

အော်သံလိုလို၊ ညည်းသံလိုလို။ သို့သော် သိပ်တော့ သဲသဲကွဲကွဲမဟုတ်။

သူသည် သံသယစိတ်ဖြင့် အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။

ဧည့်ခန်းထဲတွင်လည်း မှောင်နှင့်မည်းမည်း ဖြစ်နေသည်။ သို့သော် သူကသူ့မေမေကို ချက်ချင်း မြင်လိုက်ရသည်။ မေမေက လူစိမ်းတစ်ယောက်ကို အကျောက်အကန် ရုန်းကန် တွန်းထိုးနေသည်။ ပါးစပ်ကလည်း ကြောက်စရာအသံကြီးဖြင့် အဆက်မပြတ် အော်ဟစ်နေ သည်။

လူစိမ်းက မေမေ့လည်ပင်းကို တစ်စုံတစ်ရာဖြင့် အတင်းလိုက်ပြီး ဖမ်းချည်နေသည်။

နီးလ်သည် လှေကားခြေရင်းတွင် ရပ်ကာ ကြက်သေသေနေသည်။ သူက သူ့မေမေ ဆီပြေးသွားပြီး ကူညီလိုက်ချင်သည်။

သို့သော် သူ့ခြေထောက်တွေက နေရာမှ လုံးဝမရွေ့။ လုံးဝ ရွေ့၍မရ။ သူက သံကုန် အော်ဟစ်ပြီး အိမ်နီးချင်းတွေကို အကူအညီ တောင်းလိုက်ချင်သည်။

သို့သော် သူ့ပါးစပ်က လုံးဝ ဟ၍မရ။

သူသည် ဒူးညွှတ်ပြီး ကြမ်းပြင်တွင် ပုံလျက်သား လဲကျသွားသည်။ လူစိမ်းက မေ့မေ့ ကို ကြမ်းပြင်ပေါ်သို့ တွန်းလှဲလိုက်ပြီး နီးလ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

နီးလ်သည် ကြမ်းပြင်ပေါ်တွင် ခွေခွေကလေး လဲကျနေသည်။

ထို့နောက် တစ်ခန်းလုံး မီးရောင်ထိန်ထိန်လင်းသွားသည်။

မေမေကလည်း သူ့လိုပင် ကြမ်းပြင်ပေါ်တွင် ပုံလျက်သားလဲကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေ့မေ့ပါးစပ်မှ လျှာကြီးက အပြင်သို့ ရှည်ထွက်နေသည်။ မျက်နှာတစ်ပြင်လုံးလည်း အပြာရောင်သမ်းနေသည်။ မျက်လုံးတွေက ကျွတ်ထွက်တော့မလို ပြူးကျယ်နေသည်။

လူစိမ်းက မေ့မေ့ဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ သူ့လက်နှစ်ဖက်က မေမေ့ လည်ပင်းတစ်ဝိုက်တွင် အလုပ်များနေသည်။ သူက နီးလ်ဘက်သို့ ဆတ်ခနဲ တစ်ချက်လှည့် ကြည့်လိုက်ပြီးတော့ ကမန်းကတန်း ထပြေးသွားသည်။ နီးလ်က လူစိမ်းမျက်နှာကို သေသေ ချာချာ မြင်လိုက်ရသည်။ မျက်နှာတစ်ပြင်လုံး ချွေးတွေ ပြန်နေသည်။

ကြောက်စရာကောင်းသည့် မျက်နှာကြီး။

နီးလ်က သူမြင်တွေ့ရသမျှကို ရဲဌာနတွင် ထွက်ဆိုသည်။ တရားခွင်တွင် တရားခံကို အတိအကျ ဆွဲထုတ်ပြသည်။ ထို့နောက်တော့ "သည်အကြောင်းတွေ လုံးဝမတွေးပါနဲ့တော့ သားရယ်။ လုံးဝမေ့ပစ်လိုက်ပါတော့" ဟု ဖေဖေက အမြဲတမ်းလိုလို သတိပေးခဲ့သည်။ မေမေ နှင့်ပျော်ပျော်ရွှင်ရွှင်နေခဲ့ရသော အချိန်ကာလတွေကိုသာ ဖေဖေက တွေးစေချင်သည်။

သို့ပေမယ့်. . . နီးလ်အဖို့တော့ ထိုနေ့က စိတ်ချောက်ချားဖွယ် မြင်တွေ့ခဲ့ရသော အနိဋ္ဌာရုံမြင်ကွင်းကို တစ်သက်မေ့ပျောက်၍မရနိုင်တော့။ သူသည် အချိန်တိုင်း ထိုမြင်ကွင်းကို အိပ်မက်မြင်မက်နေသည်။ အိပ်မက်က လန့်နိုးလာတိုင်းလည်း ရင်ကျပ်ချောင်းဆိုးဒဏ်ကို အသက်ထွက်သွားတော့မတတ် ခံစားရသည်ချည်းပင် ဖြစ်သည်။

အခုဆိုလျှင် ဖေဖေသည် မစ္စရှုရွှန်မာတင်နှင့် လက်ထပ်ပေတော့မည်။ သူ့ဖေဖေသည် မကြာမီ နောက်ထပ် အိမ်ထောင်ပြုတော့မည့်အကြောင်းကို လူတိုင်းပြောနေကြပြီဟု ဆင်ဒီက သူ့ကို ပြန်ပြောပြသည်။

တခြားမိန်းမနှင့် မွေးသောကလေးတစ်ယောက်ကို ဘယ်မိန်းမကမှ မလိုချင်ဟု ဆင်ဒီက ပြောသည်။ အထူးသဖြင့် သူ့လို ရောဂါသည်ကလေးမျိုးဆိုလျှင် ပိုဆိုးသည်ဟုလည်း ပြောသည်။ မစ္စတာလပ်ဖ်နှင့် မစ္စက်လပ်ဖ်တို့ လင်မယားလည်း သူတို့နှင့် အတူတူမနေတော့ဘဲ မကြာမီတွင် ဖလော်ရီဒါပြည်နယ်သို့ ပြောင်းကြတော့မည်ဟု ပြောနေကြသည်။

ဖေဖေက မစ္စရှုရွှန်နှင့် လက်ထပ်လျှင် သူ့ကို လပ်ဖ်တို့လင်မယားအား ပေးပစ်လိုက် မည်လားဟု နီးလ်က တွေးမိသည်။ ဖေဖေက သည်လိုတော့ လုပ်မည်မထင်။ ဖေဖေသည် သူ၏ တစ်ဦးတည်းသော ရောဂါသည်သားကလေးအပေါ်တွင် သည်လောက်အထိတော့ ရက်စက်လိမ့်မည်မထင်။

ဘာပဲဖြစ်ဖြစ် သည်အတွေးကြောင့် နီးလ်အနေဖြင့် စိတ်တော့ တော်တော်ပင် ညစ်သွားမိသည်။ သူသည် ကားပြတင်းပေါက်အပြင်ဘက်သို့ ကြောင်ကြောင်ကြီး စိုက်ကြည့် နေသည်။ သူသည် အတွေးနက်ကာ ကျောက်ရုပ်ပမာ မလှုပ်မယှက်ဖြစ်နေသည်။

"ဟေး. . . နီးလ်. . ဘာတွေငိုင်နေတာလဲကွ၊ ကျောင်းရှေ့ရောက်နေပြီကွ"

ဆင်ဒီက ပခုံးပုတ်ကာ သတိပေးလိုက်တော့မှပင် နီးလ်မှာ အလန့်တကြားနှင့် သတိ ပြန်ဝင်လာမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၅

အငှားကားကလေးသည် အရှေ့ (၄၂) လမ်းပေါ်မှ ***နယူးစ်ဒက်စ်ပက်ချ်*** သတင်းစာတိုက်အဆောက်အအုံရှေ့တွင် ဘရိတ်အုပ် ရပ်သွားသည်။ ရှုရှန်က လက်ကိုင်အိတ်ထဲမှ ပိုက်ဆံနှိုက်ယူပြီး ကားဆရာအား နှစ်ဒေါ်လာ ကမ်းပေးလိုက်သည်။

လောလောဆယ်တွင် လေရော၊ ဆီးနှင်းရော စဲသွားပြီ။ သို့ပေမယ့် . . . အအေးဒီဂရီကတော့ မလျော့သေး။ လမ်းပေါ်တွင်လည်း ဆီးနှင်းတွေ ခဲနေပြီး လမ်းလျှောက်ရန် ခက်ခဲနေတုန်းပင် ရှိသေးသည်။

သူမသည် သတင်းခန်းထဲသို့ တန်း၍ လျှောက်ဝင်လာခဲ့သည်။ ညနေပိုင်း သတင်းစာအတွက် အခန်းထဲတွင် ဖုတ်ပူမီးတိုက် အလုပ်များနေကြသည်။ သူမ၏စာခွက်ထဲတွင် စာတိုကလေးတစ်စောင် ရောက်နေသည်။ မြို့တော်အယ်ဒီတာနှင့် ချက်ချင်းလာတွေ့ရန် ရေးထားသောစာ ဖြစ်သည်။

သူမသည် ဆူညံနေသော အခန်းကိုဖြတ်ပြီး အယ်ဒီတာ၏ ရုံးခန်းကလေးထဲသို့ ဝင်လာခဲ့သည်။ ရုံးခန်းထဲတွင် အယ်ဒီတာတစ်ယောက်တည်းသာ ရှိသည်။

"ဝင်ခဲ့ပါ၊ ပြီးတော့ တံခါးပြန်ပိတ်ခဲ့"

အယ်ဒီတာက သူမအား ကုလားထိုင်ကို ညွှန်ပြသည်။

"ဒီနေ့အတွက် ခင်ဗျား ဆောင်းပါးရေးပြီးသွားပလား"

"ဟုတ်ကဲ့ . . . ရေးပြီးပါပြီ"

"သွမ်မဆင်အမှုအတွက် ပြစ်ဒဏ်ပြောင်းလဲသတ်မှတ်ဖို့ ကိစ္စနဲ့ပတ်သက်ပြီး ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စက်ဂရင်းဆီ သံကြိုးရိုက်ဖို့၊ ဒါမှမဟုတ် ဖုန်းဆက်ဖို့ လိုအပ်သလား"

"ဟုတ်ကဲ့ . . . လိုအပ်ပါတယ်၊ ကျွန်မလဲ အဲဒီကိစ္စပဲ စဉ်းစားနေတာ၊ ခေါင်းကြီးပိုင်းကိုလဲ ပြန်ရေးရမယ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူးက သွမ်မဆင်ကိစ္စ လုံးဝအလျှော့မပေး နိုင်ဘူးဆိုတဲ့အချက်ကို အမိကတင်ရမယ်၊ ဒါမှ ပြည်သူတွေကြားထဲ အုံကြွလှုပ်ရှားသွားမှာ၊ ကျွန်မတို့ဘက်က (၄၈)နာရီတိတိ အချိန်ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စ ဘေးချိတ်ထားလိုက်စမ်းပါ"

ရှရွန်က အယ်ဒီတာကို စိုက်ကြည့်လိုက်ပြီး. . .

"ရှင်ဘာပြောတာလဲ၊ ဒီကိစ္စဘေးချိတ်လိုက်ရမယ်. . . ဟုတ်လား၊ ဒီကိစ္စမှာ ရှင်က ကျွန်မဘက်က အမြဲတမ်းရပ်ခဲ့တာပဲ"

"ငါပြောတာသာ နားထောင်စမ်းပါ၊ အဲဒီကိစ္စ ဘေးချိတ်လိုက်ပါတော့၊ ပြည်နယ်အုပ်ချုပ်ရေးမှူးက ဆုံးဖြတ်ချက်ချပြီးတဲ့နောက် အယ်ဒီတာချုပ်ကိုခေါ်ပြီး အပြတ်ပြောလွှတ်လိုက်ပြီးပြီ၊ တို့က သတင်းစာရောင်းကောင်းအောင် ဒီကိစ္စကို ပုံကြီးချဲ့ပြီး အုတ်အော်သောင်းတင်းဖြစ်အောင် လုပ်နေတယ်ဆိုပြီး ပြည်နယ်အုပ်ချုပ်ရေးမှူးက ဝေဖန်လိုက်တယ်၊ သူက သူ့လပဲ သေဒဏ်ပေးတာကို မူအရ သဘောမတူဘူးလို့ ပြောတယ်၊ ဒါပေမယ့် နောက်ထပ်သက်သေအထောက်အထား ခိုင်ခိုင်လုံလုံ တစ်စုံတစ်ရာမရရှိဘဲနဲ့ ရုံးတော်ရဲ့ စီရင်ချက်ကို သူ့အနေနဲ့ ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိဘူးဆိုပြီး ပြောလိုက်သတဲ့၊ တို့အနေနဲ့ အခြေခံဖွဲ့စည်းပုံဥပဒေကိုပြင်ဆင်ချက်အတွက် တိုက်ပွဲဝင်ချင်ရင် လူ့အခွင့်အရေးအရ ဝင်နိုင်တယ်လို့ သူကဆိုတယ်၊ ဒါပေမယ့် တရားဥပဒေကို နှောင့်ယှက်ရာရောက်တဲ့ အခုကိစ္စမျိုးမှာတော့ သူ့အနေနဲ့ တို့ကိုလုံးဝမထောက်ခံနိုင်ဘူးတဲ့၊ အဲဒါနဲ့ အဘိုးကြီးလဲဘာမှပြန်မပြောနိုင်ဘဲ ဒီအတိုင်း ပြန်လာခဲ့ရတယ်"

ရှရွန်သည် အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။ ဝမ်းဗိုက်ကို ပိတ်ကန်ခံလိုက်ရသလို မချိအောင် ခံစားလိုက်ရသည်။ သူမသည် ရုတ်တရက်အားဖြင့် မူးမေ့ပြီး လဲကျသွားတော့မတတ် ဖြစ်သွားသည်။ နှုတ်ခမ်းအစုံကို တင်းတင်းကိုက်ပြီး လည်ချောင်းထဲ ဆို့တက်လာသော အလုံးကြီးကို ကျိတ်ပြီးမျိုချလိုက်ရသည်။

အယ်ဒီတာက သူမအား စိုးရိမ်စိတ်ဖြင့် ကြည့်လိုက်ပြီး. . .

"မင်း နေမှကောင်းရဲ့လား. . . ရှရွန်၊ မင်းကြည့်ရတာ မျက်နှာမှာလဲ သွေးမရှိသလိုပါပဲလား"

သူမက စိတ်ကိုတင်းကာ ဟန်လုပ်ပြီး ပြန်ပြောလိုက်သည်။

"ကျွန်မ ဘာမှမဖြစ်ပါဘူး၊ နေကောင်းပါတယ်"

"မင်း တကယ်နေမကောင်းရင် သုံးလေးရက်လောက် အနားယူလိုက်ပါလား၊ အလုပ်အတွက် မပူပါနဲ့၊ မနက်ဖြန် အစည်းအဝေးအတွက်လဲ မင်းကိုယ်စား တခြားတစ်ယောက်ကို ကိုယ်စားလှယ်လွှတ်လိုက်ရင် ဖြစ်ပါတယ်"

"ကိစ္စမရှိပါဘူး၊ ကျွန်မ ရပါတယ်"

သေဒဏ်ပေးခြင်းကို ပြည်နယ်အတွင်း၌ လုံးဝရပ်စဲပစ်ရေးအတွက် မက်ဆာချူဆက်ပြည်နယ် ဥပဒေပြုလွှတ်တော်တွင် အချေအတင် ဆွေးနွေးဆုံးဖြတ်ရန် အစည်းအဝေးခေါ်ထားသည်။

"ဒါဖြင့်လည်း မင်းသဘောပဲ၊ မင်းဆောင်ပါး ပေးခဲ့ပါ၊ ပြီးတော့. . . အိမ်ပြန်ပြီးနားလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံတွင် ကြင်နာသံ ပါနေသည်။

"ငါပြောချင်တာကတော့ ဆောရီးပဲ ရှုရှ်၊ အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ပြင်ဆင်ဖို့ဆိုတာက လွယ်တဲ့ကိစ္စမဟုတ်ဘူး၊ နှစ်နဲ့ချီလို့ ကြာနိုင်တယ်၊ ပြီးတော့ အခု သွမ်မဆင်ကိစ္စမှာ ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြစ်ဒဏ်လျှော့အောင်လုပ်ဖို့ တို့က စည်းရုံးနိုင်ခဲ့ရင်လဲ လုပ်ငန်းက ဒီကိစ္စနဲ့ပဲ ပြတ်သွားမှာမဟုတ်ဘူး၊ အလားတူအမှုတွေ ပေါ်လာတိုင်း ဒီပုံစံမျိုးနဲ့ တောင်းဆိုမှုတွေ တစ်နိုင်ငံလုံး တစ်ခုပြီးတစ်ခု ပေါ်လာဦးမှာကျိန်းသေပဲ၊ ဒါပေမယ့် ငါကတော့ မစ္စက်ဂရင်းရဲ့အခြေအနေမှန်ကို သဘောပေါက်ပြီးသားပါ"

"စီရင်ချက်ချပြီးတဲ့ လူသတ်သမားကို ပြန်လွှတ်ဖို့ မဖြစ်နိုင်ဘူးဆိုတာ. . ကျွန်မလဲ နားလည်ပါတယ်"

သူမက အယ်ဒီတာ၏စကားပြန်ကို မစောင့်တော့ဘဲ ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်ပြီး အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

သူမသည် သူမ၏စားပွဲသို့ ပြန်လာခဲ့ပြီး ပခုံးလွယ်အိတ်ကို ဇစ်ဖွင့်ပြီး ဆောင်းပါးစာမူကို ဆွဲထုတ်လိုက်သည်။ ထိုဆောင်းပါးမှာ လွန်ခဲ့သောညက တစ်ညလုံး သူမ ရေးသားခဲ့သော လက်နှိပ်စက်ရိုက် စာမူဖြစ်သည်။

သူမသည် စာမူကို အလယ်မှနေ၍ ထက်ပိုင်း ဆုတ်ဖြဲပစ်လိုက်သည်။

ပြီးတော့ လေးချိုးတစ်ချိုး ထပ်ဆုတ်သည်။ ထို့နောက် ရှစ်ချိုးတစ်ချိုးထပ်ဆုတ်ပြီး စက္ကူစုတ်များကို စားပွဲဘေးမှ အမှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်သည်။

လက်နှိပ်စက်တွင် စက္ကူအသစ် ပြန်သွင်းသည်။

ပြီးတော့ ဆောင်းပါးသစ်စာမူကို အသစ်ပြန်လည်၍ ရိုက်တော့သည်။

**လူ့အဖွဲ့အစည်းသည် မကြာမီက ပြန်လည်ရရှိခဲ့သော အခွင့်အရေးတစ်ရပ်ဖြစ်သည့် လူသတ်ရန် အခွင့်အရေးကို ယခုတစ်ဖန် ပြန်လည်အသုံးချကျင့်သုံးပြန်တော့မည် ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း(၄၀၀)လောက်က ပြင်သစ်တွေးခေါ်ရှင်ကြီးမွန်တိန်းက 'လူတစ်ယောက်က အခြားလူတစ်ယောက်ကို သတ်သည့်အတွက် ထိုသူအား ပြန်သတ်ခြင်းသည် ကျွန်ုပ်အကြောက်ဆုံးသော ဒုစရိုက်မှုကြီးပင် ဖြစ်သည်' ဟူ၍ရေးခဲ့ဖူးသည်။ အကယ်၍ စာဖတ်သူသည် လူသတ်မှုကျူးလွန်သူအား သေဒဏ်ပေးခြင်းကို အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ လုံးဝ ပိတ်ပင်ခြင်းကို သဘောတူခဲ့လျှင်...**

သူမသည် သဘောမကျသော စာပိုဒ်များကို ပြန်ဖျက်လိုက်၊ ပြန်ရိုက်လိုက်ဖြင့် . . . နှစ်နာရီခန့်ကြာသည်အထိ ဖြည်းဖြည်းမှန်မှန် လက်နှိပ်စက်ရိုက်ပြီးသောအခါ ဆောင်းပါးတစ်စောင်လုံး ပြီးသွားသည်။ ထို့နောက် ရိုက်ချက်သန့်သန့်ဖြင့် တစ်စောင်လုံးကို အသစ်ပြန်လည်ပြီး ခပ်မြန်မြန် ရိုက်ကူးသည်။ ရိုက်ပြီးသွားသောအခါ ဆောင်းပါးစာမူကို အယ်ဒီတာထံ ပေးခဲ့ပြီး ရုံးခန်းထဲမှ ပြန်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်ရောက်တော့ အငှားကားတစ်စီးကို လက်ရပ်တားလိုက်သည်။

"အနောက်ဘက် ဗဟိုပန်းခြံနားက (၉၅)လမ်းကို မောင်းပါ"

အငှားကားကလေးသည် မြောက်ဘက် အမေရိက အဲဗင်းနယူးလမ်းကို ကွေ့ကာ တောင်ဘက် ဗဟိုပန်းခြံဆီသို့ ဦးတည်မောင်းနှင်လာခဲ့သည်။

ရှရွန်သည် ကားမှန်ပြတင်းတွင် မျက်နှာအပ်ကာ အပြင်ဘက်သို့ ငေးကြည့်ရင်း စိတ်မသက်မသာဖြင့် လိုက်ပါလာသည်။

အပြင်ဘက် မြက်ခင်းပြင်ပေါ်တွင် ဆီးနှင်းတွေ ဖုံးနေသည်။ သည်အတိုင်းဆိုလျှင် မနက်ဖြန်ကျတော့ ကလေးတွေ ရေခဲပြင်လျှောစီး ကစားကြလိမ့်မည်။

လွန်ခဲ့သောလတုန်းက သူမနှင့် ပက်တာဆင်တို့သည် စိုးလ်မင်းရင့်ခ်ကွင်းတွင် စကိတ်စီးထွက်ခဲ့ကြသည်။

နီးလ်လည်းလိုက်ပါရန် အစီအစဉ်လုပ်ထားသည်။

စကိတ်စီး ပြီးနောက် တိရစ္ဆာန်ရုံကို သွားကြမည်။

ပြီးတော့ ဂရင်းကျွန်းပေါ်က တာဗန်ဟိုတယ်တွင် ညနေစာသွားစားကြမည်ဟု ရှရွန်က စိတ်ကူးထားသည်။

သို့သော် နီးလ်က သူသိပ်ပြီး နေမကောင်းဟုဆိုကာ သွားခါနီးမှ ကပ်ပြီး ကျန်နေရစ်ခဲ့သည်။ တကယ်တော့ နီးလ်က ရှရွန်အား မကြည့်၍ မလိုက်ခြင်းသာ ဖြစ်သည်။ သူ့အနေဖြင့် သူမအား ဘယ်လိုမှ သဘောမကျနိုင်အောင် ဖြစ်နေသည်။

သည်အချက်ကို ရှရွန်ကလည်း သိသိသာသာအကဲခတ်မိသည်။

"အိုကေ. . . မစ္စ. . . "

"အို. . . ဟုတ်ပါရဲ့၊ တောင်းပန်ပါတယ်ရှင်"

သူတို့သည် (၉၅)လမ်းသို့ ရောက်လာခဲ့ပြီဖြစ်သည်။

"အဲ. . . ဟို. . . ဘယ်ဘက်က တတိယတိုက်ခန်းပါပဲ"

သူမသည် ပန်းခြံပါသော မြေညီထပ်တိုက်ခန်းတွင် နေသည်။

ကားကလေးသည် တိုက်ခန်းရှေ့တွင် ရပ်သွားသည်။ ဆံပင်အနည်းငယ် ဖြူစပြုနေပြီ ဖြစ်သော ကားဆရာက ရှရွန်အား နောက်ပြန်လှည့်ကြည့်ပြီး. . .

"တူမကြီးက သိပ်ပြီး နေမကောင်းဘူးထင်တယ်"

ရှရွန်က ကြိုးစားပြီး ပြုံးရင်း. . .

"ဟုတ်ကဲ့. . . ရာသီဥတုကြောင့်ပဲ ဖြစ်ပါလိမ့်မယ်"

သူမက မီတာကို တစ်ချက်စောင်းကြည့်ပြီး ပိုက်ဆံအိတ်နှိုက်ကာ ကားခရှင်းပေး လိုက်သည်။

ကားဆရာက ကားပေါ်မှဆင်းကာ ရှရွန်အတွက် တံခါးဖွင့်ပေးသည်။

"ဒီရာသီဥတုအတိုင်းသာဆိုရင် လူတွေတော့ ဒုက္ခပဲ၊ အကောင်းဆုံးကတော့ အပြင် မထွက်ဘဲ အိမ်ထဲကုပ်နေတာ အကောင်းဆုံးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘွန်မက ညနေပိုင်းကျတော့ ကွန်နက်တီကပ်နယ်ဘက်ကို ကားမောင်းပြီး သွားစရာရှိသေးတယ်"

"ဒါဆို တူမကြီးက ကျုပ်ထက် အပုံကြီး တော်သေးတာပေါ့၊ ကဲ . . သွားလိုက်ဦးမယ်၊ ကျေးဇူးပါပဲ"

✠

တစ်ပတ်မှာ နှစ်ရက်စီ အလုပ်လာလုပ်သော သန့်ရှင်းရေးအမျိုးသမီး အင်ဂျီသည် အလုပ်ပြီး၍ ပြန်သွားပြီဖြစ်သည်။ တိုက်ခန်းထဲဝင်လိုက်တော့ ကြမ်းတိုက်ဆေးနံ့လည်း သင်းနေသည်။ မီးဖိုကိုလည်း သပ်သပ်ရပ်ရပ် ရှင်းလင်းထားသည်။ ပန်းခြံကိုလည်း အရွက်ဖြတ်ပြီး ရေလောင်းထားတာ တွေ့ရသည်။

သူမ၏တိုက်ခန်းသို့ ရောက်လာတော့ အမောပြေသွားသလို ထင်ရသည်။

သူမ အခန်းကလေးက သန့်ရှင်းပြီး နေချင့်စဖွယ်ဖြစ်သည်။ အခန်းထဲတွင် အရှေ့တိုင်းထွက် ခန်းလုံးပြည့်ကော်ဇော ခင်းထားသည်။ စားပွဲကုလားထိုင်များမှာ စက်ကင်းဟန်းများ ဖြစ်ပေမယ့် အသစ်လိုပင် သန့်ရှင်းသပ်ရပ်နေဆဲ ဖြစ်သည်။ အခန်းနံရံတွင်လည်း လေလံပွဲမှ ဝယ်ထားသော ပန်းချီကားများကို စနစ်တကျ ချိတ်ဆွဲထားသည်။

သူမ၏အခန်းကလေးကို ပက်တာဆင်က အလွန် သဘောကျသည်။ အခန်းထဲတွင် တစ်စုံတစ်ရာ ပြုပြင်ပြောင်းလဲထားတိုင်း သူက သတိပြုမိသည်ချည်း ဖြစ်သည်။

"မင်းကတော့ တကယ့်ကို အိမ်ရှင်မကောင်းတစ်ယောက်ပါပဲ" ဟုလည်း အမြဲတမ်း ချီးမွမ်းစကား ဆိုလေ့ရှိသည်။

သူမသည် အိပ်ခန်းထဲသို့ ဝင်လာခဲ့ပြီး အဝတ်အစားလဲသည်။ ပြီးတော့ ရေချိုးသည်။ အဝတ်ပြန်လဲသည်။ ကော်ဖီဖျော်သောက်သည်။ ထို့နောက် အပန်းဖြေ တရေးတမောအိပ်ရန် ကြိုးစားသည်။

အချိန်က (၁၂) နာရီထိုးခါနီးပြီ။ နာရီနှိုးစက်ကို သုံးနာရီခွဲတွင် ချထားလိုက်သည်။ မျက်စိကို အတင်းမှိတ်ပြီး အိပ်ရန် ကြိုးစားပေမယ့် တော်တော်နှင့် အိပ်၍မရ။ သူမ၏ စိတ်အာရုံတွင် ရိုနယ်သွမ်မဆင်၏ ရုပ်သွင်ကို ပြက်ပြက်ထင်ထင် မြင်ယောင်လာသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးအနေဖြင့် သွမ်မဆင်အား သေဒဏ်ကို လျှော့ပေါ့အပြစ်ပေးလိမ့်မည်ဟု သူမက ကျိန်းသေပေါက် တွက်ထားခဲ့သည်။ သွမ်မဆင်သည် အမှန်တကယ် ပြစ်မှုကျူးလွန်သူဖြစ်ကြောင်း သံသယဖြစ်စရာလုံးဝမရှိ။ သူ့တွင် လုံးဝအပြစ်မရှိပါဟု ငြင်းဆိုခြင်းမှာ လိမ်ညာခြင်းသာ ဖြစ်သည်။ ယင်းသို့ လိမ်ညာခြင်းအတွက် သူ့အနေဖြင့် အပြစ်ပေးဖို့သာ ရှိသည်။ သို့ပေမယ့် အလေးအနက် စဉ်းစားရန်တစ်ချက်က သူသည် ပြစ်မှုကျူးလွန်ချိန်တွင် (၁၅)နှစ်သားအရွယ်သာ ရှိသေးသည်။ ယခင်က တစ်စုံတစ်ရာပြစ်မှုကျူးလွန်ခဲ့ခြင်းလည်း လုံးဝမရှိ၊ အရွယ်မရောက်သေးသော လူငယ်ကလေးသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တွေးလက်စနှင့် ပက်တာဆင်အကြောင်းကိုသွားပြီးတွေးမိပြန်သည်။ပက်တာဆင်က သာမန်လူတစ်ယောက်မဟုတ်။ ပြည့်သူ့ဆန္ဒ၊ ပြည့်သူ့အထင်အမြင်ကို ပုံသွန်းပေးနေသော သတင်းစာဆရာတစ်ယောက်။ သူက သမာဓိရှိသည်။ ဖြောင့်မတ်တည်ကြည်သည်။

ယင်းအတွက်ပင် လူတွေက သူ့ကို လေးစားကြခြင်း ဖြစ်သည်။

သူမသည် ပက်တာဆင်အား တကယ်ပင် ချစ်ပါသလား။

တကယ်ပင် ချစ်ပါသည်။

ဘယ်လောက်အထိ ချစ်ပါသလဲ။

အများကြီး. . . အများကြီး ချစ်ပါသည်။

အဲဒီတော့ သူ့ကို လက်ထပ်နိုင်ပါ့မလား။

သည်မေးခွန်းကို ဖြေဆိုရန်အတွက် သူတို့နှစ်ယောက် ယနေ့ညဆုံရန် ချိန်းခဲ့ကြခြင်းပင်ဖြစ်သည်။ ပက်တာဆင်က သူမအား ယနေ့ည သူ့အိမ်သို့ ဆက်ဆက်လာခဲ့ရန် အလေးအနက် ဖိတ်ခေါ်ခဲ့သည်။ သူက သူ့သားကလေးအနေဖြင့် သူမအား ကြည်ကြည်သာသာ ဆက်ဆံစေချင်သည်။ သူမနှင့် တရင်းတနှီး ရှိစေချင်သည်။ သို့ပေမယ့် လက်တွေ့ကျတော့ အလုပ်မဖြစ်။ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုပေမယ့် မေတ္တာတရားဟူသည် အတင်းအကျပ်ပြု၍ ရနိုင်သောအရာ မျိုးမဟုတ်။ နီးလ်က သူမကို လုံးဝ အရေးမဝင်။ ခပ်ခွာခွာ လုပ်နေသည်။ သူကလေးက သူမအား အသည်းနှလုံးထဲမှ တကယ်ပင် မချစ်နိုင်၊ မခင်နိုင် ဖြစ်နေလို့လား။ ဒါမှမဟုတ် သူ့ဖေဖေ့ထံမှ အချစ်ကိုလုယူသော မိန်းမမှန်သမျှကို သူက ဒီလိုပဲ ဆက်ဆံလေမည်လား။ သူမအနေဖြင့် မဝေခွဲတတ်အောင် ဖြစ်မိသည်။

သူမသည် ပက်တာဆင်နှင့် လက်ထပ်လျှင် ကာလေမြို့မှာ နေရမည်။

သူမ နေနိုင်ပါမည်လား။

သူမက နယူးယောက်မြို့မှာသာ နေချင်သည်။ နယူးယောက်မြို့ကလွဲလျှင် ဘယ်နေရာမှ နေချင်စိတ်မရှိ။ သို့ပေမယ့်. . . ပက်တာဆင်ကတော့ သူ့သားငယ်ကို မြို့ကြီးပြကြီးသို့ ဘယ်တော့မှ ပြောင်းရွှေ့ထားနိုင်မည် မဟုတ်။

သူမ၏အလုပ်က မြို့ကြီးပြကြီးနှင့်မှ လျော်ကန်သည်။ သူမသည် စာရေးဆရာမ တစ်ယောက်အဖြစ် အောင်မြင်မှုလမ်းစ ပေါ်နေပြီ။ ယခုအခါ သူမ၏စာအုပ်ကို ခြောက်ကြိမ်တိတိ ပုံနှိပ်ထုတ်ဝေရပြီးပြီ။ ကတ္တူဖုံးအဖြစ် ထုတ်ဝေရန်တော့ ဘယ်စာအုပ်တိုက်ကမှ ကမ်းလှမ်းချက်မရသေး။ သို့သော် အဖုံးပါးအဖြစ်တော့ ရောင်းမလောက်ဖြစ်နေပြီ။ စာနယ်ဇင်းဝေဖန်ချက်တွေကလည်း အားရစရာကောင်းလှသည်။

သည်လိုအချိန်မျိုးမှာ အိမ်ထောင်ပြု၍ ကောင်းပါ့မလား။ အထူးသဖြင့်. . မိမိအပေါ်တွင် ကြင်နာမှုမပြသော သားကလေးတစ်ယောက် ရှိနေသည့် မုဆိုးဖိုတစ်ဦးကို ယူ၍ သင့်တော်ပါ့မလား။

ဩော်. . ပက်တာဆင်. . ပက်တာဆင်။ သူမ အလွန်ချစ်မြတ်နိုးရတဲ့ နာမည်ကျော်သတင်းစာဆရာ ပက်တာဆင်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် သူမ၏မျက်နှာကို လက်ဝါးဖြင့် အမှတ်မထင် ပွတ်သပ်လိုက်မိသည်။

သည်နေ့မနက်တုန်းက သူမနှင့် လူချင်းမခွဲမီ နှုတ်ဆက်စကားပြောရင်း သူမ၏ လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သော ပက်တာဆင်၏လက်ကို သတိရမိသည်။

ကြီးမားတုတ်ခိုင်သလောက် ညင်သာယုယသည့် လက်များ။ သူက သူမကို အသည်းစွဲချစ်သည်။ သူမကလည်း သူ့ကို အသည်းစွဲချစ်သည်။

သို့ပေမယ့် သူတို့နှစ်ယောက်က ခံယူချက်ချင်း မတူညီကြ။ တစ်ယောက်ကဖြူလျှင် တစ်ယောက်က မည်းသည်။ တောင်နှင့်မြောက်လို ဗီလာဖြစ်နေကြသည်။

သူက စေ့စပ်ရေးသမားမဟုတ်၊ ဆုံးဖြတ်ချက်တစ်ခုကို လွယ်လွယ်ကူကူနှင့် ပြန်ပြင်လေ့ရှိသူမဟုတ်။ တကယ်တော့ သူက အလွန်ခေါင်းမာသူ ဖြစ်သည်။ သည်လို လူစားမျိုးကို သူမအနေဖြင့် ဘဝကြင်ဖော် လင်ယောက်ျားအဖြစ် ရွေးချယ်၍ ဖြစ်နိုင်ပါ့မလား။

သူမသည် တွေးရင်းတွေးရင်းဖြင့် မျက်တောင်တွေ စင်းလာသည်။

သူမ အိပ်ချင်လာပြီ။ မကြာမီတွင် မေ့ခနဲ အိပ်ပျော်သွားသည်။

သူမသည် အိပ်မက်မက်နေသည်။

အိပ်မက်ထဲတွင် သူမ ဆောင်းပါးတစ်ပုဒ် ရေးနေသည်။ တစ်ထိုင်တည်းနှင့်အပြီး ရေးမည်ဟု အားခဲပြီး လက်နှိပ်စက်ကို သဲသဲမဲမဲ ရိုက်နေသည်။ လက်နှိပ်စက်သံ တဖျပ်ဖျပ်နှင့် အဆက်မပြတ် ပေါ်ထွက်နေသည်။

သို့ပေမယ့် စာရွက်ပေါ်တွင်တော့ ဘာစာလုံးမှ ပေါ် မလာ။

ထိုအခိုက် အခန်းထဲသို့ ပက်တာဆင် ဝင်လာသည်။

သူသည် ကလေးငယ်တစ်ယောက်ကို လက်ဆွဲ၍ ဝင်လာသည်။

သူမက လက်နှိပ်စက်ကိုသာ အာရုံစိုက်ကာ သဲသဲမဲမဲ ရိုက်မြဲရိုက်နေသည်။

ပက်တာဆင်က ကလေးငယ်ကို ကုလားထိုင်တွင် ထိုင်ခိုင်းသည်။

ပြီးတော့ သူက ပြောသည်။

"ဒါ တကယ်လိုအပ်လို့ လုပ်တာပါ၊ တကယ်လိုအပ်တယ်ဆိုတာကိုလဲ မင်း သိစေချင်တယ်"

ရှရွန်က အလန့်တကြား အော်လိုက်မိသည်။ ပက်တာဆင်က ကလေးအား လက်ထိတ်ခြေထိတ်ခတ်လိုက်ပြီး မီးခလုတ်ကို လက်လှမ်းလိုက်သည်။

"ဟင့်အင်း. . . ဟင့်အင်း မလုပ်ပါနဲ့. . . မလုပ်ပါနဲ့"

ရှရွန်သည် ကိုယ့်အသံကြောင့် ကိုယ်လန့်ပြီး အိပ်ရာမှ ရုတ်တရက် နိုးလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၆

ညနေ ခြောက်နာရီ ငါးမိနစ်။

ကွန်နက်တီကပ်ပြည်နယ် ကာလေမြို့ကလေးရှိ လမ်းမများပေါ်တွင် လူသွားလူလာများစွာမရှိတော့။ ဟိုနေရာ သည်နေရာတွင် တစ်ယောက်စ နှစ်ယောက်စ ဆိုသလို ရပ်ထားသောကားများပေါ်မှ ကမန်းကတန်းဆင်းပြီး ကုန်စုံဆိုင်များထဲသို့ သုတ်သီးသုတ်ပျာ ဝင်သွားကြသည်။ လမ်းပေါ်တွင် ဆီးနှင်းတွေ တဖွဲဖွဲကျနေသည်။

ထိုအချိန်တွင် လူတစ်ယောက်သည် ကေဘင် စားသောက်ဆိုင်အနီးရှိ ကားရပ်ရန်နေရာအစွန်မှ အမှောင်ရိပ်ထဲတွင် မလှုပ်မယှက် ရပ်နေသည်။

သူ့အား မည်သူမျှ သတိထားမိပုံမရ။

ထိုလူသည် မျက်နှာပေါ်သို့ဆီးနှင်းများအဆုပ်လိုက်ကျနေသည်ကို လုံးဝဂရုမစိုက်ဘဲ ပတ်ဝန်းကျင်ကိုသာ မျက်ခြည်မပြတ် အကဲခတ်လေ့လာလျက်ရှိသည်။ သူသည် ထိုနေရာတွင် ရပ်နေသည်မှာ မိနစ်နှစ်ဆယ်ခန့်ပင် ကြာသွားပြီ။ သူ့ခြေထောက်တွေလည်း အအေးဒဏ်ကြောင့် သွေးခဲမတတ် ထုံကျဉ်၍ပင် နေကြပြီ။

သူသည် စိတ်မရှည်စွာဖြင့် နေရာပြောင်း၍ ရပ်လိုက်ရာ ခြေရင်းတွင်ချထားသော ကင်းဘတ်အိတ်ကြီးကို ခြေဖျားနှင့် အမှတ်မထင် သွားတိုက်မိသည်။ တစ်ချိန်တည်းတွင် ကုတ်အင်္ကျီအိတ်ထဲမှ ပစ္စည်းများကို လက်နှင့် စမ်းကြည့်လိုက်သည်။ အားလုံး အပြည့်အစုံရှိနေကြသည်။ သူက ခေါင်းတညိတ်ညိတ်ဖြင့် အတော်ကလေးကျေနပ်သွားသည်။

မကြာမီ မိနစ်ပိုင်းအတွင်းတွင် လပ်ဖ်တို့လင်မယား ရောက်လာကြတော့မည်။ သူက စားသောက်ဆိုင်သို့ ဖုန်းဆက်ပြီး ခြောက်နာရီတွင် အခန်းတစ်ခုစီစဉ်ထားရန် ကြိုတင်အကြောင်းကြားခဲ့သည်။ လပ်ဖ်တို့လင်မယားသည် စားသောက်ဆိုင်တွင် ညစာစားရန် စီစဉ်ထားသည်။ ညစာ စားပြီးသောအခါ "လေရှူးသုန်သုန်" ဇာတ်ကားကို သွားကြည့်ကြမည်။ ထိုဇာတ်ကားကို လမ်းတစ်ဖက်ရှိ ကာလေစကွဲယား ရုပ်ရှင်ရုံတွင် ပြသနေသည်။ ယခုအချိန်တွင် လေးနာရီပွဲ ပြနေဆဲဖြစ်သည်။ သူတို့လင်မယားသည် ခုနစ်နာရီခွဲပွဲ ကြည့်မှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖျတ်ခနဲလန့်ပြီး တစ်ကိုယ်လုံး မာတောင့်သွားသလို ထင်လိုက်ရသည်။

လမ်းထဲသို့ ကားတစ်စီးဝင်လာပြီး ကားရပ်ကွက်လပ်ထဲသို့ ချိုးဝင်လိုက်သည်။

သူက အနီးရှိ ပန်းချုံရိပ်သို့ ပြေးဝင်ကာ ပုန်းနေလိုက်သည်။

အဆိုပါကားမှာ လပ်ဖ်တို့လင်မယားစီးလာသော စတေးရှင်ဝက်ဂွန်းကား ဖြစ်သည်။

ကားသည် စားသောက်ဆိုင်ဝတွင် ရပ်သွားသည်။

သူက နေရာတွင်ရပ်ကာ မျက်တောင်မခတ် စိုက်ကြည့်နေသည်။

ပထမဆုံး မစ္စတာလပ်ဖ် ဆင်းလာသည်။

သူက သူ့မိန်းမအား ကားပေါ်မှဆင်းရာတွင် ဖေးမပေးသည်။ ထို့နောက် သူတို့နှစ်ယောက် စားသောက်ဆိုင်တံခါးဘက်သို့ လျှောက်သွားကြသည်။

သူက လပ်ဖ်တို့လင်မယား ဆိုင်ထဲဝင်သွားသည်အထိ ရပ်ကြည့်နေသည်။

ပြီးတော့မှ မြေကြီးပေါ် ချထားသော ကင်းဘတ်အိတ်ကြီးကို ကုန်းကောက်လိုက်သည်။ သူသည် ပန်းခြံရိပ်ကို အကာအကွယ်ပြုပြီး ကားရပ်ကွက်လပ်သို့ ခြေလှမ်းသွက်သွက်ဖြင့် ပတ်လျှောက်လာခဲ့သည်။

ထို့နောက် လမ်းကိုဖြတ်ကူးကာ ရုပ်ရှင်ရုံနောက်ဘက်သို့ သုတ်ခြေတင်ခဲ့သည်။

ရုပ်ရှင်ရုံနောက်ဘက်ရှိ ကားရပ်ကွက်လပ်တွင် ကားမျိုးစုံ (၅၀)ခန့် ရပ်ထားသည်။ သူသည် လက်ယာဘက်အစွန်တွင် ရပ်ထားသော အညိုရင့်ရောင် ချက်ဗလက်ကားဆီသို့ လျှောက်လာခဲ့သည်။

ကားတံခါးကို လွယ်လွယ်ကူကူပင်ဖွင့်၍ရသွားသည်။ ကားထဲသို့ဝင်ထိုင်လိုက်သည်။ သော့တပ်ပြီး ကားကိုစက်နှိုးလိုက်သည်။ စက်သံက ညင်ညင်သာသာကလေး ပေါ်ထွက်လာသည်။ သူက ကျေနပ်စွာဖြင့် တစ်ချက်ပြုံးလိုက်ပြီး ပတ်ဝန်းကျင်ကို မျက်လုံးကစားကြည့်လိုက်သည်။ လူသူလေးပါး တစ်ယောက်မျှ မတွေ့ရ။

ထို့နောက် ကားရှေ့မီးကို မဖွင့်ဘဲ ဖြည်းဖြည်းကလေး ဘီးလှိမ့်မောင်းထွက်လာခဲ့သည်။ လမ်းမပေါ်ရောက်တော့မှ ကားမီးကို ဖွင့်လိုက်သည်။

နောက် လေးမိနစ်ခန့်ကြာသောအခါ ဒရစ်ဖ်ဝုဒ်လမ်းသွယ်ထဲမှ ပက်တာဆင်၏ အိမ်ရှေ့တွင် ကားကို ထိုးရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၃

ထုံးစံအတိုင်းဆိုလျှင် နယူးယောက်မြို့ မင်ဟတ်တန်နယ်မြေမှ ကွန်နက်တီကပ်ပြည်နယ်၊ ကာလေမြို့သို့ ကားဖြင့်သွားလျှင် တစ်နာရီလျော့လျော့ကလေးအတွင်း ရောက်သည်။ သို့သော် ယနေ့တွင်မူ ရာသီဥတု ဆိုးရွားမှုကြောင့် ကားတွေပိတ်ကျပ်နေသဖြင့် ရှုရွန်မာတင်သည် ပက်တာဆင်တို့အိမ်သို့ တစ်နာရီနှင့် မိနစ် (၂၀)ခန့်အကြာတွင်မှ ရောက်ရှိသည်။

ရှုရွန်ကတော့ ယခုလို နောက်ကျမှ ရောက်လာသည်ကို လုံးဝ အမှုမထားမိ။

သူမသည် ပက်တာဆင်အား ပြန်ပြောရမည့် စကားကိုသာ တစ်လမ်းလုံး အကြိမ်ကြိမ်ပြောစမ်းလာခဲ့သည်။

"ကျွန်မတို့နှစ်ယောက် အိမ်ထောင်ပြုဖို့ မဖြစ်နိုင်ဘူးထင်တယ် စတီးဖ်ရယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်နဲ့ကျွန်မနဲ့က အတွေးအခေါ် ချင်း မတူကြဘူး မဟုတ်လား၊ ပြီးတော့ ရှင့်သားကလေး နီးလ်ကလဲ ကျွန်မအပေါ်မှာ ဘယ်လိုမှ ခင်မင်မှုပြနိုင်မယ်မထင်ပါဘူး၊ အဲဒီတော့ ကျွန်မတို့နှစ်ယောက် ဤဘဝဤမျှသာလို့ သဘောထားပြီး နောက်ထပ် တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ် မလုပ်ကြတော့ဘဲ သည်တွင်ပဲ ရပ်တန်းက ရပ်လိုက်ကြတာ အကောင်းဆုံးဖြစ်လိမ့်မယ် ထင်ပါတယ်"

ပက်တာဆင်၏အိမ်မှာ ရှေးပုံစံ အိမ်ဟောင်းကြီးဖြစ်သည်။

နံရံများကို အဖြူရောင်သုတ်ထားပြီး ပြတင်းပေါက်တရုတ်ကတ်များကိုတော့ အနက်ရောင်သုတ်ထားသည်။ ဆင်ဝင်မီးလုံးကလည်း လင်းလွန်းလှသည်။

ခြံစည်းရိုးပန်းခြံများက ပြုပြင်မှုမရှိ၍ ရှည်သင့်သည်ထက် ပိုရှည်နေကြပြီ။

သည်အိမ်ကြီးကို မြင်လိုက်ရတော့ ရှုရွန်က နှာခေါင်းရှုံ့မိသည်။

သည်ပုံစံ သည်အရောင်မျိုးကို သူမက လုံးဝမကြိုက်။

ပက်တာဆင်နှင့် နီနာတို့သည် နီနာမသေဆုံးမီ သုံးလေးလလောက်ကမှ သည်အိမ်ကိုဝယ်ပြီး နေထိုင်ခဲ့ကြသည်။ ထိုအချိန်မှစပြီး အိမ်ကြီးကို ဘာမှပြုပြင်မွမ်းမံမှု မလုပ်ရသေး။

ရှုရွန်သည် ကားကို ဆင်ဝင်လှေကားရင်းတွင် ထိုးရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် မစွက်လပ်ဖ်၏ ဟောင်ဖွာဟောင်ဖွာ ဆီးကြိုနှုတ်ဆက်မှုနှင့် နီးလ်၏ အေးစက်စက် မျက်နှာထားတို့ကို ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်သည်။

"ဒါပေမယ့် ကိစ္စတော့မရှိပါဘူး၊ သည်အကြိမ်ဟာ နောက်ဆုံးအကြိမ်ပဲ ဖြစ်မှာပါ"

သည်အတွေးကြောင့် သူမရင်ထဲ တစ်မျိုးကြီး ခံစားလိုက်ရမိသည်။

မစွက်လပ်ဖ်က ရှုရွန်အလာကို တမင်စောင့်မျှော်နေပုံရသည်။

ရှုရွန်က ကားပေါ်မှ ဆင်းလိုက်လျှင်ပင် အိမ်ရှေ့တံခါးက ချက်ချင်းပွင့်လာသည်။

"အောင်မယ်လေး. . . မျှော်လိုက်ရတာတူမကြီးရယ်၊ အန်တီက လာမှလာပါဦး မလားလို့၊ လာ. . . လာ၊ အန်တီဖြင့် ဝမ်းသာလိုက်တာကွယ်"

မစွက်လပ်ဖ်၏ ပုအိုင့်အိုင့်ကိုယ်လုံးကြီးက တံခါးဝတွင် ပြည့်နေသည်။

ခန္ဓာကိုယ်ကြီးသလောက် မျက်ပေါက်ကတော့ အလွန်ကျဉ်းသည်။

စပ်စုတတ်သည့် မျက်လုံးမျိုး။ အဘွားကြီးက အနီရောင် အပေါ်ရုံကုတ်အင်္ကျီကြီးကို လေးလေးလံလံဝတ်ထားသည်။

"နေကောင်းတယ်နော်. . . အန်တီ"

ရှုရွန်က အိမ်ထဲဝင်ရင်း နှုတ်ဆက်လိုက်သည်။

"ကောင်းပါတယ်ကွယ်. . . ကောင်းပါတယ်၊ တူမကြီးလာတာ သိပ်ကောင်းတာပဲ၊ ဒါနဲ့ ပေးစမ်းပါ၊ အဲဒီအပေါ်က ဆွယ်တာကြီး ချွတ်လိုက်ပါဦး၊ အန်တီက ဒီဆွယ်တာမျိုး သိပ်ကြိုက်တာ၊ ဒါကလေး ပခုံးပေါ်လွှမ်းလိုက်မှ ပိုပြီး မိန်းမဆန်လာတယ်၊ လှလဲပိုလှလာတယ်မဟုတ်ဘူးလား၊ အန်တီပြောတာ. . ."

ရှုရွန်က အပြုံးဖြင့် တုံ့ပြန်လိုက်ပြီး သူမ၏လက်ဆွဲအိတ်ကို ဝရန်တာပေါ် ချထားလိုက်သည်။ ပြီးတော့ လက်အိတ်ကို ချွတ်ရင်း. . .

"ဟုတ်ပါတယ်. . . အန်တီပြောတာ ဟုတ်မှာပါ၊ ကျွန်မတော့ သတိမထားမိလို့ မပြောတတ်ပါဘူး"

သူမက ဧည့်ခန်းဘက်ကို လှမ်းကြည့်လိုက်သည်။

"အိုး. . . ဟိုမှာ. . . နီးလ်ပါလား"

နီးလ်ကလေးသည် ကော်ဇောပေါ်တွင် တင်ပျဉ်ခွေထိုင်ရင်း အလုပ်ရှုပ်နေသည်။ သူ့ဘေးပတ်ပတ်လည်တွင် မဂ္ဂဇင်းစာအုပ်တွေ ပြန့်ကျဲနေသည်။ လက်ထဲတွင်လည်း ကတ်ကြေးတစ်လက်ကိုင်ထားသည်။ ဆံပင်အရောင်က သူ့ဖအေ ဆံပင်အရောင်နှင့် တစ်ရောင်တည်း။ ဝါကြန့်ကြန့်အရောင်။ သူ့ဆံပင်တွေက နဖူးပေါ်ဝဲကျနေသည်။ လည်ပင်းကလေးက သေးသေးသွယ်သွယ်ကလေး။ တကယ့်ကို ရောဂါသည်ကလေးအတိုင်းပါပဲ။ ဖြူညိုရောင် ဖလန်နယ်ရှပ်လက်တိုကလေး ဝတ်ထားပေမယ့် သူ့ပခုံးရိုးများကိုတော့ အဝတ်ဖောက်၍ပင် မြင်နေရသည်။ မျက်နှာကလေးကလည်း သေးသေးကလေးရယ်။ သွေးရောင်ကလည်း မရှိ။ အညိုရင့်ရောင် မျက်လုံးကြီးတွေကတော့ ပြူးကျယ်ဝိုင်းစက်နေသည်။ မျက်ဝန်းတစ်ဝိုက်တွင် အနီရောင်သန်းနေတာကတော့ ငိုထားလို့ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . သားလေးနီးလ်၊ အန်တီကို နှုတ်ဆက်လိုက်လေ"

မစ္စက်လပ်ဖ်က အမိန့်ပေးလိုက်သည်။

နီးလ်က စိတ်မပါသလို တစ်ချက်မော့ကြည့်လိုက်ပြီး. . .

"ဟဲလို. . . အန်တီ"

သူ့အသံက တိုးပြီး တုန်နေသည်။ သူ့ကိုယ်ခန္ဓာကလည်း အရိုးပေါ်အရေတင်ဟု မဆိုနိုင်ရုံတမည်သာ ဖြစ်သည်။ မျက်နှာတွင်လည်း အားမာန်မရှိ။

ညှိုးလျှနွမ်းရိသော အသွင်ကိုသာ ဆောင်နေသည်။

ရှရွန်သည် ကလေးငယ်ကို ပွေ့ဖက်ကာ တယုတယ နှုတ်ဆက်လိုက်ချင်သည်။

သို့ပေမယ့် ယင်းအပြုအမူမျိုးကို ကလေးက လက်ခံမည်မဟုတ်ဆိုတာ သူမက ကြိုတင်တွက်ထားပြီးဖြစ်သည်။ မစ္စက်လပ်ဖ်က မျက်နှာကို မဲ့ရွဲ့လိုက်ပြီး. . .

"ဒီကလေး ဘယ်လိုဖြစ်နေတယ်ဆိုတာ ကျုပ်လဲ မပြောတတ်တော့ပါဘူးတော်၊ ခုနကပဲ ငိုသေးတယ်၊ ဘာဖြစ်လို့ငိုမှန်းလဲ မသိပါဘူး။ ဒီကလေးခေါင်းထဲ ဘာတွေတွေးနေတယ်ဆိုတာ ဘုရားသခင်မှပဲ သိတော်မူမယ်ထင်ပါရဲ့၊ အင်း၊ ငါ့တူမကြီးနဲ့ သူ့ဖေဖေတို့တော့ သူ့အကြိုက်လိုက်နိုင်မယ် ထင်တာပဲ"

သူမက နောက်ဘက်သို့ လှည့်ကြည့်ရင်း. . .

"ဘီလ်. . . ရှင်. . . ခုထက်ထိ ထွက်မလာသေးဘူးလား" ဟု . . .

သံကုန် လှမ်းအော်ပြောလိုက်သည်။

ရှရွန်က ရုတ်တရက် ထခုန်မိမတတ် လန့်သွားမိသည်။ ထို့နောက် ဧည့်ခန်းထဲ အပြေးကလေးလျှောက်သွားပြီး နီးလ်ရှေ့တွင် ရပ်လိုက်သည်။

"လူကလေးက ဘာတွေ ဖြတ်ညှပ်နေတာလဲကွယ့်"

"အို. . . ဒီတိရစ္ဆာန်ပုံတွေ ဖြတ်ကပ်နေတာပါ"

နီးလ်က ရှရွန်၏မျက်နှာကို မော်မကြည့်ဘဲ ပြန်ပြောသည်။

သူငိုထားတာ မြင်သွားမှာစိုးလို့ထင်ပါရဲ့ဟု ရှရွန်က တွေးလိုက်မိသည်။

"အန်တီ နည်းနည်းမောလာလို့ ရှယ်ရီတစ်ခွက်ဖျော်သောက်လိုက်ဦးမယ်၊ ပြီးတော့မှ လူလေးနဲ့အတူ လာကစားမယ်. . . နော်၊ ဒါနဲ့ လူကလေးက ဘာသောက်ဦးမှာလဲ၊ ကိုကာကိုလာ သောက်လိုက်ပါလား. . . ဟင်"

"မသောက်ချင်ဘူး"

သူက ခဏတွဲဆိုင်းနေပြီးမှ. . .

"ကျေးဇူးတင်ပါတယ်"

"ကဲ. . . တူမရေ. . . ကိုယ့်ဖာသာကိုယ်သာ ကြိုက်သလိုလုပ်တော့"

မစ္စက်လပ်ဖ်က ဝင်ပြောသည်။

"ကိုယ့်အိမ်လိုပဲ သဘောထားပေါ့ ဟုတ်လား၊ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ တူမကြီး သိပါတယ်၊ အန်တီက မစ္စတာပက်တာဆင်မှာထားတာတွေ တစ်ခုမကျန် အဆင်



www.burmeseclassic.com

www.burmeseclassic.com



သင့်ဝယ်ထားပါတယ်၊ အားလုံး ရေခဲသေတ္တာထဲမှာ အဆင်သင့်ပါပဲ၊ အန်တီတို့ အခုလို ကမန်းကတန်းကြီးဖြစ်ရတာ စိတ်မကောင်းပါဘူးကွယ်၊ အဲဒါကလဲ ရုပ်ရှင်မကြည့်ခင် ညစာ ဝင်စားလိုက်ချင်လို့ပါ၊ ကဲ. . . ဒါနဲ့. . . ဘီလ်. . . "

"ငါလာပါပြီ. . . ဒေါ်ရာရ. . . "

အဘိုးကြီးက မကျေနပ်သံဖြင့် အိမ်နောက်ဖေးမှ ပြန်အော်သည်။

သူက အိမ်နောက်ဘက်လှေကားဆီမှ လျှောက်ထွက်လာသည်။

"ငါက ပြတင်းပေါက်တွေ လိုက်ပိတ်နေတာပါကွ၊ ပြတင်းပေါက်တွေ မပိတ်ဘဲ ဒီအတိုင်းထားပစ်ခဲ့လို့ ဖြစ်မတဲ့လား။ အို. . . ဟဲလို မစ္စမာတင်လဲ ရောက်နေမှကိုး။ နေကောင်းတယ်နော်"

"ဟုတ်ကဲ့ အန်ကယ် နေကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ် အန်ကယ်"

မစ္စတာလပ်ဖ်သည် အရပ်ပုပြီး လည်ပင်းတုတ်တုတ်နှင့်ဖြစ်သည်။

သူ့အသက်က ခြောက်ဆယ်ကျော်ခန့်ရှိပြီ။

မျက်လုံးတွေက အရည်ရွှန်းရွှန်းနှင့် အပြာရောင်။

မျက်နှာက ပွတတ။

နေ့တိုင်း အရက်မပြတ်သောက်ခြင်း၏ အမှတ်လက္ခဏာဖြစ်နိုင်သည်။

"ကိုင်း. . . အဘိုးကြီး အဆင်သင့်ဖြစ်ပလား၊ အချိန်မရှိတော့ဘူး"

မစ္စက်လပ်ဖ်က အဘိုးကြီးဘက်သို့ မေးငေါ့ပြီး မေးလိုက်သည်။

"ကျုပ်က ရှင်သိတဲ့အတိုင်းပဲ၊ ထမင်းတစ်လုတ်ကို သေပြေးရှင်ပြေးစားရတာမျိုး သိပ်မုန်းတာ. . . ရှင်က ကျုပ်ကို တစ်နှစ်လုံးမှ ဒီတစ်ရက်ပဲအပြင်ခေါ်တာ၊ အဲဒါ ကျုပ်က ရှင့်နောက်က အမောတကောပြေးလိုက်ရတာမျိုးတော့ မလိုချင်ဘူး"

"ကောင်းပါပြီဗျာ ကောင်းပါပြီ၊ လာ. . . လာ၊ ကြွပါတော့ ကြွပါတော့"

အဘိုးကြီးက သက်မတစ်ချက် မသိမသာချလိုက်သည်။

ပြီးတော့ ရှုရွှန်ဘက်သို့ လှည့်လိုက်ပြီး. . .

"ကဲ. . . ခွင့်ပြုပါဦး တူမရေ ပြီးတော့မှ ပြန်တွေ့ကြတာပေါ့"

"ဟုတ်ကဲ့ အန်ကယ်၊ ရွှင်လန်းချမ်းမြေ့နိုင်ပါစေလို့ ဆုတောင်းပါတယ်"

သူမသည် ဝရန်တာဆောင်အထိ အဘိုးကြီးနောက်မှ လိုက်လာသည်။

"မင်္ဂလာနှစ်လည်နေ့မှာ ပျော်ရွှင်ပါစေ. . . အန်ကယ်"

"ဘီလ်. . . ဦးထုပ်ကလေးဘာလေး ဆောင်းဦးလေ၊ ဘာလဲ အဘိုးကြီးက စောစော သေချင်လို့လား၊ အို. . . အေး ကျေးဇူးပဲတူမကြီးရေ ကဲ. . . တူမကြီးလဲ ဆာနေရော့မယ်၊ အဲဒီမှာရှိတာသာ ရှာဖွေပြီး တစ်ခုခု စားလိုက်ပါဦး၊ အန်တီတော့ ဟိုကျမှပဲ အဝအပြစား လိုက်တော့မယ်၊ အရေးထဲ အခုလို ရေးကြီးသုတ်ပျာဖြစ်နေရတာကို အန်တီက အမုန်းဆုံးပဲ"

"ဟေး. . ဒေါ်ရာ. . . မင်းပဲ ရုပ်ရှင်ကြည့်ချင်လှပါတယ်ဆို၊ သိပ်လေရှည်မနေနဲ့၊ ရုပ်ရှင်မမီဘဲ နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီတော်. . . လာပါပြီ၊ ကျုပ်က အစောကြီးကတည်းက အဆင်သင့်ဖြစ်ပြီးသားပါ၊ ကဲ. . . တူမကြီးနဲ့ လူလေးတို့နှစ်ယောက် အေးအေးဆေးဆေး နေရစ်ကြ၊ နီးလ်. . . သားလေးရဲ့ ပညာရည်ပြ ကတ်ကို အန်တီကို ပြလိုက်ပါဦး၊ သူက သိပ်တော်တာ တူမရဲ့ ဟုတ်တယ်နော်၊ သား. . ဆာရင် အန်တီနဲ့ တစ်ခုခုစားလိုက်ပါဦး။ ညနေတုန်းက အမယ်စုံချကျွေးတာလဲ လက်ဖျားနဲ့ တို့ရုံကလေးပဲ၊ အစာစားမှ သားလေးက ဝပြီး ကျန်းမာလာမှာသားရဲ့၊ ကဲ. . . လာပါပြီ ဘီလ် လာပါပြီ"

သူတို့လင်မယား ထွက်သွားကြသည်။ ရှရွန်က တံခါးပြန်ပိတ်ရန် ဝရန်တာသို့ ထွက်လိုက်လာသည်။ အပြင်မှာ လေစိမ်းတဟူးဟူးဝင်လာသဖြင့် တစ်ကိုယ်လုံး အေးစိမ့်သွားသည်။

သူမသည် မီးဖိုခန်းသို့ပြန်လာပြီး ရေခဲသေတ္တာကို ဖွင့်သည်။ ဘရစ်စတို ကရင်းရှယ်ရီ ပုလင်းကိုယူသည်။ ပြီးတော့ နို့ဘူးကို ယူသည်။ နီးလ်က သူ ဘာမှမစားချင်ဘူးဟု ပြောသည်။ သို့ပေမယ့် ကိုကာကိုလာ ပူပူကလေးတစ်ခွက်တော့ တိုက်ကြည့်ဦးမည်။

နို့အိုးကို ခွင်ပေါ်နွေးထားတုန်း. . သူမက ရှယ်ရီနှစ်အရည်ကို ဖြည်းဖြည်းချင်း စုပ်သောက်နေသည်။

မီးဖိုခန်းကို မျက်လုံးကစားကြည့်လိုက်သည်။ မစ္စက်လပ်ဖ်က အကောင်းဆုံး ပြုပြင်ထားတာဖြစ်မည်။ သို့သော် အဘွားကြီးသည် ကျွမ်းကျင်သော အိမ်ဖော်ကောင်း တစ်ယောက် မဟုတ်တာတော့ သေချာသည်။ တစ်ခန်းလုံး ဘာတစ်ခုမျှ စနစ်တကျမရှိ။ သေသပ်သန့်ရှင်းမှု မရှိ။ ပန်းကန်စင်နှင့် စားပွဲပေါ်တွင် ထွေရာကမာတွေနှင့် ရှုပ်ပွနေသည်။ မီးဖိုကလည်း ညစ်ပေနေသည်။ ခြုံ၍ကြည့်လျှင် တစ်အိမ်လုံး ပြုပြင်မှုလိုနေသည်မှာ ထင်ရှားသည်။

ငါ့သဘောအတိုင်းသာ လုပ်ရရင်တော့ အကုန်လုံး အသစ်ပြန်ပြီး ပြုပြင်ပစ်လိုက်မှာပဲ။ အိမ်ရှေ့က ရှုခင်းတွေ ကွယ်ထားတဲ့ သစ်ပင်တွေကိုလည်း အားလုံး ဖြတ်ပစ်လိုက်မယ်။ ခြံစည်းရိုးအသစ် ပြန်ကာမယ်။ မျက်နှာကြက်အသစ် တပ်မယ်။ ဆေးရောင်အသစ် ပြန်သုတ်မယ်။ မီးဖိုခန်းကို ကျကျနနပြန်ပြီး မွမ်းမံမယ်။

ရုတ်တရက် သူမကိုယ်သူမ သတိပြန်ရမိသည်။

အို. . . ငါနဲ့မဆိုင်ပါဘူး။ ငါ့အပူမှ မဟုတ်တာ။

ယနေ့သည် ပက်တာဆင်နှင့် နောက်ဆုံးအကြိမ် တွေ့ဆုံခြင်းပဲဖြစ်ရမည်ဟု ဆုံးဖြတ်ထားခဲ့ပြီ မဟုတ်ပါလား။ နောင်ဆိုလျှင် သူမသည် ပက်တာဆင်နှင့် ဘယ်လိုမှ ပတ်သက်ရန် အကြောင်းမရှိတော့။ သည်အတွေး ဝင်လာပြန်တော့လည်း သူမရင်ထဲတွင် တစ်မျိုးကြီး ခံစားရပြန်သည်။

နှစ်ယောက်သား ချစ်လျက်နှင့် မတတ်သာ၍ ခပ်ခွာခွာနေသွားကြရတော့မည်ဟူသောအတွေးက သူမ၏နှလုံးသားကို နာကျင်စေသည်။ မိမိချစ်ခင်သော လူတစ်ယောက်ကို စွန့်လွှတ်ရသူတိုင်း သည်လိုပင် ခံစားကြရမည်ထင်ပါရဲ့ဟု တွေးမိသည်။ သည်အတွေးက သူမအား မစ္စက်သွမ်မဆင်ကို သတိရစေသည်။ သန်ဘက်ခါဆိုလျှင် မစ္စက်သွမ်မဆင်အနေဖြင့် သူမ၏တစ်ဦးတည်းသော သားငယ်ကို ရာသက်ပန်ခွဲခွာစွန့်လွှတ်ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏သားငယ်သည် လျှပ်စစ်ကုလားထိုင်ဖြင့် သေဒဏ်ပေးခံရပေတော့မည်။

ရှရွန်သည် မစ္စက်သွမ်မဆင်၏ ဖုန်းနံပါတ်ကို မှတ်မိသည်။ ရိုနယ်သွမ်မဆင် အပြစ်လွတ်ရေးအတွက် ဆောင်ရွက်ခဲ့စဉ်က သူမသည် မစ္စက်သွမ်မဆင်နှင့် သွားရောက်တွေ့ဆုံခဲ့ဖူးသည်။ တယ်လီဖုန်းဖြင့်လည်း အကြိမ်ကြိမ် ဆက်သွယ်စကားပြောခဲ့ဖူးသည်။

သူ့ခမျာ သနားစရာပါပဲ။

ရှရွန်က သူမ၏သားငယ် အပြစ်ချမ်းသာရေးအတွက် ကြိုးပမ်းနေကြောင်း သိရတော့ အလွန့်အလွန် ဝမ်းသာနေခဲ့သည်။ မျှော်လင့်ချက်လည်း ရှိနေခဲ့သည်။ သို့ပေမယ့် ရိုနယ်သွမ်မဆင်သည် အမှန်တကယ် ပြစ်မှုကျူးလွန်သူဖြစ်ကြောင်း ရှရွန်က ထုတ်ဖော်ပြောလိုက်သော အခါမှာတော့ သူမအနေဖြင့် အကြီးအကျယ် စိတ်ပျက်သွားခဲ့ရသည်။

မိခင်တိုင်း သည်လိုပဲနေမှာပါပဲ။ ကိုယ့်သားကလေးကို လူသတ်သမားလို့တော့ ဘယ်တော့မှ ထင်နိုင်ကြမှာ မဟုတ်ပါဘူး။

အခုအချိန်ဆိုရင် မစ္စက်သွမ်မဆင် အိမ်မှာရှိနိုင်သည်။သူ့ဆီ ဖုန်းဆက်ကြည့်ဦးမှပဲ။

တစ်နည်းနည်းနဲ့တော့ နှစ်သိမ့်စကား ပြောနိုင်ပါလိမ့်မယ်။

သူ့အတွက် အကျိုးမယုတ်နိုင်ပါဘူး။

ရှရွန်က မီးဖိုမှ မီးကို လျှော့ချလိုက်ပြီး တယ်လီဖုန်းရှိရာသို့ လျှောက်လာခဲ့သည်။

ချက်ချင်းပင် တစ်ဖက်မှ ဖုန်းကို ကောက်ကိုင်သည်။

မစ္စက်သွမ်မဆင်၏အသံက ထူးထူးခြားခြား တည်ငြိမ်နေသည်။

"ဟဲလို"

"မစ္စက်သွမ်မဆင်ပါလား၊ ကျွန်မ ရှရွန်မာတင်ပါ၊ ဖြစ်ခဲ့သမျှအားလုံးအတွက် ကျွန်မ စိတ်မကောင်းပါဘူး၊ ကျွန်မဘက်က မှားတာရှိရင် ခွင့်လွှတ်စေချင်ပါတယ်၊ ကျွန်မတတ်နိုင် တာရှိရင်လဲ ကူညီဖို့ အဆင်သင့်ပါပဲ"

"မလိုတော့ပါဘူး၊ ညည်းအကူအညီ ရခဲ့ပြီးပြီပဲ"

မစ္စက်သွမ်မဆင်၏အသံတွင် နာကြည်းသံပါနေသည်။

"ဗုဒ္ဓဟူးနေ့မှာ ကျုပ်သားကလေး သေဆုံးခဲ့ရင် ညည်းတာဝန် မကင်းဘူးဆိုတာပဲ ပြောချင်တယ်၊ မဆိုင်ရင် ဝင်မစွက်ပါနဲ့၊ ဒါပဲ"

"အို. . . မစ္စက်သွမ်မဆင်၊ ကျွန်မလဲ ဘာမှမသိရပါလား၊ ဘာကို ဆိုလိုတာပါလိမ့်"

"ကျုပ်ဆိုလိုတာက ညည်းက. . . ညည်းပင်တိုင်ဆောင်းပါးထဲမှာ ကျုပ်သားကလေး အနေနဲ့ ပြစ်မှုကျူးလွန်တယ်ဆိုတာ သံသယဖြစ်စရာမလိုကြောင်း၊ ဒါပေမယ့် အဲဒီအချက်ဟာ အဓိကမကျကြောင်းဆိုတာကို ထပ်တလဲလဲရေးခဲ့တာ ညည်းဟာညည်း မမှတ်မိတော့ဘူးလား၊ တကယ်ဆိုရင် အဲဒီအချက်ဟာ အဓိကအကျဆုံးပဲ၊ ကျုပ်သားကလေးဟာ လူကောင်းကလေး ဆိုတာ လူတိုင်းသိပါတယ်၊ အဲဒီလို သိတဲ့လူတွေကပဲ သူ့လွတ်မြောက်ရေးအတွက် လိုက်ပြီး ကြိုးစားနေကြတာပဲ၊ ဒါပေမယ့် ညည်းက အတတ်ဆန်းပြီး ပြည်နယ်အုပ်ချုပ်ရေးမှူးကိုသွားပြီး အမိန့်ပေးလိုက်တော့ အခြေအနေက ဆိုးသထက်ဆိုးကုန်တာပေါ့. . .



www.burmeseclassic.com

www.burmeseclassic.com



. . . ဒါပေမယ့် ကျုပ်တို့က လက်မလျှော့သေးပါဘူး၊ ဘုရားသခင်ဟာ အမှန်တရားဘက်က ရပ်တော်မူမှာပါ။ ဒါပေမယ့် တကယ်လို့သာ ကွဲလွဲစေ ဖယ်စေ မဆိုစကောင်း ဆိုစကောင်း ကျုပ်သားကလေး ရေတိမ်နစ်သွားခဲ့ရင်တော့ အဲဒါ ညည်းစနက်ပဲလို့ ယူဆရမှာပဲ"

တစ်ဖက်မှ ဖုန်းပြန်ချသွားသည်။

ရှုရွန်က ဖုန်းကို လက်ထဲတွင်ကိုင်ကာ ကြောင်ကြောင်ကြီး ရပ်နေမိသည်။

မစ္စက်သွမ်မဆင် ပြောသွားတာတွေဟာ တကယ်ပဲလား။

တကယ်ယုံကြည်လို့ ပြောသွားတာလား။

သူမသည် အသိစိတ်မရှိသူတစ်ယောက်လို တယ်လီဖုန်းကို ပြန်ချထားလိုက်သည်။

မီးဖိုပေါ်တွင် နို့အိုး ဆူပွက်နေပြီ။

သူမသည် ကြောင်အိမ်ရှေ့သို့ စက်ရုပ်ပမာ လျှောက်သွားပြီး ကွေကာအုတ်ဘူးကို လှမ်းယူလိုက်သည်။ ထို့နောက် ဇွန်းနှင့် တစ်ဇွန်းခပ်ယူပြီး မတ်ခွက်ထဲသို့ ထည့်သည်။ ပြီးတော့ နို့အိုးကို လောင်းထည့်ပြီး ဇွန်းနှင့်မွှေသည်။

ပြီးလျှင်. . . မတ်ခွက်ကိုကိုင်ကာ စိတ်လေးလေးဖြင့် ဧည့်ခန်းဘက်သို့ ပြန်လျှောက်လာသည်။ မစ္စက်သွမ်မဆင်၏ စကားများက သူမ၏နားထဲတွင် ပဲ့တင်ထပ်နေဆဲ။

ထိုအခိုက် အိမ်ရှေ့မှ လူခေါ်ဘဲလ်မြည်သံ ပေါ်ထွက်လာသည်။

နီးလ်က ထိုင်ရာမှထကာ ဧည့်ခန်းထဲမှ ကမန်းကတန်း ပြေးထွက်သွားသည်။

"ဖေဖေပြန်လာပြီ"

သူ့အသံက အားမာန်အပြည့်။

"ကြော်. . သူကလေးက ငါနဲ့နေရတာ မပျော်ဘူးထင်ပါရဲ့" ဟု . . .

ရှုရွန်က တွေးလိုက် မိသည်။

အိမ်ရှေ့မှ သံတံခါးဖွင့်သံ ကြားလိုက်ရသည်။

"ဟေး. . . နီးလ်. . . ခဏ ခဏ၊ ဘယ်သူလဲဆိုတာ မေးကြည့်ပါဦး၊ ဖေဖေ့ဆီမှာ သော့တူပါသွားတယ်မဟုတ်လား"

သူမသည် ကိုကာကိုလာခွက်နှင့် ရှယ်ရီခွက်ကို မီးလင်းဖိုဘေးမှ စားပွဲပေါ်တွင် ကမန်းကတန်းတင်ထားခဲ့ပြီး အိမ်ရှေ့ခန်းသို့ အပြေးကလေး ထွက်လာသည်။

နီးလ်က သူမ၏စကားကို နားထောင်သည်။ သူက တံခါးလက်ကိုင်ဘုကို လက်တစ်ဖက်ဖြင့်ကိုင်ထားပြီး အပြင်သို့ လှမ်းမေးလိုက်သည်။

"ဘယ်သူလဲ"

"မစ္စတာလင်ဖ် ရှိသလား"

အပြင်မှ လူစိမ်းက ပြန်ပြောသည်။

"သူနဲ့ ချိန်းထားလို့ပါ၊ သူက မစ္စတာပက်တာဆင်ရဲ့ မော်တော်ဘုတ်အတွက် ဂျင်နရယ်တာတစ်လုံး လိုချင်တယ်ဆိုလို့ အဲဒါ အခုယူလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်, ဟုတ်တယ် ဟုတ်တယ်"

နီးလ်က ရှုရွန်ဘက်သို့ လှည့်၍ပြောသည်။

"မစ္စတာလပ်ဖ်က အဲဒါမျှော်နေတာ"

သူက တံခါးလက်ကိုင်ဘုကို လှည့်ပြီး တအားဆွဲဖွင့်လိုက်ရာ အားလွန်ပြီး သူ့ကိုယ်နှင့်တံခါးဘေးနံရံတိုက်ကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

လူစိမ်းက ဝရန်တာခန်းထဲသို့ လျင်မြန်စွာ လှမ်းဝင်လိုက်ပြီး သူ့နောက်ဘက်မှ တံခါးရွက်ကို ဆတ်ခနဲ ပြန်ပိတ်လိုက်သည်။ ရှုရွန်က ကလေးဆီသို့ အပြေးသွားပြီး လက်တစ်ဖက်ကို ဆွဲကိုင်လိုက်သည်။ ပြီးတော့ သူမက လူစိမ်း၏မျက်နှာကို မော့်ကြည့်လိုက်သည်။

ဤတွင် လျှပ်တစ်ပြက်အတွင်း သူမသည် ထူးဆန်းသော အရာနှစ်ခုကို စိုးရိမ်တကြီး လှမ်းမြင်လိုက်ရတော့သည်။ တစ်ခုက ထူးထူးခြားခြား အရောင်တောက်နေသော လူစိမ်း၏ မျက်လုံးများ။ နောက်တစ်ခုက သူမ၏နဖူးတည့်တည့်ကို ချိန်ထားသော သူစိမ်း၏လက်ထဲမှ ပြောင်းရှည်ပစ္စတိုသေနတ်ကလေး. . . ။

www.burmeseclassic.com

www.burmeseclassic.com

# ၈

သတင်းစုံ သတင်းမဂ္ဂဇင်းတိုက်တွင် ပြုလုပ်သော အစည်းအဝေးသည် ည (၇)နာရီ (၁၀)မိနစ်တွင်မှ ပြီးဆုံးသွားသည်။ အစည်းအဝေးတွင် အဓိကဆွေးနွေးသော အကြောင်းအရာမှာ ရက်ပိုင်းအတွင်းကမှ ထုတ်ပြန်ခဲ့သော **"နယ်လဆင်အစီရင်ခံစာ"** ကိစ္စဖြစ်သည်။ ယင်းအစီရင်ခံစာအရ လေ့လာသိရှိရသည်မှာ အသက် (၂၅)နှစ်မှ (၄၀)အတွင်းရှိ တက္ကသိုလ်ဘွဲ့ရ သုံးယောက်အနက် နှစ်ယောက်သည် သတင်းစုံ မဂ္ဂဇင်း၊ တိုင်း မဂ္ဂဇင်းနှင့် နယူးစ်ဝိခ် မဂ္ဂဇင်းများကို တစ်ခုမဟုတ်တစ်ခု အမြဲတမ်း ဝယ်ယူဖတ်ရှုကြသည်ဟု ဆိုသည်။

ထို့ပြင် ဝယ်ယူဖတ်ရှုနှုန်းမှာလည်း လွန်ခဲ့သော နှစ်ကထက် (၁၅)ရာခိုင်နှုန်း ပို၍ တိုးတက်လာပြီးလျှင် စီးပွားရေးကြော်ငြာနှုန်းကလည်း တစ်နေ့ထက်တစ်နေ့ တိုးတက်လာသည်ဟု အစီရင်ခံစာက ဆိုသည်။

အစည်းအဝေးအပြီးတွင် သတင်းစုံ မဂ္ဂဇင်းတိုက်ပိုင်ရှင် ထုတ်ဝေသူ ဘရက်ဒလေရောဘတ်ဆင်က နိဂုံးချုပ်မိန့်ခွန်းပြောသည်။

"စောစောက တင်ပြခဲ့တဲ့စာရင်းဇယားတွေအရ ကျုပ်တို့မဂ္ဂဇင်းကို လူကြိုက်များလာတာဟာ ကျုပ်တို့အားလုံးအတွက် ဂုဏ်ယူစရာအချက်ပါပဲ၊ ကျုပ်တို့အားလုံး ဒီမဂ္ဂဇင်းအောင်မြင်ရေးအတွက် သုံးနှစ်တိုင်တိုင် မနားမနေ အားသွန်ကြိုးပမ်းလာခဲ့ကြတယ်၊ အခုဆိုရင် ကြိုးပမ်းမှုအသီးအပွင့်ကို ကျုပ်တို့ ထိုက်ထိုက်တန်တန်ခံစားကြရပြီ။

အခုခေတ်မှာ မဂ္ဂဇင်းတစ်စောင်ကို အောင်အောင်မြင်မြင်ထုတ်ဝေနိုင်ဖို့မလွယ်ပါဘူး၊ အခုလို ကျုပ်တို့မဂ္ဂဇင်း အောင်မြင်ရခြင်း အကြောင်းတွေအနက် ကျုပ်အထင်တစ်ချက်ကိုပြောရမယ်ဆိုရင် အယ်ဒီတာချုပ် စတီဖင်ပက်တာဆင်ရဲ့ တီထွင်ဆန်းသစ်မှုကြောင့်ပဲလို့ အလေးအနက်ပြောချင်ပါတယ်"

အစည်းအဝေးပြီးသွားတော့ စတီးဖ်သည် ထုတ်ဝေသူနှင့် ရှေးချင်းယှဉ်ပြီး ဓာတ်လှေကားသို့ လျှောက်လာခဲ့သည်။

"ကျေးဇူးတင်ပါတယ် ဘရက်"



www.burmeseclassic.com

www.burmeseclassic.com



စတီးဖ်က ထုတ်ဝေသူကို ပြောလိုက်သည်။

"ကျွန်တော့်အပေါ်မှာ အခုလို စေတနာထားတာကို ကျွန်တော့်အနေနဲ့ အလေးအနက်ပြုပါတယ်"

အဘိုးကြီးက ပခုံးကို တစ်ချက်တွန့်လိုက်ပြီး. . .

"ကျုပ်က အမှန်ကို အမှန်အတိုင်း တင်ပြတာပါ စတီးဖ်၊ မဂ္ဂဇင်းကလဲ တဖြည်းဖြည်းလဲ အောင်မြင်လာတာပဲ မဟုတ်လား၊ ဒီအတိုင်းဆိုရင် ကျုပ်တို့အမှုထမ်းတွေအားလုံး လစာငွေ တိုးလာမှာ ကျိန်းသေပဲ၊ ဒီအချိန်ဟာ ကျုပ်တို့အတွက် အချိန်ကောင်းပဲ၊ ကြိုးစားပါ မောင်ရာ၊ ဆတက်ထမ်းပိုးကြိုးစားပါ၊ အကျိုးရှိရစေပါ့မယ်၊ အခုလိုဖြစ်လာအောင် မောင့်အနေနဲ့ အများကြီးပင်ပန်းခဲ့ရတယ်ဆိုတာ ကျုပ်မသိမဟုတ်ပါဘူး"

စတီးဖ်က ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဘရက်"

ဓာတ်လှေကားတံခါး ပွင့်လာသည်။

"ဂွတ်နိုက် ဘရက်၊ ကျွန်တော် မြန်မြန်ပြန်လိုက်ဦးမယ်၊ ခုနစ်နာရီခွဲ ရထားမီမှဖြစ်မှာ"

"ဒါနဲ့ ခဏနေစမ်းပါဦး၊ တစ်ခုမေးစရာရှိလို့၊ ဒီနေ့မနက် ရုပ်မြင်သံကြား **'ယနေ့သတင်းစဉ်'** မှာ မောင်ရင့်ဆွေးနွေးခန်း ကျုပ် ကြည့်လိုက်ရတယ်"

"ဩော်. . . ဟုတ်ကဲ့"

"မောင်ရင် တော်တော်ကောင်းပါတယ်၊ ရှုရှန်လဲ မဆိုးဘူး၊ ကျုပ်ကိုယ်ပိုင် အယူအဆကိုပြောရရင် ကျုပ်က မောင်ရင့်ထက် သူ့ကိုတောင်ပိုပြီးထောက်ခံချင်သေးတယ်"

"ဟုတ်ပါတယ် သူ့ဘက်က ထောက်ခံသူတွေ မနည်းပါဘူး"

"သူ့ကို ကျုပ်သဘောကျတယ်၊ တော်တော် တော်တဲ့မိန်းကလေးပဲ၊ ရုပ်ရည်ကလဲ မဆိုးဘူး၊ တော်တယ် တော်တယ် တကယ့်ကို တော်ပါပေတယ်"

"ဟုတ်ပါတယ်"

"ဒါနဲ့ ကိုယ့်ကိစ္စမဟုတ်ပေမယ့် စကားစပ်မိလို့ ပြောရဦးမယ်၊ စေတနာရှိလို့ ပြောတာပါ၊ မောင်ရင်တို့နှစ်ယောက် တွဲလာတာ အတော်ကြာပြီမဟုတ်လား၊ စိတ်ကူးမလွဲပါနဲ့ စတီးဖ်၊ ဒီကလေးမဟာ တကယ်တော်တာ၊ မောင်ရင့်အတွက် တကယ်အထောက်အကူရမယ့် အိမ်ထောင်ရှင်မကောင်းတစ်ယောက် ဖြစ်နိုင်တယ်၊ ပြီးတော့ မောင်ရင့်သားကလေးအတွက်လဲ အကျိုးရှိမှာ၊ အဲဒီတော့ အချိန်ဆွဲမနေပါနဲ့၊ ဖြစ်နိုင်ရင် မြန်မြန်သာ ယူလိုက်ပါတော့"

"ထင်သလောက် မလွယ်ပါဘူး ဘရက်၊ ကျွန်တော်က ပိုက်ဆံလဲမရှိဘူး၊ ပြီးတော့ ကလေးအဖေ မုဆိုးဖိုဆိုတော့. . ."

"အိုး. . အဲဒါတွေထည့်မတွက်ပါနဲ့၊ ပိုက်ဆံဆိုတာ ရှာရင် ရနိုင်ပါတယ်၊ ကဲ. . လာ၊ ကျုပ်ကားနဲ့လိုက်ခဲ့၊ မောင်ရင့်ကို ဘူတာကြီးအထိ ပို့ပေးမယ်"

"ကျေးဇူးပါပဲ၊ ရှုရှန်က ကျွန်တော့်ကို အိမ်ကစောင့်လို့ရှိမှာပဲ၊ ခုနစ်နာရီခွဲရထား လွတ်လို့မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘရက်ဒလေ၏ ဇိမ်ခံကားကြီးကို တံခါးဝတွင် အသင့်ရပ်ထားသည်။

ဒရိုင်ဘာက သူတို့နှစ်ယောက်အတွက် တံခါးဖွင့်ပေးပြီး ချက်ချင်း မောင်းထွက်လာခဲ့သည်။ စတီဖင်ပက်တာဆင်သည် ကိုယ်ကို ဆိုဖာနောက်တွင်မှီချလိုက်ပြီး မသိမသာ သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။

အဘိုးကြီးက သူ့ဘက်လှည့်ကြည့်ပြီး ပြောသည်။

"မောင်ရင့်ကြည့်ရတာ တော်တော် စိတ်မောလူမော ဖြစ်နေသလိုပဲ၊ သွမ်မဆင်အမှုကြောင့် အတော်ကလေး ပင်ပန်းသွားတာဖြစ်မယ်"

စတီးဖ်က ပခုံးကို တွန့်လိုက်သည်။

"ဟုတ်တော့လဲ ဟုတ်ပါတယ်၊ ဒီကိစ္စက ကျွန်တော့်ကို အတိတ်က ဖြစ်ရပ်တွေအားလုံး သတိပြန်ရအောင် ဆွပေးသလို ဖြစ်ခဲ့ရတယ်၊ ကွန်နက်တီကပ်ပြည်နယ်တစ်ဝန်းက စာနယ်ဇင်းတွေအားလုံးကလဲ နီနာသေဆုံးမှုကိုပဲ အကျယ်တဝင့်အသားပေး ဖော်ပြနေကြတယ်၊ ကျောင်းတိုင်းကျောင်းတိုင်းမှာ ကလေးတွေကလဲ ဒီအကြောင်းကိုပဲ ပြောနေကြတယ်၊ ဒါတွေကို နီးလ်အနေနဲ့ မကြားချင်အဆုံး ဖြစ်နေရတယ်၊ အဲဒါကို ကျွန်တော်က စိုးရိမ်ဆုံးပဲ၊ ပြီးတော့ ကျွန်တော်က သွမ်မဆင်ရဲ့မိခင်အတွက်လဲ ကိုယ်ချင်းစာပြီး စိတ်မကောင်း ဖြစ်မိတယ်၊ အင်း. . . သူ့အတွက်တော့ ပိုဆိုးတော့တာပေါ့"

"ဒီလိုဆိုရင် မောင်ရင်က နီးလ်ကို တစ်နေရာခေါ်သွားလိုက်ပါလား၊ ဒီကိစ္စတွေအားလုံးငြိမ်းသွားတော့မှ ပြန်ခေါ်လာတာပေါ့"

စတီးဖ်ခေါင်းထဲ အတွေးဝင်သွားသည်။

"ဟုတ်ပါတယ် ဒီအကြံမဆိုးပါဘူး၊ အခြေအနေအရ အကောင်းဆုံးပါပဲ"

သူတို့ကားသည် ဘူတာကြီးသို့အဝင် ဗန်ဒါဘစ်လ် အဲဗင်းနယူးလမ်းကို ချိုးလိုက်သည်။ ဘရက်ဒလေက ခေါင်းကို အသာအယာခါယမ်းလိုက်ပြီးနောက်. . .

"စတီးဖ်. . . မောင်ရင်က ငယ်သေးတော့ မှတ်မိဦးမှာမဟုတ်ဘူး၊ တကယ်တော့ (၁၆၃၀) ပြည့်လွန်နှစ်များအတွင်းမှာဆိုရင် ဂရင်းဘူတာကြီးဟာ ဒီနိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအားလုံးအတွက် ပင်မရေသောက်မြစ်ကြီးပဲ၊ အင်း. . . ဘာတဲ့ ဟို ရေဒီယိုသီချင်းတောင် ရှိသေးတယ်မဟုတ်လား"

သူက မျက်စိမှိတ်ကာ စဉ်းစားလိုက်ပြီးနောက်. . .

*"အော်. . . ဟုတ်ပြီ. . . ဂရင်းဘူတာကြီးဆိုတာ လူသားတွေသန်းပေါင်းများစွာရဲ့ လမ်းဆုံလမ်းခွပါ"* တဲ့. . .

စတီးဖ်က ရယ်လိုက်ပြီး. . .

"ပြီးတော့ ဂျက်လေယာဉ်ခေတ်ကို ရောက်လာတာ ဆိုပါတော့"

သူက ကားတံခါးကို ဖွင့်ပေးလိုက်သည်။

"အခုလိုလိုက်ပို့တာ အများကြီး ကျေးဇူးတင်ပါတယ် ဘရက်"

စတီးဖ်သည် ရထားစကြိုလမ်းအတိုင်း ခပ်မြန်မြန်ကလေးလျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရထားဆိုက်ရန် အချိန်ငါးမိနစ် ကျန်သေးသည်။

ထို့ကြောင့် သူ (၇း၃၀)ရထားနှင့် လိုက်လာမည်ဖြစ်ကြောင်း ရှရွှန်ထံ ဖုန်းဆက်ပြောရန် ဆုံးဖြတ်လိုက်သည်။

သူ ပခုံးကို တစ်ချက်တွန့်လိုက်သည်။

"ကိုယ့်ကိုယ်ကိုယ် ညာမနေပါနဲ့ ကိုယ့်လူရာ၊ မင်းက မင်းအိမ်ကို သူတကယ်ရောက်နေပြီလား၊ မရောက်သေးဘူးလားဆိုတာ သိချင်လို့ ဖုန်းဆက်ဖို့လုပ်တာပါ"

သူသည် တယ်လီဖုန်းခန်းထဲဝင်ကာ နံပါတ်ကို ကောက်လှည့်လိုက်သည်။

ကလင်. . . ကလင်. . .

ကလင်. . . ကလင်. . .

ကလင်. . . ကလင်. . .

တစ်ဖက်မှ ဖုန်းကိုလာမကိုင်။ တယ်လီဖုန်းအော်ပရေတာက ဖြတ်ပြောသည်။

"ရှင်ပေးတဲ့နံပါတ်အတိုင်း ကျွန်မခေါ်တာပါပဲ။ ဘယ်သူမှ ဖုန်းမကိုင်ပါလား"

"တစ်ယောက်ယောက်တော့ ရှိမှာပါ၊ ကျေးဇူးပြုပြီး ထပ်ခေါ်ကြည့်ပါဦး"

"ကောင်းပြီလေ"

တစ်ဖက်မှ ဖုန်းမြည်သံဆက်တိုက် ပေါ်ထွက်နေသည်။

ငါးကြိမ်တိတိမြည်ပြီးတော့ အော်ပရေတာအသံ ပြန်ပေါ်လာသည်။

"ဘယ်သူမှ မကိုင်ဘူးရှင့်၊ နောက်မှ ထပ်ပြီး ဆက်ကြည့်ပါဦး"

"ဖုန်းနံပါတ်က မှန်ရဲ့လားဗျ၊ ကျွန်တော့်နံပါတ်က ၂၀၃-၅၆၅-၁၃၁၃ ပါ"

"မှန်ပါတယ်ရှင်၊ ကျွန်မ အဲဒီနံပါတ်အတိုင်းပဲ ဆက်တာပါ"

စတီးဗ်သည် လက်ထဲမှ တယ်လီဖုန်းကို ကြောင်ကြောင်ကြီး ကြည့်နေမိသည်။

သူတို့ဘယ်သွားကြတာပါလိမ့်။ ရှရွှန်များ အိမ်ကိုမရောက်ဘူးလား မသိ။

လပ်ဖ်တို့လင်မယားက ကလေးကို ပယ်ရီတို့အိမ်များ ပို့ထားခဲ့တာလား။

ဒါလည်းမဖြစ်နိုင်ပါဘူး။ တကယ်လို့ ရှရွှန်မလာဖြစ်ရင် ငါ့ဆီဖုန်းဆက်ပြီး အကြောင်းကြားမှာပေါ့။ နီးလ်များ ရောဂါဖောက်နေပြန်ပြီလားမသိ။ ရောဂါဖောက်လာလို့ ဆေးရုံလိုက်ပို့နေရတာ ဖြစ်ချင်ဖြစ်မယ်။

သွမ်မဆင်ကို သေဒဏ်ပေးမယ့်အကြောင်း သူတို့ကျောင်းမှာ ပြောနေတာတွေ ကြားရရင် ကလေးက ရင်ကျပ်နာပြန်ပေါ်လာမှာသေချာတယ်။

ပြီးတော့ သူက ခုတစ်လော အိပ်မက်ဆိုးတွေလည်း ညတိုင်းမက်နေတာ။

အချိန်က (၇း၂၉) ရှိသွားပြီ။

ရထားထွက်ရန် တစ်မိနစ်သာ လိုတော့သည်။

သူ့အနေနှင့် ဆေးရုံဖြစ်ဖြစ်၊ ပယ်ရီတို့လင်မယားဆီဖြစ်ဖြစ် ဖုန်းဆက်နေလျှင် ရထားမီတော့မှာမဟုတ်။ သည်ရထားလွတ်သွားလျှင် နောက်တစ်စီးအတွက် (၄၅)မိနစ်လုံးလုံး ထိုင်စောင့်ရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ကတော့ နှင်းမုန်တိုင်းကြောင့် တယ်လီဖုန်းလိုင်းတွေ ပျက်ကုန်တာလည်း ဖြစ်နိုင်သည်။ ဒါဆိုရင် ချက်ချင်း ပြန်မပြင်နိုင်မှာ သေချာသည်။

သူက ပယ်ရီတို့အိမ်သို့ ဖုန်းဆက်ကြည့်ရန် စိတ်ကူးလိုက်သေးသည်။

နောက်မှ စိတ်တစ်မျိုးပြောင်းသွားပြီး ဖုန်းကို ပုခက်ပေါ် ပြန်တင်လိုက်သည်။

ထို့နောက် စကြီလမ်းလျှောကားထစ်များကို တစ်လှမ်းလျှင် နှစ်ထစ်ကျစီ လှမ်းကာ ရထားဆီသို့ ပြေးလာခဲ့သည်။

သူရထားပေါ် တက်မိသည့်အချိန်မှာပင် ရထားတံခါးများ ပြန်ပိတ်သွားကြသည်။

ထိုအချိန်တွင် အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်သည် တယ်လီဖုန်းရုံရှေ့မှ သုတ်သီးသုတ်ပျာနှင့် ဖြတ်လျှောက်သွားကြသည်ကို ရိပ်ခနဲ လှမ်းမြင်လိုက်ရသည်။

အမျိုးသမီးက မိုးပြာရောင်ကုတ်အင်္ကျီရှည်ကြီးကို ပိုသီပတ်သီ ဝတ်ထားသည်။

ခေါင်းကိုတော့ အပြာရောင်ပိုးသားပဝါခြုံထားသည်။

အမျိုးသားက အမျိုးသမီး၏လက်မောင်းကို သူ့ချိုင်းကြားတွင် ညှပ်ထားသည်။

ပခုံးတစ်ဖက်တွင်တော့ . . .

ကင်းဘတ်အိတ်ကြီးတစ်လုံးကို လေးလေးလံလံ လွယ်လို့။

www.burmeseclassic.com

www.burmeseclassic.com

## ၉

ရှရွန်သည် လူစိမ်း၏ သေနတ်ကိုင်ထားသော လက်ကြမ်းကြီးနှင့် မျက်လုံးများကို အကြောက်တလန့် ပြူးကြည့်နေမိသည်။

သူ့မျက်လုံးများက အခန်းထဲကိုကြည့်လိုက်၊ လှေကားကို ကြည့်လိုက်၊ သူမတစ်ကိုယ်လုံးကို ကြည့်လိုက်ဖြင့် ဂနာမငြိမ် ကျီးကန်းတောင်းမှောက် ဖြစ်နေသည်။

"ရှင် ဘာလိုချင်လို့လဲ"

သူမက တိုးတိုးကလေး မေးလိုက်သည်။ နီးလ်၏ခန္ဓာကိုယ် ပိန်သေးသေးသည် သူမ၏ လက်မောင်းထဲတွင် တဆတ်ဆတ် တုန်နေသည်။ သူမက နီးလ်၏ကိုယ်ကလေးကို ခပ်တင်းတင်းကလေး ပွေ့ဖက်ထားလိုက်သည်။

"မင်းနာမည် ရှရွန်မာတင်. . ."

သူ့စကားက အမေးစကားနှင့်မတူ၊ အမိန့်ပေးသံနှင့်သာ တူနေသည်။

ရှရွန်က လည်ချောင်းစေ့သွားသလို ခံစားလိုက်ရသည်။

လည်ချောင်းထဲမှ တံတွေးကို တစ်ချက်မျိုချလိုက်ပြီး ထပ်မေးလိုက်သည်။

"ရှင် ဘာအလိုရှိလို့လဲ"

နီးလ်၏ အသက်ရှူသံက ပြင်းလာသည်။

ရင်ကျပ်ပန်းနာပြန်ပေါ်လာမှာ စိုးရိမ်ရသည်။ သူကလေး ဘာမှမဖြစ်ပါစေနဲ့။

"ကျွန်မပိုက်ဆံအိတ်ထဲမှာ ဒေါ်လာ (၉၀)လောက်တော့ ရှိပါတယ်"

"ပါးစပ်ပိတ်ထားစမ်း၊ ဘာစကားမှ မပြောနဲ့"

သူ့ရုပ်ရည်ကသာ ကြောက်စရာကောင်းသည်မဟုတ်။

သူ့အသံကြီးကလည်း ကြားရသည်နှင့် ကျောချမ်းစရာ ကောင်းလှသည်။

လူစိမ်းက လွယ်ထားသော အိတ်ကို ကြမ်းပြင်ပေါ် ချလိုက်သည်။

အိတ်ကြီးကလည်း စစ်သုံးအကြီးစားကင်းဘတ်အိတ်ကြီး။ သူသည် အကျီအိတ်ထဲ လက်နှိုက်ပြီး ရစ်လုံးနှင့် ပတ်တီးကို ထုတ်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ယင်းတို့ကို ရှရွှန်၏ဘေးသို့ ပစ်ချလိုက်ရင်း. . .

"ကလေးမျက်နှာကို စည်းလိုက်၊ ပြီးတော့ ကြိုးနဲ့တုပ်. . ."

"ဟင့်အင်း၊ ဟင့်အင်း၊ ကျွန်မ. . မလုပ်. . ."

"မလုပ်လို့မရဘူး၊ လုပ်ကိုလုပ်ရမယ်။ ခုချက်ချင်းလုပ်"

ရှရွှန်က နီးလ်၏မျက်နှာကို ငုံ့ကြည့်လိုက်သည်။ သူက လူစိမ်းကို ကြောင်ကြောင်ကြီး ကြည့်နေသည်။ သူ့မျက်လုံးတွေက ရီဝေနေသည်။ သူ့ငယ်အိမ်ကလည်း အကျယ်ကြီး။

ကလေးသည် သူ့မိခင်ဆုံးသွားပြီးကတည်းက အကြောက်လွန်နေပုံရသည်။

"နီးလ်. . . အန်တီ. . အန်တီ"

သူမက စကားဆက်မပြောနိုင်။ ဘာကို ဆက်ပြောရမှန်း မသိတော့။

"ထိုင်လိုက်စမ်း. . ."

လူစိမ်းက အမိန့်ပေးလိုက်သည်။ ကလေးက ရှရွှန်မျက်နှာကို အားကိုးတကြီး အမူအရာနှင့် ကြည့်လိုက်သည်။ ပြီးတော့ လှေကားရင်းတွင် ကျိုးကျိုးနွံနွံ ထိုင်ချလိုက်သည်။

ရှရွှန်ကလည်း ကလေးဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး. . .

"နီးလ်. . . ဘာမှမကြောက်နဲ့နော်၊ အန်တီရှိနေတာပဲ၊ ဘာမှမကြောက်နဲ့ ဟုတ်လား"

သူမသည် ပတ်တီးဖြေရင်း လက်တွေတုန်နေသည်။

ပြီးတော့ နီးလ်၏ မျက်လုံးအစုံကို ပတ်တီးပြားနှင့် ပိတ်စည်းလိုက်သည်။

အစနှစ်ဖက်ကို နောက်စေ့တွင် ပူးချည်လိုက်သည်။

သူမက မျက်နှာကို မော့ကြည့်လိုက်သည်။ လူစိမ်းသည် နီးလ်ကလေးအား စိုက်ကြည့်နေသည်။ သူက ကလေးငယ်ကို သေနတ်နှင့် ချိန်ထားသည်။

သေနတ်ကို မောင်းတင်လိုက်သည်။

ရှရွှန်က ကလေးကို သူမကိုယ်နှင့် ဆွဲကပ်ထားလိုက်သည်။

"မလုပ်ပါနဲ့. . . မလုပ်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်ရှင်"

လူစိမ်းက သူမကို လှည့်ကြည့်သည်။ ပြီးတော့ သေနတ်ကိုင်ထားသောလက်ကို တဖြည်းဖြည်းနှိမ့်ချရင်း သေနတ်ကို ပြန်ရုပ်လိုက်သည်။

"ဘုရား. . ဘုရား ကံကောင်းလို့. . ငါကသာ မတားလိုက်ရင် သူက ကလေးကို တကယ်ပစ်သတ်တော့မယ့် အတိုင်းပဲ"

"ကိုင်း. . . ရှရွှန်၊ ကောင်လေးကို ကြိုးနဲ့တုပ်လိုက်"

သည်တစ်ကြိမ်တွင်တော့ သူ့လေသံက အေးအေးဆေးဆေး။

ရှရွှန်က လက်တွေ တုန်တုန်ယင်ယင်ဖြင့် သူ့အမိန့်အတိုင်း လုပ်သည်။ သူမသည် နီးလ်၏ လက်နှစ်ဖက်ကို လက်ကောက်ဝတ်မှ ပူးချည်လိုက်သည်။ သို့သော်. . . အကြောတွေ သွေးသွားလမ်း မပိတ်သွားနိုင်အောင် ခပ်လျော့လျော့ကလေး ချည်သည်။ ကလေးလက်နှစ်ဖက်ကို ကြိုးချည်ပြီးတော့ သူမ၏လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။

လူစိမ်းက သူမရှေ့နားသို့ ကပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးထုံးကို ဓားမြှောင်နှင့် ဖြတ်လိုက်သည်။

"မြန်မြန်လုပ်ပါ. . . ခြေထောက်တွေလဲ ချည်လိုက်ဦး"

လူစိမ်းအသံက တုန်နေသည်။ သူမက သူခိုင်းသည့်အတိုင်း မြန်မြန်ထက်ထက် လုပ်လိုက်သည်။ နီးလ်ကလေး၏ ဒူးတွေလည်း တဆတ်ဆတ် တုန်နေသည်။

သူမက ခြေနှစ်ဖက်ပူးကိုင်ပြီး ခြေမျက်စိအပေါ်နားမှ ကြိုးနှင့်စုချည်လိုက်သည်။

"သူ့ပါးစပ်ကို ပတ်တီးနဲ့ ပိတ်ကပ်လိုက်"

"သူ အသက်မရှုနိုင်ဘဲ နေမှာပေါ့၊ ဒါတော့ မလုပ်ပါနဲ့ရှင်၊ ကျွန်မတောင်းပန်ပါရစေ၊ သူ့ခမျာ ရင်ကျပ်ပန်းနာဖြစ်နေလို့ပါ"

လူစိမ်းက မျက်နှာထားပြောင်းသွားသည်။ ရှရွန်အား ကိုက်စားတော့မတတ် စိုက်ကြည့်နေသည်။ မျက်နှာကြောတွေ တင်းလာသည်။ မေးရိုးကားကြီးနှစ်ဖက်က ငေါထွက်လာသည်။ သူ သွေးရူးသွေးတန်းဖြစ်နေပြီ။

သူမက ကလေး၏ပါးစပ်ကို ကမန်းကတန်း ပိတ်စည်းလိုက်သည်။

သို့သော် အသက်ရှူပေါက်ရရန် နှုတ်ခမ်းထောင့်တစ်ဖက်တစ်ချက်တွင် မသိမသာ လျော့လျော့စည်းသည်။

လူစိမ်းက သူမ၏လက်ကို တုပ်ဆွဲပစ်လိုက်သည်။ သူမသည် ကြမ်းပြင်ပေါ် လဲကျသွားသည်။ လူစိမ်းက သူမကိုယ်ပေါ် မှစီးကာ ရပ်ကြည့်နေသည်။ ထို့နောက် သူက သူမဘေးတွင် ထိုင်ချလိုက်ပြီး သူမ၏ကျောပြင်ကို သူ၏ဒူးတစ်ဖက်နှင့် ထောက်ထားလိုက်သည်။

ပြီးတော့ သူမ၏လက်နှစ်ဖက်ကို ကျောဘက်သို့ ဆွဲယူလိုက်သည်။ ပြီးတော့ ကြိုးနှင့် ချည်သည်။ ပါးစပ်ထဲသို့ အဝတ်စတစ်စထည့်သည်။ ပါးစပ်ကို ပတ်တီးနှင့် ပိတ်စည်းပြီး ကြိုးစကို နောက်စေ့တွင် ချည်ထားလိုက်သည်။

သူမ အသက်မရှူနိုင်တော့။

"မလုပ်ပါနဲ့. . . မလုပ်ပါနဲ့"

သို့သော် အသံက ထွက်မလာ။

သူမပေါင်ပေါ်တွင် လက်ချောင်းတွေ ပွတ်သပ်ကစားနေကြသည်။

ထို့နောက် ခြေနှစ်ချောင်းကို ပူးချည်တာ သိလိုက်ရသည်။

သူမကို ပွေ့ချီလိုက်သည်။ ခေါင်းက အောက်သို့ လန်ကျနေသည်။

သူ ငါ့ကို ဘာလုပ်မလို့ပါလိမ့်။ အိမ်ရှေ့တံခါး ပွင့်သွားသည်။

အေးစက်သောနှင်းငွေ့က သူမမျက်နှာ လာပက်သည်။

သူမသည် ကိုယ်အလေးချိန် ပေါင် (၁၂၀) ရှိသည်။

သို့ပေမယ့် လူစိမ်းက သူမကို ကောက်ချီသွားပုံမှာ ပေါ့ပါးလျင်မြန်လွန်းလှသည်။

အပြင်ဘက် ဆင်ဝင်အောက်တွင် မှောင်မည်းနေသည်။ ဆင်ဝင်မီးကို သူပိတ်ထားခဲ့တာ ဖြစ်မည်။ သူမ၏ပခုံးသည် အေးစက်သော အရာတစ်ခုနှင့် ထိမိသည်။

ထိုအရာသည်ကား ဆင်ဝင်အောက်တွင် ရပ်ထားသောကား။



www.burmeseclassic.com

www.burmeseclassic.com



သူမက ကြိုးစားပြီး အသက်ရှူကြည့်သည်။

အမှောင်ထဲတွင် မျက်လုံးကျင့်သားရအောင် ကြိုးစားပြီး ဖွင့်ကြည့်သည်။

စိတ်မစောနဲ့၊ မကြောက်နဲ့၊ ခေါင်းကို ကြည်အောင်ထား၊ စဉ်းစား. . . စဉ်းစား။

ကားတံခါးပွင့်သွားသံ ကြားလိုက်ရသည်။ သူမကို ကားထဲ ဆွဲသွင်းလိုက်သည်။ သူမ၏ ဦးခေါင်းသည် ပွင့်နေသော ကားပြာခွက်နှင့် တိုက်မိသွားသည်။ သူမသည် ကားနောက်ပိုင်းမှ ဆိုဖာခြေရင်းကြမ်းပြင်ပေါ် ရောက်နေပြီ။

အပြင်ဘက်မှ ခြေသံများ ကြားရသည်။

လူစိမ်းသည် အိမ်ထဲသို့ ပြန်ဝင်သွားခြင်း ဖြစ်သည်။

နီးလ်. . .

သူ နီးလ်ကို ဘာလုပ်မှာပါလိမ့်။

ဘုရားသခင်. . ဘာမှမဖြစ်ပါ စေနဲ့၊ ဘာမှမဖြစ်ပါစေနဲ့။

ရှရွန်က ရှိသမျှအင်အားကို စုညှစ်ပြီး လက်နှစ်ဖက်ကို ရုန်းကြည့်သည်။

လက်ဆစ်တွေ ပြုတ်ကျမတတ် နာကျင်သွားသည်။

မိနစ်ပိုင်းခန့် ကုန်လွန်သွားသည်။ ခြေသံတွေ ပြန်ကြားရသည်။ ကားရှေ့ပိုင်း လက်ယာဘက်တံခါး ပွင့်သွားသည်။ သူမ၏မျက်စိက အမှောင်ထဲတွင် ကျင့်သားရသွားပြီ။

အမှောင်ထဲတွင် လူစိမ်း၏ ပုံသဏ္ဍာန်ကို မြင်နေရသည်။

သူသည် တစ်စုံတစ်ရာကို သယ်ယူလာသည်။

ကင်းဘတ်အိတ်ကြီး၊ ဘုရားသခင် လက်စသတ်တော့ နီးလ်ကလေးကို အိတ်ကြီးထဲ ထည့်ယူတာပါကလား။ လူစိမ်းသည် ကားဘေးတွင်ကပ်ပြီး မှီလိုက်သည်။ အိတ်ကြီးကို ဆိုဖာပေါ်တင်လိုက်သည်။ ထို့နောက် တွန်းချလိုက်သည်။ အိတ်ကြီးသည် ကြမ်းပြင်ပေါ်သို့ ဗုန်းခနဲ ကျသွားသည်။

နီးလ်ခမျာ နာနေတော့မှာပဲ။ ဘုရားသခင်. . ကယ်တော်မူပါ။

တံခါးပိတ်သံ ကြားရသည်။ ခြေသံတွေ ကားဘေးပတ်သွားသည်။

ဒရိုင်ဘာထိုင်ခုံ ဘေးတံခါးပွင့်သွားသည်။ ပြန်ပိတ်သံ ကြားရသည်။

အမှောင်ရိပ်တွေ ရွေ့သွားနေပြီ။ သက်ပြင်းချသံ တစ်ချက် ကြားလိုက်ရသည်။

လူစိမ်းက ဆိုဖာကို မှီလိုက်ပြီး နောက်ပြန်လှည့်ကာ သူမကို ကြည့်သည်။

သူမကိုယ်ပေါ် တစ်စုံတစ်ရာ ကျလာသည်။ မျက်နှာကို ဖုံးသွားသည်။

စောင်တစ်ထည် သို့မဟုတ် ကုတ်အင်္ကျီဖြစ်ကောင်း ဖြစ်မည်။

ချဉ်စုတ်စုတ်နှင့် ချွေးပုပ်စော် နံသောကြောင့် သူမက ခေါင်းကို ယမ်းကာ မျက်နှာကို လွှဲပစ်လိုက်သည်။ ကားထွက်လာခဲ့ပြီ။

ဦးတည်လမ်းကြောင်းကို သတိထား။ မြင်ရသမျှကို အသေးစိတ်မှတ်။

နောက်ပိုင်း ရဲကမေးလျှင် လွယ်လွယ်ကူကူ ဖြေနိုင်အောင်။

ကားက လက်ဝဲဘက်သို့ ကွေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လေစိမ်းက အေးစိမ့်လှသည်။

ရှရှန်သည် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။

ချမ်းအေးရသည့်အထဲ ကြိုးချည်ထားသော ခြေလက်တွေကလည်း တစစ်စစ်နှင့် ကိုက်ခဲနာကျင်လှသည်။ သူမစိတ်ထဲက ကိုယ့်ကိုယ်ကိုယ် သတိပေးနေမိသည်။

မလှုပ်နဲ့၊ မရုန်းနဲ့၊ ငြိမ်ငြိမ်နေ. . . ငြိမ်ငြိမ်နေ။ မကြောက်နဲ့. . . စဉ်းစား. . . စဉ်းစား။ ဆီးနှင်းကျရင် သိပ်ကောင်းမှာပဲ။ ဒါမှ လမ်းပေါ်မှာ ကားသွားရာ ထင်ကျန်ရစ်မယ်။

သို့သော် ဆီးနှင်းက မကျ။ မြူနှင်းတွေ လေနှင့်အတူ လွင့်မျောပါလာကြသည်။

သူတို့နှစ်ယောက်ကို ဘယ်အထိ ခေါ်သွားမှာပါလိမ့်။

သူ. . . တို့ကို သတ်ချင်လို့လား၊ သတ်ပစ်မှာလား။ သေရမှာက နောက်မှ။

လောလောဆယ် အသက်ရှူမရတာက သေရမှာထက် ဆိုးရွားနေပြီ။

နီးလ်. . . သူ့ခမျာ အိတ်ကြီးထဲမှာ ဘယ်လိုလုပ် အသက်ရှူပါ့မလဲ။

မွန်းကျပ်ပြီး သေများ သေနေပြီလားမသိ။ ဘုရားသခင် ကယ်တော်မူပါ။

ကားက အရှိန်မြင့်လာသည်။

တို့နှစ်ယောက်ကို သူ. . . ဘယ်ကို ခေါ်သွားမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

ရော်ဂျာပယ်ရီသည် ဒရစ်ဖ်ဝုလမ်းသွယ် သူ့အိမ်အပေါ်ထပ် ပြတင်းပေါက်တွင် ရပ်ကာ မမြင်နိုင်သော အပြင်ဘက်ကိုစိုက်ကြည့်နေသည်။ ရာသီဥတုက တော်တော်ဆိုးသည်။ သည်လိုညမျိုးတွင် အိပ်ရာထဲ ကွေးနေဖို့ပဲကောင်းသည်။ သူ အိမ်သို့ပြန်ရောက်လာပြီးနောက် (၁၅)မိနစ် အတွင်းတွင်ပင် ဆီးနှင်းတွေ တဖွဲဖွဲကျလာသည်ကို သတိပြုမိသည်။

သူသည် ယနေ့တစ်နေ့လုံးလိုလို သူ့မိန်းမအကြောင်းကို တွေးပြီး စိတ်မချမ်းမသာ ဖြစ်နေခဲ့ရသည်။ ဂလင်ဒါသည် လွန်ခဲ့သော (၁၀)နှစ်ခန့်ကဆိုလျှင် တော်တော့်ကို ရုပ်ရည် ချောမောသော မိန်းမတစ်ယောက်။ ဆံပင်က ငွေရောင်၊ မျက်လုံးက ပြာပြာ၊ အသားအရေက ဝင်းမွတ်နေသည်။ ယခုတော့ ယင်းရုပ်ရည်မျိုး လုံးဝမရှိတော့။ တစ်နေ့ထက်တစ်နေ့ ကျန်းမာရေးချို့တဲ့လာပြီး ရုပ်ရည်ကလည်း ဆွဲချသလိုကျလာခဲ့သည်။

သည်နေ့မနက်က သူမ၏အိပ်ရာထဲ သူကိုယ်တိုင် ကော်ဖီသွားပို့တော့ သူ့မျက်စိသူ မယုံနိုင်အောင် ဖြစ်သွားမိသည်။ ဂလင်ဒါမျက်နှာသည် သွေးတစ်စက်မှ မရှိသလို ဖြူရော်ပြီး ဟောက်ပက်ကြီးဖြစ်နေသည်။

သူကရုံးရောက်တော့ ဆရာဝန်ထံ ဖုန်းဆက်ပြီး အခြေအနေကို ပြောပြသည်။ ဂလင်ဒါသည် ကိုယ်မကျန်းမာရသည့်အထဲတွင် စိတ်ကျန်းမာရေးလည်း ချို့တဲ့နေကြောင်းကို ပယ်ရီနှင့်ဒေါက်တာတို့က သဘောတူလက်ခံခဲ့ကြသည်။

လာမည့် ဗုဒ္ဓဟူးနေ့တွင် ရှိနယ်သွမ်မဆင်အား သေဒဏ်ပေးမည်။

ယင်းအစွဲသည် သူမအား ဖိစီးနှိပ်စက်နေခြင်း ဖြစ်သည်။ သူမ၏ သက်သေထွက်ဆိုချက်ကြောင့် သွမ်မဆင် အပြစ်ကျူးလွန်ကြောင်း အခိုင်အမာဖြစ်ခဲ့ရသည်ဟူသော အစွဲက သူမအား ဖိထောင်းသလို ဖြစ်ခဲ့ရသည်။

ပယ်ရီက စိတ်ပျက်စွာဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။ တော်တော်ဆိုးရွားတဲ့ အဖြစ်ပဲ။ သွမ်မဆင်အတွက်လည်း ဆိုးသည်။ သူ့မိခင်အတွက်လည်း ဆိုးသည်။ ကုန်ကုန်ပြောရလျှင် သည်အမှုနှင့် ပက်သက်နေသူအားလုံးအတွက် အဆိုးချည်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စတီးဖ်. . .

ပြီးတော့ သူ၏ ဒုက္ခိတသားငယ် နီးလ်. . အားလုံး. . အားလုံး. . ဒုက္ခရောက်ကြရသည်ချည်းပင်။ နောက်ပြီး သူ့မိန်းမ ဂလင်ဒါ။

ဂလင်ဒါက သည်လိုစိတ်ဒုက္ခမျိုးကို ခံနိုင်ရည်ရှိသူမဟုတ်။ သွမ်မဆင်အမှုကို တရားရုံး၌ သက်သေထွက်ဆိုပြီးသည့် နေ့ကစ၍ သူမသည် နှလုံးရောဂါစွဲကပ်ပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့သည်။ နောက်တစ်ကြိမ် ရောဂါပြန်ထလာလျှင် သူမအနေဖြင့် သည်တောင်က ကျော်နိုင်တော့မည်မဟုတ်။ သူမအသက်က (၅၈)နှစ်သာ ရှိသေးသည်။ ကျန်းကျန်းမာမာဆိုလျှင် လူ့လောကတွင် အကြာကြီး နေနိုင်သေးသည်။ ယခု အခါ သူတို့လင်မယားတွင် သားသမီးတွေက အတောင်အလက်စုံ၍ အိမ်ထောင်ရက်သား ကျကုန်ကြပြီ။ သည်လင်သည်မယားသာ အားကိုးစရာ ကျန်တော့သည်။

ဂလင်ဒါ တစ်စုံတစ်ရာဖြစ်သွားလျှင် ပယ်ရီအတွက် နောင်ရေးမလွယ်။

အင်း. . . မစ္စက်ဖော်ဂလာအိမ်ဖော်အဖြစ် ရောက်လို့ တော်ပါသေးရဲ့။

မစ္စက်ဖော်ဂလာသည် ယနေ့မနက်မှစ၍ အလုပ်ဆင်းသည်။ တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေနှစ်ရက် နံနက်ကိုးနာရီမှ မွန်းလွဲတစ်နာရီအထိ အိမ်မှုကိစ္စတွေ လုပ်ပေးမည်ဖြစ်သည်။ သည်အတိုင်းဆိုလျှင် အခြေအနေသိပ်မဆိုးလှ။

ဂလင်ဒါအတွက် အိမ်မှုကိစ္စပူစရာမလိုတော့။

ဝေဒနာသက်သာဖို့ကိုသာ အာရုံစိုက်ရတော့မည်။

ခြေသံကြားသဖြင့် ပယ်ရီက နောက်သို့ လှည့်ကြည့်လိုက်သည်။

ဂလင်ဒါသည် ဗန်းကလေးတစ်ခုကို ကိုင်ပြီး အခန်းထဲသို့ ဝင်လာသည်။

"အို. . . ဘာလို့ယူလာရတာလဲ၊ ခုပဲ ငါလာယူမလို့ လုပ်နေတာ"

ပယ်ရီက ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကျွန်မလဲ ဒီကိုလာချင်တာနဲ့ တစ်ပါတည်း ယူလာတာပါ"

သူမက ခင်ပွန်းဖြစ်သူအား ဝိုင်အရက်ခွက်ကို ကမ်းပေးလိုက်သည်။

ပြီးတော့ ခင်ပွန်းသည်နှင့် ဘေးချင်းယှဉ်ကာ ပြတင်းပေါက်တွင် လာရပ်သည်။

"အတော်ပဲ. . . ကျေးဇူးပဲ ဒါလင်"

သူမလက်ထဲတွင်တော့ ကိုကာကိုလာဖန်ခွက်ကို ကိုင်ထားသည်။

"ဘယ့်နှယ်လဲ ရင်ဘက်က အောင့်သေးသလား"

"သိပ်မအောင့်တော့ပါဘူး၊ မသိမသာကလေးတင်ပါ"

"ဒါနဲ့. . . ဆေးရောသောက်ပြီးပြီလား၊ ဆေးသောက်ဖို့လဲ မမေ့နဲ့နော်"

"သောက်ပြီးပါပြီ မပူပါနဲ့၊ ကျွန်မ နေကောင်းပါတယ်၊ ဟင်, ဟိုမှာ ကြည့်လိုက်ပါဦး။ ဘယ့်နှယ်ပါလိမ့် တော်တော်ထူးဆန်းတာပဲ"

"ဘာလဲ ဘာမြင်လို့လဲ"

"ဟိုမှာ မမြင်ဘူးလား၊ စတီးဖ်တို့အိမ်လေ၊ အိမ်ရှေ့မှာ မီးပိတ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ဟုတ်သားပဲ၊ ငါလဲ စောစောက ဘယ့်နှယ်. . ဒီအိမ်ရှေ့မှာ ဘာလို့ မီးမထွန်းတာလဲဆိုပြီး တွေးလိုက်မိသေးတယ်၊ ငါရုံးကပြန်လာတုန်းက သူတို့အိမ်ရှေ့မှာ မီးလင်းနေတယ်ကွ၊ အဲဒါတော့ ငါ သေသေချာချာ မှတ်မိတယ်"

"ကျွန်မလဲ အဲဒါပဲ စဉ်းစားနေတာ၊ ဘယ်သူကများ ဘယ်လိုစိတ်ကူးနဲ့ မီးပိတ်လိုက်တာပါလိမ့်၊ ဒေါ်ရာလပ်ဖ်လက်ချက်ပဲ ဖြစ်မှာပါ၊ ဒီမိန်းမကြီးက သိပ်ပြီး ပျာယာပျာယာနိုင်တာ၊ ဒါနဲ့ ရှင်လျှောက်သွားပြီး ခဏသွားကြည့်လိုက်ပါလား"

"အိုး. . . မလိုပါဘူးကွ၊ သူတို့မီး သူတို့ပိတ်ထားတာပဲ"

"ဩော်. . . ကျွန်မက တစ်ခုခုများ ထူးနေသလားလို့ပါ၊ ခုတစ်လော ကျွန်မစိတ်က အမြဲတမ်း တွေးပူနေတာပဲ"

"ပူမနေပါနဲ့ ဒါလင်ရာ၊ ကိုယ့်ဝေဒနာ သက်သာဖို့ကိုသာ ဂရုစိုက်စမ်းပါ"

ပယ်ရီက သူ့လက်ကို ဇနီးသည်၏ပခုံးပေါ်သို့ ကြင်နာယုယစွာဖြင့် လှမ်းတင်လိုက်သည်။

"ကဲ. . . အေးအေးဆေးဆေး ထိုင်ပါဦး"

"ခဏနေပါဦး. . . ရှင်ရေ ဟိုမှာ ကြည့်လိုက်စမ်းပါဦး"

သူမက ကိုယ်ကို ရှေ့သို့ကိုင်းလိုက်သည်။

"သူတို့အိမ်ရှေ့က ကားတစ်စီး မောင်းထွက်လာတယ် တွေ့လား၊ ရှေ့မီးတွေလဲ ပိတ်ထားတယ်၊ အဆန်းပါပဲလား၊ ဘယ်သူများပါလိမ့်"

"ကဲပါ. . . ဘယ်သူပဲဖြစ်ဖြစ် အဲဒါတွေ တွေးမနေစမ်းပါနဲ့၊ ထိုင်မှာသာ ထိုင်စမ်းပါ၊ ငါ ဒိန်ခဲသွားယူလိုက်ဦးမယ်"

"ဒိန်ခဲဘူး စားပွဲပေါ်မှာရှိတယ်"

ပယ်ရီ အခန်းထဲမှ ထွက်သွားသည်။

ဂလင်ဒါက အကျီဘေးအိတ်မှ မျက်မှန်ကို နှိုက်ယူပြီး မျက်နှာတွင် တပ်ကြည့်လိုက်သည်။ ပြီးတော့ ပြတင်းပေါက်မှကိုယ်ကို ရှေ့သို့ကုန်းကာ တစ်ဖက်ခြံထဲသို့ လှမ်းကြည့်လိုက်သည်။

လမ်းတစ်ဖက်တွင် အမှောင်ထဲမှ အိမ်ကြီးကို မှုန်ဝါးဝါးမြင်ရသည်။

သူမ ကြည့်နေရင်းမှပင် စောစောကကားသည် ခြံထဲမှထွက်လာပြီး လမ်းမပေါ်သို့ အရှိန်နှင့် မောင်းထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၁

"အို. . . ဒီကိစ္စတွေကို မနက်ဖြန် 'မြိုင်သာယာ' ရောက်မှပဲ စဉ်းစားတော့မယ်၊ တကယ်တော့ မနက်ဖြန်ဟာ နေ့သစ်တစ်နေ့ပဲ မဟုတ်လား"

**"လေရူးသုန်သုန်"** ရုပ်ရှင်ကားထဲမှ ဇာတ်ဆောင်မင်းသမီး စကားလက်အိုဟာရာသည် လေ့ကားလက်ရန်းတန်းတွင် ကိုယ်ကိုမှီကာ မျှော်လင့်ချက်အပြည့်ဖြင့် ပြောလိုက်သည်။ ထိုအချိန်တွင် နောက်ခံဂီတသံများ ပေါ်ထွက်လာပြီး ပိတ်ကားပေါ်တွင် လူရုပ်များပျောက်ကာ **"မြိုင်သာယာ"၏** မြင်ကွင်းကျယ်ရှုခင်းကြီး ပေါ်လာသည်။

ဂီတသံများ တဖြည်းဖြည်း မှိန်သွားသည်။

ရုပ်ရှင်ရုံထဲတွင် မီးရောင်တွေ ပြန်လင်းလာသည်။

မစ္စက်မာရီယံဖော်ဂလာသည် သက်ပြင်းတစ်ချက် မသိမသာချလိုက်သည်။

ပြီးတော့ ကုလားထိုင်မှ မထချင်ထချင်နှင့် ထလိုက်သည်။ သူမ၏ စိတ်အာရုံသည် စိတ်ကူးယဉ် ပျော်စရာဗိမာန်ထဲတွင် ကြည်နူးမြူးပျော်နေခဲ့ရာမှ လက်တွေ့ဘဝသို့ ပြန်ရောက်လာသည်။ သူမသည် ကော်ဇောခင်းကြမ်းပြင်ကိုဖြတ်ကာ ရုပ်ရှင်ရုံနောက်ပေါက်သို့ လျှောက်လာခဲ့သည်။ သူမ၏ မျက်နှာတွင် ညှိုးရိပ်သမ်းနေသည်။

ကလေးတွေအတွက် အဝတ်အစားသစ်တွေ ဝယ်ပေးရဦးမယ်။ ဝင်ငွေလည်း သိပ်ရှိတာမဟုတ်ဘူး။ ပယ်ရီတို့အိမ်မှာ အိမ်ဖော်ဝင်လုပ်တာကို ဂျင်က သဘောတူတာကိုပဲ ကျေးဇူးတင်ရဦးမှာ။ ဂျင်က အလုပ်ကို ဘတ်စ်ကားနဲ့သွားမယ်တဲ့။ အဲဒါကောင်းတယ်။ ဒါမှ အိမ်ကကားကို ငါ အချိန်မရွေးသုံးနိုင်မှာ။ မနက်အစောကြီး ကလေးတွေကျောင်းပို့။ ပြန်ရောက်တော့ အိမ်မှုကိစ္စလုပ်။ ပြီးတော့ ပယ်ရီတို့အိမ်ကိုသွား။

မနက်ဖြန်ဆိုလျှင် သူမ အလုပ်ဝင်ရတော့မည်။ သူမ စိတ်စောနေသည်။ သူမသည် သူများအိမ်မှာ အလုပ်မလုပ်တာ (၁၂)နှစ်ရှိသွားပြီ။ နောက်ဆုံးသားကလေးမွေးကတည်းကပင် ဖြစ်သည်။ သို့ပေမယ့် ကိစ္စမရှိပါဘူး။ အိမ်ဖော်အလုပ်ဆိုတာ မခက်ပါဘူး။ ကိုယ့်အိမ်လို သဘောထားပြီးလုပ်ရင် အိမ်ရှင်တိုင်း ကျေနပ်ကြတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် နွေးထွေးသော ရုပ်ရှင်ရုံထဲမှ အေးစိမ့်နေသော မတ်လညဦးပိုင်း လမ်းမပေါ်သို့ ထွက်လာခဲ့သည်။ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။ လက်ယာဘက်ကိုကွေ့လိုက်သည်။ ခပ်မြန်မြန်ကလေး လျှောက်လာသည်။ နှင်းမှုန်များက မျက်နှာကို လာဖျန်းကြသည်။ အပေါ်ကုတ်အင်္ကျီကို ကျစ်ကျစ်ပါအောင် ဆွဲစေ့လိုက်သည်။

သူမ၏ကားကို ရုပ်ရှင်ရုံနောက်မှ ကွက်လပ်တွင် ရပ်ထားခဲ့သည်။ သည်ကားကလေး ဝယ်ဖြစ်လိုက်တာ အတော်တော့ ဟန်ကျသည်။ ရှစ်နှစ်တောင် စီးခဲ့ပြီ။ ဒါပေမယ့် အသစ်စက်စက်လို ကောင်းနေတုန်းပင် ရှိသေးသည်။ ဒေါ်လာ (၄၀၀)ဆိုတာ မများပါဘူး။ ကိုယ့်ကားနှင့်ကိုယ်ဆိုတော့ အချိန်မရွေး သွားချင်ရာသွားနိုင်တာ အမြတ်ပဲပေါ့။

သူမသည် ရုပ်ရှင်ကြည့်ပရိသတ်အုပ်ကို တိုးဝှေ့ရင်း လမ်းမဘက်သို့ ထွက်လာခဲ့သည်။ ကားဆီသို့ ခပ်သုတ်သုတ်လျှောက်လာသည်။ ဂျင်က အိမ်တွင် ညစာအသင့်ပြင်ထားမည်ဟု ဆိုသည်။ သူမ တော်တော်ဆာနေပြီ။

ကားရပ်ထားသောနေရာ လှမ်းကြည့်လိုက်တော့ သူမမျက်လုံးမျက်ဆန် ပြူးသွားမိသည်။ နေရာတွင် ကားမရှိတော့။ သူမ မမှားပါဘူး။ သည်နေရာတွင် သေသေချာချာ ရပ်ထားခဲ့သည်။ ဘယ်လိုများ ဖြစ်တာပါလိမ့်။ သူမသည် သွေးရူးသွေးတန်းဖြင့် ဟိုဟိုဒီဒီ တွေ့လိုတွေ့ငြား လိုက်ရှာကြည့်သည်။ ဘယ်နေရာမှာမှ မတွေ့။

နောက် (၁၀)မိနစ်ခန့်အကြာတွင် သူမသည် မျက်ရည်စက်လက်ဖြင့် ရဲစခန်းသို့ သွားရောက်ပြီး သူမ၏ယောက်ျားဆီသို့ ဖုန်းဆက်သည်။

"ဂျင်. . . ဂျင် အို. . မဟုတ်ပါဘူး၊ ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ဂျင် ကား. . ကား ကား. . မရှိတော့ဘူး၊ ရုပ်ရှင်ရုံနောက်မှာရပ်ထားခဲ့တာ၊ တစ်ယောက်ယောက် ခိုးသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

သူသည် ပိန်းပိတ်နေသော ဆီးနှင်းထုကို ထိုးဖောက်ပြီး ကားမောင်းလာရင်းမှ သူ့လုပ်ရပ်ကို ပြန်လည်သုံးသပ်ကြည့်မိသည်။

ယခုလောက်ဆိုလျှင် ကားပိုင်ရှင်အမျိုးသမီးသည် ရဲကို တိုင်၊ အိမ်ကို ဖုန်းဆက်နှင့် ဒေါင်းတောက်နေရှာရော့မည်။ ရဲဌာနမှ ရေဒီယိုဖြင့် သတင်းပို့၍ ထောက်လှမ်းရေးကားတွေ ပို့လွှတ်ချိန်တွင် မိမိသည် ကွန်နက်တီကပ် ရဲတွေနှင့် ဝေးရာသို့ ရောက်နေပြီး ဖြစ်လိမ့်မည်။

ဒေါ်လာသုံးလေးရာတန် ကားဟောင်းကလေးတစ်စီး ပျောက်ဆုံးသွားသည်ကို ရဲတွေကလည်း ရေးကြီးခွင်ကျယ်ပိုက်စိပ်တိုက်၍ လိုက်ရှာကြလိမ့်မည်မဟုတ်။

ရှုရှန်မာတင်သည် ယခုအခါ မိမိ၏လက်ခုပ်ထဲက ရေဘဝသို့ ရောက်နေပြီ။ သူမ အကြောင်းတွေးမိတော့ ရင်ခုန်ချင်သလိုလိုတောင် ဖြစ်မိသည်။ သူမ၏ နှုခြလက်များကို ကြိုးနှင့်ချည်တုန်းက ခံစားခဲ့ရသော အတွေ့အထိကို ယခုမှ ပြန်ပြီး ခံစားမိသည်။

သူမ၏ ကိုယ်လုံးကိုယ်ဖန်က သေးသေးသွယ်သွယ်ကလေးဖြစ်ပေမယ့် ပေါင်လုံးနှင့် တင်သားတွေကတော့ ထွားကျိုင်းအိစက်နေသည်။ သူမသည် ဂွမ်းသားစကတ်ထူထူကြီးကို ဝတ်ထားပေမယ့် အိစက်သောအတွေ့အထိကို သူ ခံစားခဲ့ရသည်။

သူမသည် မိမိ၏အပြုအမူကို လုံးဝနှစ်သက်ပုံ မပေါ်။ သူမအား ကားဆီသို့ချီပွေ့ပြီး သယ်ယူလာစဉ်က ရုန်းကန်လူးလှိမ့်ရန် ကြိုးစားသေးသည်။ သို့သော် နောက်ပိုင်းတွင်မူ သူမ သည် လုံးဝမရုန်းတော့ဘဲ သူမ၏ဦးခေါင်းကို မိမိ၏ဘေးတွင်မှီကာ အလိုက်သင့် ပါလာခဲ့ သည်။ သူသည် ကွန်နက်တီကပ်လမ်းမကြီးမှတစ်ဆင့် ဟက်ချီဆင်ပတ်ဝေး၊ ခရော့စ်ကောင်း တီးနှင့် ဟင်နရီဟတ်ဆင်ပတ်ဝေးလမ်းများအတိုင်း မောင်းနှင်လာခဲ့သည်။ ယခုအချိန်တွင် သူသည် ကားသွားကားလာ ထူထပ်သော လမ်းမကြီးပေါ်သို့ ရောက်ရှိနေပြီ။ ကားတွေအများ ကြီးထဲက သူ့ကားကိုမှရွေးပြီး မည်သူမျှ ဂရုစိုက်မည် မဟုတ်တော့။

သူသည် ဝက်စ်ဆိုက်လမ်းမကြီးအတိုင်း မောင်းလာခဲ့ပြီး မင်ဟတ်တန်နယ်မြေ အတွင်းသို့ ဝင်လာစဉ် လမ်းပေါ်တွင် ကားသွားကားလာ ပိတ်ဆို့မှုနှင့် ကြုံရသည်။ ဆီးနှင်းတွေ တဖွဲဖွဲကျနေသဖြင့် ကားတွေကို ဖြည်းဖြည်းမောင်းနေကြရသည်။ သည်အတိုင်းဆိုလျှင် အချိန်ကိုက်တော့မည်မဟုတ်။ သူက ခုနစ်နာရီတိတိတွင် ဘူတာသို့အရောက် မှန်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် လူရှင်းသွားပြီဖြစ်၍ သူတို့အတွက် ပိုပြီး စိတ်ချရသည်။

သူသည် ဝက်စ်ဆိုက်လမ်းမကြီးပေါ်မှ (၄၆)လမ်းသို့လှည့်ဝင်လာသောအခါ အချိန်မှာ ခုနစ်နာရီ (၁၀)မိနစ် ရှိနေလေပြီ။ အရှေ့ဘက်သို့ တစ်ပြဝက်လောက် ဆက်မောင်းလာပြီးနောက် ကားကို လက်ယာဘက်သို့ ရုတ်တရက် ကွေ့လိုက်သည်။ ထို့နောက် ဂိုဒေါင်တစ်ခု၏နောက်တွင် ကားကို ထိုးရပ်လိုက်သည်။

သည်နေရာသည် လူသူကင်းရှင်းသည်။ အစောင့်ရဲတွေလည်း လုံးဝမရှိ။ သူ့အဖို့အချိန်များများမလို။ တစ်မိနစ်လောက်ရလျှင် အလုပ်ဖြစ်ပြီ။ သူက ကားမီးကို ပိတ်ပြီး တံခါးကိုဖွင့်လိုက်သည်။ ဆီးနှင်းပွင့်များက သူ့မျက်နှာကို လာပက်ကြသည်။ ချမ်းလိုက်သည့်ဖြစ်ခြင်း။ သူသည် ပတ်ဝန်းကျင်ကို လျင်မြန်စွာမျက်လုံးကစားကြည့်လိုက်သည်။

အခြေအနေအားလုံးကို ကျေနပ်သွားပြီးနောက် ကားနောက်ဘက်သို့ လျှောက်လာခဲ့သည်။ ထို့နောက် ရှရှန်၏မျက်နှာကို ဖုံးထားသော ကုတ်အင်္ကျီကြီးကို ဆွဲခွာလိုက်သည်။ ရှရှန်က သူ့မျက်နှာကိုလှမ်းကြည့်သည်။ သူ သဘောကျသွားပြီး အသေးစား ကင်မရာကလေးကိုထုတ်ကာ လျှပ်တစ်ပြက် ဓာတ်ပုံတစ်ကွက် ရိုက်ယူလိုက်သည်။

လျှပ်စစ်မီးရောင်ကြောင့် သူမ မျက်လုံးတွေ ပြာဝေသွားသည်။

ပြီးတော့ သူသည် အင်္ကျီအိတ်ထဲမှ ခဲတံသာသာလောက်ရှိသော လက်နှိပ်ဓာတ်မီးကလေးကို ထုတ်ယူပြီး ရှရှန်၏မျက်နှာတည့်တည့်ကို ထိုးကြည့်သည်။ ရှရှန်က မျက်စိမှိတ်ကာမျက်နှာလွှဲပစ်လိုက်သည်။ သူက စိတ်ထဲကကျိတ်ရယ်လိုက်ပြီး ရှရှန်၏ပခုံးနှစ်ဖက်ကို ကိုင်ကာပက်လက်အနေအထားသို့ လှန်ချလိုက်သည်။

ထို့နောက် ခြေထိပ်လက်ထိပ်ကြိုးများကို ဓားမြှောင်နှင့် ဖြတ်ပစ်လိုက်သည်။

ပါးစပ်တွင်ဆို့ထားသော အဝတ်စကို ပြန်၍ဆွဲထုတ်လိုက်သည်။

"ဒီလိုဆို နေသာထိုင်သာ ရှိသွားတယ်မဟုတ်လား" ဟု သူက လေသံဖြင့်မေးသည်။

"အော်မယ်ပြုမယ်တော့ မကြံလိုက်နဲ့၊ အဲဒီလိုလုပ်ရင်တော့. . ဒီချာတိတ် အသက်ပျောက်ပြီသာ မှတ်ပေတော့၊ ငါပြောတာ နားလည်တယ်မဟုတ်လား"

သူမက ခေါင်းညိတ်လိုက်သည်။

"ကလေး ကလေး၊ သူ့ကိုလဲ လုပ်ပါဦး၊ သူ့ခမျာ အသက်ရှူကျပ်နေရှာတော့မယ်"

"အဲဒါ မင်းအပေါ်မှာ တည်တယ်"

သူက ရှရှန်အား ကားပေါ်မှဆွဲချပြီး ကားဘေးတွင် ရပ်ခိုင်းလိုက်သည်။

သူမ၏ မျက်နှာပေါ်သို့ ဆီးနှင်းတွေ အဆုပ်လိုက် အဆုပ်လိုက် ကျလာသည်။

ခေါင်းထဲတွင်လည်း မူးနောက်ရီဝေနေသည်။

ခြေနှင့်လက်တွေက အားမရှိသလို ခွေနုံးနေသည်။

"ကဲ. . . ဒါကိုဝတ်လိုက်"

သူမအပေါ် ခြုံလွှမ်းထားခဲ့သော ကုတ်အင်္ကျီအဟောင်းကြီး။ သူမက လက်တစ်ဖက်မြှောက်ပေးလိုက်သည်။ သူက အင်္ကျီကို စွပ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ချွေးပုပ်စော်ကလည်း နံလိုက်သည့် ဖြစ်ခြင်း။ အနံ့ချင်စရာကြီး။

"ပြီးတော့. . . ဒီပဝါကို ခေါင်းပေါ်ကခြုံလိုက်ပါဦး"

ပဝါက အကြီးကြီး။ သူမကနှစ်ခေါက်ခေါက်ပြီး ခေါင်းပေါ်မှ ခြုံလိုက်သည်။

ပြီးတော့ မေးစေ့တွင် စုချည်ထားလိုက်သည်။

"ကားပေါ်ပြန်တက်၊ မြန်လေကောင်းလေပဲ၊ ဒါမှ ချာတိတ်ပါးစပ်ထဲက အဝတ်စ မြန်မြန်ပြန်ထုတ်နိုင်မယ်"

သူက သူမအား ကားရှေ့ပိုင်းသို့ ခပ်ကြမ်းကြမ်းကလေး တွန်းတင်လိုက်သည်။

ကင်းဘတ်အိတ်ကြီးက ဆိုဖာခြေရင်းမှာ။ သူမက အိတ်ကြီးကို မတိုက်မိအောင် ခြေထောက်ကို ကျုံ့ကျုံ့ကလေးကွေးထားသည်။ ပြီးတော့ ကိုယ်ကိုကုန်းပြီး အိတ်ကြီးကို လက်နှင့်စမ်းကြည့်သည်။ နီးလ်ကလေး၏ခေါင်းကို စမ်းမိသည်။ အိတ်ကြီးတွင် ထိပ်ဝကြိုးကို ဆွဲချည်မထားတာ တော်ပါသေးရဲ့။ ဒါမှ ကလေးအသက်ရှူနိုင်မှာ။

"နီးလ်. . . အန်တီရှိတယ်နော်၊ ဘာမှမစိုးရိမ်နဲ့"

သူမက တိုးတိုးကလေး ပြောလိုက်သည်။

သူကလေး အသက်မှရှိပါသေးရဲ့လား။ လှုပ်လှုပ်ရှားရှားလုပ်တာလည်း ဘာမှမတွေ့ရဘူး။ အို. . . ဘုရားသခင် ကယ်တော်မူပါ။

လူစိမ်းသည် ကားရှေ့ပိုင်းသို့ လျှောက်လာပြီး ဒရိုင်ဘာထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် ကားကို စက်နှိုးသည်။

ကားသည် ရှေ့သို့ ဖြည်းဖြည်းချင်း ရွေ့သွားနေသည်။ မြို့ထဲရောက်လာပြီ။

ယင်းအသိကြောင့် ရှရွန်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

*ဘာမှမလှုပ်နဲ့၊ ငြိမ်ငြိမ်နေ၊ ငြိမ်ငြိမ်နေ၊ သူ ပြောသလိုလုပ်။*

ကားသည် ဘရုတ်ဝေးလမ်းမကြီးသို့ ဝင်လာသည်။ တိုင်းစကွဲယားရင်ပြင်မှ နာရီကြီးကို မြင်ရသည်။ (၇း၂၀) နာရီ။ (၇း၂၀) နာရီပဲရှိသေးသည်။

လွန်ခဲ့သောညက သည်အချိန်တွင် သူမသည် ဝါရှင်တန်မှ အိမ်သို့ ပြန်ရောက်စသာ ရှိသေးသည်။ ရေမိုးချိုးပြီးတော့ အမောပြေ ဝိုင်အရက်ဖန်ခွက်ကို ဖြည်းဖြည်းချင်း စုပ်သောက်နေသည်။ သူမ၏စိတ်အာရုံသည် စတီးဗ်ပက်တာဆင်သို့ ရောက်သွားသည်။

စတီးဗ်ကို အောက်မေ့မိသည်။ သူနှင့်မတွေ့ရတာ သုံးပတ်တောင် ရှိသွားပြီ။

ထိုနေ့က သူသည် သူမထံ ဖုန်းဆက်သည်။ သူ့အသံတွင် ဝမ်းသာခြင်းနှင့် စိုးရိမ်ခြင်း နှစ်မျိုးစလုံးရောထွေးနေသည်။ စကားကိုလည်း တိုတိုပင်ပြောသည်။

"ဟိုင်း နေကောင်းတယ်နော်၊ အဲဒါသိချင်လို့ လှမ်းဆက်ကြည့်တာပါ၊ ရာသီဥတုက သိပ်ဆိုးတာပဲ၊ မနက်မှ စတူဒီယိုမှာ တွေ့ကြမယ်"

သူက ခဏတုံ့ဆိုင်းနေပြီးမှ "မင်းကို ငါသိပ်ပြီး အောက်မေ့နေပြီ၊ မနက်ဖြန်ည ကျတော့ ငါ့အိမ်ကို ဆက်ဆက်လာဖို့ မမေ့ပါနဲ့နော်"

သူမက ဖုန်းပြန်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် စကားပြောလိုက်ရတော့မှ သူ့ကို တွေ့ချင်စိတ်က ပို၍ပြင်းပြလာသည်။

ဩော်. . . စတီးဖ်. . . စတီးဖ်၊ သူအိမ်ပြန်ရောက်လို့ ငါနဲ့နီးလ်တို့ကို မတွေ့ရင် ဘယ်လောက်များ ခံစားရလိမ့်မလဲနော်။

သူတို့ကားသည် ဆဋ္ဌမအဲဗင်းနယူးလမ်းပေါ်တွင် အချက်ပြမီးနီနှင့် လာတိုးသည်။ သူတို့ဘေးမှ ကင်းလှည့်ရဲကားတစ်စီး ကပ်လိုက်လာသည်။ ဒရိုင်ဘာရဲသားကလေးသည် သူ့ဦးထုပ်ကို ရှေ့သို့ငိုက်၍ ပြန်ဆောင်းလိုက်သည်။ ရဲသားက ပြတင်းပေါက်မှအပြင်ဘက် လှမ်းကြည့်သည်။ သို့သော် သူက အမှတ်တမဲ့ ရှရွန်ကို မြင်မိပုံမရ။

ကားဘီးတွေ တဖြည်းဖြည်း လိမ့်လာသည်။ ရှရွန်က ရဲသားမျက်နှာကို လိုက်ကြည့်နေသည်။ သူမအခြေအနေကို မြင်ပြီး ရဲသားက တစ်စုံတစ်ရာ သံသယဝင်လာလေမလားဟု မျှော်လင့်သောကြောင့် ဖြစ်သည်။

သူမနံရိုးကို တစ်စုံတစ်ရာ လာထိသည်။ သူမက ငုံ့ကြည့်လိုက်သည်။

လူစိမ်းက သူမဘေးကို သေနတ်ပြောင်းနှင့် ထောက်ထားသည်။

"သူတို့အရိပ်ကျသွားရင် မင်းအရင်သေပြီမှတ်၊ ပြီးတော့ ကလေးအလှည့်ပဲ"

သူက နှစ်ကိုယ်ကြားလေသံဖြင့် ပြောလိုက်သည်။

သူတို့ကား ရှေ့သို့ကျော်တက်လာသည်။ ရဲကားက နောက်မှာကျန်ရစ်သည်။ ရဲကားခေါင်မိုးပေါ်မှ အချက်ပြမီး လင်းလာသည်။ အချက်ပြဥသြဆွဲသံတွေ ပေါ်ထွက်လာသည်။

အို. . . ဘုရားသခင်။

ရဲကားသည် စက်ကုန်ဖွင့်ပြီး သူတို့ကားကို ကျော်တက်ကာ လမ်းကွေ့ကို ချိုးဝင်ပျောက်ကွယ်သွားသည်။ သူတို့ကားက ပဥ္စမအဲဗင်းနယူးလမ်းထဲ ချိုးဝင်လာသည်။

လူသွားလူလာနှင့် ကားသွားကားလာ မရှိသလောက် ရှင်းနေသည်။

လေက ထန်လာသည်။ ဆီးနှင်းကလည်း သည်းလာသည်။

ကားသည် ဘယ်ဘက်သို့ကွေ့ပြီး (၄၄)လမ်းထဲ ဝင်လိုက်သည်။ သူဘယ်များမောင်းနေပါလိမ့်။ သည်လမ်းက လူသွားလူလာများသည်။ လမ်းထိပ်တွင် ဂရင်းဘူတာကြီးရှိသည်။

သည်အကြောင်း သူများ မသိလေသလား။

လူစိမ်းသည် နှစ်ပြလောက်မောင်းပြီး ဗန်ဒါဘစ်လ်အဲဗင်းနယူးလမ်းထဲ ဝင်လာခဲ့သည်။ ပြီးတော့ လက်ယာဘက်ချိုးလိုက်သည်။ သူသည် ဘစ်လ်မိုးဟိုတယ်နှင့် မျက်စောင်းထိုးတွင် ကားကို ရပ်လိုက်သည်။ ထိုနေရာသည် ဘူတာကြီးနှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။

"တို့ ဒီမှာဆင်းရမယ်"

သူက တိုးတိုးပြောသည်။

"ဘူတာထဲကို သွားမယ်၊ ငါ့ဘေးက ကပ်ပြီးလျှောက်၊ အမူအရာ လုံးဝမပျက်စေနဲ့၊ ငါက အိတ်ကိုလွယ်သွားမယ်၊ တစ်ယောက်ယောက်က အရိပ်ကျသွားရင်တော့ ချာတိတ်ကို ဓားစာကျွေးပြီးသာမှတ်"

သူက ရှရွန့်မျက်နှာကို ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေ အရောင်တလက်လက်ထွက်နေသည်။
ပါးရိုးကြီးတွေ ငေါထွက်လာသည်။
"ငါပြောတာ နားလည်ရဲ့လား"
သူမက ခေါင်းညိတ်သည်။ သူပြောတာ ကလေးများ ကြားသွားပြီလား။
"ခဏ. . . ခဏ"
သူက သူမကို စိုက်ကြည့်နေသည်။
ပြီးတော့ ကားရှေ့ပိုင်းမှ နေကာမျက်မှန်ကို ယူလိုက်သည်။
"ဒါကိုတပ်"

ကားတံခါးဖွင့်ပြီး ဘေးဘီကို မျက်လုံးကစားကြည့်လိုက်သည်။ ကားပေါ်မှ ဆင်းလိုက်သည်။ တစ်လမ်းလုံး တိတ်ဆိတ်နေသည်။ လူသွားလူလာ လုံးဝကင်းမဲ့နေသည်။ ဘူတာရုံရှေ့တွင် အငှားကား သုံးလေးစီး ရပ်ထားသည်။

"သူက တို့နှစ်ယောက်ကို ရထားနဲ့ခေါ်သွားမယ်နဲ့တူတယ်၊ အဲဒါဆိုရင် တို့ဘယ်ရောက်နေတယ်ဆိုတာ ဘယ်သူမှ သိတော့မှာမဟုတ်ဘူး" ဟု . . .

ရှုရွန်က တွေးပူလိုက်မိသည်။

သူမ၏ ဘယ်ဘက်လက်တွင် ရုတ်တရက် တစ်စုံတစ်ရာ စူးစူးရှရှ ခံစားလိုက်ရသည်။

***လက်စွပ်။***

***စတီးဖ်ထံမှ ခရစ္စမတ်လက်ဆောင်အဖြစ် ပေးထားသော ကြောင်လက်စွပ်။***

သူမလက်ကို ကြိုးချည်တုန်းက လက်စွပ်သည် ဘေးကိုစောင်းသွားပြီး အစွန်းထွက်နေသောရွှေစက လက်ရှခြင်းဖြစ်သည်။ သူမသည် လက်စွပ်ကို အမှတ်မထင် ချွတ်လိုက်မိသည်။ ပြီးတော့ လက်စွပ်ကို ဆိုဖာတစ်နေရာတွင် တင်ထားလိုက်သည်။

ကားပေါ်မှ ဒယီးဒယိုင်ဆင်းသည်။ ကားဘေးတွင် ရပ်လိုက်သည်။ လူစိမ်းက သူမ၏လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားသည်။ သူက ကားထဲသို့ ငုံ့ကြည့်ပြီး ပါးစပ်ကိုဆို့သောအဝတ်နှင့် စောစောက သူဖြတ်ထားခဲ့သော ကြိုးစများကို ကောက်ယူလိုက်သည်။ ရှုရွန်သည် ရင်တဒိတ်ဒိတ် ခုန်နေမိသည်။ တော်ပါသေးရဲ့။ သူ လက်စွပ်ကို တွေ့မသွားဘူး။

သူသည် ကိုယ်ကို ရှေ့သို့ကုန်းပြီး ကင်းဘတ်အိတ်ကြီးကို လှမ်းယူသည်။ ထိပ်ပိတ်ကြိုးကို စုဆွဲပြီး အစနှစ်ဖက်ကို ချည်လိုက်သည်။ နီးလ်လေးခမျာ အသက်ရှူ ကျပ်နေရှာရော့မည်။

"ဒီမှာကြည့်စမ်း"

ရှုရွန်က သူ့လက်ထဲမှ ဓားမြှောင်ကို စိုက်ကြည့်နေသည်။

"မဟုတ်တာ လုပ်မယ်တော့ မကြံနဲ့၊ ဒီဓားနဲ့ ချာတိတ်ရဲ့အသည်းကို ဖောက်ခွဲပစ်လိုက်မှာ၊ သိရဲ့လား"

ထို့နောက် ရှုရွန်၏တံတောင်ကို သူ့လက်နှင့် ဆုပ်ကိုင်ပြီး နှစ်ယောက်သား ဘေးချင်းကပ်လျှောက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘူတာဆီသို့ ခပ်သုတ်သုတ် လျှောက်လာသော ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်။ ဝတ်စားထားသော အဝတ်အစားတွေကလည်း သာမန်အပေါစားတွေ။ လက်ဆွဲသေတ္တာတွေ ဘာတွေလည်း မပါ။ ယောကျ်ားဖြစ်သူက ကင်းဘတ်အိတ်ကြီးတစ်လုံးကိုသာ ပခုံးတွင်လွယ်ထားသည်။ သည်လိုအနေအထားမျိုးတွင် သူတို့ကို ဘယ်သူကမှ အရေးတယူ လှည့်ကြည့်နေမည် မဟုတ်။

နေကာမျက်မှန်တပ်ထားသည့်တိုင်အောင် ဘူတာထဲမှ မီးရောင်ကြောင့် ရှရွှန်၏ မျက်လုံးများ ကျိန်းစပ်သွားသည်။ သူတို့သည် ဘူတာရုံအပေါ်မှ စကြ်ံလမ်းတွင် ခေတ္တရပ်လိုက်ကြသည်။ လက်ဝဲဘက် သူတို့နှင့် မလှမ်းမကမ်းတွင် သတင်းစာအရောင်းဆိုင်တစ်ဆိုင်ရှိသည်။ သတင်းစာရောင်းသူက သူတို့ကို တစ်ချက်လှည့်ကြည့်သည်။ သို့သော် ထူးခြားသောအမူအရာတစ်စုံတစ်ရာမပြ။

ထို့နောက်. . အောက်ဘက် မြေညီလမ်းပေါ်သို့ ဆင်းလာကြသည်။ ရှရွှန်က ကိုဒက်ဖလင် ကြော်ငြာဆိုင်းဘုတ်ကြီးကို မော့ကြည့်လိုက်သည်။ ဆိုင်းဘုတ်စာတန်းက "ရောက်လေရာတွင် အလှကို မိအောင်ဖမ်းပါ" တဲ့။

သူမက စာတန်းဖတ်ပြီး မချိပြုံး ပြုံးလိုက်မိသည်။

မိအောင်ဖမ်းပါ၊ မိအောင်ဖမ်းပါ။

ဘူတာရုံအလယ် ပြန်ကြားရေးရုံးပေါ်မှ တိုင်ကပ်နာရီကြီးကို မြင်ရသည်။

ခုနစ်နာရီ (၂၉) မိနစ်ရှိသွားပြီ။ စတီးဖ်က ခုနစ်နာရီခွဲ ရထားစီးမယ်။ ဒီအချိန်ဆို သူ ဒီနေရာရောက်နေရှာမယ်။ ရထားပေါ်များ ရောက်နေပြီလား မသိဘူး။ ဒီအတိုင်းဆို နောက်တစ်မိနစ်အတွင်းမှာ သူ ဒီနေရာက ထွက်သွားတော့မှာ။

စတီးဖ်ရေ. . . စတီးဖ်ရေ. . . ကျွန်မတို့ကို အမြန်လာကယ်ပါဦး။

သူမသည် စိတ်ထဲကကျိတ်ပြီး သံကုန်အော်လိုက်မိသည်။

ပါးစပ်ကတော့ ဘာသံမှ ထွက်မလာ။

လက်ကြမ်းကြီးက သူမလက်ကို ပြုတ်တူကြီးလို လာညှပ်သည်။

"အောက်ဘက်ကို ဆင်းမယ်"

သူက သူမအား အောက်ဘက်ရထားလမ်းဆုံသို့ စကြ်ံလှေကားအတိုင်း ဆွဲခေါ်လာသည်။ ထိုအချိန်တွင် စကြ်ံတွင် လူသူရှင်းနေပြီ။ ရထားပေါ် တက်ကုန်ကြပြီ။

သူမ မြေကြီးပေါ်သို့ ပစ်လှဲပြီး လူတွေမြင်အောင် လုပ်လိုက်ရ ကောင်းမည်လား။ မဖြစ်. . . မဖြစ်။ သည်လိုလုပ်လို့ မဖြစ်။

သူမအနေဖြင့် ဘာမှမဖြစ်သည်ဘဲ ထားဦး၊ ကင်းဘတ်အိတ်ကြီးထဲမှ နီးလ်ကလေး၏အသည်းကြားကို ဓားသွားဝင်သွားမည်မှာတော့ သေချာသည်။

သူတို့သည် အောက်ထပ်သို့ ရောက်လာကြသည်။ လက်ယာဘက်တွင် 'အိုဂိုက်စတာ' အရက်ခန်း မျက်နှာစာကို မြင်ရသည်။ သူမနှင့် စတီးဖ်တို့သည် လွန်ခဲ့သောလအတွင်းက သည်ဆိုင်တွင် နေ့လယ်စာ လာစားဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"စတီးဖ် . . ကျွန်မတို့ကို လာကယ်ပါဦး လာကယ်ပါဦး"
သူမက အသံတိတ် ရေရွတ်လိုက်မိသည်။
လူစိမ်းက သူမအား လက်ဝဲဘက်သို့ တွန်းလိုက်သည်။
"ဟိုဘက်ကိုသွားမယ် မြန်မြန်လျှောက်"
စကြံအမှတ်(၁၁၂)အပေါ်တွင် 'မောင့်ဗာန္ဒုန်သို့ (၈း၁၀)နာရီထွက်မည်' ဟူ၍ စာတန်းဆွဲထားသည်။ မကြာမီက ရထားတစ်စီးထွက်သွားပြီ။
သူ ဘယ်များ သွားမှာပါလိမ့်။
လက်ဝဲဘက် ခပ်လှမ်းလှမ်း သံလမ်းတစ်နေရာတွင် အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် အဘွားကြီးတစ်ယောက် လျှောက်လာသည်။ လက်တစ်ဖက်တွင် ဈေးခြင်းကြီးဆွဲထားသည်။ အဘွားကြီးက သူတို့ကို စပ်စပ်စုစု ကြည့်နေသည်။
"ဟန်မပျက် ဆက်လျှောက်"
စကြံအမှတ် (၁၁၂)သို့သွားသော ကုန်းလျှောလမ်းပေါ် လျှောက်လာကြသည်။ သံလမ်းပေါ်လျှောက်နေသော ခြေသံများ ကြားနေရသည်။ အခြား လူသံသူသံတွေ တဖြည်းဖြည်း တိတ်သွားသည်။ စကြံပေါ်တွင် လူသွားလူလာ မရှိ။
"ဒီဘက်ကိုလှည့်"
သူက ရှုရွန်၏လက်ကို လှမ်းကိုင်ပြီး စကြံလမ်းဆုံးကို ခပ်မြန်မြန် ကွေ့လျှောက်လာသည်။ တခြားကုန်းလျှောလမ်းတစ်ခုပေါ်သို့ ရောက်လာသည်။
သူ ဘယ်များ သွားမှာပါလိမ့်။
မီးရောင်က မှိန်နေသည်။ နေကာမျက်မှန်ကြောင့် ခပ်ဝါးဝါးသာ မြင်ရသည်။
တဖြည်းဖြည်းနှင့် မြေအောက်လမ်းဆုံးသို့ ရောက်လာကြသည်။ ရထားသံတွေ သဲ့သဲ့ကြားရသည်။ ဥမင်ရထားလမ်း ဖြစ်နိုင်သည်။ အင်္ဂတေကြမ်းပြင်သည် တဖြည်းဖြည်း လျှောဆင်းလာသည်။ လျှောက်ရင်း လျှောက်ရင်း လမ်းက ကျယ်ကျယ်လာသည်။ ပိုက်လုံးကြီးများ၊ သံချောင်းများနှင့် စက်ခေါင်းများ တွေ့ရသည်။
လက်ယာဘက်သို့ ကွေ့လိုက်သည်။
ပေနှစ်ဆယ်ခန့်တွင် လှေကားကျဉ်းကလေးတစ်ခု မြင်ရသည်။
"ဟိုမှာတွေ့ပြီ မြန်မြန်လျှောက်"
သူ့အသက်ရှူသံ ပြင်းပြင်းကြားရသည်။ ရှုရွန်က လှေကားပေါ်တက်ရင်း လှေကားထစ်တွေ ရေတွက်လာခဲ့သည်။ (၁၀)ထစ်၊ (၁၁)ထစ်၊ (၁၂)ထစ်။
မြေညီထပ်သို့ ရောက်လာသည်။ ရှေ့တွင် သံတံခါးကြီးက ကာဆီးထားသည်။
"ဖယ်စမ်း"
သူက သူမအား ဘေးသို့တွန်းလိုက်သည်။
ပခုံးပေါ်မှ ကင်းဘတ်အိတ်ကြီးကို အောက်သို့ချပြီး သူမကို ကြည့်နေလိုက်သည်။ နဖူးပြင်တွင် ချွေးသီးချွေးပေါက်များ စို့နေသည်ကို အလင်းရောင်မှိန်မှိန်တွင် မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက သော့ကိုထုတ်ပြီး သော့ခလောက်ကို ဖွင့်သည်။ တံခါးရွက်ကို တွန်းဖွင့်ပြီး သူမအား အခန်းထဲသို့ တွန်းပို့လိုက်သည်။ သူက ကင်းဘတ်အိတ်ကိုပြန်ကောက်ပြီး အခန်းထဲ ဝင်လာသည်။ တံခါးကို ပြန်ပိတ်လိုက်သည်။ မီးခလုတ်ဖွင့်သံ ကြားလိုက်ရသည်။

စက္ကန့်ဝက်ခန့်ကြာမှ ခေါင်းပေါ်မှ မှုန်ဝါးဝါး အလင်းရောင်ပေါ်လာသည်။

ရှုရှန်က ညစ်ပတ်ပေရေနေသော အခန်းထဲတွင် မျက်လုံးကစားကြည့်လိုက်သည်။ ရေတစက်စက်စိမ့်ထွက်နေသော ပိုက်ခေါင်း၊ ယိုင်နဲ့နေသော ခေါက်ခုတင်၊ အဖုံးပွင့်နေသော သေတ္တာဟောင်းကြီး။

"ကျွန်မတို့ ဘယ်ရောက်နေတာလဲ၊ ကျွန်မတို့ကို ဘာလုပ်မလို့လဲဟင်"

ရှုရှန်က စိုးရိမ်သံဖြင့် တိုးတိုးကလေး မေးလိုက်သော်လည်း အခန်းကျဉ်းကလေးထဲတွင် ပဲ့တင်သံ ဖြစ်ပေါ်သွားသည်။

သူမ၏အမေးကို လူစိမ်းက ပြန်မဖြေ။ သူက သူမအား ရှေ့သို့တွန်းဖယ်လိုက်ကာ ကင်းဘတ်အိတ်ကို ကောက်ယူပြီး ခုတင်ပေါ်တွင် တင်လိုက်သည်။ ရှုရှန်က ခုတင်ဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး အိတ်ထိပ်ဝတွင် စုချည်ထားသော ကြိုးကို ကမန်းကတန်းဖြေသည်။ နီးလ်ကလေး၏ ဦးခေါင်းပေါ်လာသည်။ သူမက ကလေးကို အိတ်ထဲမှ အသာအယာဆွဲထုတ်ကာ ပါးစပ်တွင် ပိတ်ထားသော ပတ်တီးစကို ညင်ညင်သာသာ ဆွဲခွာသည်။

ကလေးငယ်သည် အသက်ပြင်းပြင်းရှူကာ မောဟိုက်နေသည်။

"မခွာနဲ့. . . ပတ်တီးကို မခွာနဲ့၊ အဲဒီအတိုင်းပဲထား"

လူစိမ်းက အသံမာမာဖြင့် အမိန့်ပေးလိုက်သည်။

"မလုပ်ပါနဲ့ရှင် ကလေးက အသက်ရှူကျပ်နေပါပြီ၊ သူ့ခမျာ ရင်ကျပ်နာရှိလို့ပါ"

သူမက မျက်နှာကို မော့ကြည့်လိုက်သည်။ မြင်လိုက်ရသောမြင်ကွင်းကြောင့် သူမ လန့်ပြီး မအော်မိအောင် နှုတ်ခမ်းကို တင်းတင်းကိုက်ထားလိုက်ရသည်။

ခုတင်ပေါ်မှ နံရံတွင် တိပ်နှင့်ကပ်ထားသော ပိုစတာကားချပ်ကြီးသုံးခု။

ပထမပိုစတာတွင် မိန်းမရွယ်တစ်ယောက်သည် အလန့်တကြားဖြစ်နေသော မျက်နှာထားဖြင့် နောက်ပြန်လှည့်ကြည့်ရင်း လက်နှစ်ဖက်ကို မြှောက်ကာ သွေးရူးသွေးတန်း ပြေးနေသောပုံ။ ဒုတိယပိုစတာတွင် ရွှေရောင်ဆံပင်နှင့် မိန်းကလေးတစ်ယောက်သည် ကားတစ်စီး၏ ဘေးတွင် ခြေလက်ကားရားနှင့် ပေါလောပက်လက်လဲကျနေသောပုံ။

တတိယပိုစတာတွင် ဆံပင်နက်နက်နှင့် လူမမယ် မိန်းကလေးတစ်ယောက်သည် လည်ပင်းကို လက်တစ်ဖက်ဖြင့်ညှစ်ကာ မျက်လုံးမျက်ဆန်ပြူးပြူးနှင့် ကြောင်ကြောင်ကြီး ရပ်ကြည့်နေပုံ။

www.burmeseclassic.com

www.burmeseclassic.com

## ၁၃

အဘွားကြီးလာလီသည် လွန်ခဲ့သော နှစ်ပေါင်းတော်တော်ကြာကြာက နီဘရာစကာပြည်နယ်တွင် ကျောင်းဆရာမ လုပ်ခဲ့ဖူးသည်။ နောက်ပိုင်းတွင် ပင်စင်ယူပြီးနောက် နယူးယောက်မြို့သို့ အလည်အပတ် ခရီးထွက်လာခဲ့သည်။ ထိုအချိန်မှစ၍ သူမသည် မိမိနေရပ်သို့ လုံးဝမပြန်တော့။

ဂရင်းဘူတာရုံကြီးသို့ သူမရောက်လာသောညသည် သူမ၏ဘဝတွင် အမှတ်ထင်ထင်ပြောင်းလဲမှုကြီးတစ်ရပ် ဖြစ်ခဲ့လေသည်။

သူမအဖို့ မြင်ရသမျှ အထူးအဆန်းဖြစ်နေပြီး တောင်ကြည့်မြောက်ကြည့်ဖြင့် လူအုပ်ကြီးထဲတွင် အဖော်မပါတစ်ကိုယ်တည်း မယောင်မလည် လျှောက်သွားနေမိသည်။

ထို့နောက် ပစ္စည်းအပ်နှံရာဌာနတွင် သူမ၏ လက်ဆွဲသေတ္တာကို အပ်နှံသည်။ အမျိုးသမီးရေချိုးခန်းတွင် ရေဝင်ချိုးသည်။ ပုံပျက်ပန်းပျက် အညိုရောင်သက္ကလတ်စကတ်နှင့် ဆွယ်တာထူကြီးကို ဝတ်သည်။ အဖြူရောင်သန်းစပြုနေပြီဖြစ်သော ဆံပင်တိုတိုကို စိတ်တိုင်းကျဖြီးသင်ပြီး မေးစေ့ပျောက်နေသော မျက်နှာဝိုင်းဝိုင်းကြီးပေါ်တွင် မိတ်ကပ်ပေါင်ဒါဖို့သည်။

ပြီးတော့. . . သူမသည် အထူးအဆန်းတွေ့နေသော ကလေးငယ်တစ်ယောက်ပမာ ကြိတ်ကြိတ်တိုးနေသော လူအုပ်ထဲဝင်ကာ ခြောက်နာရီခန့်အထိ လှည့်ပတ်လျှောက်ကြည့်ပစ်လိုက်သည်။

ညနေစာကို လမ်းဘေးအပေါစားဆိုင်တွင် ဝင်စားပြီးနောက် ဘူတာကြီးဧည့်ခန်းဆောင်သို့ ပြန်လာကာ တစ်နေရာတွင် ဝင်ထိုင်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လေ့လာနေသည်။ သူမနှင့် ခပ်လှမ်းလှမ်းတွင် တကျည်ကျည် အော်ငိုနေသော ကလေးငယ်အား နို့တိုက်နေသော မိန်းမရွယ်တစ်ယောက်။ မျက်နှာချင်းအပ် ကိုယ်ချင်းကပ်ကာ ချစ်တင်းနှောနေသော မောင်နှံပျိုတစ်စုံ။ ခေါင်းချင်းဆိုင်ကာ ဖဲကစားနေကြသော လူလေးယောက်။

အဘွားကြီးလာလီသည် နေရာတွင်ထိုင်ကာ ၎င်းတို့လူသိုက်အား စိတ်ဝင်စားစွာဖြင့် အကဲခတ်ကြည့်ရှုနေသည်။ ဧည့်ခန်းထဲသို့ လူတွေဝင်လာလိုက် ပြန်ထွက်သွားလိုက်ဖြင့် ရှုပ်ယှက်ခတ်နေကြသည်။

ည (၁၂)နာရီလောက်ရောက်တော့ တဖြည်းဖြည်းနှင့် လူဇတွပါးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာတွင် ယောက်ျားခြောက်ယောက်နှင့် ပိန်သေးသေး မိန်းမတစ်ယောက်တို့ စုထိုင်ပြီး ဖွာကျယ်ဖွာကျယ် စကားပြောနေကြသည်။

ထိုမိန်းမကြီးက လာလီကို လှည့်ကြည့်သည်။ သူတို့အုပ်စုကို အဘွားကြီးလာလီ ထိုင်ကြည့်နေကြောင်း အကဲခတ်မိပုံရသည်။

ခဏကြာတော့ ထိုမိန်းမကြီးသည် ထိုင်ရာမှထကာ လာလီဆီသို့ လျှောက်လာသည်။

"ရှင်က ဧည့်သည်လား"

သူမ၏အသံက မာသည်။ သို့သော် မျက်နှာအမူအရာကတော့ ချိုသာသည်။

သူမသည် စောစောတုန်းက အမှိုက်ပုံးထဲမှ သတင်းစာတစ်စောင်သွားယူသည်ကို လာလီ မြင်လိုက်ရလေသည်။

"ဟုတ်ပါတယ်"

အဘွားကြီးလာလီက ယဉ်ယဉ်ကျေးကျေးပင် ပြန်ဖြေလိုက်သည်။

"ဘယ်သွားမှာလဲ၊ တည်းစရာရှိသလား"

"မရှိပါဘူး"

တကယ်တော့ အဘွားကြီးလာလီသည် တည်းခိုခန်းတစ်ခုတွင် စာရင်းပေးထားပြီး ဖြစ်သည်။ သို့သော်လည်း အမှတ်မထင် နှုတ်မှထွက်သွားခြင်း ဖြစ်သည်။

"ခုပဲ ရောက်လာတာလား"

"ဟုတ်ပါတယ်"

"ပိုက်ဆံကော ပါရဲ့လား"

"နည်းနည်းပဲပါတယ်"

သည်အချက်ကိုလည်း သူမက ညာပြောလိုက်သည်။

"အဲလေ ဘာပဲဖြစ်ဖြစ်၊ ဘာမှမပူပါနဲ့၊ ကျုပ်တို့နဲ့နေရင် ဖြစ်ပါတယ်၊ ကျုပ်တို့ ကူညီပါ့မယ်၊ ကျုပ်တို့က ဒီမှာ ဌာနေတွေပဲ"

သူမက သူ့လူအုပ်ဘက်သို့ လက်ညှိုးထိုးပြသည်။

"ဒါဖြင့် ရှင်တို့က ဒီအနီးအနားမှာ နေတာလား"

အဘွားကြီးလာလီက ပြန်မေးလိုက်သည်။

မိန်းမကြီးက မျက်ပေါက်ကျဉ်းကျဉ်းနှင့်ပြုံးပြသည်။

သွားတွေက မည်းချိပ်နေသည်။

"မဟုတ်ဘူး၊ ကျုပ်တို့က ဒီအနီးအနားမှာ နေတာမဟုတ်ဘူး၊ ဒီဘူတာရုံမှာပဲနေတာ၊ ကျုပ်နာမည်က ရှိစ်ဘီဒွဲလို့ခေါ်တယ်"

အဘွားကြီးလာလီသည် အသက် (၆၂)နှစ်ရှိပြီ။ သူမတစ်သက်တွင် ရင်းနှီးသော မိတ်ဆွေဟူ၍ တစ်ယောက်မျှ မရှိခဲ့စဖူး။ ရှိစ်ဘီဒွဲက သူမ၏ဘဝကို ပြောင်းလဲပစ်လိုက်သည်။

ရှိစ်ဘီဒွဲက သူမအား တွေ့လျှင်တွေ့ချင်းပင် ခင်မင်ရင်းနှီးသော 'ဌာနေ' အပေါင်းအသင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူမသည် အပ်ထားသော သေတ္တာကို ပြန်ရွေးလာပြီး ရှိစီတို့အဖွဲ့ထဲ ဝင်လိုက်သည်။ ရှိစီက သူမ၏ အဝတ်အစားပစ္စည်းပစ္စယမှန်သမျှကို သေတ္တာနှင့်မထည့်။ သေတ္တာလည်း မရှိ။ ဈေးဝယ်ပလတ်စတစ်အိတ်များတွင်သာ ဖြစ်သလို ထိုးသိပ်ထားသည်။

နောက်တော့ အဘွားကြီးလာလီကလည်း ရှိစီအတိုင်းပင်လိုက်လုပ်တော့သည်။

မကြာမီတွင် ရှိစီ၏တစ်နေ့တာလုပ်ငန်းစဉ်ကို သိလာရသည်။

လမ်းဘေး အပေါ်ဆုံးဆိုင်တွင် ထမင်းစားသည်။ အများသုံးရေဘုံပိုင်တွင် ရေချိုးသည်။ အပေါ်စား တည်းခိုခန်းတွင် အိပ်သည်။ ဒါမှမဟုတ် ကယ်တင်ရေးတပ်ဖွဲ့တွင် သွားအိပ်သည်။ နောက်ဆုံး မတတ်သာလျှင် ဘူတာရုံရှိ သူမ၏ ကိုယ်ပိုင်လျှို့ဝှက်အခန်းကလေးတွင်အိပ်သည်။

ရှိစီသည် နောက်ဆုံးနေရာကို အဘွားကြီးလာလီအား လုံးဝမပြော။ လျှို့ဝှက်ထားသည်။ သို့သော်လည်း အဘွားကြီးလာလီက ပင်ကိုအားဖြင့် စပ်စုသူဖြစ်တော့ မကြာမီမှာပင် **ရှိစီ၏လျှို့ဝှက်ချက်ကို** သိလာသည်။

သူမသည် ဘူတာကြီးတွင် ရှိသမျှနေရာတိုင်းကို ရောက်သည်။ မြေပေါ်မြေအောက် အခန်းတိုင်းကို အခွင့်သာလျှင်သာသလို တစ်ယောက်တည်း လျှောက်ကြည့်သည်။ တစ်ခါတစ်ရံ ကြုံရာအခန်းတွင် လစ်လျှင်လစ်သလို အိပ်လိုက်သည်။

သူမစိတ်အဝင်စားဆုံးကတော့ ရထားလုံခြုံရေးဝန်ထမ်းတွေက **"ဆင်ဆင်ထောင်"** ဟူ၍ နာမည်ပေးထားသော ဘူတာရုံမြေအောက်ထပ်မှ နေရာတစ်နေရာဖြစ်သည်။

ထိုနေရာတွင် လှေကားကျဉ်းကျဉ်းကလေးတစ်ခု ရှိသည်။ လှေကားခြေရင်းတွင် သော့ခတ်ထားသော အခန်းကလေးတစ်ခန်း ရှိသည်။ သော့ခလောက်မှာ ဟောင်းနေပြီ။ မည်သူမျှ အသုံးမပြုတာ ကြာပြီဖြစ်ဟန်တူသည်။

ထိုအခန်းကို အဘွားကြီးက တော်တော်စိတ်ဝင်စားသည်။ တစ်နေ့တော့ စကားစပ်မိရင်း ထိုအခန်းအကြောင်းကို လုံခြုံရေးဝန်ထမ်း ရပ်စတီးကို မယုတ်မလွန် ပြောပြလိုက်သည်။ ရပ်စတီးမှာ အဘွားကြီးနှင့် အလွန်ရင်းနှီးသူဖြစ်သည်။ ထိုအခန်းမှာ အို့ကိုစတာ အရက်ခန်းအတွက် ပန်းကန်ဆေးခန်းအဖြစ် အသုံးပြုခဲ့ကြောင်း၊ ယခုအခါ မည်သူမျှ အသုံးမပြုတော့ဘဲ အမြဲတမ်းသော့ပိတ်ထားကြောင်း၊ ထို့ကြောင့် အဘွားကြီးအတွက် ဘယ်နည်းနှင့်မျှ ရနိုင်မည်မဟုတ်ကြောင်း ရပ်စတီးက ပြောပြသည်။

သို့သော်. . . အဘွားကြီးက မရနိုင်လျှင်နေပါစေ၊ ခဏဖြစ်ဖြစ် သွားတော့ကြည့်ပါရစေဟု အတင်းပူဆာသောကြောင့် ရပ်စတီးက မနေသာတော့ဘဲ လိုက်ပြရသည်။

အဘွားကြီးက အခန်းကို မြင်မြင်ချင်း အလွန်သဘောကျသွားသည်။ ညစ်ပတ်ပေရေပြီး ဟောင်းနွမ်းယိုယွင်းနေပြီဖြစ်သော်လည်း သူမအတွက် အေးအေးလူလူ ကျောချစရာတစ်နေရာတော့ကောင်းကောင်းရသည်။ အခန်းက ကျယ်လည်းအတန်ကျယ်သည်။ မီးလည်းရှိသည်။ ရေလည်းရှိသည်။ အိမ်သာခန်းကလည်း သုံးလို့ရသည်။ သည်အခန်းသာ ရလိုက်လျှင်တော့ သူမအဖို့ လောကတွင် တခြားဘာမှမလိုတော့။



www.burmeseclassic.com

www.burmeseclassic.com



"ရပ်စတီး. . . အဘွား ဒီအခန်းမှာ အိပ်ပါရစေလား"

"ဟာ. . . အဘွားကလဲ. . . ဘယ်ဖြစ်မလဲ၊ အဘွားကို ဒီမှာအိပ်ခိုင်းရင် ကျွန်တော် အလုပ်ပြုတ်မှာပေါ့"

သို့ပေမယ့် အဘွားကြီးက ပါးသည်။ တဖြည်းဖြည်းနှင့် ရပ်စတီးကို ကပ်ပေါင်းပြီး ကြိုကြားကြိုကြားဆိုသလို ထိုအခန်းတွင် သွားအိပ်ခွင့်ရလာသည်။ တစ်နေ့တော့ အကြံတစ်ခု ပေါ်လာသည်။ ရပ်စတီးဆီက အခန်းသော့ကို အမှတ်မထင် ခေတ္တယူထားလိုက်ပြီး သော့တူ လုပ်ယူလိုက်သည်။ မကြာမီ ရပ်စတီး အလုပ်မှ အနားယူသွားသည်။

ထိုနေ့မှစ၍ ထိုအခန်းကို အဘွားကြီး အပိုင်စီးလေတော့သည်။

အဘွားကြီးသည် တစ်စတစ်စနှင့် အခန်းထဲသို့ ပစ္စည်းတွေ ခိုးသွင်းသည်။

ခေါက်ခုတင် အစုတ်တစ်လုံး၊ ဖျာစုတ်တစ်ချပ်၊ သစ်သားသေတ္တာဟောင်းကြီး တစ်လုံး။ သည်လိုနှင့် နောက်တော့ အဘွားကြီးသည် ထိုအခန်းတွင် အမြဲတမ်းနေတော့သည်။

ယခုတော့ အဘွားကြီးအဖို့ ဘယ်အရာနှင့်မှ မလဲနိုင်သော လောကစည်းစိမ်ကို ရနေတော့သည်။ တစ်စုံတစ်ရာအနှောင့်အယှက်မရှိဘဲ ရထားခုတ်သံသဲ့သဲ့ကို နားထောင် နေရင်း တစ်ယောက်တည်း အေးအေးလူလူအိပ်စက်ရသည်မှာ သက်ကြီးရွယ်အိုတစ်ယောက် အတွက် ဇိမ်အရှိဆုံးပင်ဖြစ်သည်။

တစ်ခါတစ်ရံ အိပ်ရာထဲတွင်လှဲရင်း သူမ၏ ကျောင်းဆရာမဘဝကို ပြန်တွေးမိသည်။ သူမသည် အတန်းထဲတွင် "အော်ပရာလောက၏ အနိဋ္ဌာရုံများ" စာအုပ်ကို သင်ရသည်။

သူမက ကျောင်းသူကျောင်းသားများကို မကြာခဏ ပြောလေ့ရှိသောစကားမှာ "*အော်ပရာလောကဟာ အပြင်ပန်းကကြည့်ရင် သိပ်လှတယ်၊ သိပ်ပျော်စရာကောင်းတယ်၊ ဒါပေမယ့် အထဲဝင်ကြည့်ရင်တော့ မထင်တဲ့ သီးခြားလောကတစ်ခုကို တွေ့ရလိမ့်မယ်၊ အဲဒီ လောကဟာ မှောင်မည်းနေတယ်၊ လျှို့ဝှက်ချက်တွေ၊ စိတ်ပျက်စရာအနိဋ္ဌာရုံတွေနဲ့ ပြည့်နှက် နေတယ်။ ဥပမာပြရရင် အပြင်လောကနဲ့ လုံးဝခြားနားတဲ့၊ တခြားလူတွေ လုံးဝမသိအောင် ကိုယ့်ကိုယ်ကိုယ် ဖာတ်မြှုပ်နေဖို့ကောင်းတဲ့ လောကတစ်ခုပါပဲ။ နောက်ဆုံးတော့ အော်ပရာ လောကဆိုတာ အပေါ်ယံရွှေမှုန်ကြဲ၊ အထဲက နောက်ချေးခံ လောကတစ်ခုပါဆိုတော့ . . .*" ဟူ၍ဖြစ်သည်။

ယခု သူမရောက်နေသော အခန်းကလေးသည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်လေသည်။ အပြင်လောကနှင့်လုံးဝပြတ်ကင်းနေသည်။ မည်သူမဆိုသူများတွေမသိအောင် လုပ်ချင်တာလုပ်နိုင်သော နေရာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူမကတော့ သည်အခန်းမှာ နေရတာကို ပျော်သည်။ သည်အခန်း သည် သူမအတွက် ရွှေအိမ်နန်းထက် တန်ဖိုးရှိသည်။ ဘဝ၏ကျေနပ်မှုကို အပြည့်အဝ ပေးနိုင် သည်။သို့သော် တစ်ခုတော့ စိုးရိမ်မိသည်။ ဂရင်းဘူတာရုံကြီးတစ်ခုလုံးကို ဖြိုဖျက်ပြီး ပြန်လည် ပြုပြင်ဆောက်လုပ်မည်ကိုတော့ သူမ အလွန်တွေးပူမိသည်။ ဂရင်းဘူတာကြီး ထိန်းသိမ်းရေး တော်မတီက ကြီးမှူး၍ လူထုဆန္ဒခံယူပွဲတစ်ရပ်ကို မကြာမီက လုပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအစည်းအဝေးသို့ သူမလည်း မယောင်မလည်နှင့် ရောက်သွားပြီး တစ်စွန်းတစ်စ ကပ်ရပ်နားထောင်ခဲ့သည်။ ဂျက်ကလင်းကနေဗီဒိုနာစစ်အပါအဝင် နာမည်ကြီး လူကုံထံတွေအားလုံးကပင် ဂရင်းဘူတာကြီးကို အစဉ်အလာရှေးမူမပျက် ထိန်းသိမ်းထားသင့်ကြောင်း တစ်ခဲနက်အဆိုပြုခဲ့ကြသည်။

သို့ပေမယ့် ယင်းသို့ သမိုင်းဝင်အဆောက်အအုံကြီးအဖြစ် ရှေးမူအတိုင်း ထိန်းသိမ်းထားသင့်ကြောင်း ထောက်ခံသူတွေ ရှိသလို အားလုံးကို ပြန်ဖျက်ပြီး ခေတ်သစ်ပုံစံအတိုင်း ပြန်လည် ဆောက်လုပ်လိုသူတွေကလည်း အများအပြား ရှိနေသည်ဟူသော အချက်ကို အဘွားကြီး ကောင်းစွာသဘောပေါက်သည်။ ထို့ကြောင့် အဘွားကြီးမှာ "ထာဝရဘုရားသခင်. . . ကျွန်မ၏ အခန်းကလေးကိုတော့ ကျွန်မ အသက်ထက်ဆုံး တည်တံ့အောင် စောင့်ရှောက်ပေးတော်မူပါ" ဟူ၍သာ အိပ်ရာဝင် အိပ်ရာထ အမြဲဆုတောင်းနေရတော့သည်။

အဘွားကြီးသည် ဆောင်းရာသီတွင်တော့ အဆိုပါအခန်းကလေးတွင် နေလေ့မရှိ။ အခန်းက အလွန်စိုထိုင်းပြီး မနေနိုင်အောင် ချမ်းအေးလှသည်။ သို့ပေမယ့် မေလမှ စက်တင်ဘာလအတွင်းတွင်တော့ တစ်ပတ်နှစ်ရက်လောက်စီ သွားအိပ်လေ့ရှိသည်။ တစ်ဖက်က မီးရထားရဲတွေနှင့် ရှိစ်တို့ မသိအောင်လည်း လျှို့လျှို့ဝှက်ဝှက် သွားရသေးသည်။

သည်လိုနှင့် ခြောက်နှစ်တာကာလ ကုန်လွန်သွားခဲ့သည်။ ထိုကာလသည် အဘွားကြီးလာလီအတွက် အချမ်းသာဆုံးကာလ ဖြစ်သည်။ သူမသည် လုံခြုံရေးရဲတွေအားလုံးနှင့် ရင်းနှီးလာသည်။ သတင်းစာရောင်းသူတွေနှင့် အကျွမ်းဝင်လာသည်။ ရထားအမှုထမ်းတွေနှင့် ခင်မင်လာသည်။

သူမသည် ဘူတာရုံသို့ ရောက်လာသူမှန်သမျှ၏ မျက်နှာကိုပင် မှတ်မိလာသည်။ ဘယ်သူတွေက ဘယ်အချိန်မှာ ဘယ်ရထားစီးတတ်သည်အထိ သိလာသည်။ အရက်မူးလွန်ပြီး မမီလိုက်သဖြင့် ဘူတာထဲသို့ သိုင်းကွက်နင်းဝင်လာသူတွေကိုလည်း သူမက ရင်းရင်းနှီးနှီး သိနေပြီ။

ထိုနေ့ တနင်္ဂနွေနေ့ ညနေကမူ သူမသည် ဘူတာကြီး‌ဧည့်ခန်းဆောင်တွင် ရှိစ်နှင့် ချိန်းတွေ့သည်။ သူမသည် ဆောင်းရာသီတစ်လျှောက်လုံး ရိုးဆက်ရောင်ရောဂါ ဖိစီးခံနေခဲ့ရသည်။ ထို့ကြောင့် သူမသည် သူမ၏ လျှို့ဝှက်ခန်းကလေးသို့ မသွားနိုင်ခဲ့။ သို့သော် ယခုသော် ခြောက်လခန့် ရှိသွားပြီ။ ဆောင်းလည်းကုန်ပြီ။ ထို့ကြောင့် ထိုအခန်းကလေးသို့ ပြန်သွားချင်စိတ် ပေါ်လာသည်။

"ငါ့အခန်းကလေး ဘယ်လိုများ ရှိနေပါလိမ့်မလဲ၊ ခဏဖြစ်ဖြစ် သွားကြည့်လိုက်ဦးမှ၊ သိပ်မအေးရင်လဲ တစ်ညလောက်တော့ အိပ်လိုက်မယ်" ဟူ၍ တွေးမိသည်။

သူမသည် ဘူတာကြီး မြေအောက်ထပ်လှေကားအတိုင်း ဖြည်းဖြည်းကလေး လျှောက်လာခဲ့သည်။ လမ်းတွင် လူသွားလူလာများစွာမရှိ။ သူမသည် ပတ်ဝန်းကျင်ကို သတိနှင့် အကဲခတ်ကြည့်လိုက်သည်။ ရဲတွေများ တွေ့နေမှာလား။ သည်အခန်းကို သူမအသုံးပြုနေကြောင်း ဘယ်သူမှ မသိစေချင်။ သူတို့သိသွားလျှင် သူမအနေနှင့် နေရတော့မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



စကြီအမှတ် (၁၁၂)သို့သွားသော ကုန်းလျှောလမ်းပေါ် လျှောက်လာစဉ် သူမသည် တစ်စုံတစ်ရာကို လှမ်းမြင်လိုက်ရသည်။ ကြက်သွေးရောင်အနားကွပ်နှင့် ခိုပြာရောင် ကုတ်အင်္ကျီဟောင်းကြီး။

သူမသည် ၎င်းကုတ်အင်္ကျီကြီးကို မြင်လျှင်မြင်ချင်း မှတ်မိသည်။ ထိုအင်္ကျီကို လွန်ခဲ့သောအပတ်က ဒုတိယအဲဗင်းနယူးလမ်းမှ သက်သာချောင်ချိရေးဆိုင်တွင် သူမဝယ်ဖို့ လုပ်ခဲ့သေးသည်။ ထိုဆိုင်တွင် ထိုအနားကွပ်မျိုးနှင့် ထိုအင်္ကျီတစ်ထည်သာ ရှိသည်။

ထိုအင်္ကျီကို ရုတ်တရက်မြင်လိုက်ရတော့ သူမ အလွန် စိတ်ဝင်စားသွားသည်။ ထိုအင်္ကျီဝတ်လာသော အမျိုးသမီးမျက်နှာကို သေသေချာချာ ကြည့်လိုက်သည်။ ခေါင်းပေါ်မှာလည်း ပဝါခြုံလို့၊ မျက်နှာမှာလည်း နေကာမျက်မှန်ကြီးနှင့်။ ရုပ်ရည်ကလည်း ချောမှချော။ ဒီအင်္ကျီကြီးနှင့် ဘယ်လိုမှ မလိုက်တဲ့အရွယ်။

သူမဘေးကလည်း ယောကျ်ားတစ်ယောက်။ သည်လူကို သည်ဘူတာရုံတစ်ဝိုက်မှာ အဘွားကြီးလာလီ ခဏခဏမြင်ဖူးသည်။ အဘွားကြီးက စောစောက မိန်းကလေးစီးထားသောအဖိုးတန်သားရေဘွတ်ဖိနပ်ကြီးကို သတိပြုမိသည်။ ကွန်နက်တီကပ်လိုင်းတွင် ခရီးသွားနေသူတွေ စီးလေ့ရှိသောဖိနပ်မျိုး။ အပေါ်စား ကုတ်အင်္ကျီနှင့် အဖိုးတန်ဘွတ်ဖိနပ်ကြီး။ ဘယ်လိုမှ မလိုက်ဖက်တဲ့ ဝတ်စားဆင်ယင်မှုပဲ။

စောစောက ယောကျ်ားနှင့် မိန်းကလေးတို့သည် ရထားလမ်းဆုံကို ဖြတ်ကျော်ကြသည်။ အဘွားကြီးက စိတ်ဝင်စားစွာဖြင့် အကဲခတ်ကြည့်နေသည်။ အမျိုးသားပခုံးတွင် တလန်ကလားလွယ်ထားသော ကင်းဘတ်အိတ်ကြီးကလည်း တော်တော်လေးပုံရသည်။ ဘာတွေများ ထည့်ထားပါလိမ့်။

သူတို့နှစ်ယောက်သည် စကြီအမှတ် (၁၁၂)ဘက်သို့ လျှောက်လာကြသည်။

ရထားက နောက်မိနစ် (၃၀)အထိ မလာသေး။

ဘယ့်နှယ်ပါလိမ့်။ အံ့သြစရာပဲ။ သူတို့က ဒီလောက်အစောကြီး ဘာများ လာလုပ်ကြတာပါလိမ့်။ အေးကလည်း အေးပါဘိသနှင့်။

အဘွားကြီးက မျက်မှောင်ကြုတ်ပြီး ပခုံးကို တစ်ချက်တွန့်လိုက်သည်။ သူတို့နှစ်ယောက် စကြီပေါ် ရှိနေလျှင် သူမအနေဖြင့် အခန်းကလေးဆီ သွား၍မဖြစ်တော့။ သူတို့မြင်သွားလျှင် ဒုက္ခ။ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ လက်လျှော့လိုက်တော့မည်။ မနက်ဖြန်မှပဲ လာတော့မည်။ သူမသည် ယင်းသို့ ဆုံးဖြတ်လိုက်ပြီးနောက် စိတ်ပျက်လက်ပျက်နှင့် ရှိုစီကိုရှာရန် ဧည့်ခန်းမကြီးဘက်သို့ ပြန်လှည့်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၄

"ပြောပါ. . . ရွှန်၊ ပြောစမ်းပါ၊ အမှန်ကိုသာ ထုတ်ပြောလိုက်စမ်းပါ"

ဆံပင်နက်နက်နှင့် ရှေ့နေကလေးက ကက်ဆက်မှ အသံသွင်းခလုတ်ကို နှိပ်လိုက်သည်။ ကက်ဆက်ကို သူတို့နှစ်ယောက်အလယ်မှ နံရံကပ်ခုတင်ကလေးပေါ်တွင် တင်ထားလိုက်သည်။

"မပြောချင်ဘူး. . . ကျွန်တော် မပြောချင်ဘူး"

ရွှန်(ရှိုနယ်)သွမ်မဆင်က ထိုင်ရာမှထရပ်ပြီး ပြန်ပြောလိုက်သည်။

သူက အခန်းကျဉ်းကျဉ်းကလေး၏အစွန်သို့ လျှောက်သွားပြီး သံဆူးကြိုးကာထားသော ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်နေသည်။ ထို့နောက် ပြန်လှည့်ပြီး "အပြင်မှာ ဆီးနှင်းတွေ သိပ်ကျနေတယ်၊ လေကလဲ တိုက်နေတယ်၊ အဲဒါကို ဖမ်းယူလိုက်ပါလား"

"မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့. . . ရွှန်"

ဘော့ဘ်ကာနားက ရွှန်၏ပခုံးပေါ်တွင် သူ့လက်ကိုတင်ရင်း ပြောသည်။

"လုပ်စမ်းပါကွာ၊ ငါတောင်းပန်ပါတယ်၊ အမှန်ကို ထွက်ဆိုလိုက်စမ်းပါ"

"ဘာထူးမှာလဲ၊ ဘာမှမထူးတော့ပါဘူး"

သူ့နှုတ်ခမ်းတွေက တုန်နေသည်။ သူ့အမူအရာသည် ပြောင်းလဲသွားသည်။ ကလေးဆန်လာသည်။ အားငယ်လာသည်။ သူက နှုတ်ခမ်းချင်း ဖိကိုက်လိုက်သည်။ မျက်လုံးများကို လက်နှင့်ပွတ်လိုက်သည်။

"ဘော့ဘ်. . . ခင်ဗျားဟာ ကျွန်တော့်အတွက် အကောင်းဆုံးကြိုးစားခဲ့တယ်ဆိုတာ ကျွန်တော်သိပါတယ်၊ အဲဒီအတွက် ကျေးဇူးအထူးတင်ပါတယ်၊ ဒါပေမယ့် . . . ဒီအချိန်ရောက်တော့မှ ဘယ်သူမှ ဘာမှမတတ်နိုင်တော့ပါဘူး"

"မင်းပြောတာလဲ ဟုတ်ပါတယ်၊ ဒါပေမယ့် ပြည်နယ်အုပ်ချုပ်ရေးမှူးဆီကို ခိုင်လုံတဲ့ အကြောင်းပြချက်နဲ့ အသနားခံစာ ထပ်တင်နိုင်ရင် မင်းအတွက် ပြစ်ဒဏ်ပေါ့အောင် လုပ်နိုင်ပါတယ်၊ အနည်းဆုံးကတော့ အချိန်ဆွဲထားနိုင်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလဲ ခင်ဗျားတို့ လုပ်ခဲ့ကြပြီးပြီပဲ၊ ဟိုစာရေးဆရာမ ရှရှန်မာတင်ကတောင် နာမည်ကျော်ပုဂ္ဂိုလ်တွေဆီက လက်မှတ်တွေယူပြီး စာတင်ခဲ့တာပဲ မဟုတ်လား၊ အဲဒါတောင်မှ ဘာမှထူးမလာဘူး မဟုတ်လား"

"ထွတ်သရီး. . . အဲဒီမိန်းမအကြောင်း ထားလိုက်စမ်းပါ"

ဘော့ဘ်ကာနားက လက်သီးဆုပ်လိုက်သည်။

"သူတို့လို စေတနာရှင်တွေကို အားကိုးနေလို့ မဖြစ်ဘူးကွ၊ သူတို့က ဘာမှသိတာ မဟုတ်ဘူး၊ စာရွက်ပေါ်မှာ ရေးထားတာလောက်ပဲ သိတာ၊ တကယ်ဆိုရင် ဒီမိန်းမကြောင့် မင်း ဒီအခြေအနေရောက်ရတာပေါ့၊ အခု တို့က ပြည်နယ်အုပ်ချုပ်ရေးမှူးဆီ အသနားခံစာ ထပ်တင်ဖို့ ကြိုးစားနေကြတယ်၊ မင်းအကြောင်းသိတဲ့ လူတွေအားလုံး စုပြီး အသနားခံမယ်၊ မင်းဟာ ဘယ်သူ့ကိုမှ အန္တရာယ်မပြုနိုင်ပါဘူးဆိုတာ တစ်သံတည်းထွက်ဆိုကြမယ်။ အဲဒီ စာရေးဆရာမကတော့ မင်းအနေနဲ့ ပြစ်မှုကျူးလွန်တာ မှန်တယ်၊ သို့သော် သေဒဏ်တော့ မပေးသင့်ဘူးဆိုပြီး တစ်ပြည်လုံးကို သတင်းဖြန့်နေတယ်၊ သူက အဲဒီလိုပြောလိုက်တော့ ပြည်နယ်အုပ်ချုပ်ရေးမှူးအနေနဲ့ ပြစ်ဒဏ်လျှော့ရေး စဉ်းစားဖို့ ခက်သွားတော့တာပေါ့"

"ဒါဆိုရင် ခင်ဗျားတို့က ဘာဖြစ်လို့ အချိန်ဖြုန်းနေကြတာလဲ၊ ဘာမှထူးမလာနိုင်တော့ ပါဘူး၊ မျှော်လင့်ချက်မရှိတော့ပါဘူး၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော် ဘာမှမပြောချင် တော့ဘူး၊ သေရင်လဲ သေပါစေတော့၊ ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံပဲ"

"အဲဒီလိုပြောလို့ ဘယ်ဖြစ်မလဲ၊ ဒီကိစ္စ မင်းအနေနဲ့ မလုပ်လို့မဖြစ်ဘူး၊ လုပ်ကိုလုပ်ရ မယ်၊ ဒါ. . နောက်ဆုံးအခွင့်အရေးပဲ"

ဘော့ဘ်ကာနားက လူငယ်ကလေး၏မျက်နှာကို ကြင်နာစွာဖြင့် စိုက်ကြည့်နေသည်။

သူ့မျက်နှာတွင် ရိုးသားမှုကို မြင်ရသည်။

သူက အခုမှ အသက်(၁၉)နှစ်သာ ရှိသေးသည်။

ဘော့ဘ်က လွန်ခဲ့သော (၁၀)နှစ်ခန့်က သူကိုယ်တိုင် (၁၉)နှစ်သားဘဝကို သွားပြီး သတိရမိသည်။

ထိုစဉ်က သူသည် ဗီလန်နိုဗာကောလိပ်တွင် ဒုတိယနှစ်ကျောင်းသားဘဝ။

ရွှန်ကလည်း လူသတ်မှုနှင့် အဖမ်းမခံရခင်က ကောလိပ်တက်ရန် အားခဲ့ထားခဲ့ သည်။ ယခုတော့ သူ့ခမျာ ကောလိပ်မရောက်ဘဲ ထောင်ထဲရောက်လာပြီး လျှပ်စစ်ကုလားထိုင် တွင် အသေဆိုးဖြင့် သေရတော့မည်။

ထောင်ထဲတွင် နှစ်နှစ်တိတိ အချုပ်ခံနေခဲ့ရပေမယ့် သူ့ရုပ်ရည်က သိသိသာသာကျ မသွား။ ထွားထွားကျိုင်းကျိုင်းနှင့် ကြည့်၍ကောင်းသော ကိုယ်လုံးကိုယ်ပေါက် ရှိနေဆဲဖြစ် သည်။

သူက ထောင်ထဲတွင်လည်း အမြဲတမ်း လေ့ကျင့်ခန်းလုပ်ခဲ့သည်။

စည်းကမ်းလည်းရှိသည်။

ဒါပေမယ့် ကိုယ်အလေးချိန် ပေါင်(၂၀)တော့ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလည်း အနည်းငယ်ဖြူရော်သွားသည်။

"ဒီမှာ. . . ရွှန်၊ ငါပြောတာ သေသေချာချာ နားထောင်ပါ၊ တရားခွင်တုန်းက မင်းဘက်က ငါလျှောက်လဲတာမှာ မှားကွက်တွေရှိခဲ့တယ်၊ အဲဒီတော့. . ."

"ခင်ဗျား ဘာမှမမှားပါဘူး၊ ခင်ဗျားအတတ်နိုင်ဆုံး လျှောက်လဲခဲ့တာ လူတိုင်းသိပါတယ်"

"မင်းဟာ နီနာပက်တာဆင်ကို ·မသတ်ဘူး၊ ဒါပေမယ့် အခု မင်းကို သေဒဏ်စီရင်ချက်ချလိုက်ပြီ။ အဲဒါကို ငါ မကျေနပ်ဘူး၊ ဘယ်သူမှလဲ မကျေနပ်နိုင်ဘူး၊ အဲဒီတော့ ငါ့ဘက်က ခိုင်လုံတဲ့ ထွက်ချက်အသစ်တစ်ခု ထပ်ပြီးရနိုင်ရင် ဒီအမှုကို ပြည်နယ်အုပ်ချုပ်ရေး မှူးဆီ ပြန်တင်မယ်၊ အနည်းဆုံးတော့ မင်းအမှုကို အချိန်ဆွဲထားအောင် အတတ်နိုင်ဆုံး ကြိုးစားမယ်၊ တို့ဘက်က အချိန်ရှိသေးတယ် ရွှန်၊ (၄၂)နာရီတောင် ရှိသေးတယ်၊ (၄၂) နာရီ. . ."

"ဒါပေမယ့် ပြည်နယ်အုပ်ချုပ်ရေးမှူးအနေနဲ့ ကျွန်တော့်အမှုကို ပြစ်ဒဏ်မလျှော့နိုင်တော့ဘူးလို့ အတည့်အလင်း ပြောထားပြီးပြီပဲ"

ဘော့ဘ်က ကက်ဆက်ခလုတ်ကို ပြန်ပိတ်လိုက်သည်။

"ဒီမှာရွှန်၊ ဒါပေမယ့် ဒီကိစ္စက လုပ်လို့ရပါတယ်၊ ပြန်ပြင်လို့ရပါသေးတယ်၊ မင်းက နီနာပက်တာဆင်ကို သတ်တာမှန်ရင် တခြားတရားခံမပေါ်သေးတဲ့ လူသတ်မှုနှစ်မှုကိုလဲ မင်းပဲကျူးလွန်တာဖြစ်နိုင်တယ်လို့ လူတော်တော်တော်များများက ထင်ကြေးပေးနေကြတယ်၊ အဲဒါ. . . မင်းသိရဲ့လား"

"အဲဒီအကြောင်းလဲ သူတို့က ကျွန်တော့်ကို ပြည့်ပြည့်စုံစုံ မေးပြီးပြီပဲ"

"မင်းက မစ္စတာကာဖိုလီရဲ့ သမီးကလေးနဲ့ ကျောင်းကိုသွားခဲ့တယ်. . . ပြီးတော့ မစ္စက်ဝိတ်စ်ရဲ့ အိမ်မှာ ဆီးနှင်းရှင်းပေးတယ်၊ ဒါလောက်တော့ သူတို့က မေးကြမှာပဲ၊ ဒါက မေးရိုးမေးစဉ်ပါ။ အရေးကြီးတာက ပြီးခဲ့တဲ့လထဲမှာ ဖဲယားဗီလ်ဒ်နယ်မြေအတွင်းမှာပဲ အမျိုးသမီးကလေးနှစ်ယောက် အသတ်ခံခဲ့ကြရတယ်။ အဲဒီလူသတ်မှုတွေဟာ နီနာပတ်တာဆင်သေဆုံးမှုနဲ့ တစ်နည်းမဟုတ် တစ်နည်းအားဖြင့် ဆက်စပ်နေမယ်ဆိုတာ တို့က သံသယဝင်နေတယ်၊ အဲဒါကို အထောက်အထားပြနိုင်ရင် မင်းအတွက် မျှော်လင့်ချက်ရပြီ"

ရွှန်က ဘာမှပြန်မပြောဘဲ ငြိမ်၍သာ နားထောင်နေသည်။

ဘော့ဘ်က ရွှန်၏လက်ကို ဆုပ်ကိုင်လိုက်သည်။

"ဒီမှာ. . . ရွှန်၊ အမှန်ကိုသာ ထုတ်ပြောလိုက်စမ်းပါ၊ မင်းအတွက် မျှော်လင့်ချက် အပြည့်ရှိပါတယ်၊ ငါ အတတ်နိုင်ဆုံး ကြိုးစားမယ်ဆိုတာ ကတိပေးပါတယ်"

ရွှန်သွမ်မဆင်သည် ပြတင်းပေါက်နားမှခွာကာ ခုတင်ဆီသို့ ပြန်လျှောက်လာပြီး ထိုင်ချလိုက်သည်။

ထို့နောက် ကက်ဆက်မှ အသံသွင်းခလုတ်ကို ပြန်နှိပ်လိုက်သည်။

ပြီးတော့ ခေါင်းကို ခပ်မော့မော့ထားပြီး လေးလေးနက်နက်အမူအရာဖြင့် စတင်ပြောပြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဟာ အဲဒီညနေက ကျောင်းကပြန်လာပြီးတော့ တင်ဘာလေ ကုန်စုံဆိုင်မှာ အလုပ်ဝင်လုပ်နေပါတယ်။ အဲဒီအချိန်မှာ မစ္စက်ပက်တာဆင်လည်း ဈေးဝယ်ဖို့ ရောက်လာပါတယ်။ ကျွန်တော်ဟာ အားအားရှိတိုင်း ဘေ့စ်ဘောကစားဖို့ကိုပဲ စိတ်စွဲနေတာကြောင့် ကျွန်တော့်ကို အလုပ်မှာ ဆက်လက်မခန့်ထားနိုင်တော့ဘူး၊ အလုပ်က ဖြုတ်ရတော့မယ်လို့ မစ္စတာတင်ဘာလေက ပြောပါတယ်၊ အဲဒီလိုပြောတာကို မစ္စက်ပက်တာဆင်လည်း ကြားပါတယ်၊ မစ္စက်ပက်တာဆင်က ဈေးဝယ်ပြီးတော့ ကျွန်တော်က ပစ္စည်းတွေကို ကားပေါ် လိုက်ပို့ပါတယ်၊ အဲဒီအချိန်မှာ မစ္စက်ပက်တာဆင်က ကျွန်တော့်ကို ဘာပြောသလဲဆိုတော့. . ."

www.burmeseclassic.com

www.burmeseclassic.com

## ၁၅

ည (၉)နာရီတိတိတွင် ကာလေဘူတာ၌ ရထားဆိုက်သည်။

ထိုအချိန်တွင် စတီးဖ်မှာ ခေါင်းမီးတောက်နေပြီ။

သူသည် ဘူတာကြီးမှနေ၍ ဆရာဝန်ထံ တယ်လီဖုန်းဆက်ခဲ့ဖို့ ကောင်းသည်။ နီးလ် နေမကောင်းဖြစ်လာလို့ ရှရွန်က ဆေးရုံခေါ်သွားတာ ဖြစ်နိုင်သည်။ ဒါကြောင့် အိမ်ကိုဆက်တော့ ဖုန်းကို နားမထောင်တာ ဖြစ်မည်။

ရှရွန်လာမှာတော့ သေချာသည်။

သူမ မလာဖြစ်လျှင် သူ့ဆီဖုန်းဆက်မှာ သေချာသည်။

ခုတစ်လော ဆီးနှင်းလွန်ကဲသောကြောင့် ဖုန်းလိုင်းတွေကလည်း သိပ်မကောင်း။ တကယ်လို့သာ သူ့အနေနှင့် သည်ရထားမမီခဲ့လျှင် ဒုက္ခ။ နောက်တစ်စီးဘယ်အချိန်မှ ရောက်လာမည်မသိ။ လက်မှတ်စစ်အပြောအရဆိုလျှင် ရထားလမ်းတွေ ဆီးနှင်းဖုံးနေသည်ဟု ဆိုသည်။ အိမ်မှာတော့ ဧကန္တ တစ်ခုခုဖြစ်နေပြီ။

ဒါကိုတော့ သူ့စိတ်က အလိုလိုခံစားမိသည်။ အလိုလိုသိနေသည်။

အရေးထဲ သွမ်မဆင်အမှုကလည်း စိတ်ထဲစွဲနေသည်။ ယနေ့ညနေထုတ် သတင်းစာများတွင် မှုခင်းဇာတ်လမ်းတစ်ခုလုံးကို ဓာတ်ပုံတွေဝေဝေဆာဆာနှင့် အသေးစိတ် ပြန်လည်ဖော်ပြထားကြသည်။ သတင်းစာတစ်စောင်တွင် နီနာ၏ပုံကို အဖုံးတင်ထားသည်။ ပုံစာကိုလည်း "ကွန်နက်တီကပ်မှ ကလေးအမေသေတ်မှုဖြင့် တရားခံလူငယ် သေရတော့မည်" ဟူ၍ ဖော်ပြထားသည်။ နီနာ၏ပုံနှင့်ယှဉ်လျက် ရွန်သွမ်မဆင်၏ပုံကို ဖော်ပြထားသည်။

ကောင်လေးက လူချောကလေး။

သွေးအေးအေးဖြင့် လူသတ်မှုကျူးလွန်မည့်ပုံမျိုး မဟုတ်။

နီနာ၏ဓာတ်ပုံ။ စတီးဖ်သည် ရထားစီးလာရင်း နီနာ၏ဓာတ်ပုံကိုသာ တစ်လျှောက်လုံးစိုက်ကြည့်လာခဲ့သည်။ ဓာတ်ပုံသတင်းထောက်က သူမ၏ဓာတ်ပုံတစ်ပုံကို ပုံကြီးချဲ့ပြီး တခမ်းတနား ဖော်ပြထားသည်။

သည်လို ကူးယူခွင့်ပြုလိုက်မိခြင်းအတွက် စတီးဖ်က မိမိကိုယ် မိမိအပြစ်တင်မိသည်။ ထိုပုံမှာ နီနာသည် သူမ၏ပိတုန်းရောင်ဆံပင်ကို မျက်နှာပေါ်သို့ ရွရွကလေးဖြန့်ချထားပြီး ပြုံးပြုံးကလေးအနေအထားနှင့် သူကိုယ်တိုင် လျှပ်တစ်ပြက်ရိုက်ကူးခဲ့သော ဓာတ်ပုံဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းတွင်လည်း လည်စည်းပဝါကို ခပ်လျော့လျော့ကလေး စည်းထားသေးသည်။ ထိုပဝါနှင့်ပင် လူသတ်သမားက သူမ၏လည်ပင်းကို စည်းသတ်သွားခဲ့ခြင်းဖြစ်သည်။

ဩော်. . . ဘုရားသခင်။ ငါဆိုးလိုက်လေခြင်း နီနာရယ်။

ရထားသည် ကာလေဘူတာသို့ မိနစ် (၄၀)နောက်ကျပြီးမှ ဝင်သည်။ ရထားဆိုက်ဆိုက်ချင်း ခရီးသည်တွေ တိုးဝှေ့ဆင်းကြသည့်အနက် စတီးဖ်က ရှေ့ဆုံးမှဖြစ်နေသည်။ စကြံပေါ်သို့ ခြေချမိသည်နှင့်တစ်ပြိုင်နက် ကားရပ်ထားသောနေရာသို့ အပြေးကလေးလာခဲ့သည်။ ကားရှေ့မှန်တွင် ဆီးနှင်းတွေသီးနေသည်။ ကမန်းကတန်း ကားရှေ့စက်ခန်းကိုဖွင့်ပြီး ဆီးနှင်းခြစ်ကိရိယာကိုယူကာ မှန်ပေါ်အသားတက်နေသော ဆီးနှင်းလွှာကို ခြစ်ချသည်။

နီနာက သူ့အား ဘူတာကြီးသို့ ကားမောင်းပြီးလာပို့သော အချိန်တွင် သူမအားနောက်ဆုံးတွေ့လိုက်ရသော အချိန်ဖြစ်သည်။

ထိုနေ့က သူသည် သူမအား ထုံးစံအတိုင်း နှုတ်ဆက်အနမ်းမပေးဘဲနှင့် ကားပေါ်မှ ဆင်းလိုက်သည်။ သို့သော် သူမက ရှေ့သို့ကိုင်းပြီး စတီးဖ်၏ပါးပြင်ကို ခပ်ရွရွကလေး မွှေးမွှေးပေးသည်။

"မင်္ဂလာပါ. . . ဒါလင်၊ ကောင်းသောနေ့ဖြစ်ပါစေ. . ."

သူက ဘာမှပြန်မပြောဘဲ သူမ၏မျက်နှာကို တစ်ချက်ကြည့်ပြီး ရထားမီရန် ကမန်းကတန်း ပြေးထွက်လာခဲ့သည်။

ရုံးခန်းရောက်တော့ နီနာဆီ ဖုန်းဆက်ရန် စိတ်ကူးမိသေးသည်။ သို့သော် နောက်ဆုံးတွင် မဆက်ရန် ဆုံးဖြတ်လိုက်သည်။ ခုတစ်လော သူမအပေါ် သူကသိပ်ပြီး မကျေနပ်ချင်။ သူမသည် အရာရာတွင် ခပ်ပေါ့ပေါ့လုပ်နေသည်။ အရေးကြီးတာကိုလည်း အရေးကြီးသည်ဟု ထင်ပုံမရ။ သူ အလုပ်မှနောက်ကျပြန်လာသောအခါ အိမ်တွင်သော့မခတ်ဘဲ အိပ်ပျော်နေတတ်သည်။ တစ်ကြိမ်မဟုတ်။ သုံးလေးကြိမ်ရှိနေပြီ။ သို့နှင့်ပင် သူသည် သူမအပေါ်စိတ်ကောက်ပြီး ထိုနေ့က ဖုန်းမဆက်ဖြစ်ခဲ့ခြင်း ဖြစ်သည်။သူ ငါးနာရီခွဲရထားစီးပြီး ပြန်ခဲ့သည်။

ကာလေဘူတာရောက်တော့ သူ့ကို ရော်ဂျာ ပယ်ရီစောင့်နေတာ တွေ့ရသည်။ အဲဒီမှာပဲ နီနာအသတ်ခံရကြောင်း ပယ်ရီပြော၍ သိရတော့သည်။ ထိုနေ့မှစ၍ သူသည် နှစ်နှစ်တိတိစိတ်ဆင်းရဲခဲ့ရသည်။ စားလည်း သည်စိတ်၊ အိပ်လည်း သည်စိတ်ဖြင့် တစ်နေ့မှ စိတ်ချမ်းသာသည်ဟူ၍ မရှိခဲ့။

ဒါပေမယ့်. . . လွန်ခဲ့သော ခြောက်လခန့်က တစ်မနက်တွင် ရုပ်မြင်သံကြား "ယနေ့သတင်းစဉ်" အခန်း၌ ရှရွန်မာတင်နှင့် ဆုံရတော့မှ သူ့ဘဝသည် တစ်မျိုးတစ်မည် ပြောင်းလဲလာခဲ့သည်။ ရှင်လျက်သေနေသော ဘဝသည် ပြန်လည်လန်းဆန်းလာခဲ့သည်။

ကားရှေ့မှန်တွင် ဆီးနှင်းတွေ စင်သွားပြီ။

ကားပေါ်တက်ပြီး သော့ဖွင့်လိုက်သည်။ စက်နိုးလာပြီ။

အိမ်သို့ မြန်မြန်ရောက်ချင်လှပြီ။ နီးလ်ကလေး နေမှကောင်းပါရဲ့လား။ သိချင်လှပြီ။

ရှရွန်၏ပခုံးနှစ်ဖက်ကို သိုင်းဖက်ပြီး အားရပါးရ နှုတ်ဆက်ချင်လှပြီ။



www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်ခရီးသည် (၁၅)မိနစ်ကြာသွားသည်။ တစ်လမ်းလုံး ဆီးနှင်းကော်ဇောခင်းထားသလို ဖြစ်နေသည်။ တစ်နေရာတွင် လမ်းဆုံးအချက်ပြမီးနီကို ကျော်တက်သွားမိသည်။ ကမန်းကတန်း ဘရိတ်အုပ်လိုက်ရသည်။ မော်တော်ယာဉ်ရဲမရှိလို့ တော်ပါသေးရဲ့။

နောက်ဆုံးတော့ သူ့ကားလေးကို ဒရစ်ဖ်ဝုလမ်းကြားထဲသို့ ကွေ့ဝင်လိုက်သည်။

အိမ်ရှေ့သို့ လှမ်းကြည့်လိုက်သည်။ ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ထူးဆန်းပါလား။ အိမ်ရှေ့မီး မှောင်နေသည်။ သည်လိုအဖြစ်မျိုး ဘယ်တော့မှ မရှိပါဘူး။

ချောနေသောလမ်းကို သတိမထားနိုင်တော့ဘဲ အိမ်ရှေ့လမ်းကလေးအတိုင်း ကားကို အတင်းမောင်းဝင်လာခဲ့သည်။ ရှရွန်၏ကားနောက်တွင် သူ့ကားကို တုံ့ခနဲ ထိုးရပ်လိုက်သည်။ ပြီးတော့. . . ကမန်းကတန်း ကားပေါ်မှဆင်းပြီး အိမ်ရှေ့လှေကားသို့ ပြေးလာသည်။ သော့ခလောက်တွင် သော့တပ်လိုက်သည်။ တံခါးရွက်ကို တွန်းဖွင့်လိုက်သည်။

"ရှရွန်. . . နီးလ်. . . ဟေး. . . ကိုယ်ပြန်လာပြီလေ"

ဆင်ဝင်ခန်းသည် ဆီးနှင်းငွေ့ရောသော လေကြောင့် အေးစိမ့်နေသည်။

"ဟေး. . . တစ်အိမ်လုံး ဘယ်သွားကုန်ကြလဲ၊ ရှရွန်. . . နီးလ်"

သူက အိမ်ထဲသို့ အော်ခေါ်လိုက်သည်။

ဧည့်ခန်းထဲ မျက်လုံးစကြာဖြန့်ကြည့်လိုက်သည်။

ကြမ်းပြင်တွင် စက္ကူတွေ ပြန့်ကျဲနေသည်။ နီးလ်ရဲ့လက်ချက်ပဲ ဖြစ်မည်။

ရုပ်ပုံစာအုပ်တစ်အုပ်နားတွင် ကတ်ကြေးတစ်ချောင်းလည်း တွေ့ရသည်။

မီးလင်းဖိုအနီး စားပွဲပေါ်တွင်တော့ မတ်ခွက်တစ်ခွက်နှင့် ဖန်ခွက်တစ်ခွက်။ ကိုကာကိုလာခွက်နှင့် ရှယ်ရီခွက်။ လက်နှင့်ပင် လုံးဝထိသေးပုံမပေါ်။ ခွက်ထဲကအရည်တွေ တစ်စက်မျှမလျော့သေး။

သူက ကိုကာကိုလာခွက်ကို ယူကြည့်သည်။ အေးစက်နေပြီ။

မီးဖိုခန်းသို့ ပြေးလာခဲ့သည်။ ရေစင်တွင် နို့အိုးတင်ထားသည်။

ဧည့်ခန်းဖြတ်ပြီး ထမင်းစားခန်းသို့ ပြေးခဲ့သည်။ ထမင်းစားခန်းတွင်လည်း ရှင်းနေသည်။ အနွေးဓာတ်ပေးမီးဖိုတွင် မီးတငွေ့ငွေ့ တောက်နေသည်။ သူ အိမ်ကမထွက်ခင် မီးဖိုထားရန် ဘီလ်ကို မှာထားခဲ့သည်။

သူသည် ဘာလုပ်ရမှန်းမစဉ်းစားတတ်တော့ဘဲ ဝရန်တာအခန်းသို့ ပြန်ပြေးလာခဲ့သည်။ ရှရွန်၏ လက်ဆွဲအိတ်နှင့် ပိုက်ဆံအိတ်ကို တွေ့ရသည်။ ဧည့်သည်အတွက် အဝတ်အစားထည့်သော နံရံကပ်ဗီရိုကို ဆွဲဖွင့်လိုက်သည်။ အထဲတွင် သူမ၏ ပခုံးလွှမ်းခြုံလွှာ ရှိနေသည်။

အနွေးထည်တောင် မယူခဲ့နိုင်တာ ဘာတွေများ အရေးတကြီး ဖြစ်နေလို့ပါလိမ့်။

နီးလ်များ ရောဂါပြန်ဖောက်လာလို့များလား။ သူက ဖြစ်နေကျ။ ဖြစ်လိုက်ရင်လည်း သေလုမျောပါးပဲ။ သူသည် မီးဖိုခန်းနံရံမှ ဖုန်းဆီသို့ ပြန်လာခဲ့သည်။ ဆေးရုံ၊ ရဲဌာန၊ မီးသတ်၊ မိသားစု ဆရာဝန်၊ အရေးပေါ်ဖုန်းနံပါတ်တွေ အားလုံး ထင်ထင်ရှားရှား ရေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး မိသားစုဆရာဝန်ရုံးခန်းသို့ဆက်သည်။

သူနာပြုဆရာမလေးက ဖုန်းကိုင်သည်။

"ဟုတ်ကဲ့၊ မစ္စတာပက်တာဆင်. . . ကျွန်မတို့ဆီ လုံးဝမလာပါဘူး၊ အရေးကြီးနေလို့ပါလားရှင်. . ."

သူက ဘာမှပြန်မပြောဘဲ ဖုန်းကို ဂွမ်ခနဲ ပြန်ချလိုက်သည်။

ဆေးရုံအရေးပေါ် ဌာနသို့ ဆက်ခေါ်သည်။

"နီးလ်ဆိုတဲ့ကလေးနဲ့ ပတ်သက်ပြီး ဒီနေ့ ဘာမှတ်တမ်းမှ မဝင်ပါဘူး"

ခက်တော့တာပါပဲ။ သူတို့ဘယ်များ သွားကြပါလိမ့်။ ဘာများ ဖြစ်နေကြပါလိမ့်။

သူသည် အသက်ရှူသံ ပြင်းလာသည်။ နံရံပေါ်မှ နာရီကို လှမ်းကြည့်လိုက်သည်။ (၉)နာရီ မိနစ်(၂၀)။ သူအိမ်ကို ဖုန်းဆက်ကတည်းက နှစ်နာရီလောက် ရှိသွားပြီ။ သူတို့အိမ်က ထွက်သွားတာလည်း အဲဒီအချိန်လောက်ပင် ကြာသွားပြီဖြစ်သည်။

ပယ်ရီတို့အိမ်များ သွားလည်ကြတာလား။ ဒါမှမဟုတ် ကလေး ရုတ်တရက် အမောဖောက်လာလို့ အဲဒီလို ကမန်းကတန်း ခေါ်သွားတာလည်းဖြစ်နိုင်တယ်။

သူက တယ်လီဖုန်းကို ပြန်ကောက်ကိုင်လိုက်သည်။ သူတို့နှစ်ယောက် ပယ်ရီတို့အိမ်မှာရှိပါစေ။ ဘုရားမလို့ နီးလ်ကလေး ဘာမှမဖြစ်ပါစေနဲ့ ဘုရားသခင်။

ထိုအခိုက် တစ်စုံတစ်ရာကို ရုတ်တရက် မြင်လိုက်ရသည်။

စာရေးကတ်ဘုတ်ပေါ် ကစာ။ မြေဖြူနှင့် ရေးထားသည်။

***"သင်၏သားကလေးနှင့် အမျိုးသမီးမိတ်ဆွေ မသေစေချင်လျှင် ဘာမှလုပ်ဖို့ မကြိုးစားပါနှင့်၊ ညွှန်ကြားချက်ကိုသာ စောင့်နေပါ"***

နောက်စာတစ်ကြောင်းကိုတော့ အောက်က မျဉ်းသားပြီး အထူရေးထားသည်။

***"ရဲကိုမတိုင်ပါနဲ့"***

စာအဆုံးတွင် **"မြေခွေး"** ဟူ၍ လက်မှတ်ထိုးထားသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၆

မင်ဟတ်တန်နယ်မြေ "ပြည်ထောင်စု စုံစမ်းထောက်လှမ်းရေးအဖွဲ့(အက်ဖ်ဘီအိုင်)" ရုံးခွဲတွင် ထောက်လှမ်းရေးမှူး ဟူးချ်တေလာသည် စားပွဲအံဆွဲကို ဆောင့်ပိတ်လိုက်ပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

"အင်း. . . အိမ်ပြန်တာပဲ ကောင်းမယ်ထင်တယ်၊ (၉)နာရီတောင် ခွဲတော့မယ်၊ ဒီအချိန်ဆို ကားအသွားအလာလည်း ရှင်းလောက်ပြီ၊ ဒါပေမယ့် ဝက်စ်ဆိုက်လမ်းမကြီးပေါ်မှာ လေပြင်းတော့ ထန်နေဦးမှာ၊ တံတားပေါ်မှာလည်း ဆီးနှင်းတွေ ချပ်ပြားကြီး ဖြစ်နေလိမ့်မယ် ထင်တယ်"

သူက ထိုင်ရာမှ ထကာ အညောင်းဆန့်လိုက်သည်။ ပခုံးနှင့် လည်ပင်းကြောတွေ တောင့်တင်းနေသည်။ ခုမှ အသက် (၅၀)ထဲ ဝင်ခါစ ရှိသေးတယ်။ လူပုံက အသက်(၈၀) အဘိုးကြီးပုံ ပေါက်နေပြီဟု တွေးလိုက်မိသည်။

သည်နေ့သည် တော်တော် စိတ်ပန်းလူပန်းဖြစ်ခဲ့ရသောနေ့။

ဘဏ်တိုက် ဓားပြတိုက်ရန်ကြံစည်မှုတစ်မှု ထပ်မံပေါ်ပေါက်ခဲ့သည်။ သည်တစ်ကြိမ်တွင်တော့ (၄၈)လမ်းနှင့် မက်ဒီဆင်လမ်းထောင့်က **ချေ့စ်ဘဏ်တိုက်**။

ကောင်တာစာရေးတစ်ယောက်က အရေးပေါ် အချက်ပေးခေါင်းလောင်းကို တီးလိုက်သောကြောင့် ဘဏ်အမှုထမ်းတွေ ဝိုင်းပြီး လူဆိုးတွေကို ဖမ်းလိုက်နိုင်ကြသည်။ သို့သော် လူဆိုးတွေလက်ချက်ကြောင့် လုံခြုံရေးအစောင့်ကို သေနတ်မှန်သွားသည်။ ဒဏ်ရာက တော်တော်ပြင်းသည်။ အသက်ပင် ရှင်နိုင်စရာမရှိ။

ဟူးချ်၏ မျက်နှာသည် တင်းမာလာသည်။ ပြစ်မှုကျူးလွန်တဲ့ ရာဇဝတ်ကောင်တွေကို တစ်သက်လုံး ထောင်ထဲထည့်ထားလိုက်မှ ဒုက္ခအေးလိမ့်မည်။

သို့သော် သေဒဏ်တော့ မပေးသင့်။

သူသည် ကုတ်အင်္ကျီကို လှမ်းယူလိုက်သည်။

သူသည် သည်နေ့တစ်နေ့လုံး တော်တော်စိတ်ညစ်နေမိသည်။

သွမ်မဆင်ကိစ္စကိုသာ တစ်နေ့လုံး တွေးနေမိခဲ့သည်။ သည်အမှုက နှစ်နှစ်တောင် ကြာခဲ့ပြီ။ သို့သော် သည်အမှုကို လူတိုင်းစိတ်ဝင်စားနေကြသည်။ သည်အမှုကို သူကိုယ်တိုင် ထောက်လှမ်းခဲ့ရသောကြောင့် အခြားအမှုများထက်ပို၍ စိတ်စွဲနေခဲ့သည်။ သူသည် အမှုဖြစ်ပွားပြီးနောက် အချိန်မဆိုင်းဘဲ ချက်ချင်း ခြေရာခံလိုက်လံထောက်လှမ်းရာ တရားခံ ရွှန်သွမ်မဆင်အား ဗာဂျီးနီးယားပြည်နယ်မှ တည်းခိုခန်းကလေးတစ်ခုတွင် ဖမ်းဆီးရမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှန်သွမ်မဆင်က နီနာပက်တာဆင်အား သူ မသတ်ကြောင်း တစ်လျှောက်လုံး တစ်သမတ်တည်း ထွက်ဆိုခဲ့သည်။ သူသည် နီနာအား အမှန်တကယ်သတ်ခဲ့ပါသည်ဟု ဖြောင့်ချက်ပေးလျှင် သေဒဏ်အပြစ်ပေးခံရမည်မဟုတ်ကြောင်းသိသော်လည်း သူကဝန်မခံဘဲ လုံးဝ ငြင်းဆန်နေခဲ့သည်။

ဟူးချဲက ပခုံးကို တွန့်လိုက်သည်။ သူဘာမှ မတတ်နိုင်ပါ။ သူ့အနေဖြင့် ဆုံးဖြတ်နိုင်ခွင့်ရှိသော အမှုမဟုတ်ပါ။ တရားခံလူငယ်အဖို့ တစ်လမ်းသာရှိတော့သည်။ သန်ဘက်ခါဆိုလျှင် သူ့အား လျှပ်စစ်ခတ်အားဖြင့် တို့ပြီး သေဒဏ်ပေးကြတော့မည်။ ဘုရားသခင်လာတားသော်လည်း ရတော့မည်မဟုတ်။

ဟူးချဲသည် ခန်းမဆောင်ကို ဖြတ်လျှောက်လာပြီး ဓာတ်လှေကားခလုတ်ကို နှိပ်လိုက်သည်။ သူ တော်တော် စိတ်ပင်ပန်းနေသည်။ ကိုယ့်ကိုယ်ကို မသယ်ချင်အောင် နုံးချည့်နေသလို ခံစားနေရသည်။

မိနစ်ဝက်ခန့်အကြာတွင် သူ့ရုံးခန်းဆင်ဝင်သို့ ကားတစ်စီးထိုးဝင်လာသည်။

ဓာတ်လှေကားတံခါး ဖွင့်လာသည်။ သူက ဓာတ်လှေကားထဲ လှမ်းဝင်လိုက်သည်။

ထိုအခိုက် သူ့နာမည်ကို လှမ်းခေါ်သံ ကြားလိုက်ရသည်။ သူက ဓာတ်လှေကားထဲမှ ပြန်ထွက်ပြီး တံခါးကိုကိုင်ရင်း ရပ်နေလိုက်သည်။

ဓာတ်လှေကားဆီသို့ပြေးလာသော ခြေသံများ ကြားရသည်။ စုံထောက်ကလေး ဟန့်ခ်လာမွန် ပေါက်ချလာပြီး သူ့လက်မောင်းကို ဆုပ်ကိုင်ရင်း မောကြီးပန်းကြီးဖြင့် ပြောသည်။

"ဆရာ. . . စတီးဖ်ပက်တာဆင်. . . သူ. . . သူ. . . ဖုန်းဆက်တယ်. . . ဆရာ၊ သူ့ကို ဆရာသိပါတယ်၊ ဟို. . . ဟို. . နီနာပက်တာဆင်ရဲ့ ယောကျ်ားလေ၊ သွမ်မဆင်သတ်တဲ့ မိန်းမလေ ဆရာ. . ."

"ဟုတ်ပါတယ်. . . စတီးဖ်ကို ငါသိပါတယ်၊ ပြောမှာသာ ပြောစမ်းပါ. . . သူက ဘာကိစ္စရှိလို့တဲ့လဲ"

"သူ. . . သူ မဟုတ်ဘူးဆရာ၊ သူ့သားကလေးကိစ္စပါ၊ သူ့သားကလေးနဲ့ ဟို ဟို. . စာရေးဆရာမ ရှုရှန်မာတင်တို့ကို ပြန်ပေးဆွဲသွားလို့တဲ့ ဆရာ"

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

# ၁၇

"ဒီဓာတ်ပုံတွေက ဘယ်သူရိုက်တာလဲ. . . ဟင်"

ရှရွန်က သူမ မေးခွန်းမှားသွားကြောင်း ချက်ချင်း သတိပြုလိုက်မိသည်။

သူမ၏မေးခွန်းကြောင့် သူ့မျက်နှာ ပျက်သွားသည်။

ထို့ကြောင့် သူမက စကားကိုပြင်ပြီး ပြောလိုက်သည်။

"ဪ. . . ကျွန်မက သိပ်ပြီး သဘာဝကျတဲ့ ဓာတ်ပုံတွေပဲလို့ ဆိုလိုတာပါ"

သည်တော့မှ သူ့မျက်နှာ ကြည်သွားသည်။

"ငါ တစ်နေရာက ယူလာတာ ဆိုပါတော့. . ."

သူက သူမ၏ဆံပင်များကို သူ့လက်နှင့် ပွတ်သပ်လိုက်သည်။

ပြီးတော့ ပါးပြင်ကို ပွတ်သပ်ပြန်သည်။

မကြောက်နဲ့၊ ခပ်တည်တည်နေ။

သူမက ကြောက်ကြောက်လန့်လန့်ဖြင့် ကိုယ့်ကိုယ်ကိုယ် သတိပေးသည်။

နီးလ်ကလေးအား သူမအနား ဆွဲကပ်ပွေ့ဖက်ထားသည်။ သူ့လက်ကလေးတွေ တုန်နေသည်။ ကလေးငယ်သည် ပန်းနာဖောက်လာပြီး တဟွပ်ဟွပ်ချောင်းဆိုးကာ ရှိုက်၍ ရှိုက်၍ ငိုသည်။

"နီးလ်. . . မငိုပါနဲ့ကလေးရယ်၊ ငိုရင် အသက်ရှူပိုကျပ်လိမ့်မယ်နော်"

သူမက လူစိမ်းမျက်နှာကို မော့ကြည့်လိုက်သည်။

"သူ သိပ်ပြီး ကြောက်နေရှာတယ်၊ ချည်ထားတဲ့ကြိုးတွေ ဖြေပေးပါလား. . . ဟင်"

"အဲဒီလိုလုပ်ရင်. . . မင်းက ငါ့ကို သဘောကျမှာပေါ့ ဟုတ်လား"

"ဒါပေါ့ ကျွန်မက ရှင့်ကို သဘောကျပါတယ်၊ ကဲ ကျွန်မပဲ ဖြေပေးလိုက်မယ်နော်"

"မျက်နှာကဟာကို မဖြေနဲ့"

သူက ကလေး၏မျက်နှာပေါ်မှ ရှရွန်၏လက်ကို ဆွဲဖယ်ပစ်လိုက်သည်။

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လက်ကကြိုးကိုပဲဖြေ၊ ဒါနဲ့ ခဏနေဦး၊ ဒီခုတင်ပေါ် မင်း အရင်လှဲအိပ်လိုက်ပါဦး"

သူမက လန့်သွားပြီ. . .

"ဘာလုပ်မလို့လဲ"

"ငါက မင်းတို့နှစ်ယောက်စလုံးလွှတ်ထားလို့ မဖြစ်သေးဘူး၊ ကလေးကိုပဲ ကြိုးဖြေနိုင်မယ်"

သူမက ဘယ်လိုမှ မတတ်သာတော့ဘဲ သူ့အမိန့်ကိုသာ နာခံလိုက်ရတော့သည်။

သူက သူမ၏ ခြေထောက်များကို ဒူးဆစ်နှင့် ခြေကျင်းဝတ်မှ ပူးတွဲချည်သည်။

ပြီးတော့ ဆွဲထူပြီး ထိုင်ခိုင်းလိုက်သည်။

"လက်ကိုတော့ ငါသွားခါနီးမှ ချည်မယ်"

သူ သွားတော့မယ်ဆိုပါလား၊ ဘယ်သွားမှာပါလိမ့်။

သူတို့နှစ်ယောက်တည်း ဒီမှာ ထားပစ်ခဲ့တော့မှာလား။

သူက ကိုယ်ကိုကုန်းပြီး နီးလ်၏လက်ထိပ်မှ ကြိုးများကို ဓားမြှောင်နှင့် ဖြတ်လိုက်သည်။ ကလေးငယ်က လက်နှစ်ဖက်ကို ဘေးသို့ခွာလိုက်သည်။ သူ အသက်ရှူပြင်းလာသည်။ ချောင်းတဟွပ်ဟွပ် ဆိုးလာသည်။

ရှရွန်က ကလေးအား သူမရင်ခွင်နားသို့ဆွဲကပ်ပြီး သူမဝတ်ထားသော ကုတ်အင်္ကျီနှင့် ဆွဲခြုံပေးလိုက်သည်။ ကလေးငယ်သည် တစ်ကိုယ်လုံးတုန်နေသည်။ သူက ရှုန်းထွက်ဖို့ကြိုးစားသည်။

"နီးလ်. . . ငြိမ်ငြိမ်နေပါကွယ်၊ ငြိမ်ငြိမ်ကလေး နေပါကလေးရယ်၊ ရင်ကျပ်လာတဲ့အခါ ငြိမ်ငြိမ်နေပါလို့ သားဖေဖေပြောတာ မမှတ်မိတော့ဘူးလား"

သူမက လူစိမ်းမျက်နှာကို မော့ကြည့်လိုက်ပြီး. . .

"သူ့ကို ရေတစ်ခွက်လောက် ပေးပါလားရှင်"

သူက ခေါင်းညိတ်ပြပြီး ရေစင်ဘက်သို့ လျှောက်သွားသည်။ ရေပိုက်ခေါင်းမှရေတွေ တစက်စက်ကျနေသည်။ သူက ကျောပေးပြီးရပ်နေတုန်း ရှရွန်က နံရံပေါ်မှ ပိုစတာများကို မော့်ကြည့်လိုက်သည်။

မိန်းမနှစ်ယောက်က သေနေတာလား၊ လဲနေတာလား။ တခြားတစ်ယောက်ကတော့ တစ်ယောက်ယောက် နောက်ကလိုက်လာလို့ အလန့်တကြား ထွက်ပြေးပုံပဲ။ ဒါတွေအားလုံး သူ့လက်ချက်တွေချည်းပဲလား မသိဘူး။ ဒီလူက ရူးများရူးနေပြီလား။ ငါနဲ့နီးလ်ကလေးကို သူက ဘာအတွက်ကြောင့် ပြန်ပေးဆွဲရတာလဲ။ တို့နှစ်ယောက်ကို ပြန်ပေးဆွဲလာပြီး ဘူတာကြီးဖြတ်လာရတာ အံ့ပါရဲ့။ ဒီကိစ္စ နဂိုကတည်းက သူက ကြိုတင်စီမံကိန်းချထားတာဖြစ်လိမ့်မယ်။ ဘာကြောင့်များပါလိမ့်။

နီးလ်သည် ရင်ထဲလှိုက်တက်လာပြီး ချောင်းတဟွပ်ဟွပ် ဆိုးလာပြန်သည်။

လူစိမ်းသည် ရေစင်မှ ပြန်လှည့်လာသည်။

လက်ထဲတွင် စက္ကူခွက်ကလေးကိုင်လို့။ ချောင်းဆိုးသံကြောင့် သူ စိုးရိမ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ရှရွန်အား ရေခွက်ကမ်းပေးသည်။ သူ့လက်တွေ တုန်နေသည်။

"ကလေးကို ချောင်းမဆိုးစေနဲ့"

ရှရွန်က ရေခွက်ကို နီးလ်၏ နှုတ်ခမ်းဝသို့ တေ့ပေးရင်း. . .

"ဒါကလေးသောက်လိုက်. . . နီးလ်၊ ဖြည်းဖြည်း. . . ဖြည်းဖြည်း၊ သီးနေဦးမယ်၊ အဲ. . . ဟုတ်ပြီ၊ ကဲ. . . အန်တီအပေါ်မှီနေလိုက်"

ကလေးငယ်က သက်ပြင်းတစ်ချက်ချလိုက်သည်။ ပြီးတော့ ရှရွန်ကိုယ်ပေါ်တွင် ခွေခွေကလေး မှီနေလိုက်သည်။ လူစိမ်းက ရှရွန်၏မျက်နှာကို စိုက်ကြည့်ပြီး. . .

"မင်းက တော်တော်ကြင်နာတတ်တာပဲနော်၊ အဲဒါကြောင့်လဲ ငါက မင်းကို ချစ်မိတာပေါ့၊ မင်းကငါ့ကို ကြောက်တဲ့အမူအရာမျိုးလဲ လုံးဝမပြဘူး"

"ကျွန်မက ရှင့်ကို ဘာလို့ကြောက်ရမှာလဲ၊ ရှင်ကလဲ ကြောက်စရာရုပ်မျိုးမှ မဟုတ်တာပဲ၊ ရှင်က ကျွန်မတို့ကို မနှိပ်စက်ဘူးဆိုတာ အစကတည်းက ကျွန်မ ယုံကြည်ပြီးသားပါ၊ ဒါနဲ့. . . ကျွန်မတို့ကို ဒီနေရာဘာလို့ခေါ်လာတာလဲ. . . ဟင်"

သူက ဘာမှမပြောဘဲ လက်ဆွဲသေတ္တာအနက်ကြီးရှိရာသို့ လျှောက်သွားသည်။ သေတ္တာကို ဆွဲယူလာပြီး တံခါးဝနားတွင် ချသည်။ ပြီးတော့ သေတ္တာကို ဖွင့်သည်။

"အဲဒီအထဲမှာ ဘာတွေလဲ"

ရှရွန်ကမေးသည်။

"ငါအပြင်မထွက်ခင် တစ်ခုခုလုပ်စရာရှိလို့ပါ"

"ရှင်က ဘယ်သွားမှာလဲ. . . ဟင်"

"ငါ့ကို သိပ်ပြီး မေးလားမြန်းလား လုပ်မနေပါနဲ့"

"ကျွန်မက ရှင်လုပ်နေပုံတွေကို စိတ်ဝင်စားနေလို့ပါ"

သူက သေတ္တာထဲတွင် ဟိုဟိုဒီဒီ မွှေနှောက်ရှာဖွေနေသည်။

ပြီးတော့ ဝါယာကြိုးနှင့် ယမ်းမှုန့်ထုပ်ကို ထုတ်ယူလိုက်သည်။

"ဒီအလုပ်မျိုးလုပ်နေတုန်း စကားပြောလို့မဖြစ်ဘူး၊ ဒါမျိုးလုပ်တာက သတိထားနိုင်မှ၊ နို့မဟုတ်ရင် သိပ်အန္တရာယ်များတာ"

ရှရွန်က နီးလ်၏ကိုယ်ကလေးကို တင်းတင်းကလေး ပွေ့ဖက်ထားသည်။

သည်လူ အရူးစိတ်ဝင်နေပြီလားမသိ။ ယခု သူတို့အနီးတွင် ကပ်ပြီး ပေါက်ကွဲစေတတ်သော ပစ္စည်းတွေကို ကိုင်တွယ်နေပြီ။ တစ်ခုခုမှားယွင်းသွားမှဖြင့် အားလုံး သေကုန်ကြတော့မည်။ ရှရွန်က သူလုပ်နေပုံကို ရင်တမမနှင့် ကြည့်နေသည်။

သူ့မခြေထောက်တွေ သွေးမလျှောက်တော့သလို ခံစားနေရသည်။

နီးလ်ကလေး၏ရင်ဘတ်ကလည်း ဖိုလှိုက်ဖိုလှိုက် ဖြစ်နေသည်။

နောက်ဆုံးတွင် လူစိမ်းသည် ကုန်းနေရာမှ ကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်သည်။

"ဟုတ်ပြီ. . . ပြီးသွားပြီ"

"အဲဒါ ရှင် ဘာလုပ်မလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက မင်းတို့ကို စောင့်ကြည့်နေမယ့် အထိန်းတော်ပေါ့"

"ရှင် ဘာပြောတာလဲ၊ ကျွန်မ နားမလည်ဘူး"

"ငါက အပြင်သွားရမယ်လေ၊ မနက်မှ ပြန်လာနိုင်မယ်၊ ဒီကြားထဲ သူက ငါ့ကိုယ်စား စောင့်နေမှာပေါ့၊ နို့မဟုတ်ရင် မင်းတို့ ထွက်ပြေးသွားကြမှာပေါ့"

"ကျွန်မတို့ ဘယ်လိုလုပ်ထွက်ပြေးနိုင်ပါ့မလဲ၊ ရှင်က ခြေထောက်တွေ ကြိုးနဲ့ချည်ထားတာပဲ"

"ငါအပြင်သွားနေတုန်း တစ်ယောက်ယောက် ရောက်လာပြီး မင်းတို့ကို ခေါ်ထုတ်သွားရင်ကော"

"ဒါဖြင့် ကျွန်မတို့ ဒီအခန်းထဲမှာ ဘယ်လောက်ကြာကြာနေရမလဲ. . . ဟင်"

"ဗုဒ္ဓဟူးနေ့အထိ နေရမယ်၊ ကဲ. . . ငါ့ကို ဘာတွေညာတွေ မေးလားမြန်းလား လုပ်မနေနဲ့တော့၊ ငါပြောတဲ့အတိုင်းသာ အတိအကျလုပ်ပါ"

"ခွင့်လွှတ်ပါရှင်၊ ကျွန်မက သိချင်လို့ မေးမိတာပါ"

"မင်းတို့ ဒီမှာရှိတယ်ဆိုတာ ဘယ်သူမှ သိလို့မဖြစ်ဘူး၊ အခု ငါ အပြင်သွားဦးမယ်၊ တကယ်လို့ ငါမရှိတုန်း တစ်ယောက်ယောက်ရောက်လာရင် ဒီမှာတံခါးမှာ ဝါယာကြိုးနဲ့ဗုံး ချည်ထားတယ်"

ရှရွန်က သူ့စကား ဆက်နားမထောင်ရဲတော့ဘဲ နားနှစ်ဖက် လက်ဝါးနှင့် ပိတ်ထားလိုက်မိသည်။

"ဒါလောက်လည်း မကြောက်ပါနဲ့ရှရွန်၊ မနက်ဖြန်ညဆိုရင် စတီးဖ်ပက်တာဆင်က ငါ့ကို ရှစ်သောင်းနှစ်ထောင် လာပေးတော့မယ်၊ အဲဒါဆိုရင် အားလုံးကိစ္စပြီးသွားပါလိမ့်မယ်"

"ဒေါ်လာရှစ်သောင်းနှစ်ထောင် ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီငွေရရင် ဗုဒ္ဓဟူးနေ့မနက်မှာ မင်းနဲ့ငါနဲ့ ထွက်သွားနိုင်ပြီ၊ ကလေးကို ဘယ်နေရာမှာ သွားခေါ်ပါဆိုတာ ငါ စာရေးထားခဲ့မယ်"

သူမသည် သူ့စကားကို ဆက်မကြားတော့။ တစ်ကိုယ်လုံး ထုံပူသွားပြီး အသိအာရုံ တင်းမဲ့သွားသလို ခံစားလိုက်ရသည်။ သို့သော်လည်း သူက ဆက်ပြောနေသည်။

"ဝမ်းနည်းပါတယ် ရှရွန်"

သူက သူမအနားသို့ တိုးလာသည်။ ကလေးငယ်ကို သူမ၏ရင်ခွင်ထဲမှ ဆွဲဖယ်ပြီး ခုတင်ပေါ်တွင် ချထားလိုက်သည်။ ပြီးတော့ သူမ၏ လက်နှစ်ဖက်ကို နောက်ပြန်စုကိုင်ပြီး ကြိုးချည်လိုက်သည်။ သူက နံရံအနားသို့ ကပ်သွားသည်။

"သူ့ကို ပါးစပ်မပိတ်ပါနဲ့ရှင်"

ရှရွန်က တောင်းပန်လိုက်သည်။

"သူတစ်ခုခုဖြစ်သွားရင် ရှင် ပိုက်ဆံမရဘဲ နေလိမ့်မယ်၊ သူဘာမှ အန္တရာယ်မရှိဘူး ဆိုတာ ရှင်က သက်သေပြနိုင်ရမယ်မဟုတ်လား၊ ကျွန်မ. . . ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ရှင့်ကို ကျွန်မ သဘောကျပါတယ်၊ ရှင်က သိပ်ပြီး သွက်လက်တာပဲ



www.burmeseclassic.com

www.burmeseclassic.com



သူက ရှရွန်ကို စိုက်ကြည့်နေသည်။ သူ စဉ်းစားနေသည်။

"ရှင်. . . ရှင်က ကျွန်မနာမည် သိနေပြီ၊ ရှင့်နာမည်တော့ ကျွန်မ မသိရသေးဘူး၊ ရှင့်ကို ကျွန်မ စိတ်ဝင်စားမိလို့ပါ"

သူက သူမ၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ သူ့လက်တွေက ခံစားချက်မရှိသလို မာပြီးကြမ်းနေသည်။ သူက ကိုယ်ကိုကုန်းပြီး သူမကို နမ်းသည်။ နှုတ်ခမ်း၊ ပါးနှင့် နားရွက်တွေကို အငမ်းမရ နမ်းနေသည်။

"ငါ့နာမည်က 'မြေခွေး'တဲ့၊ ခေါ်ကြည့်စမ်းပါဦး"

"မြေခွေး. . . မြေခွေး"

"အိုကေ. . ."

ထို့နောက် နီးလ်၏လက်နှစ်ဖက်ကို ကြိုးချည်ပြီး ရှရွန်၏ဘေးသို့ ဆွဲကပ်လိုက်သည်။ ခေါက်ခုတင်ကျဉ်းကျဉ်းကလေးပေါ်တွင် နှစ်ယောက်သား ပူးကပ်ပိတ်ကြပ်နေသည်။ ရှရွန်က ကိုယ်ကိုကွေးပြီး နံရံတွင် ကပ်နေလိုက်သည်။ သူက သူတို့နှစ်ယောက်အပေါ်တွင် ကုတ်အင်္ကျီအဟောင်းကြီးကို ခြုံပေးလိုက်သည်။

"ဒီအတိုင်းမဖြစ်သေးဘူး၊ မင်းတို့နှစ်ယောက် စကားပြောရင် အပြင်က ကြားချင်ကြားနေဦးမယ်"

ယင်းသို့ပြောပြီး သူက နှစ်ယောက်စလုံးကို ပတ်တီးနှင့် ပါးစပ်ပိတ်စည်းလိုက်သည်။ သို့သော် ပထမတုန်းကလို သိပ်ပြီး တင်းတင်းကျပ်ကျပ်ကြီးတော့ မဟုတ်။

ထို့နောက် ဝါယာကြိုးတစ်ပင်ယူပြီး သေတ္တာထဲက တစ်စုံတစ်ရာနှင့်ချည်နေသည်။ ပြီးတော့ ဝါယာကြိုးကို တံခါးဝသို့ ဆွဲယူသွားသည်။ ဝါယာကြိုးကို တံခါးဝတွင် ချည်ထားလိုက်သည်။ ခုတော့မှ ရှရွန်က အစီအစဉ်ကို နားလည်သွားသည်။ တစ်ယောက်ယောက်က အခန်းထဲသို့ အမှတ်မထင်ဝင်ရန် ကြိုးစားခဲ့လျှင် ဝါယာကြိုးနှင့် ဆက်သွယ်ထားသောဗုံး ပေါက်ကွဲလိမ့်မည်။

မီးခလုတ်ပိတ်သံ ကြားလိုက်ရသည်။ အခန်းထဲတွင် မှုန်ဝါးဝါးမီးရောင် လုံးဝပျောက်ကွယ်သွားသည်။ တံခါးပွင့်လာသည်။ အသံမမြည်ဘဲ ပြန်ပိတ်သွားသည်။

သူသည် တံခါးရှေ့တွင် ခေတ္တရပ်နေသေးသည်။

ပြီးတော့မှ နေရာမှ ချာခနဲ လှည့်ထွက်သွားသည်။

တစ်ခန်းလုံး ပိန်းပိတ်အောင် မှောင်နေသည်။ နီးလ်ကလေး၏ ဖုတ်လှိုက်ဖုတ်လှိုက် အသက်ရှူသံနှင့် တစ်ခါတစ်ရံ ဥမင်ထဲသို့ ရထားဝင်လာသံ သဲ့သဲ့ကိုသာ ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၈

ရော်ဂျာပယ်ရီနှင့် ဂလင်ဒါတို့ လင်မယားသည် အိပ်ရာထဲတွင် (၁၁)နာရီသာတင်း ဖွင့်နားထောင်ရန် ဆုံးဖြတ်လိုက်ကြသည်။

ဂလင်ဒါက ရေချိုးပြီးပြီ။ ပယ်ရီရေချိုးနေတုန်း သူမက အရက်တစ်ခွက် စပ်ပေးထားမည်ဆိုကာ အိမ်ခန်းထဲ ဝင်သွားသည်။

"စက်က အသံကောင်းပါတယ်၊ ခလုတ်တွေ လျှောက်လှည့်မနေနဲ့ဦး"

ပယ်ရီက ဇနီးသည်အား လှမ်းပြောလိုက်သည်။

ထို့နောက် မီးဖိုခန်းတံခါးသွားပိတ်ပြီး အပေါ်ထပ်တက်လာခဲ့သည်။

ရေနွေးဖြင့် ရေချိုးလိုက်ရသဖြင့် စိတ်ရောကိုယ်ပါ လန်းဆန်းသွားသည်။ ရေချိုးပြီးတော့ ကမန်းကတန်းအဝတ်အစားလဲသည်။ စားပွဲပေါ်မှ စာဖတ်မီးလုံး ပိတ်ထားလိုက်သည်။

မအိပ်ချင်သေးသဖြင့် အိပ်ခန်းအရှေ့ဘက် ပြတင်းပေါက်သို့ လျှောက်လာခဲ့သည်။

အပြင်တွင် ရာသီဥတုတော်တော်ဆိုးသည်။ အေးလိုက်တာမှ လွန်ပါရော။

သို့သော် သူတို့အိပ်ခန်းထဲမှာတော့ နွေးထွေးနေသည်။

သူက ပက်တာဆင်တို့အိမ်ဘက်သို့ အမှတ်မထင် လှမ်းကြည့်လိုက်သည်။

မီးလင်းနေပြီ။ အိမ်တွင်းအိမ်ပြင် ထိန်ထိန်လင်းနေပြီ။ အိမ်ရှေ့ကားဝင်လမ်းကလေးထဲတွင် ကားတွေရပ်ထားသည်ကို နှင်းမှုန်တွေကြားမှလှမ်းမြင်နေရသည်။

ဂလင်ဒါက အရက်ခွက်ကိုင်ပြီး အိပ်ခန်းထဲဝင်လာသည်။

"ရော်ဂျာ. . . ရှင် အဲဒီမှာ ဘာသွားလုပ်နေတာလဲ၊ ဒီမှာ အရက်နွေးနွေးကလေး တစ်ခွက်သောက်လိုက်ပါဦး"

"ဪ. . . ငါက စတီးဗ်တို့ခြံထဲ လှမ်းကြည့်နေတာပါကွ၊ မင်း ပူမနေနဲ့တော့ အခု တစ်အိမ်လုံး မီးတွေလင်းနေပြီ၊ လင်းလိုက်သမှ ခရစ္စမတ်သစ်ပင်ကျနေတာပဲ"

"ပါတီပွဲရှိတယ်ထင်ပါရဲ့၊ တော်ပါသေးရဲ့၊ ကျွန်မတို့ကိုမဖိတ်တာဘဲ ကျေးဇူး တင်ရမယ်၊ ဒီလိုညမျိုး ဘယ်မှမထွက်ချင်ဘူး"

သူမက အရက်ခွက်ကို စားပွဲပေါ်တင်လိုက်သည်။

ညအိပ်ဝတ်ရုံကြီး ပြန်ချွတ်ပြီး အိပ်ရာထဲဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတော့ မောလို့ လှဲနေလိုက်တော့မယ်"
သူမက မျက်နှာညှိုးနေသည်။
"ဘာလဲ၊ ရင်ထဲက နာနေပြန်ပြီလား"
"ဟုတ်တယ်၊ နည်းနည်းနာချင်သလိုလိုပဲ"
"ဒါဖြင့် ငြိမ်ငြိမ်ကလေး လှဲနေလိုက်၊ ငါ ဆေးလုံးသွားယူလိုက်မယ်"
သူက စားပွဲအံဆွဲထဲမှ နိုက်ထရိုဂလီဆရင်ဆေးပုလင်းယူပြီး ဆေးတစ်လုံး ကမ်းပေးလိုက်သည်။ သူမက ဆေးလုံးမျိုချလိုက်ပြီး မျက်လုံးတွေမှေးထားလိုက်သည်။
"အင်း, တော်တော်လဲ ဒုက္ခပေးတဲ့ရောဂါပါလား၊ ဒါပေမယ့် ဆိုးတော့ မဆိုးပါဘူး၊ ဆေးဝင်သွားရင် သက်သာသွားမှာပါ"
တယ်လီဖုန်းမြည်လာသည်။ ရော်ဂျာက စိတ်ပေါက်ပေါက်နှင့် လှမ်းကိုင်လိုက်သည်။
"မင်းဆီဆက်ရင် အိပ်ပျော်နေပြီလို့ ပြောလိုက်မယ်"
သူက တယ်လီဖုန်းခွက်ထဲ ပါးစပ်တေ့ပြီး . . .
"ဟုတ်ကဲ့" ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။
ချက်ချင်းပင် သူ့အသံ ပြောင်းသွားသည်။
"ဩော်. . . စတီးဖ်လား၊ ဟင်, ဘာဖြစ်တာလဲ၊ အို. . . ဘုရားသခင်၊ ကိစ္စမရှိပါဘူး၊ ဖြစ်ပါတယ် ဖြစ်ပါတယ်၊ ငါ ခုချက်ချင်း လာခဲ့မယ်"
ဂလင်ဒါက သူ့ကို လှမ်းကြည့်နေသည်။
ရော်ဂျာက တယ်လီဖုန်းပြန်ချလိုက်ပြီး သူမအနားသို့ လျှောက်လာသည်။
သူက ဇနီးသည်၏လက်ကို အသာဆုပ်ကိုင်လိုက်သည်။
"စတီးဖ်အိမ်မှာ ပြဿနာပေါ်နေပြန်ပြီ၊ နီးလ်ကလေးနဲ့ ရှုရှန်မာတင် ပျောက်နေလို့တဲ့၊ ငါ ခဏသွားကြည့်လိုက်ဦးမယ်၊ အမြန်ပြန်လာခဲ့မယ်"
"ရော်ဂျာ"
"ဘာမှမပူပါနဲ့ ဂလင်ဒါ၊ ငြိမ်ငြိမ်ကလေးအိပ်နေပါကွယ်၊ ငါ ခုချက်ချင်း ပြန်လာခဲ့မှာပါ"
သူက ဆွယ်တာအင်္ကျီကို ကမန်းကတန်း ကောက်ဝတ်ပြီး အခန်းအပြင် ထွက်လာခဲ့သည်။ တံခါးပြန်ပိတ်မလို့လုပ်တုန်း တယ်လီဖုန်း မြည်လာပြန်သည်။
သူ့မိန်းမ နားထောင်လိမ့်မယ်ဆိုပြီး နှင်းတောထဲ ပြေးထွက်လာခဲ့သည်။
သူသည် အိမ်ရှေ့မြက်ခင်းကို ဒေါင်လိုက်ဖြတ်ပြီး လမ်းမပေါ် ပြေးလာခဲ့သည်။
စတီးဖ်တို့ အိမ်တံခါးဝရောက်တော့ သူ့မှာ မောဟိုက်နေသည်။
ဗလကောင်းကောင်းနှင့် ဆံပင်ဖြူဖြူလူတစ်ယောက်က တံခါးဖွင့်ပေးသည်။
"ဟဲလို. . . မစ္စတာပယ်ရီ. . .၊ ကျွန်တော် အက်ဖ်ဘီအိုင်က ဟူးချ်တေလာပါ. . ကျွန်တော့်ကို မမှတ်မိတော့ဘူးထင်ပါတယ်၊ ဟို. . . လွန်ခဲ့တဲ့နှစ်နှစ်လောက်က တွေ့ခဲ့ကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ရော်ဂျာက ပြန်တွေးနေသည်။ ဟုတ်ပြီ. . . မှတ်မိပြီ။ ထိုနေ့က ဂလင်ဒါက နီနာ၏ အလောင်းကိုကြည့်ရန် ကမန်းကတန်းပြေးသွားတော့. . . အိမ်ရှေ့မှပြန်ပြေးလာသော ရှိနယ်သွမ်မဆင်နှင့် ပက်ပင်းဝင်တိုက်မိကြသည်။

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ ခင်ဗျားကို ကျွန်တော်ကောင်းကောင်းမှတ်မိပြီ"

ရော်ဂျာက ဧည့်ခန်းထဲဝင်လာခဲ့သည်။ စတီးဖ်သည် မျက်နှာညှိုးညှိုးဖြင့် မီးလင်းဖိုနားတွင် ရပ်နေသည်။ ဒေါ်ရာလပ်ဖ်က ခုံရှည်ပေါ်တွင်ထိုင်ကာ ရှိုက်ငိုနေသည်။ သူ့မဘေးကရပ်နေသူကတော့ ဘီးလ်လပ်ဖ်။ သူလည်း မျက်နှာကလေး ညှိုးညှိုးငယ်ငယ်နှင့်။

ရော်ဂျာက စတီးဖ်အနားသို့ လျှောက်လာပြီး ပခုံးပေါ် လက်တင်လိုက်သည်။

"စတီးဖ် ငါတကယ် စိတ်မကောင်းပါဘူး၊ ဘာပြန်ပြောရမှန်းတောင် မသိတော့ဘူး"

"အခုလို ချက်ချင်းရောက်လာတာကိုပဲ ကျေးဇူးတင်လှပါပြီ အန်ကယ်"

"သူတို့ပျောက်သွားတာ ဘယ်လောက်ကြာပြီလဲ"

"ကျွန်တော်တို့လည်း အတပ်မသိဘူး။ ခြောက်နာရီနဲ့ ခုနစ်နာရီခွဲအတွင်းမှာ ပျောက်သွားတယ်ထင်တာပဲ"

"အိမ်မှာရှုရှန်နဲ့ နီးလ်တို့နှစ်ယောက်ပဲ ရှိသလား"

"ဟုတ်ပါတယ် သူတို့. . ." စတီးဖ်၏အသံ တိမ်ဝင်သွားသည်။

"သူတို့နှစ်ယောက်ပဲရှိတယ်"

"ဒီတော့. . . မစ္စတာပယ်ရီ" ဟူးချ်တေလာက ကြားဖြတ်ပြောသည်။

"မစ္စတာပယ်ရီအနေနဲ့ ကျွန်တော်တို့ကို တစ်ခုခုများ ပြောနိုင်ပါသလား၊ ဒီနားဝန်းကျင်မှာ လူတစ်ယောက်ယောက် ဒါမှမဟုတ် ကားတစ်စီးစီးများ မြင်လိုက်တာ ရှိပါသလား၊ သေချာစရာ တစ်ခုခုဆိုပါတော့၊ အဲဒါ စဉ်းစားကြည့်ပါဦး"

ရော်ဂျာက ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

ပြီးတော့ စတီးဖ်မျက်နှာကိုကြည့်ပြီး. . .

"မောင်ရင့်အိမ်ရှေ့မီး သတိပြုမိရဲ့လား"

"ဟုတ်ကဲ့. . . ဘီလ်နဲ့ဒေါ်ရာတို့ အပြင်ထွက်သွားတုန်းက မီးဖွင့်ထားခဲ့ပါတယ်၊ ကျွန်တော်အလုပ်က ပြန်လာတော့ မီးတွေမှောင်နေတာတွေ့ရတယ်။ အဲဒါ အန်ကယ်ဘယ်လိုသဘောရပါသလဲ"

ရော်ဂျာက သူ၏တစ်နေ့တာလုပ်ငန်းစဉ်ကို အချိန်ဇယားအတိုင်း အတိအကျ မှတ်မိသည်၊ သူရုံးမှ (၅)နာရီ(၁၀)မိနစ်တွင် ထွက်လာခဲ့သည်။ အိမ်ရောက်တော့ ခြောက်နာရီထိုးဖို့ မိနစ်နှစ်ဆယ်လိုသေးသည်။

"ကျုပ်အိမ်ပြန်ရောက်စက မောင်ရင့်အိမ်ရှေ့မီး လင်းနေတာ ဖြစ်ရမယ်၊ နို့မဟုတ်ရင် ကျုပ်ချင်းသတိပြုမိမှာပေါ့၊ နောက်(၁၅)မိနစ်ကျော်ကျော်လောက်ကြာတော့ ကျုပ်တို့လင်မယား အိမ်ပေါက်ထွက်ပြီး ရပ်နေတုန်း ဂလင်ဒါကစပြီး မြင်တာပဲ၊ သူက မောင်ရင့် အိမ်ရှေ့မီး မှောင်နေတာ ထူးဆန်းတယ်ဆိုပြီး ကျုပ်ကိုပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး ဆက်ပြောသည်။

"ကျုပ်တို့ အဲဒီလိုရပ်နေတုန်း ခြောက်နာရီထိုးသံ ကြားလိုက်မိတယ်၊ အဲဒီတော့ ကျုပ်အထင် ခြောက်နာရီငါးမိနစ်လောက်မှာထင်တယ်. . . မောင်ရင့်အိမ်ရှေ့က ကားတစ်စီး မောင်းထွက်သွားတာ သူမြင်ရတယ်လို့ ဂလင်ဒါက ပြောသေးတယ်"

"ကားတစ်စီးဟုတ်လား၊ ဘာကားမျိုးလဲ"

ဟူးချ်က ကမန်းကတန်း မေးလိုက်သည်။

"အဲဒါတော့ ကျုပ်မပြောတတ်ဘူး၊ ဂလင်ဒါပဲ သိလိမ့်မယ်၊ ကျုပ်က ပြတင်းပေါက်ကို နောက်ခိုင်းထားလို့ မမြင်လိုက်ရဘူး"

"မစ္စတာပယ်ရီပြောတဲ့အချိန် သေချာပါတယ်နော်"

ရော်ဂျာက စုံထောက်မှူးမျက်နှာကို စေ့စေ့ကြည့်ရင်း. . .

"ဟုတ်ပါတယ် သေချာပါတယ်"

သူက သူ့မိန်းမမျက်နှာ သွားမြင်မိသည်။

သည်ကိစ္စတွင် သူ့မိန်းမ ပါဝင်ပတ်သက်လာလျှင်တော့ ဒုက္ခပဲ။

"ကျုပ်မိန်းမက သိပ်နေကောင်းတာမဟုတ်ဘူး၊ ဒီအကြောင်းသိရရင် ရောဂါပြန်ထမှာ သေချာတယ်"

ဟူးချ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ အဲဒီအချက် ကျွန်တော်တို့ သဘောပေါက်ပါတယ်၊ ဒါပေမယ့် သူ့အနေနဲ့ သဲလွန်စအတွက် အချက်အလက်ပေးနိုင်မှာတော့သေချာပါတယ်၊ ဘာမှမစိုးရိမ်ပါနဲ့၊ ဘယ်သူမှ မသိအောင် ကျွန်တော်တို့က လျှို့လျှို့ဝှက်ဝှက်လုပ်မှာပါ။ ပြီးတော့ ပြန်ပေးက သတင်းရသွားမှာကိုလဲ ကြောက်ရတယ်"

"ဟုတ်ကဲ့ ကျုပ် သဘောပေါက်ပါပြီ"

"လူနှစ်ယောက်ရဲ့အသက်ဟာ လူကြီးမင်းတို့အားလုံးပေါ်မှာ တည်နေပါတယ်၊ ဒါကြောင့် လုပ်စရာရှိတာတွေကို ဟန်မပျက် တည်တည်ငြိမ်ငြိမ်နဲ့ လုပ်ဖို့ အရေးကြီးပါတယ်"

"အမယ်လေး. . . ဘုရားသခင်"

ဒေါ်ရာက ရှိုက်ငိုလိုက်သည်။

"နီးလ်ရေ ဘုရားမ,လို့ ဘေးမသီရန်မခပါစေနဲ့ သားလေးရေ၊ ပြီးတော့ အဲဒီ မိန်းမချောကလေး၊ လိမ္မာလိုက်တဲ့ ကလေးမ ငါ့တူမကြီး အန္တရာယ်ကင်းလို့ ဘေးရှင်းပါစေကွယ်၊ အဟီး. . . ဟီး. . ဟီး"

"ဒေါ်ရာ. . . ဘာဖြစ်နေတာလဲ၊ တိတ်စမ်း"

ဘီလ်က ပိတ်ဟောက်လိုက်သည်။

စတီးဗ်၏မျက်နှာ ချုံးကျသွားသည်ကို ရော်ဂျာက သတိပြုမိလိုက်သည်။

"ဒါနဲ့. . . မစ္စတာပယ်ရီ၊ လူကြီးမင်း မစ္စရှုရွှန်ကို သိပါသလား"

ဟူးချ်က မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ သိပါတယ်၊ ကျုပ်က သူ့ကို ဒီအိမ်မှာရော ကျုပ်အိမ်မှာပါ ခဏခဏတွေ့နေရတာ၊ ကဲ ကျုပ်ပြန်လိုက်ပါရစေဦး၊ ဟိုမှာ ကျုပ်မိန်းမတစ်ယောက်တည်း ကျန်နေရစ်တာ"

"ကောင်းပါပြီခင်ဗျား၊ ဒါနဲ့. . . သူမြင်လိုက်ရတဲ့ ကားကိစ္စ ကျွန်တော်တို့ နည်းနည်းမေးကြည့်ချင်ပါတယ်၊ ကျွန်တော့်လက်ထောက်တစ်ယောက် လိုက်ပါလိမ့်မယ်"

"မလုပ်ပါနဲ့၊ တောင်းပန်ပါရစေ၊ ကျုပ်မိန်းမဟာ ဝေဒနာသည်ပါ၊ နီးလ်ကလေးကို သူက သိပ်ချစ်တာ၊ ဒီအကြောင်းသိရရင် ရောဂါပိုဆိုးနေပါလိမ့်မယ်"

သူက စတီးဖ်ကို လှည့်ကြည့်လိုက်သည်။ စတီးဖ်သည် အပြင်ပန်းအားဖြင့် တည်ငြိမ်နေသလို ထင်ရသည်။ သို့သော် အတွင်းမှာတော့ မီးတောက်နေမည်မှာ သေချာသည်။

သူက စတီးဖ်ကိုကြည့်ပြီး တော်တော်သနားသွားသည်။

"ဒါနဲ့ စတီးဖ်၊ မောင့်ကြည့်ရတာ ပင်ပန်းနေသလိုပဲ၊ တစ်ခုခုသောက်လိုက်ပါလား"

"ဟုတ်ကဲ့. . . ကော်ဖီဆိုရင် တော်ပါပြီ"

ဒေါ်ရာက အားတက်သရောဖြင့်. . .

"ကျွန်မသွားဖျော်လိုက်မယ်၊ ဆင်းဒွစ်လဲ ယူလာခဲ့မယ်၊ အမယ်လေး ဖြစ်မှဖြစ်တတ်ပလေ နီးလ်ရေ၊ ကျွန်မတို့ ဒီနေ့မှ ရုပ်ရှင်သွားကြည့်မိတာ မှားလိုက်လေခြင်း၊ ကလေးများ တစ်ခုခု ဖြစ်သွားရင်ဖြင့် ကျွန်မတော့ ရင်ကွဲရချေရဲ့"

ဘီလ်က သူ့မိန်းမပါးစပ်ကို လက်နှင့် လှမ်းပိတ်သည်။

"ငါတယ်. . . ဒီမိန်းမ၊ ဒီပါးစပ်ကို ပိတ်ထားစမ်း"

ဟူးချ်က ဘီလ်လပ်ဖ်တို့ လင်မယား၏ အပြုအမူကို မျက်ခြည်မပြတ် အကဲခတ်နေသည်။ သည်အချက်ကို မစ္စတာရော်ဂျာပယ်ရီက သတိပြုမိသည်။

လပ်ဖ်တို့လင်မယား။

သူတို့ကို မသင်္ကာစရာ မရှိပါဘူး၊ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါဘူး။

ရော်ဂျာက အိမ်သို့ပြန်ရန် ဝရန်တာသို့ လျှောက်လာသည်။ အိမ်ရှေ့တံခါးဝမှ လူခေါ်ခေါင်းလောင်းသံ အဆက်မပြတ် ပေါ်ထွက်လာသည်။ သူတို့အားလုံး လန့်သွားပြီး ထခုန်မိတော့မတတ် ဖြစ်သွားကြသည်။

ထိုစဉ် မီးဖိုခန်းတွင် သဲလွန်စရှာဖွေနေသော စုံထောက်တစ်ယောက် အလျင်အမြန် ပြေးထွက်လာပြီး ရော်ဂျာကို ကျော်တက်ကာ တံခါးကို ဆွဲဖွင့်လိုက်သည်။

ဂလင်ဒါသည် တံခါးဝတွင်ရပ်နေသည်။ သူမ၏ ဆံပင်နှင့် မျက်နှာပေါ်တွင် ဆီးနှင်းတွေစို့ရွဲနေသည်။ မျက်နှာက သွေးမရှိသလို ဖြူရော်နေသည်။ မျက်လုံးတွေက ကြောင်ကြောင်ကြီးစိုက်ကြည့်နေသည်။

သူမလက်ထဲတွင် စာရွက်တစ်ရွက် ကိုင်ထားသည်။

လက်တွေလည်း တဆတ်ဆတ်တုန်နေသည်။

ရော်ဂျာက ဇနီးသည်အနားသို့ ပြေးကပ်သွားသည်။ သူမ ခွေယိုင်လဲမသွားအောင် အချိန်မီထိန်းလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂလင်ဒါက ခင်ပွန်းသည်၏ကိုယ်ပေါ်တွင် မှီနေရင်းမှ အသံသဲ့သဲ့နှင့်ပြောသည်။

"ရော်ဂျာ. . . ဖုန်း. . . ဖုန်း. . ဖုန်းလာတယ်"

သူမကပြောရင်း ရှိုက်ငိုနေသည်။

"သူက ကျွန်မကို စာရေးခိုင်းတယ်၊ သူပါးစပ်ကပြောတာ ကျွန်မ လိုက်ရေးရတယ်၊ ပြီးတော့ သူက သူက. . . သူ့စာအတိုင်းလုပ်ပါတဲ့၊ နို့မဟုတ်ရင် ကလေးကို. . ကလေးကို အဟီး. . . ဟီး. . ဟီး"

"စိတ်ကိုထိန်းထားပါ ဂလင်ဒါ၊ ကလေး ဘာမှမဖြစ်ပါဘူး၊ ဘာမှမပူပါနဲ့"

ဟူးချ်က အဘွားကြီးလက်မှ စာရွက်ကို ကမန်းကတန်း လှမ်းယူပြီး ဖတ်ကြည့်လိုက်သည်။

*"သူ့သားကလေးနှင့် အမျိုးသမီးကို ပြန်လိုချင်ရင် မနက်ဖြန်မနက် ရှစ်နာရီတိတိ အိတ်ဖွန်ဘူတာအနီးက တယ်လီဖုန်းရုံမှ စောင့်ပါလို့ စတီးဖ်ပက်တာဆင်ကို ပြောလိုက်ပါ၊ ပြန်ပေးငွေအတွက် ညွှန်ကြားချက် သိရလိမ့်မယ်"*

ဟူးချ်က မျက်မှောင်ကြုတ်လိုက်သည်။ နောက်ဆုံးစာလုံးကို သူ မဖတ်တတ်။

"ဒီစာလုံးက ဘာလဲ မစွက်ပယ်ရီ၊ ဒီမှာကြည့်စမ်းပါဦး"

"ဩော်၊ ကျွန်မလဲ ကမန်းကတန်းလိုက်ရေးရတာ၊ သူကလဲ အလောတကြီးပဲ၊ သူက ပြန်ရွတ်ပြလို့ ကျွန်မမှတ်မိလိုက်တာ၊ ဘာတဲ့ ဟို. . . အေး. . . မြေခွေးတဲ့. . မြေခွေး"

သူမမျက်နှာ တွန့်ရှုံ့သွားသည်။ သူမသည် ခင်ပွန်းသည်ကို မှီနေရာမှ ကိုယ်ကို ပြန်မတ်လိုက်ပြီး ရင်ဘတ်ကို လက်ဝါးနှင့် ဖိထားလိုက်သည်။

"သူ. . . သူက သူ့အသံကို ဖျက်ပြီးပြောတယ်၊ ဒါပေမယ့် သူက ခဏခဏထပ်ပြော နေတော့ ကျွန်မက သူ့အသံကို မှတ်မိသလိုပဲ၊ ဟုတ်တယ်. . ရော်ဂျာရဲ့၊ဒီလူဟာ သူစိမ်းလူ မဟုတ်ဘူး၊ ကျွန်မသိတဲ့ လူတစ်ယောက်ယောက်ဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com

## ၁၉

ရွှေနေကလေး ဘော့ဘ်ကာနားသည် ဆိုးမားအကျဉ်းထောင်မှ ထွက်ခွာမလာမီ ကက်သီမိုးထံ ဖုန်းလှမ်းဆက်သည်။ သူမ၏ရုံးမှ သူ့ကိုစောင့်နေရန် ပြောလိုက်သည်။

ကက်သီမှာ ဘရိတ်ချ်ပို့ထ်နယ်မြေ၊ ကလေးသူငယ်ဆိုင်ရာတရားရုံးတွင် တာဝန်ကျသော လက်ထောက်အစိုးရ ရှေ့နေမကလေးဖြစ်သည်။ ထိုရုံးတွင် ပြည့်သူ့အကျိုးဆောင်ရှေ့နေအဖြစ် ဘော့ဘ်လုပ်ကိုင်ခဲ့စဉ်က သူတို့နှစ်ယောက် တွေ့ဆုံရင်းနှီးခဲ့ကြသည်။

ရိုနယ်သွမ်မဆင် အပြစ်လွတ်ရေးအတွက် ဘော့ဘ်က အပြင်းအထန် ကြိုးစားလျှောက်လဲရာတွင် ကက်သီအနေဖြင့် အစွမ်းကုန်ကူညီခဲ့သည်။

သူမသည် ဘော့ဘ်မှာထားသည့်အတိုင်း လက်နှိပ်စက်စာရေးမကြီး မာဂျီကို အသင့်ခေါ်ထားပြီး ဧည့်ခန်းတွင် သူ့ကို စောင့်နေသည်။

"မာဂျီက လိုအပ်ရင် တစ်ညလုံးနေပြီး လုပ်ပေးမယ်တဲ့၊ ရှင့်အလုပ်က တော်တော်များသလား"

သူမက ဘော့ဘ်အား မေးလိုက်သည်။

"အများကြီးပဲ. . . ကက်၊ သူက လေးနာရီတိတိပြောပြတာ၊ လက်နှိပ်စက်ရိုက်တာ နှစ်နာရီလောက်တော့ ကြာလိမ့်မယ်ထင်တယ်"

မာဂျီအီဗန်က လက်ဖြန့်ပြီး တောင်းလိုက်သည်။

"ပေးစမ်းပါ၊ ကျွန်မကို. . ."

သူမအသံက အလုပ်သဘောဆန်သည်။ တိကျသည်။

သူမသည် ကက်ဆက်ကို စားပွဲပေါ်တင်လိုက်သည်။ ပြီးတော့ ဆံုလည်ကုလားထိုင်ပေါ်ဝင်ထိုင်ပြီး ကက်ဆက်ခလုတ်ကို နှိပ်လိုက်သည်။

ရွှန်သွမ်မဆင်၏အသံက ဖြည်းဖြည်းတိုးတိုးပေါ်လာသည်။

"ကျွန်တော်ဟာ အဲဒီနေ့က ကျောင်းကပြန်လာပြီးတော့ တင်ဘာလေ ကုန်စုံဆိုင်မှာ အလုပ်လုပ်နေပါတယ်"

မာဂျီက ကက်ဆက်ခလုတ်ကို ဆတ်ခနဲ ပြန်ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ. . . ဒီတိတ်ခွေ ကျွန်မ ပြန်ကူးလိုက်မယ်၊ ရှင်တို့နှစ်ယောက်က တခြား လုပ်စရာရှိတာတွေ လုပ်ကြပါ"

"ကျေးဇူးပဲ. . . မာဂျီ"

ဘော့ဘ်က ကက်သီဘက်သို့ လှည့်ကာ. . .

"ဒါနဲ့. . . ဟိုအမှုတွဲတွေ ရှိသလား"

"ရှိပါတယ်၊ အခန်းထဲမှာ"

ဘော့ဘ်က ကက်သီနောက်မှ လိုက်၍ ရုံးခန်းကျဉ်းကလေးထဲ ဝင်လာသည်။ စားပွဲပေါ်တွင် *'ကာဖိုလီအမှု၊' 'ဝိတ်စ်အမှု၊' 'အမ်ဘရိုစ်အမှု၊' 'ကလာဟန်အမှု'* ဟူ၍ အဖုံးပေါ်တွင် ရေးသားထားသော မနီလာဖိုင်တွဲ လေးတွဲမှတစ်ပါး မည်သည့်စာရွက်စာတမ်းမျှ မရှိ။

"ရဲမှတ်ချက်တွေက အပေါ်မှာ၊ ဒီအမှုတွဲတွေထုတ်ပေးတာ လက်စ်ဘရွတ်သိသွားရင် မလွယ်ဘူး ဘော့ဘ်၊ ကျွန်မကို အလုပ်ကဖြုတ်ပစ်မှာ သေချာတယ်"

လက်စ်ဘရွတ်မှာ သူမ၏အထက်အရာရှိ အစိုးရရှေ့နေကြီးဖြစ်သည်။

ဘော့ဘ်က စားပွဲတွင် ဝင်ထိုင်ပြီး အပေါ်ဆုံးဖိုင်တွဲကို ဆွဲယူလိုက်သည်။

သူက ဖိုင်တွဲကိုမလှန်ခင် ကက်သီ၏မျက်နှာကို မော့ကြည့်လိုက်သည်။

သူမသည် နက်မှောင်သောဆံပင်ကို ရာဘာကွင်းနှင့်စည်းကာ ကုပ်ပေါ်တွင် ဖြန့်ချထားသည်။ သူမ၏ရုပ်သွင်မှာ (၂၅)နှစ်အရွယ် ရှေ့နေမကလေးတစ်ယောက်နှင့်မတူ။ (၁၈)နှစ်အရွယ် ကောလိပ်ကျောင်းသူတစ်ဦးနှင့်သာ တူနေသည်။

သို့သော် တရားရုံးတွင် သူမနှင့် ပထမဆုံးအကြိမ် အပြိုင်လျှောက်လဲရသည့် အချိန်မှစ၍ ဘော့ဘ်က သူ့အထင်မှားယွင်းကြောင်း သိခဲ့ရသည်။ ကက်သီက ထက်မြက်သော၊ တိကျသော၊ အမှန်တရားချစ်မြတ်နိုးသော ရှေ့နေကောင်းတစ်ယောက် ဖြစ်သည်။

"မင်းရဲ့ စွန့်စားမှုနဲ့ စေတနာကို ငါ သဘောပေါက်ပါတယ်ကက်၊ ဒါပေမယ့် ရှန်သွမ် မဆင်ရဲ့ အကျိုးအတွက်ပါ၊ ဒီလူသတ်မှုတွေနဲ့ နီနာပက်တာဆင်သတ်မှု ဆက်စပ်နေတယ် ဆိုတာ သိရရင် သွမ်မဆင်အနေနဲ့ သက်သာရာသက်သာကြောင်း နည်းလမ်းရှာတွေ့နိုင်စရာ ရှိလို့ပါ"

ကတ်သီက ကုလားထိုင်ဆွဲပြီး ဝင်ထိုင်လိုက်သည်။

ပြီးတော့ တခြားဖိုင်တွဲနှစ်ခုကို ယူလိုက်ပြီး. . .

"ကောင်းပြီလေ. . . ဒီအမှုတွေအချင်းချင်း ဆက်စပ်မှုရှိတယ်ဆိုတာ သိရရင်တော့ ကျွန်မတို့အနေနဲ့ ကံကောင်းတာပေါ့၊ အဲဒီလိုဆိုရင် လက်စ်ကလဲ အမှုတွဲတွေကို ရှင်ယူ ကြည့်တာ ခွင့်လွှတ်မှာပါ၊ သတင်းစာတွေကလဲ သူ့ဘက်က ထောက်ခံရေးသားနေကြတယ်၊ ဒီနေ့မနက်ထုတ် သတင်းစာတွေမှာပဲ ဒီအမှုနှစ်ခုကို 'မြို့လယ်ဂိုဏ်းလူသတ်မှု' ဆိုပြီး ခေါင်းစဉ် တပ်ထားကြသေးတယ်"

"ဟုတ်ပြီလေ. . . သူတို့က ဘယ်လိုပဲရေးရေး၊ ဒီအမှုလေးမှုဟာ နီနာပက်တာဆင် အမှုနဲ့ တစ်နည်းမဟုတ် တစ်နည်း ဆက်စပ်နေမယ်ဆိုတာတော့ ငါက အခုအထိ ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



နေတုန်းပဲ၊ ဒါက မှန်းဆချက်မဟုတ်ဘူး၊ တကယ့်ယုံကြည်ချက်၊ အဲဒီတော့ ငါ့ကို မင်း ကူညီမှ ဖြစ်မှာ”

“စိတ်ချပါ ကူညီပါ့မယ်၊ ဒီတော့ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ”

“အသေးစိတ် စာရင်းချပြီး လေ့လာကြတာပေါ့၊ နေရာ၊ အချိန်၊ သေဆုံးတဲ့ အကြောင်းရင်း၊ အသုံးပြုတဲ့လက်နက်၊ ရာသီဥတုအခြေအနေ၊ စီးလာတဲ့ ကားအမျိုးအစား၊ မိသားစုနောက်ခံသမိုင်း၊ သက်သေထွက်ဆိုချက်၊ သေဆုံးသူတွေ သွားတတ်တဲ့နေရာ၊ အခင်း ဖြစ်ပွားတဲ့ညနေက သူတို့သွားခဲ့တဲ့နေရာ အဲဒါတွေ အသေးစိတ်လေ့လာရမှာပေ့ါ၊ နောက်ဆုံး နှစ်မှုမှာ သူတို့က အသံလွှင့်ရုံကို သတင်းပို့တဲ့အချိန်နဲ့ သူတို့အလောင်းတွေ့ရတဲ့ အချိန်ကို ဆက်စပ်လေ့လာရမယ်၊ အဲဒါတွေအားလုံး သိရတော့မှ နီနာပက်တာဆင်ရဲ့အမှုနဲ့ ချိန်ထိုးပြီး ဆက်စပ်မှုရှာရမယ်၊ ဘာမှဆက်စပ်မှုမရှိရင် နောက်ထပ် ရှုထောင့်သစ်က ပြန်ပြီး သုံးသပ်ကြ ရမယ်”

သူတို့သည် ရှစ်နာရီဆယ်မိနစ်တွင် အလုပ်စလုပ်ကြသည်။

(၁၂)နာရီထိုးတော့ လက်နှိပ်စက် ကော်ပီလေးစောင်ယူပြီး မာဂျီဝင်လာသည်။

“ကျွန်မပြီးသွားပြီ၊ ဖတ်ရလွယ်အောင် လိုင်းကျဲကျဲနဲ့ ရိုက်ထားတယ်၊ သူပြောပြတာ တွေကြားရတော့ ကျွန်မဖြင့် လက်နှိပ်စက်ရိုက်ရင်း မျက်ရည်တောင်ကျမိတယ်၊ ကျွန်မ တရားရုံး လက်ရေးတိုလက်နှိပ်စက် စာရေးမ လုပ်လာတာ နှစ်ပေါင်း (၂၀) တိတိရှိပါပြီ၊ ဒီလိုထွက်ဆို ချက်မျိုး တစ်ခါမှ မတွေ့ရသေးဘူး၊ တကယ့်ကို သနားစရာပါပဲ၊ ဒီသူငယ်ဟာ အမှန်ကိုထွက် ဆိုထားတယ်ဆိုတာ သိသာပါတယ်”

ဘော့ဘ်က ပြုံးလိုက်ပြီး. . .

“ဒါဆို ခင်ဗျားသာ ပြည်နယ်အုပ်ချုပ်ရေးမှူးဆိုရင် သိပ်ကောင်းမှာပဲ မာဂျီ၊ ကျေးဇူး ပါပဲ”

“ဒါနဲ့. . . ရှင်တို့ ဘာတွေ တွေ့ထားပြီလဲ”

ကက်သီက ခေါင်းကို ခါယမ်းလိုက်သည်။

“ဘာမှ မတွေ့သေးပါဘူး၊ ရှာနေတုန်းပဲ”

“တစ်ခုခုတော့ တွေ့နိုင်ပါလိမ့်မယ်၊ ကဲ. . . ကော်ဖီကလေးများ သောက်လိုက်ကြဦး မလား၊ ထမင်းလဲ ဘယ်သူမှ မစားရသေးဘူး”

“ကျေးဇူးတင်ပါတယ် မာဂျီ”

နောက် ဆယ်မိနစ်ခန့်တွင် ကော်ဖီဗန်းနှင့် သူမ ပြန်ဝင်လာသောအခါ ဘော့ဘ်နှင့် ကက်သီတို့သည် လက်နှိပ်စက်ကော်ပီ တစ်ယောက်နှစ်စောင်စီနှင့် အလုပ်များနေကြတုန်း ဖြစ်သည်။

ဘော့ဘ် အသံထွက်ပြီး ဖတ်ပြနေသည်။ ဖတ်သွားရင်း နှစ်ယောက်သား အချို့စာ ကြောင်းများကို အောက်မျဉ်းတား၍ မှတ်သားကြသည်။

မာဂျီသည် ကော်ဖီဗန်းချထားခဲ့ပြီး ပြန်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးအမှုထမ်းက သူမအား တရားရုံးဂိတ်ဝအထိ လိုက်ပို့သည်။

သူမသည် သိုးမွေးကုတ်အင်္ကျီကြီးကို တင်းနေအောင် ဆွဲခြုံကာ ဆီးနှင်းထဲဖြတ်၍ ကားဆီသို့ လျှောက်လာခဲ့သည်။ လျှောက်လာရင်း စိတ်ထဲကကျိတ်ပြီး ဆုတောင်းလိုက်မိသည်။

"ဘုရားသခင်. . . သွမ်မဆင်ကလေး သေဒဏ်က ကင်းလွတ်နိုင်ပါစေ၊ သူ လွတ်ရာလွတ်ကြောင်း အထောက်အထားတစ်ခုခုလည်း တွေ့နိုင်ကြပါစေ"

✠

ဘော့ဘ်နှင့် ကက်သီတို့သည် အရုဏ်တက်အထိ အလုပ်ဆက်လုပ်ကြသည်။

"ဒီလောက်ဆို တော်သင့်ပြီထင်တယ်"

ကက်သီက ပြောလိုက်သည်။

"ကျွန်မ အိမ်ပြန်ပြီး ရေမိုးချိုးအဝတ်အစားလဲရဦးမယ်၊ မနက်ကိုးနာရီတိတိမှာလဲ တရားရုံး အရောက်လာရဦးမယ်၊ ဒါနဲ့ ရှင်ဒီမှာ ဒီအချိန်အထိ အလုပ်လာလုပ်တာ ဘယ်သူမှ မမြင်စေချင်ဘူး ဘော့ဘ်"

ဘော့ဘ်က ခေါင်းညိတ်သည်။

ယခုအချိန်တွင် သူဖတ်နေသော စာလုံးများသည် သူ့ခေါင်းထဲတွင် ဝါးနေပြီ။

သူတို့နှစ်ယောက်သည် အခင်းဖြစ်ပွားသည့်နေ့က ရှိနယ်သွမ်မဆင်၏ လုပ်ရပ်များကို အသေးစိတ်လေ့လာကြသည်။

အထူးသဖြင့်. . . တင်ဘာလေကုန်စုံဆိုင်တွင် နီနာက ရွန်အား စကားပြောခဲ့သည့် အချိန်နှင့် နီနာ၏အိမ်ရှေ့မှ ရွန် သွေးရူးသွေးတန်း ပြေးထွက်လာခဲ့သည့်အချိန်တို့ကို သေသေချာချာ လေ့လာကြသည်။

သို့သော် အဆက်အစပ်ပြတ်နေသော အချက်တစ်ချက်မျှကိုပင် ရှာ၍မတွေ့ကြ။

"တစ်ခုခုတော့ ရှိကို ရှိရမယ်"

ဘော့ဘ်က ကောက်ကာငင်ကာ ပြောလိုက်သည်။

"ဒီအမှုတွဲတွေ ငါ အိမ်ကို ယူသွားမယ်၊ ဒါတွေပြန်ပြီး အသေးစိတ်ထပ်ကြည့်လိုက်ချင်သေးတယ်"

"အမှုတွဲတွေ ယူသွားလို့မဖြစ်ဘူး ဘော့ဘ်"

"ငါနားလည်ပါတယ်၊ ဒါပေမယ့် ငါတို့မျက်စိလျှမ်းနေတာ ရှိချင်ရှိနိုင်သေးတယ်၊ အဲဒါ. . ပြန်ပြီး သေသေချာချာ ကြည့်လိုက်ချင်လို့ပါ"

"မရှိနိုင်တော့ပါဘူး ဘော့ဘ်"

ဘော့ဘ်က ထိုင်ရာမှ ထရပ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ငါရုံးခန်းပြန်ပြီး ဒါတွေ ပြန်ကြည့်လိုက်ဦးမယ်၊ တရားခွင်ထွက်ဆိုချက်နဲ့ တိုက်ပြီးကြည့်ချင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကက်သီက အမှုတွဲများကို ဘော့ဘ်၏လက်ဆွဲအိတ်ထဲသို့ ကူထည့်ပေးသည်။

"ကက်ဆက်လဲ မေ့မသွားနဲ့ဦး"

"မမေ့ပါဘူး"

သူက သူမတစ်ကိုယ်လုံးကို သိမ်းကျုံး၍ ဖက်လိုက်သည်။

သူမက ဘော့ဘ်၏ရင်ဘက်တွင် မျက်နှာအပ်ပြီး ငြိမ်နေလိုက်သည်။

"မင်းကို ငါ သိပ်ချစ်တယ်ကွယ်"

ဘော့ဘ်က လေသံဖြင့်ပြောသည်။

"ကျွန်မလဲ ချစ်ပါတယ် ဘော့ဘ်ရယ်"

"ဒါပေမယ့် တို့နှစ်ယောက်မှာ အချိန်မရတာ ဒုက္ခပဲ၊ ဒီသေဒဏ်ကိစ္စကြီးက တစ်မှောင့်ဖြစ်နေတယ်၊ ဂျူရီလူကြီး (၁၂)ယောက်က ဆုံးဖြတ်တာနဲ့ ဒီကလေးတစ်ယောက် သေရတော့မှာတဲ့လား၊ တကယ့်ပြစ်မှုကျူးလွန်တဲ့ တရားခံကို မမိလို့ ကြားထဲက အပြစ်မဲ့သူတစ်ယောက် သေပေးရမယ်ဆိုတာကတော့ လုံးဝမတရားပါဘူး ကက်ရယ်"

ကက်သီက သူမ၏နဖူးပြင်ကို လက်နှင့်ပွတ်လိုက်ပြီး. . .

"ပထမတုန်းကတော့ ကျွန်မလဲ သေဒဏ်အပြစ်ပေးတာ ဆက်လက်ထားရှိမယ်ဆိုတော့ ဝမ်းသာမိခဲ့တာ အမှန်ပဲ၊ ကျွန်မက ပြစ်မှုကျူးလွန်လို့ အပြစ်ပေးခံရသူတွေထက် အပြစ်မရှိဘဲ အသတ်ခံခဲ့ရသူတွေကို ပိုပြီး သနားမိခဲ့တယ်လေ၊ ဒါပေမယ့် မနေ့က ကျွန်မတို့လူငယ်တရားရုံးကို ကလေးတစ်ယောက် ရောက်လာတယ်၊ သူ့အသက်က (၁၄)နှစ်ပဲ ရှိသေးတယ်။ ရုပ်ရည်ကတော့ (၁၇)နှစ်သားလောက် ထင်ရတယ်၊ ကောင်လေးက ပိန်ညောင်ညောင်တလေးရယ်၊ သူ့မိဘနှစ်ပါးစလုံးက အရက်ကျိုးတွေချည်းပဲ၊ ကောင်လေး ခုနစ်နှစ်သားမှာ မြုပြင်လို့မရအောင် ဆိုးသွမ်းနေပြီဆိုပြီး အဖေနှင့်အမေ နှစ်ယောက်စလုံးက ကလေးရိပ်သာပို့လိုက်ကြတယ်၊ အဲဒါ ခုနစ်နှစ်သားပဲ ရှိသေးတယ်၊ အဲဒီကတည်းက ကလေးဟာ ကလေးရိပ်သာတွေကို ဝင်လိုက်ထွက်လိုက်နဲ့ ကြီးပြင်းလာခဲ့ရတယ်၊ နောက်တော့ သူက ရိပ်သာကထွက်ပြေးတယ်၊ အဲဒီအချိန်မှာ အမေလုပ်သူက ထပ်ပြီး ရိပ်သာပို့ပြန်တယ်။ အဲဒါကို အဖေက လုံးဝ သဘောမတူဘူး၊ ဒါနဲ့ပဲ သူတို့လင်မယား ကွဲကြတယ်၊ အဖေလုပ်သူက ကလေးပြန်တောင်းလာတယ်"

"နောက်တော့. . . ဘာဖြစ်သလဲ"

"ကျွန်မဘက်က အနိုင်ရတယ် ဆိုပါတော့ . . ကျွန်မက ကလေးကို ကလေးရိပ်သာ ပြန်ပို့သင့်တယ်လို့ တင်ပြတယ်၊ တရားသူကြီးကလဲ သဘောတူတယ်၊ အဖေလုပ်သူက အရက်ကြောင့် ဘဝပျက်နေပြီ၊ ဒီကလေးကို လူစဉ်မီအောင် ဘယ်လိုမှ မစောင့်ရှောက်နိုင်တော့ပါဘူး၊ ဒါနဲ့ ကလေးက တရားခွင်က ထွက်ပြေးတယ်၊ မြို့နယ်လုံခြုံရေး ဝန်ထမ်းတစ်ယောက်က သူ့ကို အတင်းလိုက်ဖမ်းတယ်၊ အဲဒီအချိန်မှာ. . ကလေးက သွေးရူးသွေးတန်းနဲ့ 'ကျွန်တော် လူတိုင်းကိုမုန်းတယ်၊ လူတိုင်းကို သတ်ချင်တယ်၊ ကျွန်တော့်အိမ်မှာ ကျွန်တော် ဘာလို့မနေရတာလဲ၊ ကျွန်တော့်လို တခြားလူငယ်တွေလဲ သူတို့အိမ်မှာပဲ နေကြတာပဲ မဟုတ်လား' ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အော်ပြောတယ်၊ ဒါကိုကြည့်ရင် ဒီကလေးဟာ စိတ်ဓာတ်ရေးရာအားဖြင့် အကြီးအကျယ် ပျက်ယွင်းနေပြီဆိုတာ ထင်ရှားနေတယ်၊ ပြုပြင်ဖို့ မလွယ်တော့ဘူး၊ နောက် လေးငါးခြောက် နှစ်လောက်မှာ သူဟာ လူသတ်တရားခံတစ်ယောက် ဖြစ်လာနိုင်တယ်၊ အဲဒီအချိန်မှာ ကျွန်မ တို့က သူ့ကို လူသတ်ကောင်ပါဆိုပြီး မီးရှို့သတ်ရမှာလား"

ကက်သီ၏မျက်လုံးအစုံတွင် မျက်ရည်တွေ ဝဲလာသည်။

"မင်းပြောတာ မှန်ပါတယ်. . . ကက်၊ တို့နှစ်ယောက် ဒီဥပဒေလောကထဲ ဘာလို့ များရောက်လာရတယ် မသိပါဘူး၊ တို့ရဲ့ခံယူချက်နဲ့ ဥပဒေလောကမှာ ဖြစ်ပျက်နေတာတွေ နဲ့က တခြားစီပဲ"

သူက ကိုယ်ကိုကုန်းပြီး သူမကို တစ်ချက်နမ်းလိုက်သည်။

"ကဲ. . . နောက်မှ ထပ်တွေ့ကြမယ်"

✠ ✠ ✠

သူ့ရုံးခန်းပြန်ရောက်တော့ ဘော့ဘ်သည် ရေချွေးအိုးတွင် ရေထည့်ပြီး လျှပ်စစ်မီးဖို ပေါ် တင်လိုက်သည်။ ရေနွေးဆူတော့ နက်စ်ကဖီးခပ်ကျကျဖျော်ပြီး လေးခွက်တိတိ သောက် ပစ်လိုက်သည်။ သည်တော့မှ သူ့ခေါင်းထဲ ရှင်းသွားသလို ထင်ရသည်။

ထို့နောက် ရေအေးအေးနှင့် မျက်နှာသစ်လိုက်သည်။ စားပွဲတွင် ပြန်ထိုင်သည်။

စာရွက်စာတမ်းတွေကို စားပွဲပေါ်တွင် သေသေသပ်သပ်ဖြန့်ချလိုက်သည်။

စားပွဲပေါ်မှနာရီကို စောင်းကြည့်လိုက်သည်။ မနက် (၇)နာရီခွဲ။

သွမ်မဆင်ကို သေဒဏ်ပေးရန် (၂၈)နာရီသာ လိုတော့သည်။ သည်အတွေးကြောင့် သူ့ရင်တွေ တဖျပ်ဖျပ်ခုန်လာသည်။ လည်ချောင်းထဲက ဆို့ကျပ်လာသည်။

တကယ်တော့ သူက အချိန်မရှိတော့၍ အလွန်တွေးပူမိခြင်းသက်သက်သာမဟုတ်။ သူ့ခေါင်းထဲအသိတစ်ခု ဝင်ရောက်နေသောကြောင့်လည်း ဖြစ်သည်။

ယင်းအသိမှာ တခြားမဟုတ်။

သူ့အနေဖြင့် လွဲနေတာ တစ်ချက်ရှိသည်။

အံချော်နေတာ တစ်ချက်ရှိသည်ဟူသော အသိပင်ဖြစ်သည်။

ယင်းအသိသည် စိတ်မှန်းအသိ မဟုတ်။ သေချာပေါက်အသိ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၃

ရော်ဂျာပယ်ရီတို့လင်မယား သူတို့အိမ် ပြန်သွားကြပြီ။

လပ်ဖ်တို့လင်မယားလည်း အိပ်ရာထဲ ဝင်သွားကြပြီ။ စတီးဗ်နှင့် ဟူးချ်တေလာတို့ နှစ်ယောက်က ထမင်းစားခန်းစားပွဲတွင် ထိုင်နေကြသည်။

ဟူးချ်၏တပည့်ကျော်စုံထောက်များက တစ်အိမ်လုံး ပိုက်စိပ်တိုက်ကာ တိတ်ဆိတ်စွာ ကျွမ်းကျင်စွာဖြင့် လက်ဗွေယူကြသည်။

သဲလွန်စတစ်စုံတစ်ရာ တွေ့လိုတွေ့ငြား သဲသဲမဲမဲ ရှာဖွေကြသည်။ သို့သော် တစ်ခု တည်းသော သဲလွန်စကိုသာ ရရှိကြသည်။ ယင်းမှာ ပြန်ပေးက မြေဖြူနှင့် ရေးခြစ်သွား သောစာ။

"ဖန်ခွက်နဲ့ မတ်ခွက်ပေါ်က လက်ဗွေတွေ စစ်ဆေးကြည့်တော့ မစ္စရှုရှန်ရဲ့ ပိုက်ဆံ အိတ်ပေါ်က လက်ဗွေတွေနဲ့ ထပ်တူထပ်မျှ တူညီနေတာတွေ့ရတယ်"

ဟူးချ်တေလာက ပြောသည်။

စတီးဗ်က ခေါင်းညိတ်လိုက်သည်။ သူ့လည်ချောင်းတွေ ခြောက်ကပ်နေသည်။

ကော်ဖီလေးခွက်တိတိ သောက်ပြီးပြီ။

စီးကရက်ကတော့ တစ်လိပ်ပြီးတစ်လိပ်။

သူသည် အသက် (၃၀)ပြည့်ကတည်းက ဆေးလိပ်ဖြတ်ခဲ့သည်။

သို့သော် နီနာ သေဆုံးသည့်ညကစ၍ ပြန်သောက်ခဲ့သည်။

ထိုနေ့က သူ့အား ပထမဆုံးဆေးလိပ်တည်သူမှာ ဟူးချ်တေလာပင်ဖြစ်သည်။

စတီးဗ်က ယင်းအဖြစ်ကိုသတိရပြီး မချိပြုံးတစ်ချက်ပြုံးရင်း ပါးစပ်တွင် စီးကရက် တစ်လိပ်ကောက်တပ်လိုက်သည်။ ပြီးတော့ မီးညှိလိုက်သည်။

ဟူးချ်က စတီးဗ်၏ခံစားချက်ကို သဘောပေါက်စွာဖြင့် ခေါင်းကို မသိမသာညိတ် လိုက်သည်။ သူနှင့်စတီးဗ်တို့နှစ်ယောက် သည်စားပွဲတွင်ပင် ထိုင်နေကြတုန်း အမည်မသိရှူး ကြောင်ကြောင် လူတစ်ယောက်ထံမှ ဖုန်းလှမ်းဆက်သည်ကို သွားပြီးသတိရမိသည်။

"နီနာကပြောတယ်၊ ကျွန်မယောက်ျားသတိနဲ့နေပါတဲ့၊ ကလေးအတွက်လဲ အန္တရာယ် ရှိတယ်တဲ့" ဟု ဖုန်းသရဲက လှမ်းဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့သည် နီနာကို သင်္ဂြိုဟ်မည့်နေ့ နံနက်ဘက်ဖြစ်သည်။

ဟူးချ်သည် အတိတ်ကာလသို့စိတ်ရောက်သွားပြီး ကြက်သီးပင်ထချင်သလိုလို ဖြစ်လာမိသည်။ စတီးဖ်လည်း သူ့လိုပင်တွေးနေလိမ့်မည်ဟု သူက ထင်မိသည်။ ဟူးချ်သည် သူ ရေးသားထားသော မှတ်စုများကို စေ့စေ့စပ်စပ် လေ့လာကြည့်ရှုနေသည်။

အတန်ကြာတော့မှ. . .

"အိတ်ဖွန်ဘူတာအပြင်ဘက်မှာ အများသုံးတယ်လီဖုန်းရုံရှိတယ်၊ အဲဒီမှာ ကျုပ်တို့က ဖြတ်နားထောင်တဲ့ 'တက်ပ်' ကိရိယာတပ်ထားမယ်၊ ပြီးတော့ ဒီအိမ်ကဖုန်းမှာရော၊ မစ္စတာရော်ဂျာတို့အိမ်က ဖုန်းမှာရော 'တက်ပ်'တပ်ထားမယ်၊ ခင်ဗျားက အဲဒီ 'မြေခွေး'နဲ့ စကားပြောတဲ့အခါ စကားကြောရှည်ရှည်နဲ့ သူ့ကိုအချိန်ဆွဲထားဖို့ အရေးကြီးတယ်၊ ဒါမှ ကျုပ်တို့က သူ့အသံကို ပြည့်ပြည့်စုံစုံ ဖမ်းထားနိုင်မှာ၊ ပြီးတော့ နောက်ယောင်ခံလိုက်လို့လဲ လွယ်မှာ၊ ကျုပ်တို့အတွက် အဓိကမျှော်လင့်ချက်ကတော့ မစ္စက်ဂလင်ဒါအနေနဲ့ အဲဒီအကောင့်အသံကို နောက်ထပ်နားထောင်ရရင် သူ ဘယ်သူဘယ်ဝါဆိုတာ အတိအကျမှတ်မိမှာ သေချာတယ်"

"မစ္စက်ဂလင်ဒါပြောတာ အတည်ယူလို့ ဖြစ်ပါ့မလား၊ သူက စိတ္တဇဆန်ဆန်ဖြစ်နေတဲ့ မိန်းမကြီးပဲ"

"အဲဒါကိစ္စမရှိပါဘူး၊ ဖြစ်နိုင်စရာတွေ ရှိပါတယ်၊ ကျုပ်အနေနဲ့တော့ အဘွားကြီးအခြေအနေ ဒီလောက်မဆိုးဘူးလို့ ယုံကြည်တယ်၊ တစ်ခုခုတော့ အကူအညီရနိုင်ပါလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် တွေးစရာအချက်တစ်ချက်တော့ရတာပေါ့၊ ဒါနဲ့ အဲဒီအကောင်နဲ့ ခင်ဗျား စကားပြောတဲ့အခါ မစ္စရှုရွှန်နဲ့ကလေးတို့နှစ်ယောက်စလုံး တစ်စုံတစ်ရာ အန္တရာယ်မရှိဘဲ ကျန်းကျန်းမာမာရှိနေတယ်ဆိုတာ သက်သေပြပါလို့ပြော၊ ဖြစ်နိုင်ရင် သူတို့ စကားပြောတာကို တိတ်ခွေသွင်းပြီး ပို့ပေးပါလို့ပြော၊ သူက ပိုက်ဆံဘယ်လောက်ပဲတောင်းတောင်း စိတ်သာချ၊ ကျိန်းသေပေါက်ရပါစေ့မယ်လို့ပြော. . ဒါပေမယ့် သူ့ဆီက သက်သေခံ အထောက်အထားရမှ ပိုက်ဆံပေးနိုင်မယ်ဆိုတာတော့ အသေအလဲကိုင်ထားရလိမ့်မယ်"

"အဲဒီလိုအကျပ်ကိုင်လိုက်ရင် သူက ဒေါသဖြစ်ပြီး ထင်ရာလျှောက်လုပ်မှာစိုးရတယ်"

စတီးဖ်က စိုးရိမ်သံနှင့် ပြောလိုက်သည်။

"သူ မလုပ်နိုင်ပါဘူး၊ အနည်းဆုံးတော့ ဒီကောင် သွေးရူးသွေးတန်းဖြစ်နေ မနေဆိုတာသိရမှာပဲ၊ ပြီးတော့. . ."

သူက ရုတ်တရက် နှုတ်ခမ်းကို တင်းတင်းကိုက်လိုက်ပြီး တစ်စုံတစ်ရာကို အတွေးနက်နေသည်။ သူ့အမူအရာကို စတီးဖ်က သဘောပေါက်ကြောင်း သူက သတိပြုမိသည်။

သူက မှတ်စုစာအုပ် ပြန်ဖွင့်လိုက်ပြီး. . .

"ကဲ. . . ကျုပ်တို့ အစကပြန်စကြရအောင်၊ ဒီနေ့ ဒီအိမ်ကလူတွေ ဘာလုပ်ကြမယ်ဆိုတာ သိတဲ့လူ ဘယ်နှစ်ယောက်ရှိသလဲ၊ ဆိုလိုတာက လပ်ဖ်တို့လင်မယား အပြင်ထွက်မယ်၊ မစ္စရှုရွှန် ဒီညလာအိပ်မယ်ဆိုတာ ပြောတာပါ"

"အဲဒါတော့. . . ကျွန်တော်လဲ အတိအကျ မပြောတတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာရော်ဂျာတို့လင်မယား မသိနိုင်ဘူးလား"

"မသိနိုင်ဘူး၊ သူတို့လင်မယားနဲ့ အေးအေးဆေးဆေးမတွေ့ရတာ တစ်ပတ်လုံးလုံး ရှိပြီ၊ တစ်ခါတလေ လမ်းမှာတွေ့ရင်လဲ နေကောင်းလား ဘာလား နှုတ်ဆက်သွားရုံပဲ"

"ဒါဖြင့် . . . ဒီအကြောင်းကို လပ်ဖ်တို့လင်မယားရယ်၊ မစ္စရှုရွှန်ရယ်၊ ခင်ဗျားရယ်ပဲ သိတယ်ဆိုပါတော့"

"ကျွန်တော့်သားကလေးလဲ သိပါတယ်"

"အဲဒါ မှန်တယ်၊ ဒီတော့ . . ကလေးက ဒီည မစ္စရှုရွှန်လာအိပ်မယ်ဆိုတာ တခြားလူတွေကို မပြောနိုင်ဘူးလား၊ ကျောင်းက သူ့သူငယ်ချင်းတွေကိုဖြစ်ဖြစ်၊ ဒါမှမဟုတ် ဆရာမတွေကို ဖြစ်ဖြစ်ပေါ့"

"အဲဒါ ဖြစ်နိုင်ပါတယ်"

"ဒါနဲ့ . . . ခင်ဗျားနဲ့ မစ္စရှုရွှန်နဲ့ ဆက်ဆံရေးက ဘယ်အတိုင်းအတာအထိ ရှိကြသလဲ၊ စိတ်မရှိပါနဲ့ မမေးမဖြစ်လို့ မေးရတာပါ"

"ကျွန်တော်က သူ့ကို လက်ထပ်ခွင့်တောင်းဖို့ စိတ်ကူးထားပါတယ်"

"ဒီနေ့မနက် ရုပ်မြင်သံကြား 'ယနေ့သတင်းစဉ်' အစီအစဉ်မှာ ခင်ဗျားနဲ့ မစ္စရှုရွှန်နဲ့ အခြေအတင် ဆွေးနွေးကြတာ ကျုပ်ကြည့်လိုက်ရတယ်။ ခင်ဗျားက သေဒဏ်ပေးတာကို အကြွင်းမဲ့ထောက်ခံတယ်။ ဒါပေမယ့် သူကတော့ သွမ်မဆင်ကို သေဒဏ်စီရင်ချက်ချတာနဲ့ ပတ်သက်ပြီး အတော်ကလေး မကျေမနပ်ဖြစ်နေတယ်၊ အဲဒီလိုပဲ ကျုပ်သဘောရတယ်"

"ဟုတ်ပါတယ်၊ ဒါကြောင့်မို့လို့လဲ မစ္စတာဟူးချ်တို့ဘက်က တတ်နိုင်သမျှ မြန်မြန် အလုပ်လုပ်မှ ဖြစ်လိမ့်မယ်"

"စိတ်ချပါ၊ ကျုပ်တို့ဘက်က မြန်နိုင်သမျှ မြန်မြန်လုပ်သွားမှာပါ။ အဲဒီတော့ သေဒဏ်ကိစ္စမှာ ခင်ဗျားတို့နှစ်ယောက် သဘောကွဲလွဲမှုဟာ ခင်ဗျားတို့ရဲ့ ဆက်ဆံရေးကို ဘယ်အတိုင်းအတာအထိ ထိခိုက်နိုင်မယ်ထင်သလဲ"

"အဲဒါက ဘာကိုဆိုလိုပါသလဲ"

"ကျုပ်မေးတာက ရှင်းနေပါတယ်၊ ခင်ဗျားသိတဲ့အတိုင်း မစ္စရှုရွှန်က သွမ်မဆင်ရဲ့ အသက်ကို ဖြစ်တဲ့နည်းနဲ့ ကယ်တင်ဖို့အသေအလဲကြိုးစားနေတယ်၊ သူကဒီကိစ္စနဲ့ ပတ်သက်ပြီး မစ္စတာရော်ဂျာတို့အိမ်ကိုလဲ ရောက်ဖူးတယ်၊ သူတို့ဖုန်းနံပါတ်က ဖုန်းနံပါတ်စာအုပ်ထဲမှာ မပါဘူးဆိုတာ မမေ့ပါနဲ့။ အဲဒီတော့ သူတို့အိမ်က ဖုန်းနံပါတ် သူကမှတ်လာတာ ဖြစ်နိုင်တယ်၊ ဒီပြန်ပေးမှုဟာ အကွက်ဆင်ထားတာဖြစ်နိုင်တယ်ဆိုတာ စဉ်းစားမိသလား။ ဆိုပါတော့ မစ္စရှုရွှန်က သွမ်မဆင်အမှုကို ဆွဲထားချင်လို့ တစ်နည်းတစ်လမ်း အကွက်ဆင်တာ မဖြစ်နိုင်ဘူးလား"

"အို့၊ ဒါတော့မဖြစ်နိုင်ပါဘူး၊ လုံးဝမဖြစ်နိုင်ပါဘူး၊ မစ္စတာဟူးချ်ဘက်က ဒီလို တွေးမိစရာရှိတယ်ဆိုတာ ကျွန်တော် စဉ်းစားမိပါတယ်၊ ဒီအတွက်တော့ အချိန်ကုန်ခံပြီး စဉ်းစားမနေပါနဲ့။ တကယ်တော့ ဒီပြန်ပေးစာကို ဘယ်သူပဲရေးရေး အဲဒီလူအနေနဲ့ မစ္စတာရော်ဂျာတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်က ဖုန်းနံပါတ်သိအောင်လုပ်ဖို့ကိစ္စက သိပ်ပြီးမခက်လှပါဘူး။ မစ္စတာရော်ဂျာတို့ နံပါတ်က ကျွန်တော့်အိမ်က ဘလက်ဘုတ်မှာ ရေးထားတာရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် . . ရှရွှန်အနေနဲ့ ဒီလိုတော့ လုံးဝမလုပ်နိုင်ပါဘူး။ သူဟာ ကျွန်တော့်အပေါ်မှာ ဒီအထိတော့ ဘယ်တော့မှ မရက်စက်နိုင်ပါဘူး။ ဒါကိုတော့ ကျွန်တော် အတပ်ပြောနိုင်ပါတယ်"

ဟူးချ်က သံသယအမူအရာဖြင့် စတီးဖ်ကို ကြည့်လိုက်သည်။

"ဒီမှာ စတီးဖ်၊ လောကမှာလူတိုင်းကို ယုံလို့မရပါဘူး။ မဟုတ်တာ ဘယ်တော့မှ လုပ်မှာမဟုတ်ဘူးလို့ ထင်ခဲ့တဲ့ လူကြီးလူကောင်းတွေက မယုံကြည်နိုင်လောက်အောင် ဥပဒေကိုချိုးဖောက်ကြတာ လွန်ခဲ့တဲ့(၁၀)နှစ်အတွင်းမှာ ကျုပ် အများကြီးတွေ့ခဲ့ရပါတယ်၊ ဒါပေမယ့် ဒါက ကျုပ်က စဉ်းစားစရာအချက်မို့ စဉ်းစားကြည့်ရတာပါ၊ တကယ်လို့ ဒီကိစ္စဟာ မစ္စရှရွှန်ရဲ့ လက်ချက်ဆိုရင်တော့ ခင်ဗျားကလေးအတွက် အသက်အန္တရာယ် စိုးရိမ်စရာမရှိနိုင်ပါဘူး"

**စတီးဖ်၏**ခေါင်းထဲသို့ အလင်းရောင်ကလေးတစ်ခု ဖျတ်ခနဲဝင်လာသည်။

ယနေ့ မနက်တုန်းက ရှရွှန်က သူ့ကိုမေးခဲ့သည်။

"သွမ်မဆင်ကိစ္စနဲ့ပတ်သက်ပြီး ရှင်ကဘာဖြစ်လို့ ဒီလောက်တောင် အသေအလဲ ဆုပ်ကိုင်ထားရတာလဲ၊ ဘာဖြစ်လို့ ဒီလောက်တောင် ခေါင်းမာနေရတာလဲ"

သူမက ယင်းသို့ပြောခဲ့သောကြောင့် ယခုပြန်ပေးမှုကို သူမ၏လက်ချက်ဟု စွပ်စွဲ၍ ဖြစ်နိုင်ပါမည်လား။

"မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

သူက ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်သည်။

"ကောင်းပြီလေ၊ ဒီကိစ္စ ဒီတွင်ပဲ ရပ်ထားလိုက်ကြပါစို့၊ ဒါနဲ့ . . . ခင်ဗျားဆီ ပစ်စာတွေ ဘာတွေများ ရောက်ဖူးသလား။ ခြောက်လှန့်တဲ့သဘောမျိုးပေါ့"

"သုံးလေးစောင်လောက်တော့ ရောက်ဖူးပါတယ်၊ ကျွန်တော်က သေဒဏ်ပေးတာကို ဆက်ထားသင့်ကြောင်း ခေါင်းကြီးပိုင်းက ထောက်ခံပြီး ရေးသားနေတာကြောင့် သူတို့က ကျွန်တော့်ကို လှမ်းကြိမ်းကြတာ။ အထူးသဖြင့် သွမ်မဆင်ကို သေဒဏ်ပေးမယ့်ရက် နီးလာလို့ ဒီလိုလုပ်ကြတာပါ၊ ဒါပေမယ့် ဒါမျိုးတွေက ရိုးနေပါပြီ"

"တယ်လီဖုန်းဆက်ပြီး ခြိမ်းခြောက်တာမျိုးကော ခံရဖူးသလား"

"မခံရဖူးပါဘူး"

"စဉ်းစားကြည့်ပါဦးလေ၊ အလားတူဆန်ဆန် တစ်ခုခုပေါ့"

"တစ်ခုတော့ရှိပါတယ်၊ ပြီးခဲ့တဲ့အပတ်တုန်းက သွမ်မဆင်ရဲ့အမေနဲ့ လမ်းမှာ သွားဆုံကြပါတယ်၊ ကျွန်တော်က စနေနေ့မနက်ပိုင်း ကလေးကို ဆေးသွားထိုးပါတယ်၊ အဲဒီနေ့က ကျွန်တော်တို့ ဆေးရုံထဲက ပြန်ထွက်လာတော့ သွမ်မဆင်ရဲ့အမေနဲ့ ကားရပ်ကွက်လပ်မှာ ဆုံတယ်။ သူက သူ့သားအတွက် ပြည်နယ်အုပ်ချုပ်ရေးမှူးဆီ အသနားခံပေးဖို့ ကျွန်တော့်ကို မေတ္တာရပ်ခံပါတယ်"

"အဲဒီတော့ ခင်ဗျားက ဘယ်လို ပြန်ပြောလိုက်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ကျွန်တော့်အနေနဲ့ ဘာမှမတတ်နိုင်ဘူးလို့ ပြတ်ပြတ်ပဲ ပြန်ပြောလိုက်ပါတယ်၊ အဲဒီလိုပြောလိုက်တာကလဲ ကလေးကို အဲဒီနေရာက အမြန်ဆုံး ခေါ်ထုတ်သွားချင်လို့ပါ၊ ကျွန်တော်တို့ပြောတာ ကလေးမကြားစေချင်ဘူး၊ လာမယ့် ဗုဒ္ဓဟူးနေ့မှာ သွမ်မဆင်ကို သေဒဏ်ပေးတော့မယ်ဆိုတာ ကလေး လုံးဝမသိစေချင်ဘူး၊ ဒါနဲ့ ကျွန်တော်က မစ္စက်သွမ်မဆင်ကို စကားရှည်ရှည်ပြောမနေတော့ဘဲ ကားပေါ် ခပ်မြန်မြန်ကလေးတက်ပြီး လှည့်ထွက်လာခဲ့တယ်၊ သူကတော့ ကျွန်တော့်အပေါ် တစ်မျိုးထင်သွားမှာပဲ။ ကျွန်တော်တို့သားအဖ ကားမောင်းထွက်လာတော့ သူက 'ရှင့်သားသာ ဒီအခြေအနေမျိုးရောက်ရင် ဘယ်လိုခံစားရမလဲ၊ ကျွန်မမှာလဲ ရှင့်လိုပဲ ဒီသားကလေးတစ်ယောက်ပဲ ရှိတယ်ဆိုတာလဲ ကိုယ်ချင်းစာပါဦး' ဆိုပြီး. . . နောက်က အော်ပြောသံကြားရပါတယ်"

ဟူးချ်က မှတ်စုစာအုပ်တွင် ရေးမှတ်လိုက်သည်။

"ဒီလိုဆို သူ့ကိုလဲ သွားပြီး မေးမြန်းကြည့်ရလိမ့်မယ်"

သူက ထိုင်ရာမှ ထရပ်လိုက်သည်။

"ကိုင်း. . . ဒီလောက်ဆို တော်လောက်ပါပြီ၊ ပြန်ပေးတရားခံဖမ်းတာမှာ ကျုပ်တို့က လက်မနှေးပါဘူး စတီးဗ်၊ အခုကိစ္စမှာလဲ မကြာခင် အဖြေပေါ်မှာ သေချာပါတယ် စိတ်ချပါ၊ လောလောဆယ်တော့ ခင်ဗျားလဲ စိတ်မောလူမော ဖြစ်နေပြီ။ နည်းနည်းဖြစ်ဖြစ် အိပ်ပျော်အောင်အိပ်လိုက်ပါဦး"

"ကျွန်တော် အိပ်လို့မရပါဘူး"

"မအိပ်ရင်လဲ သက်သောင့်သက်သာ နားလိုက်ပါဦး၊ အိမ်ပေါ်တက်ပြီး အိပ်ရာပေါ် လှဲနေလိုက်ပါ၊ ကျုပ်တို့. . လိုအပ်တဲ့အခါတိုင်းလာမှာပါ၊ တယ်လီဖုန်း မြည်လာရင်တော့ ဆက်ဆက်နားထောင်ပါ၊ အခု ကျုပ်လူတွေက 'တက်ပ်' တပ်ထားလိုက်ပြီးပါပြီ၊ ဒါပေမယ့် ဒီညတော့. . ခင်ဗျားဆီ ပြန်ပေးက အဆက်အသွယ် လုပ်လိမ့်မယ်လို့ ကျုပ် မထင်ပါဘူး၊ ဂွတ်နိုက်"

"ဂွတ်နိုက်. . ."

❁

စုံထောက်မှူး ဟူးချ်တေလာနှင့် သူ့လူများအား အိမ်ရှေ့အထိ လိုက်ပို့ပြီးနောက် စတီးဗ်သည် မီးဖိုခန်းထဲသို့ လျှောက်လာခဲ့သည်။

ရှယ်ရီဖန်ခွက်နှင့် ကိုကာကိုလာခွက်များမှ လက်ဗွေနှိပ်ဆေးမှုန့်များ ပေကျံလျက် စားပွဲပေါ်တွင်ပင် နဂိုအတိုင်း ရှိနေကြသည်။

ရှရွန်. . . ရှရွန်။

သူမသည် မကြာမီနာရီပိုင်းအတွင်းက သည်နေရာတွင် နီးလ်ကလေးနှင့်အတူ ရှိနေခဲ့သည်။ စတီးဗ်သည် လွန်ခဲ့သော သုံးပတ်လောက်ကစပြီး သူ့သားကလေးနှင့် သူ့ဇနီးလောင်းကလေးတို့ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ဆက်ဆံနိုင်ရန်အစွမ်းကုန် ကြိုးစားဖန်တီးပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မီးဖိုခန်းမှ ပြန်ထွက်ကာ လသာဆောင်ဘက် လျှောက်လာခဲ့သည်။

ထို့နောက် အပေါ်ထပ်တက်လာသည်။ နီးလ်၏ အခန်းရှေ့ကဖြတ်၍ ဧည့်ခန်းသို့ လာသည်။ ပြီးတော့ အိပ်ခန်းထဲဝင်ခဲ့သည်။ ခေါင်းပေါ်မှ ခြေသံတွေ ကြားရသည်။ ဒုတိယထပ်မှ လပ်ဖ်တို့လင်မယား လမ်းလျှောက်သံ။ သူတို့လင်မယားလည်း မအိပ်ကြသေး။

သူက အိပ်ခန်းမီးများ ဖွင့်လိုက်သည်။

တံခါးဝတွင်ရပ်ပြီး တစ်ခန်းလုံး လှည့်ပတ်ကြည့်လိုက်သည်။

နီနာဆုံးပြီးတော့ သူက ဒီအခန်းကို ပြန်လည်ပြုပြင်ခဲ့သည်။ နီနာက နှစ်ယောက်အိပ် ရှေးဟောင်းအဖြူရောင် ခုတင်ကြီးကို အလွန်နှစ်သက်သည်။ စတီးဖ်က ယင်းခုတင်ကြီးကို ထုတ်ပစ်လိုက်ပြီး တစ်ယောက်အိပ်ခုတင်နှင့် အိပ်သည်။ ခုတင်ပေါ်တွင် တစ်နေရာ လပ်နေသည်ကို မြင်ရတိုင်း နီနာကို သတိရနေမည်ကို သူက စိုးရိမ်သည်။

တကယ်တော့ ဒီအိမ်ကြီးက မိသားစုနေအိမ်နှင့် လုံးဝမတူ။ တည်းခိုရပ်သာနှင့်တူနေသည်။ ဆိပ်ကမ်းရှုခင်းနှင့် နီးနီးနားနားနေချင်သောကြောင့် သူတို့လင်မယားက ဒီအိမ်ကြီးကို ဝယ်ခဲ့ကြခြင်းဖြစ်သည်။

"ဒီအိမ်ကြီးက ပြုပြင်လိုက်ရင် သိပ်ပြီးနေချင်စရာကောင်းလာမှာ. . . . ကြည့်နေပါ၊ ခြောက်လအတွင်း လုံးဝအပြောင်းအလဲဖြစ်သွားအောင် ကျွန်မ မွမ်းမံပြပါ့မယ်" ဟု သူမက ပြောခဲ့သည်။

သို့သော် သူ့ခမျာ စိတ်ကူးကို အကောင်အထည် မဖော်နိုင်ခဲ့ရှာ။

အိမ်ကြီးဝယ်ပြီး နှစ်ပတ်အတွင်း ဆုံးသွားခဲ့ရရှာလေသည်။ ရှရွန်၏ တိုက်ခန်းသို့ နောက်ဆုံးသွားလည်ခဲ့တုန်းက ရှရွန်နှင့် လက်ထပ်ပြီးသောအခါ သူ့အိမ်ကြီးကိုလည်း ရှရွန် စိတ်တိုင်းကျ ပြန်လည်မွမ်းမံပြင်ဆင်မည်ဟု စတီးဖ်က စိတ်ကူးထားခဲ့သည်။

ရှရွန်က အိမ်တစ်အိမ်ကို လှပအောင်၊ နေချင့်စဖွယ်ကောင်းအောင်၊ သီရိဂေဟာဖြစ်အောင် ကောင်းကောင်းပြုပြင်တတ်သည်မဟုတ်လား။ သူမက ကျက်သရေရှိသော၊ မျက်စိပသာဒလှသော အရောင်အသွေးများနှင့် အလှဆင်တတ်သည်။

စတီးဖ်သည် ဖိနပ်ကိုချွတ်ပြီး ခုတင်ပေါ် လှဲအိပ်လိုက်သည်။ တစ်ခန်းလုံး အေးစိမ့်နေသည်။ ခြေရင်းမှ စောင်ခေါက်ကို ဆွဲယူပြီး တစ်ကိုယ်လုံး လွှမ်းခြုံလိုက်သည်။ ပြီးတော့ ခုတင်ခေါင်းရင်းမှ မီးလုံးကို လှမ်းပိတ်လိုက်သည်။

တစ်ခန်းလုံး မှောင်မည်းသွားသည်။ အပြင်ဘက်တွင် သစ်ရွက်များကို တရှဲရှဲနှင့် လေတိုက်နေသံ ကြားရသည်။ ဆီးနှင်းများကလည်း ပြတင်းပေါက်များပေါ် တဖြောက်ဖြောက် ကျနေကြသည်။

သူသည် မကြာမီ မှေးခနဲ အိပ်ပျော်သွားသည်။

သူ အိပ်မက်,မက်နေသည်။

အိပ်မက်ထဲတွင် ရှရွန်နှင့်နီးလ်တို့ကို တွေ့ရသည်။

သူတို့က သူ့ကို အကူအညီတောင်းနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဆီးနှင်းထဲဖြတ်ပြီး သူတို့ဆီ ပြေးလိုက်သွားသည်။ ခန်းမလမ်းကျယ်ကြီးကို ဖြတ်ပြီး တအားကုန် စွတ်ပြေးသည်။ အဆုံးတွင် အခန်းတစ်ခန်းတွေ့ရသည်။ သူက အခန်းထဲ ဝင်ရန် ကြိုးစားသည်။ နောက်ဆုံး ကြံရာမရတော့ အခန်းတံခါးကို တအားဆောင့်တွန်းလိုက်သည်။ ဝုန်းခနဲ ပွင့်သွားသည်။

ဆီးနှင်းတွေ ရှင်းသွားပြီ။ အားလုံးကြည်လင်ရှင်းလင်းနေသည်။

နီးလ်ကလေးနှင့် ရှရွန်တို့ ကြမ်းပြင်ပေါ်တွင် လဲနေကြသည်။

သူတို့လည်ပင်းကို ပဝါနှင့်စည်းထားသည်။

ကိုယ်ပေါ်တွင်မူ မြေဖြူဖြင့် အစင်းအစင်းတွေ ရေးခြစ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂၁

ယခုလို အချိန်မတော် ညကြီးမင်းကြီးတွင် မောင့်ဗာနွန် ရထားလမ်းပေါ်၌ တစ်ယောက်တည်း လျှောက်သွားနေသည်ကို တစ်ယောက်ယောက်မြင်သွားလျှင် သူ့အနေနှင့် တော်တော် အန္တရာယ်များသည်။ လမ်းဆုံအောက်ဘက်တွင် မီးရထားရဲတွေရှိသည်။ သူတို့က အချိန်မတော် ဖြတ်သွားသူများအား မျက်လုံးဒေါက်ထောက်ကြည့်နေကြသည်။

ထို့ကြောင့်လည်း သူသည် ရှုရွန်နှင့်နီးလ်တို့အား လျှို့ဝှက်ခန်းတွင် ထားခဲ့ပြီး (၁၁) နာရီမထိုးမီ နှစ်မိနစ်အလိုတွင် ထွက်လာခဲ့ခြင်းဖြစ်သည်။ (၁၁)နာရီတိတိတွင် ရထားတစ်စီး ဝင်လာသည်။ သူက ကုန်းလျှောလမ်းအတိုင်း ပြေးတက်သွားပြီး ရထားပေါ်မှ ဆင်းလာသူများနှင့် ဝင်ရောလိုက်သည်။

သူသည် ဗန်ဒါဘစ်လ်အဲဗင်းနယူးလမ်း ထွက်ပေါက်ဘက်သွားသော လူသုံးယောက်နှင့်ကပ်လိုက်လာသည်။ သည်အတိုင်းဆိုလျှင် သူ့ကို မသင်္ကာဖြစ်မည့်သူ ဘယ်သူမှ မရှိနိုင်တော့။ အဆိုပါလူသုံးယောက် ဗန်ဒါဘစ်လ်အဲဗင်းနယူးလမ်းထဲ ဝင်သွားသောအခါ သူက လက်ယာဘက် ချိုးလိုက်သည်။ ပလက်ဖောင်းတွင် ခေတ္တရပ်ကာ လမ်းမကြီးကို ပြန်ကြည့်လိုက်သည်။ လမ်းတစ်ဖက်တွင် ရဲထရပ်ကားတစ်စီးက ချက်ဗလက်ကားတစ်စီးကို ချိန်းကြိုးတပ်ပြီး ဆွဲယူရန် စီစဉ်နေကြသည်။

သူသည် အခြေအနေကိုကျေနပ်သွားပြီး ရှေ့သို့ ဆက်လျှောက်လာခဲ့သည်။ သူသည် ဘလူမင်ဒယ်ကုန်တိုက်ရှေ့၌ တယ်လီဖုန်းရုံမှ ဖုန်းဆက်ရန် စိတ်ကူးထားသည်။ လင်ဇင်တန်အဲဗင်းနယူးလမ်းအထိ (၁၅)ဘလောက်ခန့် လျှောက်လာပြီးသောအခါ သူ့တစ်ကိုယ်လုံး အေးစိမ့်လာသည်။ ရှုရွန်အား နမ်းခဲ့ရသော အရသာလည်း ပြေသွားပြီ။ ဘာပဲဖြစ်ဖြစ် သူမက သူ့ကို သဘောကျပုံတော့ရသည်။ ဒါကိုတော့ သူက သေချာပေါက်တွက်မိထားသည်။

သူက ရှုရွန်အား "ချစ်"လိုက်မည်ဟု ကြံမိခဲ့သေးသည်။ သို့သော် ကလေးက ရှိနေသည်။ ကလေးကို မျက်နှာစည်းထားသော်လည်း တစ်နည်းနည်းဖြင့် အရိပ်ကျနိုင်သည်။ သည်အတွေးကြောင့် သူသည် ကြက်သီးများပင် ထလာမိသည်။

ဆီးနှင်းများက စဲသွားပြီ။ သို့သော် တစ်မိုးလုံး မှောင်နေဆဲဖြစ်သည်။ သူက သဘောမကျသလို မျက်မှောင်ကြုတ်လိုက်သည်။ ပြန်ပေးငွေလာပေးသောအခါ လမ်းတွေရှင်းနေမှ ကောင်းမည်ဟု စဉ်းစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး မစ္စတာရော်ဂျာတို့အိမ်သို့ ဖုန်းဆက်ကြည့်မည်။ သူတို့လင်မယားမရှိမှ စတီးဖ်ထံ တိုက်ရိုက်ဆက်မည်။ သို့သော် အန္တရာယ်တော့ ရှိသည်။ သတိထားရမည်။

တော်ပါသေးရဲ့။ မစ္စက်ဂလင်ဒါက ဖုန်းကိုကိုင်သည်။ အသံကို နားထောင်ကြည့်သောအားဖြင့် သူမ အတော်ကလေး စိတ်လှုပ်ရှားနေကြောင်း သိသာသည်။ ရှုရှိုက်နှင့် ကလေးပျောက်နေတာ တွေ့ရတွေ့ရခြင်း စတီးဖ်က သူတို့လင်မယားဆီ ချက်ချင်းသွားပြောတာ ဖြစ်နိုင်သည်။

သူက သူကျင့်ထားသော အသံတုဖြင့် စကားပြောသည်။ သူ့နာမည်ကို သူမက မမှတ်မိဟူ၍ပြောတော့ သူက စိတ်တိုတိုဖြင့် ကျယ်ကျယ်ကလေး ပြန်ပြောလိုက်တော့မှ သူ့နဂိုအသံ ပြန်ပေါ်သွားသည်။ သူ သတိလွတ်သွားသည်။ တော်တော်တုံးတဲ့ငါ။ ဒါပေမယ့် ကိစ္စမရှိပါဘူး။ အဘွားကြီးက အကြောက်လွန်နေတာ။ သူ သတိတောင်ပြုမိမှာ မဟုတ်ပါဘူး။

တယ်လီဖုန်းကို အသာအယာပြန်ချလိုက်ပြီး ပြုံးလိုက်သည်။ အက်ဖ်ဘီအိုင်ကို အကြောင်းကြားလျှင် အိတ်ဇွန်ဘူတာက တယ်လီဖုန်းတွင် 'တက်ပ်' တပ်ထားမှာ သေချာသည်။ မနက်ကျတော့မှ စတီးဖ်ထံ ဖုန်းဆက်ပြီး တခြားဖုန်းတစ်ခုမှ ပြောင်းနားထောင်ပါဟု ပြောရမည်။ ဒါဆိုလျှင် အက်ဖ်ဘီအိုင်က စုံထောက်တွေ ဘာမှ တတ်နိုင်တော့မည့်မဟုတ်။

လန်းဆန်းတက်ကြွစွာဖြင့် တယ်လီဖုန်းရုံထဲမှ ထွက်လာခဲ့သည်။ အပ်ချုပ်ဆိုင်ကလေးတစ်ဆိုင်ရှေ့တွင် မိန်းကလေးတစ်ယောက် ရပ်နေသည်။ ဒီလောက် ချမ်းအေးလှသည့် ရာသီတွင် သူကလေးက ဒူးပေါ်ပေါင်ပေါ် ဂါဝန်တိုကလေးကို ဝတ်ထားသည်။ အပေါ်က တော့သားမွေးဂျက်ကက်နှင့် ခြေထောက်မှာတော့ အဖြူရောင် ဘွတ်ဖိနပ်။

ကောင်မလေးက တော်တော်လှသည်။ ဆံပင်လည်း တော်တော်ကောင်းသည်။ မျက်နှာပေါ် ဝဲကျနေသည်။ အသက်က (၁၈-၁၉) ထက် ကြီးဦးမည်မထင်။ သူကလေးက သူ့ကို သဘောကျပုံရသည်။ သူ့ကို ပြုံးကြည့်နေသည်။ ကောင်မလေးအနီးသို့ လျှောက်လာခဲ့သည်။ ရုတ်တရက် ရပ်လိုက်သည်။ ကောင်မလေးသည် 'ညဥ့်ငှက်မလေး'ဖြစ်ကြောင်း သိသာသည်။ သူကလေးက သဘောတူတောင်မှ ရဲတွေမြင်သွားလျှင် နှစ်ယောက်စလုံး အဖမ်းခံရလိမ့်မည်။ ပတ်ဝန်းကျင်ကို မျက်ကလူးဆန်ပျာ အကဲခတ်ကြည့်လိုက်သည်။ အမှားကလေးတစ်ချက်ကြောင့် ကြီးကျယ်သော လုပ်ငန်းကြီးများပင် လုံးဝဥဿုံ ပျက်စီးရတတ်ကြောင်း စာအုပ်ထဲတွင် သူဖတ်ဖူးသည်။

သူသည် ကောင်မလေးရှေ့မှ ခပ်တည်တည်နှင့် ဖြတ်ပြီး မသိမသာ ပြုံးပြလိုက်ပြီး နောက် လေပြင်းထဲတွင် ခေါင်းကိုငိုက်စိုက်ချကာ ဘီလ်မိုးဟိုတယ်ဆီသို့ သုတ်ခြေတင်ခဲ့သည်။

မျက်နှာစပ်ဖြုဖြုနှင့် ယခင်စာရေးကပင် သူ့ကို အခန်းသော့ ထုတ်ပေးသည်။

သူ ညစာမစားရသေး။ ဗိုက်ထဲက တကြုတ်ကြုတ်မြည်နေပြီ။

သူက အခန်းထဲသို့ ညစာယူလာရန် မှာလိုက်သည်။ ဘီယာပါ နှစ်လုံးသုံးလုံး မှာလိုက်သည်။ သည်အချိန်လောက်ဆိုလျှင် သူက အမြဲတမ်း ဘီယာဆာတတ်သည်။ အကျင့်ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်မှာထားတုန်း သူက ရေချိုးကန်ထဲ ဝင်စိမ်လိုက်သည်။

ကမန်းကတန်း ကိုယ်သုတ်၊ အဝတ်အစားလဲသည်။

စားစရာတွေနှင့် စားပွဲထိုးဝင်လာသည်။

စားပွဲထိုးအား 'တစ်ပ်' ရက်ရက်ရောရောပေးလိုက်သည်။

ရုပ်ရှင်ကားထဲတွင် ဇာတ်လိုက်မင်းသားတွေ သည်လိုပဲလုပ်တာ မြင်ဖူးသည်။

ပထမဘီယာတစ်လုံးကို အာဖောက်မော့ချလိုက်သည်။ ဒုတိယတစ်လုံးကျတော့ ဝက်သားလုံးကြော်နှင့် မြည်းရင်း ဖြည်းဖြည်းသောက်သည်။ နောက်ဆုံးတစ်လုံးကိုတော့ ရေဒီယိုသတင်းနားထောင်ရင်း တစ်စုပ်ချင်း သောက်နေသည်။

ရေဒီယိုမှ သွမ်မဆင်အမှု သတင်းလာနေသည်။

"ရိုနယ်သွမ်မဆင်ကို သေဒဏ်စီရင်ချက် ချထားတာနဲ့ ပတ်သက်ပြီး ရွှေ့ဆိုင်းထားနိုင်ခွင့်နောက်ဆုံးရက်ဟာ ယမန်နေ့ကပဲ ကုန်ဆုံးသွားပြီဖြစ်ပါတယ်၊ ဒါကြောင့်မို့ သေဒဏ်ပေးခြင်းကို မူလအစီအစဉ်အတိုင်း မနက်ဖြန်နံနက် (၁၁)နာရီခွဲမှာ စတင်ပါလိမ့်မယ်"

နီးလ်နှင့် ရှရွန်တို့အကြောင်းကိုတော့ ဘာသတင်းမှမကြေညာ။

သူက သတင်းပြန့်ကုန်မည်ကို အလွန်ကြောက်သည်။

သတင်းပြန့်သွားလျှင် တစ်ယောက်ယောက်က တစ်နည်းနည်းဖြင့် ဝင်ရှုပ်လာနိုင်သည်မဟုတ်လား။လွန်ခဲ့သောလတုန်းက မိန်းကလေးတွေကိစ္စမှာ အဲဒီအတိုင်းပဲ ဖြစ်ခဲ့သည်။

သူ့အနေဖြင့် ဘာမှမလုပ်နိုင်တော့။

နောက်ထပ် အလားတူ အဖြစ်မခံနိုင်တော့။

အလွန် အန္တရာယ်များသည်။

ယင်းကောင်မလေးတွေအကြောင်း တွေးမိတော့ သူ့ရင်ထဲ တစ်မျိုးကြီး ဖြစ်သွားမိသည်။ ရေဒီယိုခလုတ် ပိတ်ပစ်လိုက်သည်။ နားမထောင်ချင်တော့။ ရေဒီယိုသံကြားရတော့ သူက ဒေါသထွက်ချင်လာသည်။

ကုတ်အင်္ကျီအိတ်ထဲမှ အိတ်ဆောင် ကက်ဆက်အသေးစားကလေးနှင့် တိတ်ခွေကို ထုတ်ယူလိုက်သည်။

ဒါကလေးကို သူ သွားလေရာဆောင်သွားတတ်သည်။

တိတ်ခွေတစ်ခု ရွေးပြီး ကက်ဆက်ထဲ ထည့်သည်။

ပြီးတော့ အိပ်ရာပေါ် လှဲအိပ်လိုက်သည်။

အခန်းမီး လှမ်းပိတ်လိုက်သည်။

ယခုတော့ သူသည် သက္ကလတ်စောင်ကြီးခြုံကာ အိပ်ရာထဲ နွေးနွေးထွေးထွေး ရောက်နေပြီ။ ကိစ္စဝိစ္စတွေအားလုံး ပြီးသွားရင်တော့ ရှရွန်နှင့်အတူ ဟိုတယ်မှန်သမျှ လျှောက်တည်းပြီး တဝကြီးပျော်ပစ်လိုက်မည်။

လက်ယာဘက်နားတွင် နားကျပ်တပ်ပြီး ကက်ဆက်ခလုတ်ကို ဖြည်းဖြည်းကလေး နှိပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြာသည်အထိ ကားစက်သံတွေပဲ ကြားနေရသည်။

ထို့နောက် ကားဘရိတ်အုပ်သံ သဲ့သဲ့ကြားရသည်။

ပြီးတော့ ကားတံခါးဖွင့်သံ။ ပြီးတော့ သူ့အသံ။

သူက ကက်ဆက်ကို ဆက်ဖွင့်ထားလိုက်သည်။ သူနားထောင်ချင်သောအပိုင်းသို့ ရောက်လာသည်။ တော်တော် ကျေနပ်သွားသည်။

ကက်ဆက်ခလုတ် ပြန်ပိတ်လိုက်သည်။ နားကျပ်ကို ပြန်ဖြုတ်လိုက်သည်။

မကြာမီ သူ ခွေးသေခွေးမော အိပ်ပျော်သွားသည်။

သူ အိပ်မက် မက်နေသည်။

အိပ်မက်ထဲတွင် ဂျိန်းကာဖိုလီ၏ ငိုရှိုက်သံများ အဆက်မပြတ် ကြားနေရသည်။

"မလုပ်ပါနဲ့ရှင်. . . ရှိုကြီးခိုးပါရဲ့၊ ကျွန်မကို ချမ်းသာပေးပါရှင်"

www.burmeseclassic.com

www.burmeseclassic.com

## ၂၂

မာရီယံဇော်ဂလာနှင့် ဂျိမ်း(ဂျင်)ဇော်ဂလာတို့ လင်မယားသည် ညဥ့်နက်သန်းခေါင်အထိ စကားပြော၍ မပြီးကြသေး။ ဂျင်က အမျိုးမျိုး ချော့မော့နှစ်သိမ့်သော်လည်း မာရီယံက စိတ်ထဲတွင် တနုံ့နုံ့ခံစားနေရဆဲဖြစ်သည်။

"ကျွန်မက ဒီပိုက်ဆံ (၄၀၀)ကို တစ်ပြားမှ မသုံးလိုက်ရတောင်မှ ဒီလောက် စိတ်ညစ်မှာမဟုတ်ဘူး ဂျင်၊ အခုတော့ ကားကလေးကို ကျကျနနပြုပြင်ထားပြီးတော့မှ အခိုးခံရတာတွေးမိတိုင်း ရင်နာလွန်းလို့ပါ၊ ဘာမှမပြုပြင်ရသေးခင် ပြီးခဲ့တဲ့အပတ်လောက်ကတည်းက အခိုးခံရရင် ကျွန်မ ဘယ်လိုမှ မဖြစ်ပါဘူး၊ ကားကလေးကလဲ ပြုပြင်ပြီးမှ တော့်တော့်ကို ပြေးတာ၊ အသစ်စက်စက် ကျနေတာပဲ၊ ဒီအတိုင်းဆို ကျွန်မတော့ ဒုက္ခပဲ၊ ရော်ဂျာပယ်ရီတို့အိမ် ဘယ်လိုလုပ် သွားရမှာလဲ၊ အလုပ်တော့ ပြုတ်တော့မှာပဲ"

"မင်း အလုပ်မပြုတ်ပါဘူး မာရီယံ၊ ငါ တစ်ယောက်ယောက်ဆီက ပိုက်ဆံနှစ်ရာလောက်သွားဆွဲပါ့မယ်၊ မနက်ဖြန်ကျတော့ နောက်ထပ် သက်သက်သာသာ ကားဟောင်းတစ်စီး ပြန်ဝယ်လိုက်တာပေါ့"

"ဟင်. . . ရှင် တကယ်ပြောတာလား ဂျင်"

သူမ၏မျက်နှာသည် ပြုံးပြုံးရွှင်ရွှင် ဖြစ်လာသည်။

"တကယ်ပြောတာပါ၊ စိတ်ချ၊ ဘာမှမပူနဲ့၊ ဒီငွေနှစ်ရာက မကြာခင် ပြန်ဆပ်နိုင်မှာပါ"

"ဒါဆို တော်ပါသေးရဲ့၊ ကျွန်မက အလုပ်ပြုတ်မှာ သိပ်စိုးရိမ်လို့ပါ၊ ဒီအလုပ်ကလေး ရလိုက်ရင် တစ်ဖက်တစ်လမ်းက သိပ်ပြီး မပင်ပန်းဘဲနဲ့ ဝင်ငွေတိုးလာနိုင်မယ် မဟုတ်လား"

"ဒါပေါ့၊ မနက်ဖြန် မင်း အလုပ်ဆင်းနိုင်အောင် ငါ ကြည့်လုပ်ပေးပါ့မယ်၊ ကဲ ညဥ့်နက်လှပြီ၊ အိပ်ကြစို့"

ထိုအခိုက် အိပ်ရာဘေးမှ တယ်လီဖုန်းမြည်သံ ရုတ်တရက်ပေါ်ထွက်လာသည်။ နှစ်ယောက်စလုံး လန့်ပင် လန့်သွားမိကြသည်။ ဂျင် စားပွဲပေါ်မှ မီးခလုတ်ကို ဖွင့်လိုက်သည်။ ပြီးတော့ တယ်လီဖုန်းကို လှမ်းယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို. . . ဟုတ်ပါတယ်၊ ကျွန်တော် ဂျင်ပါခင်ဗျား၊ ဂျိမ်းဗော်ဂလာပါ၊ ဒီည ဟုတ်လား၊ ဟာ. . . သိပ်ကောင်းတာပေါ့ခင်ဗျား၊ ဘယ်မှာပါလိမ့်၊ ကျွန်တော် ဘယ်တော့ သွားယူရမလဲ၊ တမင်နောက်ပြောတာတော့ မဟုတ်ပါဘူးနော်၊ ဪ. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ အများကြီး ကျေးဇူးတင်ပါတယ်ခင်ဗျား၊ ဟုတ်ကဲ့ သင်္ဘောကျင်းဘက်က အနောက် (၃၆)လမ်း၊ ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ မှတ်မိပါပြီ၊ ကျေးဇူးတင်ပါတယ် ခင်ဗျား"

သူက ဖုန်းကို ပြန်ချလိုက်သည်။

"ဘာလဲ ဂျင်၊ ကားကိစ္စဟုတ်လား၊ ကားကို သူတို့ပြန်တွေ့ကြပြီလားဟင်"

"ဟုတ်တယ်၊ ပြန်တွေ့ပြီတဲ့၊ နယူးယောက်မြို့ထဲမှာ၊ သူခိုးက လမ်းဘေးမှာ ဒီအတိုင်း ရပ်ထားခဲ့တာတဲ့၊ အဲဒါ ရဲတွေက သူတို့ကားနဲ့ ဆွဲယူလာတာတဲ့၊ မနက်ကျတော့ သွားယူရုံပဲ၊ ရဲကတော့ တချို့နောက်ပြောင်ချင်တဲ့ကောင်လေးတွေက အပျော်လျှောက်စီးပြီး ထားပစ်ခဲ့တာ ဖြစ်မယ်လို့ ထင်တယ်တဲ့"

"ဘုရားမလို့ တော်ပါသေးရဲ့၊ ဝမ်းသာလိုက်တာ ဂျင်"

"သိပ်လဲ ဝမ်းသာမနေနဲ့ဦး မာရီယံ"

"ဘာဖြစ်လို့လဲ"

"ကားကို လမ်းဘေးရပ်ထားတဲ့အတွက် ဒဏ်ငွေ (၂၅)ဒေါ်လာနဲ့၊ ရဲက ဆွဲယူပေးတဲ့ အတွက် ဒေါ်လာ (၅၀)ပေးရမယ်တဲ့"

"ဘုရားရေ အဲဒါမှဒုက္ခပဲ၊ ကျွန်မရမယ့် တစ်ပတ်စာလခကလေးတော့ လျှော့ပါပြီ"

ပြီးတော့. . . နှစ်ယောက်စလုံး သဘောကျစွာဖြင့် ရယ်လိုက်ကြသည်။

✠

နောက်နေ့နံနက် ဂျင်ဗော်ဂလာသည် (၆)နာရီ (၁၅)ရထားစီး၍ နယူးယောက်သို့ ထွက်လာခဲ့သည်။ (၉)နာရီမထိုးခင် (၁၅)မိနစ်အလိုတွင် ကားနှင့်အတူ အိမ်သို့ ပြန်ရောက် လာသည်။

မာရီယံက အလုပ်သွားရန် အသင့်စောင့်နေသည်။

(၉)နာရီတိတိတွင် သူမသည် ရော်ဂျာပယ်ရီတို့အိမ်သို့ ကားမောင်းထွက်လာခဲ့သည်။

ပယ်ရီတို့အိမ်ရှေ့တွင် မာကြူရီအမျိုးအစား ကားတစ်စီးရပ်ထားသည်။ ထိုကားမှာ လွန်ခဲ့သောအပတ်တုန်းက သူမ ပယ်ရီတို့အိမ်သို့ အလုပ်အတွက်လူတွေ့စစ်မေးခံရန်လာခဲ့စဉ် အိမ်ရှေ့လမ်းမပေါ်တွင် တွေ့ခဲ့ရသော ကားနှင့်တူနေသည်။

ကေတ္တ သူတို့အိမ် ဧည့်သည်ရောက်နေတာ ဖြစ်မည်။

သူမသည် သူမ၏ကားကို မာကြူရီကားဘေးတွင် ထိုးရပ်လိုက်သည်။

ကားပေါ်မှ ချက်ချင်းမဆင်းသေးဘဲ ကားထဲတွင်ထိုင်ကာ ခေတ္တတွေနေသေးသည်။ တကယ်တော့ သူမ စိတ်လှုပ်ရှားနေခြင်း ဖြစ်သည်။ သူမသည် လက်အိတ်စွပ်ထားသော လက်ဖြင့် သူမဘေးမှထိုင်ခုံကို အမှတ်မထင် အသာအယာပွတ်ကစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏လက်သည် ရုတ်တရက် လှုပ်ရှားမှုရပ်သွားသည်။

ခပ်မာမာအရာတစ်ခုကို လက်ချောင်းနှင့်သွားထိမိသည်။

သူမက ငုံ့ကြည့်လိုက်သည်။ ထိုင်ခုံဖင်ထိုင်နှင့် နောက်မှီကြားတွင် ပြောင်လက်လက် ပစ္စည်းကလေးတစ်ခု ညပ်နေသည်။ သူမက ရုတ်တရက် ကောက်ယူကြည့်လိုက်သည်။

လက်စွပ်ကလေးတစ်ကွင်း။ သူမက စေ့စေ့စပ်စပ်ကြည့်သည်။ တော်တော်လှတဲ့ လက်စွပ်ကလေး။ ပန်းနုရောင် ကြောင်လက်စွပ်ကလေး။ သူမ၏ကားကို ခိုးသွားသူထံမှ ကြွင်းကျန်ရစ်တာ ဖြစ်နိုင်သည်။

"အင်း, ငါနဲ့ထိုက်တန်လို့ ရတာပဲ၊ ခုတော့ ငါ့ပစ္စည်းဖြစ်ပြီပေါ့၊ အတော်ပဲ၊ ပြန်ရောင်း လိုက်ရင် ဂျင်အတွက် ကားရပ်ထားခွင့်ဒဏ်ငွေနဲ့ ကားဆွဲယူခစရိတ် (၇၅)ဒေါ်လာတော့ ကောင်းကောင်းရမှာပဲ"

သူမက လက်အိတ်ချွတ်ပြီး သူမ၏ဘယ်ဘက်လက်သူကြွယ်တွင် စွပ်ကြည့်လိုက် သည်။ အတော်ပဲ။ တိုင်းလုပ်ထားတာ ကျနေတာပဲ။ ဝမ်းသာစရာကောင်းလိုက်တာ။ လာလာ ချင်း နိမိတ်ကောင်းနဲ့ လာတွေ့ရတယ်။

ဂျင်ကို မပြောသေးဘူး။

သူဖာသာသူ သတိပြုမိမလား၊ စောင့်ကြည့်နေဦးမယ်။

သူမသည် ဝမ်းသာယုံကြည်မှုအပြည့်ဖြင့် ကားတံခါးကို ဖွင့်ကာ ဆီးနှင်းထဲ လှမ်း ထွက်လိုက်သည်။ ပြီးတော့ ခြေလှမ်းသွက်သွက်ဖြင့် မီးဖိုချောင်တံခါးဘက်သို့ ပတ်လျှောက် လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၃

အိတ်ဖွန်ဘူတာအပြင်ဘက်မှ တယ်လီဖုန်းသည် ရှစ်နာရီတိတိတွင် မြည်လာသည်။

စတီးဖ်သည် လည်ချောင်းထဲမှ တံတွေးကို မျိုချလိုက်ပြီးနောက် တုန်ယင်သောလက်ဖြင့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို. . ."

"စတီးဖ်ပက်တာဆင်လား"

အသံကတိုးလွန်း၍ မနည်းအားစိုက်ပြီး နားထောင်ရသည်။

"ဟုတ်ပါတယ်"

"နောက် ဆယ်မိနစ်အတွင်း ဖုန်းပြန်ဆက်မယ်၊ ဘူတာထွက်ပေါက် အမှတ်(၂၁) အလွန်က တယ်လီဖုန်းမှာ စောင့်နားထောင်ပါ"

တစ်ဖက်မှ ဖုန်းပြန်ချသွားသည်။

"ခဏ. . . ခဏ. . ."

စတီးဖ်သည် စိတ်ပျက်လက်ပျက်နှင့် ဘူတာရှေ့သို့ လှမ်းကြည့်လိုက်သည်။ ဟူးချ်တေလာသည် သူ့ထက် မိနစ်အနည်းငယ်စောပြီး ဘူတာသို့ ရောက်နေနှင့်သည်။ သူသည် ကားဘေးတွင်ရပ်ကာ ကားစောင့်သူအား တာယာကို လက်ညှိုးထိုးပြနေသည်။ မိမိအား ဟူးချ် စောင့်ကြည့်နေကြောင်း စတီးဖ်သိသည်။ စတီးဖ်သည် ဦးခေါင်းကို ခါယမ်းလိုက်ပြီး ကားပေါ် ပြန်တက်ကာ ကားကိုလမ်းပေါ်သို့ မောင်းထွက်လိုက်သည်။ ကားကို မကွေ့မီတွင် ဟူးချ်လည်း သူ့ကားပေါ်သို့ ပြန်တက်လိုက်သည်ကို ရိပ်ခနဲ လှမ်းမြင်လိုက်ရသည်။

လမ်းပေါ်တွင် ဆီးနှင်းဖုံးနေ၍ ကားတွေကို သတိနှင့်မောင်းနေကြရသည်။ စတီးဖ်လည်း ရှေ့ကားနောက်မြီးတွင် ကပ်ပြီး ဘီးလှိမ့်နေသည်။ သည်အတိုင်းဆိုလျှင် ချိန်းထားသောနေရာသို့ ဆယ်မိနစ်နှင့် ရောက်နိုင်တော့မည်မဟုတ်။ သူသည် ကားလက်ကိုင်ဘီးကို တင်းတင်းကိုင်ကာ လက်ယာဘက် ပလက်ဖောင်း လမ်းမြောင်အတိုင်း ကပ်ပြီး မောင်းချလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲမှအသံ. . .

အသံက တိုးလွန်းသည်။

အားစိုက်နားထောင်တာတောင်မှ သိပ်မကြားချင်။ သည်အတိုင်းဆိုလျှင် အက်ဖ်ဘီအိုင်စုံထောက်တွေအနေနှင့် ခြေရာကောက်ဖို့ လွယ်မည်မထင်။

သည်တစ်ကြိမ်တွင်တော့ အဲဒီ. . "မြေခွေး" ကို ဖုန်းထဲက ကြာကြာအချိန်ဆွဲထားမှ ဖြစ်မည်။ မူလအသံအတိုင်းသာ ကြားရရင် အဲဒီလူကို သူလည်း မှတ်မိချင် မှတ်မိမည်။

သူက အင်္ကျီအိတ်ထဲမှ မှတ်စုစာအုပ်ကို စမ်းကြည့်လိုက်သည်။

"မြေခွေး" ပြောသမျှ တစ်လုံးမကျန် လိုက်ရေးထားလိုက်မည်။

ကားနောက်ကြည့်မှန်ထဲတွင် သူ့နောက်မှ အစိမ်းရောင်ကားတစ်စီး ကပ်လိုက်လာသည်ကို မြင်ရသည်။ ဟူးချ်၏ကားဖြစ်သည်။

ချိန်းထားသောနေရာသို့ရောက်တော့ ရှစ်နာရီဆယ်မိနစ်ပင် ကျော်နေပြီ။ တယ်လီဖုန်းက အဆက်မပြတ် မြည်နေသည်။ စတီးဗ်သည် တယ်လီဖုန်းရုံထဲသို့ အပြေးကလေးဝင်သွားပြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။

"စတီးဗ်ပက်တာဆင်လား"

အသံက တိုးလွန်းသဖြင့် အခြားအသံတွေ မဝင်နိုင်အောင် တခြားနားတစ်ဖက်ကို ပိတ်၍ နားထောင်ရသည်။

"ဟုတ်ပါတယ်"

"ကျွန်တော် ဒေါ်လာ(၈၂၀၀၀)လိုချင်တယ်၊ တစ်ဆယ်တန်၊ နှစ်ဆယ်တန်နဲ့ ငါးဆယ်တန်ချည်းသက်သက် လိုချင်တယ်၊ မနက်ဖြန်မနက် နှစ်နာရီမှာ (၅၉)လမ်းနဲ့ လက်ဇင်တန်လမ်းအရှေ့တောင်ဘက်ထောင့်က တယ်လီဖုန်းရုံမှာ စောင့်နေပါ၊ ခင်ဗျားကားနဲ့ မောင်းလာခဲ့ပါ။ တစ်ယောက်မှ ခေါ်မလာနဲ့၊ အဲဒီတော့မှ ပိုက်ဆံကို ဘယ်မှာချထားရမယ်ဆိုတာ ပြောမယ်"

"ဒေါ်လာ(၈၂၀၀၀) နော်"

စတီးဗ်က တစ်ဖက်မှပြောခဲ့သမျှ စကားလုံးတိုင်းကို ပြန်ရွတ်နေသည်။

အသံကို ပြန်ပြီးစဉ်းစားနေသည်။ မှတ်မိအောင် ကြိုးစား ကြိုးစားနားထောင်။

"မြန်မြန် လုပ်စမ်းပါဗျ"

"ဟုတ်ကဲ့၊ ကျွန်တော် စာနဲ့လိုက်ရေးနေပါတယ်၊ ဒါပေမယ့် တောင်းတဲ့ငွေရအောင် ကြိုးစားပါ့မယ်၊ ချိန်းတဲ့နေရာလဲ အရောက်လာပါ့မယ်၊ ဒါပေမယ့် ကျွန်တော့်သားလေးနဲ့ မစ္စရှုရွှန်တို့ အသက်ထင်ရှားရှိနေပါတယ်ဆိုတာ ကျွန်တော် ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ၊ သူတို့နှစ်ယောက်စလုံး အသက်ထင်ရှားရှိနေပါတယ်ဆိုတာ ကျွန်တော့်ကို အထောက်အထား တစ်ခုခုတော့ ပြသင့်တယ် ထင်ပါတယ်"

"အထောက်အထား ဟုတ်လား၊ ဘာအထောက်အထားလဲ"

သူ့အသံက ဒေါသသံ ပါလာသည်။

"တိတ်ခွေဖြစ်ဖြစ်၊ ကက်ဆက်ဖြစ်ဖြစ်ပေါ့၊ သူတို့အသံကို ကြားရရင်တော်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်ခွေ. . . ဟုတ်လား၊ ဟား. . . ဟား. . . ဟား"

တစ်ဖက်မှလူက ဝါးလုံးကွဲပေါက်ရယ်ပစ်လိုက်သည်။

"ဟုတ်ပါတယ်၊ အဲဒါ တစ်ခုခုရမှဖြစ်မယ်"

စတီးဖ်က အလျှော့မပေး။ သို့သော် စိတ်ထဲကတော့ ဘုရားသခင်. . . သူစိတ်ဆိုးသွားပြီး မဟုတ်တာတွေတော့ ဖြစ်မလာပါစေနဲ့ဟူ၍ ကျိတ်ပြီး ဆုတောင်းလိုက်မိသည်။

"ကောင်းပြီလေ ခင်ဗျားလိုချင်တဲ့ကက်ဆက် ရပါစေ့မယ်"

တစ်ဖက်မှ ဖုန်းပြန်ချသွားသည်။

"နေပါဦး. . . ခဏ. . . နေပါဦးဗျ"

စတီးဖ်က ကမန်းကတန်း အော်ပြောလိုက်သည်။

သို့သော် တစ်ဖက်မှ ဘာသံမှ ပေါ်မလာတော့။

သူက စိတ်ပျက်စွာဖြင့် ဖုန်းကို ပြန်ချလိုက်သည်။

ထို့နောက် ကြိုတင်စီစဉ်ထားသည့်အတိုင်း ရော်ဂျာပယ်ရီတို့အိမ်သို့ တန်းမောင်းလာခဲ့သည်။ ယင်းမှာ ဟူးချ်နှင့် ဆုံရန်ဖြစ်သည်။

စတီးဖ်သည် ကားထဲတွင် ထိုင်စောင့်နေရတာ စိတ်မရှည်တော့သဖြင့် ကားပေါ်မှဆင်းကာ အိမ်ရှေ့ ကားလမ်းပေါ်တွင် ရပ်စောင့်နေသည်။ အအေးဒဏ်ကြောင့် တစ်ကိုယ်လုံးလည်း တခိုက်ခိုက်တုန်နေသည်။

မကြာမီပင် ဟူးချ် ကားမောင်းဝင်လာသည်။ ကားကို ထိုးရပ်ပြီး မေးလိုက်သည်။

"သူ ဘာတွေပြောသွားသလဲ"

စတီးဖ်က မှတ်စုစာအုပ်ထုတ်ပြီး ဖတ်ပြသည်။ သံသယစိတ်က တော်တော်ကြီးမားလာသည်။

"ဒါနဲ့. . . သူ့အသံက ဘယ်လိုလဲ၊ မှတ်မိသလား"

"အသံဖျက်ထားတယ်၊ သိပ်ပြီး တိုးတာပဲ၊ ဖြတ်နားထောင်ပြီး အသံသွင်းယူတောင်မှ ကွဲကွဲပြားပြား ခွဲခြားလို့ ရမှာမဟုတ်ဘူး"

သူက လမ်းဘက်သို့ တွေပြီး လှမ်းကြည့်လိုက်သည်။ ပြီးတော့မှ. . .

"သူက ကက်ဆက်တိတ်ခွေ ပို့ပေးမယ်လို့ ကတိပေးသွားသေးတယ်၊ ကလေးနဲ့ မှူးရှုရွှန်တို့ အသက်ထင်ရှား ရှိနေကြတယ်ဆိုတဲ့ အထောက်အထားသဘောနဲ့ပေါ့"

"သူတို့နှစ်ယောက် ဘာမှမဖြစ်ဘူးဆိုတာတော့ ကျုပ်ယုံပါတယ်"

သို့သော်. . . ပိုက်ဆံမရခင် ပြန်ပေးဆီက ကက်ဆက်တိတ်ခွေရဖို့ ဆိုတာကိုတော့ ဟူးချ်က လုံးဝ မျှော်လင့်ချက်မထားမိ။ ကြားလူလွှတ်၍ ပေးခိုင်းဖို့ဆိုတာလည်း မဖြစ်နိုင်။ ပြန်ပေးက သည်အမှု ဟိုးလေးတကျော်ဖြစ်မှာ ဘယ်နည်းနဲ့မျှ ကြိုက်မည်မဟုတ်။ ထို့ကြောင့် ကက်ဆက်တိတ်ခွေကို သတင်းစာတိုက်တွင်လည်းကောင်း၊ အသံလွှင့်ရုံတွင်လည်းကောင်း ထားခဲ့ရန်ကို လုံးဝမမျှော်လင့်နိုင်။

"ဒါနဲ့ ပြန်ပေးငွေကိစ္စက ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက စတီးဖ်အား မေးလိုက်သည်။

"အဲဒီ ဒေါ်လာ(၈၂၀၀၀) ဒီနေ့ရနိုင်ပါ့မလား"

"ကျွန်တော့်အနေနဲ့ကတော့ လောလောဆယ်မှာ ငါးပြားတောင် ရနိုင်ဖို့ မလွယ်ပါဘူး။ ရှိတဲ့ပိုက်ဆံတွေကလဲ မဂ္ဂဇင်းတိုက်အစုရှယ်ယာထဲ ရောက်နေတယ်။ ပြီးတော့ အိမ်ဝယ်လိုက်တာကလဲ မကြာသေးဘူး၊ ဒါပေမယ့် အဲဒီငွေ ကျွန်တော်ရနိုင်ပါတယ်၊ နီးလ်ရဲ့အမေကို ကျေးဇူးတင်ရမှာပါပဲ"

"နီးလ်ရဲ့အမေ. . . ဟုတ်လား"

"ဟုတ်ပါတယ် သူမသေခင်ကလေးမှာပဲ သူ့အဘွားဆီက ဒေါ်လာ(၇၅၀၀၀) အမွေ ရလိုက်ပါတယ်၊ အဲဒါ နီးလ်ရဲ့ ပညာရေးအတွက် ကျွန်တော်က ဘဏ်တိုက်မှာ အပ်ထားတယ်၊ အခုဆိုရင် အတိုးအရင်းပေါင်းလိုက်ရင် (၈၂၀၀၀) တော့ ကျော်ပါလိမ့်မယ်"

"(၈၂၀၀၀) ကျော်ဟုတ်လား၊ ဒါနဲ့. . . အဲဒီငွေ ဘဏ်မှာအပ်ထားတာ ဘယ်သူတွေ သိသလဲ"

"အဲဒါတော့ ကျွန်တော် အတိအကျ မပြောနိုင်ဘူး၊ ရှေ့နေရယ်၊ ဘဏ်တိုက်က ငွေကိုင်ရယ်ကလွဲပြီး ဘယ်သူမှ သိမယ်မထင်ပါဘူး"

"ရှရွန်ကော မသိနိုင်ဘူးလား"

"ကျွန်တော်တော့ ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့ကို တစ်ခါမှ ပြောမပြဖူးဘူး အောက်မေ့တာပဲ"

"ပြောချင်ရင်လဲ ပြောဖြစ်ပါလိမ့်မယ်၊ ခင်ဗျား မမှတ်မိလို့ဖြစ်မှာပါ"

"ဟုတ်ပါတယ် မမှတ်မိတော့ပါဘူး၊ ဒါပေမယ့် မပြောဖူးဘူးလို့ပဲ ထင်တာပဲ"

ဟူးချ်သည် အိမ်ရှေ့တံခါးဝသို့ လျှောက်လာရင်း ထပ်ပြောလိုက်သည်။

"ပြန်ပြီး စဉ်းစားကြည့်ပါဦး၊ တစ်ယောက်ယောက်ကိုတော့ ပြောဖြစ်ချင် ပြောဖြစ်မှာပါ၊ ဘာဖြစ်လို့လဲဆိုရင် မစ္စက်ဂလင်ဒါက ပြန်ပေးရဲ့အသံကို မှတ်မိနိုင်တယ် . . ဆိုတဲ့အချက်က စဉ်းစားစရာ ဖြစ်နေတယ်"

သူတို့က တံခါးဝမှ ဘဲလ်ကို တီးလိုက်သည်။ ချက်ချင်းပင် မစ္စတာရော်ဂျာပယ်ရီ တံခါးလာဖွင့်သည်။ သူက သူတို့ကို မြင်လိုက်တော့ နှုတ်ခမ်းကို လက်ညှိုးနှင့် ဖိပြလိုက်သည်။ သူ့မျက်နှာက ဖြူရော်နေသည်။ တစ်စုံတစ်ရာကို စိုးရိမ်နေသည့်ပုံမျိုး။

"အခုပဲ ဆရာဝန်ပြန်သွားတယ်၊ ဆရာဝန်က ဂလင်ဒါကို စိတ်ငြိမ်ဆေး ကျွေးပစ်ခဲ့တယ်၊ သူက ဆေးရုံမသွားချင်ဘူးလို့ ငြင်းနေလို့၊ ဆရာဝန်က ဂလင်ဒါ နှလုံးရောဂါ ပြန်ထချင်တယ်လို့ ပြောသွားတယ်"

"စိတ်တော့မကောင်းပါဘူး မစ္စတာရော်ဂျာ၊ ဒါပေမယ့် မလုပ်မဖြစ်လို့ပါ၊ ဒီနေ့မနက် ပြန်ပေးအသံသွင်းထားတဲ့ တိတ်ခွေကို ခဏနားထောင်စေချင်လို့ပါ"

"မဖြစ်ဘူးထင်တယ်၊ အခုတော့ မဖြစ်နိုင်ဘူး၊ အဲဒါဆိုရင် သူ့ကို သတ်သလို ဖြစ်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက လက်သီးဆုပ်ပြီး စိတ်ကိုထိန်းလိုက်သည်။

"ငါ စိတ်မကောင်းပါဘူး စတီးဖ်၊ ဘာတွေများ ထူးခြားချက်ရှိလို့လဲ"

စတီးဖ်က အကျိုးအကြောင်း ရှင်းပြလိုက်သည်။

မစ္စတာရော်ဂျာက အတန်ကြာအောင် စဉ်းစားနေပြီးမှ. . .

"ဂလင်ဒါ ဆေးရုံ မသွားတာက သူ့ဆီ ခင်ဗျားတို့က တိတ်ခွေယူလာမယ်ဆိုတာ သိလို့ပဲ၊ ဆရာဝန်ကလဲ သူ့ကို စိတ်ငြိမ်ဆေး ပြင်းပြင်းကလေးပေးသွားတယ်၊ ခုတော့ ခဏ အိပ်လိုက်ပါစေဦး၊ နောက်မှ ပြန်လာခဲ့ကြတာပေ့ါ၊ အခုဆိုရင် သူ အိပ်ရာကတောင် ထနိုင်မှာ မဟုတ်ဘူး"

"အဲဒါ ကောင်းပါတယ်"

ဟူးချ်က ပြောလိုက်သည်။ လူခေါ်ခေါင်းလောင်းသံ ပေါ်ထွက်လာသည်။

မစ္စတာရော်ဂျာက အံ့အားသင့်သွားဟန်ဖြင့်. . .

"အဲဒါ နောက်ဖေးတံခါးကပဲ၊ ဘယ်သူများပါလိမ့်၊ ဩော်. . . အိမ်ဖော်သစ်နဲ့ တူပါရဲ့၊ ကျုပ် သတိတောင် မရမိဘူး"

"အိမ်ဖော်က ဒီရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"လေးနာရီပဲ ရှိသေးတယ်"

"အဲဒါ မကောင်းဘူး၊ သူ သိသွားမှာ စိုးရတယ်၊ ကျွန်တော့်ကို ဆရာဝန်ဆိုပြီး သူနဲ့ မိတ်ဆက်ပေးပါ။ ကျွန်တော်တို့ပြန်တော့ သူ့ကို အိမ်ပြန်လွှတ်လိုက်ပါ။ နောက် တစ်ရက် နှစ်ရက်ကြာမှ ပြန်ခေါ်မယ်လို့ ပြောပါ၊ သူက ဘယ်က လာတာလဲ"

"ကာလေက. . ."

ခေါင်းလောင်းသံ ပေါ်လာပြန်သည်။

"ဒီအိမ်ကို သူ အရင်ကရောက်ဖူးသလား"

"လွန်ခဲ့တဲ့အပတ်က တစ်ခေါက်ရောက်ဖူးတယ်"

"သူနဲ့ နည်းနည်းစကားပြောကြည့်ချင်တယ်"

"ကောင်းပြီလေ"

ရော်ဂျာက နောက်ဖေးသို့ ပြေးဝင်သွားသည်။ မကြာမီတွင် မာရီယံကို ခေါ်ပြီးပြန် ထွက်လာသည်။ ဟူးချ်က ရုပ်ရည်ချောမောသော အမျိုးသမီးကို အကဲခတ်ကြည့်နေသည်။

"ကျုပ်မိန်းမ နေမကောင်းဘူးဆိုတာ မစ္စက်ဖော်ဂလာကို ပြောပြလိုက်ပါပြီ၊ မစ္စက် ဖော်ဂလာ. . . ဟောဒါက ကျုပ်နဲ့အိမ်နီးချင်း မစ္စတာပက်တာဆင်ပါ၊ ဒါကတော့ . . ဒေါက်တာတေလာ"

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

သူက အနည်းငယ် ရှက်ဟန်ဖြင့် ပြန်ပြောလိုက်သည်။

"ဒါနဲ့. . . အိမ်ရှေ့က မာကြူရီကားဟာ မစ္စတာပက်တာဆင်ရဲ့ ကားနဲ့တူပါရဲ့"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဒါဆိုရင် အဲဒီကလေးဟာ ရှင့်ကလေးပဲ ဖြစ်ရမယ်၊ ကလေးက ချစ်စရာလေးပဲ၊ ပြီးခဲ့တဲ့အပတ်တုန်းက ကျွန်မ ဒီကိုလာတော့ သူက အိမ်ရှေ့ကထွက်လာပြီး ဒီအိမ်ကို ညွှန်ပြတယ်၊ ကလေးက သိပ်ပြီး ယဉ်ကျေးတာပဲ၊ မစ္စတာပက်တာဆင်အနေနဲ့ ဒီကလေးအတွက် ဂုဏ်ယူသင့်ပါတယ်ရှင်"

သူမက လက်အိတ်ကို ချွတ်ပြီး စတီးဖ်ဆီသို့ လက်ကမ်းပေးလိုက်သည်။

"ဟုတ် . . . ဟုတ်ကဲ့၊ နီးလ်အတွက် ဂုဏ်ယူပါတယ်"

စတီးဖ်က ရုတ်တရက် ရင်ထဲဆို့သွားသလို ခံစားလိုက်ရသဖြင့် နောက်ပြန်လှည့်ကာ အိမ်ရှေ့တံခါးဝသို့ လျှောက်ထွက်သွားသည်။ သူ့မျက်လုံးများတွင် မျက်ရည်တွေ ဝဲလာကြသည်။ ဟူးချ်က မာရီယံ၏လက်ကို ဆတ်ခနဲ လှမ်းဆွဲနှုတ်ဆက်လိုက်သည်။

သူက သူမ လက်တွင် ဝတ်ထားသော လက်စွပ်ကို မညှစ်မိအောင် ရှရှကလေး ဆုပ်ကိုင်ထားသည်။ အိုးတိုက်အိမ်တိုက် လုပ်ဖို့လာတဲ့လူက လက်စွပ်ဝတ်လာတာ အံ့စရာပဲဟု ဟူးချ်က တွေးလိုက်မိသည်။ သူက ချက်ချင်းပင် မျက်နှာအမူအရာ ပြင်လိုက်ပြီး. . .

"မစ္စက်တော်ဂလာ ဒီအိမ်ရောက်လာတာ တော်တော်ကောင်းတယ် မစ္စတာရော်ဂျာ၊ သူက သူ့အိမ်ကို သိပ်ပြီးစိတ်ဝင်စားတာ၊ ကျွန်တော်က မူလအစီအစဉ်အတိုင်း ဒီနေ့ပဲစပြီး သူ့ကို ဖိဖိစီးစီးစကုတော့မယ်"

"ဩော်, ဟုတ် . . . ဟုတ်ကဲ့၊ အလွန်ကောင်းပါတယ် ဒေါက်တာ"

မစ္စတာရော်ဂျာက အခြေအနေကို နားလည်စွာဖြင့် အလိုက်သင့်ပင် ပြန်ပြောလိုက်သည်။ ဟူးချ်က သည်သူငယ်မ နီးလ်ပြန်ပေးဆွဲမှုမှာ ပါဝင်ပတ်သက်နေသည်ဟု ယူဆနေပုံရသည်။ မာရီယံက ဟူးချ်နှင့် မစ္စတာရော်ဂျာတို့၏ မျက်နှာကို တစ်လှည့်စီ ကြောင်ကြည့်နေသည်။ ပြီးတော့ စတီးဖ်က အိမ်ရှေ့တံခါးပွင့်နေသည်ကို လှမ်းကြည့်လိုက်သည်။

ငါက သူ့ကို တွေ့တွေ့ချင်း လက်ကမ်းပေးတာ သူက တစ်မျိုးများ ထင်သွားသလား၊ ငါ သွားပြီး တောင်းပန်လိုက်မှပဲ၊ ငါက အိမ်စေဆိုတော့ အိမ်စေအဆင့်အတန်းမှာပဲ ပြုမူဆက်ဆံရမှာမဟုတ်လား။

သူမက စတီးဖ်ထံသို့ လျှောက်လာခဲ့သည်။ သူ့နောက်မှနေ၍ ပခုံးကို အသာပုတ်ကာ တောင်းပန်စကားပြောလိုက်မည်ဟု စိတ်ကူးသော်လည်း စိတ်ကူးအတိုင်း ဖြစ်မလာ။ နောက်မှလိုက်လာသော ဟူးချ်အတွက်သာ တံခါးကို ဖွင့်ပေးလိုက်မိသည်။

သူတို့နှစ်ယောက် ပြန်ထွက်သွားပြီးနောက် သူမက စိတ်လှုပ်ရှားစွာဖြင့် တံခါးကို အသာအယာ ပြန်ပိတ်လိုက်သည်။ တံခါးဘုနှင့် လက်စွပ် ထိမိ၍ ကလစ်ခနဲ အသံထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၄

တကယ်တော့ နီးလ်က သူ့ကိုယ်သူ အငိုလွယ်သောကလေးမျိုး မဖြစ်ချင်ပါ။ သူက မငိုမိအောင် အစွမ်းကုန် ထိန်းထားသည်။ သို့သော် မငိုအောင် ထိန်းထားရသည်မှာ ရင်ကျပ်ပန်းနာကို အောင့်ခံရတာနှင့် အလွန်တူသည်။ ဘယ်လိုမှ ထိန်းထား၍မရပါ။

လည်ချောင်းထဲက ဆို့ကျပ်လာပြီး နှာခေါင်းမှ နှာရည်တွေ ထွက်လာသည်။ သူသည် ကလေးလို အသံထွက်၍မငိုဘဲ လူကြီးလို အသံတိတ် ကျိတ်၍ငိုနေသည်။ မျက်နှာတစ်ပြင်လုံး မျက်ရည်တွေနှင့် ရွှဲနစ်နေသည်။

သူသည် ကျောင်းတွင် အကြိမ်များစွာ ငိုခဲ့ဖူးပါသည်။ တခြားကျောင်းသားကလေးတွေက သူ့အား နို့စို့ကလေးတစ်ယောက်လို သဘောထားကြောင်း သူသိပါသည်။ သို့သော် သူ့ဆရာမကတော့ အဲဒီလို သဘောမထားပါ။

အဖြစ်မှန်က သူ့ရင်ထဲတွင် တစ်ခုခုခံစားနေရခြင်းဖြစ်သည်။ တစ်ခုခုကို ကြောက်နေသလိုလို၊ စိုးရိမ်နေသလိုလို ဖြစ်နေသည်။

ဒီအဖြစ်သည် မေမေဆုံးသောနေ့ကပင် စတင်ခဲ့ခြင်း ဖြစ်သည်။ ထိုနေ့က သူသည် ကစားစရာ မီးရထားကလေးတွေနှင့် ကစားနေသည်။ ထိုနေ့ကစပြီး သူသည် မီးရထားကလေးတွေနှင့် ဘယ်တော့မှ မကစားတော့ပါ။

ထိုနေ့အကြောင်းကို တွေးမိလျှင် သူသည် အသက်ရှူမြန်လာသည်။ သူ့ရင်သည် နိမ့်တုံမြင့်တုံ ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်လာသည်။ ပါးစပ်နှင့် အသက်ရှူ၍ လုံးဝမရ။ ပါးစပ်ကို အဝတ်နှင့် ပိတ်စည်းထားသောကြောင့် ဖြစ်သည်။ သူက နှုတ်ခမ်းတွေ လှုပ်ကြည့်သည်။ ပါးစပ်ထဲသို့ အဝတ်စအမျှင်တစ်ခု ဝင်လာသည်။ နေရထိုင်ရ ပို၍ခက်လာသည်။

"ကျွန်တော် အသက်မရှူနိုင်တော့ဘူး" ဟု ပြောကြည့်သည်။ အသံက ဝူးဝူးဝါးဝါး ထွက်လာသည်။ အသက်ရှူလည်း ပိုကျပ်လာသည်။ သည်တော့ သူက အောင့်မထားနိုင်တော့ဘဲ တသိမ့်သိမ့်ဖြင့် ရှိုက်၍ရှိုက်၍ ငိုတော့သည်။

"နီးလ်. . . မငိုပါနဲ့ကလေးရယ်၊ ငိုရင် သားပိုပြီး ပင်ပန်းနေမှာပေါ့"

ရှရွှန်က နှစ်သိမ့်စကားဆိုသည်။ သို့သော် သူမအသံကလည်း မပီတစ်ချက်ပီတစ်ချက်။ စကားမတတ်သူအသံလို ရယ်စရာပင်ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုရွှန်၏မျက်နှာက သူ့မျက် နှာနှင့် ကပ်နေသည်။ သူမမျက်နှာတွင်လည်း တစ်စုံတစ်ရာပတ်စည်းထားကြောင်း နီးလ်က မမြင်ရဘဲနှင့်သိနေသည်။

ငါတို့ ဘယ်များရောက်နေကြပါလိမ့်။

အခန်းကလည်း အေးစက်နေသည်။ အနံ့အသက်ကလည်း ဆိုးရွားလှသည်။ သူ၏ကိုယ်ပေါ်တွင် နံစော်သော စောင်တစ်ထည် ခြုံထားသည်ဟု ထင်ရသည်။ မျက်လုံးတွေကို ပိတ်စည်းထား၍ ဘာကိုမျှမမြင်ရ။ သူသည် အမှောင်ထုကြီးထဲသို့ ရောက်နေသည်။

လူစိမ်းသည် တံခါးကိုလာဖွင့်ပြီး သူ့ကို တွန်းပစ်ခဲ့သည်။ ပြီးတော့ သူတို့နှစ်ယောက်စလုံးကို ကြိုးနှင့်တုပ်သည်။ ရှုရွှန်ကို အပြင်သို့ ထုတ်သွားသည်။ ခဏအကြာတွင် ပြန်ဝင်လာသည်။ သူ့ကိုပွေ့ချီလာသည်။ အိတ်ကြီးထဲ သွင်းလိုက်သည်။

တစ်ခါတုန်းက ဆင်ဒီတို့အိမ်တွင် ပုန်းတမ်းလိုက်တမ်း ကစားတော့ သူက ကားရုံထဲမှ အဝတ်အိတ်ကြီးထဲ ဝင်ပုန်းနေခဲ့သည်။ အဲဒီတုန်းက ခံစားရသလို အခုလည်း ခံစားနေရသည်။ လူစိမ်းက သူ့ကို အိတ်ကြီးထဲထည့်လိုက်ပြီးနောက် သူသည် ဘာကိုမျှမမှတ်မိတော့။ နောက်တော့မှ ရှုရွှန်က သူ့ကို အိတ်ထဲမှ ဆွဲထုတ်သည်။ သူ ဘာဖြစ်လို့ သတိလွတ်သွားပါလိမ့်။ မေမေ လဲကျသွားတုန်းကလည်း သည်လိုပဲနေမှာပဲ။

သူက မေမေ့အကြောင်း မစဉ်းစားချင်ပါ။ ရှုရွှန်က ပြောသည်။

"နီးလ်. . . အသက်ကို ဖြည်းဖြည်းရှူပါ၊ မငိုပါနဲ့. . . သားရယ်၊ သားက သတ္တိရှိတဲ့ကလေးပဲ၊ ဒါလောက်တော့ ခံနိုင်ပါတယ်"

ရှုရွှန်ကလည်း သူ့ကို ငိုတတ်သောကလေးတစ်ယောက်ဟု ယူဆတော့မည်။ ဒီနေ့ည သူတို့အိမ်တွင် ရှုရွှန်ကအိပ်မည်ဆိုတော့ သူက ကျိတ်ငိုခဲ့ရသည်။ ဒါကြောင့်လည်း သူက မစ္စက်လပ်ဖ်ကျွေးသော လက်ဖက်ရည်နှင့် မုန့်ကို လက်နှင့်ပင် မတို့ခဲ့ခြင်းဖြစ်သည်။

မစ္စက်လပ်ဖ်က. . .

"စားစမ်းပါ နီးလ်ရယ်၊ မေမေကြီးတို့ ဖလော်ရီဒါကို ပြောင်းရင် သားကိုလဲ ခေါ်သွားမှာပေါ့၊ ဒါမှ သားက ဝပြီး လှလာမှာနော်" ဟု ပြောသည်။

ဟုတ်ပါပြီ၊ သူတို့ပြောတာ မှန်ပါပြီ။ ဖေဖေက ရှုရွှန်နှင့် လက်ထပ်လျှင် ဆင်ဒီပြောတဲ့အတိုင်း ဖြစ်လာမှာ သေချာသည်။ ရောဂါသည်ကလေးတစ်ယောက်ကို ဘယ်မိထွေးကမှ လိုချင်မည် မဟုတ်။ သူ့ကို လပ်ဖ်တို့လင်မယားနှင့် အဝေးပို့လိုက်မှာ ကျိန်းသေပါပဲ။

သူက ဝမ်းနည်းလာပြီး ငိုပြန်လေသည်။

ရှုရွှန်က ရယ်စရာအသံကြီးနှင့် ပြောပြန်ပါသည်။

"နီးလ်. . . အသက်ရှူပါ၊ ဖြည်းဖြည်းရှူ ဝင်. . . ထွက်. . . ဝင်. . . ထွက်. . . နှာခေါင်းက မှန်မှန် အသက်ရှူ၊ သားက သတ္တိရှိပါတယ်ကွယ်၊ နောက်ကျတော့ ဒီအကြောင်းတွေကို သားရဲ့မိတ်ဆွေတွေကို ပြန်ပြောပြမယ်ဆိုတာ စဉ်းစားကြည့်စမ်းပါ"

သူက ရှုရွှန်ပြောသည့်အတိုင်း အသက်ကို မှန်မှန်ရှူနေလေသည်။

တစ်ခါတလေ မေမေ့အကြောင်းကို ဆင်ဒီက မေးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အမေကိုသာ တစ်ယောက်ယောက်က လာပြီးရိုက်ရင် ငါတော့ ပြန်ချမှာပဲကွ" ဟု သူက ပြောသည်။

တကယ်တော့ သူကလည်း ဖြစ်နိုင်လျှင် လူဆိုးကို ပြန်ချချင်ပါသည်။ သို့သော် ဘယ်လိုမှမဖြစ်နိုင်ပါ။ သည်အကြောင်းကို သူက ဖေဖေ့ကို မေးကြည့်ချင်သည်။ ဒါပေမယ့် စိတ်သာရှိသည်။ လက်တွေ့တော့ ဘယ်တော့မှ မမေးဖြစ်ခဲ့။ ဖေဖေကလည်း မေးလျှင် စကားလွှဲပြီး တခြားအကြောင်းကိုသာ ပြောမည်မှာ သေချာသည်။

ဝင်. . . ထွက်. . . ဝင်. . . ထွက်။

ရှရွှန်၏ဆံပင်တွေက သူ့မျက်နှာပေါ် ပြန့်ကျနေသည်။

သူက သူ့တစ်ကိုယ်လုံးကို ရှရွှန်ကိုယ်ပေါ်တွင် မှီထားသည်။

ဒီလူကြီးက သူတို့ကို ဘာကြောင့်များ ဒီနေရာခေါ် လာတာပါလိမ့်။

အဲဒီလူကို သူ မှတ်မိသည်။ လွန်ခဲ့သောနှစ်ပတ်ခန့်က မစ္စတာလပ်ဖ်က သူ့ကို ထိုသူ အလုပ်လုပ်နေသော နေရာသို့ ခေါ်သွားခဲ့ဖူးသည်။

ထိုနေ့ကစ၍ သူသည် အိပ်မက်ဆိုးတွေ အမြဲတမ်း မြင်မက်ခဲ့သည်။ တစ်နေ့က သည်အကြောင်း ဖေဖေ့ကို ပြောပြမည်ဟု စိတ်ကူးခဲ့သေးသည်။

သို့သော် မစ္စက်လပ်ဖ် ဝင်လာ၍ မပြောဖြစ်ခဲ့တော့။

မစ္စက်လပ်ဖ်က တော်တော်အပေါက်အစများတဲ့ မိန်းမကြီး။ စကားပြောလျှင် ဘယ်တော့မှ တစ်ခွန်းတည်းနှင့် မပြီး။ ဆိတ်ချေးပါသလို ပါးစပ်ထဲရှိသမျှ အဆက်မပြတ် စွတ်ပြောနေတတ်သည်။

"ဟော့. . . လူလေး သွားတိုက်ပြီးပလား၊ မာဖလာကို သေသေချာချာ ပတ်ထားဦး၊ နေမှကောင်းရဲ့လားဟင်၊ အိပ်လို့ကော ပျော်ရဲ့လား၊ ထမင်းစားလို့ကော မြိန်ရဲ့လား၊ ခြေထောက်တွေ အေးနေဦးမယ် သတိထား၊ ဟိုအင်္ကျီတွေ ခုတင်ပေါ်မှာ တင်ထားသေးသလား"

အဘွားကြီးမေးသမျှကို နီးလ်က တစ်ခွန်းတည်းနှင့် ဘယ်လိုပြန်ဖြေနိုင်ပါမည်နည်း။ ထို့ကြောင့်. . . သူက နောက်ပိတ်ဆုံးမေးခွန်းကိုသာ အမြဲတမ်း ပြန်ဖြေတတ်သည်။

ပြီးတော့ အဘွားကြီးက ကျောင်းအပြန်တွင် သူ့ထမင်းဘူးကို ကမန်းကတန်းဖွင့်ပြီး ထမင်းဟင်းတွေ အကုန်စားမစားကိုလည်း နေ့တိုင်းလိုလို စစ်ဆေးတတ်သည်။

မေမေရှိတုန်းကနှင့် လုံးဝမတူတော့။ အစတုန်းက မစ္စက်လပ်ဖ်သည် တစ်ပတ်မှ တစ်နေ့သာ အိမ်ဖော်လုပ်သည်။ မေမေဆုံးသွားပြီးတော့ သူတို့လင်မယား အပြီးအပိုင် ပြောင်းလာကာ အပေါ်ထပ်တွင် အမြဲတမ်း နေကြတော့သည်။ ထိုနေ့မှစ၍ အားလုံး ပြောင်းလဲသွားခဲ့သည်။ သည်အကြောင်းတွေ ပြန်စဉ်းစားလိုက်၊ ရှရွှန်ပြောသော စကားကိုလည်း စူးစိုက်နားထောင်လိုက်ဖြင့် မျက်ရည်တွေ အလိုလိုတိတ်သွားကြသည်။

ယခုလည်း သူ ကြောက်တော့ ကြောက်နေသေးသည်။ သို့သော် မေမေလဲကျသွားပြီး သူတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သော နေ့ကလောက်တော့ မကြောက်တော့ပါ။

မေမေသေတဲ့နေ့တုန်းကလောက်တော့ မဆိုးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . . . ဟိုလူကြီး။

သူ အသက်ရှူမြန်လာပြန်သည်။

ရင်ထဲတွင် ဆို့နင့်လာသည်။

"နီးလ် . . . သတိထားပါ သားရယ်"

ရှရွန်က ပါးချင်းအပ်၍ ပြောသည်။

"တို့ ဒီနေရာက လွတ်မြောက်သွားမှာပါ၊ တို့ကို ပြန်တွေ့ရရင် သားဖေဖေက ဘယ်လောက်ဝမ်းသာလိုက်မလဲနော်၊ သူလာပြီး တို့ကို ကယ်တင်နိုင်မှာပါ၊ ဒါတော့ အန်တီ သေသေချာချာပြောရဲပါတယ်၊ အန်တီက သားကိုခေါ်ပြီး စကိတ်စီးသွားမလို့ဘဲ၊ ဒါပေမယ့် အဲဒီနေ့က သားက မလိုက်လာဘူးမဟုတ်လား၊ဖေဖေတစ်ယောက်တည်းသာ နယူးယောက်ကို လာတယ်လေ၊ အန်တီက သားကို တိရစ္ဆာန်ရုံလဲ လိုက်ပြချင်တာ"

နီးလ် ဘာမှပြန်မပြောဘဲ နားထောင်၍သာနေသည်။

ရှရွန်က တကယ့်စေတနာနှင့် ပြောနေတာဟု သူက ယုံကြည်သည်။

သူလည်း ထိုနေ့က လိုက်မလို့ စိတ်ကူးထားပြီးသားပါ။

သို့ပေမယ့် သူက ဒီအကြောင်းကို ဆင်ဒီကိုပြောပြတော့ ဆင်ဒီက . . .

"အလကားပါကွာ၊ မယုံစမ်းပါနဲ့၊ တကယ်တော့ အဲဒီမိန်းမက မင်းကို တကယ်ခေါ်ချင်လို့ မဟုတ်ပါဘူး၊ မင်းအဖေဆီမှာ မျက်နှာရအောင် တမင် မူလကျီလုပ်တာပါ" ဟု ဖျက်လိုက်တော့ သူ အတော်ကလေးစိတ်ပျက်သွားသည်။

"သားဖေဖေက အန်တီ့ကို ပြောတယ်"

ရှရွန်က ဆက်ပြောနေသည်။

"နောက်တစ်ခေါက်ကျရင် သားကို ပရင့်စတန်ဘောလုံးပွဲခေါ်သွားမလို့တဲ့၊ အန်တီလဲ ကောလိပ်ကျောင်းတက်တုန်းက ဒတ်မောက်သ်ဘောလုံးပွဲ အမြဲတမ်း သွားကြည့်တယ်၊ အဲဒီတုန်းက သားဖေဖေက ဘွဲ့ရပြီးလို့ ကျောင်းက ထွက်သွားပြီလေ၊ အန်တီက မောင့်ဟောလီးအုတ်မိန်းကလေးကောလိပ်မှာတက်နေတယ်၊ ဒတ်မောက်သ်ကဆိုရင် နှစ်နာရီခရီးပဲကြာတယ်၊ အဲဒီတုန်းက အန်တီတို့ ကောလိပ်ကျောင်းသူတွေ တစ်အုပ်ကြီး ဘောလုံးပွဲ သွားကြည့်ကြတာ သိပ်ပျော်စရာကောင်းတာပဲ"

ရှရွန်အသံကြီးကြားရတော့ နီးလ်က ရယ်ချင်သလိုလိုပင် ဖြစ်မိသည်။

သို့သော် သူက စိတ်ဝင်စားစွာ နားထောင်နေမိသည်။

"တချို့လူတွေဆိုရင် မိသားစုတစ်ခုလုံး ခေါ်လာကြတယ်၊ သားဖေဖေက သားကို သိပ်ချစ်တာပဲ၊ သားကလိမ္မာလို့ ဂုဏ်လဲသိပ်ယူတယ်၊ သားက သတ္တိရှိတယ်တဲ့၊ ရင်ကျပ်လာရင် တစ်စက်ကလေးမှမဖြုံဘဲ တောင့်ခံနိုင်တယ်တဲ့၊ အဲဒါကို ဖေဖေက သိပ်ချီးကျူးတာပေါ့၊ အဲဒါ သတ္တိရှိတာပဲပေါ့"

သူက စကားပြောရတာ ပင်ပန်းနေပုံရသည်။

တံတွေးတစ်ချက်မျိုချပြီး ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"နီးလ် စိတ်ကူးစမ်းပါ၊ စဉ်းစားပါ၊ ဘာကိုမှ ကြောက်စရာမလိုပါဘူး၊ ကိုယ်လုပ်ချင်တာတွေ တွေးကြည့်ပါ၊ အန်တီကတော့ အဲဒီလိုပဲ အမြဲတမ်းတွေးနေတာပဲ၊ မနှစ်တုန်းက အန်တီ လက်ဘနွန်နိုင်ငံ ရောက်နေတယ်၊ ဒီကဆိုရင် မိုင်းပေါင်းငါးထောင်လောက် ဝေးတဲ့ အာရပ်နိုင်ငံတစ်နိုင်ငံပေါ့၊ အဲဒီမှာစစ်ဖြစ်နေတယ်။ အဲဒီစစ်ပွဲအကြောင်း အန်တီက စာအုပ်ရေးမလို့ သွားပြီးလေ့လာတာ၊ အန်တီက အဲဒီမှာရှိနေတုန်း တစ်နေ့တော့ ကောက်ကာငင်ကာဖျားတော့တာပဲ၊ တုပ်ကွေးဖျားတာ အခံရဆိုးလိုက်တာ မပြောပါနဲ့တော့၊ တစ်ကိုယ်လုံးကိုက်ခဲပြီး အရိုးအဆစ်တွေ ပြုတ်ကျတော့မတတ်ပဲ၊ အခုလိုပဲ တစ်ကိုယ်လုံး ကြိုးနဲ့တုပ်ထားသလို ခံစားရတာပေါ့၊ ဒါပေမယ့် အန်တီက အဲဒါတွေ လုံးဝစိတ်မကူးဘူး၊ ကောင်းတာတွေပဲ စိတ်ထဲက တွေးနေတယ်၊ ငါ အိမ်ပြန်ရောက်ရင် ဘာလုပ်မလဲဆိုတာ တွေးနေတယ်၊ အန်တီအလွန်လိုချင်တဲ့ ပန်းချီကားတစ်ချပ်အကြောင်း သတိရမိတယ်၊ အဲဒီကားက သင်္ဘောဆိပ်နောက်ခံကား၊ ရေပြင်မှာ ရွက်လှေတွေတအိအိသွားနေကြတယ်၊ အိမ်ပြန်ရောက်ရင် အဲဒီပန်းချီကား ဝယ်ဖြစ်အောင်ဝယ်မယ်လို့ အန်တီဆုံးဖြတ်လိုက်တယ်၊ အိမ်ရောက်တော့ တကယ်လဲဝယ်လိုက်တာပဲ"

သူမ၏အသံက တိုးလာသည်။ နီးလ်က ဂရုစိုက်၍ နားထောင်နေသည်။

"အန်တီက သားအတွက် အမှတ်တရ တစ်ခုခုလုပ်ပေးမလို့. . . စိတ်ကူးနေတာ၊ လပ်ဖ်တို့ လင်မယားက မကြာခင် ဖလော်ရီဒါကို ပြောင်းတော့မယ်ဆိုတာ သားဖေဖေ ပြောပြတယ်မဟုတ်လား"

သည်စကားကြောင့် နီးလ်၏ရင်ထဲတွင် တင်းကျပ်လာသလို ခံစားလိုက်ရသည်။

"အသက် ဖြည်းဖြည်းရှူပါ နီးလ်၊ ဝင်ထွက်. . . ဝင်ထွက်. . . မှန်မှန် ကလေးရှူပါ၊ ဒါနဲ့ သားဖေဖေက သားတို့အိမ်ကို အန်တီ့ကိုခေါ်ပြတော့ လပ်ဖ်တို့ လင်မယားနေတဲ့အခန်းကို အန်တီ တော်တော်သဘောကျမိတယ်။ ပြတင်းပေါက်ကနေ အပြင်ကြည့်လိုက်ရင် ရှုခင်းက သိပ်လှတာပဲ၊ အန်တီဝယ်ထားတဲ့ ပန်းချီကားအတိုင်းပဲ၊ ဆိပ်ကမ်းတစ်ခုလုံးကို မြင်ကွင်းကျယ် မြင်ရတယ်၊ ခပ်လှမ်းလှမ်းက ကျွန်းကလေးတွေကလဲ စိမ်းညို့နေတာပဲ၊ သင်္ဘောတွေလှေတွေကလဲ ရေထဲမှာပြည့်လို့၊ သင်္ဘောခုတ်သံ၊ ဥသြဆွဲသံစက်သံတွေလဲကြားနေရတယ်၊ အန်တီသာ သားနေရာမှာရှိရင်တော့ လပ်ဖ်တို့လင်မယား ပြောင်းသွားတဲ့အခါ အဲဒီအခန်းယူဖြစ်အောင်ယူလိုက်မှာပဲ၊ ပြီးတော့ စာအုပ်စင်တွေ၊ စာအုပ်ဗီရိုတွေ၊ ကစားစရာတွေထားမယ့်စင်တွေ အပြည့်ထည့်ထားမယ်၊ ဧည့်ခန်းကလဲကျယ်တယ်၊ အဲဒီမှာ မီးရထားသံလမ်းတွေ အများကြီးတပ်ဆင်လို့ရတယ်၊ သားက မီးရထားနဲ့ကစားရတာ သိပ်ကြိုက်တယ်လို့ သားဖေဖေက ပြောတယ်၊ အန်တီလဲ ငယ်ငယ်က ဒီလိုပါပဲ၊ နောက်ဆိုရင် အန်တီလဲ သားကို မီးရထား အကောင်းစားတွေ ဝယ်ပေးရဦးမယ်"

နီးလ်၏နားထဲတွင်တော့ *လပ်ဖ်တို့လင်မယား ပြောင်းသွားတဲ့အခါ. . . လပ်ဖ်တို့လင်မယား ပြောင်းသွားတဲ့အခါ*ဟူသော စကားသံကိုသာ ပဲ့တင်ထပ် ကြားယောင်နေမိသည်။ သည်အတိုင်းဆိုလျှင် လပ်ဖ်တို့လင်မယားနှင့် သူလိုက်သွားမည်ဆိုတာ ရှရှန် သိပုံမရ။

သူမက သူ့အား လပ်ဖ်တို့လင်မယားအခန်းသို့ပင် ပြောင်းခိုင်းနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလဲ နည်းနည်းတော့ ကြောက်မိတာပဲ၊ နေရတာကလဲ မသက်မသာကြီးနဲ့ မဟုတ်လား၊ ဖြစ်နိုင်ရင် ဒီနေရာက ခုချက်ချင်း ထွက်ပြေးသွားလိုက်ချင်တယ်၊ ဒါပေမယ့် သားရှိနေတော့ အန်တီက မကြောက်တော့ဘူး၊ တို့နှစ်ယောက် အဖော်ရှိနေပြီပဲ၊ သားက သိပ်ပြီး သတ္တိရှိတာပဲ၊ ဒီအကြောင်း သားဖေဖေကို ပြောပြမယ်"

နီးလ်၏ရင်ထဲတွင် ဆို့ကျပ်နေသော အလုံးကြီးသည် တဖြည်းဖြည်း သေးသေးသွားသလို ထင်ရသည်။ သူသည် ရုတ်တရက် အိပ်ချင်သလို ခံစားလာရသည်။

သူ့လက်တွေကို ကြိုးချည်ထားသည်။ လက်ချောင်းကလေးတွေကိုပဲ လှုပ်လို့ရသည်။ သူက ရှရွှန်၏လက်ကို လိုက်စမ်းသည်။ လက်အိတ်ကို ဆုပ်ကိုင်ထားသည်။ မကြာမီပင် သူ အိပ်ပျော်သွားသည်။

ကလေးငယ်သည် အသက်ကို ပြင်းပြင်းမှန်မှန် ရှူနေသည်။ သူ့ရင်ဘတ်ကလေးသည် နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ အခန်းကလည်း အေးလှသည်။ သူ့ခမျာ အအေးမိနေမှာ စိုးရတယ်။ သို့ပေမယ့် သူတို့နှစ်ယောက် ယခုလို ပူးပူးကပ်ကပ်နေရတာ တော်ပါသေးရဲ့။ အတန်အသင့်တော့ နွေးနွေးထွေးထွေး ရှိပါသေးတယ်။

ဘယ်အချိန်လောက်များ ရှိသွားပြီလဲမသိ။ ဒီနေရာသို့ သူတို့ ခုနစ်နာရီကျော်ကျော်တွင် ရောက်လာကြသည်။ 'မြေခွေး' အမည်ခံ အဲဒီလူက တစ်နာရီကျော်ကျော် နေသွားသည်။ သူ အခု ဘယ်သွားပါလိမ့်။ ဘယ်တော့မှ ပြန်လာမှာလည်း မသိ။ သန်းခေါင်ကျော်မှ ပြန်လာမှာ ထင်ပါရဲ့။

ဒီနေ့ဟာ အင်္ဂါနေ့၊ သူတို့ ဒီနေရာမှာ ဗုဒ္ဓဟူးနေ့အထိ နေရမည်ဟု 'မြေခွေး' က ပြောသွားသည်။ စတီးဗ်အနေနဲ့ အဲဒီငွေ (၈၂၀၀၀)ကြီးကို တစ်နေ့အတွင်း ဘယ်မှာသွားရနိုင်ပါ့မလဲ။ ပိုက်ဆံက မနည်းဘူး။ ဒီလောက်အများကြီးတောင် တောင်းရသတဲ့လား။ အလကားရတာ တော်ရုံတန်ရုံလောက်ဆို တော်ရောပေါ့။ စတီးဗ်က ဖေဖေနဲ့မေမေတို့ကိုများ အကြောင်းကြားလေမလား။ သူတို့က အီရန်မှာ နေနေကြတယ်။ သူတို့နဲ့ ဆက်သွယ်ဖို့ မလွယ်ပါဘူး။ နီးလ်နိုးလာရင် ငါ့မိဘတွေအကြောင်း ပြောပြရဦးမယ်။ ငါ့ဖေဖေက အင်ဂျင်နီယာကြီး တစ်ယောက်ဆိုတာ သိရရင် သူ ဝမ်းသာမှာပဲ။

"ဗုဒ္ဓဟူးနေ့မနက်ဆိုရင် မင်းနဲ့ငါနဲ့က တစ်နေရာထွက်သွားမယ်၊ ကလေးကို ဘယ်မှာ သွားတွေ့ဆိုတာ ငါ စာရေးပစ်ခဲ့မယ်"

"မြေခွေး" က ယင်းသို့ပြောသွားသည်။

သူမက သူနှင့်အတူ လိုက်ချင်ဟန်ဆောင်ရမည်။ နီးလ်ကလေးအတွက် လုံခြုံစိတ်ချရသောအခါ သူတို့နှစ်ယောက် ဘူတာထဲဝင်လာလျှင် ဝင်လာချင်း သူမက သံကုန်အော်၍ အကူအညီ တောင်းလိုက်မည်။ သူမ ဖြစ်ချင်ရာဖြစ်စေတော့၊ အခြေအနေအရ စွန့်ကို စွန့်စားရတော့မည်။

ဒါနဲ့ သူက သူတို့နှစ်ယောက်ကို ဘာကြောင့်များ ပြန်ပေးဆွဲရတာပါလိမ့်။

သူ နီးလ်ကလေးကို ကြည့်ပုံတစ်မျိုးပဲ။ ထူးခြားမှုတစ်ခုခုတော့ ရှိရမယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကလေးကို မျက်မုန်းကျိုးနေသလိုပဲ။ ကြောက်နေပုံလည်း ရတယ်။

ဘာကြောင့်များပါလိမ့်။ အင်း. . . ဒါလည်း မဖြစ်နိုင်သေးပါဘူးလေ။

သူက နီးလ်ကို မျက်နှာစည်းထားတာ ကလေးက သူ့ကို မှတ်မိသွားမှာ ကြောက်လို့လား။ သူဟာ ကာလေပတ်ဝန်းကျင်မှာ နေတဲ့တစ်ယောက်ယောက် ဖြစ်ရမယ်။ အဲဒီလိုဆိုရင် သူက ကလေးကို ဘာဖြစ်လို့ ချက်ချင်းသတ်မပစ်လိုက်ဘဲ ထားတာလဲ။

ဒီလူ အိမ်ထဲဝင်လာတော့ နီးလ်က သူ့ကို စိုက်ကြည့်နေတယ်။ မှတ်မိသလိုပဲ။ အရင်တုန်းက မြင်ဖူးတဲ့လူတစ်ယောက်ယောက် ဖြစ်နေပုံရတယ်။ ဒါတော့. . . သေချာတယ်။ သူက ပိုက်ဆံရပြီးမှ နီးလ်ကို သတ်ပစ်ဖို့ ကြံစည်ထားတာများလား။

အဲဒါ ဖြစ်နိုင်တယ်။ တကယ်ဖြစ်နိုင်တယ်။

သူမသည် ယင်းအတွေးကြောင့် ကြောက်စိတ်ပေါ်လာသည်။ ကျောစိမ့်သွားမိသည်။

ကလေးကို သူမကိုယ်နှင့် ဆွဲကပ်ထားလိုက်သည်။

ဗုဒ္ဓဟူးနေ့. . . မနက်ဖြန် ဗုဒ္ဓဟူးနေ့။

မစ္စက်သွမ်မဆင်လည်း ငါ့လိုပဲ ခံစားနေရမှာပဲ။ တစ်ဦးတည်းသောသားအတွက် မိခင်မေတ္တာအပြည့်နဲ့ ဘယ်လောက်များ သောကရောက်နေရှာမလဲ။

စတီးဗ်လည်း အတူတူပါပဲ။ သူ့ခမျာမှာ ဒီရောဂါသည် သားကလေးတစ်ယောက်တည်းရှိရှာတာ။ အခုဆိုရင် သားဒုက္ခ၊ ငါ့ဒုက္ခနဲ့ ရင်ကွဲမတတ် အလူးအလိမ့် ခံစားနေရရှာမှာပဲ။

မစ္စက်သွမ်မဆင်က ငါ့ကို မကျေနပ်ဘူး။ ဒါပေမယ့် သူ့ကို အပြစ်တင်စရာ မရှိပါဘူး။ သူ့ခမျာ သားသောကကြောင့် ပြောမိပြောရာ ပြောမိရှာတာ ဖြစ်ပါလိမ့်မယ်။

တကယ်တော့ ရွန်သွမ်မဆင်ဟာ ပြစ်မှုကျူးလွန်တာ အမှန်ပဲ။ ဒါကို ဘယ်သူမှ ငြင်းနိုင်ဘူး။ ဒီအမှု သူ မကျူးလွန်ပါဘူးလို့ ပြောချင်သလောက်ပြော၊ သူပြောတာ ဘယ်သူမှ မယုံနိုင်ဘူး။ ဒီအချက်ကို မစ္စက်သွမ်မဆင် လုံးဝ သဘောမပေါက်ဘူး။ အဲဒါ အခက်ဆုံးပဲ။ သူ့သားအတွက် အယူခံတင်နေလို့ ဘာမှ အကျိုးမရှိနိုင်တော့ဘူး။ ဒီကလေးဟာ အမှန်တကယ် ပြစ်မှုကျူးလွန်ခဲ့ပေမယ့် ပြစ်မှုကျူးလွန်ချိန်က အရွယ်မရောက်သေးဘူး။ ဒါပေမယ့် ဒီအချက်ကြောင့် အပြစ်သက်သာစရာ မရှိပါဘူး။ သူ့အသက်ကယ်တင်နိုင်ရန်မှာက တစ်ချက်ပဲရှိတယ်။ ဒီနိုင်ငံမှာ သေဒဏ်ပေးခြင်းကို ဥပဒေအရ လုံးဝ ပိတ်ပင်ပစ်ဖို့အတွက် ပြည်သူတစ်ရပ်လုံးက တောင်းဆိုကြဖို့ပဲ ရှိတော့တယ်။

သူမက ကြိုးချည်ထားသော လက်ကောက်ဝတ်ကို နံရံနှင့် ပွတ်လိုက်သည်။

သို့သော် ကြိုးက လုံးဝမလျော့။

"မြေခွေး" ပြန်လာလျှင် သူမ အိမ်သာဝင်ချင်သည်ဟု ပြောမည်။

ထိုအခါ သူက ကြိုးဖြေပေးလိမ့်မည်။ သည်တော့မှ တစ်ခုခု လုပ်ရမည်။

ဒီဓာတ်ပုံတွေက ဘာသဘောလဲ။ ဒီမိန်းမတွေကိုလည်း သူသတ်တာပဲ ဖြစ်ရမယ်။ ကိုယ်သတ်တဲ့မားစာခံတွေကို ဓာတ်ပုံပြန်ရိုက်တာ ဒီလူတစ်ယောက်ပဲ မြင်ဖူးသေးတယ်။

ဧကန္တတော့ ရူးစိတ်ပေါက်နေတဲ့ လူတစ်ယောက် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူက ငါ့ကိုလည်း ဓာတ်ပုံရိုက်ယူသေးတယ်။

ပြီးတော့ အခန်းထဲ ဗုံးလည်း ထောင်ထားသေးတယ်။

အခန်းထဲ အခြားတစ်ယောက်ယောက် ဝင်လာရင်တော့ ဒုက္ခပဲ။ ဗုံးပေါက်ကွဲပြီး တို့နှစ်ယောက်လုံး အရိုးအသား တခြားစီဖြစ်ကုန်တော့မှာ။ ဘုရား. . . ဘုရား. . ဘုရားမလို့ တပည့်တော်မတို့ နှစ်ယောက်ကို စတီးဖ်က အချိန်မီ လာကယ်နိုင်အောင် စောင်မတော်မူပါ ဘုရား။

အချိန်တွေ တဖြည်းဖြည်း ကုန်လွန်သွားခဲ့သည်။ သူမ၏ လက်နှင့်ခြေထောက်များသည် နာကျင်မှုကင်းမဲ့ပြီး သွေးမရှိတော့သလို လေးလံထုံထိုင်းသွားသည်။

နီးလ်ကလေးကတော့ အပူအပင်မရှိသလို နှစ်ခြိုက်စွာအိပ်ပျော်နေဆဲ။ တစ်ခါတစ်ခါ ကလေးငယ်က သက်မ,ချပြီး သဲ့သဲ့ကလေးညည်းတတ်သည်။

အချိန်က အရှက်တက်သို့ ချဉ်းကပ်လာသည်။ ရထားသံများ ပို၍ ပို၍ ကြားလာရသည်။ ဘူတာရုံက ဘယ်အချိန် ဖွင့်ပါလိမ့်။ မနက် ငါးနာရီထင်ပါရဲ့။ အခု ငါးနာရီလောက်ရှိရော့မယ်။

ရှစ်နာရီဆိုလျှင် ဘူတာတွင် ခရီးသည်တွေ ပြွတ်သိပ်ကျပ်ခဲလာတော့မည်။

အဲသည်အချိန်တွင် ဗုံးပေါက်ကွဲလိုက်လျှင်တော့ ဘုရား. . . ဘုရား။

နီးလ်ကလေးသည် အိပ်ပျော်နေရာမှ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ သူက တစ်စုံတစ်ရာကို သဲ့သဲ့ကလေး ရေရွတ်သည်။ ရှရွန်က ကလေးဘာပြောမှန်း လုံးဝ နားမလည်။

ကလေးသည် အိပ်ရာမှ နိုးလာခဲ့ပြီ။ သူက မျက်လုံးတွေကို ဖွင့်ကြည့်ရန် ကြိုးစားသည်။ သို့သော် ဘာကိုမျှ မမြင်ရ။ သူ အိပ်သာဝင်ချင်သည်။ လက်နှင့်ခြေတွေ နာကျင်နေသည်။ အသက်ရှူကလည်း ကျပ်နေသည်။

အခုမှ သူ သတိရလာသည်။ သူ တံခါးဝသို့ ပြေးသွားသည်။

"ဩော်. . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့" ဆိုပြီး တံခါးဖွင့်ပေးလိုက်သည်။

သူ အဲဒီလို ဘာကြောင့်များ ပြောလိုက်ရတာပါလိမ့်။

သူ ပြန်တွေးကြည့်သည်။ သူ မှတ်မိပြီ။

သူ့ရင်တွေ ခုန်လာသည်။

ရှရွန်၏နှာခေါင်းမှထွက်လာသော လေငွေ့က သူ့မျက်နှာလာဟပ်သည်။

အဝေးမှ ရထားခုတ်လာသံ သဲ့သဲ့ကြားရသည်။ ရထားသံ။

ပြီးတော့. . . မေမေ့အော်သံ။ သူ အောက်ထပ်သို့ ပြေးဆင်းခဲ့သည်။

လူစိမ်းက မေမေ့ကို ကြမ်းပြင်ပေါ် တွန်းပစ်လိုက်ပြီး သူ့ဘက်လှည့်ကြည့်သည်။

ပြီးတော့ ထိုသူက မေမေ့ကိုယ်ပေါ် အုပ်မိုးပြီး ချွေးသံရွှဲရွှဲဖြင့် မေမေ့လည်ပင်းကို ညှစ်နေသည်။

မနေ့ညကလည်း တံခါးကို တွန်းဝင်လာသည်။ ပြီးတော့ လဲကျသွားသော သူ့အပေါ် စီးမိုးရပ်ကာ သူ့မျက်နှာကို စိန်းစိန်းကြီး စိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကလည်း သည်အတိုင်းပင် လုပ်ခဲ့သည်။

မေမေ့ကို တွန်းပစ်လိုက်သည်။ ပြီးတော့. . . သူ့ဘက် လှည့်ကြည့်သည်။

ထိုအခိုက် အခြေအနေအားလုံး ပြောင်းသွားသည်။

လူခေါ်ခေါင်းလောင်းသံ ပေါ်ထွက်လာသည်။ အိမ်ရှေ့တံခါးမှ ခေါင်းလောင်းသံ။

ဤတွင် လူစိမ်းသည် သွေးရူးသွေးတန်း ထွက်ပြေးတော့သည်။

နီးလ်က လိုက်ကြည့်နေသည်။ လူစိမ်းကို သူ ကောင်းကောင်းမှတ်မိလိုက်သည်။

ထို့ကြောင့်လည်း သူသည် ထိုနေ့မှစ၍ အိပ်မက်ဆိုးတွေ နေ့စဉ်မြင်မက်ခဲ့ခြင်းဖြစ်သည်။ အဲဒီလူ. . . အဲဒီလူ. . . မစ္စတာလပ်ဖ်နှင့် စကားပြောခဲ့ဖူးတဲ့လူ။

မနေ့ညက သူရောက်လာသည်။ တံခါးကိုတွန်းဖွင့်ပြီး အိမ်ထဲဝင်လာသည်။

နီးလ် လဲကျသွားသည်။ အပေါ်မှ စီးမိုးရပ်လိုက်ပြီး နီးလ်ကို စိုက်ကြည့်နေသည်။

"အန်တီ. . ."

နီးလ်က ကြိုးစားပြီး ခေါ်လိုက်သည်။ သူ့အသံက မပီ။

မကွဲမပြား သဲ့သဲ့ကြားရသည်။

"ဘာလဲ. . . နီးလ်၊ ဘာပြောချင်လို့လဲ ဟင်"

"သူလေ. . . အန်တီ၊ သူ. . သူ ကျွန်တော်တို့ကို ကြိုးနဲ့ချည်ထားတဲ့ သူလေ"

"ဟုတ်တယ် သူ. . သူ. . ခုမရှိဘူး သားရဲ့၊ သူ အပြင်ထွက်သွားတယ်၊ ဒါပေမယ့် သား ဘာမှမကြောက်ပါနဲ့နော်၊ အန်တီရှိပါတယ် သားရဲ့. . ."

"အန်တီ. . . သူလေ. . . သူ . . မေမေ့ကိုသတ်တာ သူပဲ အန်တီရဲ့"

www.burmeseclassic.com

www.burmeseclassic.com

# ၂၅

အဘွားကြီးလာလီသည် သူမအခန်းကလေးကို သတိရနေသည်။

အခုအချိန်ဆိုလျှင် အေးတော့တော်တော်အေးမည်။ ဒါပေမယ့် ကိစ္စမရှိ။ စောင်နှစ်ထပ်ကြားမှာ သတင်းစာ စက္ကူတွေညှပ်ထည့်ပြီး ခြေဆုံးခေါင်းဆုံးကွေးနေအောင် ခြုံအိပ်လိုက်လျှင် ကောင်းကောင်းကြီးအလုပ်ဖြစ်သည်။

သူမရယ်၊ ရှီစီရယ်၊ ပြီးတော့ တခြားအပေါင်းအသင်းတွေရယ် ဆောင်းတွင်းမှာ အိပ်လေ့ရှိသော(၁၀)လမ်းထဲက အခန်းကျဉ်းကျဉ်းကလေးက အလွန်လူကျပ်သည်။ ဆူလည်းဆူသည်။ သူမက ဆူဆူပူပူမကြိုက်။ တစ်ယောက်တည်း အေးအေးလူလူ နေချင်သည်။

ကိုယ့်စိတ်ကူးနှင့်ကိုယ် လွတ်လွတ်လပ်လပ်နေနိုင်သော နေရာမှာသာနေချင်သည်။

ကြာတော့ကြာပါပြီ။ အဲဒီတုန်းက သူမ ငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးသည်။

ရုပ်ရှင်မင်းသမီး အလွန်ဖြစ်ချင်ခဲ့သည်။

အိပ်မက်မက်လည်း ရုပ်ရှင်မင်းသမီးအကြောင်းပဲ မက်တတ်သည်။ သူမသည် နိုင်ငံကျော်ရုပ်ရှင်မင်းသမီးအဖြစ်နှင့် ဂရင်းဘူတာရုံသို့ ရောက်လာသည်။ သတင်းစာဆရာတွေ၊ ဓာတ်ပုံသတင်းထောက်တွေ သူမကို ဝိုင်းအုံနေကြသည်။

မျက်စိကျိန်းအောင် ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ကြသည်။ တစ်ခါတစ်ရံ သူမသည် (၂၀)ရာစု ဖောက်စ်ရုပ်ရှင်ကုမ္ပဏီထဲမှ ထွက်လာသည်။ အဝတ်အစားတွေကလည်း အဖိုးတန်တွေကိုမှဝတ်ထားသည်။ သူမ၏အတွင်းရေးမှူး အမျိုးသမီးက သူမ၏အဝတ်အစား သေတ္တာနှင့်ရတနာဘူးကိုကိုင်ပြီး နောက်မှကပ်လိုက်လာသည်။

အဲသည်လို အိပ်မက်တွေ အမျိုးမျိုးမက်ခဲ့ဖူးသည်။

အိပ်မက်ထဲမှ လန့်နိုးလာတော့ သူမမှာ ရင်မောခဲ့ရသည်။ ယခု သူမ ဂရင်းဘူတာကြီးထဲ ရောက်လာခဲ့ပြီ။ အိပ်မက်ထဲမှ နာမည်ကျော်ရုပ်ရှင်မင်းသမီးဘဝကို တွေးမိတိုင်းကြည်နူးနေမိသေးသည်။

မီးရထားလုံခြုံရေးဝန်ထမ်း ရပ်စတီးထံမှ အခန်းသော့ကို ရလိုက်တော့သူမဘဝသည် အလွန်ဇိမ်ကျခဲ့သည်။ လောကတွင် တခြားဘာမှ မလိုချင်တော့။ သည်အခန်းကလေးတွင် တစ်ယောက်တည်း တွေးချင်ရာတွေးပြီး အသက်ထက်ဆုံး နေသွားရလျှင်ပဲ သေပျော်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့သည် အင်္ဂါနေ့။

အချိန်က နံနက် (၈)နာရီခွဲ။

သူမသည် ဈေးဝယ်လက်ဆွဲအိတ်ကို ဆွဲကာ မောင့်ဟန္တန် ရထားလမ်းအတိုင်း ဘူတာတောင်ဘက်လမ်းဆုံသို့ ဦးတည်လျှောက်လာခဲ့သည်။

သူမသည် ရှစ်နာရီငါးဆယ် ရထားစီးခရီးသည်အုပ်ထဲ ဝင်ရောပြီးနောက် သူမ၏ အခန်းကလေးသို့ တိတ်တိတ်ကလေးသွားရန် စိတ်ကူးထားသည်။ တစ်နေရာရောက်တော့ လမ်းဘေးဆိုင်တွင် ကော်ဖီနှင့်မုန့် ဝင်ဝယ်သည်။ တိုင်းမဂ္ဂဇင်းနှင့် နယူးဝိခ်မဂ္ဂဇင်း အဟောင်းများကိုတော့ အမှိုက်ပုံးထဲက ရှာယူလာခဲ့ပြီ။

သူမရှေ့မှ ကောင်တာတွင် လူတစ်ယောက်ရပ်နေသည်။ သူ့မျက်နှာ မြင်ဖူးသလိုလို ရှိသည်။ ဟုတ်ပြီ။ သည်လူပဲပေါ့။ ညတုန်းက သူမအခန်းဘက်လျှောက်လာတုန်း ကုတ်အင်္ကျီ ပွကြီးဝတ်လာတဲ့ မိန်းကလေးတစ်ယောက်နှင့် တွဲလျှောက်လာတာ ဒီလူပဲပေါ့။

ထိုသူသည် ကော်ဖီနှစ်ခွက်နှင့် မုန့်နှစ်ခု၊ နို့တစ်ခွက်မှာလိုက်သည်။ သူမက သူ့အား မကျေမနပ်ဖြင့် စောင့်ကြည့်နေသည်။ သူက ပိုက်ဆံရှင်းပေးပြီး ပစ္စည်းထုပ်များကိုယူ၍ ပြန်ထွက်သွားသည်။ သည်လူ သည်နားတစ်ဝိုက်မှာ အလုပ်လုပ်သလား။

အဲသည်လိုတော့ ဟုတ်မည်မထင်။ သူမသည် ကော်ဖီဆိုင်မှ ပြန်ထွက်လာခဲ့သည်။ လမ်းတွင် မီးရထားရဲတွေမမြင်အောင် တမင်ရှောင်ပြီး သတိနှင့်လျှောက်လာသည်။

နောက်ဆုံးတော့ မောင့်ဟန္တန်ဘူတာသို့ ရောက်လာသည်။ ရထားက ကုန်တင်နေသည်။ ခရီးသည်တွေ ပြေးတက်ကြသည်။ အဘွားကြီးက ခရီးသည်တွေနှင့်ရောပြီး စင်္ကြံထဲ လျှောက်ဝင်လာသည်။

လူတွေက ရထားနောက်ဆုံးတွဲဆီသို့ ပြုံပြေးကြသည်။

အဘွားကြီးက လက်ယာဘက် လှည့်ကြည့်လိုက်သည်။

ဟော. . . တွေ့ပြန်ပြီ။ စောစောကလူ။

စောစောက ကော်ဖီနှင့်မုန့်တွေ ဝယ်သွားတဲ့လူ။ ညတုန်းကလည်း သူ ဒီနေရာ ရောက်ခဲ့သည်။ သူက အဘွားကြီးဘက် ကျောပေးထားသည်။သူသည် ရထားလမ်းဖြတ်ပြီး ပြေးသွားသည်။ သူ ဘယ်များသွားပါလိမ့်။ ငါ့အခန်းကိုများ သွားတာလား။

သူ တွေ့သွားပြီနဲ့တူတယ်။ ဒါကြောင့်မို့ ညတုန်းကလည်း သူ ဒီကိုလာတာ ဖြစ်လိမ့်မယ်။ သူက ရထားစီးဖို့လာတာ မဟုတ်ပါဘူး။ အဲဒီကောင်မလေးနဲ့အတူ ငါ့အခန်းသွားပြီး အိပ်တာဖြစ်ရမယ်။

သူက ကော်ဖီနှစ်ခွက်နှင့် မုန့်နှစ်ခုစီ ဝယ်သွားသည်။

ဒီအတိုင်းဆို အဲဒီကောင်မလေးလည်း အခန်းထဲမှာပဲ ရှိသေးတာဖြစ်ရမယ်။

အဘွားကြီး တော်တော်စိတ်ဓာတ်ကျသွားသည်။ မျက်ရည်ပင် ဝဲလာမိသည်။

သူတို့ ငါ့အခန်း အပိုင်စီးသွားကြပြီ။ မဖြစ်ဘူး မဖြစ်ဘူး။

သူတို့ကို မောင်းထုတ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



သူဝင်သွားတုန်း စောင့်ကြည့်နေမယ်။

သူပြန်ထွက်တော့မှ အခန်းထဲဝင်ပြီး အဲဒီကောင်မကို မောင်းထုတ်လိုက်မယ်။

မောင်းထုတ်လို့မရရင် မီးရထားရဲကို သွားတိုင်မယ်လို့ ခြောက်ရမယ်။ ဒါဆိုရင် ဒီသူငယ်မ မနေရဲပါဘူး။ ဟိုအကောင်ကြည့်ရတာ လူကောင်းတစ်ယောက် ဖြစ်မယ်မထင်ဘူး။ ကလေးမကတော့ ရုပ်ရည်သန့်သန့်ပြန့်ပြန့်နဲ့ လူကုံထံရုပ်ပေါက်တယ်။ သူတို့က ဒီကို အပျော်လာကြတာဖြစ်မယ်။

အဘွားကြီးက သူ့စိတ်ကူးနှင့်သူ တော်တော်ကျေနပ်သွားသည်။

ထို့နောက် ပြန်လှည့်ပြီး အပေါ်ထပ်မှ ဧည့်ခန်းဆီသို့ လျှောက်လာခဲ့သည်။စိတ်ထဲကတော့ သူမအခန်းထဲ ပိုင်စိုးပိုင်နင်းရောက်နေသော မိန်းကလေးကို မြင်ယောင်နေသည်။

အင်း. . . နေနှင့်ဦးပေါ့ကလေးမရယ်၊ ညည်းအကောင်ဝယ်လာတဲ့ ကော်ဖီနဲ့မုန့်တွေ အဝအပြစားပြီး ငါ့အခန်းက အမြန်ဆုံးလစ်ကြဖို့သာ ပြင်ပေတော့။

www.burmeseclassic.com

www.burmeseclassic.com

# ၂၆

ထမင်းစားခန်းစားပွဲတွင် စတီးဖ်၊ ဟူးချ်၊ လင်ဖ်တို့လင်မယားနှင့် စုံထောက် ဟန့်ခ်လာမွန်တို့ ထိုင်နေကြသည်။

သူတို့ရှေ့တွင် စောစောက ဒေါ်ရာလင်ဖ်ယူလာသော ကော်ဖီကရားနှင့် လတ်လတ်ဆတ်ဆတ် ပေါင်မုန့်များချထားသည်။ စတီးဖ်က ယင်းတို့ကို စိတ်မပါစွာဖြင့် ငေးကြည့်နေသည်။ သူက စားပွဲပေါ်လက်ထောက်ကာ မေးစေ့ကို လက်ပေါ်တင်ထားသည်။

တစ်နေ့ညက နီးလ်ပြောသောစကားကို သွားပြီးသတိရသည်။

"ဖေဖေက သားကို စားပွဲပေါ် လက်မထောက်ပါနဲ့လို့ ခဏခဏပြောတယ်၊ ဖေဖေကျတော့ အဲဒီလိုပဲ အမြဲတမ်းလုပ်တာပဲ"

သူက ယင်းအတွေးကို ကြိုးစားပြီး အာရုံပြောင်းပစ်လိုက်သည်။

ဒါတွေတွေးနေလို့ အလကားပဲ. . . အလကားပဲ။

ဘာလုပ်ရမယ်ဆိုတာသာ စိတ်ကူး။

ဘီလ်လင်ဖ်ကို စေ့စေ့စပ်စပ် အကဲခတ်လိုက်သည်။ ဘီလ်သည် ညတုန်းက အရက်တော်တော်များများ သောက်ခဲ့ပုံရသည်။ သူ့မျက်လုံးတွေ နီရဲနေကြသည်။ လက်တွေလည်း တုန်နေသည်။

သူတို့သည် ပြန်ပေးထံမှ ပထမဆုံး ဖုန်းဆက်ပြောသော စကား (၁၉)ခွန်းပါ အသံသွင်းတိတ်ခွေကို မကြာခင်ကပဲ ဖွင့်၍ နားထောင်ခဲ့ကြသည်။ အသံကဝါးပြီး တိုးလွန်းသဖြင့် မည်သူမည်ဝါဟူ၍ ခွဲခြားသိနိုင်ရန် လုံးဝမလွယ်။ ဟူးချ်က တိတ်ခွေကို သုံးကြိမ်တိတိဖွင့်၍ နားထောင်သည်။ ထို့နောက် ခလုတ်ကို ပြန်ပိတ်လိုက်သည်။

"ကဲ. . . ဒီလောက်ဆို ဟုတ်ပါပြီ၊ မစ္စတာရော်ဂျာဆီက ဖုန်းဆက်ရင် ဒီတိတ်ခွေကို မစ္စက်ဂလင်ဒါဆီယူသွားပြီး သူ့ထင်မြင်ချက်ယူဖို့ပဲ ကျန်တော့တယ်၊ ကျုပ်တို့က ဒီကိစ္စမှာ အသေးအဖွဲ့ကလေးကစပြီး အထူးဂရုစိုက်ဖို့ အင်မတန်အရေးကြီးတယ်"

ထို့နောက် သူ့ရှေ့တွင်ချထားသော မှတ်စုကို ကြည့်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ပထမဆုံးလုပ်ရမှာက ဒီအမှုတရားခံပေါ်တဲ့အထိ ဒီတစ်ဝိုက်မှာ စုံထောက်တစ်ယောက် (၂၄)နာရီ တာဝန်ချထားရမယ်၊ သူ့ကိုယ်သူ 'မြေခွေး' လို့နာမည်ပေးထားတဲ့ လူဟာ ဒီအိမ်ကဖုန်းနဲ့ မစ္စတာရော်ဂျာတို့ဖုန်းကိုတော့ အသုံးပြုမှာ မဟုတ်တော့ဘူး၊ သူက ဒီလောက်တော့ လျင်မှာပါ၊ ဒီဖုန်းတွေကို ကျုပ်တို့က ဖြတ်နားထောင်နိုင်တယ်ဆိုတာ သူ မစဉ်းစားမိပဲ နေမှာမဟုတ်ဘူး၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ အခွင့်အရေးဆိုတာ တစ်ခုမဟုတ် တစ်ခုပေါ်လာတတ်တာပဲ"

သူက ဒေါ်ရာလပ်ဖ်ဘက်သို့ လှည့်ရင်း. . .

"မစ္စတာပက်တာဆင်က နယူးယောက်သွားစရာရှိတယ်၊ တကယ်လို့ အိမ်ကဖုန်းခေါ်လာရင် မစ္စက်လပ်ဖ်က ချက်ချင်းကောက်နားထောင်ဖို့ မမေ့ပါနဲ့၊ ဒီကစုံထောက်လာမွန်က ဖြတ်နားထောင်ပြီး တိပ်နဲ့ဖမ်းထားလိမ့်မယ်၊ အဲဒီတော့ ပြန်ပေးက ဖုန်းခေါ်လာရင် ကြာကြာ ပြောခွင့်ရအောင်တော့ ပရိယာယ်ဆင်ပြီး အချိန်ဆွဲထားရလိမ့်မယ်၊ ဘယ့်နှယ်လဲ တတ်နိုင်ပါ့မလား"

"ဟုတ်ကဲ့. . . ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

"ဒါနဲ့. . . နီးလ်ရဲ့ ကျောင်းကိစ္စ ဘယ်လိုလုပ်လိုက်သလဲ၊ သူနေမကောင်းလို့ပါဆိုပြီး ဖုန်းဆက်လိုက်ရဲ့လား"

"ဟုတ်ကဲ့ မစ္စတာဟူးချ်ပြောတဲ့အတိုင်း ရှစ်နာရီခွဲကတည်းက အတန်းပိုင် ဆရာမဆီ ဖုန်းဆက်လိုက်ပြီးပါပြီ"

"ကောင်းတယ်"

သူက စတီးဗ်ဘက်သို့လှည့်ကာ . . .

"မစ္စတာပက်တာဆင်က အလုပ်တိုက်ရောက်ပြီးပလား"

"ရောက်ပြီးပါပြီ၊ မဂ္ဂဇင်းထုတ်ဝေသူက မနက်ဖြန်သွမ်မဆင်ကို သေဒဏ်ပေးတာပြီးသွားတဲ့အထိ နီးလ်ကို တစ်နေရာခဏခေါ်သွားဖို့ အကြံပေးပါတယ်၊ ကျွန်တော်လဲ သူပြောတဲ့အတိုင်း လုပ်ပါ့မယ်လို့ ပြောခဲ့ပါတယ်"

ဟူးချ်က ဘီလ်လပ်ဖ်ကို လှည့်ကြည့်လိုက်သည်။

"မစ္စတာလပ်ဖ်က ဒီနေ့တစ်နေ့လုံး ဘယ်မှမသွားဘဲ အိမ်မှာပဲနေပါ၊ အဲဒီလိုနေရင် တစ်မျိုးတမည်ထင်မယ့်လူများ ရှိမလား"

ဒေါ်ရာလပ်ဖ်က အသက်မပါဘဲရယ်လိုက်ပြီး. . .

"ဘုံဆိုင်မှာတွေ့နေကျ သူ့အပေါင်းအသင်းတွေကတော့ တစ်မျိုးထင်မှာပဲ"

"ကဲ. . . ဟုတ်ပြီ၊ နှစ်ယောက်စလုံးကို ကျေးဇူးတင်ပါတယ်"

သူ့အသံက လပ်ဖ်တို့လင်မယား ထွက်သွားနိုင်ပြီဟု ဆိုလိုကြောင်း လူတိုင်း သဘောပေါက်လိုက်ကြသည်။ သူတို့လင်မယား ထိုင်ရာမှထကာ မီးဖိုခန်းထဲသို့ ဝင်သွားကြသည်။ ဟူးချ်က ကိုယ်ကိုကိုင်းပြီး တစ်ဝက်ပွင့်ကျန်ရစ်သော တံခါးကို ဆောင့်ပိတ်လိုက်သည်။

ထို့နောက် စတီးဗ်အား မျက်ခုံးတစ်ဖက်မြှင့်ပြလိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တော့. . . ဒီအိမ်ထဲ ပြောနေသမျှစကားတွေ သူတို့လင်မယား တစ်လုံးမကျန် သိမယ်လို့ ယူဆတာပဲ မစ္စတာပက်တာဆင်"

စတီးဖ်က ပခုံးနှစ်ဖက် တွန့်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျား၊ ဒါပေမယ့်. . ဘီလ်က ပင်စင်ယူပြီးကတည်းက ကျွန်တော်ပဲ ထောက်ပံ့ထားတဲ့လူပါ၊ သူတို့လင်မယား ဖလော်ရီဒါပြောင်းဖို့လဲ စီစဉ်ပြီးသားပါ"

"သူတို့ ဒီအိမ်ရောက်တာ နှစ်နှစ်ရှိပြီလို့ ခင်ဗျားပြောဖူးတယ်"

"နှစ်နှစ်ထက် နည်းနည်းကျော်ပါတယ်၊ ဒေါ်ရာက သန့်ရှင်းရေးအလုပ်သမ လုပ်ပါတယ်၊ နီးလ်မမွေးခင်ကတည်းက တစ်ပတ်မှာတစ်ရက် အမြဲတမ်းလာလုပ်ပါတယ်၊ မစ္စတာ ဟူးချ်သိတဲ့အတိုင်း ကျွန်တော်တို့ရဲ့ အရင်အိမ်က ဒီနေရာက ခြောက်လမ်းကျော်မှာပါ၊ ဘီလ်တို့ လင်မယားက အသက်ကြီးရင် အေးအေးဆေးဆေး နေနိုင်အောင်ဆိုပြီး ပိုက်ဆံစုနေကြတာ၊ နီနာဆုံးပြီးတာနဲ့ ကျွန်တော်တို့ ဒီအိမ်ပြောင်းလာခဲ့ကြတယ်၊ နီးလ်အတွက် အချိန်ပြည့်အိမ်ဖော် တစ်ယောက်လိုတာနဲ့ သူတို့လင်မယားခေါ်ပြီး အပေါ်ထပ်က အခန်းကျယ်ကြီး ပေးထားလိုက်တယ်၊ သူတို့လဲ အိမ်လခသက်သာ၊ ကျွန်တော်လဲ သားလေးအတွက် အိမ်ဖော်ရတာပေါ့"

"သူတို့လင်မယားအခြေအနေ ကျေနပ်စရာတွေ့ရဲ့လား"

"ဟုတ်ကဲ့ ကျေနပ်ပါတယ်၊ သူတို့နှစ်ယောက်စလုံးက နီးလ်ကို သိပ်ပြီးချစ်ကြတယ်၊ ဒေါ်ရာကလဲ ကလေးကို လိုလေသေးမရှိ ဂရုစိုက်ပါတယ်၊ ဒါပေမယ့် ဘီလ်ကတော့ မည်မည် ရရ ဘာမှမလုပ်ပါဘူး၊ အမြဲတမ်း အရက်မူးနေတာချည်းပါပဲ၊ အမှန်အတိုင်းပြောရရင် သူတို့ လင်မယား မြန်မြန်ပြောင်းပါစေလို့ ဆုတောင်းနေရတာပဲ"

"ဒီတော့ သူတို့က ဘာလို့မပြောင်းကြသေးတာလဲ၊ ပိုက်ဆံမရှိလို့လား"

"ပိုက်ဆံမရှိလို့တော့ ဟုတ်မယ်မထင်ပါဘူး၊ ဒေါ်ရာက ကျွန်တော့်ကိုငဲ့ပြီး မပြောင်း သေးတာပါ၊ ကျွန်တော် နောက်အိမ်ထောင်ပြုလို့ နီးလ်အတွက် အမေသစ်ရတော့မှ သူတို့ ပြောင်းဖို့ စိတ်ကူးထားကြတယ်၊ ဒေါ်ရာက အလွန်စိတ်သဘောကောင်းပါတယ်"

"ဒီတော့ မစ္စက်ရှရွန်နဲ့ ခင်ဗျားတို့အခြေအနေက တော်တော်နီးစပ်မှု ရှိနေပြီလား"

စတီးဖ်က ရှက်ပြုံး ပြုံးလိုက်ပြီး. . .

BURMESE CLASSIC .com

"ဟုတ်ကဲ့၊ အဲဒီလိုပဲဆိုပါတော့. . ."

သူက ထိုင်ရာမှ ရုတ်တရက်ထရပ်ပြီး ပြတင်းပေါက်နားသို့ လျှောက်လာသည်။

အပြင်ဘက်တွင် ဆီးနှင်းတွေ ကျနေပြန်ပြီ။ သစ်ပင်၊ ပန်းပင်တွေပေါ်မှာ၊ မြက်ခင်း ပေါ်မှာ၊ လမ်းပေါ်မှာ ဆီးနှင်းတွေ ခဲနေကြသည်။ သူက သူ့ဘဝကို ဆီးနှင်းခဲတွေနှင့် နှိုင်းယှဉ် ကြည့်မိသည်။ သည်ဆီးနှင်းခဲများသည် မကြာမီတွင် ခြေဖဝါးအောက်ရောက်ပြီး အရည်ပျော် ပျောက်ပျက်သွားကြတော့မည်။

သူ့စိတ်သည် ပစ္စုပ္ပန်ကာလသို့ ပြန်ရောက်လာသည်။

စိတ်ဓာတ်ကျပြီး တွေဝေနေလို့မဖြစ်သေး။ တစ်ခုခုတော့ လုပ်ရမည်။

"ကျွန်တော် နယူးယောက်သွားမယ်၊ ဘဏ်တိုက်မှာ ငွေသွားထုတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဟူး၍အား ပြောလိုက်သည်။

"ခဏနေပါဦး၊ ခင်ဗျားနဲ့ကျုပ် ဆွေးနွေးစရာကျန်သေးတယ်"

စတီးဖ်က ဟူး၍၏စကားဆက်ကို စောင့်နေသည်။

"ခင်ဗျားသားနဲ့ ရှုရွန်တို့ အသံသွင်းထားတဲ့တိတ်ခွေ မရဘူးဆိုရင် ဘာလုပ်မှာလဲ"

"သူက ကတိပေးထားတာပဲ"

"သူက ကတိဖျက်ချင် ဖျက်မှာပေါ့၊ တကယ်လို့ သူက တိတ်ခွေသွင်းထားပြီးတောင်မှ ခင်ဗျားဆီရောက်အောင် ပို့ပေးဖို့ မလွယ်ဘူး၊ ကျုပ်ဆိုလိုတာက တိတ်ခွေမရရင်လဲ ပိုက်ဆံပေးမယ်လို့ စိတ်ကူးထားသလား"

BURMESE CLASSIC .com

စတီးဖ် ခေတ္တစဉ်းစားနေပြီးမှ. . .

"ဟုတ်ပါတယ်၊ ကျွန်တော့်အနေနဲ့ သူ့ကို စိတ်ဆိုးအောင် လုပ်လို့မဖြစ်ဘူး၊ သူ့ဘက်ကလဲ တိတ်ခွေကို တစ်နေရာရာမှာချထားခဲ့ရင် ဖြစ်နိုင်ပါလိမ့်မယ်"

"ကောင်းပြီလေ စောင့်ကြည့်ကြသေးတာပေါ့၊ ပြီးတော့. . နောက်တစ်ခုက သူ့ကို တကယ့်ပိုက်ဆံအစစ် ပေးမလို့လား၊ ပိုက်ဆံအတုပေးရင်ကော မဖြစ်ဘူးလား၊ အဲဒီလိုဆိုရင် ကျုပ်တို့က သူ့ကို လွယ်လွယ်နဲ့ခြေရာခံလိုက်နိုင်မယ်"

"အဲဒါတော့ ကျွန်တော် မလုပ်ရဲဘူး၊ ပိုက်ဆံက နီးလ်ပိုင်တဲ့ပိုက်ဆံပဲ၊ သူ တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

"ဒါဖြင့်လဲ ဘဏ်တိုက်သာ ငွေသွားထုတ်ချေတော့၊ ငွေကိုင်ဆီက ချက်လက်မှတ်ယူ၊ ပြီးတော့ ပြည်ထောင်စုဘဏ်ကိုသွား၊ အဲဒီမှာ ကျုပ်တို့စုံထောက်တွေက ပြန်ပေးကိုပေးမယ့် ပိုက်ဆံတွေကို ဓာတ်ပုံရိုက်ကြလိမ့်မယ်၊ ဒါဆို. . . ကျုပ်တို့ဘက်က မှတ်တမ်းတစ်ခုခုတော့ ရတာပေါ့"

"ကျွန်တော်ကတော့ ပိုက်ဆံပေါ်မှာ ဘာအမှတ်အသားမှ မလုပ်စေချင်ဘူး"

"ကျုပ်က အမှတ်အသားလုပ်ဖို့. . ပြောနေတာ မဟုတ်ပါဘူး၊ ဓာတ်ပုံရိုက်ယူတာ လောက်ပါ၊ ဓာတ်ပုံရိုက်ယူတာကို ပြန်ပေးက ဘယ်လိုမှ မသိနိုင်ပါဘူး၊ ဒါပေမယ့် အချိန်တော့ နည်းနည်းကြာမယ်၊ (၁၀)တန်၊ (၂၀)တန်၊ (၅၀)တန်၊ (၈၂၀၀၀)တောင်ဆိုတော့ ဓာတ်ပုံရိုက်တာ. . တော်တော်ကြာလိမ့်မယ်"

"ဟုတ်ပါတယ်"

"ကျုပ်တို့ဘက်က ကြိုတင်ပြင်ဆင်မှုတွေတော့ လုပ်ရလိမ့်မယ်၊ ပထမဆုံး ကျုပ်တို့က ခင်ဗျားကားပေါ်မှာ ကင်မရာဆင်ထားမယ်၊ အဲဒါဆိုရင် ခင်ဗျားနဲ့ ပြန်ပေးနဲ့ တွေ့တာကို ကျုပ်တို့က နောက်ယောင်ခံပြီး ဆက်လိုက်နိုင်မယ်။ ပြီးတော့ သူ့ဓာတ်ပုံလဲ ရမယ်။ သူစီးလာတဲ့ကားနံပါတ် ဓာတ်ပုံလဲရမယ်။ နောက်ပြီး ကျုပ်တို့က ခင်ဗျားကားနဲ့ ခပ်ဝေးဝေးက လိုက်နိုင်အောင် စကားပြောခွက်တစ်ခုလဲ တပ်ထားရမယ်၊ ဘယ်သူမှ မသိနိုင်ပါဘူး၊ နောက်ဆုံးအချက်က ခင်ဗျားရဲ့ပိုက်ဆံထည့်ထားတဲ့ လက်ဆွဲအိတ်ထဲမှာ အီလက်ထရွန်းနစ် ထောက်လှမ်းရေးစက်တစ်ခု တပ်ထားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ပေးက တွေ့သွားရင် ဘယ်လိုလုပ်မလဲ၊ သူက ကျွန်တော့်နောက်က စုံထောက်တွေ ပါလာတယ်ဆိုတာ သိသွားမှာပေါ့"

"ဒီလိုဆိုရင် အဲဒီပစ္စည်း မပါဘဲသွားတယ်ဆိုပါတော့၊ ပြီးတော့ ခင်ဗျားက ပိုက်ဆံပေးလိုက်ပြီး ကလေးနဲ့ရှုန့်ကိုလဲ ပြန်မရဘူးဆိုပါတော့၊ အဲဒီလိုဆို ဘယ်လိုလုပ်မလဲ၊ ကျုပ်တို့အနေနဲ့ စကားပြောစက်တပ်ရတာက အချိန်မရွေး အဆက်အသွယ်ရနေပြီး အရေးပေါ်ကိစ္စတိုင်းကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်အောင်လို့ပါ၊ ဒါပေမယ့် ခင်ဗျားသဘောပါ၊ မကြိုက်ရင်လဲ မတပ်ရုံပါပဲ"

"ဒါနဲ့ ကျွန်တော် တစ်ခုမေးပါရစေ၊ မစ္စတာဟူးချ်ရဲ့ ကလေးနဲ့ဇနီးသာဆိုရင် ဘယ်လိုလုပ်မှာလဲ"

"ဒီမှာ မစ္စတာပက်တာဆင်၊ ကျုပ်တို့က လူကြီးလူကောင်းတွေနဲ့ ဆက်ဆံနေတာမဟုတ်ဘူး၊ ပြန်ပေးတွေနဲ့ ဆက်ဆံနေရတာပါ၊ ခင်ဗျားက ပိုက်ဆံပေးရင် ဓားစာခံတွေ ပြန်ရမယ်လို့ လွယ်လွယ်တွက်လို့မရဘူး၊ သူတို့က ကိုယ်ထိလက်ရောက် ပြန်ပေးချင်လဲ ပေးမယ်၊ ဒါမှမဟုတ် ချည်နှောင်ထားတဲ့နေရာမှာပဲ ထားပစ်ချင်လဲ ထားပစ်ခဲ့မှာပဲ၊ ဒီအတွက်က ထည့်မတွက်လို့မဖြစ်ဘူး၊ သူတို့ကို ချုပ်ထားတဲ့နေရာက ဝင်ရခက်လောက်အောင် ကျဉ်းမြောင်းနေရင် အီလက်ထရွန်းနစ်ကိရိယာနဲ့ လိုက်မှဖြစ်နိုင်မယ်"

"ကောင်းပြီလေ. . . ကြိုက်သလိုသာ လုပ်ကြပါတော့၊ ကျွန်တော်တော့ ဘီလ်ရဲ့ကားယူပြီး နယူးယောက်သွားလိုက်ဦးမယ်"

"အဲဒီလိုမလုပ်ပါနဲ့၊ ကိုယ့်ကားပဲ ကိုယ်ယူသွားပါ၊ ပြီးတော့ ထုံးစံအတိုင်း ဘူတာရုံနားက ကွက်လပ်မှာရပ်ထားခဲ့ပါ၊ ပြန်ပေးက ခင်ဗျားရဲ့လှုပ်ရှားမှုမှန်သမျှ မျက်ခြည်မပြတ် စောင့်ကြည့်နေမှာ သေချာတယ်၊ ကျုပ်တို့စုံထောက်တစ်ယောက်က ခင်ဗျားနောက်က နောက်ယောင်ခံပြီး လိုက်နေမယ်၊ ကားသော့ကို ကားကြမ်းပြင်မှာ ထားခဲ့ပါ၊ ကျုပ်တို့က ကားကိုယူပြီး အီလက်ထရွန်းနစ်ကိရိယာတပ်မယ်၊ ခင်ဗျားပြန်လာတော့ ကားကို အဲဒီမှာပဲ တွေ့ရလိမ့်မယ်၊ ဟဲ. . . အဲဒီတော့ ပိုက်ဆံသွားထုတ်ဖို့ကိစ္စသာ ဆက်လုပ်တော့"

❖

BURMESE CLASSIC .com

စတီးဗ်သည် ဂရင်းဘူတာကြီးသို့ (၁၀)နာရီ (၄၀)ရထားနှင့် လာခဲ့သည်။

ရထားက (၁၀)မိနစ်နောက်ကျပြီးမှ ထွက်သည်။

ဘူတာကြီးသို့ (၁၁)နာရီ (၃၅)ဆိုက်သည်။

သူသည် လက်ဆွဲသေတ္တာအခွံကြီးတစ်လုံး ဆွဲရင်း ပတ်ခ်အဲဗင်းနယူလမ်းအတိုင်း လျှောက်လာခဲ့သည်။

သောကကြောင့် ကိုယ်ရောစိတ်ပါ နွမ်းနယ်နေသည်။

အခုလို ဆီးနှင်းမှုန်တိုင်း ထန်နေချိန်တွင်ပင် နယူးယောက်မြို့သားတွေက ပြုံးပြုံးရွှင်ရွှင် လမ်းသလားနေနိုင်ကြပါပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယမန်နေ့မနက်က သူနှင့်ရှရွန်တို့သည် သည်နေရာမှ သိပ်မဝေးသော နေရာတွင် ဆီးနှင်းတောထဲ ရပ်နေခဲ့ကြသေးသည်။ သူက ရှရွန်၏မျက်နှာကို မော့ကိုင်ပြီး နှုတ်ဆက်နမ်း နမ်းခဲ့သည်။ သူမ၏ နှုတ်ခမ်းတွေက တင်းမာနေသည်။ နီနာအား နောက်ဆုံးနှုတ်ဆက်၍ အလုပ်သို့ ထွက်လာခဲ့သောနေ့ကလည်း သည်အတိုင်းပင်ဖြစ်သည်။

ဘဏ်တိုက်သို့ ရောက်လာသည်။ နီးလ်၏ဘဏ်စာရင်းထဲတွင် ဒေါ်လာ (၂၀၀)သာ ချန်ထားပြီး ကျန်ငွေအားလုံး ထုတ်ယူမည်ဟု ပြောလိုက်သောအခါ ဘဏ်တိုက်မှ လူတွေ အားလုံး မျက်လုံးပြူးသွားကြသည်။

ကောင်တာစာရေးမသည် ထိုင်ရာမှထ၍ ဘဏ်တိုက် ဒုတိယဥက္ကဋ္ဌအခန်းထဲဝင် သွားသည်။ ချက်ချင်းပင် ဒုတိယဥက္ကဋ္ဌသည် စတီးဖ်ဆီသို့ ပျာပျာသလဲ ရောက်လာသည်။

"အခက်အခဲ တစ်ခုခုများ ရှိလို့လား မစ္စတာပက်တာဆင်"

"အို. . . မရှိပါဘူး၊ ဘာအခက်အခဲမှ မရှိပါဘူး မစ္စတာစထရော၊ ကျွန်တော်က ရိုးရိုးပြန်ထုတ်ချင်လို့ပါ"

"ဒါဆိုရင်. . . ပုံစံတွေဘာတွေ ဖြည့်ရပါဦးမယ်၊ ဒီလောက်များတဲ့ငွေဆိုရင် သက်ဆိုင် ရာပုံစံတွေဖြည့်ပြီးမှ ထုတ်ယူခွင့်ရှိလို့ပါ။ မစ္စတာပက်တာဆင်ရဲ့ သားကလေးရဲ့ ငွေစာရင်းနဲ့ ပတ်သက်ပြီး ကျုပ်တို့ဘဏ်တိုက်က ဆောင်ရွက်ချက်အပေါ် တစ်ခုခုမကျေနပ်တာတော့ မရှိ ပါဘူး. . . နော်"

"အို. . . အဲဒီလိုမဟုတ်ပါဘူး မစ္စတာစထရော၊ ဘာမှ မကျေနပ်တာ မရှိပါဘူး. . .၊ စိတ်ချပါ"

BURMESE CLASSIC .com

"ဒီလိုဆို ကောင်းပါပြီ၊ လာပါ. . . ပုံစံဖြည့်ရအောင် ကျုပ်ရုံးခန်းထဲ သွားကြမယ်" ရုံးခန်းထဲရောက်တော့ မစ္စတာစထရောက ပုံစံတွေ ထုတ်ပေးသည်။ စတီးဖ်က ကမန်းကတန်း ရေးဖြည့်လိုက်သည်။ ပုံစံတွေ ဖြည့်ပြီးသွားချိန်တွင် ချက်လက်မှတ်ယူပြီး ကောင်တာစာရေးမ ဝင်လာသည်။

မစ္စတာစထရောက ချက်လက်မှတ်ပေါ်တွင် လက်မှတ်ထိုးသည်။ လက်မှတ်ထိုးပြီး တော့ စတီးဖ်အား ကမ်းပေးပြီးနောက် မတ်တတ်ထရပ်လိုက်သည်။ ထို့နောက် သူက မျက်နှာ အမူအရာတည်သွားပြီး. . .

"ကျုပ်က ကိုယ်နဲ့မဆိုင်တာ စပ်စုတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အခက်အခဲများ ရှိရင်တော့ အားမနာပါနဲ့ မစ္စတာပက်တာဆင်၊ ကျုပ်တို့ဘက်က ကူညီဖို့ အရန်သင့်ပါပဲ"

စတီးဖ်က ထိုင်ရာမှ ထရပ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်မစ္စတာစထရော၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ကျွန်တော့်မှာ ဘာအခက်အခဲမှ မရှိတာအမှန်ပါ"

"ဒါဆိုရင်လဲ ကောင်းပါပြီ၊ ကျုပ်တို့က မစ္စတာပက်တာဆင်ကို ဘဏ်တိုက်ရဲ့ ဖောက် သည်တစ်ယောက်အနေနဲ့လဲ လေးစားပါတယ်၊ ဒါကြောင့် အခက်အခဲရှိရင် အကူအညီပေးဖို့ အဆင်သင့်ရှိပါတယ်၊ အားနာစရာ ဘာမှမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက လက်ကို ကမ်းပေးလိုက်သည်။

စတီးဖ်က မစ္စတာစထရော၏လက်ကို လှမ်းဆုပ်လိုက်လေသည်။

"အခုလို. . သိရတာ အများကြီး ကျေးဇူးတင်ပါတယ် မစ္စတာစထရော၊ ကဲ. . . ကျွန်တော့်ကို ခွင့်ပြုပါဦး"

စတီးဖ်သည် လက်ဆွဲသေတ္တာကြီးဆွဲကာ ဘဏ်တိုက်အပြင်သို့ ထွက်လာခဲ့သည်။

အငှားကားတစ်စီးကို လှမ်းခေါ်ပြီး ပြည်ထောင်စုဘဏ်သို့ မောင်းခိုင်းသည်။

ဘဏ်တိုက်ရောက်တော့ ဘဏ်တိုက်အမှုထမ်းတစ်ယောက်က သူ့ကို အခန်းတစ်ခန်းသို့ ခေါ်လာသည်။ အခန်းထဲတွင် အက်ဖ်ဘီအိုင်အမှုထမ်းတွေ ဝိုင်းဖွဲ့ပြီး ငွေစက္ကူတွေ ရေနေကြသည်။ အချို့က ငွေစက္ကူတွေကို တစ်ရွက်ချင်း ဓာတ်ပုံရိုက်နေကြသည်။ ယင်းပိုက်ဆံတွေကို သူယူလာသော ချက်လက်မှတ်နှင့် လဲယူရမည်ဖြစ်သည်။ သူက မျက်နှာသုန်မှုန်စွာဖြင့် ထိုင်ကြည့်နေသည်။

"ဘုရင်ကြီး ဘုရင်ကြီး၊ ဘုရင်ကြီးမှာ ငွေတွေအများကြီး၊ ဘုရင်ကြီးက ငွေတိုက်မှာ ငွေတွေရေနေတာ"

သူက နီးလ်နီ့စ်ဗွဲအရွယ်က အိပ်ရာဝင်ခါနီး နီနာအမြဲတမ်းဆိုတတ်သော သားချော့သီချင်းကို သွားပြီးသတိရမိသည်။

ငွေတွေရေတွက်ပြီး ဓာတ်ပုံရိုက်ပြီးသွားတော့ ဂရင်းဘူတာသို့ ပြန်လာခဲ့သည်။

(၃)နာရီ (၅)မိနစ်ရထား ကပ်ပြီးလွတ်သွားသည်။

နောက်ရထားကို တစ်နာရီတိတိ စောင့်ရဦးမည်။

သို့ဖြင့် အလကားနေ အလကားပဲဆိုပြီး အိမ်သို့ ဖုန်းလှမ်းဆက်သည်။ ဒေါ်ရာက ဖုန်းကောက်ကိုင်သည်။ စုံထောက်လာမွန်ကလည်း လိုင်းခွဲမှ စကားပြောသည်။

ဘာမှ ထူးခြားမှုမရှိ။ ဘာတိတ်ခွေမှလည်း မလာ။ သူ အိမ်သို့ရောက်ချိန်လောက်တွင် ဟူးချ်တေလာလည်း ရောက်လာမည်ဟု ဆိုသည်။ သူက သားကလေးနှင့် ရှရွန်တို့အတွက် စိုးရိမ်စိတ်ဝင်လာသည်။ ပြန်ပေးက သူတို့ကို သတ်များ သတ်ပစ်လေမလား။

သူက ဆက်မတွေးရဲတော့။ တစ်ခေါင်းလုံး မူးနောက်နေသည်။ ရင်ထဲကလည်း ပူလောင်နေသည်။ မနေ့က နေ့လယ်စာမှစ၍ သူဘာမှ မည်မည်ရရမစားဖြစ်သေး။

အိုက်စတာအရက်ခန်းကို သွား၍ သတိရသည်။

အရက်ခန်းသို့သွားပြီး ပုစွန်လုံးပြုတ်တစ်ပွဲနှင့် မာတီနီအရက်တစ်ခွက် မှာသောက်လိုက်မည်။ သူသည် မနေ့ညက ရှရွန်ဆီလှမ်းဆက်ခဲ့သော တယ်လီဖုန်းရုံရှေ့မှ ဖြတ်လျှောက်လာသည်။ အာရုံက အတိတ်သို့ ပြန်ရောက်သွားသည်။

ရှရွန်ဆီ တယ်လီဖုန်းဆက်ချိန်မှစ၍ သူ့အတွက် ဂြိုဟ်ဆိုးဝင်ခဲ့သည်။

သူ့အိမ်မှ တယ်လီဖုန်းကို ဘယ်သူမှမကိုင်။ တစ်ခုခုတော့ ဖြစ်နေပြီဆိုတာ ချက်ချင်းထိတ်ခနဲ တွေးမိလိုက်သည်။ အခုလောက်ဆိုလျှင် အချိန်တာအားဖြင့် နာရီ (၂၀)ရှိပြီ။

သူကတော့ တစ်သက်လောက် ကြာသွားပြီဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီ (၂၀)။ နီးလ်နဲ့ရှုရှန်တို့ ဘယ်များရောက်နေကြပါလိမ့်။ သူတို့က ထမင်းများ ကျွေးပါရဲ့လား။ ချမ်းလိုက်တာကလည်း လွန်ပါရော။ ခြုံစရာစောင်များ ပေးပါရဲ့လား။ မီးလင်းဖိုကလေးများ ရှိပါရဲ့လား။ ရှုရှန်ကတော့ နီးလ်ကို အစစအရာရာ စောင့်ရှောက်မှာ သေချာပါတယ်။ မနေ့ညက ရှုရှန်နဲ့ စကားပြောလိုက်ရရင် ဘယ်လောက်ကောင်းလိမ့်မလဲ။ ကြိုတင်စီစဉ်ထားတဲ့အတိုင်း သုံးယောက်သား တပျော်တပါး ထမင်းစားကြမယ်။ နီးလ်အိပ်ရာဝင်သွားတဲ့အခါကျတော့မှ ရှုရှန်ပခုံးကလေးဖက်ပြီးတော့ "အချစ်ရယ်. . . ကိုယ်တို့နှစ်ယောက်လက်ထပ်ကြပါစို့ကွယ်. . ." ဆိုပြီး ရှုရှန်ဆီမှာ တောင်းပန်မယ်။

သူကတော့ ငြင်းချင် ငြင်းမှာပဲ။ အထူးသဖြင့် သေဒဏ်ကိစ္စကို ငါက ထောက်ခံတာကို သူက မကြိုက်ဘူး။ ဒါပေမယ့် ငါ့ဘက်က မမှားဘူးဆိုတာ ငါသိပါတယ်။

ရိုနယ်သွမ်မဆင်ရဲ့အမေကလည်း ငါ့ကို မကျေနပ်ဘူး။ သူ့သားကလေး သေသွားပြီးတဲ့နောက်မှာ သူ့ခမျာ တစ်သက်လုံး အပူသည်မကြီး ဖြစ်နေရှာတော့မှာပဲ။ နီးလ်နဲ့ရှုရှန်တို့ တစ်ခုခုဖြစ်သွားရင် ငါလည်း အဲဒီအခြေအနေမျိုးရောက်မှာ သေချာတယ်။

ဘူတာရုံတစ်ဝိုက်တွင် လူသွားလူလာ ရှုပ်လာလေသည်။ ရထားချိန်မီရန် ရုံးစောစောဆင်းလာသော အမှုထမ်းများနှင့် ဈေးဝယ်ပြီး၍ ထမင်းဟင်းချက်ရန် အိမ်သို့စောစောပြန်လိုသောအိမ်ရှင်မများ၊ အချိန်စာရင်းကြည့်သူကြည့်၊ ရထားအလာ မျှော်သူမျှော်ဖြင့် လှုပ်လှုပ်ရှရှဖြစ်နေကြသည်။

စတီးဗ်သည် ကုန်းလျှောလှေကားအတိုင်း ဆင်းလာခဲ့ပြီး ဗွိုက်စတာ အရက်ခန်းထဲဝင်လာခဲ့သည်။ ဆိုင်ထဲတွင် လူရှင်းနေသည်။ နေ့လယ်စာစားချိန် လွန်သွားပြီ။ ညစာမစားမီ အရက်လာသောက်သူများနှင့် ညစာစားရန် လာသူများအတွက်လည်း အချိန်စောနေသေးသည်။ သူသည် စားပွဲတွင်ဝင်ထိုင်ပြီး အစားအသောက်မှာလိုက်သည်။ ပိုက်ဆံသေတ္တာကြီးကို ခြေရင်းတွင် ဂရုတစိုက်ချထားလိုက်သည်။

လွန်ခဲ့သောလအတွင်းက ရှုရှန်နှင့်သူတို့ သည်ဆိုင်တွင် နေ့လယ်စာ စားခဲ့ကြသည်။ ထိုနေ့က သူမတော်တော် စိတ်ဓာတ်တက်ကြွနေသည်။ ရိုနယ်သွမ်မဆင်၏အမှုကို သေဒဏ်မှ တစ်သက်တစ်ကျွန်းသို့ ပြောင်းလဲစီရင်ချက်ချရန် သူမ၏ကြိုးပမ်းချက်များ အလားအလာကောင်းနေသောကြောင့် ဖြစ်သည်။

"ဒီကိစ္စက မလုပ်လို့မဖြစ်ဘူး. . စတီးဗ်၊ မလွှဲမသွေ လုပ်ကိုလုပ်ရမယ့်ကိစ္စပါ" ဟု သူမက ယုံကြည်စိတ်ချစွာဖြင့်ပြောခဲ့သည်။ သူမ စကားတော်တော်ပြောသည်။ ပြည်သူထောက်ခံချက်ပိုမိုရရှိအောင် မကြာခင် ခရီးထပ်ထွက်ရဦးမည်ဟုလည်း ပြောသည်။

"မင်းခရီးထွက်ရင် ငါတော့ အောက်မေ့နေမှာပဲ"

"ကျွန်မလဲ ဒီအတိုင်းပါပဲ"

ရှုရှန်. . . မင်းကို ငါချစ်ပါတယ်၊ အလွန်ချစ်ပါတယ်ကွယ်။

သည်စကားကို ထိုနေ့က သူ မပြောဖြစ်ခဲ့။

စားပွဲထိုးလာချသော မာတီနီအရက်ခွက်ကို အာဖောက်မော့ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပုစွန်လုံးပြုတ်ပန်းကန်ကို လက်နှင့်ပင် မတို့ထိဘဲ ငူငူကြီးကြည့်နေသည်။

လေးနာရီထိုးရန် ငါးမိနစ်အလိုတွင် ပိုက်ဆံရှင်း၍ ဆိုင်ထဲမှပြန်ထွက်လာခဲ့သည်။ သူသည် ကုန်းလျှောလမ်းအတိုင်း ပြန်တက်လာခဲ့ပြီး ကာလေသို့ထွက်မည့် ရထားဆီသို့ လျှောက်လာခဲ့သည်။ စက်ခေါင်းမှ မီးခိုးတလူလူထွက်နေသော ရထားဆီသို့ အပြေးကလေး လျှောက်လာပြီး နောက်ဆုံးတွဲသို့တက်ကာ ကုလားထိုင်လွတ်တွင် ဝင်ထိုင်လိုက်သည်။

ထိုအချိန်တွင် ယင်းတွဲထဲမှ လူတစ်ယောက်သည် မျက်နှာကို သတင်းစာနှင့် ကွယ်ထားလိုက်သည်ကို စတီးဖ် လုံးဝ သတိမပြုမိချေ။ ထိုသူသည် သတင်းစာကိုကျော်၍ စတီးဖ်၏ လက်ဆွဲသေတ္တာကြီးကို မသိမသာ လှမ်းကြည့်လိုက်ချိန်တွင်မှ သူ့မျက်နှာတစ်ဝက် ပေါ်လာသည်။

ထိုသူသည် စတီးဖ်ဆင်းသော ကာလေဘူတာတွင်ပင် ဆင်းသည်။

စတီးဖ်က ကားရပ်ကွက်လပ်သို့ လျှောက်သွားပြီး နောက်ကြည့်မှန်နောက်ဘက်နှင့် ရှေ့မီးများတွင် အင်အားကောင်းသော ကင်မရာများ တပ်ဆင်ထားပြီးသည့် ကားပေါ်တက် ကာမောင်းထွက်လာခဲ့သည်။

စောစောက လူစိမ်းသည် ခပ်လှမ်းလှမ်းရှိ စကြိုတစ်နေရာတွင်ရပ်ကာ ကားမောင်း ထွက်သွားသော စတီးဖ်အား မျက်စိတစ်ဆုံး ကြည့်ကျန်ရစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၇

မစ္စက်ဂလင်ဒါပယ်ရီသည် မွန်းလွဲတစ်နာရီအထိ အိပ်ပျော်နေခဲ့သည်။

မာရီယံဗော်ဂလာ၏ကား အိမ်ရှေ့မှ မောင်းထွက်သွားသံကြောင့် နိုးလာခဲ့သည်။

သူမသည် မျက်လုံးများမဖွင့်သေးဘဲ အိပ်ရာပေါ်တွင် မှိန်းနေသည်။ အိပ်ရာမှ နိုးလာတိုင်း ခံစားရတတ်သော နာကျင်မှုသည် သည်တစ်ကြိမ် လုံးဝပေါ်မလာ။

ယင်းသို့ နာကျင်ခြင်းဝေဒနာ ခံစားနေရသည်မှာလည်း အခြားကြောင့်မဟုတ်၊ ရိုနယ်သွမ်မဆင်ပယောဂကြောင့် ဖြစ်သည်။

သူမ၏ သက်သေထွက်ချက်ကြောင့် သည်ကလေး သေဒဏ်အပြစ်ပေးခံရသည် ဟူသော ဥပါဒါန်အစွဲက သူမရင်ထဲ အမြစ်တွယ်နေသည်။

"သူက မစ္စက်ပယ်ရီကို ဝင်တိုက်သွားတယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်၊ သူက အိမ်ထဲက ထွက်ပြေးလာရင်း ဝင်တိုက်သွားတာ"

"အဲဒီအချိန်မှာ မှောင်နေပြီ မစ္စက်ပယ်ရီ၊ ဒီတော့ ထွက်ပြေးလာတဲ့လူဟာ သူအစစ်ပါဆိုတာ မစ္စက်ပယ်ရီ ထင်ထင်ရှားရှား မြင်နိုင်ပါ့မလား"

"ကျွန်မမျက်စိနဲ့ သေသေချာချာ မြင်ပါတယ်၊ သူက ကျွန်မဆီကို ပြေးမလာခင် အိမ်ရှေ့တံခါးဝမှာ ချီတုံချတုံလုပ်နေတာ ကျွန်မ ထင်ထင်ရှားရှား မြင်ပါတယ်၊ မီးဖိုခန်းက မီးရောင်ကလဲ လင်းနေတယ်"

သည်လိုနှင့် ရိုနယ်သွမ်မဆင် ကိစ္စတော့ ပြီးသွားပြီ။

ယခု နီးလ်နှင့်ရှရွန်ပြန်ပေးမှု ပေါ်လာပြန်ပြီ။

ဩော်. . . ဘုရား. . . ဘုရား. . . ဘာတွေများ ဖြစ်လာဦးမလဲ မသိဘူး။

သူမရင်ဘတ်ထဲမှ နာကျင်လာသည်။ နှုတ်ခမ်းချင်း ဖိကိုက်ထားလိုက်သည်။

သောကမဝင်စေနဲ့။ သောကမဝင်စေနဲ့။ စိတ်ကို အေးအေးထား။

သူမက ပါးစပ်ထဲသို့ နိုက်ထရိုဆေးပြားတစ်ပြား ထည့်လိုက်သည်။

ဒါမှ ရောဂါဖောက်မလာခင် ငြိမ်သွားသည်။

မြေခွေး. . . မြေခွေး။ သူနာမည်က မြေခွေးဆိုပါလား။ ဘယ်သူများပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါး ပွင့်သွားသည်။

မစ္စတာရော်ဂျာပယ်ရီက သူမအား တံခါးဝမှ ရပ်ကြည့်နေသည်။

"အခြေအနေ ကောင်းပါတယ် ရော်ဂျာ၊ ကျွန်မ ခုတင်ပဲ အိပ်ရာက နိုးလာ. . ."

"ရင်ထဲမှာ ဘယ်လိုနေသေးသလဲ"

သူက ခုတင်နားသို့ လျှောက်လာပြီး သူမ၏လက်ကို ဆုပ်ကိုင်လိုက်သည်

"မဆိုးပါဘူး၊ နေကောင်းပါတယ်၊ ဒါနဲ့ ကျွန်မ ဘယ်နှနာရီလောက် အိပ်ပျော်သွားသလဲ. . . ဟင်"

"လေးနာရီကျော်လိမ့်မယ်"

"ခုနက ထွက်သွားတာက ဘယ်သူ့ကားလဲ"

"မစ္စက်ဗော်ဂလာလေ"

"ဩော်. . . ဟုတ်ပါရဲ့၊ ကျွန်မမေ့သွားလို့၊ သူဘာတွေ လုပ်သွားသေးသလဲ"

"ဟာ. . . သူ့ခမျာ ရောက်ကတည်းက မီးဖိုခန်းထဲမှာ ဟိုရွှေ့သည်ပြောင်းနဲ့ အလုပ်ရှုပ်နေတာပဲ၊ လှေကားကြီးထောင်ပြီး နံရံကပ်စင်တွေပေါ်က ပစ္စည်းတွေလဲ ရှင်းသွားသေးတယ်"

"တော်ပါသေးရဲ့၊ ကျွန်မတော့ အဲဒီပေါ်တက်ရမှာ သိပ်ကြောက်တာပဲ၊ ဖုန်တွေ တင်းကြမ်းပြည့်ပဲ၊ ဒါနဲ့ရော်ဂျာ. . . စတီးဖ်က ဟိုမြေခွေးနဲ့ စကားပြောရသလား ဟင်"

ရော်ဂျာက အကြောင်းစုံ ရှင်းပြလိုက်သည်။ ပြီးတော့မှ. . .

"အဲဒီတော့. . . အခုအချိန်အထိတော့ အဲဒီလောက်ပဲ သိရသေးတယ်ဆိုပါတော့၊ အဲဒီတိတ်ခွေ မင်းနားထောင်ချင်သလား"

"နားထောင်ချင်တယ်"

❁

နောက် (၁၅)မိနစ်ခန့်အကြာတွင် ဂလင်ဒါသည် ခေါင်းအုံးပေါ်တွင် ကိုယ်တစ်ပိုင်းမှီကာ ကော်ဖီသောက်နေတုန်း အခန်းထဲသို့ စုံထောက်အရာရှိ ဟူးချ်တေလာ ဝင်လာသည်။

"အများကြီးကျေးဇူးတင်ပါတယ် မစ္စက်ပယ်ရီ၊ တာဝန်အရမို့လို့ပါ၊ အများကြီးအားနာမိပါတယ်"

"ကိစ္စမရှိပါဘူး မစ္စတာတေလာ၊ ဒီမှာ ကျွန်မတစ်မနက်လုံး အိပ်ရာထဲမှာ အချိန်ဖြုန်းနေသလို ဖြစ်နေတာပဲ၊ ကဲ. . . အဲဒါ ဖွင့်စမ်းပါဦး"

ဟူးချ်က ကက်ဆက်ဖွင့်လိုက်သည်။

မစ္စက်ပယ်ရီသည် ငြိမ်သက်စွာဖြင့် နားထောင်နေသည်။

"ဟင်. . . အသံကလဲ တိုးလိုက်တာ၊ ဘယ်လိုမှ နားထောင်လို့မရဘူး"

"ဒါပေမယ့် ကိစ္စမရှိပါဘူး မစ္စက်ပယ်ရီ၊ အခုလို သည်းခံပြီး နားထောင်တာကို အများကြီးကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ဘုတ်ကလဲ အသံဖွဲ့စည်းမှုကို စစ်ဆေးနေတုန်းပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါက အဓိကသက်သေခံအထောက်အထားတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ပြန်ပေးကို ဖမ်းမိတဲ့အခါ တစ်နည်းတစ်ဖုံတော့ အသုံးဝင်ပါလိမ့်မယ်"

သူက ကက်ဆက်ကို ကောက်ကိုင်လိုက်သည်။

"ခဏနေပါဦး"

မစ္စက်ပယ်ရီက ကက်ဆက်ပေါ် လက်တင်လိုက်သည်။

"ဒါက သူ့အသံကို ရှင်တို့က တိုက်ရိုက်ဖမ်းယူထားလိုက်တာလား"

"မဟုတ်ပါဘူး၊ တယ်လီဖုန်းကြိုးမှာ 'တက်ပ်' တပ်ပြီး ဖမ်းထားလိုက်တာပါ"

"ကျွန်မဆီ ခဏထားခဲ့လို့ ဖြစ်မလား"

"ဘာလုပ်မလို့လဲ"

"ကျွန်မက မနေ့ညက ကျွန်မကို ဖုန်းနဲ့ပြောတဲ့လူကို သိတယ်၊ သူ့ကို ကျွန်မကောင်းကောင်းသိတယ်၊ အဲဒီတော့ ပြီးခဲ့တဲ့ရက်တွေက ကျွန်မလုပ်ခဲ့တဲ့အလုပ်တွေ ပြန်ပြီး ခြေရာခံစဉ်းစားကြည့်ချင်တယ်၊ တစ်ခုခုတော့ အဖြေပေါ်မှာပဲ၊ ဒါကြောင့်မို့ အဲဒီတိတ်ခွေကို ပြန်ပြီးနားထောင်ချင်သေးတယ်"

"ဒီလိုဆိုလဲ ဖြစ်ပါတယ်၊ ယူထားလိုက်ပါ"

မစ္စတာရော်ဂျာက ဟူးချ်အား တံခါးဝအထိ လိုက်ပို့သည်။

"ခင်ဗျားက မစ္စက်ဇော်ဂလာကို ဒီနေ့တစ်နေ့လုံး ဒီမှာနေပါစေလို့ ကျုပ်ကိုပြောတာက ဘာသဘောလဲ၊ သူ့ကို မသင်္ကာလို့လား"

"ဩော် အဲဒါက လိုရမည်ရသဘောပါ၊ ကျွန်တော်တို့က ရနိုင်သမျှ သဲလွန်စတွေကို မလွတ်တမ်းယူရမယ် မဟုတ်လား၊ ဒါပေမယ့် သူက ပြဿနာမရှိပါဘူး၊ အကျင့်စာရိတ္တရောမိသားစုနောက်ခံရော ကောင်းပါတယ်၊ ဒီနေ့မနက်က နီးလ်အကြောင်း သူပြောတာလဲ တိုက်ဆိုင်မှုပဲဖြစ်မှာပါ၊ ဒါပေမယ့် မနေ့ညက သူတို့လင်မယားလုပ်ရပ်နဲ့ပတ်သက်ပြီး သံသယဖြစ်စရာတော့ရှိတယ်"

"ဘယ်လိုပါလိမ့်"

"မနေ့ညက သူရုပ်ရှင်ရုံထဲ ဝင်သွားတာကိုရော၊ ပြန်ထွက်သွားတာကိုရော ဘက်တိုက်က ငွေကိုင်စာရေးက မြင်လိုက်ရတယ်၊ အဲဒီအချိန်မှာ သူ့ယောက်ျားက အိမ်မှာ ကလေးတွေနဲ့ရှိနေတယ်လို့ အိမ်နီးချင်းတွေက ပြောတယ်၊ အဲဒီနောက်ပိုင်း. . (၇)နာရီကျော်ကျော်ကလေးမှာ သူတို့ကား လူခိုးခံရတယ်ဆိုပြီး လင်မယားနှစ်ယောက်စလုံး ရဲစခန်းလာတိုင်ကြတယ်"

"ဩော် ဟုတ်ကဲ့၊ အဲဒါ သူပြောပြတယ်၊ ကားပြန်ရတာ ကံကောင်းတယ်ဆိုရမှာပဲ"

"ဟုတ်တာပေါ့၊ သူတို့က ကားကောင်းကြီးပြန်ရတာ ကံကောင်းတာပေါ့၊ ကျွန်တော်တို့က လူနှစ်ယောက်ပျောက်နေတာ ကံဆိုးတယ်၊ ဒါနဲ့. . . ရှုခွန်မာတင်ကို ဘယ်လိုထင်သလဲ ဒီကိစ္စ သူစီစဉ်တာ မဖြစ်နိုင်ဘူးလား"

မစ္စတာရော်ဂျာက ခေတ္တစဉ်းစားနေသည်။ ပြီးတော့မှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တော့ ဘယ်နည်းနဲ့မှ မထင်ဘူး"

"သူနဲ့ မစ္စတာပက်တာဆင်တို့ရဲ့ ဆက်ဆံရေးအခြေအနေ ဘယ်လိုရှိပါသလဲ"

"ကျုပ်အထင်တော့ သူတို့နှစ်ယောက် တော်တော်ချစ်ကြတယ် ထင်တာပါပဲ၊ ဒါပေမယ့်. . နီးလ်ကလေးက ခပ်စိမ်းစိမ်းလုပ်နေတာကြောင့် သူ့အနေနဲ့ အတော်ကလေး စိတ်မကောင်းဖြစ်နေတယ်၊ စတီးဖ်ကလဲ အဲဒီလိုအခြေအနေ တင်းမာနေတာကို စိတ်မကောင်းဘူး၊ ပြီးတော့. . . စတီးဖ်မှာက ငွေရေးကြေးရေးပြဿနာလဲ ရှိနေတယ်၊ ရှိသမျှပိုက်ဆံတွေက မဂ္ဂဇင်းထဲ မြုပ်နေတယ်၊ တစ်နေ့တော့ ပြန်ရတော့ရမှာပေါ့၊ ဒါပေမယ့် လောလောဆယ်တော့ အခက်အခဲရှိတာပေါ့၊ အဲဒါ သူပြောပြလို့ ကျုပ်သိရတာပဲ"

"ပြီးတော သွမ်မဆင်ကိစ္စလဲ ရှိသေးတယ်မဟုတ်လား"

"အဲ. . ဟုတ်တာပေါ့၊ အဲဒီကိစ္စကလဲ တစ်မျောင့်ဖြစ်နေတယ်၊ ကျုပ်နဲ့ ဂလင်ဒါတို့နှစ်ယောက်စလုံးက သွမ်မဆင်ရဲ့အသက်ကို ရှရွန်အနေနဲ့ ကယ်တင်နိုင်လိမ့်မယ်လို့ ယုံကြည်ခဲ့ကြတယ်၊ ဒီအမှုမှာ သူ့ပယောဂပါနေတယ်ဆိုပြီး ဂလင်ဒါက အကြီးအကျယ် စိတ်မကောင်းဖြစ်နေတယ်"

"မစ္စတာပက်တာဆင် ပြည်နယ်အုပ်ချုပ်ရေးမှူးကို ဝိုင်းပြီးတောင်းပန်ပေးဖို့ ရှရွန်က လိုလားနေတယ် ထင်သလား"

"ကျုပ်က အဲဒီလိုမထင်ဘူး၊ အဲဒီအလုပ်မျိုးကို ပက်တာဆင်အနေနဲ့ ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး၊ အဲဒီလိုလုပ်ရင် ပြည်နယ်အုပ်ချုပ်ရေးမှူးအနေနဲ့လဲ ပိုပြီး ဒေါသဖြစ်လာစရာ ရှိပါတယ်၊ သွမ်မဆင်အမှုအတွက် စီရင်ချက်ကို နှစ်ကြိမ်တိတိ ရွှေ့ဆိုင်းထားခဲ့တဲ့အတွက် သူ့ကို အကြီးအကျယ်ဝေဖန်ခဲ့ကြတယ်ဆိုတာ မမေ့ပါနဲ့"

"ဒီတော့. . . လပ်ဖ်တို့လင်မယားကိုရော ဘယ်လိုထင်သလဲ၊ ဒီပြန်ပေးမှုမှာ သူတို့လဲ တစ်နည်းနည်း မပါနိုင်ဘူးလား၊ သူတို့က လောလောဆယ် ပိုက်ဆံလိုနေတယ်၊ မစ္စတာပယ်ရီရဲ့လျှို့ဝှက်တယ်လီဖုန်းနံပါတ်ကိုလဲ သူတို့သိနိုင်တယ်၊ ပြီးတော့ နီးလ်နာမည်နဲ့ ဘဏ်တိုက်မှာ ငွေတွေအပ်ထားတာကိုလဲ သိနိုင်တယ်"

မစ္စတာပယ်ရီက ခေါင်းကို ခါယမ်းလိုက်သည်။

"ဒါလဲ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဒေါ်ရာက အင်မတန်ရိုးသားတဲ့ မိန်းမပါ၊ တစ်ခါတစ်ရံ အဆင်သင့်လို့ ကျုပ်မိန်းမက ဈေးဝယ်ခိုင်းလိုက်ရင် ပိုတဲ့ပိုက်ဆံ အတိအကျ ပြန်ပေးတတ်တယ်၊ ဘီလ်ကလဲ အဲဒီအတိုင်းပါပဲ၊ သူက ကျုပ်ကားကို သွားပြင်ပေးတဲ့အခါ တတ်နိုင်သမျှ ပိုက်ဆံသက်သာအောင် အမြဲတမ်းလုပ်ပေးတာချည်းပဲ"

"ကောင်းပြီ၊ ဒီလိုဆို မစ္စက်ပယ်ရီအနေနဲ့ တစ်ခုခုထူးထူးခြားခြားသိရလို့ ကျွန်တော်တို့ကို စကားပြောချင်ရင် မစ္စတာပက်တာဆင်အိမ်ကို ချက်ချင်း ဖုန်းဆက်စေချင်ပါတယ်"

စုံထောက် ဟန့်ခ်လာမွန်က အနီးတွင် ရပ်စောင့်နေသည်။ သူ့တွင် ပြောစရာ တစ်ခုခု ရှိပုံရသည်။ ဟူးချ်က လိုရင်းကို တဲ့တိုးကြီး မေးလိုက်သည်။

"ကဲ. . . ဘာထူးသေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မစွက်သွမ်မဆင် ဆရာ. . ."

"သူဘာဖြစ်သလဲ"

"သူ. . . မနေ့ညက. . . ရှစ္စန်နဲ့ စကားပြောခဲ့တယ် ဆရာ"

"ဘာကိစ္စလဲ၊ သူက ဘာပြောသလဲ"

"ရှိနယ်သွမ်မဆင်ပြောလို့သိရတာပါဆရာ၊ ဒွန်နဲ့စတန်တို့က ကောင်ကလေးကို သူ့အချုပ်ခန်းမှာ သွားတွေ့ကြတယ်၊ သူတို့က မစ္စတာပက်တာဆင်ရဲ့သားကလေးနဲ့ပက်သက်ပြီး ခြိမ်းခြောက်မှုတွေ ရှိနေတယ်၊ အဲဒါ မင်းရဲ့မိတ်ဆွေတွေ ဖြစ်နိုင်တယ်၊ အဲဒီတော့ သူတို့နာမည်ကိုပေးပါ၊ ဒါမှ တို့က ကြိုတင်ကာကွယ်မှုတွေ လုပ်နိုင်မယ်ဆိုပြီး သွမ်မဆင်ကို ပြောပြတယ်"

"နီးလ်နဲ့ရှစ္စန်တို့ကို ပြန်ပေးဆွဲသွားပြီဆိုတာ သူတို့သိသွားပြီလား"

"မသိပါဘူးဆရာ၊ လုံးဝမသိပါဘူး"

"အဲဒီတော့ ကောင်ကလေးက ဘာပြန်ပြောသလဲ"

"သူက ရိုးရိုးသားသားပဲ ပြန်ပြောပါတယ်၊ လွန်ခဲ့တဲ့နှစ်ကစပြီး သူ့ဆီကို သူ့အမေရယ်၊ သူ့ရှေ့နေရယ်၊ ပြီးတော့. . . သူတို့အရပ်က သင်းအုပ်ဘုန်းကြီးရယ်ပဲ လာတွေ့တယ်တဲ့၊ သူ့ရဲ့ကျောင်းသားသူငယ်ချင်းတွေက ကောလိပ်တက်သွားကြပြီတဲ့၊ သူက အဲဒီကျောင်းသားတွေရဲ့နာမည်တွေကိုလဲ ပေးပါတယ်၊ အဲဒီကောင်လေးတွေက တခြားမြို့တွေ အားလုံးရောက်ကုန်ကြပြီ၊ ပြီးတော့ ရှစ္စန်ကလဲ သူ့အမေဆီ ဖုန်းဆက်ခဲ့တယ်ဆိုတာကိုလဲ ပြောပြသေးတယ်ဆရာ"

"ဒွန်နဲ့စတန်တို့က မစွက်သွမ်မဆင်နဲ့ကော စကားပြောခဲ့ရသလား"

"ဟုတ်ကဲ့၊ သူက ထောင်နားက တည်းခိုရိပ်သာမှာ နေနေတယ်၊ အဲဒီမှာ သူ့ကိုသွားတွေ့တာ"

"တည်းခိုရိပ်သာမှာပဲ စကားပြောကြတာလား"

"မဟုတ်ဘူး၊ ဘုရားရှိခိုးကျောင်းမှာ သွားတွေ့ပြီး မေးမြန်းကြတာ၊ သူက သူ့သားကလေးကို မနက်ဖြန် သေဒဏ်ပေးတော့မယ်ဆိုတာ မယုံနိုင်အောင် ဖြစ်နေတယ်၊ ဒါနဲ့ သူက ဘုရားကျောင်းသွားပြီး ဆုတောင်းနေတာ၊ ရှစ္စန်က သူ့ဆီကို ခြောက်နာရီမထိုးခင်ကလေးမှာ ဖုန်းဆက်တယ်လို့ သူကပြောတယ်၊ သူ့အနေနဲ့ ဘာကူညီရမှာလဲဆိုပြီး ရှစ္စန်က ပြောသတဲ့၊ ရှစ္စန်က တစ်နိုင်ငံလုံးလှည့်ပြီး သူ့သားကလေးမှာ တကယ်အပြစ်ရှိပါတယ်လို့ ပြောခဲ့တာကို မစွက်သွမ်မဆင်က အကြီးအကျယ် မကျေမနပ်ဖြစ်နေတယ်၊ ဒါကြောင့် သူ့သားကလေးသေသွားရင်တော့ ရှစ္စန်ကို သူ့အနေနဲ့ ဘယ်လိုတုံ့ပြန်ရမယ်ဆိုတာတောင် စဉ်းစားလို့ မရသေးဘူးဆိုပြီး ပြန်ပြောလိုက်တယ်လို့ ပြောပါတယ်၊ အဲဒါ ဆရာ ဘယ်လိုသဘောရသလဲ"

"ဒါ စဉ်းစားစရာတစ်ချက်ရတာပေါ့၊ မစွက်သွမ်မဆင်က အဲဒီလိုကြိမ်းတာကို ရှစ္စန်က တွေးကြောက်နေတယ်၊ ဒါကြောင့် သူနဲ့နီးလ်တို့ကို ကူညီဖို့ လူတစ်ယောက်ဆီ သွေးရှူးသွေးတန်းနဲ့ ဖုန်းဆက်တယ်၊ တကယ်တော့ သူက တကယ့်ပြန်ပေးမှုတစ်ခုလို့ ထင်ရအောင် ထူးထူးဆန်းဆန်းစတန့်ထွင်လိုက်တာပဲ၊ သဘောကတော့ သွမ်မဆင်သေဒဏ်ကလွတ်အောင် နီးလ်ကို ဓားစာခံလုပ်လိုက်တာဖြစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဖြစ်နိုင်တယ်ဆရာ"

"ဖြစ်နိုင်တာက ဟိုဘက်တောင် ကျော်သွားသေးတယ်"

"အဲဒီတော့ ဘာလုပ်ကြမလဲ ဆရာ"

"ဒါကို တကယ့်ဖြစ်ရပ်လို့သဘောထားပြီး ရှုရှန်ရဲ့လှုပ်ရှားမှုတွေကို ထောက်လှမ်းရမှာပေါ့၊ ဒီတစ်ဝိုက်က သူ့အပေါင်းအသင်းတွေကို ရှာဖွေပြီး ရနိုင်သမျှ သဲလွန်စတွေ စုဆောင်းရမယ်၊ မစ္စက်ပယ်ရီက တိတ်ခွေထဲကအသံကို အတိအကျပြောပြနိုင်ရင်တော့ တို့ဘက်က တရားခံကို အရဖမ်းဆီးနိုင်ပါပြီ"

❁

မစ္စက်ဂလင်ဒါပယ်ရီသည် သူမ၏အခန်းထဲတွင် ကက်ဆက်ကို အကြိမ်ကြိမ်ဖွင့်ကာ နားထောင်သည်။

"ပက်တာဆင် နောက် ဆယ်မိနစ်အတွင်းမှာ စကြီအမှတ်(၂၁) အလွန်ကလေးက တယ်လီဖုန်းရုံမှာ စောင့်နေပါ၊ ခင်ဗျားကို ကျွန်တော် အဲဒီက ထပ်ဆက်မယ်"

မစ္စက်ပယ်ရီက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းလိုက်ပြီး ကက်ဆက်ကို ပြန်ပိတ်လိုက်သည်။

သူမသည် လွန်ခဲ့သောတစ်ပတ်၊ နှစ်ပတ်အတွင်းက ဘာတွေလုပ်ခဲ့သည်ကို ပြန်စဉ်းစားကြည့်သည်။

မနေ့က အပြင်သို့ လုံးဝမထွက်ခဲ့။ ဆေးတိုက်သို့ ဖုန်းဆက်ခဲ့သည်။

ပြီးတော့ ကုသိုလ်ဖြစ်ဆေးရုံ ရန်ပုံငွေကိစ္စနှင့်ပတ်သက်၍ အင်္ဂနီးစ်နှင့် ဂျူလီတို့ထံ ဆက်ခဲ့သည်။

အဲဒီနောက် "မြေခွေး"က သူမထံ ဖုန်းဆက်သည်။

တနင်္ဂနွေက သူတို့လင်မယား ဘုရားကျောင်းသွား၍ဝတ်ပြုပြီးတော့ နယူးယောက်သို့ ကားမောင်းထွက်လာခဲ့ကြသည်။ ပီယာဟိုတယ်မှာ မနက်စာနှင့်နေ့လယ်စာ ပေါင်းစားကြသည်။

ထိုမှတစ်ဆင့် ကာနက်ဂျီခန်းမသို့သွား၍ ဟောပြောပွဲ နားထောင်ကြသည်။

ထိုနေ့တစ်နေ့လုံး ဘယ်သူနှင့်မှ တယ်လီဖုန်းစကား မပြောခဲ့။

စနေနေ့ကတော့ အိမ်ခန်းဆေးပြန်သုတ်ဖို့ ကိစ္စအတွက်ဆေးသုတ်ဆိုင်သွားခဲ့သည်။

ပြီးတော့ ဆံပင်ပြုပြင်ရေး ဆိုင်ဝင်ခဲ့သည်။ ဘာမှ ထူးခြားချက် မရှိ။

ထူးထူးခြားခြား ဘာမှမတွေ့ရ။

သူမသည် အိပ်ရာထဲကထပြီး စားပွဲသို့ လာခဲ့သည်။

အံဆွဲဖွင့်ပြီး နေ့စဉ်မှတ်တမ်း စာအုပ်ယူသည်။ မီးဖိုခန်းနံရံတွင် ချိတ်ထားသော ပြက္ခဒိန်ကို မစ္စတာပယ်ရီအား ယူခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ထွေထွေရာရာ ရေးမှတ်ထားလေ့ ရှိသည်။

ပြီးတော့ ငွေသွင်းပြေစာများနှင့် ချက်လက်မှတ်စာအုပ်တို့ကို တစ်နေရာဆီမှ သွားယူသည်။ သည်စာရွက်စာတမ်းများတွင် ရက်စွဲတွေပါသည်။

သည်အရာတွေကြည့်ပြီး သူမ ဘယ်နေ့က ဘယ်သွားပြီး ဘာလုပ်ခဲ့သည်ဆိုတာ မှတ်မိနိုင်သည်။ ယင်းစာရွက်စာတမ်းတွေ သယ်ယူလာပြီး အိပ်ရာပေါ် ပြန်လှဲချလိုက်သည်။

ရင်ဘတ်ထဲက နာချင်သလိုလို ခံစားရသည်။

နိုင်ထရိုဂလီဆရင်ဆေးတစ်လုံး မျိုချလိုက်သည်။

ကက်ဆက်ခလုတ်ကို လှမ်းဖွင့်လိုက်သည်။

ဝါးတားတား လည်ချောင်းသံ တိုးတိုးပြန်ပေါ်လာသည်။

"နောက်ဆယ်မိနစ်အတွင်းမှာ စကြီံအမှတ် (၂၁)အလွန်ကလေးက တယ်လီဖုန်းရုံမှာ စောင့်နေပါ၊ ခင်ဗျားကို ကျွန်တော်က အဲဒီက ထပ်ဆက်မယ်"

www.burmeseclassic.com

www.burmeseclassic.com

## ၂၈

တယ်လီဖုန်းရုံမှ ပြန်လာပြီးနောက် သူက ကက်ဆက်တိတ်ခွေကိစ္စ စဉ်းစားကြည့်သည်။ ရှရှန်နှင့် နီးလ်တို့၏အသံကို သွင်းပြီးပြီ။

ပက်တာဆင်ကို ပေးလို့ဖြစ်ပါ့မလား။ ဘာလို့မဖြစ်ရမှာလဲ။

သူသည် ဂရင်းဘူတာကြီးကို တန်းလာခဲ့သည်။ လူတွေ အသွားအလာရှုပ်နေတုန်း သွားမှ ပိုကောင်းမည်။ နို့မဟုတ်လျှင် မီးရထားရဲတွေ မြင်သွားမည်။ ဒီလူတွေက နတ်မျက်စိပိုင်ရှင်တွေ။ ဒီတစ်ပိုက်မှာ အမြဲတမ်း မတွေ့ဖူးတဲ့ လူစိမ်းဆိုရင် ချက်ချင်းသိတာပဲ။

ရှရှန်နှင့် နီးလ်တို့ မနေ့ညက ညစာ လုံးဝစားရသေးပုံ မရဘူး။ ယခုဆို တော်တော်ဆာနေကြရော့မည်။သူမကို သူက အငတ်မထားချင်ပါ။ သို့သော် ကလေးကိုမကျွေးဘဲ သူမကိုသာ ကျွေးလျှင်တော့ လုံးဝစားမည်မဟုတ်။ ဒီကလေးအကြောင်း စဉ်းစားမိတိုင်း သူ့အဖို့ အမြဲတမ်း စိတ်ထဲ ကသိကအောက်ဖြစ်ရသည်။

လွန်ခဲ့သောနှစ်ပတ်လောက်က ကလေးက သူတို့ကားပေါ် လှမ်းပြီး စိုက်ကြည့်နေသည်။ သူ့ရင်ထဲထိတ်ခနဲဖြစ်သွားသည်။ သူ အိပ်မက်ထဲတွင်တွေ့ရသော မျက်လုံးညိုကြီးများ။ သူ့ကို စွဲချက်တင်နေသော မျက်လုံးဝိုင်းကြီးများ။

မနက်ဖြန်ဆိုလျှင် သည်ပြဿနာတွေအားလုံး ရှင်းသွားတော့မည်။ သူက ရှရှန်အတွက်ပါ လေယာဉ်လက်မှတ်တစ်စောင် ဝယ်ရမည်။ ယခုတော့ ပိုက်ဆံမရှိသေး။ မနက်ဖြန်ကျတော့ သူလုပ်ချင်တာတွေ အားလုံးလုပ်နိုင်တော့မည်။ သူက လေယာဉ်ရုံးကို ကြိုတင်စာရင်းပေးထားပြီးပြီ။ ငါ့အတွက် ဘာနာမည်ပေးရမှာလဲ။ ရှရှန်အတွက်လည်း နာမည်တစ်ခု ရွေးရဦးမည်။

ယမန်နေ့က ရုပ်မြင်သံကြား "ယနေ့သတင်းစဉ်" ဆွေးနွေးခန်းတွင် သူမကို နာမည်ကျော်စာရေးဆရာမနှင့် သတင်းစာပင်တိုင်ဆောင်းပါးရှင်အဖြစ် ဖော်ပြခဲ့ကြသည်။

သူမ နာမည်ကျော်အမျိုးသမီး။ သူမကို လူတိုင်းနီးပါး သိကြသည်။ ဒီလောက်ထင်ရှားတဲ့ အထက်တန်းစား အမျိုးသမီးတစ်ယောက်က ငါ့ကို ချစ်တယ်ဆိုတာ အံ့ဩစရာပဲ။

သူမက နာမည်ကျော်။ ရုပ်မြင်သံကြားမှာလည်း ပါတယ်။

သူမကို လူတိုင်း မှတ်မိနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေလှမ်းများ တုံ့ခနဲ ဖြစ်သွားသည်။ သူ့နောက်မှ ကပ်လျှောက်လာသော အမျိုးသမီးတစ်ဦးက သူ့ကို ဝင်တိုက်မိသည်။ သူက စိတ်ဆိုးမာန်ဆိုးနှင့် အမျိုးသမီးကို စိုက်ကြည့်သည်။ အမျိုးသမီးက "မတော်လို့ပါရှင် တောင်းပန်ပါတယ်" ဟု ပြောပြီး ခပ်မြန်မြန်ကလေး ကျော်တက်သွားသည်။ သူစိတ်ပြေသွားသည်။

အမျိုးသမီးက ယဉ်ယဉ်ကျေးကျေး တောင်းပန်သွားသည်။

တောင်းပန်ရုံတင် မကသေးဘူး။ သူ့ကို ပြုံး၍ပင် ပြသွားသေးသည်။

သူဟာ လူချမ်းသာတစ်ယောက် ဖြစ်လာတော့မည်ဆိုတာသာ သိကြရင် အမျိုးသမီးတိုင်း သူ့ကို ပြုံးပြကြလိမ့်မည်။

သူသည် လက်ဇင်တန်အဲဗင်းနယူးလမ်းအတိုင်း ဖြည်းဖြည်းလျှောက်လာသည်။

လမ်းပေါ်တွင် ဘက်စ်ကားတွေ တဝီဝီပြေးနေကြသည်။ ဆီးနှင်းကလည်း တဖွဲဖွဲကျနေသည်။ သူတစ်ကိုယ်လုံး အေးစိမ့်လာသည်။ ဘီလ်မိုးဟိုတယ်သို့ သွားချင်စိတ်ပေါ်လာသည်။ ဟိုတယ်ခန်းက ပိုပြီး နွေးနွေးထွေးထွေးရှိသည်။ သူသည် သည်လိုအခန်းမျိုးတွင် သည်တစ်ကြိမ်ပဲ တည်းဖူးသေးသည်။

သို့သော် မဖြစ်သေး။ သူက ယနေ့ညနေအထိ ဓားစာခံတွေနှင့်အတူ ရှိနေရဦးမည်။ ထို့နောက် ကာလေသို့ ရထားစီးရမည်။ သူ့စခန်းကို သူသွား၍ သတင်းတစ်စုံတရာ ရောက်နေသလားဆိုတာ စုံစမ်းရမည်။ သူပျောက်နေတဲ့အတွက် လူတွေက သံသယဝင်စရာတော့ မရှိပါဘူး။

အရေးကြီးတာက ကက်ဆက်တိတ်ခွေ။ ဘယ်နေရာမှာ သွားပြီး ချထားရမှာလဲ။ တိတ်ခွေမရလျှင် ပက်တာဆင်က ပိုက်ဆံပေးမှာမဟုတ်။

သူ့အနေနှင့် ပိုက်ဆံရမှဖြစ်မည်။ လောလောဆယ်တွင် သူသည် ဖဲယားဖီးလ်နယ်မြေတွင် ဆက်နေလျှင် အန္တရာယ်နှင့် တိုးနိုင်သည်။ ယင်းနေရာမှ ထွက်သွားနိုင်ရန် ခိုင်လုံသော အကြောင်းလည်း ရှိသည်။ လူတိုင်းကလည်း သူ့ကို ထွက်သွားစေချင်နေကြသည်။

"ဒီနယ်မြေက ခုရက်ပိုင်းအတွင်းရုတ်တရက်ပြောင်းသွားတဲ့ လူတစ်ယောက်ယောက်များရှိသလား" ဟု ရဲတွေက စုံစမ်းနိုင်သည်။

သို့သော် ကိစ္စမရှိ။ ရဲက ယင်းသို့မေးလာလျှင်. . .

"ဟုတ်ကဲ့ လူတစ်ယောက်တော့ ရှိတယ်၊ ဒါပေမယ့် သူ့နေရာကို ပိုင်ရှင်က ပြန်သိမ်းတော့မယ်ဆိုလို့ တော်တော်စိတ်ညစ်နေတယ်" ဆိုပြီး အနီးအနားမှလူတွေက ပြန်ပြောကြမည်မှာ သေချာသည်။ သူသည် တိတ်ခွေသွားထားရမည့်နေရာကို ရုတ်တရက် စိတ်ကူးမိသည်။ ထိုနေရာတွင် ချထားလိုက်လျှင် ပက်တာဆင်ထံသို့ လွယ်လွယ်ကူကူနှင့် ရောက်နိုင်သည်။ ထို့နောက် လမ်းဘေးဆိုင်တန်းသို့ လာခဲ့ပြီး ကော်ဖီ၊ နို့နှင့် မုန့်များ ဝယ်ယူသည်။

သူတို့ကို သွားကျွေးပြီးမှ သူပြန်ထွက်လာမည်။ သူတို့ကို ဘာမှမကျွေးဘဲထားလျှင် သူ့ကို အကြင်နာတရားမရှိသူဟူ၍ ရှရွန်က ထင်သွားမည်။

ယင်းသို့ အထင်မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဘန္ဒန်ရထားလမ်းဆုံမှ ထွက်လာတော့ သူ့ကို တစ်စုံတစ်ယောက်က ခြေရာခံလိုက်သလို ခံစားမိသည်။ ဒါကိုတော့ သူက အလိုလို သိနေသည်။ သည်လိုကိစ္စမျိုးတွင် သူက အလွန်အကင်းပါးသည်။

သူက ရပ်ပြီး နားစွင့်လိုက်သည်။

အသံကြားရသလို ထင်မိသည်။ နောက်မှ ခြေဖျားထောက်လိုက်လာသော အသံမျိုး။

သို့သော် အိမ်ခြေရာခြေရှိပုံမရသော ခြေသလုံးအိမ်တိုင် အဘွားကြီးတစ်ယောက်သာ ဖြစ်နေသည်။ သူမသည် ရထားလမ်းဆုံဘက်သို့ ခုံးတံတားအတိုင်း လျှောက်သွားနေသည်။ စကြံတွင်အိပ်မည့် အဘွားကြီးဖြစ်နိုင်သည်။

သူ့အခန်းရှေ့ရောက်တော့ တံခါးတွင်ချည်ထားသော ဝါယာကြိုးကို သတိနှင့်ဖြုတ်သည်။ တံခါးသော့ကိုဖွင့်ပြီး အခန်းထဲဝင်သည်။ တံခါးကို ပြန်ပိတ်သည်။

အခန်းမီးကို ဖွင့်လိုက်သည်။

ရှရွန်နှင့် ကလေးတို့မှာ သူထားပစ်ခဲ့သည့် အနေအထားအတိုင်းပင် ရှိနေကြသည်။ မျက်နှာကို စည်းထားသောကြောင့် ကလေးက သူ့ကို မြင်ပုံမရ။ သို့သော် ရှရွန်က ကလေးနောက်မှ ခေါင်းထောင်လာသည်။

သူက လက်ထဲမှအထုပ်ချပြီး သူမအနီး ကပ်သွားသည်။

ပြီးတော့ သူမ၏ပါးစပ်မှ ပတ်တီးကို ဖြေသည်။

"သိပ်ပြီး အနေရကျပ်နေသလား"

ရှရွန်၏မျက်နှာအမူအရာ တစ်မျိုးဖြစ်နေသည်ကို သတိထားမိ၍ သူက မေးလိုက်သည်။

"မကျပ်ပါဘူး"

သူမက ခပ်ပြတ်ပြတ် ပြန်ဖြေသည်။ သူမကို ကြည့်ရတာ စိတ်ထဲက အတော်ကလေး လှုပ်ရှားနေပုံရသည်။ မျက်လုံးတွေက ကြောက်ရိပ်ပေါ်နေသည်။

"ကြောက်နေလို့လား"

သူက ချိုချိုသာသာ မေးသည်။

"ဟင့်အင်း မကြောက်ပါဘူး"

"မင်းတို့အတွက် ငါ စားစရာတွေ ယူလာတယ်"

"သြော် . . . ဟုတ်လား၊ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ . . . နီးလ်ပါးစပ်က ပတ်တီးကိုလဲ ဖြေလိုက်ပါဦး၊ ပြီးတော့ လက်ကကြိုးကိုလဲ ဖြေပေးပါ . . . နော်"

"ရပါတယ် ဖြေပေးပါ့မယ်"

သူက ကြိုးကို ခပ်မြန်မြန်ဖြေလိုက်သည်။

ခဏအတွင်း သူမ၏လက်မှ ကြိုးတွေပြေသွားသည်။

နီးလ်၏လက်ကို လှမ်းကိုင်လိုက်သည်။

ကလေးက ရှရွန်၏ဘေးသို့ ကပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြေပါစေသားရယ် ငြိမ်ငြိမ်နေလိုက်ပါ။ စောစောက အန်တီပြောတာသတိရမှာပေါ့"

"မင်းက သူ့ကို ဘာတွေပြောထားလို့လဲ"

"ဩော်. . . ကျွန်မပြောတာက. . . သူ့ဖေဖေက ရှင်တောင်းတဲ့ပိုက်ဆံ လာပေးရင် ရှင်က သူ့ကို အမြန်ဆုံးပြန်ပို့ပေးမယ်ဆိုတာ ပြောတာပါ။ ပြီးတော့. . . ကျွန်မက ရှင်နဲ့အတူ လိုက်သွားမယ်၊ သူ့ဖေဖေက သူ့ကို ကျွန်မတို့ထွက်သွားပြီး မကြာခင် လာခေါ်မှာပါလို့လဲ ပြောပြလိုက်တယ်"

သူက ခေတ္တစဉ်းစားနေသည်။ ပြီးတော့မှ. . .

"မင်းက ငါနဲ့ တကယ်လိုက်မလို့လား"

"တကယ်လိုက်မှာပေါ့၊ ကျွန်မက ရှင့်ကို သဘောကျနေပြီပဲ"

"ဒီမှာ. . ငါ ကော်ဖီနဲ့မုန့်ဝယ်လာတယ်၊ ကလေးအတွက်ကတော့ နို့ဝယ်လာတယ်"

"အို. . . ရှင်သိပ်တော်တာပဲ၊ ကျေးဇူးတင်ပါတယ်"

သူမက နီးလ်၏လက်ကောက်ဝတ်ကို လက်နှင့်ပွတ်ကြည့်သည်။

ပြီးတော့ နဖူးပေါ်ဝဲကျနေသော ဆံပင်များကို နောက်သို့ ပွတ်ချလိုက်သည်။

သူက သစ်သားသေတ္တာကြီးကို ဆွဲယူလိုက်ပြီး အစားအသောက်ထုပ်ကို သေတ္တာပေါ်တွင် တင်လိုက်သည်။

"နီးလ်အတွက် နို့ဘယ်မှာလဲ"

ရှရွန်က မေးသည်။

သူက ပလတ်စတစ်အိတ်နှင့် ထည့်လာသော နို့ကို ကမ်းပေးလိုက်သည်။

ရှရွန်က နီးလ်၏လက်ထဲ ထည့်ပေးရင်း. . .

"ရော့ နီးလ်. . . သေသေချာချာကိုင်နော်၊ ဖြည်းဖြည်းကလေးသောက်လိုက်"

သူက မုန့်ကြွပ်ထုပ်ကို ဖြေသည်။ သူ့အကြိုက် ထောပတ်ထူထူ သုတ်လာခဲ့သည်။

ရှရွန်က မုန့်တစ်ခုယူပြီး နီးလ်ကိုပေးသည်။

"နီးလ်. . . ဒါကလေးလဲ စားလိုက်ပါဦး"

သူမအသံက နူးညံ့သာယာသည်။

သူတို့နှစ်ယောက်စားနေသည်ကို သူက အနားမှ ထိုင်ကြည့်နေသည်။

ထို့နောက် သူ့လက်ထဲမှ ကော်ဖီကို ခပ်မြန်မြန်သောက်လိုက်သည်။ ရှရွန်နှင့်နီးလ်တို့က မုန့်တစ်ခုစီသာ စားကြသည်။ ကော်ဖီနှင့် နို့ကိုတော့ အကုန်သောက်ကြသည်။

သူက ကုတ်အင်္ကျီကို မချွတ်ဘဲနေသည်။ အခန်းထဲတွင် အလွန်အေးသည်။

သေတ္တာပေါ်မှ စားကြွင်းစားကျန်များကို ပလတ်စတစ်အိတ်တွင် ပြန်ထည့်ပြီး ကြမ်းပြင်ပေါ် ပစ်ချလိုက်သည်။ ပြီးတော့ သေတ္တာပေါ်ထိုင်ကာ သူတို့နှစ်ယောက်ကို စိုက်ကြည့်နေသည်။

ရှရွန်က ကလေးကို သူမ၏ပေါင်ပေါ်သို့ ဆွဲတင်လိုက်သည်။ ကလေး၏ အသက်ရှူသံမြန်လာသည်။ ပြင်းလည်းပြင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှန္တနက သူ့မျက်နှာလုံးဝမော်မကြည့်ဘဲ ကလေး၏ပခုံးကို လက်ဝါးနှင့် ပွတ်သပ်ရင်း ချော့သိပ်နေသည်။

ရှန္တနက နီးလ်၏နဖူးကို ငုံ့နမ်းလိုက်သည်။

ပြီးတော့ ကလေး၏ခေါင်းကို သူမ၏ပခုံးပေါ် မှီထားလိုက်သည်။

တော်တော်ချစ်စရာကောင်းတဲ့ မိန်းကလေးပဲဟု သူက တွေးမိသည်။

ကလေးအပေါ်မှာ တော်တော်ယုယတာပဲ။ ကလေးကို ရှင်းပစ်လိုက်ပြီး ငါ့အပေါ် မှာလည်း ဒီလိုပဲ ယုယခိုင်းရင် ကောင်းမယ်ထင်တယ်။

သူ့မျက်လုံးတွေ အမူအရာပြောင်းလာသည်။

စိတ်ထဲကလည်း မရိုးမရွှဖြစ်လာသည်။ မသိမသာ ပြုံးလိုက်သည်။

ရှန္တနက သူ့မျက်နှာ မော်ကြည့်သည်။

ကလေးကို ကျစ်ကျစ်ပါအောင် ဖက်လိုက်သည်။

ငါ့ကိုလည်း အဲဒီလို ဖက်လိုက်ပါတော့လား။

သူက ထိုင်ရာမှ ထရပ်လိုက်သည်။ ခုတင်နား ကပ်လာသည်။

ကက်ဆက်ကို ခြေထောက်နှင့် တိုက်မိသွားသည်။

ကက်ဆက်တိတ်ခွေ။

ပက်တာဆင်တောင်းထားတဲ့ တိတ်ခွေ။

ကလေးကို ရှင်းပစ်ရန် အချိန်အလွန်စောသေးသည်။

သူ စိတ်ပျက်သွားသည်။ ဒေါသလည်း ထွက်သွားမိသည်။

နေရာတွင် ပြန်ထိုင်ချလိုက်သည်။

"အခု မင်းကို အသံသွင်းရမယ်၊ ပက်တာဆင်က တောင်းထားတယ်"

"ဟင်. . . အသံသွင်းရမယ် ဟုတ်လား"

သူမက သူ့မျက်နှာကို ကြည့်လိုက်သည်။ သူ့အမူအရာ တစ်မျိုးဖြစ်နေသည်။

စိတ်မချရသော အမူအရာ။

သူမ ရုတ်တရက် အကြံထုတ်သည်။ဘယ်လိုလုပ်ရင်ကောင်းမလဲ။

ထွက်ပေါက်ရှိနိုင်ပါ့မလား။ နီးလ်က သူ့မေမေကို ဒီလူပဲ သတ်တာဟု ပြောတယ်။ တို့ကိုလည်း သတ်ချင်သတ်ဦးမှာ၊ မနက်ဖြန်ဆိုရင် မဖြစ်တော့ဘူး။ ရိုနယ်သွမ်မဆင် အတွက်ရော၊ နီးလ်အတွက်ရော သိပ်နောက်ကျသွားတော့မယ်။ မစ္စက်သွမ်မဆင်က ငါ့အတွက်ကြောင့် သူ့သားကလေး အသက်ခံရတော့မယ်လို့ ယူဆထားပြီ။ တကယ်တော့ သူပြောတာလည်း မမှားပါဘူး။ ဒီကလေးနှစ်ယောက်အသက် ငါကယ်မှ ဖြစ်တော့မယ်။ ငါ့အနေနဲ့တော့ ဖြစ်ချင်ရာဖြစ်ပါစေတော့။ အသက်သေတာထက်အပြင် တခြားဘာမှမဖြစ်နိုင်တော့ပါဘူး။ ငါ့အသက်တစ်ချောင်းထက် ဒီကလေးနှစ်ယောက်အသက်က ပိုပြီး တန်ဖိုးရှိတယ်။

ဒီလူမှာ သေနတ်ရှိတယ်။ ကုတ်အင်္ကျီအိတ်ထဲမှာ အမြဲဆောင်ထားတယ်။ သူ့ပခုံးကို ပရိယာယ်နဲ့ဖက်ပြီး ဆတ်ခနဲ ဆွဲထုတ်လိုက်ရင် ဖြစ်မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ရပြီဆိုပါတော့။ သူ့ကို ပစ်သတ်ရဲပါ့မလား။

နီးလ်ကလေး၏မျက်နှာကို ငုံ့ကြည့်လိုက်သည်။ တစ်ဆက်တည်းတွင် ထောင်ထဲမှ ကြိုးမိန့်ကျတရားခံကလေး၏ မျက်နှာကို မြင်ယောင်လာသည်။

အို. . . ဘာလို့ မသတ်ရဲရမှာလဲ။ သတ်ကိုသတ်မယ်။ သတ်မယ်။

သူက ကက်ဆက်ထဲ တိတ်ခွေထည့်သည်။

ကက်ဆက်က တီဒီဗလျူအိက်ဇ် အမျိုးအစား။ အိတ်ဆောင်သေးသေးကလေး။ အိတ်ထဲထည့်သွားလျှင် ဘယ်သူမှ သိနိုင်စရာမရှိ။

"ကဲ. . . ဒါကိုဖတ်"

သူ့လက်ထဲတွင် စာရွက်တစ်ရွက်ကိုင်ထားသည်။ သူက ဖတ်ပြသည်။

*"စတီးဖ်. . . ကျွန်မတို့ကို ပြန်လိုချင်ရင် တောင်းတဲ့ပိုက်ဆံ အမြန်ပေးလိုက်ပါ၊ ပိုက်ဆံက (၁၀)တန်၊ (၂၀)တန်၊ (၅၀)တန်တွေ ဖြစ်ရမယ်။ စုစုပေါင်း ဒေါ်လာ (၈၂၀၀၀)၊ မပျက်ကွက်ပါစေနဲ့၊ ပိုက်ဆံပေါ်မှာလဲ ဘာအမှတ်အသားမှ မလုပ်ပါနဲ့၊ မနက် (၂)နာရီတိတိမှာ (၅၉)လမ်းနှင့် လက်ဇင်တန်လမ်းထောင့်က တယ်လီဖုန်းရုံကို ကားနဲ့သွားပါ၊ တစ်ယောက်တည်းဖြစ်ပါစေ၊ ရဲကို လုံးဝခေါ်မလာပါနဲ့'*

ရှရွန်က သူ့မျက်နှာကို မော့ကြည့်လိုက်ပြီး. . .

"ကျွန်မ နည်းနည်းဖြည့်စွက်ပါရစေ၊ ကျွန်မဆိုလိုတာက ကျွန်မတို့ ရန်ဖြစ်ထားကြတယ်၊ သူနဲ့အဆက်ပြတ်နေပြီ၊ ကျွန်မက အသနားမခံရင် သူက ကျွန်မအတွက် ပိုက်ဆံပေးမှာ မဟုတ်ဘူး၊ ရှင်သိတဲ့အတိုင်း သူက အင်မတန်ခေါင်းမာတာ၊ သူက နီးလ်အတွက် ပိုက်ဆံ တစ်ဝက်ပဲ ပေးချင်ပေးမှာ၊ ကျွန်မက သူ့ကို မချစ်တော့ဘူးမဟုတ်လား။ ဒါပေမယ့် ကျွန်မတို့က အဲဒီပိုက်ဆံအပြည့်အစုံရမှ ဖြစ်မယ်မဟုတ်ဘူးလား. . ."

"မင်း ဘာပြောတာလဲ ရှရွန်၊ ငါတော့ သဘောမပေါက်သေးဘူး"

ဒီမိန်းမ ငါ့ကို ပရိယာယ်နဲ့ အယုံသွင်းနေတာလား။

သူပြောတာ ငါ ယုံရမှာလား။ သူ ဝေခွဲမရ ဖြစ်နေသည်။

"ကျွန်မက သူ့ကို တောင်းပန်မလို့ပါ၊ အဲဒါ. . . ပြောတာပါ"

သူမက ကလေးကို ပေါင်ပေါ်မှပြန်ချပြီး ရှေ့သို့တိုးကာ "မြေခွေး"၏လက်ကို လှမ်းကိုင်လိုက်သည်။

"ငါ့ကို တစ်ပတ်လှည့်မယ်တော့ မကြံနဲ့. . . ရှရွန်"

"ဘာလို့ ကျွန်မက ရှင့်ကို တစ်ပတ်လှည့်ရမှာလဲ၊ ဒါနဲ့. . . ရှင်က နီးလ်ကို ဘာပြောစေချင်သလဲ. . . ဟင်"

"သူ အိမ်ကို ပြန်လာချင်လှပြီ ဆိုတာလောက်ပဲ၊ အဲဒါလောက်ပဲ'

ကက်ဆက်ခလုတ်ပေါ်တွင် သူ့လက်ချောင်းတွေ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။

"ငါ ဒီကခလုတ်နှိပ်လိုက်တာနဲ့ အဲဒီစာရွက်ဖတ်တော့၊ မိုက်က တပ်ထားပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



ရှုရွန်က တံတွေးမျိုချလိုက်ပြီး တိတ်ခွေလည်ရန် ခေတ္တစောင့်နေလိုက်သည်။ ထို့နောက် စာရွက်ကို စ၍ဖတ်သည်။

"စတီးဖ်. . ."

သူမက အချိန်ဆွဲပြီး ဖြည်းဖြည်းဖတ်သွားသည်။

နောက်ဆုံး ". . . ရဲကို လုံးဝခေါ်မလာပါနဲ့" ဟူသောအကြောင်းဖြင့် အဆုံးသတ်လိုက်သည်။

သူမ ခေတ္တစဉ်းစားနေသည်။

သူက သူမမျက်နှာကို စိတ်ဝင်စားစွာဖြင့် ကြည့်နေသည်။

"စတီးဖ်. . ." သူမက စပြောသည်။

*"စတီးဖ်. . . နီးလ်က ရှင့်ဆီ စကားပြောချင်တယ်၊ ဒါပေမယ့် ပထမဆုံး ကျွန်မမှား ခဲ့ပါတယ်ဆိုတာကို ဝန်ခံပါရစေ၊ ကျွန်မအပေါ်မှာ ခွင့်လွှတ်ပါလို့ တောင်းပန် ပါတယ်"*

ကက်ဆက်ခွေ ချက်ခနဲမြည်ပြီး ဆုံးသွားသည်။ သူမက. . .

"ကျွန်မ အင်မတန်ကြီးကျယ်တဲ့အမှားကို ကျူးလွန်ခဲ့လို့ဖြစ်ပါတယ်" ဟု ဆက်ပြောမည်လုပ်တုန်း ကက်ဆက်ပိတ်သွားခြင်းဖြစ်သည်။

"ဒီလောက်ဆို လုံလောက်ပြီ၊ ဒီလောက်တောင်းပန်ရင် တော်ပါပြီ"

သူက ကလေးကို လက်ညှိုးထိုးပြသည်။

ရှုရွန်က ကလေးကို ပွေ့ဖက်ထားလိုက်သည်။

"ကဲ. . . နီးလ်. . . ဖေဖေ့ဆီ စကားပြောတော့"

နီးလ်က အသက်ပြင်းပြင်းရှူလာသည်။ စိတ်ကို တအားတင်းပြီး ပြောချလိုက်သည်။

"ဖေဖေ. . . သားအတွက် ဘာမှမပူပါနဲ့၊ သားနေကောင်းပါတယ်၊ အန်တီရှုရွန်က သားကို အများကြီးဂရုစိုက်ပါတယ်၊ ဒါပေမယ့် မေမေကတော့ သားကို ဒီနေရာရောက်စေချင်မှာ မဟုတ်ဘူးဖေဖေ. . ."

ကက်ဆက်ရပ်သွားသည်။ နီးလ်က စတီးဖ်ထံ သတင်းတစ်ခုပေးရန် ကြိုးစားသည်။ သူ့မေမေအသတ်ခံရမှုနှင့် သူတို့ ပြန်ပေးဆွဲခံရမှု ဆက်စပ်နေကြောင်း သတင်းပို့ရန် ကြိုးစားခြင်း ဖြစ်သည်။ ပြန်ပေးက တိတ်ခွေကို ပြန်ရစ်သည်။ ပြီးတော့ ပြန်ဖွင့်ကြည့်သည်။

သူက ရှုရွန်ကို ကြည့်ပြီး ပြုံးပြသည်။

"သိပ်ကောင်းတယ်၊ ငါသာ ပက်တာဆင်ဆိုရင် မင်းတို့နှစ်ယောက်ကို ဆက်ဆက် ပြန်ရွေးမှာပဲ"

"ရှင်ကျေနပ်ရင် ကျွန်မဝမ်းသာပါတယ်"

ဒီလူ ငါ့ကို ပရိယာယ်နဲ့ ညာဏ်ဆင်နေတာများလား။

"အန်တီ. . ."

နီးလ်က ရှုရွန်၏လက်ကို လိုက်စမ်းပြီး ဆုပ်ကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် . . . ကျွန်တော် . . ."

"အိုး . . . မင်းက အိပ်သာဝင်ချင်လို့လား ချာတိတ်"

ပြန်ပေးက နီးလ်စကားမဆုံးခင် ဖြတ်ပြောလိုက်သည်။

"ကဲ . . . လာ၊ ငါ . . လိုက်ပို့ပေးမယ်"

သူက နီးလ်ကို ပွေ့ချီကာ အိမ်သာခန်းထဲ ဝင်သွားသည်။

တံခါး ပြန်ပိတ်သွားသည်။ ရှရွန် ရင်တွေတုန်လာသည်။

မကြာခင် ပြန်ပေးထွက်လာသည်။

နီးလ်ကို ချိုင်းကြားညှပ်၍ ချီလာသည်။ သူက နီးလ်မျက်နှာကို တစ်ဖက်လှည့်ထားသည်။ သူ့ပုံက ကလေးမျက်နှာကြည့်ရမှာ ကြောက်နေသလိုပုံမျိုး။ သည်အချက်ကို ရှရွန်က သတိထားမိသည်။ သူက နီးလ်ကို ခုတင်ပေါ်ပြန်ချလိုက်သည်။

ကလေးသည် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။

"အန်တီ . . ."

"ဘာလဲ . . . သား၊ အန်တီရှိတယ်လေ"

သူမက နီးလ်ကို သိုင်းဖက်ထားလိုက်သည်။

"ရှရွန် မင်းကော သွားဦးမလား"

ပြန်ပေးက အိမ်သာဘက် ခေါင်းညိတ်ပြရင်း မေးလိုက်သည်။

"ဟုတ်ကဲ့"

သူက သူမ၏လက်မောင်းကို ဆွဲကိုင်ပြီး ညစ်ပတ်နံစော်နေသော အခန်းကျဉ်း ကလေးထဲသို့ ခေါ်သွင်းလာသည်။ ခြေထောက်တွင် ကြိုးချည်ထားသောကြောင့် ခြေမျက်စိတွေက နာကျင်လှသည်။

"တံခါးအပေါ်မှာ ဂျလက်ရှိတယ်၊ မင်းအထဲမှာရှိနေတုန်း ဂျလက်ချချင်ချထား။ ကိစ္စပြီးရင်တော့ မြန်မြန်ကလေး ပြန်ထွက်ခဲ့ပါနော်"

သူက သူမ၏ပါးကို လက်နှင့်ပွတ်ရင်း . . .

"မင်း ထွက်မလာရင်တော့ . . . ငါရှူးလိမ့်မယ်"

သူက အပြင်ထွက်လာပြီး တံခါးကို ဆွဲပိတ်လိုက်သည်။

ရှရွန်က ဂျလက်ကို ခပ်မြန်မြန်ထိုးပိတ်လိုက်ပြီးနောက် အခန်းထဲကို မျက်လုံးကစား ကြည့်လိုက်သည်။ တစ်ခန်းလုံး မှောင်မည်းနေသည်။ သူမသည် ပိုက်လုံးအစတစ်ခုကို စမ်းမိသည်။ သို့သော် ပိုက်လုံးက ကြမ်းပြင်တစ်လျှောက် အသေတပ်ထားသည်။

"မြန်မြန်လုပ်ပါဟ"

ပြန်ပေးက အပြင်ဘက်မှ လှမ်းအော်သည်။

"ဟုတ်ကဲ့ . . . ပြီးပါပြီ"

တံခါးဝသို့ ပြန်ထွက်လာတော့ ဝက်အူပြုတ်၍ လျှပ်နေသော လက်ကိုင်ကွင်းကို စမ်းမိသည်။ သူမက ခပ်မြန်မြန်ကလေး လိမ်ချိုးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်၍ရလျှင် အကျီအတွင်းအိတ်ထဲသို့ ထည့်ယူသွားရန်ဖြစ်သည်။
သို့သော် တအားလိမ်ချိုးသော်လည်း လုံးဝမပြုတ်။
"ဟော့. . . ကြာလှချေလား၊ မြန်မြန်ထွက်ပါဆိုနေမှ"
သူ့အသံက မာသည်။ သူ ဒေါသဖြစ်နေပြီ။
သူမက တံခါးကို ကမန်းကတန်းဖွင့်သည်။ အပြင်သို့လှမ်းထွက်သည်။ ယိုင်လဲတော့မလို ဖြစ်သွားသည်။ တံခါးဘောင်ကို လှမ်းကိုင်ထားလိုက်ရသည်။
သူက သူမအနားကပ်လာသည်။ သူမက သူ့လည်ပင်းကိုလှမ်းဖက်ထားလိုက်သည်။ သူမက သူ့ပါးကိုနမ်းသည်။ နှုတ်ခမ်းကိုလည်းနမ်းသည်။ သူက သူမတစ်ကိုယ်လုံးကို ကျစ်ကျစ်ပါအောင်ဖက်ထားသည်။ သူ့ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။
သူမလက်နှစ်ဖက်ကို သူ့ပခုံးနှစ်ဖက်ပေါ်သို့ လျှောချလိုက်သည်။ သူ့ကျောပြင်ကို ပွတ်သပ်ကစားသည်။ လည်ပင်းတစ်ဝိုက်ကိုလည်း အသာအယာ ပွတ်သပ်ကစားသည်။
ညာလက်က အောက်ဘက်သို့ တဖြည်းဖြည်းဆင်းလာသည်။ ပြန်ပေး၏ကုတ်အကျီအိတ်ထဲသို့ အသာကလေး နှိုက်ကြည့်လိုက်သည်။ သံထည်ပစ္စည်းတစ်ခုကို သွားစမ်းမိသည်။
ပြန်ပေးက သူမအား နောက်သို့ တွန်းပစ်လိုက်သည်။ သူမသည် အင်္ဂတေကြမ်းပြင်ပေါ်သို့ ပက်လက်လန်လဲကျသွားသည်။ ခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။ ကြိုးချည်ထားသော ခြေထောက်တွေကလည်း ပြတ်ကျမတတ်ခံစားလိုက်ရသည်။
"တော်တော်ဆိုးတဲ့မိန်းမ၊ မင်းလဲ တခြားကောင်မတွေအတိုင်းပဲ"
သူက ဒေါသတကြီး အော်ပြောသည်။
သူမကို စီးမိုးရပ်လျက် စိုက်ကြည့်နေသည်။
သူမသည် နာကျင်မှုဝေဒနာကြောင့် စောစောက စားထားသောအစာတွေ အန်ထွက်လာမတတ် ခံစားလိုက်ရသည်။
"ခွေးတိရစ္ဆာန်မ. . . လာစမ်း"
သူက သူမအား အတင်းဆွဲ့ပွေ့လျက် ခုတင်ပေါ်ပစ်တင်လိုက်သည်။
ပြီးတော့ လက်နှစ်ဖက်ကို နောက်ကျောသို့ ဆွဲလိမ်ထားလိုက်သည်။
"အမယ်လေး. . . သေပါပြီရှင် သေပါပြီ"
"အန်တီ. . . အန်တီ ဘာဖြစ်တာလဲဟင်"
နီးလ်က အလန့်တကြားနှင့် မေးလိုက်သည်။
"ဩော်. . . အန်တီလဲကျသွားတာပါ နီးလ်"
သူမက တတ်နိုင်သမျှ အသံကိုထိန်း၍ ပြောလိုက်သည်။
"တခြားကောင်မတွေလိုပဲ ဟန်ဆောင်တယ်၊ ဟန်ဆောင်တာထက်တောင် ပိုဆိုးသေးတယ်၊ ငါ့ကို မလိမ့်တစ်ပတ်နဲ့ ပရိယာယ်ဆင်တယ်၊ ကဲ. . . ဟန်ဆောင်ဦး၊ ပရိယာယ်ဆင်ဦး. . . ကဲ. . . ကဲ"
သူက သူမ၏လည်ပင်းကို လက်နှစ်ဖက်နှင့် တအားညှစ်ရန် ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက အတင်းရုန်းသည်။

"မလုပ် . . . မလုပ် . . . မ . . လုပ် . . လုပ် . . ပါနဲ့"

ညှစ်အား လျော့ကျသွားသည်။ သူမဦးခေါင်း နောက်သို့ လန်ကျသွားသည်။

"အန်တီ . . . အန်တီ . . . အန်တီကို မသတ်ပါနဲ့ . . . မသတ်ပါနဲ့"

နီးလ်က ပြောရင်း ရှိုက်ငိုသည်။ အသက်ရှူသံကလည်း မြန်လွန်းလှသည်။

ရှရွန်က အသက်ရှိုက်သွင်းလိုက်ပြီး မျက်နှာကို သူ့ဘက်သို့ လှည့်လိုက်သည်။ မျက်ခွံတွေ လေးလံနေသည်။ အားတင်းပြီး ဖွင့်ကြည့်သည်။

ပြန်ပေးက ရေစင်နားတွင် ရပ်နေသည်။ သူ့မျက်နှာကို ရေဆွတ်နေသည်။

သူမက ကြောက်ကြောက်လန့်လန့်နှင့် လှမ်းကြည့်နေသည်။

သူသည် သူ့စိတ်ငြိမ်အောင် လုပ်နေခြင်းဖြစ်သည်။

သူမကို လည်ပင်းညှစ်၍ သတ်မိတော့မလောက် ဖြစ်သွားသည်။

သူ ဘာကြောင့် လက်ကိုပြန်လွှတ်လိုက်တာပါလိမ့်။

သူ ငါ့ကို မသတ်ချင်လို့ ဖြစ်မည်။ ငါ့ကို ချစ်ချင်သေးလို့ ဖြစ်မည်။

သူမက နာကျင်မှုဒဏ်ကို နှုတ်ခမ်းကိုက်၍ ကျိတ်ခံသည်။

ထွက်ပေါက်မရှိတော့။ လုံးဝမရှိတော့။

မနက်ဖြန် ပိုက်ဆံရလျှင် သူက သူမနှင့် ကလေးငယ်ကို သတ်တော့မည်။ ရိုနယ်သွမ်မဆင်ကလေးလည်း သူ မကျူးလွန်တဲ့ပြစ်မှုကြောင့် သေရတော့မည်။ သွမ်မဆင်အနေဖြင့် ပြစ်မှုမကျူးလွန်ကြောင်းကို သူမနှင့် နီးလ်တို့သာလျှင် သက်သေထွက်ဆိုနိုင်ကြမည်။

သူမ ခြေမျက်စိတွေက ကြိုးစည်း၍ ရောင်နေကြပြီ။ ကြိုးတွေက သားရေဘွတ်ဖိနပ်ကို ဖောက်ဝင်နေပြီလား ထင်ရသည်။ နာကျင်လွန်းသောကြောင့် မျက်နှာတွင် ချွေးတွေပြန်လာသည်။သူက ရေစင်မှပြန်လှည့်ပြီး မျက်နှာကို လက်ကိုင်ပဝါနှင့် သုတ်နေသည်။

ပြီးတော့ ပြန်လျှောက်လာပြီး နီးလ်၏လက်နှစ်ဖက်ကို ကြိုးပြန်စည်းသည်။

ထို့နောက် နှစ်ယောက်စလုံးကို ပါးစပ်ပိတ်စည်းလိုက်သည်။ ပြီးလျှင် အဝတ်သေတ္တာနှင့်တံခါးဆက်သွယ်ထားသော ဝါယာကြိုးကို ပြန်လည်တပ်ဆင်သည်။

"ငါ ပြန်ထွက်ဦးမယ်၊ မနက်ဖြန်မှ ပြန်လာမယ်၊ ဒီတစ်ခေါက်ပဲ ပြန်လာတော့မှာ"

သူက အသက်မပါသော အေးအေးစက်စက်အသံကြီးနှင့် ပြောလိုက်သည်။

စင်စစ် သူက ယခုလောက် စောစောပြန်ထွက်ရန် မရည်ရွယ်ခဲ့။

သို့သော် သည်ထက် ကြာကြာနေလျှင် သူမကို သတ်မိလိမ့်မည်။

သူက သူမကို မသတ်ချင်သေး။

ပြီးတော့ သူတို့နှစ်ယောက်စလုံး အသက်ရှင် နေသေးကြောင်း သက်သေပြနိုင်မှ သူတောင်းထားသည့် ပိုက်ဆံကို အတိအကျ ရနိုင်လိမ့်မည်။

ထို့ကြောင့် သူမကို သတ်၍မဖြစ်သေး။

✠



www.burmeseclassic.com

www.burmeseclassic.com



(၁၁)နာရီတွင် မောင့်ဟန္တန်မှ ရထားတစ်စီးဝင်လာရန်ရှိသည်။

မိနစ်အနည်းငယ်မျှသာ စောင့်ရတော့မည်။

သူသည် ဥမင်လိုဏ်ခေါင်းဝနားတွင် ရပ်နေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင် မှောင်နေသည်။

ရုတ်တရက် ခြေသံတွေ ကြားလိုက်ရသည်။ အုတ်နံရံနား ပြေးကပ်ပြီး မသိမသာ လှမ်းကြည့်လိုက်သည်။ မီးရထားရဲတစ်ယောက်။

မီးရထားရဲသည် ဟိုလျှောက်သည်လျှောက်ဖြင့် နီးနားတစ်ဝိုက်ကို သတိနှင့် ရှာဖွေကြည့်သည်။ အခန်းဘက်သို့သွားသော လှေကားလမ်းဆီသို့ လှမ်းကြည့်သည်။ ထို့နောက် မောင့်ဟန္တန်ရထားဆိုက်သော စကြံဘက်သို့ ဖြည်းဖြည်းပြန်လျှောက်သွားသည်။

ပြန်ပေးသည် ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံး ဇောချွေးတွေပြန်နေသည်။

အချိန်ဆွဲနေလို့မဖြစ်တော့၊

ကိစ္စပြတ်အောင် မြန်မြန်လုပ်ပြီး မြန်မြန်ထွက်သွားမှ ဖြစ်တော့မည်။

ရထားဝင်လာသံ ကြားရသည်။ ရထားဘရိတ်အုပ်သံ ကြားရသည်။

ရပ်နေရာမှ ခပ်သုတ်သုတ်လျှောက်လာသည်။

မကြာမီတွင် ရထားပေါ်မှဆင်းလာသော ခရီးသည်တွေကြားထဲ ရောက်သွားသည်။

အချိန်မှာ (၁၁)နာရီထိုးခါစ ရှိသေးသည်။ သူက ဟိုတယ်ခန်းထဲသွား၍ ထိုင်မနေချင်။ စိတ်က ဂနာမငြိမ်ဖြစ်နေသည်။ သို့နှင့် (၄၂)လမ်းဘက်သို့ လျှောက်လာပြီး ရုပ်ရှင်ရုံထဲထိုင်ကာ အပြာကားသုံးကား ကြည့်ပစ်လိုက်သည်။

တော်တော်ကလေး လန်းဆန်းသွားသည်။

လေးနာရီငါးမိနစ်တွင် သူ ကာလေရထားပေါ်သို့ ရောက်နေပြီ။ ရထားပေါ်တွင် နေရာယူပြီးသည့်တိုင်အောင် သူက စတီးဖ်ပက်တာဆင်ကို မမြင်မိသေး။ စတီးဖ်က သူ့ဘေးမှ ဖြတ်လျှောက်သွားတော့မှ မော့်ကြည့်လိုက်မိခြင်းဖြစ်သည်။ သူက ရုတ်တရက် သတင်းစာနှင့် မျက်နှာကို ကွယ်ထားလိုက်သည်။ ကြိုတင်ပြင်ဆင်မှုသည် တန်ဖိုးရှိလေစွ။

စတီးဖ်သည် လေးလံသော လက်ဆွဲအိတ်ကြီးတစ်လုံးကို ဆွဲလာသည်။

ပိုက်ဆံအိတ်ပဲဖြစ်မည်။ သူက သဘောပေါက် တွေးလိုက်သည်။

ဒီညဆိုရင် ၊ အဲဒီပိုက်ဆံတွေအားလုံး ငါ့လက်ထဲ ရောက်လာတော့မည်။

မျှော်လင့်ချက်ကြောင့် ကြောက်စိတ်တွေ ပျောက်သွားသည်။

ယုံကြည်မှုရှိလာသည်။ ကာလေဘူတာတွင်ရထားဆိုက်၍ စတီးဖ်က ကားမောင်းပြီး ထွက်သွားတော့မှ သူက ဘူတာမှ ထွက်ခွာလာခဲ့သည်။

ဆီးနှင်းတောထဲဖြတ်၍ ရှစ်ပြလောက်လျှောက်လာပြီးတော့မှ သူ့နေရာသို့ ရောက်လာသည်။ လမ်းကြိုလမ်းကြားအစွန်မှ ညစ်စုတ်စုတ် ကားရုံကလေးတစ်ခုဖြစ်သည်။

*အော၊ အာ၊ တက်ဂတ် ကားပြင်ဌာန* ဟူ၍ ဆိုင်းဘုတ်ဆွဲထားသည်။

တံခါးဖွင့်ပြီးအတွင်းသို့ ကမန်းကတန်း ဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးကြားညှပ်ထားသော ဘာစာရွက်စာတမ်းမျှ မတွေ့ရ။

ကောင်းသည်။ သူ့ထံ ဘယ်သူမျှမလာ။ တစ်ယောက်ယောက်လာ၍ သူ့ကိုမတွေ့လျှင်လည်း သူတို့က ဘယ်လိုမှထင်မည်မဟုတ်။ သူက မကြာခဏဆိုသလိုအိမ်တိုင်ရာရောက်သွားပြီး ပြင်ပေးလေ့ရှိသည် မဟုတ်လား။

ကားရုံထဲတွင် ညစ်ပတ်ပေရေနေပြီး အေးစက်နေသည်။

ဂရင်းဘူတာကြီးထဲက နေရာထက် သိပ်မသာလှ။

ကားရုံထဲတွင် သူ့ကားရှိသည်။ အပြင်ထွက်ရန် အဆင်သင့်။

ရုံထောင့်မှ ဓာတ်ဆီပုံးယူပြီး ဓာတ်ဆီထည့်သည်။ သူက ဓာတ်ဆီအပို အမြဲတမ်းဝယ်ထားတတ်သည်။ ကားလာပြင်သူများအတွက်ရော၊ သူ့အတွက်ရော အကျိုးရှိသည်။

ကားကို နံပါတ်သစ်လည်းပြောင်းတပ်ထားပြီးပြီ။ ကားထဲမှရေဒီယိုကိုလည်း ရှေ့ခန်းထိုင်ခုံအောက်တွင် ပြောင်းထည့်ထားပြီးပြီ။ လွန်ခဲ့သောခြောက်နှစ်ကာလအတွင်း အသုံးပြုခဲ့သောကားနံပါတ်များနှင့် အတုလုပ်ထားသော ကားသော့များကိုလည်း တစ်ခုမကျန် အမှိုက်ပုံးထဲ လွှင့်ပစ်လိုက်ပြီးပြီ။

သည်နေရာတွင် သည်အကြိမ်သည် သူ့အဖို့ နောက်ဆုံးအကြိမ်ဖြစ်သည်။ သည်နေရာကို ရာသက်ပန် စွန့်ခွာရတော့မည်။ လွန်ခဲ့သောနှစ်လလောက်ကတည်းက အလုပ်လည်းမည်မည်ရရမရှိခဲ့။ သူ့စိတ်တွေ လေလွင့်နေခဲ့သည်။ ဂနာမငြိမ်ဖြစ်နေသည်။ သည်ကြားထဲ ဇော်ဂလာတို့ကားကို ခိုးယူပြီး အလုပ်ကြီးအကိုင်ကြီးဖြစ်ခဲ့သည်မှာ အလွန်ကံကောင်းသည်။

ကားရုံနောက်ဖက် တံခါးနားမှ အဝတ်ချိတ်တွင် ချိတ်ထားသော အားကစားဂျက်ကက်နှင့် ဘောင်းဘီကို ဖြုတ်ပြီး သေတ္တာထဲသိပ်ထည့်သည်။

စက်ဆီတွေပေကျံနေသော အခြားအကျႌဘောင်းဘီများကို လုံးထွေးပြီး ခုတင်ပေါ် ပစ်တင်လိုက်သည်။ တော်ပြီ။ ဒါတွေမလိုတော့။ ဒီညပဲ ပိုက်ဆံတွေ အများကြီးရတော့မှာပဲ။ ဒီအစုတ်အပြတ်တွေ ဘာလုပ်တော့မှာလဲ။ မနက်ဖြန်ဆိုရင် ကြိုက်သလောက် ဝယ်ဝတ်နိုင်ပြီပဲ။

သူ့ကုတ်အကျႌထဲမှ ကက်ဆက်ကလေးကို နှိုက်ယူလိုက်သည်။ ကက်ဆက်ကိုဖွင့်ပြီး ရှရွန်နှင့် နီးလ်တို့၏အသံကို နားထောင်ကြည့်သည်။

နံရံကပ်အဝတ်ဗီရိုပေါ်တွင် 'ဆိုနီ' အမျိုးအစား တခြားကက်ဆက်တစ်လုံးရှိသည်။ ယင်းကက်ဆက်ကို လှမ်းယူပြီး ခုတင်ပေါ်တွင် တင်လိုက်သည်။

ပြီးတော့ တိတ်ခွေတစ်ခွေ ရွေးပြီးထည့်သည်။

ထို့နောက် ရှရွန်နှင့် နီးလ်တို့ အသံသွင်းထားသော အိတ်ဆောင်ကက်ဆက်ကလေးကိုပြန်ဖွင့်သည်။ တစ်ပြိုင်တည်းတွင် 'ဆိုနီ' ကက်ဆက်တွင် အသံသွင်းခလုတ်ကို နှိပ်လိုက်သည်။ မိနစ်ပိုင်းမျှသာကြာသည်။

ထပ်ဆင့်အသံသွင်းပြီးသွားသောအခါ တိတ်ခွေကို ပြန်ရစ်သည်။

ပြန်ဖွင့်ပြီး အသံကို ပြန်စစ်ကြည့်သည်။

ပြီးတော့ ပြန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ယင်းတိတ်ခွေကို ကုန်ထုပ်စက္ကူနှင့်ထုပ်ပြီး စကော့ချ်တိတ်ပ်နှင့် သေသေသပ်သပ် ကပ်သည်။ ပြီးလျှင် အနီရောင်မင်ချောင်းဖြင့် အထုပ်ပေါ်တွင် လိပ်စာရေးလိုက်သည်။

တခြားတိတ်ခွေများနှင့် ကက်ဆက်နှစ်လုံးကို အဝတ်သေတ္တာထဲ ထည့်လိုက်သည်။ ပြီးတော့ ကားဆီသို့ ယူလာခဲ့သည်။

ကားရှံတံခါးကို ဖွင့်သည်။ ကားပေါ်တက်ထိုင်ပြီး စက်နှိုးလိုက်သည်။

ကားက အတော်ကလေးကြာတော့မှ စက်သံမြည်လာသည်။

သူက ကျေနပ်ပြုံး ပြုံးလိုက်ပြီး တိုးတိုးကလေး ပြောလိုက်သည်။

"ကိုင်း. . . ပထမဆုံး ဘုရားရှိခိုးကျောင်းသွားမယ်၊ ပြီးတော့ ဘီယာဆိုင်"

www.burmeseclassic.com

www.burmeseclassic.com

## ၂၉

"ကျွန်တော်တော့ ဘယ်နည်းနဲ့မှ အဲဒီလိုမထင်ဘူး၊ ဒီအမှုကို မစ္စတာဟူးချ်တို့ဘက်က လိမ်လည်လှည့်ဖြားမှုလို့သာ ယူဆရင်တော့ ကျွန်တော့်သားကလေးနဲ့ ရှရွန်တို့ အသက်ဆုံးရှုံး ရတော့မှာ ကျိန်းသေပဲ"

စတီးဖ်က စုံထောက်အရာရှိ ဟူးချ်တေလာအား ခပ်မာမာခပ်ပြတ်ပြတ်ပင် ပြောလိုက် သည်။ သူသည် နယူးယောက်မှ ပြန်ရောက်ခါစရှိသေးသည်။ အင်္ကျီအိတ်နှစ်ဖက်ကို လက် နှိုက်လျက် ဧည့်ခန်းထဲတွင် ဂနာမငြိမ် ခေါက်တုံ့ခေါက်ပြန်လျှောက်နေသော သူ့ကိုကြည့်ပြီး ဟူးချ် ကရုဏာဒေါသော ဖြစ်နေသည်။ သူသည် သောကစိတ်ကို သံသယစိတ်ဓာတ်ဖြင့် ထိန်းချုပ်ထားသော်လည်း သူ့ရုပ်ရည်မှာ ရက်ပိုင်းအတွင်း (၁၀)နှစ်လောက် အိုစာသွားသလို ထင်ရသည်။

"ဟုတ်တယ် မစ္စတာပက်တာဆင်၊ ကျုပ်တို့ကတော့ အမှုကို ပြန်ပေးဆွဲ ဟန်ဆောင် မှုလို့ပဲ ယူဆနေတုန်းပဲ၊ အဲဒါကြောင့် ဒီအမှုဟာ ရိုနယ်သွမ်မဆင်ပြစ်ဒဏ်လျှော့ပေါ့ရေးအတွက် အကျပ်ကိုင်တောင်းဆိုမှုလို့ ကျုပ်တို့က ယူဆချင်တယ်"

"အဲဒီလိုမဖြစ်နိုင်ပါဘူး၊ မစ္စက်ဂလင်ဒါဆီကလဲ ဘာအဖြေမှမရသေးဘူး မဟုတ် လား"

"ဟုတ်တယ်၊ သူ့ဆီကတော့ ဘာမှထူးထူးခြားခြား မရသေးဘူး"

"ပြီးတော့ ပြန်ပေးဆီကလဲ တိတ်ခွေဖြစ်ဖြစ်၊ ကက်ဆက်ဖြစ်ဖြစ်ဘာမှမလာသေးဘူး"

"အဲဒါလဲ ဟုတ်ပါတယ်"

"အဲဒီတော့ ကျွန်တော်တို့ဘက်က စောင့်ကြည့်နေရုံပဲပေါ့"

"ဟုတ်တယ်၊ ဒါပေမယ့် ဒီညသန်းခေါင်မှာ ခင်ဗျား နယူးယောက်ကိုတော့ သွားရ လိမ့်မယ်"

"ဒါနဲ့. . . ပြန်ပေးက ကျွန်တော့်ကို တွေ့ရဲမယ်ထင်သလား"

"သူက ခင်ဗျားကို တွေ့မှာပါ၊ ကျုပ်တို့က (၅၉)လမ်းက တယ်လီဖုန်းကို ဖြတ်နား ထောင်တဲ့ 'တက်ပ်' ကိရိယာတော့ တပ်ထားတယ်၊ သူက အရင်အတိုင်းပဲ ခင်ဗျားကို နောက်



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းတစ်ခုခုက နားထောင်ဖို့ ထပ်ချိန်းမယ် ထင်တာပဲ၊ ဒါပေမယ့်. . . ခင်ဗျားကား ထဲမှာတော့ အသံဖမ်းမိုက် တပ်ထားလို့ မဖြစ်ဘူး၊ ဘာဖြစ်လို့ဆိုတော့ ပြန်ပေးက ခင်ဗျားကား ထဲဝင်လာနိုင်လို့ပဲ၊ ကျုပ်တို့က ခင်ဗျားကို ခြေရာခံနိုင်အောင် အနီးအနားက အဆောက်အအုံ တွေမှာ စုံထောက်တွေ ချထားမယ်၊ ပြီးတော့ ခင်ဗျားကို မျက်ခြည်မပြတ် လိုက်နိုင်အောင် ကားတွေလဲ အလုံအလောက် လွှတ်ထားမယ်၊ သူတို့က ခင်ဗျားကိုလာခေါ်ဖို့ တခြားကား တွေဆီ ရေဒီယိုနဲ့ သတင်းပို့မယ်၊ ပြီးတော့ လက်ဆွဲသေတ္တာထဲမှာ ထည့်ထားတဲ့ အသံဖမ်းစက် ကလဲ ခင်ဗျားဘယ်ရောက်နေတယ်ဆိုတာ သတင်းပို့မှာပဲ"

ဒေါ်ရာလပ်ဖ်က တံခါးဝမှ ခေါင်းပြူကြည့်သည်။

"ခွင့်ပြုပါရှင်" ဟု သူမက တောင်းပန်လိုက်သည်။ သူမအသံက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ကင်းမဲ့နေသည်။ ဟူးချ်၏ ခပ်တည်တည်အကြည့်ကြောင့် သူမစိတ်ထဲ ကြောက် သလိုလို ရွံ့သလိုလို ဖြစ်မိသည်။ သူက သူမနှင့်ဘီလ်တို့အား သံသယအကြည့်ဖြင့် အမြဲတမ်း ကြည့်တတ်သည်။ ဘီလ်က အရက်သောက်တာတစ်ခုပဲ ပြောစရာရှိသည်။ အရက်သောက် တာနဲ့ပဲ လူကောင်းမဟုတ်လို့ ပြောနိုင်သလား၊ လွန်ခဲ့သော (၂၄)နာရီအတွင်း ကြုံခဲ့ရသော စိတ်မချမ်းသာမှုမှာ သူမအတွက် ဝန်နှင့်လုံးမမျှအောင် ခံစားခဲ့ရသည်။ စတီးဖ်မှာလည်း လူတော်လူကောင်းတစ်ဦး ဖြစ်သည်။ သူ့လိုလူတစ်ယောက်အဖို့ သည်ဒုက္ခကို နှစ်နှစ်ကျော် ကျော်ခံစားနေရသည်မှာ များလွန်းလှပါပြီ။ သို့သော် ဘာပဲဖြစ်ဖြစ် နီးလ်နှင့် ရှုရွန်တို့ကို ဘေးမသီရန်မခဘဲ ပြန်ရလိမ့်မည်ဟုတော့ သူမက ယုံကြည်ထားသည်။

သူတို့ပြန်ရောက်လာလျှင် ဘီလ်နှင့်သူမတို့ ပြောင်းကြတော့မည်။ ဖလော်ရီဒါကို ပြောင်းမည်။ သူမက အသက်ကြီးပြီ။ ကလေးတစ်ယောက်နှင့် သည်အိမ်ကြီးကို ထိန်းသိမ်း စောင့်ရှောက်ရတာ တာဝန်ကြီးလှသည်။ နီးလ်အတွက် ငယ်ငယ်ရွယ်ရွယ် အဖော်ကောင်း တစ်ယောက်လိုနေပြီ။ သူမက နီးလ်အပေါ်တွင် စိုးရိမ်မှုလွန်လွန်းလှသည်။

ဒါကို သူမကိုယ်တိုင်သိသည်။ တကယ်တော့ ကလေးတစ်ယောက်အပေါ် သည် လောက်အဖြစ်သည်းလွန်းလျှင် အကောင်းထက် အဆိုးသာများတတ်သည်။ ကလေးဆိုး ကလေးဖြစ်လာနိုင်သည်။

ဩော်. . . နီးလ်. . . နီးလ်။

ဒီကလေးဟာ သူ့မေမေရှိတုန်းက အင်မတန်ရွှင်ရွှင်လန်းလန်းရှိခဲ့တဲ့ ကလေးပါ။

အဲဒီတုန်းက သူ့မှာ ဘာရောဂါမှလည်း မရှိခဲ့။ ရင်ကျုပ်ပန်းနာ ဖြစ်ဖို့မဆိုထားနဲ့၊ နှာစေးချောင်းဆိုးတောင်မှ မဖြစ်သလောက်ဘဲ။ အညိုရောင် မျက်လုံးဝိုင်းကြီးတွေကလည်း တလက်လက်တောက်လို့။ အခုလို ညှိုးညှိုးငယ်ငယ်အမူအရာမျိုး လုံးဝမဟုတ်ဘူး။

စတီးဖ်အနေနဲ့ အချိန်ဆွဲမနေဘဲ မကြာခင် အိမ်ထောင်ထပ်ပြုသင့်သည်။ ဒါမှ သည် ကလေးနှင့် သည်အိမ်ကို အဆင်ပြေပြေ ထိန်းသိမ်းစောင့်ရှောက်နိုင်မည်။

စတီးဖ်က သူမအား မေးခွန်းထုတ်လိုသော အမူအရာဖြင့် ကြည့်နေသည်ကို သူမ သတိပြုမိသည်။ သူမသည် ညတုန်းကလည်း တစ်မှေးမှ အိပ်မပျော်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



စတီးဖ်အား သူမဘယ်စကားကို ဘယ်လိုပြောပြရပါမလဲ။ ဪ. . . ဟုတ်ပြီ။

"ဒါနဲ့ မစ္စတာပက်တာဆင်၊ ဒီလိုပဲ ဘာမှမစားဘဲနေလို့ ဖြစ်ပါ့မလား၊ တစ်ခုခု စားလိုက်ပါလားဟင်၊ မစ္စတာတေလာရော စားပေါ့"

"ကျွန်တော် ဘာမှမစားချင်ဘူး ဒေါ်ရာ၊ မစ္စတာတေလာအတွက်ပဲ လုပ်ပါ"

"ကဲ မထူးပါဘူး၊ နှစ်ယောက်စာသာ တစ်ခါတည်း လုပ်လိုက်ပါတော့ မစ္စက်လပ်ဖ်"

ဟူးချ်တေလာက စတီးဖ်၏ပခုံးကို လက်တင်လိုက်ပြီး. . .

"ခင်ဗျားမနေ့ကတည်းက ဘာမှမစားသေးဘူး၊ ညကျလဲ အိပ်ရမှာမဟုတ်ဘူး၊ ကားလဲ မောင်းရဦးမယ်၊ တစ်ခုခု စားလိုက်စမ်းပါ"

"ကောင်းပါတယ် လုပ်ပါ"

သူတို့နှစ်ယောက် ထမင်းစားခန်းစားပွဲတွင် ဝင်ထိုင်ခါစရှိသေးသည်၊ အိမ်ရှေ့မှ လူခေါ်ဘဲလ်သံ မြည်လာသည်။ ဟူးချ် ကုလားထိုင်မှ ဖြုန်းခနဲခုန်ထလိုက်သည်။

"ကျုပ်. . . သွားလိုက်ဦးမယ်"

စတီးဖ်က ပေါင်ပေါ်တွင် ဖြန့်ခင်းရန်လုပ်နေသော ပဝါစကို အမှတ်မထင် ပြန်ခေါက်နေမိသည်။

"ငါတောင်းထားတဲ့ သက်သေခံပစ္စည်းများလား။ နီးလ်နဲ့ရှရွန်တို့အသံ ကြားရတော့မယ်"

ဟူးချ် ပြန်ဝင်လာသည်။ သူ့နောက်မှ ဆံပင်နက်နက်နှင့် လူငယ်တစ်ယောက် ပါလာသည်။ သည်လူငယ်ကို သူ မြင်ဖူးသလိုလိုရှိသည်။ ဟုတ်ပါရဲ့. . . ရိုနယ်သွမ်မဆင်၏ အကျိုးဆောင်ရှေ့နေကလေး ကာနား။ ရောဘတ်(ဘော့ဘ်)ကာနား. . . ။

ဘော့ဘ်သည် တော်တော် စိတ်လှုပ်ရှားနေပုံရသည်။ ဆံပင်တွေလည်း ဖရိုဖရဲဖြစ်နေသည်။ ကုတ်အကျႌကိုလည်း ကြယ်သီးတပ်မထား။ ဘောင်းဘီကလည်း တွန့်ကြေနေသည်။ ဝတ်အိပ်ထားဟန်တူသည်။ ဟူးချ်၏မျက်နှာအမူအရာက တည်နေသည်။

ဘော့ဘ်က တောင်းပန်စကား ဆိုသည်။

"မစ္စတာပက်တာဆင်၊ အခုလို. . အနှောင့်အယှက်လာပေးတာ ခွင့်လွှတ်စေချင်ပါတယ်၊ မစ္စတာပက်တာဆင်ရဲ့ သားကလေးအကြောင်းနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ကိစ္စ ပြောစရာရှိလို့ လာရတာပါ"

"ကျုပ်သားကိစ္စဟုတ်လား"

ဟူးချ်၏မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ စားပွဲအောက်မှ လက်သီးကိုလည်းမသိမသာဆုပ်လိုက်မိသည်။

"ကျုပ်သားကိစ္စ. . . ဘာကိစ္စလဲ"

"မစ္စတာပက်တာဆင်သိတဲ့အတိုင်း ကျွန်တော်က ရိုနယ်သွမ်မဆင်ဘက်က လိုက်ခဲ့ပါတယ်၊ ကျွန်တော်က တကယ့်အမှားကြီးကို ကျူးလွန်ခဲ့မိပါတယ်"

"သူ အပြစ်ရတာ ခင်ဗျားကြောင့်မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက ရှေ့နေကလေးကို မကြည့်ဘဲ စားပွဲပေါ်မှ အမဲသားကြော်ပန်းကန်ကိုသာ စိုက်ကြည့်နေသည်။ ဟူးချ်ပြောတာ မှန်များနေပြီလား၊ ဒီအမှုဟာ လိမ်လည်ကြံစည်မှုများ ဖြစ်နေသလား။

"မစ္စတာပက်တာဆင်၊ ရိုနယ်သွမ်မဆင်ဟာ မစ္စက်ပက်တာဆင်ကို မသတ်ပါဘူး၊ သူဟာ မစ္စက်ကာဖိုလီနဲ့ မစ္စက်ဝိတ်စ်တို့ကိုပါ သတ်ခဲ့တယ်ဆိုပြီး ဂျူရီအဖွဲ့က ဆုံးဖြတ်ချက် ချလိုက်လို့ အပြစ်လုံးဝမရှိပါဘဲနဲ့ သေဒဏ်စီရင်ချက် ချခံခဲ့ရတဲ့လူပါ"

"သူမှာ ရဲမှတ်တမ်း ရှိတယ်မဟုတ်လား"

"အဲဒါက အရွယ်မရောက်သေးတဲ့ လူငယ်ဘဝကပါ၊ အဲဒါ တစ်ခုပဲရှိတာပါ"

"မိန်းကလေးတစ်ယောက်ကို လည်ပင်းညှစ်သတ်မလို့လုပ်ခဲ့တာ ရာဇဝတ်မှု မဟုတ်ဘူးလား"

"အဲဒါက ဒီလိုရှိပါတယ်ခင်ဗျာ၊ အဲဒီတုန်းက သူက (၁၅)နှစ်သား အရွယ်ပဲ ရှိပါသေးတယ်၊ ပါတီပွဲတစ်ခုမှာ ဘီယာသောက်ပြိုင်ကြတယ်၊ ဒါက အထက်တန်းကျောင်းသားကလေးတွေလုပ်နေကျအလုပ်တစ်ခုပါ၊ အဲဒီနေ့က သူ အတော်ကလေး မူးသွားတော့ တစ်ယောက်ယောက်က ဘီယာခွက်ထဲ ကိုကင်းထည့်လိုက်တယ်၊ အဲဒီအချိန်မှာ သူဘာလုပ်နေတယ်ဆိုတာ ဘယ်လိုမှ မမှတ်မိတော့ဘူး၊ အဲဒီမိန်းကလေးကို လက်နဲ့သွားကိုင်တယ်ဆိုတာလဲ လုံးဝ မမှတ်မိတော့ဘူး၊ အရက်နဲ့ ဘိန်းနဲ့ရောလိုက်ရင် အမူးလွန်ပြီး ရူးတောင်သွားနိုင်တယ်ဆိုတာ လူတိုင်းအသိပါပဲ၊ အမှန်ကတော့ သူ့ခမျာ ကံဆိုးရှာပါတယ်၊ ပထမဆုံးအကြိမ်အရက်သောက်မိတဲ့နေ့မှာပဲ သည်လိုဖြစ်ခဲ့ရတယ်၊ အဲဒီကတည်းကစပြီး သူဟာ နှစ်နှစ်လောက်အထိ ဘီယာကိုတောင် လုံးဝမသောက်တော့ပါဘူး၊ မစ္စတာပက်တာဆင်ရဲ့ဇနီး အသတ်ခံရပြီး ချက်ချင်း အိမ်ထဲကို သူ ဝင်သွားမိတာဟာလဲ သူ့အနေနဲ့ ဂြိုဟ်ဆိုးဝင်တာပါပဲ"

ဘော့ဘ်က အသံတုန်တုန်နှင့် ဆက်ပြောသည်။

"မစ္စတာပက်တာဆင် တရားခွင်စစ်ဆေးချက်မှတ်တမ်းကို ကျွန်တော် အပြန်ပြန် အလှန်လှန်လေ့လာပြီးပါပြီ၊ ပြီးတော့ မနေ့ကလဲ တင်ဘာလေကုန်စုံဆိုင်မှာ သူ မစ္စက်ပက်တာဆင်နဲ့ စကားပြောခဲ့တဲ့အချိန်ကစပြီး အလောင်းကိုတွေ့ရတဲ့ အချိန်အတောအတွင်းမှာ သူပြောခဲ့သမျှ လုပ်ခဲ့သမျှတွေကို အသေးစိတ်ပြန်ပြောခိုင်းပြီး. . အသံသွင်းယူထားပြီးပါပြီ၊ အဲဒီမှာ ကျွန်တော်ဟာ အမှားတစ်ခုကို လုပ်ခဲ့မိတယ်ဆိုတာ ပြန်ပြီးသတိရမိပါတယ်"

"မစ္စတာပက်တာဆင်ရဲ့သားကလေးက သူ့အမေအော်သံကြားလို့ သူ အိမ်ပေါ်က ပြေးဆင်းလာတယ်၊ ပြီးတော့ လူတစ်ယောက်က သူ့အမေကို လည်ပင်းညှစ်နေတာကို မြင်ရတယ်၊ အဲဒီလူရဲ့မျက်နှာကိုလဲ မြင်လိုက်ရတယ်လို့ ထွက်ဆိုခဲ့ပါတယ်"

"အဲဒါ ရွန်သွမ်မဆင်ရဲ့ မျက်နှာပဲပေါ့"

"အဲဒါ မဟုတ်ပါဘူး၊ လုံးဝမဟုတ်ပါဘူး၊ တရားခွင်စစ်ဆေးချက်ကို ကြည့်ပါဦး"

ဘော့ဘ်က လက်ဆွဲအိတ်ကို စားပွဲပေါ်တင်လိုက်ပြီးတော့ အထဲမှ စာရွက်တစ်တွဲကို ဆွဲထုတ်လိုက်သည်။ ထို့နောက် အလယ်နားလောက်မှ စာမျက်နှာတစ်ခုကို လှန်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာတွေ့ပြီ၊ အစိုးရရှေ့နေက နီးလ်ကို သူမြင်လိုက်ရတဲ့လူဟာ ရွှန်သွမ်မဆင်ဆိုတာ ဘယ်လိုလုပ်ပြီး သေချာပေါက်ပြောနိုင်သလဲလို့မေးတော့ နီးလ်က. . . 'မီးလင်းနေလို့ သေချာပေါက်ပြောနိုင်ပါတယ်'လို့ ထွက်ဆိုထားပါတယ်"

"တရားရုံးမှာလျှောက်လဲတုန်းက ဒီအချက်ကို ကျွန်တော်လွတ်သွားခဲ့တယ်၊ လုံးဝမစဉ်းစားမိခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မနေ့က ရှိနယ်သွမ်မဆင်ကို အထပ်ထပ်အခါခါ တိတ်ခွေသွင်းပြီးထွက်ဆိုခိုင်းတဲ့အခါမှာ သူက သူဟာ အိမ်ရှေ့တံခါးက ဘဲလ်ကိုနှိပ်တယ်လို့ ထွက်ဆိုပါတယ်၊ ပြီးတော့ နှစ်မိနစ်လောက်စောင့်နေတယ်၊ ဘယ်သူမှပေါ်မလာတာနဲ့ ထပ်ပြီးနှိပ်လိုက်တယ်၊ ဒီနေရာမှာထူးခြားတာက နီးလ်က သူဟာ ဘဲလ်သံကို ကြားရတယ်ဆိုတာ လုံးဝမထွက်ဆိုခဲ့တဲ့အချက်ပဲ"

"ဒီအချက်နဲ့ မလုံလောက်သေးပါဘူး"

ဟူးချိုက ဖြတ်ပြောသည်။

"နီးလ်က အပေါ်ထပ်မှာ ရထားတွေနဲ့ ကစားနေတာ၊ အလွန်စိတ်ဝင်စားနေလို့လဲ ဖြစ်နိုင်တယ်၊ ရထားသံတွေကြောင့် ဘဲလ်သံကို မကြားတာလဲ ဖြစ်နိုင်တယ်"

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ အဲဒီလိုမဟုတ်ပါဘူးခင်ဗျာ၊ ဘာဖြစ်လို့လဲဆို. . သူက 'မီးလင်းနေလို့' လို့ ပြောခဲ့ပါတယ်၊ မစ္စတာပက်တာဆင်၊ ကျွန်တော် ထောက်ပြချင်တာက ဒီအချက်ပဲဖြစ်ပါတယ်၊ ရွှန်သွမ်မဆင်က အိမ်ရှေ့တံခါးဘဲလ်ကို နှိပ်တယ်၊ စောင့်နေတယ်၊ ပြီးတော့ ထပ်နှိပ်တယ်၊ တံခါးဖွင့်ပြီး အိမ်ထဲဝင်သွားတယ်၊ သူစောင့်နေတဲ့အချိန်မှာ လူသတ်ကောင်က ထွက်ပြေးသွားတယ်၊ ဒါကြောင့်မို့ နောက်ဖေတံခါး ပွင့်နေတာဖြစ်တယ်"

"ရွှန်က မီးဖိုခန်းမီးကို ဖွင့်တယ်၊ အဲဒီမှာ တွက်ကြည့်ပါ၊ နီးလ်က ရွှန်ရဲ့မျက်နှာကို ထင်ထင်ရှားရှားမြင်ရတာဟာ. . မီးရောင်က မီးဖိုခန်းကလာတဲ့အတွက်ကြောင့် ဖြစ်တယ်၊ ကလေးဟာ အပေါ်ထပ်က ပြေးဆင်းလာတယ်၊ သူ့အမေကို လူတစ်ယောက်က လည်ပင်းညှစ်နေတာမြင်ရတယ်၊ အဲဒီအချိန်မှာ ဧည့်ခန်းမှာမီးမှောင်နေတယ်၊ ဒီအချက်ကို စဉ်းစားကြည့်ပါ၊ မီးရောင်က ဝရန်တာခန်းမှာလဲ လင်းနေတယ်၊ အမှန်က ကလေးဟာ သွေးလန့်ပြီး ထင်ရာလျှောက်ပြောတာ မဖြစ်နိုင်ဘူးလား၊ ဒါမျိုးက လူကြီးတွေတောင် ဖြစ်တတ်တာပဲ၊ အဲဒီနောက်သတိပြန်ရလာပြီး သူက ကြည့်တယ် မြင်တယ်၊ မီးဖိုခန်းမှာမီးလင်းပြီ၊ သူက သူ့အမေကို လူတစ်ယောက် လည်ပင်းညှစ်သတ်နေတာ မြင်ရတယ်၊ ဒီနောက် ရွှန်ရောက်သွားတော့ မစ္စက်ပက်တာဆင်လည်ပင်းမှာ လည်စည်းပဝါစည်းပြီးလဲနေတာတွေ့ရတယ်၊ သူက ဖြေဖို့ ကြိုးစားတယ်၊ ဒါပေမယ့် မရဘူး၊ ပဝါကို တအားစည်းချည်ထားတာ တွေ့ရတယ်. . .

အဲဒီနောက်. . . မစ္စက်ပက်တာဆင် အသက်မရှိတော့ဘူးဆိုတာ တွေ့ရတယ်၊ သူ ဘယ်လိုဖြစ်သွားမလဲ၊ စဉ်းစားကြည့်ပါ၊ သူ အကြီးအကျယ်ကြောက်လန့်ပြီး အိမ်ထဲက သွေးရူးသွေးတန်း ထွက်ပြေးတော့တာပေါ့၊ တကယ်လို့ သူက လူသတ်ကောင်အစစ်ဖြစ်တယ်ဆိုရင် နီးလ်လို မျက်မြင်သက်သေ တစ်ယောက်ကို မသတ်ဘဲ ထွက်ပြေးလာပါ့မလား၊ မစ္စက်ပယ်ရီက သူ့ကို မှတ်မိသွားပြီ ဆိုတာသိရင် မစ္စက်ပယ်ရီကို ဒီအတိုင်းထားခဲ့ပြီး ထွက်ပြေးလာပါ့မလား၊



www.burmeseclassic.com

www.burmeseclassic.com



မစ္စက်ပယ်ရီက တင်ဘာလေဆိုင်မှာ ဈေးဝယ်နေတဲ့ ဖောက်သည်တစ်ယောက်လဲ ဖြစ်တယ်၊ လူသတ်သမားဆိုတာ မျက်မြင်သက်သေကို အရှင်ထားလေ့မရှိပါဘူး မစ္စတာပက်တာဆင်”

ဟူးချ်က ခေါင်းကို ခါယမ်းလိုက်သည်။

“ဒါလောက်နဲ့ ပြဿနာမရှင်းသေးဘူး၊ ဒါတွေက စိတ်ကူးနဲ့ မှန်းဆချက်တွေပဲ ရှိသေးတာ၊ တကယ်ဖြစ်နိုင်တဲ့ သက်သေခံအထောက်အထားတစ်ခုမှ မတွေ့ရဘူး”

“နီးလ်က မျက်မြင်သက်သေအဖြစ် ထွက်ဆိုနိုင်ပါတယ်ခင်ဗျား”

ဘော့ဘ်က တောင်းပန်သံနှင့် ပြောလိုက်သည်။

“မစ္စတာပက်တာဆင် နီးလ်ကို စိတ်ညှို့ပြီးမေးတာ သဘောတူနိုင်ပါ့မလား၊ ဒီနေ့ပဲ ကျွန်တော် စိတ်ပညာဆရာဝန်တွေ တော်တော်များများနဲ့ ဆွေးနွေးခဲ့ပါတယ်၊ ကလေးဟာ တစ်ခုခုကို ဖုံးကွယ်ထားတယ်လို့ သူတို့က ပြောပါတယ်၊ စိတ်ညှို့ပညာနဲ့မေးရင် အမှန်ကို ဖော်ပြနိုင်တယ်လို့ ဆိုပါတယ်”

“ဒါ လုံးဝမဖြစ်နိုင်ဘူး”

သူက နှုတ်ခမ်းကို ကိုက်ထားလိုက်သည်။

ပြန်ပေးဆွဲခံနေရတဲ့ ကလေးတစ်ယောက်ကို ဘယ်လိုလုပ်ပြီး စိတ်ညှို့ပညာနှင့် မေးမြန်းနိုင်မှာလဲဟု အော်ပြောလိုက်မိတော့မလို အခြေအနေမျိုးအထိ ဖြစ်သွားသည်။

“မဖြစ်နိုင်ဘူး၊ အပိုပဲ၊ ခင်ဗျားပြန်ပါတော့၊ ပြန်သွားပါတော့. . .”

“မပြန်နိုင်သေးဘူး၊ ကျွန်တော် မပြန်နိုင်သေးဘူး”

ဘော့ဘ်က အသံမာမာဖြင့် ပြန်ပြောသည်။

ထို့နောက် လက်ဆွဲအိတ်ထဲမှ တစ်စုံတရာကို နှိုက်ယူလိုက်သည်။

“ဒါကိုပြရတာ စိတ်တော့မကောင်းပါဘူး မစ္စတာပက်တာဆင်၊ ဒါပေမယ့် လိုအပ်လို့ပါ၊ ဒါတွေဟာ လူသတ်မှုဖြစ်ပွားပြီးနောက် ဒီအိမ်ထဲမှာ ရိုက်ယူထားတဲ့ ဓာတ်ပုံတွေပါ”

“ဒါက ဘာလုပ်တာလဲ”

ဟူးချ်က ဓာတ်ပုံများကို လှမ်းယူရင်း အော်ပြောလိုက်သည်။

“ခင်ဗျား ဒီဓာတ်ပုံတွေ ဘယ်ကရလာတာလဲ၊ ဒါတွေက. . နိုင်ငံတော် သက်သေခံ ပစ္စည်းတွေ၊ ရုံးတော်ရဲ့ ခွင့်ပြုချက်မရဘဲ ဘယ်သူမှ ယူကြည့်ခွင့်မရှိဘူး”

“ဘယ်ကရတယ်ဆိုတာ အရေးမကြီးပါဘူးခင်ဗျာ၊ ဒီဓာတ်ပုံကိုပဲ ခဏကြည့်ပါဦး”

“ဒါ မီးဖိုခန်း၊ မျက်နှာကြက်မီးလုံးမှာ မီးအုပ်ဆောင်းမရှိဘူး၊ ဒီသဘောက မီးရောင် ဟာ. . သာမန်ထက်ပိုပြီး လင်းနိုင်တယ်ဆိုတာ ပြောတာပဲ”

ဘော့ဘ်က မီးဖိုခန်းတံခါးကို တွန်းဖွင့်လိုက်သည်။ တံခါးနောက်တွင် ရပ်နေသော နီးလ်နှင့်ဒေါ်ရာတို့လင်မယားကို တံခါးရွက်နှင့် ဆောင့်မိမလို ဖြစ်သွားသည်။ သို့သော် သူက သူတို့အား ဂရုမစိုက်ဘဲ မီးလုံးအောက်သို့ ကုလားထိုင်တစ်ခု ဆွဲယူပြီး မီးအုပ်ဆောင်းကို တပ်လိုက်သည်။

တစ်ခန်းလုံး ထိန်ထိန်လင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထမင်းစားခန်းသို့ ပြေးသွားပြီး မီးခလုတ်ကို ပိတ်လိုက်သည်။

ပြီးတော့ အိမ်ရှေ့ခန်းသို့ ပြေးသွားပြီး မီးခလုတ်ဖွင့်လိုက်ပြန်သည်။

နောက်ဆုံး ဧည့်ခန်းမီးများကို ပိတ်လိုက်သည်။

"အဲဒီမှာ ကြည့်ပါ၊ ဧည့်ခန်းကို ကြည့်ပါ၊ အခုဆိုရင် အခန်းထဲကို ကောင်းကောင်း မြင်နိုင်ပါတယ်၊ အဲဒီတော့ ဒီမှာ ထပ်ကြည့်ပါဦး"

သူက မီးဖိုခန်းသို့ ပြေးသွားပြီး မီးခလုတ်ပိတ်လိုက်သည်။ စတီးဖ်နှင့်ဟူးချ်တို့က စားပွဲတွင်ထိုင်ကာ သူ့ကို တအံ့တဩ ကြည့်နေကြသည်။ စတီးဖ်၏လက်အောက်တွင် နီနာ၏ အလောင်းဓာတ်ပုံ ရှိနေသည်။

"ကြည့်ပါခင်ဗျား. . ."

ဘော့ဘ်က ပြောသည်။

"မီးဖိုခန်းမီး ပိတ်ထားခဲ့တဲ့အခါ ဧည့်ခန်းထဲမှာ လုံးဝမှောင်နေပါတယ်၊ ဒီတော့ နီးလ်က အပေါ်ထပ်က ဆင်းလာပြီဆိုကြပါစို့၊ သူဟာ လှေကားရင်းမှာရပ်ပြီး ဧည့်ခန်းကို လှမ်းကြည့်လိုက်ပါပြီ . . . သူ ဘာကိုမြင်ရမှာလဲ၊ လူရိပ်ကလွဲပြီး ဘာမှမမြင်နိုင်ပါဘူး၊ အဲဒီ အချိန်မှာ လူတစ်ယောက်က သူ့အမေကိုသတ်ဖို့ အသေအလဲတိုက်ခိုက်နေတယ်၊ အဲဒီမှာ ကလေးဟာ သွေးလန့်ပြီးမျက်လုံးတွေပြာသွားတယ်၊ အသိဉာဏ်တွေ မှုန်ဝါးသွားတယ်၊ သူ ဘဲလ်သံကို မကြားတော့ဘူး၊ ဘဲလ်သံကို ဘယ်တော့မှမကြားနိုင်ဘူး၊ ဒီအချက်ဟာ အရေး ကြီးပါတယ်၊ အဲဒီအချိန်မှာ လူသတ်သမားဟာ ထွက်ပြေးသွားတော့တာပဲ၊ ရွန်က ဘဲလ်ကို နှိပ်တယ်၊ စောင့်နေတယ်၊ ထပ်နှိပ်တယ်၊ တံခါးဖွင့်ပြီး အိမ်ထဲဝင်လာတယ်၊ လူသတ်သမားက ထွက်သွားပြီ၊ တကယ်ဆိုရင် မစ္စတာပက်တာဆင်ရဲ့ သားကလေးအသက်ကို လူသတ်သမား လက်က ကယ်တင်လိုက်သူဟာ ဘယ်သူမှမဟုတ်ဘူး၊ ရွန်သွမ်မဆင်ပဲ၊ သူက ကလေး အသက်ကို ကယ်လိုက်တာ၊ အဲဒီနေ့က သူ ဒီအိမ်ကို ရောက်လာတာဟာ နီးလ်ရဲ့အသက်ကို ကယ်ဖို့ ရောက်လာတာပဲ"

ဒါ ဟုတ်နိုင်သလား၊ စတီးဖ်က စဉ်းစားကြည့်သည်။

ရွန်သွမ်မဆင်မှာ ဘာမှအပြစ်မရှိဘူးဆိုတာ တကယ်ဖြစ်နိုင်သလား။

သူက လှေကားရင်းတွင် သွားရပ်သည်။ ဧည့်ခန်းကို လှမ်းကြည့်လိုက်သည်။

နီးလ်က ဘာတွေမြင်နိုင်မှာလဲ၊ သူ အခိုက်အတန့်အားဖြင့် သတိလက်လွတ် ဖြစ်သွား နိုင်သလား။

ဟူးချ်က စတီးဖ်ရှေ့မှဖြတ်၍ ဧည့်ခန်းထဲလျှောက်ဝင်သွားသည်။

မီးလုံးတစ်လုံးကို ဖွင့်လိုက်သည်။

"ဒါနဲ့ မလုံလောက်သေးဘူး"

သူက အသံပြတ်ကြီးဖြင့် ပြောချလိုက်သည်။

"ဒါတွေက မှန်းဆချက်တွေပဲ၊ မှန်းဆချက်သက်သက်ပဲ၊ ခိုင်လုံတဲ့ အထောက် အထား မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အထောက်အထားပေးနိုင်မယ့်လူဟာ နီးလ်ပါခင်ဗျား"

ဘော့ဘ်က ပြောလိုက်သည်။

"သူဟာ ကျွန်တော်တို့ရဲ့ တစ်ခုတည်းသော အားထားစရာမျှော်လင့်ချက်ပါပဲ၊ ကျွန်တော် ဒေါက်တာမိုက်ခယ်ကိန်းနဲ့ ဖုန်းဆက်ထားပါတယ်၊ ဒီညမှာ သူက နီးလ်ဆီလာပြီး မေးမြန်းချင်ပါတယ်၊ သူက မောင့်ဆိုင်းနိုင်းဆေးရုံက သမားတော်ကြီးပါ။ အဲဒီတော့ အပြစ်မဲ့တဲ့ ရွှန်သွမ်မဆင်ကလေးအတွက် ဒီအခွင့်အရေးကိုတော့ ပေးဖြစ်အောင် ပေးစေချင်ပါတယ် မစ္စတာပက်တာဆင်"

စတီးဖ်က ဟူးချ်ကို ကြည့်လိုက်သည်။ မသိမသာခေါင်းယမ်းပြသည်ကို မြင်ရသည်။

နီးလ်ပြန်ပေးဆွဲခံနေရကြောင်း သိသွားလျှင် သည်ရှေ့နေကလေးအနေဖြင့် ပြန်ပေးမှုသည် နီနာသေဆုံးမှုနှင့် ဆက်စပ်နေသည်ဆိုကာ ညောင်မြစ်တူးပြီး ပုတ်သင်ဥတွေ ဖော်တော့မည်မှာ သေချာသည်။ ယင်းသို့ဆိုလျှင် ပြဿနာမှာ ပို၍ ရှင်းရခက်လာမည်။ ရှုပ်သည်ထက် ရှုပ်လာမည်။ အဲသည်တော့ ရလဒ်က ဘာဖြစ်မလဲ၊ နီးလ်နှင့် ရှုန်တို့၏ အသက်တွေပါ ထပ်မံဆုံးရှုံးတာပဲ အဖတ်တင်မည်။

"ကျူပ်သားကလေးက အခု ဒီမှာမရှိဘူး"

စတီးဖ်က ဘော့ဘ်ကို ပြောသည်။

"အဝေးကို ရောက်နေတယ်၊ တချို့လူတွေက ကျူပ်ကို ခြိမ်းခြောက်နေကြတယ်၊ သေဒဏ်အပြစ်ပေးတာကို ဆက်လက်ထားရှိဖို့ ကျူပ်က နိုးဆော်နေတာကြောင့် ကျူပ်ကို သူတို့က အငြိုးထားကြတယ်၊ ဒါကြောင့် ကလေးကိုလဲ ဘေးကင်းရာပို့ထားရတာ၊ သူ ဘယ်မှာရှိတယ်ဆိုတာတော့ လုံးဝပြောလို့မဖြစ်ပါဘူး"

"အိုး. . . မစ္စတာပက်တာဆင်၊ သူဘယ်မှာရှိတယ်ဆိုတာ လုံးဝမပြောနိုင်ဘူး ဟုတ်လား၊ မစ္စတာပက်တာဆင် ပြန်ပြီးစဉ်းစားကြည့်ပါဦး၊ သူ မကျူးလွန်တဲ့ပြစ်မှုအတွက် အပြစ်မဲ့တဲ့ (၁၉)နှစ်သားလူငယ်တစ်ယောက် အသက်ဆုံးရှုံးတော့မယ်ဆိုတာကိုလဲ ထည့်တွက်ပါဦး"

"အဲဒါတော့ ကျူပ်လဲ ဘာမှမတတ်နိုင်ဘူး"

သူ့အသံက တည်ငြိမ်သည်။

"ခင်ဗျား ပြန်မှာသာ ပြန်ပါတော့. . . ပြန်ပါတော့၊ ဒီမင်္ဂလာမရှိတဲ့ ဓာတ်ပုံတွေလဲ ပြန်ယူသွားပါ"

ဘော့ဘ်က မျှော်လင့်ချက်မရှိတော့ပါဘူးဟု ဆုံးဖြတ်လိုက်သည်။

သူ အလွန် စိတ်ဓာတ်ကျသွားသည်။

ထမင်းစားခန်းထဲ ခပ်သုတ်သုတ်လျှောက်လာပြီး တရားခွင်စစ်ဆေးချက်စာတွဲနှင့် ဓာတ်ပုံတွေကို လက်ဆွဲအိတ်ထဲ ကောက်ထည့်သည်။ အိတ်ကို ပြန်ပိတ်မလို့လုပ်တုန်း ဖျတ်ခနဲ သတိရသဖြင့် တမြန်နေ့က ရွှန်သွမ်မဆင်၏ ထွက်ဆိုချက် လက်နှိပ်စက်စာမူကို ဆွဲထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စားပွဲပေါ်သို့ ပစ်ချလိုက်ပြီး. . .

"ကဲ. . . မစ္စတာပက်တာဆင်၊ ဒါကိုတော့ ဖတ်ဖြစ်အောင် ဖတ်စေချင်ပါတယ်၊ ဒါကို ဖတ်ကြည့်ရင် လူသတ်သမားတစ်ယောက်က ဘာတွေပြောတယ်ဆိုတာ သိရပါလိမ့်မယ်၊ ရှန်သွမ်မဆင်ကို လျှစ်စစ်ခုံတင်ပြီး သတ်ဖို့ စီရင်ချက်ချထားပြီးပါပြီ၊ မစ္စတာပက်တာဆင်ရဲ့ ဇနီးနဲ့ မစ္စက်ကာဖိုလီ၊ မစ္စက်ဝိတ်စ်တို့ သေဆုံးမှုအတွက် ဖဲယားဖီးလ်တစ်နယ်လုံး သွေးလန့်ပြီး အပြစ်မရှိတဲ့ လူတစ်ယောက်ကို သေဒဏ်ပေးလိုက်ကြပါပြီ၊ ပြီးတော့ လွန်ခဲ့တဲ့ သီတင်း နှစ်ပတ်သုံးပတ်ကလဲ အမျိုးသမီးနှစ်ယောက် ကားထဲမှာ အသတ်ခံခဲ့ကြရပါတယ်၊ အဲဒီ လူသတ်မှုလေးခုနဲ့ မစ္စက်ပက်တာဆင်သေဆုံးမှုအားလုံး ဆက်စပ်နေတယ်ဆိုတာ ဘုရား သခင်ဆီမှာ ကျွန်တော် ကျိန်ပြောရဲပါတယ်၊ သူတို့အားလုံး တချို့ပဝါနဲ့စည်းပြီး၊ တချို့ခါးပတ်နဲ့ စည်းပြီး အသတ်ခံခဲ့ကြရပါတယ်၊ ဒီအချက်ကို မမေ့ပါနဲ့၊ မတူတာတစ်ချက်ကတော့ တခြား အမျိုးသမီးလေးယောက်ကို လမ်းပေါ်မှာသတ်ပြီး မစ္စတာပက်တာဆင်ရဲ့ဇနီးကျတော့ အိမ်မှာ လာသတ်တာပဲ ခြားနားချက်ရှိပါတယ်၊ ဒါပေမယ့်. . . အဲဒီမိန်းမငါးယောက်စလုံး လည်ပင်း ညှစ်သတ်ခံရတာတော့ တစ်ပုံစံတည်းပဲ"

သူ အခန်းထဲမှ ထွက်သွားသည်။ အိမ်ရှေ့တံခါးပြန်ပိတ်သံ ကြားရသည်။

စတီးဖ်က ဟူးချ်ကို လှည့်ကြည့်လိုက်ပြီး. . .

"မစ္စတာဟူးချ်အနေနဲ့ ဘယ်လိုသဘောရသလဲ၊ ဒီပြန်ပေးမှုဟာ မနက်ဖြန် သေဒဏ် စီရင်ချက်ချမှုနဲ့ ဆက်စပ်နေတယ်ထင်သလား"

ဟူးချ်က ခေါင်းကို ခါယမ်းလိုက်သည်။

"ကျုပ်တို့ဘက်က အပိုင်ဆုံးသိရတာတော့ ဒီပူးပေါင်းကြံစည်မှုမှာ ဘော့ဘ်ကာနား အနေနဲ့ လုံးဝမပါဘူးဆိုတာပဲ"

"ဒီတော့ နီနာသေဆုံးမှုနဲ့ ပတ်သက်ပြီး သူ့ထင်မြင်ချက်ကို ဘယ်လိုယူဆမလဲ"

"သူက ရေနစ်သူကောက်ရိုးမျှင်လိုက်ဖမ်းသလို ကြံရာမရဖြစ်ပြီး ရရာလိုက်ဆွဲနေ တာပါ၊ သူပြောတာတွေ အားလုံး မှန်းဆချက်တွေပဲဖြစ်နိုင်တယ်၊ သူက သူ့အမှုသည်ရဲ့ အသက်ကို ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ကယ်တင်ဖို့ကြိုးစားနေတဲ့ ရှေ့နေတစ်ယောက်ပဲ"

"နီးလ်သာ အိမ်မှာရှိနေရင်တော့ ကျွန်တော်က သူ့ကို ဆရာဝန်နဲ့ ဆုံပေးပြီး စိတ်ညှို့ မေးမြန်းခွင့်ပြုမှာပဲ၊ နီးလ်ဟာ အဲဒီနေ့ကတည်းက ခဏခဏ အိပ်မက်ဆိုးတွေမက်နေတယ်၊ ပြီးခဲ့တဲ့အပတ်ကလဲ အဲဒီအကြောင်း သူ ပြန်ပြောလာသေးတယ်"

"သူက ဘယ်လိုပြောသလဲ"

"သူ ကြောက်စရာတွေ မြင်မြင်နေတယ်လို့ ပြောတယ်၊ လုံးဝမပျောက်လို့ မရဘူး ဖြစ်စတုန်းက နယူးယောက်က စိတ်ရောဂါပါရဂူတစ်ယောက်နဲ့ ကျွန်တော် သွားတွေ့သေး တယ်၊ သူကပြောတော့ ကလေးမှာ 'ရီပရက်ရှင်း' ခေါ်တဲ့ ထိမ်ချန်မှု စိတ်ရောဂါ ဖြစ်နေပုံရ တယ်လို့ ပြောတယ်၊ ကဲ. . . မစ္စတာဟူးချ်အနေနဲ့ အမှန်အတိုင်း ပြောစေချင်တယ်၊ ကျွန်တော့် မိန်းမကို ရှန်သွမ်မဆင်သတ်တာ အမှန်တကယ်လို့ ထင်ပါသလား"



www.burmeseclassic.com

www.burmeseclassic.com



ဟူးချိုက ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။

"အိုး. . . ဒါကတော့ ဘာပြောနေစရာလိုသေးသလဲ၊ လယ်ပြင်မှာ ဆင်သွားသလို ရှင်းနေတဲ့ဥစ္စာပဲ၊ မျက်မြင်သက်သေထွက်ဆိုချက်တွေက မငြင်းသာအောင် ချုပ်ကိုင်ထားပြီပဲ၊ ဘယ်လိုမှ တခြားအဖြေ မထွက်နိုင်တော့ပါဘူး"

"ကျွန်တော်မေးတာကို အတိအကျမဖြေသေးပါဘူး"

"ကျုပ်ဖြေနိုင်သလောက် ဖြေပြီးပြီပဲ၊ ကဲ. . . ဒါတွေထားလိုက်ပါတော့၊ ဟိုမှာ အမဲကြော်တွေ အေးကုန်တော့မယ်"

သူတို့ ထမင်းစားခန်းသို့ ပြန်ဝင်လာကြသည်။ စတီးဖ်က အမဲကြော်တစ်စိဖဲ့ ဖဲ့စားလိုက်သည်။ ကော်ဖီပန်းကန်ကို ကိုင်လိုက်သည်။ ရွှန်သွမ်မဆင်၏ ဖြောင့်ချက်စာတွဲကို သူ့တံတောင်နှင့် ဖိထားသည်။ သူက စာရွက်တွဲကို ကောက်ယူပြီး စတင်ဖတ်သည်။

*ကျွန်တော်ဟာ အလုပ်ပြုတ်တော့မယ့် အခြေအနေရောက်နေပါတယ်၊ အကြောင်းရင်းကို ကျွန်တော်သိပါတယ်၊ မစ္စတာတင်ဘာလေက အချိန်ပိုပေးနိုင်တဲ့ နောက်တစ်ယောက်ကို လိုချင်နေပါတယ်၊ တကယ်တော့ ကျွန်တော့်အနေနဲ့ ကောလိပ်သာ ဆက်တက်မယ်ဆိုရင် စကောလားရှစ်ရပါတယ်၊ မစ္စတာတင်ဘာလေပြောတဲ့ စကားတွေကို မစ္စက်ပက်တာဆင်က ကြားပါတယ်၊ သူက ဒီလိုဖြစ်ရတာ ဝမ်းနည်းကြောင်း၊ ကျွန်တော်ဟာ သူဈေးဝယ်လာတိုင်း ပစ္စည်းတွေကို ကားပေါ်တင်ပေးကြောင်း မစ္စက်ပက်တာဆင်က မစ္စတာတင်ဘာလေကို ပြောပါတယ်။*

*အဲဒီနေ့က. . မစ္စက်ပက်တာဆင်က ကျွန်တော် ဘာလုပ်တတ်သလဲလို့ မေးတော့ ကျွန်တော်က နွေရာသီမှာ အိမ်ဆေးသုတ်တဲ့အလုပ် လုပ်ဖူးကြောင်းပြောလိုက်ပါတယ်၊ အဲဒီအချိန်မှာ ကျွန်တော်တို့ကားဆီသို့ လျှောက်လာကြပါတယ်၊ သူက သူတို့အိမ်ပြောင်းလာတာ မကြာသေးကြောင်း၊ အတွင်းအပြင် ဆေးသုတ်စရာတွေ အများကြီးရှိကြောင်း၊ လုပ်ချင်ရင် အားတဲ့အချိန် အိမ်ကိုလာကြည့်စေချင်ကြောင်း ပြောပါတယ်၊ ကျွန်တော်က ပစ္စည်းတွေအားလုံး ကားထဲထည့်လိုက်ပြီးတော့ ဒီနေ့ဟာ ကျွန်တော့်အတွက် ကံကောင်းတဲ့နေ့ဖြစ်ကြောင်း၊ ကံဆိုတာ ဆိုးပြီးရင် ကောင်းလာတတ်တယ်လို့ မေမေက ပြောဖူးကြောင်း ပြန်ပြောလိုက်ပါတယ်၊ ဒီအခါ မစ္စက်ပက်တာဆင်ကလည်း 'ငါ့အတွက်လဲ ကံကောင်းတဲ့နေ့ပါပဲ' လို့ ပြန်ပြောတော့ ကျွန်တော်တို့ နှစ်ယောက်စလုံး ရယ်လိုက်ကြပါတယ်။*

*အဲဒီနောက် သူက နေ့တိုင်း ဈေးထွက်ဝယ်ရတာ မကြိုက်ကြောင်း၊ ဒါကြောင့်မို့လို့ တစ်ကြိမ်ဝယ်ရင် ကားတစ်စီးအပြည့်ဝယ်ရကြောင်း ပြောပါတယ်၊ အဲဒီအချိန်မှာ ညနေလေးနာရီရှိပါပြီ၊ အဲဒါပြီးတော့. . .*

စတီးဖ်က ဆက်မဖတ်တော့ဘဲ ရပ်လိုက်သည်။

နီနာ၏ ကံကောင်းတဲ့နေ့။ ကံကောင်းတဲ့နေ့။

သူက စာရွက်တွဲကို ဘေးသို့ တွန်းဖယ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်း မြည်လာသည်။
သူရော ဟူးချိပါ ဖြုန်းခနဲ ထရပ်လိုက်မိကြသည်။
သူက မီးဖိုခန်းသို့ ပြေးလာခဲ့သည်။
ဟူးချိက ကပ်လျက်အခန်းရှိ လိုင်းခွဲဖုန်းဆီသို့ ပြေးသွားသည်။
"ကျွန်တော် စတီးဖ်ပက်တာဆင်ပါ"
သူက အသံထိန်းပြီး ပြောလိုက်သည်။
ကောင်းသောသတင်း ကြားရပါစေဟုလည်း ကျိတ်ပြီး ဆုတောင်းလိုက်မိသည်။
"မစ္စတာပက်တာဆင် အခုပြောနေတာ စိန့်မိုနီကာကျောင်းတိုက်က ဖာသာကနေ ဒီပါ။ စိတ်မကောင်းတော့ မဖြစ်ပါနဲ့၊ ဒါပေမယ့် တစ်ခုခုတော့ အခြေအနေဆိုးနေပြီ ထင်တယ်"
စတီးဖ်က လည်ချောင်းစေ့သွားသလို ထင်လိုက်ရသည်။
စကားပြောရန်ပင် အတော်ကြိုးအားယူရသည်။
"ဘာများပါလိမ့် ဖာသာ၊ အမိန့်ရှိပါ ဖာသာ"
"လွန်ခဲ့တဲ့မိနစ်နှစ်ဆယ်လောက်က ညနေပိုင်း ဘုရားဝတ်ပြုဖို့ ကျုပ် ဘုရားကျောင်းကိုသွားတော့ ဘုရားကျောင်း တံခါးဝမှာ အထုပ်ကလေးတစ်ထုပ်တွေ့ရတယ်၊ အထုပ်ပေါ်မှာ စာရေးထားတယ်၊ ဘာပါလိမ့်၊ အဲ. . . နားထောင်ပါ။ ကျုပ်ဖတ်ပြမယ်၊ 'ဤအထုပ်ကို စတီးဖ်ပက်တာဆင်ထံသို့ ချက်ချင်းပေးပို့ပါ။ သေရေးရှင်ရေးဖြစ်သည်' တဲ့၊ ပြီးတော့ မစ္စတာပက်တာဆင်ရဲ့ ဖုန်းနံပါတ်ကိုလဲ ရေးထားတယ်၊ ဒါဟာ အပျော်သဘောနဲ့ နောက်ပြောင်တာတော့ မဟုတ်ပါဘူးနော်"
"အို. . နောင်ပြောင်တာ မဟုတ်ပါဘူးဖာသာ၊ အရေးကြီးတဲ့ကိစ္စပါ။ ကျွန်တော် အခု ချက်ချင်း လာခဲ့ပါ့မယ်ဖာသာ၊ ဒီကိစ္စကို ဘယ်သူ့ကိုမှ မပြောပါနဲ့ဖာသာ၊ အလွန်အရေးကြီးလို့ပါ"
"စိတ်ချပါ မစ္စတာပက်တာဆင်၊ ကျုပ် ကျောင်းက အသင့်စောင့်နေပါ့မယ်၊ အမြန်သာလာခဲ့ပါတော့"

❁

စတီးဖ်သည် နာရီဝက်အတွင်း အိမ်သို့ပြန်ရောက်လာသည်။
ဟူးချိက ကက်ဆက်ကို စားပွဲပေါ်တွင်ချပြီး ထိုင်စောင့်နေသည်။
သူတို့နှစ်ယောက်သည် ကိုယ်ကိုရှေ့သို့ကိုင်းလျက် ကက်ဆက်သံကို အထူး နားစွင့်နေကြသည်။ မကြာမီတွင် ရှရွန်၏အသံ ပေါ်လာသည်။ စတီးဖ်၏မျက်နှာတွင် သွေးဆုတ်သွားသည်။ ဟူးချိက စတီးဖ်လက်ကို လှမ်းကိုင်လိုက်သည်။
ပြန်ပေးက ခိုင်းသည့်အတိုင်း ရှရွန်က ပြောချနေသည်။
သူမ အများဆိုတာက ဘာကို ပြောတာပါလိမ့်၊ သူမကို သူက ဘာအတွက် ခွင့်လွှတ်ရမှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . . နီးလ်၏အသံ ကြားရသည်။ ရှရွန်၏အသံလိုပင် ကြောက်ကြောက်လန့်လန့် တုန်တုန်ယင်ယင်ဖြစ်နေသည်။ သူက ဖြည်းဖြည်းချင်း ပြောနေသည်။ အသက်ရှူသံကိုပင် ကြားရသည်။

ရှရွန်က သူ့ကို ဂရုတစိုက် စောင့်ရှောက်နေသည်ဟု ဆိုသည်။ သူက သူ့အမေအကြောင်းကို ဘာကြောင့်ပြောရတာလဲ၊ အခုလိုအချိန်မှာ ဘာကြောင့် ပြောရတာလဲ။

စတီးဖ်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ သူ့ရင်သည် တသိမ့်သိမ့်ခုန်လာသည်။ ရှိုက်၍ရှိုက်၍ ငိုပစ်လိုက်ချင်လာသည်။ လက်နှစ်ဖက်နှင့် ပါးစပ်ကို ပိတ်ထားလိုက်သည်။

"ကဲ. . . နောက်တစ်ကြိမ် ပြန်ဖွင့်ကြည့်ကြရအောင်"

ဟူးချ်က ပြောလိုက်သည်။ သို့သော်. . . သူက ခလုတ်ကို မပိတ်လိုက်မီမှာပင် ထိုအသံကို ကြားလိုက်ရသည်။ နွေးထွေးသော၊ သာယာသော၊ မြှူဆွယ်သောအသံ. . .။

"ရှင်က သိပ်တော်တာပဲ. . . လာပါ. . . ဝင်လာခဲ့ပါ. . ."

စတီးဖ်က ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

"အဲဒါက ဘာလဲ၊ ဘယ်သူလဲ"

ဟူးချ်က မေးလိုက်သည်။

"အို. . . ဘုရားသခင်. . . မယုံနိုင်စရာပါကလား"

စတီးဖ်က အော်ပြောလိုက်သည်။

"အဲဒါ. . . ကျွန်တော့်မိန်းမပေါ့၊ အဲဒါ နီနာပေါ့. . ."

www.burmeseclassic.com

www.burmeseclassic.com

# ၃၀

အက်ဖ်ဘီအိုင်စုံထောက်ကလေး ဟန့်ခ်လာမွန်သည် ကာလေမြို့ ဖဲယားဖီးလ်အဲဗင်းနယူးလမ်းထဲမှ 'မစ်လ်တာဗန်' အရက်ဆိုင်ရှေ့တွင် ကားကိုရပ်လိုက်သည်။

အပြင်ဘက်တွင် ဆီးနှင်းတွေ တဖွဲဖွဲကျနေသည်။ လေကြမ်းက ဆီးနှင်းများကို သယ်ယူလာပြီး ကားရှေ့ပိုင်းတွင် လေကာမှန်ကို တဖြန်းဖြန်းရိုက်ခတ်နေသည်။

လာမွန်သည် သူ၏မျက်လုံးပြာကြီးများကို မှေးလျက် အရက်ဆိုင်ထဲသို့ အကဲခတ်လိုက်သည်။ ဆိုင်ထဲတွင် လူသူခြောက်ကပ်နေသည်။ ရာသီဥတုကြောင့် လာနေကျလူတွေ အပြင်မထွက်ဘဲ အိမ်ထဲတွင် ချမ်းချမ်းနှင့် ကွေးနေကြသောကြောင့် ဖြစ်နိုင်သည်။ သူ့အတွက်တော့ ဆိုင်ထဲတွင် ဘယ်သူမျှမရှိလေ ကောင်းလေပင်။ ဒါမှ . . အရက်စပ်ဆရာနှင့် အေးအေးလူလူ စကားပြောနိုင်မည်။ အရက်စပ်ဆရာသည် အတင်းပြောကောင်းသူ ဖြစ်ပါစေဟုသာ ဆုတောင်းရတော့သည်။

လာမွန်သည် ကားပေါ်မှ ဆင်းလိုက်သည်။

အားပါး. . .၊ ချမ်းလိုက်သည့်ဖြစ်ခြင်း။ တော်တော်ဆိုးရွားတဲ့ညပဲ။ သည်အတိုင်းဆိုလျှင် ညနက်ပိုင်းတွင် စတီးဖ်၏ကားနောက်မှ ခြေရာခံလိုက်ရန်ပင် လွယ်မည်မဟုတ်။

သူက တံခါးကို တွန်းဖွင့်၍ ဆိုင်ထဲဝင်လာသည်။ နွေးထွေးသောလေက သူ့ကို ဆီးကြိုနှုတ်ဆက်သည်။ ဘီယာနှင့် ဟင်းနံ့တို့က သူ၏နှာဝကို လာချကြသည်။

ဆီးနှင်းဖုံးနေသော မျက်လုံးများဖြင့် အရက်ခန်းကို ဝေ့ကြည့်လိုက်သည်။ စုစုပေါင်း လူလေးယောက်သာ တွေ့ရသည်။ သူက တစ်လှမ်းချင်းလျှောက်လာပြီး ခွေးခြေတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ပြီးတော့. . .'မစ်ချယ်လော့ဘ်' ဘီယာတစ်လုံး မှာလိုက်သည်။

ဘီယာကို တဖြည်းဖြည်းချင်း စုပ်သောက်ရင်း မျက်လုံးအငြိမ်မထားဘဲ ဟိုဟိုဒီဒီ စောင်းကြည့်လိုက်သည်။ လူနှစ်ယောက်က ရုပ်မြင်သံကြားတွင် ဟော်ကီကစားပွဲကို ကြည့်နေသည်။ အရက်ခန်းအလယ်တွင်မူ အဝတ်အစားကောင်းကောင်း၊ ဆံပင်ခပ်ဖြူဖြူ၊ ရီဝေဝေ မျက်လုံးနှင့် ကုမ္ပဏီအမှုဆောင်အရာရှိပုံစံလူတစ်ယောက် မာတီနီအရက်ချိုကို တမျှဉ်းမျှဉ်း စုပ်သောက်နေသည်။

ထိုလူက လာမွန်၏အကြည့်ကို သတိပြုမိပြီး လှမ်း၍ စကားပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ် ကိုယ့်လူ၊ ဒီလိုရာသီဥတုဆိုးရွားတဲ့အချိန်မျိုးမှာ (၁၁)မိုင်ခရီးကို ကားနဲ့ မောင်းသွားဖို့ မသင့်တော်ဘူးဆိုတာနဲ့ တက္ကစီငှားသွားတာက ပိုပြီးလျော်ကန်တယ်ဆိုတာကို ခင်ဗျားသဘောတူသလား"

"ဟုတ်ပါတယ် ခင်ဗျားပြောတာ မှန်ပါတယ်"

လာမွန်က လှိုက်လှိုက်လှဲလှဲ ပြန်ပြောလိုက်သည်။

"ကျွန်တော် အခုပဲ ပီတာဘိုရိုက ပြန်လာတာ၊ လမ်းတွေက အရမ်းဆိုးတာပဲဗျ"

သူက ဘီယာတစ်စုပ်သောက်လိုက်သည်။

အရက်စပ်ဆရာက ဖန်ခွက်တွေသုတ်နေရင်းမှ. . .

"ခင်ဗျား ပီတာဘိုရိုကပြန်လာတယ် ဟုတ်လား၊ ခင်ဗျားကို ကျွန်တော် ဒီတစ်ဝိုက်မှာ တစ်ခါမှမတွေ့ဖူးသလိုပဲ"

"ကျွန်တော်က လမ်းကြုံလို့ဝင်လာတာပါ၊ ခဏနားချင်တာလဲ တစ်ကြောင်း၊ ပြီးတော့ ကျွန်တော့်မိတ်ဆွေဟောင်းကြီး ဘီလ်လပ်ဖ်နဲ့ တွေ့ချင်တာလဲ တစ်ကြောင်းဆိုပါတော့၊ သူက ပြောတော့ ဒီအချိန်ဆိုရင် ဒီဆိုင်မှာ အမြဲရှိတတ်တယ်ဆိုပါလားဗျ"

"အား. . . ဟုတ်ပါတယ်၊ ဘီလ်က ဒီကို ညတိုင်းလိုလိုရောက်ပါတယ်၊ ဒါပေမယ့် ခင်ဗျားကံဆိုးတာပဲ၊ မနေ့ကစပြီး သူမလာဘူးဗျ၊ သူတို့လင်မယား မင်္ဂလာနှစ်ပတ်လည်နေ့ အတွက် ဟိုတယ်သွား ညစာစားပြီး ရုပ်ရှင်သွားကြည့်တယ်၊ ကျွန်တော်တို့က သူတို့ရုပ်ရှင် ကြည့်ပြီးတော့ သူ့မိန်းမကို အိမ်ပြန်ပို့ပြီး အိပ်ရာမဝင်ခင် တစ်ခွက်တစ်ခပ်သောက်ဖို့ လာဦး မယ်ထင်နေတာ၊ လုံးဝပေါ်မလာဘူး၊ အံ့ဖို့ကောင်းတာက ဒီနေ့လဲ အရိပ်အယောင်တောင် မမြင်ရဘူးဗျ၊ ကေဘ္ဘတော့ အဘွားကြီးက ခြေထောက်ရိုက်ချိုးထားပြီထင်ပါရဲ့၊ အဲဒီလိုဆိုရင်လဲ ကျွန်တော်တို့သိရမှာပဲဗျ၊ မဟုတ်ဘူးလား. . . အာတီ"

စားပွဲတစ်လုံးတွင် တစ်ယောက်တည်းထိုင်ကာ ဘီယာငုံ့သောက်နေသူက ခေါင်း မော့ကြည့်ကာ. . .

"ဘယ်သိနိုင်ပါ့မလဲဗျာ၊ သတင်းဆိုတာက နားတစ်ဖက်ကဝင်ပြီး တခြားတစ်ဖက်က ထွက်သွားတတ်တာမျိုးပဲ၊ အလကား မဟုတ်တရုတ်ကိစ္စတွေ၊ ဘယ်သူက စိတ်ဝင်စားပါ့မလဲ"

လာမွန်က သဘောကျသွားပြီး ရယ်လိုက်သည်။

"ဒါနဲ့. . . ခင်ဗျားတို့အရက်ဆိုင်က ဝက်ပေါင်ခြောက်ကြော်တောင် မရဘူးဆိုတော့ ဘယ်လိုဆိုင်လဲဗျ"

ဟောကီပွဲကြည့်နေသူနှစ်ယောက်က တယ်လီဗေးရှင်းပိတ်ပစ်လိုက်သည်။

"အလကား အသုံးမကျတဲ့ပွဲ" တစ်ယောက်က ပြောသည်။

"ဟုတ်ပါ့ဗျာ ဘယ်လိုမှ ကြည့်လို့မရပါဘူး"

နောက်တစ်ယောက်က ထောက်ခံသည်။

"ဟောဒီကမိတ်ဆွေက ဘီလ်လပ်ဖ်ရဲ့ ရဲဘော်တဲ့ဗျ"

အရက်စပ်ဆရာက လာမွန်ကို မေးထိုးပြရင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည် လက်စ်ဝတ်ကင်းပါ"

အရပ်ရှည်ရှည်လူက ပြောသည်။

"ကျွန်တော်က ပီတီလာနားပါ"

လာမွန်က လိမ်ပြောလိုက်သည်။

"ကျွန်တော့်နာမည်က ဂျိုးရေးနိုး"

ဝဝပုပုကလည်းဝင်၍ မိတ်ဆက်သည်။

"ဒါနဲ့ ခင်ဗျားက ဘာလုပ်သလဲ ပီတီ"

"နယူးဟမ်းပ်ရှိုင်းယားက ရေပိုက်ဆက်သွယ်ရေး ကုမ္ပဏီတစ်ခုမှာလုပ်တယ်၊ အခု နယူးယောက်ကို ပစ္စည်းရှာဖို့သွားတာ၊ ကဲ. . . ဒီတော့ ကျုပ်က ညွှန်သည်ဆိုတော့ ခင်ဗျား တို့က ဘီယာတစ်လုံးလောက်စီ ဒါနပြုကြရင် မကောင်းဘူးလားဗျာ"

အားလုံးသဘောကျသွားပြီး ရယ်လိုက်ကြသည်။ နောက်တစ်နာရီလောက်ကြာတော့ ထုံးစံအတိုင်း ပုလင်းတူဘူးဆို့ချင်း 'အာချောင်'ရင်း တော်တော်ကလေး လေပေးဖြောင့်သွား ကြသည်။

လက်စ်နှင့် ဂျိုးတို့က (၇)နံပါတ်လမ်းမကြီးပေါ်ရှိ မိုဒယ်ကုန်တိုက်မှ အရောင်း ကိုယ်စားလှယ်များဖြစ်ကြောင်း သိရသည်။ အာတီကတော့ ကားဝပ်ရှော့ထောင်ထားသည်။ နဖူးပြောင်ပြောင်နှင့် အမူဆောင်အရာရှိရုပ်ပေါက်နေသူ အလန်ကရိုးဂျားက ကြော်ငြာကိုယ် စားလှယ်ဌာနတွင် အလုပ်လုပ်သည်။

ယနေ့တိုင် ခါတိုင်းလာနေကျလူတွေ တော်တော်များများ မလာကြဟု သိရသည်။ ရာသီဥတုကို ကျေးဇူးတင်ရမည်။ ယနေ့ည ဘီလ်ဖီနယ်လီလည်း မလာ။ ဒွန်ဘရန်နီဂန်လည်း မရောက်။ ချာလီပင်ချာမှာလည်း မိန်းမနှင့်အတူ ပြဇာတ်လိုက်သွားသည်ဟု ဆိုသည်။

ကရိုးဂျာအတွက် တက္ကစီရောက်လာသည်။ လက်စ်က ဂျိုးအား သူ့ကားနှင့်လိုက်ရန် ခေါ်သည်။ အာတီကပြန်ရန် ထိုင်ရာမှထသည်။ အရက်စပ်ဆရာက ပိုက်ဆံမြှောက်ပြရင်း. . .

"ပိုတဲ့ပိုက်ဆံတော့ ကျွန်တော့်အတွက်ပဲဆရာ၊ ခင်ဗျားကို မတွေ့ရတာကြာပြီ"

"ကဲ. . . ပြန်ကြစို့" လက်စ်က ပြောသည်။

"ကံကောင်းပါစေ. . . အာတီ၊ ဒါနဲ့. . . အလုပ်အကိုင်အဆင်ပြေရဲ့လား"

"ကျွန်တော်ပြန်လာလို့ အလုပ်မဖြစ်ရင်တော့ ရှောဆီမှာပဲ သွားလုပ်တော့မယ်ဗျာ။ သူက သူ့ဆီလာလုပ်ဖို့ ကျွန်တော့်ကို အတင်းခေါ်နေတယ်ဗျ"

"ကောင်းတာပေါ့ဗျ၊ သူက တကယ်တော်တဲ့ မက္ကနစ်တစ်ယောက်ပဲ"

လက်စ်က ပြောသည်။

"ဒါနဲ့ ခင်ဗျားက ဘယ်သွားမလို့လဲ"

လာမွန်က အာတီကို မေးလိုက်သည်။

"ရှော့ဒ်အိုင်းလင်း. . . ပရိုဗီဒင့်စ်မြို့ကိုဗျ"

"အေးဗျာ. . . ခင်ဗျား အဲဒီမသွားခင် ဘီလ်နဲ့တွေ့မသွားရတာ ကံဆိုးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဂျိုးက ဝင်ပြောသည်။ အာတီက သရော်တော်တော် ရယ်လိုက်သည်။

"ရော့ဒ်အိုင်လင်းက အရစ်ဇိုနာမဟုတ်ဘူးဗျ၊ ကျွန်တော်က ပြန်လာမှာပါ။ ကဲ. . . အိမ်ပြန်ပြီး တစ်မှေးလောက်အိပ်လိုက်ဦးမှပဲ၊ မနက်ကျတော့လည်း အစောကြီးထွက်ရမှာဗျ"

အလန်ကရိုးဂျားက တံခါးဝသို့ ဒယီးဒယိုင်လျှောက်လာသည်။

"အင်း. . . အရစ်ဇိုနာ. . . အရစ်ဇိုနာ၊ ပန်းချီခြယ်ထားသော ကန္တာရဆိုတာပေါ့ဗျ"

လေးယောက်သား ဆိုင်ထဲမှထွက်သွားကြသည်။

လာမွန်က အာတီ၏နောက်ကျောကို လှမ်းကြည့်ပြီး. . .

"အဲဒီ အာတီဆိုတဲ့လူက ဘီလပ်ဖိန့် တော်တော်ရင်းနှီးသလားဗျ"

အရက်စပ်ဆရာက ခေါင်းကိုခါယမ်းလိုက်သည်။

"အဲဒီလိုလဲ မဟုတ်ပါဘူး၊ အမှန်ကတော့ နားမပင်းတဲ့လူမှန်ရင် ဘီလ်နဲ့ မိတ်ဆွေဖြစ်သွားတာချည်းပဲဗျ၊ ဒီအဘိုးကြီးက အရက်ကလေးနှစ်ခွက်လောက်ဝင်သွားရင် ပေါက်တရတွေ အမျှင်မပြတ်လျှောက်ပြောတော့တာပဲ၊ ခင်ဗျားလဲ သိမှာပါ၊ ကျွန်တော်တို့ လူတွေတတော့ အမြဲတမ်းပြောနေကြတာပဲ၊ ဘယ်လိုလဲဆိုတော့ ဘီလ်ရဲ့မိန်းမက သိပ်အပေါက်ဆိုးတာဗျ၊ ပွစိပွစိနဲ့ ယောက်ျားကို နေ့တိုင်း နားပူနားဆာလုပ်တတ်တယ်၊ ဒီတော့ ဘီလ်ကလဲ ညတိုင်း ဒီဆိုင်လာပြီး တွေ့တဲ့လူတိုင်းကို သူထင်ရာတွေ စွတ်ပြောတော့တာပေါ့"

"ဪ. . . ဟုတ်လား"

လာမွန်က ဖန်ခွက်ကို ရှေ့သို့တွန်းလိုက်ရင်း. . .

"ခင်ဗျားလဲ တစ်ခွက်လောက် သောက်ပါလား"

"နေပါစေ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်က အလုပ်လုပ်နေတုန်း သောက်လေ့မရှိဘူးဗျ၊ လုပ်ပါ. . . ခင်ဗျားပဲ သောက်ပါ၊ ဒီလိုညမျိုး အရက်သောက်လို့ အကောင်းဆုံးပေါ့ဗျာ၊ ဒါပေမယ့် အမူးလွန်ရင်လဲ မကောင်းဘူးဗျ၊ ဟိုကောင်လေးကြည့်ပါလား၊ သွမ်မဆင်ဆိုတဲ့ကောင်လေးပေါ့၊ အရက်မူးလွန်ပြီး မိန်းကလေးတစ်ယောက်ကို ဆွဲလားရမ်းလားလုပ်ခဲ့ဖူးလို့ အခုလူသတ်မှုမှာ အပြစ်ပိုလေးသွားတာပေါ့၊ သူ့အမေက ဒီနားမှာနေတာဗျ၊ ဒီကဆိုရင် နှစ်ပြလောက်ပဲဝေးတယ်"

လာမွန်က မျက်နှာကို ရှုံ့မဲ့လိုက်ပြီး. . .

"ဒါနဲ့ အဲဒီကောင်လေးက တကယ့်လူသတ်မှုကျူးလွန်တယ်လို့ ထင်သလားဗျ"

အရက်စပ်ဆရာက ခေါင်းကို ခါယမ်းလိုက်သည်။

"ကျွန်တော်တို့ လူများစုကတော့ မထင်ပါဘူးဗျာ၊ တကယ်သတ်တဲ့လူကို တရားခံမဖော်နိုင်လို့ ကောင်လေးခမျာ မားစာခံဖြစ်ရတယ်ဆိုပြီး တစ်ယောက်တစ်ပေါက် ပြောနေကြတာပဲဗျ"

"ဟုတ်တယ် ကျွန်တော်လဲ အဲဒီအတိုင်းပဲ ကြားရတယ်ဗျ"

"ဘီလ်နဲ့ သူ့မိန်းမက အသတ်ခံရတဲ့ မိန်းမအိမ်မှာနေတာ ခင်ဗျားသိမှာပေါ့၊ ဟို. . . ဝတ်တာဆင်အိမ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဟုတ်လား၊ အဲဒါတော့ ကျွန်တော်မသိဘူးဗျ"

"ဒီကိစ္စက ပြောရခက်ပါတယ်ဗျာ၊ ဒေါ်ရာလပ်ဖ်က ပက်တာဆင်အိမ်မှာ လုပ်နေတာကြာပြီ၊ ဘီလ်အပြောတော့ ကောင်လေးက သရဲဝင်ပူးနေသလိုပဲတဲ့၊ ညညကျရင် အိပ်မက်ဆိုးတွေမက်ပြီး တစ်ဒိုတည်းဒိုနေတယ်ဆိုပဲ. . ."

"အေးဗျာ သနားစရာပဲ"

"ဘီလ်နဲ့ သူ့မိန်းမက ဖလော်ရီဒါကို ပြောင်းတော့မလို့ ကြံနေကြတယ်၊ ဒါပေမယ့် ကောင်လေးရဲ့ အဖေ နောက်အိမ်ထောင်ပြုပြီးမှပဲ ပြောင်းမယ်ဆိုပြီး စောင့်နေကြတာ၊ ဒီလူက စာရေးဆရာမတစ်ယောက်နဲ့ တွဲခုတ်နေတာဗျ၊ ဘီလ်အပြောတော့ ရုပ်ရည်က တော်တော်နိပ်တယ်ဆိုပဲ၊ အဲဒီအမျိုးသမီးက မနေ့ကညပက်တာဆင်အိမ်ကိုလာတာ"

"ဩော်. . . ဒီလိုကိုး"

"ဟုတ်တယ်၊ ဒါပေမယ့်. . . ကောင်လေးက အဲဒီအမျိုးသမီးကို သိပ်မကြည်ဘူး၊ သူ့အမေနေရာဝင်လာမယ့် မိန်းမဆိုပြီး သဘာဝအတိုင်း မနာလိုဖြစ်တာပေါ့ဗျာ၊ ကလေးတွေက ဒီအတိုင်းပါပဲ"

"ဟုတ်တာပေါ့. . ."

"ကောင်လေးအဖေက 'သတင်းစုံ' မဂ္ဂဇင်းတိုက်က အယ်ဒီတာချုပ်ဗျ၊ ဟို နှစ်နှစ်လောက်က စထွက်တဲ့မဂ္ဂဇင်းပေါ့၊ ခင်ဗျားသိပါတယ်၊ သူက အဲဒီမဂ္ဂဇင်းမှာ အရင်းတော်တော်မြှုပ်နေတာ၊ နောက်ဆုံး အိမ်ကိုတောင် ရောင်းခဲ့ရတာ၊ ဒါပေမယ့် မဂ္ဂဇင်းက အခုဆို စောင်ရေတက်လာပါပြီ၊ ကဲ. . . ဆိုင်ပိတ်မှထင်တယ်၊ ဒီည လူလာကျဲတယ်ဗျ၊ ထိုင်စောင့်နေလို့လဲ ထူးမှာမဟုတ်ဘူး၊ တစ်ခွက်ယူဦးမလား"

လာမွန်က စဉ်းစားသည်။

သူသိချင်တာတွေ ရှိသေးသည်။

အချိန်ဖြုန်းနေလို့ မဖြစ်တော့ဘူး။

သူက ဖန်ခွက်ပြန်ချလိုက်ပြီး ပိုက်ဆံအိတ်ထုတ်လိုက်သည်။

ပြီးတော့ အိတ်ထဲမှ 'အက်ဖ်ဘီအိုင်' ကတ်ကို ထုတ်ပြလိုက်သည်။

❁

သူသည် နောက်တစ်နာရီအကြာတွင် ပက်တာဆင်၏အိမ်သို့ ပြန်ရောက်လာသည်။

ဟူးချ်နှင့် ဆွေးနွေးကြပြီးနောက် မင်ဟက်တန်နယ်မြေ၊ အက်ဖ်ဘီအိုင်ဌာနချုပ်သို့ ဖုန်းဆက်သည်။ သူက လျှို့ဝှက်လိုင်းခွဲတပ်ထားသော အခန်းကျဉ်းကလေးတံခါးကို သေသေချာချာပြန်ပိတ်လိုက်ပြီးမှ လေသံဖြင့် စကားပြောသည်။

"ဟူးချ်ထင်တာ မှန်ပါတယ်၊ ဘီလ်လပ်ဖ်က 'လောက်စပီကာ'ပဲ၊ မူးလာရင် အရမ်းစကားပြောတဲ့လူ၊ 'မစ်လ်တာဗန်' အရက်ဆိုင်မှာ သူ့ကို မသိတဲ့လူမရှိဘူး၊ မနေ့ကည သူတို့လင်မယားအပြင်ထွက်တာ၊ ပက်တာဆင်က အလုပ်တိုက်မှာ အစည်းအဝေးတက်နေလို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်နောက်ကျတာ၊ အိမ်ကို ရှစ်နာရီမှာတင် လာအိပ်မှာဆိုတာတွေကို အဲဒီကလူတွေအားလုံး သိနေကြတယ်၊ အရက်စပ်သမားက ကျွန်တော့်ကို လူ (၁၀)ယောက် နာမည်စာရင်းပေးတယ်၊ အဲဒီလူတွေဟာ ဒီဆိုင်ကိုအမြဲလာနေကျလူတွေ၊ ဘီလ်လပ်စ်နဲ့ အဖွဲ့ကျနေတဲ့လူတွေပဲ၊ ဒီနေ့ညလဲ သုံးလေးယောက် လာကြပါတယ်၊ သူတို့ကြည့်ရတာ အားလုံး 'အိုကေ'ပါပဲ၊ ဒါပေမယ့် ချာလီပင်ချာဆိုတဲ့လူကိုတော့ ထောက်လှမ်းကြည့်သင့်တယ်၊ ဒီနေ့မလာဘူး၊ သူ့ မိန်းမနဲ့ ပြဇာတ်လိုက်သွားသတဲ့"

"ဒီလူတွေဟာ လွန်ခဲ့တဲ့တစ်နှစ်လောက်ကတည်းက တွေ့နေကြတာ၊ အဲဒီတော့ တစ်ယောက်ယောက်က အချင်းချင်း အသံတုလုပ်လို့ရနိုင်တယ်၊ ပြီးတော့ အာတီတက်ဂတ်ဆိုတဲ့လူတစ်ယောက်လည်း တွေ့တယ်၊ သူက မနက်ဖြန်ဆိုရင် ရေဒ်အိုင်လင်းကို ပြောင်းတော့မှာ၊ ပြဿနာရှိမယ့် လူစားမျိုးမဟုတ်ပါဘူး၊ နောက်နှစ်ယောက်က အရောင်းကိုယ်စားလှယ်တွေ၊ လက်စ်ဝတ်ကင်းနဲ့ ဂျိုးရေးနိုးတဲ့၊ ဒီလူတွေနဲ့ အချိန်ကုန်ခံမနေပါနဲ့တော့၊ နောက်တခြားလူတွေနာမည်ကတော့. . ."

သူက နာမည်စာရင်းဖတ်ပြသည်။ ဖတ်ပြီးတော့ ဆက်ပြောသည်။

"နောက်တစ်ချက်က. . . နီးလ်မှာ ဘဏ်စုငွေစာရင်းရှိတယ်ဆိုတာ လွန်ခဲ့တဲ့ တစ်လလောက်က ဘီလ်က ပြောဖူးတယ်တဲ့၊ အဲဒါ အရက်ဆိုင်က လူတိုင်းသိနေကြတယ်၊ အိုကေ ကျွန်တော် ကက်ဆက်ထဲက အသံကိစ္စ ဆက်လိုက်ဦးမယ်၊ ဒါနဲ့ ဂျင်အိုဝင်နဲ့ အဆက်အသွယ်ရပြီးပြီလား"

သူက ဖုန်းပြန်ချလိုက်သည်။

ပြီးတော့ ညေ့ခန်းဖြတ်ကာ စဉ်းစဉ်းစားစား လျှောက်လာခဲ့သည်။

ဟူးချ်နှင့် စတီးဖ်တို့က ခေါင်းချင်းဆိုင်ပြီး တီးတိုးစကားပြောနေကြသည်။

ထို့နောက် စတီးဖ်က ကုတ်အင်္ကျီကောက်ဝတ်လိုက်သည်။ သန်းခေါင်နားနီးနေပြီ။ ပြန်ပေးနှင့်ချိန်းထားသော နေရာသို့သွားရန် အချိန်ရောက်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com

# ၃၁

အဘွားကြီးလာလီသည် သူမ၏အခန်းကလေးကို ကျူးကျော်သူများ ဝင်ရောက်အပိုင်စီးထားသဖြင့် အကြီးအကျယ် စိတ်မချမ်းမသာဖြစ်မိသည်။

ထို့ကြောင့်လည်း ဘူတာကြီးဧည့်ခန်းမတွင် ရိုစီနှင့် တွေ့သောအခါ သူမက သူ၏လျှို့ဝှက်ခံစားချက်ကို အောင့်မထားနိုင်တော့ဘဲ ရိုစီအား ဖွင့်ပြောလိုက်မိတော့သည်။

"အဲဒီအခန်းကလေးက ငါ့အတွက် သီးသန့်ဗိမာန်ကလေးပဲ ရိုစီရဲ့" ဟု . . ပြောကာ အဘွားကြီးက နိဂုံးချုပ်လိုက်သည်။

ပြောသာပြောလိုက်ရသည်၊ စိတ်ထဲကတော့ မကောင်း။ ရိုစီကပါ နေပါရစေဟု ဆိုလာလျှင် ဘယ်လိုလုပ်ရပါ့ဟူသော စိုးရိမ်မှုက ဝင်လာသည်။

မဖြစ်ဘူး. . . ခွင့်မပြုနိုင်ဘူး။ ဒါက ငါ့ကံနဲ့ငါ ရထားတဲ့အခန်းကလေး။

သို့သော် သူမအနေဖြင့် စိုးရိမ်စရာမရှိပါ။

"ရှင်ပြောတာက ဟို 'ဆင်, ဆင်' ထောင်ထဲက အခန်းကလေးကို ပြောတာလား"ဟု ရိုစီက အရေးမလုပ်သည့်ဟန်ဖြင့် ပြန်ပြောသောကြောင့် ဖြစ်သည်။

"ကျွန်မတော့ အဲဒီနေရာကို အနီးတောင် မသွားချင်ပါဘူး၊ ကြောင်တွေကလဲ ပေါလိုက်ပါဘိနဲ့၊ ကြွက်တွေကျနေတာပဲ၊ ကျွန်မက ကြောင်ဆို သိပ်မုန်းတာ လာလီရဲ့"

ဟုတ်ပါသည်။ အဲဒီအခန်းကို သူမတစ်သက်လုံး သွားမည်မဟုတ်ပါ။

ရိုစီက ကြောင်ဆို သေမင်းလောက်ကြောက်သည်။

လမ်းမှာ မတော်တဆ တွေ့တောင်မှ အဝေးက ရှောင်ပြေးတတ်သည်။

"အေးလေ ဒါကတော့ ညည်းစရိုက်နဲ့ ညည်းကို၊ ငါကတော့ ကြောင်ဆို သိပ်ချစ်တာ၊ သူ့ခမျာတွေ အစာငတ်ရေငတ်နဲ့ နေရရှာတာ၊ အခုဆိုရင် အရင်ကထက်တောင် များလာပြီး ကြွက်အုပ်ကြီးကျနေတာပဲ"

ရိုစီက ကြားရသည်နှင့်ပင် ကြက်သီးထသွားမိသည်။

"အဲဒါထားပါဦး၊ စောစောကစကား ဆက်ပြောရဦးမယ်၊ ငါကတော့ အခန်းထဲမှာ အနည်းဆုံး နှစ်ယောက်တော့ ရှိမယ်ထင်တယ်. . . ရိုစီ၊ အဲဒီအကောင်နဲ့ ကောင်မဆိုပါတော့၊ ဒီတော့. . . ငါ့အကြံက အဲဒီအကောင် အပြင်ထွက်နေတုန်း ကောင်မကို မောင်းထုတ်ရမယ်၊ မောင်းထုတ်ကို မောင်းထုတ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှိစီက စဉ်းစားနေသည်။ ခဏကြာတော့မှ. . .

"ကြည့်လဲလုပ်ပါဦး. . လာလီရယ်၊ ကျားရှေ့မှောက်လျက်လဲသလို ဖြစ်နေပါဦးမယ်၊ အဲဒီကောင် အခန်းထဲမှာရှိနေရင် မလွယ်ဘူး၊ ရှင်ပြောတော့ အဲဒီကောင်က လူမိုက်ရုပ်ပေါက်နေတယ်ဆို"

"အမယ်လေး အဲဒီထက်တောင် ဆိုးပါသေးတယ်၊ ဒါပေမယ့် မပူပါနဲ့၊ ညည်းကသာ ငါ့ကို တစ်ဆိတ်ကူညီစမ်းပါ၊ ဒီကောင်ကို စောင့်ကြည့်ထားစမ်းပါ"

ရှိစီက ဒါမျိုးဆို ဝါသနာအလွန်ပါသည်။

လျှို့ဝှက်ကြံစည်ရသည့် အလုပ်မျိုးကို အလွန်လည်း ကြိုက်သည်။

သူမက ယိုင်နဲ့နေသော ဝါကြန့်ကြန့်သွားကြီးများပေါ်အောင် ပြုံးပြလိုက်ပြီး. .

"စိတ်ချပါ၊ ကျွန်မ ခြေရာခံစောင့်ကြည့်ထားပါ့မယ်"

သောက်လက်စ ကော်ဖီပန်းကန်ကို လက်စသတ်လိုက်ကြသည်။

ပြီးတော့ မုန့်ဆီကြော်အကျန်များကို ဈေးဝယ်အိတ်ထဲ ထည့်ယူကြပြီး ဘူတာရုံအောက်ဘက်သို့ ထွက်လာခဲ့ကြသည်။

"ဒီအတိုင်းသာ လျှောက်နေရရင်တော့ တော်တော်ကြာမှာပဲ"

လာလီက ညည်းလိုက်သည်။

"ကိစ္စမရှိပါဘူး၊ အော်လန်ဒေါ့ဖ်ကို ကြောက်ရသေးတယ်ရှင့်"

အော်လန်ဒေါ့ဖ်က အလွန်စည်းကမ်းကြီးသော မီးရထားရဲဖြစ်သည်။ သူက ဘူတာရုံတွင် အိမ်ခြေရာခြေမဲ့သူတွေ စခန်းလာချသည်ကို လုံးဝမကြိုက်။ သူနှင့်တွေ့လျှင် အမြဲတမ်း မောင်းထုတ်တတ်သည်။

နှစ်ယောက်သား စိတ်တထင့်ထင့်နှင့် ဆက်လျှောက်လာကြသည်။ အကယ်၍ အော်လန်ဒေါ့ဖ်နှင့်တွေ့လျှင်လည်း နယူးယောက်သို့သွားမည့် မိတ်ဆွေတစ်ယောက်ကို ဘူတာမှာ လာနှုတ်ဆက်တာဟု ပြောမည်ဟူ၍ လာလီက စိတ်ကူးထားသည်။

သူတို့ ကံကောင်းသည်။ အော်လန်ဒေါ့ဖ်က သူတို့နှစ်ယောက်ကို လုံးဝလှည့်မကြည့်။ တစ်နေရာတွင်ရပ်ကာ တစ်ဖက်သို့သာ အာရုံစိုက်နေသည်။

လာလီ၏ခြေလှမ်းတွေ မြန်လာသည်။ ထိုအခိုက် မောင့်ဟာန္ဒန်စကြိုဘက်သို့ လူတွေတစ်အုပ်ကြီး လျှောက်လာကြသည်။

လာလီက ဆံပင်နက်နက်နှင့်လူတစ်ယောက်ကို ရုတ်တရက်လှမ်းမြင်လိုက်သည်။

သူမသည် ရှိစီ၏လက်မောင်းကို လှမ်းဆွဲလိုက်ပြီး. . .

"ဟော. . . ဟော. . . ဟိုမှာ. . ဟိုမှာ သူပဲ. . သူပဲ"

သူမက တိုးတိုးကလေးပြောလိုက်သည်။

"ကြည့်. . ကြည့်. . . ဟိုမှာ. . တံတားဆီလျှောက်သွားပြီ၊ ကုတ်အင်္ကျီအညိုရောင် ဘောင်းဘီက အစိမ်းဝတ်ထားတဲ့လူပဲ"

ရှိစီက မျက်လုံးမှေး၍ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . အဲဒီလူဟုတ်လား၊ ကျွန်မလဲ သူ့ကို မြင်ဖူးတယ်"

"ကဲ. . . ငါသွားတော့မယ်"

"ဖြစ်ပါ့မလား၊ ဟိုမှာ အော်လန်ဒေါ့ဖ် ရှိနေသေးတယ်၊ သူက ရထားဝင်းထဲလှည့်ပြီး ကြည့်ချင်ကြည့်မှာ"

စကားမဆုံးမီပင် အော်လန်ဒေါ့ဖ်သည် တစ်ဖက်သို့ လှည့်ထွက်သွားသည်။

နေ့လယ်စာစားရန် ပြန်သွားခြင်းဖြစ်သည်။ သည်တော့မှ လာလီသည် ရိုစီနှင့် လူချင်း ခွဲကာ စကြံဘက်သို့ ဆက်လျှောက်လာခဲ့သည်။

(၁၂)နာရီ(၁၀)မိနစ် ရထား ထွက်ခါနီးနေပြီ။ သူမသည် သံလမ်းတစ်ဖက်သို့ ဖြတ်ကူး လိုက်သည်။ ထို့နောက် ခုံးတံတားအတိုင်း ခပ်မြန်မြန်ကလေးလျှောက်လာခဲ့သည်။ စိတ်က ဆောင်နေလို့သာ သည်လောက်လျှောက်နိုင်ခြင်းဖြစ်သည်။ သူမ၏ ဒူးဆစ်ကိုက်နာက မသက် သာလှ။ ယခုတလော ရောဂါပြန်ထလာသည်။ ဒီဆောင်းရာသီက ပိုဆိုးသည်။ အအေးက လွန်လွန်းတော့ ဒူးဆစ်တွင်မကတော့ဘဲ ကျောကုန်းရော၊ ခြေထောက်ရော တစ်ကိုယ်လုံး ကိုက်ခဲနေသည်။ သူမသည် အိပ်ရာပေါ်တွင် အေးအေးဆေးဆေး လှဲနေလိုက်ချင်သည်။

ဟိုသူငယ်မကို မောင်းထုတ်ပြီးမှ အိပ်ရတော့မည်။ မကြာတော့ပါဘူး။

နောက် (၂)မိနစ်လောက်လျှောက်ရင် ရောက်တော့မည်။

အဲဒီသူငယ်မနှင့် တွေ့လျှင်. . .

"ဟော့. . . ဒီမှာသူငယ်မ၊ ရဲတွေက မျက်စိရှိပါတယ်အေ့၊ အခုပဲ မင်းကို လာဖမ်းကြ တော့မယ်၊ အဲဒီတော့ သူတို့မလာခင် ခပ်မြန်မြန်ထွက်သွား၊ မင်း. . အပေါင်းအသင်းကိုလဲ ဒီနေရာဘယ်တော့မှ ပြန်မလာပါနဲ့လို့ ပြောလိုက်ပါ" ဟု ဟန်ပါပါနှင့် ရာဇသံပေးလိုက်မည်။

ဟုတ်ပြီ၊ ဒါဆို ကောင်းကောင်းအလုပ်ဖြစ်ပြီ။

သူမသည် မီးရထားစက်ခေါင်းများနှင့် ပိုက်လုံးများကို ရှောင်ပြီး ပတ်လျှောက်လာ ခဲ့သည်။ ဥမင်ရထားလမ်းက မှောင်မည်းနေသည်။

သူမ၏အခန်းတံခါးကို လှမ်းကြည့်လိုက်သည်။ ပြီးတော့ ပြုံးလိုက်သည်။

ခြေလှမ်းရှစ်လှမ်းမျှ လျှောက်လာပြီးသောအခါ အခန်းတံခါးဝသို့ ဦးတည်နေသော လှေကားခြေရင်း ရောက်လာသည်။ ဈေးဝယ်အိတ်ကို လက်ပြောင်းကိုင်လိုက်သည်။ အင်္ကျီ အိတ်ထဲတွင် သော့ကိုစမ်းသည်။

ထို့နောက် လက်တစ်ဖက်ဖြင့် အိတ်ကိုဆွဲ၍ ကျန်တစ်ဖက်ဖြင့် လက်ရန်းတန်းကို ကိုင်ကာ လှေကားကို လှမ်းတက်လိုက်သည်။

"အဘွားကြီး. . . ဘယ်သွားမလို့လဲ"

စူးစူးရှရှအသံကြောင့် လာလီသည် လန့်၍ပင် အော်လိုက်မိသည်။

ကိုယ်ခန္ဓာကလည်း နောက်သို့ ယိုင်သွားသည်။

သူမသည် စိတ်ကိုထိန်းကာ ကိုယ်ကို မတ်မတ်ရပ်ပြီး နောက်သို့ လှည့်ကြည့်လိုက် သည်။ စိန်းစိန်းကြီးကြည့်နေသော အော်လန်ဒေါ့ဖ်၏ မျက်နှာကြီး။



www.burmeseclassic.com

www.burmeseclassic.com



သူက ငါ့အရိပ်အခြည်စောင့်ကြည့်နေတာ ဖြစ်မယ်။ ရိုစီသတိပေးတာ မှန်နေပြီ။ အမှန်က သူဟာ နေ့လယ်စာသွားစားသလို ဟန်ဆောင်ပြီး ငါ့ကို ထောင်ဖမ်းတာဖြစ်မယ်။

သူမသည် လက်ထဲမှ သော့ကို စျေးဝယ်အိတ်ထဲသို့ မသိမသာပြန်ထည့်လိုက်သည်။

သူများ မြင်သွားပြီလား။

"ဘယ်သွားမလို့လဲလို့ ကျုပ်မေးနေတာ မကြားဘူးလား"

အော်လန်ဒေါ့ဖ်က ထပ်မေးလိုက်သည်။

ရှေ့ဘက်တစ်နေရာမှ ရထားတစ်စီးဝင်လာသည်။

ရထားသံနှင့် လူသံတွေ သဲ့သဲ့ကြားရသည်။

လာလီက ကျောက်ရုပ်ကြီးလို မတုန်မလှုပ် ရပ်နေသည်။

သူ့ခမျာ ဘာပြောလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

ထိုအခိုက် အခန်းထောင့်တစ်နေရာမှ ကြောင်တစ်ကောင် တညောင်ညောင်မြည်၍ ထွက်လာသည်။ လာလီ ရုတ်တရက် အကြံရသွားသည်။

"ဟို. . . ဟို ကြောင်တွေ. . ."

သူမက တုန်တုန်ယင်ယင်ဖြင့် ကြောင်ကို လက်ညှိုးထိုး၍ ပြောသည်။

"သူ့ခမျာတွေ အစာငတ်နေကြတယ်၊ အဲဒါ သနားတာနဲ့ အစာကျွေးမလို့ လာတာပါ၊ ပြီးရင် ပြန်ထွက်သွားမှာပါ"

သူမက ကမန်းကတန်းဖြင့် အိတ်ထဲမှ စက္ကူနှင့်ထုပ်ထားသော မုန့်ဆီကြော်တွေကို ထုတ်ယူလိုက်သည်။

အော်လန်ဒေါ့ဖ်က မျက်နှာထားတင်းတင်းဖြင့် ရပ်ကြည့်နေသည်။ သို့သော် စကားပြောသောအခါတွင်တော့ စောစောကထက် လေသံပျော့သွားသည်။

"ကဲ. . . ဒီတစ်ကြိမ်ပဲ တွေ့ရပါစေ၊ ဒါ ခင်ဗျားအလုပ်မဟုတ်ဘူး၊ ကြောင်တွေက သူတို့ဟာ သူတို့ ရှာစားလိမ့်မယ်၊ အဲဒါတွေ ပစ်ကျွေးလိုက်၊ ပြီးတော့ မြန်မြန်ပြန်ထွက်"

လာလီ၏ရင်တွေ တဖျပ်ဖျပ်ခုန်လာသည်။

သူမက မုန့်တွေကို ကြောင်ဆီသို့ ပစ်ကျွေးလိုက်သည်။ ချက်ချင်းပင် ကြောင်တွေ တစ်ကောင်ပြီးတစ်ကောင် ရောက်လာပြီး မုန့်တွေကို အလုအယက် စားသောက်ကြသည်။

"ကြည့်စမ်းပါဦး၊ သူ့ခမျာတွေ ဘယ်လောက်တောင်ငတ်နေကြသလဲလို့၊ ဒါနဲ့ မစ္စတာ အော်လန်ဒေါ့ဖ် အိမ်မှာ ကြောင်တွေ မွေးထားသလားဟင်"

သူမက နေရာမှ စတင်ထွက်ခွာရန် ခြေလှမ်းပြင်လိုက်သည်။ သူမနောက်မှ အော်လန်ဒေါ့ဖ် ပြန်လိုက်လာမှာလား။ ဒါမှမဟုတ် အခန်းကိုများ ဖွင့်ကြည့်ဦးမှာလား။ အဲဒီလိုဆိုရင်တော့ ငါ့အတွက် လမ်းပိတ်ပြီ။ သူက အခန်းထဲက ဟိုကောင်မလေးတွေ့သွားရင် ဒီအခန်းကို အသေပိတ်ထားလိုက်တော့မှာ သေချာတယ်။ ဘယ်သူမှ ဝင်ရတော့မှာ မဟုတ်ဘူး။

အော်လန်ဒေါ့ဖ်က ချီတုံချတုံလုပ်နေသည်။

ပြီးတော့မှ ပခုံးကို တွန့်လိုက်ပြီး သူမ နောက်မှ လျှောက်လိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အိမ်မှာ အရင်က မွေးဖူးပါတယ်၊ ဒါပေမယ့် အင်မတန်လိမ္မာတဲ့ ကြောင်ကလေးတစ်ကောင် သေသွားကတည်းက ကျုပ်မိန်းမက ဘယ်တော့မှ ကြောင်မမွေးတော့ဘူး"

လာလီသည် ဘူတာကြီးမှ ဧည့်ခန်းဆောင်သို့ ပြန်ရောက်လာသည်။

သူမ၏ရင်က ခုန်နေတုန်းပင်။

သူမသည် အော်လန်ဒေါ့ဖ် အိမ်မပြန်မချင်း သူမ၏အခန်းသို့ သွား၍မဖြစ်တော့။

ထို့နောက် စိတ်မကောင်းစွာဖြင့် အမှိုက်ပုံးရှိရာသို့ လျှောက်လာခဲ့ပြီး အမှိုက်ပုံးထဲမှ 'လူထု'မဂ္ဂဇင်းအဟောင်းတစ်စောင်ကို ဆွဲယူလိုက်သည်။

ပြီးတော့ 'ရွာ၏အသံ' အခန်းကို ကမန်းကတန်း လှန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၇၂

ရှရွန်နာသွားပြီဆိုတာကို နီးလ်က သိလိုက်သည်။

သူမက လဲကျသွားသည်ဆိုသည်မှာ သူ့ကိုညာပြောတာဖြစ်သည်။ ပြန်ပေးကသူမကို တွန်းပစ်လိုက်တာဖြစ်မည်။ နီးလ်က ရှရွန်ကို စကားပြောချင်သည်။ သို့သော် ပါးစပ်တွင် အဝတ်ပိတ်စည်းထားသဖြင့် ဘယ်လိုမှ ပြော၍မရ။

သူက ရှရွန်အား ပြန်ပေးကို ဆန့်ကျင်ရဲသော အလွန်သတ္တိရှိသည်ဟု ချီးကျူးစကားပြောချင်သည်။ သည်လူက သူ့မေမေကို လည်ပင်းညှစ်သတ်နေတုန်းက သူ အလွန်ကြောက်နေခဲ့မိသည်။ ဝင်ရောက်တိုက်ခိုက်ရန် လုံးဝ သတ္တိမရှိခဲ့။ သို့ပေမယ့် ရှရွန်လို အားရှိတဲ့ မိန်းမတောင်မှ ဒီလူကို ယှဉ်သတ်လို့ မရနိုင်ပါလား။

ရှရွန်က ပြန်ပေး၏သေနတ်ကို ရအောင်ယူမည်ဟု သူ့ကို ပြောသည်။

"အန်တီက သားကိုထားပစ်ခဲ့ပြီး ထွက်သွားမယ်လို့ ပြောပေမယ့် ဘာမှမကြောက်နဲ့ကြားလား၊ သားကို အန်တီ ဘယ်တော့မှ ထားမပစ်ခဲ့ပါဘူးသားရယ်၊ အန်တီကို ယုံပါနော်၊ ဒါပေမယ့် အန်တီက သူ့သေနတ်ကို ရရင်တော့ တို့နှစ်ယောက်ကို ဒီအခန်းထဲက အပြင်ထုတ်ပေးပါလို့ သူ့ကိုပြောမယ်၊ အဲဒီလိုလုပ်တာ မှားချင်လဲ မှားနိုင်တယ်၊ ဒါပေမယ့် တခြားလုပ်စရာ ဘာမှမရှိတော့ဘူး၊ အပြစ်မရှိတဲ့ ရိုနယ်သွမ်မဆင်ရဲ့အသက်ကို တို့နှစ်ယောက်ပဲ ကယ်တင်နိုင်မယ် မဟုတ်လား"

သူမ၏အသံက ကြားရတာ ရယ်စရာကြီးဖြစ်နေသည်။ မပီတစ်ချက် ပီတစ်ချက်။ အ,သောသူ စကားပြောသလို။ သူကလည်း ကြိုးစားပြီး ပြောကြည့်သည်။ သူ့အသံလည်း ထိုနည်းလည်းကောင်းပင်။

သူက ဆန်ဒီပြောသော စကားများကို ရှရွန်အား ပြန်လည်ပြောပြသည်။

ပြန်ပေးက သူ့အမေကို သတ်နေတုန်း သူက ပြန်ပေးကို ဝင်သတ်သင့်သည်ဟု ဆန်ဒီက ပြောကြောင်း၊ ထိုနေ့ကို သူ အမြဲတမ်းသတိရနေကြောင်း၊ လပ်ဖ်တို့လင်မယားက သူ့ကို ဖလော်ရီဒါသို့ခေါ်သွားမည်ဟု ဆန်ဒီကပြောကြောင်း၊ ပြီးတော့ ရိုနယ်သွမ်မဆင်ကို အစိမ်းလိုက်ဝါးစားချင်စိတ် မပေါက်မိဘူးလားဟု သူ့ကျောင်းနေဖက် မိတ်ဆွေတွေက မေးကြကြောင်း သူက ရှရွန်အား ပင်ပန်းကြီးစွာ ပြောပြလိုက်သည်။

စကားပြောပြီးတော့ သူ့ရင်တွေ တဖျပ်ဖျပ်ခုန်ပြီး မောဟိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ရှုရွန်ပြောသောစကားအဓိပ္ပာယ်ကို သဘောပေါက်သည်။

ရှိနယ်သွမ်မဆင်အား သူ့မေမေကို သတ်မှုဖြင့် သေဒဏ်ပေးကြတော့မည်။ တကယ်တော့. . . သူ့မေမေကို သွမ်မဆင်က သတ်သည်မဟုတ်။ ဒါပေမယ့် သူက သွမ်မဆင် သတ်ပါသည်ဟု တရားရုံးတွင် ထွက်ဆိုခဲ့သည်။ သူက လိမ်မပြောချင်ပါ။ ထို့ကြောင့်လည်း သူ့ဖေဖေအား သည်ကိစ္စကို ပြောရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ သို့သော် ပြန်ပေးက အပြောမခံဘဲ ကက်ဆက်ကို ပြန်ပိတ်လိုက်သည်။

သူသည် အသက်ကို နှာခေါင်းမှ ဖြည်းဖြည်းချင်း ရှူသွင်းနေသည်။ ကြောက်စိတ်ကို ဖြေဖျောက်နေသည်။ မငိုမိရန် ကြိုးစားနေသည်။ အဘယ်ကြောင့်ဆိုသော် သူ အမောဖောက်ပြီးရင်ကျပ်လာမည်ကို ကြောက်သောကြောင့် ဖြစ်သည်။

အခန်းထဲတွင် အလွန်အေးသည်။ သူ့လက်နှင့် ခြေထောက်တွေ မထိနိုင်အောင် နာနေကြသည်။ သို့ပေမယ့် သူက မကြောက်တော့။ ရှုရွန်က သည်နေရာမှ ထွက်နိုင်အောင် နည်းလမ်းရှာနိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်နှင့် သူ့ဖေဖေက သူတို့ကို အချိန်မီလာရောက် ကယ်တင်နိုင်လိမ့်မည်ဟူသော ယုံကြည်ချက်ကြောင့် သူက မကြောက်တော့ခြင်း ဖြစ်သည်။

ရှုရွန်၏နှာခေါင်းမှ ထွက်လာသော လေသည် သူ့လည်ပင်းကို လာဟပ်သည်။ သူ့ဦးခေါင်းက ရှုရွန်၏မေးအောက်သို့ ရောက်နေသည်။ တစ်ခါတရံ သူမက ညည်းသည်။ နာကျင်သောကြောင့်ဖြစ်မည်။ သူ့အဖို့တော့ ရှုရွန့်ရင်ခွင်ထဲ ရောက်နေရသည်ကိုပင် ကျေနပ်ပြီ။ သူ့ကိုယ်သူ နို့စို့ကလေးငယ်လို ဖြစ်နေသည်။ သူငယ်ငယ်တုန်းက တစ်ခါတစ်ရံ အိပ်ရာမှ လန့်နိုးလာတတ်သည်။ ထိုအခါ မေမေနှင့်ဖေဖေတို့က ပျာပျာသလဲနှင့် သူ့ကို ချော့မြူပြီးပြန်သိပ်ကြသည်။ သည်တော့မှ သူက မေမေ့ ရင်ခွင်ထဲတွင် ကွေးကွေးကလေး ပြန်လည်အိပ်ပျော်သွားတတ်သည်။ ရှုရွန်နှင့် ဖေဖေတို့က သူ့ကို ချစ်ကြမှာ သေချာပါသည်။ သူက သူ့ကိုယ်ခန္ဓာကလေးကို ရှုရွန်၏ကိုယ်နှင့် ပူးကပ်ထားလိုက်သည်။ "ကျွန်တော့်အတွက် ဘာမှမပူပါနဲ့တော့ အန်တီရယ်၊ အန်တီကို ကျွန်တော် ချစ်နေပါပြီ"ဟု ပြောပြလိုက်ချင်သည်။

သူက နှာခေါင်းဖြင့် အသက်ကို အရှည်ကြီးဆွဲ၍ ရှူရှိုက်လိုက်သည်။ လက်တွေက အလွန်နာကျင်နေသည်။ သို့သော် သူက သူ့အတွေးနှင့်သူ ပျော်နေသည်။

သူက ရှုရွန်ပြောခဲ့သော စကားကို ပြန်တွေးနေမိသည်။

လပ်ဖ်တို့လင်မယား ပြောင်းသွားလျှင် အပေါ်ထပ်ကအခန်းကို သူ့ကိုပေးမည်တဲ့။

အဲဒါဆိုရင် အတော်ပဲ။ အန်တီ ဝယ်ပေးမယ့် မီးရထားအသစ်ကလေးတွေနဲ့ ကစားလိုက်ရရင် ဘယ်လောက် ပျော်စရာကောင်းလိုက်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com

၃၃

"ကဲပါ ဂလင်ဒါရယ်၊ ငါ တောင်းပန်ပါတယ်၊ အဲဒါ ဆက်မလုပ်ပါနဲ့တော့၊ ညဥ့်လဲနက်လှပြီ၊ အိပ်ပါတော့"

ဂလင်ဒါက ခေါင်းယမ်းပြသည်ကို မစ္စတာရော်ဂျာပယ်ရီက စိတ်ပျက်လက်ပျက်အမူအရာဖြင့် ကြည့်နေသည်။ ခုတင်ဘေး စားပွဲပေါ်မှ နိုင်ထရိုဂလီဆရင်ဆေးထုပ်မှာ ဆေးပြားသုံးပြားသာ ကျန်တော့သည်။ မနက်တုန်းက ဆေးထုပ်တွင် ဆေးပြားတွေ အပြည့်ကြီးရှိသေးသည်။

"ဟင့်အင်း, ဒါတော့ ကျွန်မရအောင်ကို လုပ်ရမယ်ရော်ဂျာ၊ ရလဲရမှာပါ၊ ကျွန်မကိုယ်ကျွန်မ သိထားတယ်၊ အဲဒါကလေး ပြန်ပြီးစဉ်းစားကြည့်ရအောင်၊ လွန်ခဲ့တဲ့လအတွင်းမှာ ကျွန်မ ဘာတွေလုပ်ခဲ့တယ်ဆိုတာ အားလုံးပြန်ပြောပြနိုင်မှာပါ၊ တစ်နေ့စီ တစ်နေ့စီ ပြန်ပြီးစစ်ကြည့်ရမယ်၊ တစ်နေရာမှာ ကျွန်မလွဲနေတာ၊ အဲဒါကလေး သတိရရင် အားလုံးပြောပြနိုင်မှာသေချာပါတယ်"

သူ့မိန်းမအား တားနေလို့လည်း ရမည်မဟုတ်ဆိုသည်ကို သိသဖြင့် မစ္စတာပယ်ရီက ခုတင်ဘေးမှ ကုလားထိုင်ကို ဆွဲထိုင်ပြီး ပျံ့လွင့်နေသော အာရုံကို ကြိုးစားထိန်းချုပ်နေသည်။ ခေါင်းထဲတွင်လည်း ခဲဆွဲထားသလို လေးလံနေသည်။

နေ့လယ်က ဆရာဝန် ပြန်လာသေးသည်။ ဂလင်ဒါက ယခုလို သူမကိုယ်သူမ စိတ်ဆင်းရဲစရာဖန်တီးနေသည်ကို ဆရာဝန်က အတော်ပင် မကျေမချမ်းဖြစ်သည်။ တကယ်တော့ သူမအနေဖြင့် ဘာကြောင့် ယခုလောက်အထိ စိတ်လှုပ်ရှားနေရသည် ဆိုသည်ကို သူတို့က မစဉ်းစားတတ်အောင် ဖြစ်နေကြသည်။

ဒေါက်တာက သူမအား အိပ်ဆေးပြင်းပြင်းတစ်လုံးထိုးလိုက်ချင်သည်။ သို့သော် ရော်ဂျာက လုံးဝ သဘောမတူ။ သူက ခွင့်ပြုလိုက်လျှင် . . ဂလင်ဒါက သူ့အပေါ် ဘယ်တော့မှ ကျေနိုင်တော့မည်မဟုတ်ဆိုသည်ကို သိသောကြောင့်ဖြစ်သည်။

ရော်ဂျာသည် ဂလင်ဒါ၏ ဖြူရော်ရော်မျက်နှာနှင့် ပြာနှမ်းနှမ်းနှုတ်ခမ်းတို့ကို ကြည့်နေရင်းမှ သူမ နှလုံးရောဂါစဖြစ်သောနေ့ကို သွား၍သတိရမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့တော့ အတတ်နိုင်ဆုံး ကြိုးစားနေတာပဲ မစ္စတာပယ်ရီ ဒါပေမယ့် အားတော့မရှိပါဘူး၊ အဝေးရောက်နေတဲ့ သားတွေဆီ အကြောင်းကြားလိုက်တာ မမှားဘူး ထင်တာပဲ" ဟူ၍ ဆရာဝန်က ပြောခဲ့ရသည်အထိ အခြေအနေဆိုးခဲ့သည်။

သို့သော် သူမသည် ကပ်ကျော်လာခဲ့သည်။

သေတွင်းက ပြန်တက်လာနိုင်ခဲ့သည်။

သူ့မိန်းမ နောက်ထပ်ရောဂါပြန်ပေါ်လာမည်ကို ရော်ဂျာက အလွန်စိုးရိမ်နေသည်။ အင်း. . . ဒီကိစ္စနဲ့တော့ ဒုက္ခပဲ၊ သူ တစ်ခုခုသိထားတာရှိရင်လည်း မြန်မြန်မှတ်မိသွားရင် ကောင်းလိမ့်မယ်၊ ငါကူညီလို့ရရင်လည်းကူညီပေးပါရဲ့၊ ဒီအတိုင်းသာဆိုရင် တကယ်လို့ ရှရွန်နဲ့ နီးလ်တို့ သေသွားခဲ့ရင်ဖြင့် ငါ ကယ်နိုင်ရက်သားနဲ့ မကယ်နိုင်လိုက်ဘူးဆိုတဲ့ သောကစိတ်နဲ့ သူလည်း ထပ်သေမှာသေချာတယ်။

ဒီအချိန်မှာ စတီးဖ်အနေနဲ့ ဘယ်လိုများ ခံစားနေရပါလိမ့်မလဲ။ မကြာခင် အချိန်ပိုင်း အတွင်းမှာပဲ ပြန်ပေးကို ပိုက်ဆံပေးဖို့အတွက် နယူးယောက်ကို သူ သွားရတော့မယ်။ ရှိနယ် သွမ်မဆင်ရဲ့အမေက ဘယ်လိုနေမလဲ။ သူဘာတွေစဉ်းစားနေမလဲ။ သူ့ခမျာလည်းအလားတူ ဒုက္ခမျိုးကိုပဲ ခံစားနေရမှာပါ။ ဒါ. . . ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ရှရွန်နဲ့ နီးလ်တို့ကကော သူတို့ခမျာ အနှိပ်အစက်များခံနေကြရမှာလား။ သေများ သေသွားကြပြီလား ဘုရားသခင်။

ရှိနယ်သွမ်မဆင်။ သူလည်း အတူတူပဲနေမှာပါပဲ။ တရားခွင်မှာတုန်းက သူ့ကိုကြည့် ရတာ သူ့အရွယ် ငါ့သားနှစ်ယောက်နဲ့ သိပ်တူတာပဲ။ သူ့အရွယ်မှာ ငါ့သားတွေက ကောလိပ်မှာ ဒုတိယနှစ်ရောက်နေကြပြီ။ ချစ်ပ်က ဟားဗတ်တက္ကသိုလ်မှာ၊ ဒေါက်က မစ်ချီဂန် တက္ကသိုလ် မှာ။ တကယ်တော့ (၁၉)နှစ်သားအရွယ်တွေဟာ အဲဒီမှာပဲ ရှိသင့်တယ်။ အကျဉ်းထောင်ထဲက ကြိုးတိုက်ထဲမှာ မရှိသင့်ပါဘူး။

"ရော်ဂျာ"

ဂလင်ဒါ၏အသံက ထူးထူးခြားခြား တည်ငြိမ်နေသည်။

"ကျွန်မကို တစ်ခုလောက် လုပ်ပေးပါဦး၊ တစ်ရက်စီ တစ်ရက်စီ နာရီအပိုင်းအခြားနဲ့ အသေးစိတ်စာရင်း ချကြည့်ကြရအောင်၊ အဲဒါဆိုရင် ကျွန်မ မေ့နေတဲ့ အချက်ပေါ်လာမှာ သေချာတယ်၊ အဲဒီမှာ စားပွဲအံဆွဲထဲမှာ စာရွက်ရှိတယ်"

ရော်ဂျာက စားပွဲသို့သွားပြီး စာရွက်ယူပေးလိုက်သည်။

"အေး. . . ဟုတ်ပြီ၊ ဒီတော့ ဘယ်ကစရမှာလဲ၊ မနေ့ကနဲ့ တနင်္ဂနွေနေ့က လုပ်ခဲ့တာ တွေတော့ ကျွန်မ အားလုံးမှတ်မိတယ်၊ အဲဒါတွေအချိန်ကုန်ခံပြီး စဉ်းစားနေစရာမလိုတော့ဘူး၊ အဲဒီတော့. . . ကဲ၊ ပြီးခဲ့တဲ့ စနေနေ့က ဘာတွေလုပ်ခဲ့သလဲ၊ နာရီပိုင်းနဲ့ အသေးစိတ်စာရင်း ချကြည့်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com

## ၃၄

"ကဲ. . . ဒီတော့ မစ္စတာပက်တာဆင်၊ ဒီကိစ္စ ဖြစ်နိုင်မယ်လို့ ခင်ဗျားကထင်သလား"

စုံထောက်အရာရှိ ဟူးချ်နှင့် စတီးဖ်တို့သည် ဝရန်တာခန်းတွင် ထိုင်ရင်း ဆွေးနွေးနေကြသည်။ စတီးဖ်က ပြန်ပေးကိုပေးရန် ပိုက်ဆံထည့်ထားသောလက်ဆွဲအိတ်ကြီးကို ပိုက်ထားသည်။

"ကျွန်တော်တော့ ဖြစ်နိုင်မယ် ထင်တာပဲ"

သူက အသက်မပါသောအသံဖြင့် ပြန်ပြောလိုက်သည် လွန်ခဲ့သောနာရီပိုင်းအတွင်းကခံစားခဲ့ရသောစိတ်သောကများကြောင့် သူသည် စိတ်ရောကိုယ်ပါနွမ်းနယ်နေခဲ့သည်။ ဘာမှ စိုးရိမ်ကြောင့်ကြစိတ် မရှိတော့သလို တစ်ကိုယ်လုံး ထုံထိုင်းကာ ခံစားမှုကင်းမဲ့သူပမာ ဖြစ်နေသည်။

သို့သော် သူက ဖြစ်ရပ်အားလုံးကိုတော့ ကြည်လင်ပြတ်သားစွာ မြင်နေရသည်။

သူသည် သည်ဇာတ်လမ်းတွင် ဇာတ်ဆောင်လည်း ဖြစ်သည်။

ပွဲကြည့်ပရိသတ်လည်း ဖြစ်နေသည်။

"ကောင်းပြီလေ၊ ဒီလိုဆိုလဲ အဖြေပေါ်လာအောင်သာ ကြိုးစားပါတော့"

ဟူးချ်က စတီးဖ်၏ ခံစားချက်ကို သိနေသည်။ စတီးဖ်သည် စိတ်ပိုင်းဆိုင်ရာ ဝေဒနာတစ်ခု၏ ခံစားမှုအဆုံးကာလသို့ ရောက်နေပြီ။ တကယ်တော့ သူသည် မမျှော်လင့်သောဖြစ်ရပ်ကြောင့် ရုတ်တရက် သွေးလန့်သွားခြင်း ဖြစ်နိုင်သည်။ သူ့မိန်းမ၏အသံကို အတုလုပ်ပြီး ပြောရန်မှာ မလွယ်သောကိစ္စဖြစ်သည်။ သို့သော် သူကတော့ သူ့မိန်းမအသံမှ သူ့မိန်းမအသံအစစ်ဟူ၍ စွဲစွဲမြဲမြဲ ခံယူထားသည်။ တကယ်တော့ ယခုပြန်ပေးမှုနှင့် သူ့မိန်းမသေဆုံးမှုတို့ ဆက်စပ်နေသည်ဟူသောအချက်မှာ ဘယ်လိုမှ မယုံနိုင်စရာဖြစ်နေသည်။

ဟူးချ်က တခြားထူးခြားချက်များကိုလည်း သတိပြုမိသေးသည်။

ရှရွန်က သူမအား ခွင့်လွှတ်ပါဟု စတီးဖ်အား တောင်းပန်ခြင်းက ဘာသဘောလဲ။ ပြီးတော့. . . "သားကို အန်တီရှရွန်က အထူးဂရုစိုက်ပါတယ်ဖေဖေ"ဟု နီးလ်က ဆိုပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ အကွက်ဆင်ထားတဲ့ လုပ်ကြံဖန်တီးချက်တွေ မဖြစ်နိုင်ဘူးလား။

သွမ်မဆင် သေဒဏ်က လွတ်မြောက်ရေးအတွက် ရှရှန်ရဲ့ ဉာဏ်နီဉာဏ်နက်လှည့်ကွက်တွေ မဖြစ်နိုင်ဘူးလား။

အဖြေမှန်ကိုတော့ ဂျင်အိုဝင်ကပဲ ပေးနိုင်လိမ့်မည်။ သူ့လိပ်စာကို အက်ဖ်ဘီအိုင်က ရထားပြီ။ သူ့အား နယူးယောက်မြို့ အက်ဖ်ဘီအိုင်ရုံးချုပ်သို့လာရောက်ရန်လည်း အကြောင်းကြားထားပြီ။

စတီးဖ်က ပြောသည်။

"အဲဒီတော့ ကျွန်တော် (၅၉)လမ်းက တယ်လီဖုန်းရုံကို တန်းသွားလိုက်မယ်၊ ကျွန်တော် စောနေရင်လဲ မနက် (၂)နာရီထိုးတဲ့အထိ ကားထဲကပဲ ထိုင်စောင့်နေမယ်၊ (၂)နာရီ တိတိမှာ ကားပေါ်က ဆင်းပြီး တယ်လီဖုန်းနားမှာ ရပ်နေမယ်၊ သူက နောက်ဖုန်းတစ်ခုကို ထပ်ချိန်းရင်ချိန်းမှာပဲ၊ အဲဒီလိုချိန်းရင်လဲ ချိန်းတဲ့နေရာလိုက်သွားမယ်၊ အဲဒီမှာ သူနဲ့ တိုက်ရိုက်ဆက်သွယ်ပြီး ပိုက်ဆံအိတ်ပေးလိုက်မယ်၊ အဲဒါပြီးရင် (၆၉)လမ်းနဲ့ တတိယအဲဗင်းနယူးလမ်းထောင့်က အက်ဖ်ဘီအိုင် ရုံးချုပ်ကို ကားမောင်းပြီး လာခဲ့မယ်၊ အဲဒီမှာ မစ္စတာဟူးချ်က **အသင့်စောင့်နေပါ**၊ ပြီးတော့ ကားထဲက ကင်မရာထုတ်ပြီး ဓာတ်ပုံကူးကြရုံပဲ"

"အဲဒီအတိုင်း ကောင်းပါတယ်၊ ကျုပ်တို့က ခင်ဗျားကို ခပ်လှမ်းလှမ်းက နောက်ယောင်ခံလိုက်နေမယ်၊ ခင်ဗျားကားထဲမှာ တပ်ထားတဲ့ အီလက်ထရွန်းနစ်ကိရိယာက ခင်ဗျား လှုပ်ရှားမှုမှန်သမျှကို ကျုပ်တို့ကို သတင်းပို့နေတယ်၊ ကျုပ်တို့ လူတစ်ယောက်က ပန်းခြံလမ်းအတိုင်းလိုက်ပြီး ခင်ဗျားအခြေအနေကို စောင့်ကြည့်နေမယ်၊ ကဲ. . . ဒါဆို လုံလောက်ပြီပေါ့ ဟုတ်လား"

သူက လက်ကို ကမ်းပေးသည်။

"ကံကောင်းပါစေ မစ္စတာပက်တာဆင်"

စတီးဖ်က ဘာမှပြန်မပြောဘဲ အိမ်ပေါ်မှ ဆင်းလာသည်။

စတီးဖ်၏ မာကျူရီကား အိမ်ရှေ့မှ မောင်းထွက်သွားပြီး လက်ဝဲဘက်ပန်းခြံလမ်းသို့ လှည့်ဝင်သွားသည်အထိ ဟူးချ်က ရပ်ကြည့်နေသည်။

"စတီးဖ်ခမျာကို ဘုရားသခင်စောင်မပါစေ"

ဟူးချ်က စိတ်ထဲမှ ကျိတ်၍ ဆုတောင်းလိုက်သည်။

သို့သော် ဆုသာတောင်းလိုက်ရပေမယ့် ရင်ထဲကတော့ တထင့်ထင့်။

စိတ်လေးလေးနှင့် ခေါင်းကို ခါယမ်းလိုက်ပြီး ကုလားထိုင်နောက်မှီပေါ် တင်ထားသောကုတ်အင်္ကျီကို လှမ်းယူလိုက်သည်။

အိမ်ရှေ့လမ်းကျဉ်းကလေးထဲတွင် အက်ဖ်ဘီအိုင်ကားတွေ တစ်စီးမျှမရှိ။

သူနှင့် အခြားစုံထောက်များက နောက်ဖေးတံခါးမှထွက်ကာ စတီးဖ်၏ အိမ်ဘေးမှ နှစ်ကေကျယ်ခြံကြီးကို ဖြတ်ပြီး တိတ်တိတ်ကလေးမောင်းထွက်သွားရန် စီစဉ်ထားကြသည်။ သူတို့ကားတွေကိုလည်း ခြံကြီးထဲက သစ်ပင်တွေအောက်တွင် ရပ်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးထံမှ ပို့လိုက်သော တိတ်ခွေကိစ္စကိုတော့ ဂျင်အိုဝင်က တစ်ခုခုတော့ အဖြေထုတ်ပေးနိုင်လိမ့်မည်မှာ သေချာသည်။ ဂျင်က အက်ဖ်ဘီအိုင်စုံထောက်ဟောင်းတစ်ယောက်ဖြစ်သည်။ မျက်စိရောဂါကြောင့် လွန်ခဲ့သော နှစ်ပေါင်း (၂၀)ခန့်က မျက်စိနှစ်လုံး စုံလုံးကန်းသွားခဲ့သည်။ မျက်စိ လုံးဝမမြင်သော်လည်း နားကတော့ အလွန်ပါးသည်။ တိတ်ခွေထဲမှ နောက်ခံအသံများကို မည်သူမည်ဝါ၏အသံဟူ၍ ဖော်ထုတ်ရာတွင် ပါရဂူတစ်ဦးဖြစ်သည်။

အက်ဖ်ဘီအိုင်အနေဖြင့် သည်လိုကိစ္စများကြုံရတိုင်း ဂျင်အား အမြဲတမ်း ခေါ်ယူခဲ့သည်ချည်းပင်။ ဂျင်အိုဝင်စစ်ဆေးပြီးတော့မှ တိတ်ခွေကို ထုံးစံအတိုင်း ဓာတ်ခွဲခန်းပို့၍ စမ်းသပ်စစ်ဆေးရဦးမည်။ သို့သော် ဓာတ်ခွဲခန်းတွင် စစ်ဆေးတာက ဂျင်အိုဝင်နားနှင့် ဆုံးဖြတ်တာလောက်မမြန်။ ဟူးချ်က ဘာကြောင့်ရယ်လို့. . မပြောဘဲ နီနာပက်တာဆင်၏ ကိုယ်ရေးရာဇဝင်ကို စတီးဖ်အား မေးခဲ့ဖူးသည်။

နီနာသည် ဖီလာဒဲဖီးယားပြည်နယ် မျိုးကြီးဆွေကြီးမိသားစုမှ မွေးဖွားလာသူဖြစ်သည်။ ဆွစ်ကျောင်းတစ်ကျောင်းဖြစ်သော ဘရိုင်ယန်မောကောလိပ်တွင် အဆောင်နေကျောင်းသူအဖြစ်ဖြင့် ပညာသင်ကြားခဲ့သည်။

သူမ၏မိဘများမှာ ယခုအခါ မွန်တီကာလိုတွင် နေထိုင်လျက်ရှိသည်။ နီနာ၏ အသုဘနေ့က အဘိုးကြီးနှင့် အဘွားကြီးကို ဟူးချ် တွေ့လိုက်ရသည်။ သူတို့က စတီးဖ်အား စကားတစ်ခွန်းမျှ မပြော။ သင်္ဂြိုဟ်ပြီး ချက်ချင်း ပြန်သွားကြသည်။

သို့သော် သူသိရသမျှ အချက်အလက်များမှာ ဂျင်အိုဝင်အတွက် လုံလောက်ပါပြီ။ တိတ်ခွေထဲတွင် မသဲမကွဲဝင်ပါလာသော အသံသည် နီနာ၏အသံဟုတ်,မဟုတ် အတိအကျ ခွဲခြားရန် နောက်ခံအထောက်အထား လုံလောက်ပြီ။

သည်အချက်ကိုတော့ ဟူးချ်က နည်းနည်းကလေးမှ သံသယမဖြစ်။

❋

မဲရစ်ပတ်ခ်ဝေးလမ်းမှာ သဲခင်းလမ်း ဖြစ်သည်။

ဆီးနှင်းတွေ ဖုံးနေသော်လည်း စတီးဖ်မျှော်လင့်တာထက် ကားမောင်း၍ကောင်းသည်။ လမ်းတွေမကောင်းလျှင် ပြန်ပေးက ချိန်းဆိုချက်ဖျက်ပစ်မည်ကို စိုးရိမ်ရသည်။

ယခုတော့ သူတို့နှစ်ယောက် တစ်နည်းနည်းဖြင့် တွေ့ကြရတော့မည်ဟု သေချာပေါက်တွက်လိုက်သည်။ ဟူးချ်က နီနာ၏နောက်ကြောင်းရာဇဝင်ကို ဘာကြောင့်များ မေးပါလိမ့်မလဲဟု တွေးမိသည်။ သူက များများလည်း မမေး။

"မစ္စက်ပက်တာဆင် ဘယ်ကောလိပ်တက်ခဲ့သလဲ၊ ဘယ်မှာမွေးခဲ့သလဲ"

ဒါလောက်ပဲ သူကမေးသည်။

"သူက ဘရိုင်ယန်မောကောလိပ်မှာတက်ခဲ့တယ်"

ထိုစဉ်က သူတို့နှစ်ယောက်စလုံး နောက်ဆုံးနှစ်ရောက်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ပရင့်စတန်တက္ကသိုလ်မှာ တက်နေသည်။

သူတို့နှစ်ယောက် တွေ့တွေ့ချင်းချစ်ခဲ့မိကြသည်။

"သူ့ကို ဖီလာဒဲဖီယားပြည်နယ်မှာမွေးဖွားခဲ့တယ်၊ မိဘတွေက သူဌေးသူကြွယ်မျိုးရိုးတွေ"

နီနာ၏မိဘများက စတီးဖ်ကို သဘောမတူကြ။ သူတို့က သမီးဖြစ်သူအား နောက်ခံမျိုးရိုးကောင်းသော သူဌေးသားကိုသာ ယူစေချင်သည်။ စတီးဖ်လို ဘရွန်ဇ်မြို့က ခရစ်စတိုဖာကိုလံဘတ် အထက်တန်းကျောင်းမှ အခြေခံအထက်တန်းအောင်လာပြီး တက္ကသိုလ်စကောလားရှစ်ကိုစောင့်ရင်း နာဆောဟိုတယ်တွင် ပန်းကန်ပြားဆေးနေရသော ဆင်းရဲသားကလေးတစ်ယောက်ကို လုံးဝ စိတ်မကူးစေချင်ကြ။

သို့သော် နီနာက သူ့ကိုသာ အစွဲကြီးစွဲနေပြီ။ သူ့ကိုသာ လက်ထပ်မည်ဟု ဆိုသည်။

"အဲဒီစိတ်ဓာတ်မျိုးနဲ့ သူတို့သမီးသွားဖြစ်တာ အံ့စရာပါပဲ နီနာရယ်" ဟုပင် သူက ပြောခဲ့ဖူးသည်။ နီနာက ပျော်ပျော်နေတတ်သည်။ သွက်လက်၍ ဉာဏ်ရှိသည်။ ဟန်ဆောင်မှု လုံးဝ မရှိ။

သူတို့နှစ်ယောက် ဘွဲ့ရပြီးတော့ လက်ထပ်လိုက်ကြသည်။ လက်ထပ်ပြီး ရက်ပိုင်းအတွင်း သူက စစ်တပ်ထဲဝင်ရသည်။ ဗီယက်နမ်စစ်မြေပြင်သို့ ရောက်သွားသည်။ တစ်ယောက်နှင့်တစ်ယောက် နှစ်နှစ်တိတိလုံးဝမတွေ့ကြရ။ နောက်ဆုံး စစ်တပ်မှ ထွက်ခွင့်ရသည်။ သူမက ဟာဝိုင်ယီသို့ လိုက်လာပြီး သူနှင့်တွေ့သည်။ သူမ အလွန်လှနေသည်။ သူ့ကိုမြင်တော့ ရင်ခွင်ထဲပြေးဝင်ပြီး ကျစ်ကျစ်ပါအောင်ဖက်ထားသည်။

ထို့နောက် သူသည် ကိုလံဘီယာတက္ကသိုလ်သို့တက်ပြီး သတင်းစာပညာ မဟာဝိဇ္ဇာဘွဲ့ကိုယူသည်။ "တိုင်းမ်" မဂ္ဂဇင်းတွင် အလုပ်ရသည်။ ကွန်နက်တီကပ်ပြည်နယ်သို့ ပြောင်းလာခဲ့ကြသည်။ မကြာမီ နီနာသည် နီးလ်ကို ကိုယ်ဝန်ရှိလာသည်။

နီးလ်ကို မွေးပြီးတော့ သူက သူမအတွက် ကာမန်းဂီးယားအမျိုးအစား ကားတစ်စီးဝယ်ပေးသည်။ ရုတ်တရက်ဆိုလျှင် ရိုးလ်ရွိုက်စ်ကားလား ထင်ရသည်။

တကယ်တော့ ရိုးလ်ရွိုက်စ်က သူမ၏ဖခင်စီးသောကား။

နီနာသေပြီးနောက် စတီးဖ်က ကားကို ရောင်းပစ်လိုက်သည်။ ကားရုံထဲတွင် သူ၏ မာကြူရီကားနှင့်ယှဉ်ပြီး သည်အတိုင်းကြီး ရပ်ထားသည်ကို သူက လုံးဝ မကြည့်ချင်။ ကားကို မြင်တိုင်း စိတ်မချမ်းမသာ ဖြစ်နေရသည်။

သူမသေဆုံးသည့်နေ့က ကားရုံထဲ သွားကြည့်တော့ ရှေ့ဘီးအသစ်ဖြစ်နေသည်။ အဟောင်းကို ကားနောက်ပိုင်းတွင် ထည့်ထားသည်။ ထိုနေ့တွင်ပင် သူမ အသစ်လဲထားတာ ဖြစ်မည်။ ထိုနေ့က သူမကိုယ်တိုင်ကားမောင်း၍ သူ့အား ဘူတာရုံအထိ လိုက်ပို့တုန်းက. . . "ကားဘီးလဲ လဲစမ်းပါဦးကွယ်၊ အဲဒီလို သတိလက်လွတ်နေရင် မင်း တစ်နေ့ အန္တရာယ်တွေ့လိမ့်မယ်" ဟု သူက ပြောခဲ့သေးသည်။ သူ့စကားက နိမိတ်စကားလို ဖြစ်ခဲ့ရသည်။

ဩော်. . . နီနာ. . . နီနာ၊ ကံဆိုးလှပါကလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှရှန်။ သူမကြောင့် သူ့ဘဝ အသက်ပြန်ဝင်လာခဲ့ရသည်။ အပြောင်းအလဲ အဖြစ်သောကစိတ်ကို ဖြေဖျောက်နိုင်ခဲ့သည်။ လွန်ခဲ့သော ခြောက်လအတွင်း သူသည် အပျော်ဆုံးလူတစ်ယောက် ဖြစ်ခဲ့သည်။ စိတ်ဆင်းရဲခဲ့ရသမျှ အတိုးချ၍ ပျော်ရတော့မည်ဟု ယုံကြည်နေခဲ့သည်။ သူက မိန်းမတစ်ယောက်ကို မြင်မြင်ချင်း ချစ်တတ်သည့် လူပျိုပေါက်အရွယ် မဟုတ်တော့။ သူ့အသက်သည် ယခု (၃၄)နှစ်ရှိနေပြီ။

ရုပ်မြင်သံကြားအစီအစဉ်တွင် ရှရှန်နှင့် စတင်တွေ့ဆုံခဲ့ကြရသည်။ ရုပ်မြင်သံကြားပြောပြီးတော့ စတူဒီယိုထဲမှ နှစ်ယောက်အတူ ထွက်လာခဲ့ကြသည်။ အဆောက်အအုံရှေ့တွင် ရပ်၍ စကားပြောကြသည်။ သူက နီနာသေပြီးကတည်းက ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့။ သို့ပေမယ့် ထိုနေ့ကတော့ သူ့အနားမှ ရှရှန်ထွက်သွားမည်ကိုပဲ စိတ်ထဲက တထင့်ထင့် ဖြစ်နေခဲ့မိသည်။ သူသည် နံနက်ပိုင်း အစည်းအဝေးတက်စရာတစ်ခု ရှိနေသေးသည်။ ထို့ကြောင့် ရှရှန်အား မနက်စာအတူသွားစားရအောင် ဖိတ်ချင်သော်လည်း ဘယ်လိုမှ မဖြစ်နိုင်။

နောက်ဆုံးတော့ သူက အရဲစွန့်ပြီး ပြောလိုက်သည်။

"စကားပြောရတာ သိပ်ကောင်းတာပဲ၊ နောက်ထပ် တွေ့ချင်သေးတယ်၊ ဒီနေ့ညနေစာအတူသွားစားကြရင် မကောင်းဘူးလား၊ မနက်ပိုင်းက အရေးကြီးတဲ့အစည်းအဝေး ရှိနေလို့ပါ"

သူမက လွယ်လွယ်ကူကူပင် လက်ခံသည်။ သူ၏ဖိတ်ခေါ်ချက်ကို မျှော်လင့်နေသည့် ပုံမျိုး။ထိုနေ့က တစ်နေ့တာသည် တစ်သက်တာလောက်ကြာသည်ဟု သူက ထင်နေခဲ့ သည်။ နောက်ဆုံး သူမ၏တိုက်ခန်းတံခါးဝ ရောက်သွားတော့မှ ဟင်းချရတော့သည်။

ထိုအချိန်က သူတို့၏ ရုပ်မြင်သံကြားဆွေးနွေးခန်းမှာ ပုဂ္ဂိုလ်ရေး လုံးဝမရှိသေး။ အတွေးအခေါ်သဘောတရားရေးသက်သက်သာ ရှိသေးသည်။ သူ၏ယူဆချက်ကို အပြတ်အသတ် မဆန့်ကျင်ဘဲနှင့် သူမအနေဖြင့် ရိုနယ်သွမ်မဆင်၏အသက်ကို လုံးဝမကယ်တင်နိုင်ဟု ရှရှန်က ယူဆလာသောအချိန်တွင်မှ သူတို့နှစ်ယောက်သည် နှလုံးသားချင်း ဂဟေဆက်နေသော်လည်း ခံယူချက်ခြင်း အပြင်းအထန် တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်။

သူသည် အတွေးနယ်ချဲ့လာရင်းမှ ခရော့စ်တောင်းတီပတ်ခ်ဝေး လမ်းမကြီးပေါ်သို့ ရောက်လာသည်။

သူ့လက်များသည် အသိစိတ်မပါဘဲနှင့် ကားလက်ကိုင်ဘီးကိုအလို အလျောက်ကစားနေကြသည်။ သူ့စိတ်အာရုံက ရှရှန်ဆီသို့ ရောက်သွားပြန်သည်။

သူမသည် သူ့ဘဝကို နားလည်သည်။ သူ့အလုပ်ကိုလည်း နားလည်သည်။ သတင်းမဂ္ဂဇင်းတစ်စောင် တည်ထောင်ရာတွင် တွေ့ကြုံရသော ပြဿနာများကို သဘောပေါက်သည်။ မဂ္ဂဇင်းသက်တမ်းရှည်ရေးအတွက် ကြော်ငြာများများရအောင်၊ စာဖတ်ပရိသတ်များများရအောင် အခြားမဂ္ဂဇင်းတွေနှင့်အပြိုင်ကြရသော လုပ်ငန်းသဘာဝကို ကောင်းကောင်းသိသည်။

သူသည် နီနာမဆုံးခင် လအနည်းငယ်အတွင်းက "တိုင်းမ်" မဂ္ဂဇင်းတိုက်မှ အလုပ်ထွက်လိုက်ပြီး "သတင်းစုံ" သတင်းမဂ္ဂဇင်းကို တည်ထောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းတစ်စောင် တည်ထောင်ရသည်မှာ ဖဲကစားရသည်နှင့် အတူတူပင်။

အနိုင်နှင့်အရှုံး နှစ်လမ်းသာရှိသည်။

"တိုင်းမ်"မဂ္ဂဇင်းတွင် လုပ်စဉ်က ပိုက်ဆံအတော်ကလေး စုဆောင်းမိခဲ့သည်။

ယခုလို ကိုယ်ပိုင်မဂ္ဂဇင်း ထူထောင်ခြင်းမှာ ဂုဏ်လိုချင်၍လည်း ဖြစ်သည်။ ငွေလိုချင်၍လည်း ဖြစ် သည်။ တိုင်းပြည်အတွက် အကောင်းဆုံးမဂ္ဂဇင်းတစ်စောင် ထုတ်ဝေလို၍လည်း ဖြစ်သည်။

သူက သူ့ကိုယ်သူ လက်ဖျားငွေသီးနေသော နာမည်ကျော် မဂ္ဂဇင်းအယ်ဒီတာကြီး အဖြစ် နီနာ၏ဖခင်ကို ပြချင်သည်။ သူဝေဖန်ရေးသားလိုက်သမျှ စကားလုံးတိုင်းကို အဘိုးကြီးက အရေးတယူဖတ်နေရသော အဖြစ်မျိုးကို မြင်ချင်သည်။

နီနာ၏မိဘများက သူတို့သမီးသေဆုံးရခြင်းအတွက် သူ့အပေါ် အပြစ်ပုံချကြသည်။ "လုံလုံခြုံခြုံ အိမ်ကောင်းကောင်းနဲ့ အားကိုးလောက်တဲ့ အိမ်ဖော်တွေရှိလျှင် သမီး ဒီလိုအသေဆိုးနဲ့ မသေနိုင်ပါဘူး" ဟု သူတို့က ပြောကြသည်။

သူတို့က နီးလ်ကလေးကို သူတို့နှင့် အတူထားချင်သည်။

ဩော်. . . နီးလ်. . နီးလ်။

အသက်အရွယ်နှင့်မလိုက်အောင် ကံဆိုးရှာတဲ့ ကလေး။

သူလည်း ဖအေတူသားမို့ ဖအေလိုပဲ ကံဆိုးတာပါပဲ။

စတီးဗ်၏မိခင်သည် သူ သုံးနှစ်သားအရွယ်တွင် ကွယ်လွန်သွားခဲ့သည်။ သူ့အမေကို ဖြူသလား၊ မည်းသလား လုံးဝမမှတ်မိ။ သူ့ဖခင်ကတော့ ဘယ်တော့မှ အိမ်ထောင်မပြုခဲ့တော့။ ထိုအချက်သည် အမှားကြီးတစ်ရပ်ဖြစ်ခဲ့သည်။ စတီးဗ်သည် မိခင်မေတ္တာ ငတ်ခဲ့သည်။ မိခင်မေတ္တာကို အငမ်းမရ တောင့်တရင်း ကြီးပြင်းလာခဲ့ရသည်။

သူ ခုနစ်နှစ်သားအရွယ်က ဖြစ်ရပ်ကလေးကို တစ်သက်လုံး မမေ့နိုင်တော့။ ထိုနေ့က သူတို့အတန်းတွင် ဆရာမအသစ်တစ်ယောက် အစားထိုးသင်ပြသည်။ ဆရာမက သူတို့အား "မိခင်နေ့" အထိမ်းအမှတ် ပို့စကတ်ပုံများ ဆွဲခိုင်းသည်။ ကျောင်းဆင်းခါနီးကျတော့ သူက သူဆွဲထားသော ကားချပ်ကို လွယ်အိတ်ထဲမထည့်ဘဲ စာသင်ခုံပေါ် တင်ထားသည်ကို ဆရာမ မြင်သွားသည်။

"ဘယ်နှယ့် စတီးဗ်၊ အဲဒီပုံကို ဒီမှာထားခဲ့မလို့လား၊ ဒီမှာထားစရာမလိုဘူး၊ သူများတွေလို အိမ်ကို ယူသွားပါ၊ အိမ်ရောက်တော့ မင်းမေမေကို ပြပေါ့ ဟုတ်လား၊ မင်းမေမေက သိပ်ဝမ်းသာမှာပဲ"

သူသည် ကားချပ်ကို ဆတ်ခနဲ ကောက်ယူကာ အစိတ်စိတ်အမွှာမွှာ ဆွဲဆုတ်ပစ်လိုက်ပြီးနောက် စာသင်ခန်းထဲမှ ပြေးထွက်လာခဲ့သည်။

သည်အဖြစ်မျိုးကို သူ့သားကလေး မဖြစ်စေချင်ပါ။ သူ့သားကလေးကို ပျော်စရာကောင်းသော မိသားစုအတွင်း၌ ကြီးပြင်းစေချင်သည်။ ညီလေးတွေ၊ ညီမလေးတွေရှိသော အိမ်တွင် ကြီးပြင်းစေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်လည်း သူ့ဖခင်ကြီးလို တစ်သက်လုံး အိမ်ထောင်မပြုတော့ဘဲ သား တစ်ယောက်ကို ပရင်စတန်ကောလိပ်ပို့ထားပြီး တိုက်ခန်းတစ်ခန်းတည်းတွင် တစ်ယောက် တည်းမနေစေချင်ပါ။ ကောလိပ်ကျောင်းသားဘဝက တစ်နေ့မနက်တွင် သူ အိပ်ရာမှမနိုး၍ ကျောင်းတက်ပျက်သွားသည်။ အဖြစ်မှန်ကတော့ သူ၏ကလေးဘဝ ကြေကွဲစရာအကြောင်း တွေကို တွေးပြီး မိုးလင်းခါနီးမှ အိပ်ပျော်သွားခဲ့သောကြောင့် ဖြစ်သည်။

သည်ပြစ်ချက်ကြောင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့က စစ်လားဆေးလား လုပ်ခြင်းခံခဲ့ရ သည်။ အတန်းအလယ်တွင် ရပ်၍ အမေးအမြန်းခံခဲ့ရသည်။ သည်အတွက် သူ အရှက်ကြီး ရှက်ခဲ့ရသည်။ သည်အဖြစ်မျိုးကို သူ့သားကလေး မဖြစ်စေချင်ပါ။

ထို့ကြောင့်လည်း သူသည် လွန်ခဲ့သောနှစ်များအတွင်း သေဒဏ်ပြစ်မှုပေးခြင်းနှင့် ပတ်သက်၍ အပြင်းအထန် ထောက်ခံရေးသားခဲ့ခြင်း ဖြစ်သည်။

ပိုက်ဆံအိတ်ကြီးကို သူ့ဘေးမှ ဆိုဖာပေါ်တွင် ချထားသည်။ အိတ်ထဲတွင် တပ်ဆင် ထားသော အီလက်ထရွန်းနစ် ဆက်သွယ်ရေးကိရိယာကို ပြန်ပေးအနေဖြင့် ဘယ်လိုမှ မသိ နိုင်ဟု ဟူးချ်က အာမခံသည်။ အခု ပိုက်ဆံအိတ်ထဲတွင် ယင်းကိရိယာ အဆင်သင့်တပ်ထား ပြီး၍ သူက ဝမ်းသာမိသည်။

နံနက်တစ်နာရီသုံးဆယ်တွင် သူသည် ကားကိုဝက်စ်ဆိုက်လမ်းမကြီးပေါ်မှကွေ့ကာ (၅၇)လမ်းဘက်သို့ မောင်းထွက်လိုက်သည်။ နှစ်နာရီထိုးရန် မိနစ်နှစ်ဆယ်အလိုတွင် ဘလူမင် ဒယ်ကုန်တိုက်ရှေ့မှ တယ်လီဖုန်းရုံရှေ့တွင် ကားကို ထိုးရပ်လိုက်သည်။

နှစ်နာရီထိုးရန် ဆယ်မိနစ်အလိုတွင် ကားပေါ်မှဆင်းသည်။ ဆီးနှင်းရောသော လေ ကြောင့် တစ်ကိုယ်လုံးခိုက်ခိုက်တုန်နေသည်။ သူက သည်းခံပြီး ဖုန်းဘေးတွင် ရပ်နေသည်။ နှစ်နာရီတိတိတွင် ဖုန်းမြည်သံပေါ်ထွက်လာသည်။

သူက ဖုန်းကို ကမန်းကတန်း ကောက်ကိုင်လိုက်သည်။

ကြားနေကျ ခပ်ဝါးဝါး ခပ်တိုးတိုးအသံ ပေါ်လာသည်။

"(၉၆)လမ်းနဲ့ လက်ဇင်တန်အဲဗင်းနယူးလမ်းထိပ်က ဖုန်းရုံကို မြန်မြန်သွားပါ"

တစ်ဖက်မှ ဖုန်းပြန်ချသွားသည်။

❁

နှစ်နာရီ (၁၅)မိနစ်။

ဖုန်းခေါ်သံ ပေါ်ထွက်လာသည်။ စတီးဖ်က ကောက်ကိုင်လိုက်သည်။

"ထရီဘာရာတံတားကို သွား၊ ပြီးတော့. . . ဂရင်းပန်းခြံလမ်းအတိုင်း ဘရွတ်ကလင် ကွင်းစ် အမြန်ရထားလမ်းဆုံကို မောင်း၊ အဲဒီကတစ်ဆင့်. . . ရှစ်ဖဲ့အဲဗင်းနယူးလမ်းကိုဝင်၊ ဘယ်ဘက်လမ်းထိပ်မှာရပ်၊ ကားပေါ်ကမဆင်းနဲ့၊ ကားရှေ့မီးပိတ်ထားပြီး စောင့်နေ၊ ပိုက်ဆံ ပါပါစေ၊ တစ်ယောက်တည်း ဖြစ်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



စတီးဖ်က စာရွက်ပေါ်တွင် သွေးရူးသွေးတန်းဖြင့် လိုက်မှတ်နေသည်။
ပါးစပ်မှလည်း မှတ်မိသမျှ ပြန်ရွတ်နေသည်။
တစ်ဖက်မှ ဖုန်းပြန်ချသွားသည်။

❁

နှစ်နာရီ (၃၅)မိနစ်တွင် သူသည် ဘရွတ်ကလင်ကွင်းစ် လမ်းဆုံကို ကွေ့ပြီး ရှစ်ဖဲ့ အဲဗင်းနယူးလမ်းထဲ မောင်းဝင်လာသည်။ အလယ်လောက် လမ်းဘေးတွင် ဖိမ်ခံဆီဒင်ကားကြီးတစ်စီး ရပ်ထားသည်ကို မြင်ရသည်။ လျှို့ဝှက်ကင်မရာများက ယင်းကားနှင့် လိုင်စင်နံပါတ်ကို ဓာတ်ပုံရိုက်နိုင်အောင် သူ့ကားလက်ကိုင်ဘီး၌ တပ်ထားသော ခလုတ်ကို နှိပ်လိုက်သည်။ ထို့နောက် ကားရပ်ကွက်လပ်တွင် ထိုးရပ်လိုက်ပြီး ကားထဲမှ ထိုင်စောင့်နေသည်။

လမ်းထဲတွင် တော်တော်မှောင်သည်။ အလင်းရောင်နည်းသည်။ ဆီးနှင်းတွေက တဖွဲဖွဲကျနေသည်။ ပျက်စီးယိုယွင်းနေသော ဈေးဆိုင်ဟောင်းများ၏ တံခါးတွေ၊ ပြတင်းပေါက်တွေကိုလည်း အလုံပိတ်ထားသည်။

ကားထဲတွင် တပ်ဆင်ထားသော လျှို့ဝှက်ရေဒီယိုကိရိယာမှတစ်ဆင့် အက်ဖ်ဘီအိုင်စုံထောက်တွေက သူ့လမ်းကို ခြေရာခံလိုက်နိုင်ကြပါ့မလား။ ယင်းကိရိယာ ချွတ်ယွင်းသွားလျှင် ဘယ်လိုလုပ်မလဲ။ သူ့နောက်မှလည်း ဘယ်ကားမှလိုက်လာတာမတွေ့ရ။ သို့သော် သူတို့က သိပ်အနီးမကပ်ဘဲ ခပ်ဝေးဝေးကပဲ နေမည်ဟုတော့ ပြောသည်။

ကားတံခါးကို လက်နှင့်လာပုတ်သည်။ စတီးဖ်က ရုတ်တရက်လန့်သွားပြီး ခေါင်းကို ချာလပတ်လှည့်ကြည့်လိုက်၏။ မှန်ပြတင်းကို ဆွဲချရန် လက်အိတ်စွပ်ထားသော လက်တစ်ဖက်က အချက်ပြနေသည်။ သူက တံခါးဖွင့်ခလုတ်ကို နှိပ်လိုက်သည်။

"ကျုပ်မျက်နှာကို မကြည့်နဲ့ ပက်တာဆင်"

သို့ပေမယ့် အညိုရောင်ကုတ်အင်္ကျီနှင့် မျက်နှာဖုံးတို့ကိုတော့ မသိမသာ သတိပြုလိုက်မိသည်။သူ့ပေါင်ပေါ်သို့ တစ်စုံတရာ ကျလာသည်။ စစ်သုံးကင်းဘတ်အိတ်ကြီး။

စတီးဖ်သည် ဝမ်းထဲကအောင့်လာသလိုလို၊ ရင်ထဲက နာလာသလိုလို ခံစားလိုက်ရသည်။ ပါးစပ်နှင့် လည်ချောင်းများ လုံးဝခြောက်ကပ်ပိတ်စေ့သွားကြသလို ထင်လိုက်ရသည်။ ဒီလူက သူ့အိတ်နဲ့သူ လာတာ။ လျှို့ဝှက်ထောက်လှမ်းရေးပစ္စည်း ထည့်ထားတဲ့ ငါ့သေတ္တာကို ယူမှာမဟုတ်ဘူး။

"သေတ္တာကိုဖွင့်၊ ပိုက်ဆံကို အိတ်ထဲပြောင်းထည့်၊ ခပ်မြန်မြန်လုပ်"

စတီးဖ်က အချိန်ဆွဲထားရန် အကြံထုတ်သည်။

"ကျွန်တော့်သားကလေးနဲ့ ရှရွန်တို့ကို ကောင်းကောင်းမွန်မွန်ပြန်ပြီးအပ်မယ်ဆိုတာ ဘယ်လိုလုပ်သိရမှာလဲ"

"ပိုက်ဆံသာ ထည့်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကို အစ်ပြီး ဖျက်ထားကြောင်း သိသာသည်။ သူ တော်တော် စိတ်လှုပ်ရှားနေပုံရသည်။ ပိုက်ဆံသာ မရလျှင် သွေးရူးသွေးတန်းထွက်ပြေးသွားပြီး ရှုရွှန်နှင့် နီးလ်တို့အား ချက်ချင်းသတ်ပစ်တော့မည့် ပုံမျိုးဖြစ်သည်။ စတီးဖ်က လက်တွေ ကတုန်ကယင်ဖြင့် သေတ္တာကိုဖွင့်သည်။ ပြီးတော့ သေသေသပ်သပ်စည်းထားသော ပိုက်ဆံထုပ်တွေကို ကင်းဘတ်အိတ်ကြီးထဲထည့်သည်။

"ပြန်ပိတ်လိုက်"

ပြန်ပေးက အမိန့်ပေးသည်။ စတီးဖ်က ထိပ်စည်းကြိုးဆွဲပြီး ပြန်ပိတ်သည်။

ကြိုးစနှစ်ဖက်ကို ပူးပြီး ထုံးချည်လိုက်သည်။

"ပေး. . . ကျုပ်ကို မကြည့်နဲ့"

စတီးဖ်က ပိုက်ဆံအိတ်ကိုသာ စိုက်ကြည့်နေသည်။

"ကျွန်တော့်သားနဲ့ ရှုရွှန် ဘယ်တော့ပြန်ရမှာလဲ"

လက်အိတ်စွပ်လက်ကြီးနှစ်ဖက် မှန်တံခါးမှကျော်ဝင်လာပြီး ပိုက်ဆံအိတ်ကြီးကို ကားအပြင်သို့ ဆွဲထုတ်သွားသည်။ လက်အိတ်စွပ်ထားသောလက်၊ အပေါ်စား သားရေတု လက်အိတ်များ၊ အရောင်က အညိုရင့်ရောင်။ ကုတ်အင်္ကျီလက်ဖျားတွေကလည်း စုတ်ပြတ်နေကြပြီ။ လက်ဖျားတွင် ချည်စတွေ ဖွာလန်ကျဲ၍ ထွက်နေကြသည်။

"ခင်ဗျားကို စောင့်ကြည့်နေတယ်ဆိုတာ မြဲမြဲမှတ်ထားပါ"

ပြန်ပေးက အသံတုန်တုန်ယင်ယင်ဖြင့် မြန်မြန်ပြောသည်။

"နောက် (၁၅)မိနစ်ကြာမှ ဒီနေရာက ထွက်ပါ။ (၁၅)မိနစ်. . . (၁၅)မိနစ်၊ အဲဒါ စွဲစွဲမြဲမြဲ မှတ်ထားပါ၊ ကျုပ်နောက်ကိုလဲ ဘယ်သူမှ မလိုက်ဘူး၊ ပိုက်ဆံကလဲ အတိအကျပါမယ်ဆိုရင် ခင်ဗျားသားကလေးနဲ့ ရှုရွှန်တို့ကို ဒီနေ့မနက် (၁၁)နာရီခွဲတိတိမှာ ဘယ်နေရာမှာ သွားခေါ်ပါဆိုတာ ပြောမယ်"

(၁၁)နာရီခွဲတိတိ။

ရှိနယ်သွမ်မဆင်ကို သေဒဏ်ပေးမယ့်အချိန်နဲ့ တစ်ချိန် တည်းပါပဲလား။

"ကျွန်တော့်မိန်းမသေဆုံးမှုနဲ့ ပတ်သက်ပြီး ခင်ဗျားအနေနဲ့ ဘယ်လိုများ ဆက်စပ်နေသလဲ"

စတီးဖ်က အရဲစွန့်၍ မေးလိုက်သည်။

ပြန်ပေးက လုံးဝပြန်မဖြေ။ စတီးဖ်က ရင်တထိတ်ထိတ်ဖြင့် နားစွင့်နေသည်။

ပြန်ပေးသည် နေရာမှ ချာခနဲ လှည့်ထွက်သွားသည်။ လမ်းမကိုဖြတ်ကာ ရပ်ထားသောကားဆီ လျှောက်သွားသည်။ စတီးဖ်က လက်ပတ်နာရီကို ကြည့်လိုက်သည်။

(၂)နာရီ (၃၈)မိနစ်။

သူနှင့်ပြန်ပေးတို့ စကားပြောခဲ့သည်မှာ သုံးမိနစ်ပင် မကြာခဲ့။ သူ့ကို တကယ်ပဲ စောင့်ကြည့်နေသလား။ အနီးအနားတိုက်ခေါင်မိုးပေါ်က တစ်ယောက်ယောက်များ စောင့်ကြည့်နေသလား။



www.burmeseclassic.com

www.burmeseclassic.com



သည်အတိုင်းဆို အက်ဖ်ဘီအိုင်စုံထောက်တွေကလည်း ဘာသတင်းမှ ရပုံမပေါ်။ သူနှင့်ပြန်ပေးတို့ တွေ့ပြီးပြီဆိုတာတောင် လုံးဝသိကြမည်မဟုတ်။

အမြန်ဆုံးထွက်သွားပြီး သတင်းပို့ရကောင်းမလား။

*မလုပ်နဲ့. . . မလုပ်နဲ့၊ တစ်ခုခုမှားသွားရင် ကိုယ်ပဲနာလိမ့်မယ်။*

(၂)နာရီ (၅၃)မိနစ်။

စတီးဖ်သည် ကားကို ပစောက်ကွေ့ပတ်မောင်းပြီး မင်ဟတ်တန်နယ်မြေသို့ ဦးတည်မောင်းလာခဲ့သည်။ သုံးနာရီဆယ်မိနစ်တွင် (၆၉)လမ်းနှင့် တတိယအဲဗင်းနယူးလမ်းထောင့်မှ အက်ဖ်ဘီအိုင်ရုံးချုပ်သို့ ရောက်လာသည်။

သူ့ကားဝင်လာသည်ကို မြင်လျှင်မြင်ချင်း စုံထောက်တွေ ဝိုင်းအုံပြေးလာပြီး ကားရှေ့မီးတွေကို စတင်ဖြုတ်ကြတော့သည်။

စုံထောက်အရာရှိဟူးချ်နှင့် စတီးဖ်တို့သည် ဓာတ်လှေကားဖြင့် (၁၂)ထပ်သို့ တက်လာခဲ့ကြသည်။ စတီးဖ်ပြောသမျှကို ဟူးချ်က အင်းမလုပ်, အဲမလုပ်ဘဲ စဉ်းစဉ်းစားစားဖြင့် နားထောင်လာသည်။

(၁၂)ထပ်ရောက်တော့ ဟူးချ်က စတီးဖ်အား တစ်ခေါင်းလုံးဆွတ်ဆွတ်ဖြူနေသော လူတစ်ယောက်နှင့် မိတ်ဆက်ပေးသည်။ အဘိုးကြီးက မျက်မှန်နက်ကြီးတပ်ထားသည်။ သူ့ရုပ်သွင်သည် စိတ်ရှည်ပြီး အသိဉာဏ်ရှိသော ဉပမိရုပ်မျိုး ပေါ်လွင်နေသည်။

"ဂျင်က တိတ်ခွေကို နားထောင်ကြည့်နေတယ်"

ဟူးချ်က ပြောသည်။

"မူလအသံအနေအထားနဲ့ ပဲ့တင်သံတွေကို လေ့လာကြည့်တော့ နီးလ်နဲ့ ရှရွန်တို့ဟာ အခန်းကျဉ်းကလေးထဲမှာ ချုပ်နှောင်ခံနေရတာ ဖြစ်ရမယ်လို့ ဂျင်က ယူဆတယ်၊ အတိအကျပြောရရင်. . အခန်းက (၁၁)ပေ, (၁၂)ပေလောက်ပဲ ကျယ်မယ်၊ အမြဲတမ်းလူနေတဲ့ အခန်းမဟုတ်ဘူး၊ ပြီးတော့. . . ဘူတာရုံတစ်ခုခုဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အနီးအနားက ရထားတွေ ဝင်လာသံ ထွက်သွားသံတွေ သဲ့သဲ့ကြားနေရတယ်"

စတီးဖ်က ဘာမှပြန်မပြောဘဲ အံ့အားသင့်ပြီး ကြောင်၍သာ ကြည့်နေသည်။

"ဒါက အကြမ်းသဘော ခန့်မှန်းချက်ပါ"

ဂျင်အိုဝင်က ပြောသည်။

"နောက်မကြာခင်မှာ ကျုပ်က ဒီထက်ပိုပြီး အတိအကျ ပြောနိုင်မှာပါ၊ ဒီလိုပြောနိုင်တာကလဲ အံ့ဩစရာမဟုတ်ပါဘူး၊ အရာဝတ္ထုတစ်ခုကို မှန်ဘီလူးနဲ့ကြည့်သလိုပါပဲ၊ အကြားအာရုံကို အထူးစူးစိုက်ပြီး နားထောင်တာပါပဲ"

*အမြဲတမ်းလူနေတဲ့အခန်း မဟုတ်ဘူး၊ ဘူတာရုံတစ်ခုခု ဖြစ်ရမယ်။*

စတီးဖ်က ဟူးချ်၏မျက်နှာကို မော့်ကြည့်လိုက်ပြီး. . .

"ဒါနဲ့ပဲ မစ္စတာဟူးချ်က ဒီပြန်ပေးမှုဟာ ရှရွန်ရဲ့လက်ချက်လို့ ယူဆရတော့မှာလား၊ ဘာကြောင့် အဲဒီလိုပြောနိုင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့. . ကျုပ်လည်း မပြောတတ်တော့ဘူး"

ဟူးချိုက သံပြတ်နှင့် ပြန်ပြောလိုက်သည်။

"မစ္စတာပက်တာဆင်. . . တိတ်ခွေထဲက နောက်ဆုံးအသံ. . ."

ဂျင်အိုဝင်က စကားရပ်သွားသည်။ ခဏကြာတော့မှ. . .

"နောက်ဆုံးအသံကို နားထောင်ကြည့်တော့. . . ခင်ဗျားမိန်းမရဲ့အသံဖြစ်နေတယ်၊ ခင်ဗျားမိန်းမက အင်္ဂလိပ်သံထက် ပြင်သစ်သံ ပိုပြီးပေါက်နေတယ်. . ."

"ဟာ. . . ဒါတော့ လုံးဝမဖြစ်နိုင်ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ သူက ဖီလာဒဲလ်ဖီးယားမှာ မွေးတယ်၊ (၁၀)နှစ်သမီးရောက်တော့မှ ကျောင်းအိပ်ကျောင်းစား ပြောင်းနေတာ. . . ဘယ်လိုလုပ်ပြီး ပြင်သစ်သံ ပေါက်နိုင်မှာလဲ"

"အသံကို သေသေချာချာ လေ့လာကြည့်တော့ သူ့ရဲ့ပထမဆုံးဘာသာစကားဟာ အင်္ဂလိပ်စကား မဟုတ်ဘူးဆိုတာ တွေ့ရတယ်"

"အား. . . ခဏနေပါဦး၊ ကျွန်တော် ခုမှ သတိရတယ်၊ သူက ငယ်ငယ်တုန်းက ပြင်သစ်အိမ်ဖော်နဲ့ နေခဲ့ရတယ်လို့ ကျွန်တော့်ကို ပြောဖူးတာရှိပါတယ်၊ ဟုတ်မှာပါ၊ ပြင်သစ်အိမ်ဖော်နဲ့ စကားသင်ခဲ့ရလို့ ပြင်သစ်သံဝင်နေတာ ဖြစ်နိုင်ပါတယ်"

"ဟုတ်ပါတယ်၊ ကျုပ်ပြောတာလည်း အဲဒီသဘောပါပဲ၊ ဒီအတိုင်းဆိုရင် ထင်တဲ့အတိုင်း မှန်နေပြီ၊ ဘယ်သူမှ လုပ်ကြံတာမဟုတ်ဘူး၊ မစ္စက်ပက်တာဆင်ရဲ့ အသံအစစ်ဆိုတာ ထင်ရှားနေပြီ၊ ခင်ဗျားကလည်း ခင်ဗျားမိန်းမအသံဖြစ်ရမယ်လို့ ထင်တယ်မဟုတ်လား၊ ဟုတ်ပါတယ်၊ သူ့အသံ အစစ်ပါပဲ"

"ပထမတော့ ကျုပ်လည်း အတွက်မှားသွားတယ်"

ဟူးချိုက ပြောသည်။

"ဒါပေမယ့် တိတ်ခွေထဲက နောက်ဆုံးအသံဟာ ရှရွန်နဲ့ နီးလ်တို့အသံကို သွင်းပြီးမှ ထပ်သွင်းတာလို့ ဂျင်ကပြောတယ်၊ ဒီအချက်ကို စဉ်းစားပါ မစ္စတာပက်တာဆင်၊ ကေန္ဒတော့ ခင်ဗျားတို့ရဲ့အကြောင်းကို အတွင်းကျကျသိနေတဲ့ လူတစ်ယောက်က ဒီအလုပ်ကို လုပ်တာ ဖြစ်ရမယ်၊ အဲဒီတော့ ခင်ဗျားတို့အနေနဲ့ အိမ်တွင်းရုပ်ရှင်တွေ ဘာတွေများ ရိုက်ဖူးသလား၊ ဆိုလိုတာက ခင်ဗျားမိန်းမရဲ့အသံကို တစ်ယောက်ယောက်က သွင်းယူထားပြီး အဲဒီအထဲက တစ်ပိုင်းတစ်စကို ယူထားတာများ ဖြစ်မလားလို့ ကျုပ်က စဉ်းစားမိလို့ပါ"

သည်ကိစ္စက စဉ်းစားရတော့ တော်တော်ခက်သည်။ သို့သော် စတီးဗ်က ကြိုးစားပြီး စဉ်းစားကြည့်နေသည်။

"အိုး. . . တစ်ခုတော့ရှိတယ်၊ မြို့နယ်အသင်းကလပ်. . ., လွန်ခဲ့တဲ့ (၄)နှစ်လောက်က အဲဒီကလပ်ကို ပြန်လည်ပြုပြင်ကြတော့ သူတို့က ရန်ပုံငွေအတွက် မှတ်တမ်းတင် ရုပ်ရှင် ရိုက်ခဲ့တာတော့ ရှိတယ်၊ အဲဒီမှတ်တမ်းတင်ကားရိုက်တုန်းက နီနာက အဆောက်အအုံထဲ တစ်ခန်းပြီးတစ်ခန်းလျှောက်သွားပြီး ဘာတွေကို ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ ရှင်းပြသူ လုပ်ခဲ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ. . . ဒါဆိုရင် ကျုပ်တို့ စဉ်းစားစရာတစ်ချက်တော့ ရလာပြီ"

ဟူးချ်က ပြောသည်။

စားပွဲပေါ်မှ တယ်လီဖုန်း မြည်လာသည်။

ဟူးချ်က တယ်လီဖုန်းကို ကောက်ကိုင်ပြီး သူ မည်သူမည်ဝါဖြစ်ကြောင်း ပြောလိုက်သည်။ ပြီးတော့ တစ်ဖက်မှပြောသံကို စိတ်ဝင်စားစွာ နားထောင်နေသည်။ ထို့နောက် သူက "ကောင်းတယ်. . ကောင်းတယ်၊ မြန်မြန်သိရအောင် လုပ်ပါ" ဟု ပြောပြီး ဖုန်းကို ပြန်ချလိုက်သည်။ သူ့အမူအရာမှာ သားကောင်ကို အနံ့ရသော မုဆိုးမျက်နှာမျိုးဖြစ်သည်။

သူက စတီးဖ်ဘက်သို့ ပြန်လှည့်ပြီး. . .

"အခြေအနေကတော့ ကောင်းလာပြီ မစ္စတာပက်တာဆင်၊ခင်ပျားရိုက်ခဲ့တဲ့ဓာတ်ပုံက တော်တော်ကောင်းတယ်တဲ့၊ ကားရော. . ကားနံပါတ်ရော ကောင်းကောင်းပေါ်တယ်တဲ့၊ အဲဒါ ကျုပ်လူတွေ ဆက်လိုက်နေကြပြီ"

ပထမသဲလွန်စတော့ရပြီ။ သို့သော် စတီးဖ်၏ လည်ချောင်းထဲမှာတော့ တစ်စုံတစ်ရာ ကျပ်ခဲပိတ်ဆို့နေသလိုပင် ခံစားနေရသေးသည်။ ဘာကိုမဆို ပြောရတာတော့ လွယ်သည်၊ သို့သော် အလုပ်ကျတော့ ခက်ခဲသည်။

ဂျင်အိုဝင်က စတီးဖ်ဘက်သို့ လှည့်ပြီးမေးသည်။

"ဒါနဲ့ ကျုပ် တစ်ခုမေးပါရစေဦး မစ္စတာပက်တာဆင်၊ အခုတိတ်ခွေထဲကအသံဟာ ခင်ပျားဇနီးအသံသာ အမှန်ဖြစ်ခဲ့ရင်ပေါ့လေ၊ သူဟာ အဲဒီစကားပြောချိန်မှာ တံခါးဖွင့်နေတာ ဖြစ်ရမယ်လို့ ကျုပ်ယူဆတယ်၊ အဲဒီတော့ ခင်ပျားအိမ်က တံခါးတစ်ရွက်ဆိုပါတော့ ဖွင့်လိုက်တဲ့အခါ 'ကျွီ'ဆိုပြီး မတိုးမကျယ် မြည်တာမျိုးရှိသလား၊ အဲဒီလိုရှိတာမျိုး မှတ်မိသလား"

ဟူးချ်နှင့် စတီးဖ်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ဖျတ်ခနဲ ကြည့်လိုက်ကြသည်။ ဒါက ဘာဆိုင်လို့လဲ။ အဓိပ္ပာယ်မရှိတဲ့ မေးခွန်းပဲဟု စတီးဖ်က တွေးလိုက်သည်။

စတီးဖ်က ဘာမှပြန်မပြောသောကြောင့် ဟူးချ်ကပင် ဝင်ဖြေလိုက်သည်။

"ဟုတ်တယ် ဂျင်၊ အဲဒါ ဟုတ်တယ်၊ အဲဒါတော့ ကျုပ် ကောင်းကောင်း မှတ်မိတယ်၊ မစ္စတာပက်တာဆင်ရဲ့အိမ်က မီးဖိုတံခါးဟာ ဖွင့်လိုက်ရင် အဲဒီလိုပဲ အသံမြည်တယ်"

www.burmeseclassic.com

www.burmeseclassic.com

# ၃၅

အာတီသည် 'မစ်လ်တာဗန်' အရက်ဆိုင်မှ စိတ်ပျက်ပျက်နှင့် ကားမောင်းထွက်လာခဲ့သည်။ တစ်နေ့လုံး စိတ်ကူးဖြင့် ပျော်နေခဲ့ရာမှ ယခုတော့ စိုးရိမ်စိတ်ကသာ ဖုံးလွှမ်းနေတော့သည်။ အရက်ဆိုင်တွင် ဘီလ်လပ်ဖ်ရောက်နေလိမ့်မည်ဟု သူက တွက်ထားခဲ့သည်။ ဘီလ်ဆီမှာ စကားနှိုက်ရတာ အလွန်လွယ်သည်။ အိုး. . . ဟုတ်လား၊ ကလေးက အိမ်မှာမရှိဘူး၊ ဘယ်များပို့ထားတာလဲ၊ မစ္စတာပက်တာဆင်ကကော တစ်ယောက်တည်းပဲလား၊ တခြားအဖော်တွေများ ရှိသေးသလား။

နီးလ်နှင့်ရှုရွန်တို့ ပျောက်နေကြောင်းကို လပ်ဖ်တို့လင်မယားအား စတီးဖ်ပက်တာဆင်က ဘယ်နည်းနှင့်မှ ပြောမည်မဟုတ်ဟုလည်း သူက တွက်ထားသည်။ သူတို့လင်မယားမှာ ပါးစပ်ဖွာသူတွေဖြစ်ကြောင်း ပက်တာဆင် ကောင်းကောင်းသိမည်ဆိုတာကိုလည်း သူက တွက်ထားသည်။ ယခု အရက်ဆိုင်သို့ ဘီလ်မရောက်တာထောက်လျှင် ပက်တာဆင်က ရဲကို တိုင်လိုက်ပြီး ဖြစ်နိုင်သည်။ ရဲကိုတော့ တိုင်မည်မထင်။ အက်ဖ်ဘီအိုင်ကိုသာ တိုင်မည်မှာ သေချာသည်။စောစောက အရက်ဆိုင်ထဲဝင်လာသူက သူ့ကိုယ်သူ ပီတီလာနားဟု ပြောသည်။ အမေးအမြန်းကလည်း တော်တော်ထူသည်။ သည်လူက အက်ဖ်ဘီအိုင်စုံထောက်။

သူ့ကို အာတီက ကောင်းကောင်းသိသည်။

အာတီသည် အစိမ်းရင့်ရောင် ဗောက်စ်ဝက်ဂွန်းကားကလေးကို ပဲရစ်ပတ်ခ်ဝေးလမ်းအတိုင်း တောင်ဘက်သို့ မောင်းလာခဲ့သည်။ သူသည် စိုးရိမ်စိတ်ကြောင့် တစ်ကိုယ်လုံးချွေးတွေပြန်နေသည်။သူ့စိတ်သည် လွန်ခဲ့သော (၁၂)နှစ်ကာလသို့ ရောက်သွားသည်။

သူ့အား မင်ဟတ်တန်နယ်မြေ အက်ဖ်ဘီအိုင်ရုံးချုပ်တွင် စစ်ဆေးနေကြသည်။

"ကိုင်း, မှန်မှန်ပြောစမ်း အာတီ၊ မင်းက အဲဒီမိန်းကလေးကို ခေါ်သွားတာ သတင်းစာရောင်းသမားက မြင်လိုက်တယ်လို့ပြောတယ်၊ မင်းက သူ့ကို ဘယ်ခေါ်သွားတာလဲ"

"ကျွန်တော် သူ့ကို အငှားကားပေါ် တင်ပေးလိုက်ပါတယ်၊ သူက လူတစ်ယောက်နဲ့ ချိန်းထားတယ်လို့ ပြောပါတယ်"

"ဘယ်က လူတစ်ယောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ကျွန်တော် ဘယ်လိုလုပ်သိပါ့မလဲ၊ ကျွန်တော်က သူ့လက်ဆွဲအိတ်ကို ဆွဲလာပေးခဲ့တယ်၊ အဲဒါလောက်ပါပဲ"

သူတို့က ဘာသဲလွန်စမှ မဖော်ထုတ်နိုင်ကြ။

သို့သော် ကြိုးတော့ တော်တော်ကြိုးစားကြသည်။

"ဒါဆိုရင် တခြားမိန်းကလေးတွေကကော ဘယ်လိုလဲ၊ ဒီဓာတ်ပုံတွေ ကြည့်စမ်းပါ။ မင်းက ဆိပ်ကမ်းနားတစ်ဝိုက်မှာ အမြဲတမ်းလှည့်နေတယ်မဟုတ်လား၊ အဲဒီတော့. . . မင်းက သူတို့အထဲက မိန်းကလေးဘယ်နှယောက်ဆီက လက်ဆွဲအိတ် ဆွဲပေးဖူးသလဲ"

"ဘာကို ဆိုလိုပါသလဲခင်ဗျာ၊ ကျွန်တော် နားမလည်လို့ပါ"

သူတို့မေးခွန်းက တော်တော်နီးစပ်မှုရှိသည်။ အဖြေမတတ်လျှင် ကျားရှေ့မှောက် လျက်လဲသလို ဖြစ်သွားနိုင်သည်။ သို့သော် သူတို့က သူ့ကို မိအောင်မဖမ်းနိုင်ခဲ့ကြ၊ ဘာသက်သေအထောက်အထားမျှ ရှာမတွေ့ကြ။

သို့ဖြင့်သူသည် နယူးယောက်မှထွက်ခွာခဲ့ပြီး ကွန်နက်တီကပ်ပြည်နယ်သို့ ရောက်လာခဲ့သည်။ မကြာမီတွင် ဓာတ်ဆီဆိုင်တစ်ဆိုင်တွင် ဆီဖြည့်လုပ်သား အလုပ်ကိုရသည်။လွန်ခဲ့သောခြောက်နှစ်ခန့်မှစပြီး ကာလေမြို့တွင် ကိုယ်ပိုင် ကားဝပ်ရှော့အလုပ်ရုံ ကလေးတစ်ခု ဖွင့်ခဲ့သည်။

**အရစ်ဇိုးနားပြည်နယ်. . .** သူ စကားပြောမှားသွားခဲ့သည်။ "ရှော့အိုင်လင်းက အရစ်ဇိုးနားပြည်မဟုတ်ဘူး"ဟု သူက ဘာကြောင့်များ ပြောမိခဲ့ရတာလဲ။ သို့သော် သူ့ကိုယ်သူ ပီတီလာနားဟုပြောသော စုံထောက်က ဘာမှရိပ်မိပုံမရ။ မရိပ်မိသည့်တိုင်အောင် သူက သည်စကားမျိုး မပြောသင့်။ မတော်လျှင် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်သွားနိုင်သည်။ သူ ဘယ်သွားနိုင်သည်ဆိုပြီး သူ့နောက်ခြေရာခံ၍ လိုက်လျှင် ဒုက္ခရောက်သွားနိုင်သည်။

သို့သော် သူတို့က သူ၏နောက်ကြောင်းကို အသေးစိတ်မလိုက်လျှင် သူ့ကိုဘယ်လိုမှ တရားခံလုပ်၍မရ။ တက္ကဆက်ပြည်နယ်မှ မိန်းကလေးအကြောင်းနှင့် ပတ်သက်၍ သူ့ကို ခေါ်ယူမေးမြန်းတုန်းကပင် တရားခံမဖော်နိုင်ခဲ့လျှင် နောင်တွင်လည်း ဘယ်တော့မှ ဖော်နိုင်တော့မည်မဟုတ်။

အဲသည်တုန်းက သူက မိန်းကလေးအား "စံပြရွာက ငါ့နေရာကို လိုက်ဖြစ်အောင် လိုက်ခဲ့ပါ၊ အဲဒီမှာ ငါ့မိတ်ဆွေ ပန်းချီဆရာတွေ တစ်ပုံကြီးရှိတယ်၊ သူတို့က မင်းကို စံပြမယ် အဖြစ် အသုံးပြုမှာ သေချာတယ်' ဟုပြောပြီး သွေးဆောင်ခေါ်ယူသွားခဲ့သည်။

သို့သော် သူတို့က ဘာမှသက်သေအထောက်အထား မပြနိုင်ခဲ့ကြ။

ယခုလည်း ဘာမှ မပြနိုင်ကြ။

*"ဟင်. . . ဒါလား ရှင့်နေရာဆိုတာ၊ အောက်တန်းကျလိုက်တာ၊ ဒီလိုမှန်းသိရင် ကျွန်မ လိုက်မလာဘူး"*

ကောင်မလေးက ယင်းသို့ ပြောခဲ့သည်။ သူ့ကားသည် ဟတ်ချီဆန်မြစ် ပတ်ခ်ဝေး လမ်းပေါ်သို့ ရောက်လာသည်။ သရောက်နက်ခ် တံတားဆီသို့ ဦးတည်မောင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စီမံကိန်းက တော်တော်ပိရိသည်။ ကားတစ်စီးကိုခိုးရတာ အလွန်အန္တရာယ်များသည်။ (၁၀)မိနစ်အတွင်း ပိုင်ရှင်ပြန်ရောက်လာနိုင်သည်။ ယင်းသို့ဆိုလျှင် (၅)မိုင်ခန့် ခရီးမရောက်ခင် ရဲတွေက ဝိုင်းလိုက်လာနိုင်သည်။

ကားပိုင်ရှင် ရုပ်ရှင်ကြည့်နေချိန်မျိုးတွင်ဖြစ်စေ၊ လေယာဉ်ကွင်းမှာ ကားကိုထားခဲ့ပြီး လေယာဉ်ဖြင့် ခရီးကိုထွက်သွားချိန်မျိုးတွင်ဖြစ်စေ ခိုးယူမှသာ စိတ်ချရသည်။

သရောက်နက်ခ်တံတားတွင် အန္တရာယ်အချက်ပြ လျှပ်စစ်မီးစာတန်းများ ထိုးထားသည်။ ဆီးနှင်းများ ထူသည်။ လေပြင်းသည်။ သို့သော် ကိစ္စမရှိ။ သူက စံပြ ကားမောင်းသမားတစ်ယောက်ပဲ။ သည်လောက်တော့ အပျော့ပေါ့။ ကံကောင်းချင်တော့ သည်တစ်ဝိုက်တွင် ကားသွားကားလာမရှိသလောက် ဖြစ်နေသည်။ ဒါမှ သူ့အတွက် နောက်ပိုင်းတွင် သွားလာလှုပ်ရှားရလွယ်ကူမည်။

နံနက် (၁၁း၂၀)နာရီ။

သူသည် လာဂွာဒီယားလေဆိပ်ထဲသို့ မောင်းဝင်လာသည်။ ကားရပ်ကွက် အမှတ်(၅)ဘက်သို့ ကွေ့လိုက်သည်။ သည်နေရာသည် ကြာရှည်ရပ်ထားသော ကားများအတွက် သီးသန့်နေရာဖြစ်သည်။ ကားရပ်ခလည်း အခြားနေရာများထက် ပိုပေးရသည်။

ကားကို စက်ရှိန်သတ်လိုက်ပြီးနောက် အလိုအလျောက် လက်မှတ်ထွက်လာသော စက်ခလုတ်ကို နှိပ်၍ လက်မှတ်တစ်စောင် ယူလိုက်သည်။ ဂိတ်တံခါးပွင့်လာသည်။ ကားရပ်ကွက်လပ်ထဲသို့ ဖြည်းဖြည်းခေါင်းဝင်လာသည်။ ခရိုက်စလာကားနှင့် ကားဒီလက် ကားနှစ်စီးကြားရှိ အခန်းအမှတ် (၉)ထဲသို့ မောင်းသွင်းလိုက်သည်။ ကားကြီးနှစ်စီးကြားတွင် သူ့ကားကလေးမှာ ပျောက်နေသည်။သူသည် ဆိုဖာတွင် နောက်မှီထိုင်ရင်း စောင့်နေသည်။ မိနစ်(၄၀)ကုန်လွန်သွားသည်။ ကားရပ်ကွက်လပ်ထဲသို့ ကားနှစ်စီးဝင်လာသည်။ တစ်စီးကအနီ၊ တစ်စီးက အဝါ၊ နှစ်စီးစလုံး သူ့ဘေးနားက နေရာလွတ်ကို သတိမပြုမိဘဲ အစွန်ဘက်သို့ မောင်းသွားကြသည်။

နောက်ထပ်တစ်စီး ဝင်လာပြန်သည်။ မွန်တီးယားစ်အမျိုးအစား အပြာရင့်ရောင်ကား။ အရှေ့ဘက်သုံးတန်းကျော် ကွက်လပ်မှာ သွားရပ်သည်။ ကားမီးတွေ ပိတ်သွားသည်။ ကားမောင်းသူ ဆင်းလာသည်။ ကားနောက်ပိုင်းသို့ လျှောက်သွားသည်။ ကားနောက်ဖုံးကိုဖွင့်၍ လက်ဆွဲသေတ္တာကြီးတစ်လုံးကို ဆွဲထုတ်လိုက်သည်။ သည်လူက တော်တော်ကြာကြာခရီးထွက်မည့် ပုဂ္ဂိုလ်ဖြစ်နိုင်သည်။

အာတီက ဦးခေါင်းတစ်ဝက်ပေါ်ရုံမျှ တစ်ကိုယ်လုံးကို ဆိုဖာပေါ်တွင် မြှုပ်ထိုင်ပြီး သေသေချာချာ စောင့်ကြည့်နေသည်။ စောစောကပုဂ္ဂိုလ်သည် လက်ဆွဲသေတ္တာကြီးကိုဆွဲကာ ခပ်လှမ်းလှမ်းရှိ ကားဂိတ်ဆီသို့ လျှောက်သွားသည်။ မိနစ်အနည်းငယ်အတွင်းတွင် ဘတ်စ်ကားတစ်စီး ရောက်လာသည်။ လေယာဉ်ခရီးသည်များအား လေယာဉ်ဆီသို့ပို့ပေးရန်လာခေါ်သောကားဖြစ်သည်။

အဆိုပါပုဂ္ဂိုလ်သည် ဘတ်စ်ကားပေါ်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားပြန်ထွက်သွားပြီ။

အာတီက သူ့ကားပေါ်မှ ဖြည်းဖြည်းကလေး ဆင်းသည်။ ပတ်ဝန်းကျင်ကို မျက်လုံးကစားကြည့်လိုက်သည်။ ဝင်လာသော ကားမီးရောင်တွေ လုံးဝမမြင်ရ။ ပွန်တီးယားစ်ကားဘေးသို့ ခပ်သုတ်သုတ်လျှောက်လာသည်။ အသင့်ပါလာသောသော့ဖြင့် ကားတံခါးကို ဖွင့်သည်။ ဒုတိယသော့နှင့်ဖွင့်မှ ကားတံခါးပွင့်သည်။ ကားထဲ ဝင်ထိုင်လိုက်သည်။

တစ်ကိုယ်လုံး ချွေးထွေးသွားသည်။ ကားစက်ကို နှိုးလိုက်သည်။ စက်သံညက်ညက်ကလေး ပေါ်ထွက်လာသည်။ ဓာတ်ဆီကို စစ်ကြည့်သောအခါ လေးပုံသုံးပုံ ကျန်နေသေးသည်။ အလုပ်ဖြစ်ပြီ။ သို့သော် ချက်ချင်းထွက်၍ မဖြစ်သေး။ အခြေအနေ စောင့်ကြည့်ရဦးမည်။ ဤနေရာမှ လိုအပ်သည်ထက်အချိန်စော၍ ပြန်ထွက်သွားလျှင် အစောင့်ကသံသယဝင်နိုင်သည်။ ဤနေရာသည် အချိန်ကြာကြာရပ်ရန် ကားများအတွက် သီးသန့်နေရာ ဖြစ်သည်။ သို့သော် ကိစ္စမရှိ။ သူ့မှာ အချိန်တွေ အများကြီးကျန်သေးသည်။

စောင့်နိုင်သည်။ စောင့်ရင်းစဉ်းစားချိန်ရသည်။

သူသည် ကိုယ်ကို ဆိုဖာနောက်မှီပေါ်တွင် မှီချလိုက်သည်။

မျက်လုံးတွေကို မှိတ်ထားလိုက်သည်။

❁

သူ၏ စိတ်မျက်စိထဲတွင် နီနာ၏ရုပ်သွင်ပေါ်လာသည်။

ပထမညက တွေ့ခဲ့ရသည့် ရုပ်သွင်အတိုင်းပင် ဖြစ်သည်။

ဂျိန်းကာဖိုလီနှင့် မစ္စက်ဝိတ်စ်တို့ သေဆုံးခဲ့သည်မှာ မကြာသေး။ ထို့ကြောင့် သူ့အနေဖြင့် အပြင်ထွက်ခြင်းကို တတ်နိုင်သမျှရှောင်ကာ အိမ်တွင်ပင် ငြိမ်ငြိမ်နေသင့်သည်။

သို့သော် သူက နေလို့မရ။

ထိုနေ့ကလည်း သူသည် ဘာရယ်လို့မဟုတ်ဘဲ ပျင်းပျင်းရှိသည်နှင့် ကားမောင်းပြီး ထွက်လာခဲ့သည်။ အဲသည်မှာ သူမကို စတင်တွေ့ရခြင်းဖြစ်သည်။ ကာမန်ဂီးယား ကားတစ်စီးသည် (၇)နံပါတ် လမ်းမကြီးတစ်နေရာတွင် ရုတ်တရက် ထိုးရပ်သွားသည်။ လမ်းပေါ်တွင် ကားသွားကားလာပြတ်၍ လုံးဝ တိတ်ဆိတ်နေသည်။

သူက သူ့ကားမှ ရှေ့မီးကို ဖွင့်လိုက်သည်။

အရပ်သွယ်သွယ် နွဲ့နွဲ့နှောင်းနှောင်း ရုပ်သွင်တစ်ခုကို မြင်လိုက်ရသည်။ ဆံပင်က နက်မှောင်နေသည်။ သေးသွယ်သော လက်ချောင်းကလေးများက ဒုန်းကလားကို မရပ်မနား ကစားနေကြသည်။ သူက ရပ်ထားသော ကားဘေးသို့ သူ့ကားကို ဖြည်းဖြည်းကလေး ဘီးလိမ့်သွားသည်။ ဝိုင်းစက်စက် မျက်လုံးညိုကြီးများက သူ့ကို ပြူးကြည့်နေကြသည်။

သည်လမ်းမကြီးပေါ်တွင် လူဆိုးတွေ သောင်းကျန်းနေကြောင်း သည်အမျိုးသမီး ကြားဖူးဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာအကူအညီပေးရမလဲ မစ္စစ်၊ ဒီအလုပ်က ခင်ဗျားအတွက် မလွယ်ပါဘူး၊ ကျွန်တော်လုပ်ရမယ့် အလုပ်ပါ၊ ကျွန်တော်က စက်ပြင်ဆရာပါ"

သူမမျက်နှာတွင် စိုးရိမ်စိတ်များ ပျောက်သွားသည်။

"အို. . ကျေးဇူးတင်လိုက်တာရှင်၊ ကျွန်မက သိပ်ပြီးစိုးရိမ်နေတာ ဒီလိုနေရာမျိုးမှာမှ လာပြီး ကားဘီးပေါက်သွားတာ၊ ကျွန်မတစ်ယောက်တည်း ကြောက်စရာကြီးပေါ့"

သူက သူမကို လုံးဝမကြည့်၊ ကားဘီးကိုသာ ကြည့်နေသည်။

သူ့ပုံက သူမအား ရှိနေသည်ဟုပင် သဘောထားဟန်မတူ။

သူက လျင်မြန်ကျွမ်းကျင်စွာဖြင့် တာယာကို လဲလိုက်သည်။

သုံးမိနစ်ပင် မကြာလိုက်။

လေးဖက်လေးတန်မှ ဘယ်ကားမှမလာ။ သူက မတ်တတ်ထရပ်လိုက်သည်။

"ကျွန်မ ဘယ်လောက်ပေးရပါမလဲရှင်"

သူမက ခေါင်းငုံ့ပြီး ပိုက်ဆံအိတ်ကို ဖွင့်သည်။ လည်ပင်းပွင့်နေသော သားမွေးကုတ်အင်္ကျီပျော့အောက်မှ ရင်သားအစုံက ဖွံ့ထွားမို့မောက်နေသည်။ သူ ရင်ခုန်လာသည်။

သူမသည် အကြောက်လွန်သော ကောင်မလေး ဂျိန်းကာဖိုလီနှင့်လည်း မတူ၊ ဒေါသကြီးသော အဘွားကြီး မစ္စက်ဝိတ်စ်နှင့်လည်း တခြားစီ။ သူမက လှလည်းလှသည်။ ပွင့်လည်း ပွင့်လင်းသည်။ သူ့ကိုလည်း တော်တော်ကျေးဇူးတင်နေပုံရသည်။

သူက သူမ၏ရင်သားဆီသို့ လက်လှမ်းလိုက်သည်။

ရုတ်တရက် ဆဲလိုက်မီးရောင်လင်းသွားသည်။

ကင်းလှည့်ရဲကား။ ငါတော့ သွားပြီ။

"ထုံးစံကတော့ တာယာလဲတပ်ပေးရင် သုံးဒေါ်လာယူတယ်ဗျ"

သူက ခပ်မြန်မြန်ကလေး ပြောသည်။

"ပြီးတော့ ပေါက်သွားတဲ့တာယာကိုလဲ ကျွန်တော် ပြန်လုပ်ပေးစေချင်ရင် ဖြစ်ပါတယ်"

သူ့လက်က အင်္ကျီအိတ်ကိုနှိုက်ထားပြီး. . .

"ကျွန်တော့်နာမည် အာတီတက်ဂတ်ပါ၊ ကာလေမြို့ထဲက မွန်ရိုးလမ်းမှာ ကားပြင်ဆိုင်ဖွင့်ထားတယ်၊ မစ်လ်တာဗန်အရက်ဆိုင်ကဆိုရင် မိုင်ဝက်လောက်ပဲ ဝေးပါတယ်"

ရဲကားသည် သူတို့ဘေးတွင် ထိုးရပ်သွားသည်။

ရဲသားက ကားပေါ်မှ ဆင်းလာသည်။

"ဘာများဖြစ်တာလဲ မဒမ်. . ."

သူက အာတီအား မသက်သာလို တစ်ချက်စောင်းကြည့်ပြီး မေးလိုက်သည်။

"သြော်. . . ဒီမှာ မမျှော်လင့်ဘဲ ကားဘီးပေါက်သွားလို့ပါရှင်၊ ခုတော့ ကောင်းသွားပါပြီ၊ မစ္စတာတက်ဂတ်က လမ်းကြုံရင်း ကူပြီးပြင်ပေးလို့ပါ၊ သူက ကျွန်မတို့နဲ့ တစ်ရပ်တည်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့။

သူမက သူ့အား မိတ်ဆွေရင်းတစ်ယောက်လို့ ပြောလိုက်သည်။

ရဲသား၏အမူအရာ ပြောင်းသွားသည်။

"ဒီလိုနေရာမျိုးမှာ. . . မိတ်ဆွေနဲ့လာတွေ့တာ မဒမ်ကံကောင်းတာပေါ့၊ ဒီနေရာက အဖော်မပါရင် အမျိုးသမီးတွေအတွက် စိတ်ချရတဲ့နေရာ မဟုတ်ဘူးဗျ"

ရဲသားက ကားပေါ်ပြန်တက်ပြီး ကားမထွက်သေးဘဲ စောင့်ကြည့်နေသည်။

"ဒါဆိုရင်. . ကျွန်မတာ့ယာဟောင်းကိုလဲ ပြင်ပေးပါဦး မစ္စတာတက်ဂတ်"

နီနာက အာတီဘက်သို့ လှည့်၍ပြောလိုက်သည်။

"ကျွန်မက နီနာပက်တာဆင်ပါ၊ ဒရစ်ဖ်ဝုလမ်းမှာ နေတယ်"

"ဟုတ်ကဲ့ ဖြစ်ပါတယ်၊ ကျွန်တော် ပြင်ပေးပါ့မယ်၊ စိတ်ချပါ"

အာတီက ကားပေါ်ပြန်တက်သည်။ သူ့အမူအရာက ဘာမှထူးခြားချက်မရှိသည့် အမူအရာမျိုး။ သူမအား နောက်တစ်ကြိမ် ပြန်တွေ့လိုစိတ်ပင် ရှိပုံမရသော အမူအရာမျိုး။

သူမ အမူအရာကလည်း ရဲသားရောက်လာသည်ကို သဘောမကျပုံမျိုး။

သို့သော် သူက သည်နေရာတွင် ကြာကြာနေ၍မဖြစ်။ ရဲသားက ဂျိန်းကာဖိုလီနှင့် မစ္စက်ဝိတ်စ်တို့အကြောင်း ရုတ်တရက်သွားပြီး သတိရသွားလျှင် ဒုက္ခ။

"ဒါနဲ့ မစ္စတာတက်ဂတ်က အခုလို လူသူမရှိတဲ့ လမ်းမကြီးပေါ် ရောက်လာတဲ့ အမျိုးသမီးတွေကို ဒီလိုပဲ အမြဲတမ်းကားရပ်ပြီး အကူအညီပေးတတ်သလား" ဟု ရဲသားက မေးလာလျှင် ဒုက္ခ။ ထို့ကြောင့် သူက နီနာနှင့် ရဲသားတို့အား နှုတ်ဆက်ပြီး ချက်ချင်းပြန်ထွက်လာခဲ့သည်။

❁

နောက်နေ့မနက်ကျတော့ သူက နီနာဆီသို့ ဖုန်းဆက်မလို့စိတ်ကူးနေတုန်း နီနာဆီမှ ဖုန်းလာသည်။

"ကျွန်မယောက်ျားက ကျွန်မ စပယ်ယာတာယာနဲ့မောင်းနေတာကို အခုပဲ ဆူသွားသေးတယ်"

သူမအသံက ကြည်လင်အေးမြသည်။ ရင်းရင်းနှီးနှီးလေသံမျိုး။

"အဲဒီတော့ ကျွန်မတာယာ ဘယ်တော့လာယူရမှာလဲ"

သူက ခပ်မြန်မြန် စဉ်းစားသည်။ ဒရစ်ဖ်ဝုလမ်းမှာ တိတ်ဆိတ်သောလမ်းဖြစ်သည်။ အိမ်တွေလည်း တစ်အိမ်နှင့်တစ်အိမ် ခပ်ကျဲကျဲဆောက်ထားကြသည်။ သူ့ထံသို့ နီနာလာလျှင် သူမနှင့် ရင်းနှီးဖို့မလွယ်။ အန္တရာယ်လည်း များနိုင်သည်။

"ကျွန်တော် အလုပ်ကိစ္စနဲ့ ခုပဲ အပြင်ထွက်မလို့ လုပ်နေတာ"

သူက လိမ်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါလား. . . ညနေကျတော့ ကျွန်တော် ဆက်ဆက်လာခဲ့ပါ့မယ်၊ (၅)နာရီလောက်ဆိုပါတော့"

အဲဒီအချိန်ဆိုရင် မှောင်စပြုပြီ။

"ကောင်းပါတယ်ရှင်. . . ကျွန်မက ခြောက်နာရီခွဲမှာ ကျွန်မယောက်ျားကို သွားကြိုရမှာမို့လို့ပါ၊ အဲဒါမသွားခင် တာယာလဲလိုက်ချင်လို့ (၅)နာရီ ဆက်ဆက်လာခဲ့ပါနော်"

"စိတ်ချပါ"

❋

ထိုနေ့က သူ တော်တော် စိတ်လှုပ်ရှားနေသည်။

ဘာကိုမျှ ပီပီပြင်ပြင် မစဉ်းစားတတ်အောင် ဖြစ်နေသည်။

နောက်ဆုံးတော့ ဆံပင်ညှပ်ရန် ထွက်လာခဲ့သည်။ ဆံပင်ညှပ်ပြီးတော့ စပို့ရှပ်အင်္ကျီအသစ်တစ်ထည် သွားဝယ်သည်။အလုပ်ပြန်ရောက်တော့ ဘာအလုပ်မှမလုပ်တော့။ ရေချိုးပြီး အဝတ်အစား လဲလိုက်သည်။ ပြီးတော့ ထိုင်စောင့်ရင်း ကတ်ဆက်ဖွင့်နားထောင်နေသည်။ ထို့နောက် တိတ်ခွေအသစ်တစ်ခုထုတ်ပြီး အပေါ်တွင် 'နီနာ'ဟု စာရေးလိုက်သည်။

ပြီးတော့ ကက်ဆက်ထဲ ထည့်လိုက်သည်။

ကင်မရာတွင် ဖလင် ရှိမရှိ သေချာအောင် စစ်ဆေးကြည့်သည်။ ရိုက်ယူလာသော ဓာတ်ပုံများကိုဆေး၍ ပုံကူးရမည့်အရေးကို တွေးကာ ပျော်နေမိသည်။

(၅)နာရီ (၁၀)မိနစ်တွင် ဒရစ်ဖ်ဝုလမ်းသို့ ထွက်လာခဲ့သည်။ သူက အိမ်ရှေ့ လမ်းမကြီးပေါ်တွင် ကားကို ဖြည်းဖြည်းလိုမှ်ရင်း ရပ်ရမည့်နေရာကို စဉ်းစားကြည့်သည်။

အိမ်ဘေးမှခြံထဲတွင်ရပ်ရန် ဆုံးဖြတ်လိုက်သည်။

သူသည် ပင်လယ်ကမ်းစပ်မှ သစ်တောလမ်းအတွင်း လျှောက်လာခဲ့သည်။

ရေလှိုင်းတွေက ကမ်းသောင်ကို တဖျပ်ဖျပ်နှင့် ရိုက်ခတ်နေကြသည်။

သူ့ရင်ထဲတွင် ပျော်သလိုလို၊ ကြောက်သလိုလိုခံစားနေရသည်။

သို့သော် ချမ်းအေးသောညနေချိန်တွင် သူက နွေးထွေးနေသည်။

သူမ၏ကားကို အိမ်နောက်ဖေး လမ်းကျဉ်းကလေးထဲတွင် ရပ်ထားသည်။

ကားထဲတွင် သော့တန်းလန်းနှင့်။

မီးဖိုခန်းထဲတွင် လှုပ်လှုပ်ရွရွနှင့် အလုပ်များနေသော နီနာ့ကို လှမ်းမြင်ရသည်။

သူမသည် ဈေးဝယ်လာသော ပစ္စည်းများကို နေရာတကျ သိမ်းဆည်းနေသည်။ မီးလုံးတွင် အုပ်ဆောင်းမရှိသောကြောင့် တစ်ခန်းလုံး ထိန်ထိန်လင်းနေသည်။

ယနေ့ညတွင် သူမသည် အလွန်လှနေသည်။

အပြာနုရောင်ဆွယ်တာကို ဝတ်ထားသည်။ လည်ပင်းတွင်လည်း လည်စည်းပဝါပတ်ထားပြီး အောက်ဘက်မှ စုချည်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက အသင့်ယူလာသော တာယာကို နီနာ၏ကားတွင် ကမန်းကတန်း လဲတပ်လိုက်သည်။ ပြီးတော့ အိမ်ထဲတွင် တခြားလူတွေ ရှိမရှိ လှမ်းကြည့်လိုက်သည်။

အခွင့်သာလျှင် သူမ၏အချစ်ကို အရယူရမည်။ သူမကလည်း သူ့ကို မြင်မြင်ချင်း ချစ်ချင်ပုံရသည်။ သူမ၏ယောကျ်ားက သူမကို ဆူကြောင်း ပြောခဲ့ခြင်းမှာ သူမအပေါ် ကြင်နာစိတ်ရှိသော တခြားယောကျ်ားတစ်ယောက်ကို တောင့်တနေကြောင်း အရိပ်နိမိတ်ဖော်ပြခြင်း ဖြစ်နိုင်သည်။

သူက ကက်ဆက်ခလုတ်ကို နှိပ်လိုက်သည်။ ပြီးတော့ နီနာကြားရလျှင် စိတ်ချမ်းသာမည့် ချစ်ရေးဆိုသောစကားများကို ခပ်တိုးတိုးရွတ်၍ ကက်ဆက်ထဲ အသံသွင်းသည်။

မီးဖိုခန်းတံခါးသို့ လျှောက်လာသည်။

တံခါးကို ဖြည်းဖြည်းကလေး ခေါက်လိုက်သည်။

နီနာက တံခါးဆီသို့ ပြေးလာသည်။ အံ့အားသင့်နေသည်။ သူက မှန်တံခါးအပြင်ဘက်မှ ပြုံးပြပြီး သူမ၏ကားသော့ကို မြှောက်ပြလိုက်သည်။

သူမက ပြန်ပြုံးပြပြီး တံခါးကို ဖွင့်ပေးသည်။

သူမက လှိုက်လှဲဝမ်းသာကြိုဆိုသည်။ ယခုလို ယူလာတာကို အထူးဝမ်းသာကြောင်း ပြောသည်။ တာယာလဲတာ ပိုက်ဆံဘယ်လောက်ပေးရမလဲဟု မေးသည်။

သူက လက်ကိုမြှောက်လိုက်သည်။ နှစ်ဖက်စလုံး လက်အိတ်စွပ်ထားသည်။

သူက အခန်းမီးခလုတ်ကို ရုတ်တရက် လှမ်းပိတ်လိုက်သည်။

ပြီးတော့ နီနာ၏ပါးနှစ်ဖက်ကို ဆွဲကိုင်ပြီးတော့ နှုတ်ခမ်းကို စုပ်နမ်းလိုက်သည်။

"ငါက ပိုက်ဆံမလိုချင်ဘူး၊ ဒါမျိုးပဲလိုချင်တာ"

သူက ခပ်တိုးတိုးကလေး ပြောလိုက်သည်။

သူမက သူ့ပါးကို ဖြန်းခနဲ တစ်ချက်ရိုက်ထည့်လိုက်သည်။ သူ တော်တော်နာသွားသည်။ သူမ၏လက်က သေးသေးကလေး။ ရိုက်တော့လည်း တော်တော်အနာသား။

"ထွက်သွား. . . ခုချက်ချင်း ထွက်သွား"

သူ တော်တော်ဒေါသထွက်သွားသည်။ ရှက်လည်း အလွန်ရှက်သွားသည်။

သူက သူမ၏လည်စည်းပဝါကို ရုတ်တရက် လှမ်းဆွဲလိုက်သည်။

သို့သော် မမီလိုက်။ သူမက ဆတ်ခနဲ ရှောင်ထွက်လိုက်ပြီး ဧည့်ခန်းဘက်သို့ ထွက်ပြေးသွားသည်။

သူမသည် အော်လည်းမအော်၊ တခြားလူကိုလည်း ဘာအကူအညီမှမတောင်း။

အကြောင်းရင်းကို သူ နောက်တော့မှ သိခဲ့ရသည်။ အိမ်တွင် သူမ၏သားကလေး ရှိနေကြောင်းကို သူ သိသွားမည်စိုးသောကြောင့် ဖြစ်သည်။ သူသိသွားလျှင် ကလေးအတွက်ပါ အန္တရာယ်ရှိနိုင်သည်ကို သူမက ကြိုတင်တွက်ထားပြီး ဖြစ်သည်။

သို့ပေမယ့်. . . သူမက ငြိမ်ခံနေသည်မဟုတ်။ မီးလင်းဖိုဘေးမှ မီးဆွသံချောင်းကို ဆတ်ခနဲကောက်ယူလိုက်ပြီး သူ့ကို ချိန်ရွယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ရယ်ပစ်လိုက်သည်။ သူ့ဆန္ဒကို တိုးတိုးကလေး ပြောလိုက်သည်။

ပြီးတော့ သူမ၏လက်နှစ်ဖက်ကို အလစ်တွင် ဖမ်းချုပ်လိုက်ပြီး မီးဆွသံချောင်းကို ဘေးသို့ ပစ်ချလိုက်သည်။ သူမက အတင်းရုန်းထွက်သည်။ သူက လည်စည်းပဝါကို အတင်း လိုက်ဆွဲသည်။ ဆွဲမိတော့ လည်ပင်းကို တစ်ရစ်ပြီးတစ်ရစ် အတင်းဆွဲပတ်လိုက်သည်။

သူမပါးစပ်မှ ဝူးဝူးဝါးဝါးအသံ ထွက်လာသည်။ သူမ အသက်မရှူနိုင်တော့။ သူမ၏ လက်တွေက ရုပ်သေးလက်လို အဆစ်ကျိုးကျသွားသည်။ ခါးနွဲ့ပြီး ဒူးဆစ်တွေ ခွေကျသွား သည်။ မျက်လုံးကြီးတွေ ပြူးကျယ်လာသည်။ မျက်နှာတစ်ပြင်လုံး ပြာနှမ်းသွားသည်။

ဝူး. . . ဝူး. . . ဝါး. . . ဝါး. . အသံမထွက်တော့။

သူက သူမကို လက်တစ်ဖက်ဖြင့် ကိုင်ထားပြီး လျှပ်တစ်ပြက် ဓာတ်ပုံရိုက်ယူလိုက် သည်။ ထိုအခိုက် သူ့နောက်ဘက်မှ ချောင်းဆိုးသံလိုလို ကြားလိုက်ရသည်။

သူက ချာခနဲ နောက်ပြန် လှည့်ကြည့်လိုက်သည်။

ကလေးသည် လှေကားခြေရင်းတွင် ရပ်နေသည်။ မျက်လုံးညိုကြီးတွေဖြင့် သူ့ကို ကြောင်ကြောင်ကြီး လှမ်းကြည့်နေသည်။ ကလေးသည် စောစောက သူ့အမေပုံစံအတိုင်းပင် ပင်ပန်းကြီးစွာဖြင့် အသက်ရှူနေသည်။

သူမကိုသတ်လိုက်တာမှ ဟုတ်ပါရဲ့လား၊ သူမက ကလေး၏ကိုယ်ခန္ဓာထဲဝင်ပြီး သူ့ကိုပင် ပြန်သတ်တော့မည့် ပုံမျိုးပါလား။ သူက ကလေးကို လှမ်းကြည့်လိုက်သည်။

သူ့ပါးစပ်ကိုလည်း ပိတ်ပစ်ရမည်။

သူ့မျက်လုံးတွေကိုလည်း ပိတ်ပစ်ရမည်။

သူက ကလေးအနီးသို့ ပြေးလာခဲ့သည်။ ကိုယ်ကို ရှေ့သို့ကုန်းပြီး လက်နှစ်ဖက်ကို ဆန့်လိုက်သည်။အိမ်ရှေ့တံခါးဝမှ ဘဲလ်သံပေါ်ထွက်လာသည်။ သူသည် မီးဖိုခန်းသို့ ပြန် ပြေးလာပြီး နောက်ဖေးပေါက်မှ သွေးရူးသွေးတန်း ပြေးထွက်လာခဲ့သည်။ ဘဲလ်သံတစ်ချက် ကြားလိုက်ရပြန်သည်။ နောက်ဖေးချုံတောထဲဖြတ်ပြီး ရပ်ထားသော ကားဆီသို့ ကမန်းကတန်း ပြေးခဲ့သည်။ အလျင်အမြန် ကားပေါ်တက်ပြီး စက်ကုန်ဖွင့်၍ မောင်းထွက်လာခဲ့သည်။

မိနစ်ပိုင်းအတွင်း သူ့အလုပ်ရုံသို့ ပြန်ရောက်လာခဲ့သည်။

သူ့ရင်ဘတ်သည် ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေသည်။

ခဏနေပြီးစိတ်ငြိမ်သွားတော့မှ မစ်လ်တာဗန်အရက်ဆိုင်သို့ သွားရန် ဆုံးဖြတ်လိုက် သည်။ အဲဒီမှာ အေးအေးဆေးဆေး ဘီယာထိုင်သောက်မည်။ ဒရစ်ဖ်ဝုလမ်းက လူသတ်မှု အကြောင်း သတင်းစုံကိုလည်း ကြားရမည်။

သို့သော် သူ့စိတ်ထဲကတော့ ကြောက်နေတုန်း ရှိသေးသည်။ ယမန်နေ့ညက တွေ့ခဲ့ ရသော ကင်းလှည့်ရဲသားက သတင်းစာထဲပါလာသော နီနာ၏ဓာတ်ပုံကို မြင်သွားလျှင် ဒုက္ခ။ ရဲသားက 'အံ့သြစရာပဲ၊ ဒီအမျိုးသမီးကို မနေ့ညကပဲ လမ်းပေါ်မှာ ကျွန်တော် တွေ့ခဲ့သေးတာ၊ တက်ဂတ်ဆိုတဲ့ လူတစ်ယောက်က သူ့ကားမှာ တာယာလဲပေးနေတာ' ဟုပြောလိုက်လျှင် တော့ တစ်ခါတည်းသွားပါရော။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူကအရက်ဆိုင်သို့မသွားတော့ဘဲ သည်မြို့မှ အပြီးအပိုင်ပြောင်းသွားရန် ဆုံးဖြတ်လိုက်သည်။ သို့သော် အဝတ်အစားတွေ ထုပ်ပိုးနေစဉ် ရေဒီယိုမှ သတင်းကြေညာချက်ကို ကြားလိုက်ရသည်။

နီနာအားသတ်သွားသူကို အိမ်နီးချင်း မျက်မြင်သက်သေ အဘွားကြီးတစ်ဦးက ကောင်းကောင်းမှတ်မိကြောင်း၊ ထိုသူသည် အိမ်ထဲမှထွက်ပြေးလာစဉ် အဘွားကြီးကို ဝင်တိုက်သွားကြောင်း၊ လူသတ်သမားသည် ရှိုနယ်သွမ်မဆင်ဆိုသူ. . (၁၇)နှစ်အရွယ် လူငယ်တစ်ဦးဖြစ်ကြောင်း၊ သွမ်မဆင်သည် အခင်းမဖြစ်ပွားမီ နာရီပိုင်းအတွင်းက မစ္စက်ပက်တာဆင်နှင့် ကုန်စုံဆိုင်တွင် စကားပြောနေသည်ကို မြင်လိုက်ရသူများရှိကြောင်း။

အာတီသည်. . ကင်မရာ၊ ကက်ဆက်၊ ဖလင်လိပ်နှင့် တိတ်ခွေများကို သံသေတ္တာတစ်လုံးတွင်ထည့်ကာ သူ့အလုပ်ရုံနောက်မှ ချုံတောထဲတွင် သွားဝှက်ထားလိုက်သည်။

လောလောဆယ်တွင် သူ ထွက်သွားစရာမလိုတော့။

တစ်ဝက်တော့ စိတ်ချရသွားရပြီ။ အခြေအနေကို စောင့်ကြည့်ဦးမည်။

မကြာခင်တွင်ပင် နီနာပက်တာဆင်အား သတ်သူ ရှိုနယ်သွမ်မဆင်အား ဇာကျိုးနီးယားပြည်နယ်မှ တည်ခိုရိပ်သာတစ်ခုတွင် ဖမ်းဆီးရမိပြီဖြစ်ကြောင်း၊ နီနာ၏သားငယ်ကလည်း သူ့မိခင်အား သတ်သူမှာ ရှိုနယ်သွမ်မဆင်ပင် ဖြစ်သည်ဟု မျက်မြင်သက်သေ ထွက်ဆိုကြောင်း သတင်းတွေ ဆက်လက်ထွက်ပေါ်လာပြန်သည်။

ကံကောင်းသည်။ မယုံကြည်နိုင်လောက်အောင်ပင် ကံကောင်းသည်။

ထိုနေ့က ဧည့်ခန်းထဲတွင်မီးမရှိ။

ထို့ကြောင့် ကလေးက သူ့မျက်နှာကို သေသေချာချာ မမှတ်မိခြင်း ဖြစ်သည်။

သူ ထွက်ပြေးလာပြီးတော့မှ အိမ်ထဲသို့ သွမ်မဆင် ဝင်လာတာ ဖြစ်မည်။

သူက ကလေးကိုလည်း လည်ပင်းညှစ်သတ်ရန် အနီးသို့ကပ်သွားခဲ့သေးသည်။

ကလေးက အကြောက်လွန်ပြီး သူ့ကို မမှတ်မိတာဖြစ်မည်။ သို့သော် တစ်နေ့နေ့တွင် ပြန်ပြီး သတိမရလာဘူးလို့ သေချာပေါက်ပြောနိုင်ပါ့မလား။ သည်အတွေးက သူ့ကို အမြဲတမ်းခြောက်လှန့်နေသည်။ မျက်လုံးပြူးကြီးတွေက သူ့နောက်သို့ အမြဲတမ်းလိုက်နေကြသည်။

တစ်ခါတစ်ရံသူသည် သန်းခေါင်လောက်တွင် လန့်နိုးလာတတ်သည်။ သူ့တစ်ကိုယ်လုံးခိုက်ခိုက်တုန်ပြီး ချွေးတွေပြန်နေသည်။ မျက်လုံးပြူးကြီးတွေက မှန်ပြတင်းမှ သူ့ကို ချောင်းကြည့်နေကြသည်။ လေကြမ်းကလည်း ဝူးဝူးဝါးဝါး အသံပေးကာ မှန်ပြတင်းကို အဆက်မပြတ်ရိုက်ခတ်နေကြသည်။

သူသည် ထိုနေ့ကစပြီး ဘယ်မိန်းကလေးကိုမှ မရှာတော့။

ဘယ်တော့မှ မရှာတော့။

ညတိုင်းလိုလို မစ်လ်တာဗန်အရက်ဆိုင်သို့သာ သွားတော့သည်။ အရက်ဆိုင်တွင် ဘီယာစုပ်ရင်း အပေါင်းအသင်းတွေနှင့် အပျင်းဖြေသည်။ အထူးသဖြင့် ဘီလ်လပ်ဖ်နှင့် ပိုရှိအဖွဲ့ကျသည်။ ဘီလ်က နီးလ်အကြောင်းကို ခဏခဏပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သောလမှစ၍ အခြေအနေပိုဆိုးလာခဲ့သည်။ တစ်နေ့တွင် သူသည် နောက်ဖေးချုံတောထဲ ဝှက်ထားခဲ့သော ကက်ဆက်ကို ပြန်ယူပြီး ဖွင့်နားထောင်သည်။

ထိုညတွင်ပင် မစွက်ကလာဟန်ဆိုသော မိန်းကလေးတစ်ယောက် ကားလမ်းမကြီးပေါ်တွင် တာယာပေါက်သွား၍ ဒုက္ခရောက်နေကြောင်း သူမကိုယ်တိုင် ပြောသောစကားကို ရေဒီယိုကကြားလိုက်ရသဖြင့် သူက ကောင်မလေးကိုရှာရန် ထွက်သွားခဲ့သည်။

နောက်နှစ်ပတ်လောက်ကြာတော့ မစွက်အန်ဘရိုစ်ဆိုသူ အမျိုးသမီးကြီးတစ်ဦးလည်း အဝေးပြေးလမ်းမကြီးပေါ်တွင် သူမ၏ကား ဆိုပြတ်သွား၍ ဒုက္ခရောက်နေကြောင်း ရေဒီယိုမှ ကြားရပြန်သည်။

ယခုဆိုလျှင် ဖဲယားဝုနယ်မြေတစ်ဝိုက်တွင် ရေဒီယိုလူသတ်ကောင်ဟု နာမည်ပေးထားသော လူတစ်ယောက်ကို ရဲအဖွဲ့က အပူတပြင်းလိုက်လံရှာဖွေနေကြောင်း သတင်းတွေပေါ်ထွက်နေသည်။

ဒါပေမယ့် မပူပါနဲ့။ သူတို့ ငါ့ကို ဘယ်တော့မှမမိနိုင်ပါဘူး။

ငါက သဲလွန်စရနိုင်ဖို့ အထောက်အထားတစ်ခုမှ ထားခဲ့တာမှမဟုတ်ဘဲ။

သို့သော် နီနာအမှုအတွက်တော့ သူက တော်တော်ပင် စိုးရိမ်နေရသည်။

ညတိုင်းလိုလို အိပ်မက်ဆိုးတွေ မြင်မက်နေသည်။ သူ့ကို လက်ညှိုးတငေါက်ငေါက်ထိုး၍ လူပုံအလယ်တွင် စွပ်စွဲနေသလို ခံစားနေရသည်။

လွန်ခဲ့သောနှစ်ပတ်လောက်ကလည်း ဘီလ်က နီးလ်ကလေးကို ကားနှင့်တင်ခေါ်လာပြီး သူ့အလုပ်ဌာနသို့ ရောက်လာခဲ့သည်။ ကလေးက သူ့ကိုမြင်တော့ မသင်္ကာသလိုစိုက်ကြည့်နေသည်။

ထို့ကြောင့်လည်း သူ ကာလေမြို့မှ ထွက်မသွားခင် နီးလ်ကို သတ်ကိုသတ်ရမည်ဟု ဆုံးဖြတ်ချက် ချခဲ့ရခြင်းဖြစ်သည်။ အဆင်ပြေချင်တော့ ပက်တာဆင်သည် နီးလ်၏ နာမည်ဖြင့် ဘဏ်တိုက်တွင် ငွေတော်တော်များများ အပ်ထားကြောင်း ဘီလ်ပြော၍ သိရပြန်သည်။ ဘဏ်စာရင်းစာရွက်ကို ပက်တာဆင်၏စားပွဲတွင် သူ့မိန်းမက အမှတ်မထင် မြင်ခဲ့ရသည်ဟု ဘီလ်က ပြောသည်။ သည်နည်းဖြင့် သူ့အတွက် နယ်ပြောင်းရန် ခရီးစရိတ် ဘယ်လို ရှာရမည်ဆိုတာ သူ သိခဲ့ရသည်။

သူက နီနာ့အကြောင်းသတိရတိုင်း ပက်တာဆင်ကို အလွန်မုန်းမိသည်။

ပက်တာဆင်က နာမည်ကျော် မဂ္ဂဇင်းအယ်ဒီတာတစ်ယောက်။

သူ့နောက်မှာ ပြည်သူတွေ အများကြီးရှိသည်။ သူက ရုပ်ချောချောကောင်မလေးတစ်ယောက်နှင့်လည်းတွဲခုတ်နေသည်။ ထို့ကြောင့် ပက်တာဆင်ကို မှတ်လောက်သားလောက် သင်ခန်းစာပေးရဦးမည်။ လျှို့ဝှက်လုပ်ငန်းတစ်ရပ်ကို စဉ်းစားမိတိုင်း သူက ဂရင်းဘူတာကြီးမှ အခန်းကလေးကို သတိရသည်။ လူမသိသူမသိ အလုပ်လုပ်ဖို့ အလွန်ကောင်းသော နေရာကလေး။ မိန်းကလေးတစ်ယောက်ကို ဝှက်ထားလျှင်လည်း ဘယ်သူမှ ဘယ်တော့မှ မသိနိုင်သောနေရာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းကလေးတွင် သူ အလုပ်လုပ်ခဲ့စဉ်က ဂရင်းဘူတာကြီးကို ဗုံးဖောက်ခဲ့ပြီး ဖျက်ဆီးပစ်ရန် စိတ်ကူးခဲ့ဖူးသည်။ ယခုတော့ အခြေအနေအရပ်ရပ်က သူ့အတွက် တမင် ဖန်တီးပေးသလို ဖြစ်လာသည်။

သူ့စီမံကိန်းကို အကောင်အထည် ဖော်ရတော့မည်။

***"ဩဂတ်စ်ရှမ်းမဲတက်ဂတ် စီမံကိန်း" သို့မဟုတ် "မြေခွေးစီမံကိန်း"။***

အကယ်၍ရှရွန်မာတင်က သူ့ကိုချစ်မည်ဆိုလျှင် သူမကို မသတ်ရန်စိတ်ကူးခဲ့သည်။ သို့သော် သူမက သူ့ကိုပင် သတ်ရန်ကြံနေတော့၊ သူမလည်း ထုံးစံအတိုင်း သွားပေရော့ပေါ့။ အရစ်ဇိုနာပြည်နယ်မှာ သူ့အတွက် မိန်းမချောကလေးတွေ မရှားပါဘူး။ ပိုက်ဆံတွေ တစ်ပုံကြီး ရှိနေပြီမဟုတ်လား။

ရိုနယ်သွမ်မဆင်ကို သေဒဏ်ပေးချိန်တွင် ရှရွန်နှင့်နီးလ်ဟို့အား သတ်ရန်စီစဉ်ထားသည်မှာ တော်တော်ကောင်းသောအစီအစဉ်ဖြစ်သည်။ ဘာကြောင့်လဲဆိုတော့ သွမ်မဆင်သည် ထိုညက သူ့လုပ်ရပ်ကို လာနှောက်၍ သေဒဏ်ပေးခံရခြင်းဖြစ်သလို ရှရွန်နှင့် နီးလ်တို့ကိုလည်း အလားတူ သူက ပြစ်ဒဏ်ခတ်လိုသောကြောင့် ဖြစ်သည်။

ဂရင်းဘူတာကြီးက လူတွေက ဘယ်လိုလုပ်မလဲ။ သူတို့လည်း သူတို့ထိုက်နဲ့ သူတို့ကံပဲ။ ဘာမှမတတ်နိုင်ဘူး။ ဘယ်သူတွေသေသေ၊ ငါ မသေရင်ပြီးတာဘဲ။

အာတီသည် မျက်လုံးကို မှေးထားလိုက်သည်။

အချိန်တော်တော်ကုန်သွားပြီ။ သွားဖို့အချိန်တန်ပြီ။

ကားကိုစက်နှိုးလိုက်သည်။ (၂)နာရီထိုးရန် (၁၅)မိနစ်အလိုတွင် ဂိတ်ဝသို့ မောင်းထွက်လာသည်။ သူ၏ ဘောက်စ်ဝက်ဂွန်းကားအတွက် ယူခဲ့ရသော ကားရပ်ခွင့်လက်မှတ်ကို ဂိတ်စောင့်အား ကမ်းပေးလိုက်သည်။ ဂိတ်စောင့်က အိပ်ချင်မူးတူးနှင့် ပြောသည်။

"စုစုပေါင်း (၂)နာရီနဲ့ (၂၅)မိနစ်၊ သုံးဒေါ်လာကျတယ် မစ္စတာ"

သူသည် ကားကို ကွင်းစ်လမ်းမကြီးပေါ်ကတယ်လီဖုန်းရုံသို့မောင်းထွက်လာခဲ့သည်။ နှစ်နာရီတိတိတွင် ဘလူမင်ဒယ်ကုန်တိုက်ဘေးရှိ တယ်လီဖုန်းရုံမှနေ၍ ဖုန်းဆက်သည်။ ချက်ချင်းပင် တစ်ဖက်မှ ပက်တာဆင်၏အသံကိုကြားရသည်။ သူက ပက်တာဆင်အား (၉၆)လမ်းက တယ်လီဖုန်းရုံသို့သွား၍ နားထောင်ရန် ပြောလိုက်သည်။

သူ တော်တော်ဆာနေပြီ။ အချိန်က (၁၅)မိနစ်သာ ကျန်တော့သည်။

ညလုံးပေါက်ဖွင့်သော ဆိုင်တစ်ဆိုင်သို့ ဝင်ကာ မုန့်တစ်ခုနှင့် ကော်ဖီတစ်ခွက် ကမန်းကတန်းမှာပြီး ဗိုက်ကိုဖြည့်လိုက်သည်။ (၂)နာရီ (၁၅)မိနစ်တွင် (၉၆)လမ်း ဖုန်းမှနေ၍ ပက်တာဆင်ထံသို့ လှမ်းဆက်ပြီး သူရွေးထားသော နေရာသို့ လာခဲ့ရန် ချိန်းဆိုလိုက်သည်။

ယခုမှ တကယ့်အန္တရာယ်ပိုင်းသို့ ရောက်လာပြီ။

(၂)နာရီ (၂၅)မိနစ်တွင် သူသည် ရှစဗဲ့အဲဗင်းနယူးလမ်းဘက်သို့ ဦးတည်မောင်းလာခဲ့သည်။ အမှတ်အသားဖျက်ထားသော ရဲကားများ အရိပ်အယောင်မျှပင် မမြင်ရ။ တကယ်လို့ ရှိခဲ့လျှင်လည်း သူက လွယ်လွယ်နှင့်မှတ်မိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့ကို ဘယ်သူမှ မသင်္ကာ မဖြစ်ဘဲ လမ်းမပေါ် ကားမောင်းသွားရာတွင် အလွန်ကျမ်းကျင်သူတစ်ယောက် ဖြစ်သည်။

လွန်ခဲ့သောအပတ်က ပက်တာဆင်နှင့်တွေ့ဆုံရန်နေရာကို ရုစဗဲ့အဲဗင်းနယူးလမ်းကို ရွေးခဲ့သည်။ သူက ထိုနေရာမှ လာဂွာဒီးယားလေဆိပ်သို့ ကားမောင်းသွားလျှင် ဘယ်လောက်ကြာမည်ဆိုသည်ကို ကြိုတင်တွက်ချက်ထားပြီးသား ဖြစ်သည်။ (၆)မိနစ်တိတိ ကြာသည်။

အကယ်၍ ပက်တာဆင်နှင့်အတူ ရဲတွေပါလာလျှင်လည်း သူ့အနေဖြင့် အခက်အခဲမရှိ လွယ်လွယ်ကူကူ ရှောင်ထွက်သွားနိုင်မည်သာ ဖြစ်သည်။

ရုစဗဲ့လမ်းပေါ်တွင် အထိမ်းအမှတ်ရုပ်တုတွေနှင့်ပြည့်နေသောကြောင့်လမ်းတစ်ဖက်တွင် ဘာတွေဖြစ်နေသည်ကို ဘယ်သူမှမမြင်နိုင်။ ထို့ကြောင့် ဒီနေရာသည် အကောင်းဆုံးနေရာဖြစ်သည်။ (၂)နာရီ (၃၅)မိနစ်တိတိတွင် ဘရွတ်ကလင်ကွင်းစ်အမြန်ရထားလမ်းဘက်သို့ မျက်နှာမူကာ ရုစဗဲ့အဲဗင်းနယူးလမ်းတစ်နေရာတွင် ကားကိုရပ်လိုက်သည်။

(၂)နာရီ (၃၆)မိနစ်. . .

ရှေ့မီးဖွင့်ပြီး ဘရွတ်ကလင်ကွင်းစ်ဘက်မှ မောင်းထွက်လာသော ကားတစ်စီးကို မြင်လိုက်ရသည်။ သူက မျက်နှာဖုံးကို အလျှင်အမြန်စွပ်လိုက်သည်။ စောစောက ကားမှာ ပက်တာဆင်၏ မာကြူရီကားဖြစ်သည်။ သူ့ဆီသို့ တည့်တည့် ကြီးမောင်းလာပြီး သူ့ကားကို ခတ်ပုံများရိုက်ယူမည်လားဟု ခေတ္တစောင့်ကြည့်နေလိုက်သည်။

သို့သော် သူတွေးသလိုမဟုတ်ဘဲ ပက်တာဆင်က သူနှင့်မျက်နှာချင်းဆိုင် လမ်းတစ်ဖက်တွင် ထိုးရပ်လိုက်သည်။

သူက စိတ်လှုပ်ရှားစွာဖြင့် လည်ချောင်းထဲမှ တံတွေးကို မျိုချလိုက်သည်။ တခြားကားမီးတွေ ဘာမှမမြင်ရ၍တော်သေးသည်။ သို့သော် မြန်နိုင်သမျှမြန်မြန်လုပ်ရသည်။ ကင်းဘတ်အိတ်ကြီးကို လှမ်းယူလိုက်သည်။

ပြန်ပေးပိုက်ဆံပေးရာတွင် လက်ဆွဲသေတ္တာများ၌ အီလက်ထရွန်းနစ်ကိရိယာများ တပ်ဆင်ထားလေ့ရှိကြောင်း သိပ္ပံမဂ္ဂဇင်းများတွင် သူဖတ်ဖူးသည်။ ထို့ကြောင့် သူက ကြိုတင်ကာကွယ်မှုသဘောဖြင့် ကင်းဘတ်အိတ်ကြီး ယူလာခဲ့ခြင်း ဖြစ်သည်။ အိတ်ကြီးကို ကိုင်ကြည့်ပြန်သည်။ ပေါ့ပေါ့ကလေး။ အထဲမှာ ဘာမှမရှိ။ မကြာခင် ပိုက်ဆံအပြည့် ဖြစ်လာတော့မည်။ အလွန် အားတက်သွားသည်။

ကားတံခါးကိုဖွင့်၍ လှမ်းထွက်လိုက်သည်။

ခြေသံမကြားအောင် လမ်းကိုဖြတ်ကူးသည်။

စက္ကန့် (၆၀)သာလိုသည်။ အဲဒါဆိုလျှင် သူ့အတွက် စိတ်ချရပြီ။

သူက စတီးဖ်ပက်တာဆင်၏ ကားပြတင်းကို လက်နှင့်ပုတ်လိုက်သည်။ တံခါးဖွင့်ရန် အရိပ်အခြည်ပြလိုက်သည်။

ပြတင်းမှန်သည် အောက်သို့ လျှောကျသွားသည်။

သူက ကားထဲသို့ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားထဲတွင် ပက်တာဆင်တစ်ယောက်တည်း။

သူက ကင်းဘတ်အိတ်ကြီး ကမ်းပေးသည်။

လမ်းမီးတွေက မှုန်ဝါးဝါး။ အထိမ်းအမှတ်ရုပ်တုရိပ်တွေက ကားပေါ်သို့ ထိုးကျနေသည်။ သူက သူ့မျက်နှာကို လုံးဝမကြည့်ရန် ပက်တာဆင်အား လေ့ကျင့်ထားသည့်အသံဖြင့် တိုးတိုးပြောသည်။ ပိုက်ဆံကို ကင်းဘတ်အိတ်ထဲထည့်ရန် ပြောသည်။

ပက်တာဆင်က ဘာမှပြန်မပြော။

သူက လမ်းပေါ်သို့ မျက်လုံးကစားကြည့်လိုက်သည်။ သတိကြီးစွာဖြင့် နားကိုစွင့်လိုက်သည်။ ဘာသံမှမကြားရ။ ရဲတွေနောက်က လိုက်လာနိုင်သည်။ သို့သော် ပက်တာဆင်နှင့်သူနှင့် တွေ့ဆုံပြီးသည်အထိတော့ စောင့်ကြည့်နေကြလိမ့်မည်။

ပက်တာဆင်က နောက်ဆုံးပိုက်ဆံထုပ်ကို အိတ်ကြီးထဲသို့ ပစ်ထည့်လိုက်သည်။

သူက အိတ်ကိုပြန်ပိတ်ပြီး သူ့ဆီကမ်းပေးရန်ပြောလိုက်သည်။

သူက လောဘတကြီးဖြင့် အိတ်ကို စမ်းကြည့်လိုက်သည်။

အိတ်က အလေးကြီး။ ပွပြီ. . . သူဌေးကလေးတစ်ယောက်တော့ ဖြစ်ပြီ။

စကားကို တိုးတိုးနှင့် ဖြည်းဖြည်းပြောရမည်ဆိုသည်ကို သတိရလျက် ပက်တာဆင်အား ချက်ချင်းထွက်မသွားဘဲ (၁၅)မိနစ်တိတိစောင့်နေရန်နှင့် မနက်ဖြန် (၁၁)နာရီခွဲတွင် ကလေးနှင့်ရှုရွန်တို့အား ပြန်လည်ပေးအပ်မည့်အကြောင်း ပြောလိုက်သည်။

*"ကျွန်တော့်မိန်းမသေဆုံးမှုနဲ့ပတ်သက်ပြီး ခင်ဗျားအနေနဲ့ ဘယ်လိုများ ဆက်စပ်နေသလဲ"*

ပက်တာဆင်၏အမေးကြောင့် သူ အထိတ်တလန့် ဖြစ်သွားသည်။

သူ့ကို လူတွေ မသင်္ကာဖြစ်နေကြပြီလား။

သည်အတိုင်းဆိုလျှင် သူ အမြန်ထွက်ပြေးမှ ဖြစ်တော့မည်။ သူ ချွေးပြန်လာသည်။ ကုတ်အင်္ကျီကြီးဝတ်ထားသည့်အထဲက ချွေးသီးချွေးပေါက်တွေ စီးကျလာသည်။

သူက လမ်းမကို အလျှင်အမြန်ဖြတ်ကူးပြီး ပွန်တီးယားစ်ကားပေါ် ပြန်တက်သည်။ ပက်တာဆင်များ နောက်က လိုက်လာမလား။ သူ မလိုက်ပါဘူး။ သူ ကားပေါ်မှာပဲ ရှိနေသေးသည်။ အမှောင်ထဲမှာ မလှုပ်မယှက် ထိုင်နေတုန်းရှိသေးသည်။

အာတီသည် ကားကို စက်နှိုးပြီး ဘရွတ်ကလင်းကွင်စ်လမ်းသို့ မောင်းထွက်လာသည်။ နှစ်မိနစ်အတွင်းတွင် ဂရင်းဘူတာကြီးဘက်သို့ ကွေ့လိုက်သည်။ နောက် သုံးမိနစ်ခန့်ကြာသောအခါ လာဂွာဒီးယားလေဆိပ်အဝင်ဝသို့ ရောက်လာသည်။

(၂)နာရီ (၄၆)မိနစ်တွင် ကားရပ်ကွက်လပ် အမှတ်(၅)အတွက် ဂိတ်ဝရှိ အလိုအလျောက်လက်မှတ်စက်မှ လက်မှတ်တစ်စောင်ယူလိုက်သည်။

နောက် စက္ကန့် (၉၀)အကြာတွင် ပွန်တီးယားစ်ကားကို ယခင်နေရာ၌ ဝင်ရပ်လိုက်သည်။ ထူးခြားချက်မှာ ဓာတ်ဆီအနည်းငယ်လျော့နေခြင်းနှင့် ခရီးမိုင်ပေါင်းပြခွက်၌ ခြောက်မိုင်တိုးလာခြင်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ပွန်တီးယားစ်ကားပေါ်မှဆင်းကာ တံခါးသော့ကို ဂရုတစိုက် ပြန်ပိတ်လိုက်သည်။ ပြီးတော့ ကင်းဘတ်အိတ်ကြီးကို အစိမ်းရင့်ရောင် ဘောက်စ်ဝက်ဂွန်းကားဆီသို့ သယ်လာခဲ့သည်။ ကားထဲဝင်ထိုင်လိုက်သောအခါမှ ဟင်းခနဲ သက်ပြင်းချလိုက်မိသည်။

ကင်းဘတ်အိတ်မှ ကြိုးကိုဖြေသည်။

အိတ်ဆောင်လက်နှိပ်ဓာတ်မီးကလေးဖြင့် အိတ်ထဲသို့ ထိုးကြည့်သည်။

သူ့မျက်နှာတွင် အပြုံးရောင်သန်းသွားသည်။

ထို့နောက် ပိုက်ဆံတွေကို တစ်စည်းပြီးတစ်စည်း ထုတ်ပြီးရေကြည့်သည်။

တစ်ပြားမှမလျော့။ ဒေါ်လာ (၈၂၀၀၀) အတိအကျပါသည်။ သူသည် ကားနောက်ပိုင်းထိုင်ခုံပေါ်မှ လက်ဆွဲသေတ္တာကို လှမ်းယူပြီး ပိုက်ဆံတွေကို သေတ္တာထဲသို့ စနစ်တကျ အထပ်လိုက်အထပ်လိုက် ပြောင်းထည့်သည်။ သည်သေတ္တာကို လေယာဉ်ပျံပေါ် ယူသွားမည်။

သူသည် နံနက် (၇)နာရီတွင် ကားကို မင်ဟတ်တန်နယ်မြေသို့ မောင်းဝင်လာခဲ့ပြီး ဘီလ်မိုးဟိုတယ်ကားရုံတွင် ထိုးရပ်လိုက်သည်။

ထို့နောက် မုတ်ဆိတ်ရိတ်၊ ရေမိုးချိုးပြီး နံနက်စာစားရန် အပေါ်ထပ်ရှိ သူ့အခန်းသို့ ပြေးတက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃၆

နံနက် (၃)နာရီ။

ပြန်ပေးအသုံးပြုခဲ့သော ပွန်တီးယားစ်ကားလိုင်စင်နံပါတ်ကို စစ်ဆေးကြည့်သောအခါ ကားပိုင်ရှင်မှာ ဗိုက်စ်ပလိန်းစ်မြို့နယ်မှ နိုင်ငံတကာစားနပ်ရိက္ခာကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဟင်နရီအေဗိုက်ဖြစ်ကြောင်း သိရှိကြရသည်။

အက်ဖ်ဘီအိုင်စုံထောက်များက စကာဒယ်မြို့ရှိ မစ္စတာဗိုက်၏အိမ်သို့ ချက်ချင်းလိုက်သွားပြီး စစ်ဆေးကြသည်။ သို့သော် ကားရုံထဲတွင် ပွန်တီးယားစ်ကားမရှိ။ အိမ်ကိုလည်း လုံးဝ သော့ခတ်ထားသည်။ အိမ်ထဲမှ တစ်ပွင့်တည်းလင်းနေသော မီးလုံးမှာ အချိန်တိုင်းကိရိယာတွင် တပ်ထားသော မီးလုံးဖြစ်ဟန်တူသည်။

သို့ဖြင့် ကုမ္ပဏီမှ လုံခြုံရေးဝန်ထမ်းဆီ ဖုန်းဆက်သည်။ သူက အုပ်ချုပ်ရေးဌာနသို့ ဆက်သွယ်ပေးသည်။ အုပ်ချုပ်ရေးမှူးနှင့် မတွေ့။ ထုတ်လုပ်ရေးမန်နေဂျာနှင့်သာ အဆက်အသွယ်ရသည်။ သူက အိပ်ရာထဲမှ ထလာ၍ ဖုန်းကိုကိုင်သည်။

သူ့အပြောအရ. . . မစ္စတာဗိုက်သည် ဆွစ်ဇလန်နိုင်ငံရှိ သူတို့ကုမ္ပဏီရုံးချုပ်သို့ သုံးပတ်ကြာ သွားရောက်ခဲ့ရာမှ ပြန်လာခါစရှိသေးကြောင်း၊ လွန်ခဲ့သောညနေပိုင်းက သူ၏လက်အောက်အရာရှိနှစ်ဦးနှင့်အတူ ဗိုက်ပလိန်းစ်မြို့မှ ပက်စတာစားတော်ဆက်တွင် ညစာစားခဲ့ပြီးနောက်. . . အပန်းဖြေစက်ဘီးစီးထွက်သွားသော သူ့ဇနီးကို သွားကြိုရန် လေယာဉ်ဖြင့် ခရီးဆက်ထွက်သွားကြောင်း၊ သူ့ဇနီးမှာ အက်စပင်တွင်ဖြစ်စေ၊ ဆန်းဗယ်လီတွင်ဖြစ်စေ ရှိနိုင်ကြောင်း သိရှိရသည်။

နံနက် (၅)နာရီတွင် ဟူးချ်နှင့်စတီးဖ်သည် ကာလေမြို့သို့ ကားဖြင့် ထွက်လာခဲ့ကြသည်။ ကားဟောင်းကို ဟူးချ်က မောင်းလာသည်။ စတီးဖ်ဘေးမှထိုင်ကာ လမ်းဘေးတစ်ဖက်တစ်ချက်ကို ကြည့်ရင်းလိုက်လာသည်။ သူတို့သည် ဝက်ချက်စတာမြို့ကို ဖြတ်ကျော်ကာ ကွန်နက်တီကတ်ပြည်နယ်သို့ ဝင်လာခဲ့သည်။ လမ်းတွင် ကားသွားကားလာ မရှိသလောက်ပင်ဖြစ်သည်။

သည်အချိန်ကား လူတိုင်း အိပ်ရာထဲတွင် ချမ်းချမ်းနှင့် ကွေး၍ကောင်းတုန်းအချိန်၊ မိဘတွေက သားငယ်သမီးငယ်များ စောင်လုံ့မလုံ့ ထကြည့်သောအချိန်။ သည်အချိန်တွင် နီးလ်နှင့်ရှရွန်တို့ ဘယ်နေရာမှာများအိပ်နေကြရပါလိမ့်။ နွေးနွေးထွေးထွေး လုံလုံခြုံခြုံမှ အိပ်ကြရပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ငါ. . . ဒါတွေကို ဘာကြောင့်များ သွားတွေးနေတာပါလိမ့်။

စိတ်ကို မချုပ်တည်းနိုင်လောက်အောင် သောကရောက်နေကြရသူများသည် အရေးမကြီးသော အသေးအဖွဲ့ကိစ္စကလေးများကိုပင် ရေးကြီးခွင်ကျယ် စိတ်ကူးနေတတ်ကြောင်း တစ်နေရာတွင် ဖတ်ဖူးသလိုလို ဝိုးတဝါးတွေးမိသည်။

နီးလ်နှင့်ရှရွန်တို့ အသက်ထင်ရှားမှ ရှိကြပါသေးရဲ့လား။

ဘုရားသခင် စောင့်ရှောက်တော်မူပါ. . . ကယ်တင်တော်မူပါဘုရား။

"ဒါနဲ့. . . ပွန်တီးယားစ်ကားကိစ္စ ဘယ်လိုသဘောရသလဲ"

စတီးဖ်က ဟူးချ်အား ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်သည်။

"ကျုပ်ကတော့. . . ကားရပ်ထားတဲ့နေရာမှာ တစ်ယောက်ယောက်က ခိုးယူသွားတယ်လို့ပဲ ထင်တာပဲ"

"ဒါဖြင့်. . . ကျွန်တော်တို့ နောက်ထပ် ဘာလုပ်ကြမှာလဲ"

"စောင့်ကြည့်ကြရမှာပေါ့"

"ဘာကို စောင့်ကြည့်ရမှာလဲ"

"ပြန်ပေးက လွှတ်ပေးချင်လွှတ်ပေးနိုင်တယ်၊ သူက ကတိလဲပေးထားပြီးပြီပဲ၊ ပြီးတော့ ပိုက်ဆံလဲ ရသွားပြီမဟုတ်လား"

"ဒါပေမယ့် သူက သူ့လုပ်ရှားမှုမှန်သမျှ သတိနဲ့ခြေရာလက်ရာဖျောက်ထားတယ်၊ သူဟာ အရာရာကို စဉ်းစားပြီး လုပ်နေတယ်ဆိုတာ သိသာတယ်၊ သူဟာ လူသတ်သမားမှန်းမှတ်မိနေတဲ့ လူနှစ်ယောက်ကို လွယ်လွယ်နဲ့ လွှတ်ပေးမယ်လို့ မစ္စတာဟူးချ်က ယုံကြည်သလား"

"မယုံကြည်ပါဘူး"

"အဲဒီလိုဆို ကျွန်တော်တို့က ဘာများတတ်နိုင်ဦးမှာလဲ"

"သူက သူ့ကတိဖျက်မယ်ဆိုရင်တော့ ကျုပ်တို့က ဘာတတ်နိုင်မှာလဲ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ဒီကိစ္စ သတင်းထုတ်ပြန်လိုက်ရင် ဖြစ်မယ်ထင်တယ်၊ အဲဒီလို လုပ်လိုက်ရင် တစ်ယောက်ယောက်ဆီက သဲလွန်စတစ်ခုခုတော့ ထွက်လာလိမ့်မယ်ထင်တယ်"

"အဲဒီလိုဆို ရိုနယ်သွမ်မဆင်ကိစ္စ ဘယ်လိုလုပ်မလဲ"

"သူ့ကိစ္စ ဘာလုပ်ရမှာလဲ"

"သူပြောတာ မှန်နေတယ်ဆိုရင်ပေါ့၊ သူ့ကို သေဒဏ်ပေးပြီးတဲ့ (၁၁)နာရီခွဲနောက်ပိုင်းမှ အဲဒါကို ကျွန်တော်တို့က သိကြရတယ်ဆိုရင် ဘယ်လိုလုပ်မလဲ"

"ခင်ဗျားက ဘာကိုပြောချင်တာလဲ"

"ကျွန်တော်ပြောချင်တာက နီးလ်နဲ့ရှရွန်တို့ကို ပြန်ပေးဆွဲခံရကြောင်း၊ကျွန်တော်တို့က ဘယ်သူ့ကိုမှ မပြောဘဲ နေသင့်သလားဆိုတာပါ"

"ဒီအချက်ကြောင့် သွမ်မဆင်ရဲ့ ပြစ်မှုနဲ့ပတ်သက်ပြီး ပြည်နယ်အုပ်ချုပ်ရေးမှူးရဲ့ ဆုံးဖြတ်ချက်ကို ပြောင်းလဲစေနိုင်လိမ့်မယ်လို့ ကျုပ် သိပ်မထင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီပြန်ပေးမှုဟာ သွမ်မဆင်ပြစ်ဒဏ်လွတ်ဖို့အတွက် သက်သက် စားစားခံလုပ်တာဆိုတဲ့ အချက်ကို ခိုင်ခိုင်လုံလုံ သက်သေပြနိုင်တဲ့ အထောက်အထား လုံးဝမရှိဘူး။ အကယ်၍ ပြည်နယ်အုပ်ချုပ်ရေးမှူးက အဲဒီလို ယူဆတယ်ပဲထားဦး၊ သူက သွမ်မဆင်ကို သေဒဏ်မြန်မြန်ပေးဖို့ကိုပဲ စိတ်စောနေမှာပါ၊ သွမ်မဆင်အမှုအတွက် ပြစ်ဒဏ်စီရင်ချက်ကို သူက နှစ်ကြိမ်တိတိ ရွှေ့ဆိုင်းခဲ့ပြီးပြီမဟုတ်လား၊ အဲဒီအတွက် သူ့ကို အကြီးအကျယ် ဝေဖန်ထိုးနှက်ခံခဲ့ရတာ ခင်ဗျားအသိပဲ မဟုတ်လား၊ ပြီးတော့. . . အဲဒီပြန်ပေးက ခင်ဗျားဇနီး အသံသွင်းထားတဲ့ တိတ်ခွေကို ဘယ်လိုရတယ်ဆိုတာလဲ ဘာမှအဖြေမပေါ်သေးဘူး၊ သူသေဆုံးမှုနဲ့ ဘယ်လိုမှ ဆက်စပ်လို့မရသေးဘူး"

စတီးဖ်က ရွှေ့တည့်တည့်စိုက်ကြည့်ရင်း အတွေးနက်နေသည်။

သူတို့ကားသည် ဂရင်းဝစ်မြို့ကို ကျော်လာခဲ့ပြီ။ တစ်ကြိမ်တုန်းက အလုပ်ပိတ်ရက်အတွင်း သူနှင့်ရှရွန်တို့နှစ်ယောက် ဂရင်းဝစ်မြို့သို့ တစ်ခါလာဖူးခဲ့ကြသည်။ "သတင်းစုံ"မဂ္ဂဇင်းထုတ်ဝေသူ ဘရက်ဒလေရောဘတ်ဆန်၏အိမ်တွင် ပြုလုပ်သော ပါတီပွဲသို့လာကြခြင်း ဖြစ်သည်။ ထိုနေ့က ရှရွန်သည် အနက်ရောင်ကတ္တီပါစကတ်နှင့်ဘရိုတိတ်အပေါ် အင်္ကျီကိုဝတ်လာသည်၊ သူမ၏အလှသည် ထူးထူးခြားခြား ပေါ်လွင်နေသည်။ "ဒီမှာ စတီးဖ်၊ စိတ်ကူး မလွဲပါနဲ့ ဒီသူငယ်မကို ယူဖြစ်အောင် ယူစမ်းပါ" ဟု ဘရက်ဒလေက ပြောခဲ့သည်ကို သတိရမိသည်။

"ဒီသတင်းထုတ်ပြန်လိုက်ရင် ပြန်ပေးအနေနဲ့ ထင်ရာစွတ်လုပ်နိုင်မလား"

စတီးဖ်က မေးလို့သာ မေးလိုက်ရသည်၊ သူ့မေးခွန်း၏အဖြေကိုတော့ သူလည်း သိပြီးသားပင် ဖြစ်သည်။

"လုပ်မယ်ထင်တာပဲ၊ အဲဒီတော့. . . ခင်ဗျားက ဘယ်လိုစိတ်ကူးရသလဲ မစ္စတာ ပက်တာဆင်"

ဟူးချ်၏မေးခွန်းက ရှင်းသည်၊ ပြတ်သည်။

သို့သော် စတီးဖ်အဖို့ အဖြေရှာမရဖြစ်နေသည်။ သူ့အာခေါင်တွေ ခြောက်သွားသလို ခံစားရသည်။ သို့သော် သူ့အတွင်းစိတ်ကတော့ အလိုလိုသိနေသည်။

ဒါကို စလိုက်ရင် အားလုံးမီးခိုးကြွက်လျှောက်ဖြစ်ကုန်တော့မယ်။ သံသရာရှည်ပြီး ဘယ်တော့မှ ဆုံးတော့မှာမဟုတ်ဘူး။ ဒါပေမယ့် အဆုံးကျတော့ နီးလ်နဲ့ရှရွန်တို့ အသက်ဆုံးရှုံးတာပဲ အဖတ်တင်မှာပဲ။

သူက တွေဝေစွာ စိတ်ပျက်စွာဖြင့် မှိုင်နေသည်။ သူ့အခြေအနေသည် ရေစီးပြင်းသောလှိုင်းဂယက်ထဲ ခုန်ချရမည့် ဒိုင်ဗင်သမားနှင့် တူနေသည်။

သူသည် တရားခွင်တွင် ရပ်နေသော ရိုနယ်သွမ်မဆင်၏ မျက်နှာကို မြင်ယောင်လာသည်။ သွမ်မဆင်၏မျက်နှာက နုပျိုနေသည်။ ထိတ်လန့်နေသည်။ သို့သော်. . . သူက ဖြောင့်ချက်တော့ မပေး။

*"ကျွန်တော်သတ်တာ လုံးဝမဟုတ်ပါဘူး၊ ကျွန်တော်အိမ်ထဲဝင်သွားတော့ သူသေနေတာတွေ့တာပါ၊ သူ့သားကလေးကို မေးကြည့်ရင် သိနိုင်ပါတယ်"*



www.burmeseclassic.com

www.burmeseclassic.com



*“ရှင့်ရဲ့ တစ်ဦးတည်းသောသားသာဆိုရင် ဘယ်လိုနေမလဲ၊ ဘယ်လိုနေမလဲ. . ဟင်”*

*‘ဟုတ်ပါတယ်. . မစ္စက်သွမ်မဆင်၊ အဲဒါဟာ ကျွန်တော်ရဲ့တစ်ဦးတည်းသော သားကလေးပါပဲ’*

သူ့စိတ်သည် လက်ရှိအခြေအနေသို့ ပြန်ရောက်လာသည်။

သူက ဟူးချ်အား မေးလိုက်သည်။

“ဒါနဲ့. . . မစ္စတာဟူးချ်၊ တခြားအမျိုးသမီးလေးယောက်အသတ်ခံရတဲ့အမှုဟာ နီနာသေဆုံးမှုနဲ့ ဆက်စပ်နေတယ်လို့ သူ ယူဆတယ်ဆိုပြီး ရှေ့နေဘော့ဘ်ကာနားက ပြောခဲ့တာ မှတ်မိပါသေးသလား”

“မှတ်မိပါတယ်၊ ကျူပ်ထင်မြင်ချက်တောင် ခင်ဗျားကို ပြောခဲ့သေးတာပဲ၊ သူက ရေနစ်သူလို ကြံ့ရာမရတော့တဲ့အဆုံး ရရာလှမ်းဆွဲတာပါ”

“အဲဒီတုန်းက. . . ဘော့ဘ်ပြောတာမှန်နိုင်တယ်၊ နီနာသေဆုံးမှုနဲ့ တခြားလေးမှုဟာ တစ်နည်းနည်းနဲ့ ဆက်စပ်မှုရှိနိုင်တယ်လို့ ကျွန်တော်က ပြောခဲ့တယ်”

“ခင်ဗျားဘာတွေ ပြောနေတာလဲ မစ္စတာပက်တာဆင်”

“သည်းခံပြီး ခဏနားထောင်ပါဦး၊ အဲဒီတုန်းက ဘော့ဘ်ကပြောခဲ့တယ်၊ တခြားမိန်းမတွေက ကားပြဿနာနဲ့လမ်းပေါ်မှာ သေကြရတယ်၊ နီနာကျတော့ အိမ်မှာအသတ်ခံရတယ်၊ အဲဒီအချက်ကို သူနားမလည်နိုင်အောင် ဖြစ်မိတယ်ဆိုပြီး သူက ပြောခဲ့တယ်၊ အဲဒါ မှတ်မိသလား”

“ပြောပါ. . .”

“အသတ်မခံရခင် တစ်ညက နီနာ့ကားဘီး ပေါက်ခဲ့တယ်၊ ကျွန်တော်က နယူးယောက်မှာ အစည်းအဝေးတက်နေရလို့ သန်းခေါင်ကျော်မှ အိမ်ပြန်ရောက်လာတယ်၊ အဲဒီအချိန်မှာ သူက အိပ်ပျော်နေပြီ၊ ဒါပေမယ့် နောက်တစ်နေ့မနက် သူက ကျွန်တော့်ကို ဘူတာအထိ ကားမောင်းပြီး လိုက်ပို့တဲ့အခါ အပိုကားဘီး ကားပေါ်မှာရှိနေတာ သတိပြုမိခဲ့တယ်”

“အင်း. . . ပြောပါဦး”

“အဲဒီတော့. . . ဘော့ဘ်ကာနားထားခဲ့တဲ့ ထွက်ဆိုချက်ကို ပြန်စဉ်းစားကြည့်ပါ၊ အဲဒီအထဲမှာ သွမ်မဆင်က ‘ကံဆိုးပြီး နောက်မှာ ကံကောင်းလာတတ်ပါတယ်’ဆိုပြီး နီနာ့ကို ပြောတာပါလာတယ်၊ အဲဒီမှာ. . . နီနာက. . . နောက်ပိုင်းပစ္စည်းခန်းထဲက စားကုန်ပစ္စည်းတွေနဲ့ပတ်သက်ပြီး တစ်ခုခုပြောတာလဲ ပါသေးတယ်”

“ဘာကို ဆိုလိုတာလဲ”

“ကားနောက်ပိုင်းပစ္စည်းခန်းက ကျဉ်းကျဉ်းကလေး၊ ပစ္စည်းခန်းမှာ နေရာကျန်သေးရင် အပိုကားဘီးကို ကားနောက်ခန်းမှာ တင်လာမှာမဟုတ်ဘူး၊ အဲဒီအချိန်မှာ လေးနာရီကျော်နေပြီ၊ သူဟာ ကုန်စုံဆိုင်ကအိမ်ကို ဒါရိုက်မောင်းလာတာဖြစ်ရမယ်၊ အဲဒီနေ့က ဒေါ်ရာက အိမ်မှာ သန့်ရှင်းရေးလာလုပ်ပေးနေတယ်၊ နီနာဟာ (၅)နာရီမထိုးခင်ကလေးမှာ ဒေါ်ရာကို သူ့အိမ်လိုက်ပို့ခဲ့သေးတယ်လို့ ဒေါ်ရာက ပြောတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ရာကို ပို့ပေးပြီးတော့ နီနာနဲ့ နီးလ်တို့အိမ်ကို တန်းပြန်လာကြတယ် ဆိုပါတော့"

"ဟုတ်ပါတယ်၊ အိမ်ရောက်တော့ နီးလ်က အပေါ်ထပ်တက်သွားပြီး မီးရထားလွတ်ကစားနေတယ်၊ နီနာက ကားထဲကပစ္စည်းတွေ အိမ်ပေါ်သယ်ယူတယ်၊ မီးဖိုခန်းစားပွဲပေါ်မှာ အထုပ်အပိုးတွေ ရှိနေတာမှတ်မိမှာပေါ့၊ နီနာဟာ အဲဒီနောက်ပိုင်းမိနစ်ပိုင်းအတွင်းမှာပဲသေဆုံးတယ်ဆိုတာ သိရတယ်၊ အဲဒီညက သူ့ကားကို ကားရုံထဲမှာ ကျွန်တော်သွားကြည့်တယ်၊ အပိုဘီးက နောက်ပိုင်းပစ္စည်းခန်းထဲမှာ ရှိနေတယ်၊ ရှေ့ဘီးကလည်း အသစ်ဖြစ်နေတယ်"

"အဲဒီတော့. . . တစ်ယောက်ယောက်က တာယာကို ပြန်ယူလာပြီးလဲတပ်တယ်၊ ပြီးတော့ နီနာ့ကို သတ်သွားတယ်လို့ ခင်ဗျားက ဆိုလိုတာလား"

"တာယာကို အဲဒီအချိန်မှာမှ ဘာလို့လဲရတာလဲ. . . အဲဒီအတိုင်းသာ မှန်ရင် သွမ်မဆင်ဟာ နီနာ့ကို သတ်တာမဖြစ်နိုင်ဘူး၊ သူက တံခါးဝက ဘဲလ်တီးလိုက်တော့ လူသတ်သမားက လန့်ပြီး ထွက်ပြေးသွားတယ်၊ သွမ်မဆင်က ကုန်စုံဆိုင်မှာတုန်းက ကားပေါ်ပစ္စည်းတွေတင်တော့ နောက်ပိုင်း ပစ္စည်းခန်းမှာ စပယ်ယာတာယာတွေ့မတွေ့ဆိုတာ အဓိကအချက်ပဲ၊ ဒီတော့ အဲဒီအချက်မေးကြည့်စမ်းပါ၊ အမှန်ကတော့ အဲဒီညက ကျွန်တော် ကားကို သိပ်ပြီးအရေးတကြီး မစဉ်းစားမိခဲ့တာမှားတာပဲ"

ဟူးချ်က လီဘာကို ဆောင့်နင်းလိုက်သည်။

မိုင်နှုန်းဂဏန်းသည် (၆၀)မှ (၇၀)၊ (၇၀)မှ (၈၀)အထိ မြင့်တက်လာသည်။

အရှေ့ဘက်ကောင်းကင်တွင် ရောင်နီသန်းချိန်၌ သူတို့ကားသည် အိမ်ရှေ့ကားသွားလမ်းကလေးထဲသို့ ဖြည်းဖြည်း ဘီးလှိမ့်ဝင်လာခဲ့သည်။

ဟူးချ် အိမ်ပေါ်ရောက်ရောက်ချင်း တယ်လီဖုန်းစားပွဲသို့ ကမန်းကတန်း ပြေးသွားသည်။ သူက ဆိုမားအကျဉ်းထောင်မှ ထောင်မှူးဆီသို့ လှမ်းဆက်သည်။

"ဟုတ်ကဲ့. . . ကျွန်တော် ဖုန်းကိုင်ထားပါ့မယ်"

သူက စတီးဖ်ဘက်သို့ လှည့်ပြီး. . .

"ထောင်မှူးက သူ့ရုံးခန်းထဲမှာ တစ်နေ့လုံး 'စတင်းဘိုင်' စောင့်နေရတယ်တဲ့၊ ပြည်နယ်အုပ်ချုပ်ရေးမှူးက ဆက်ရင် အချိန်မရွေး ရှိနေအောင်ဆိုတဲ့သဘောပေါ့၊ သူတို့က သွမ်မဆင်ကို ခေါင်းရိတ်ပေးနေကြပြီ"

"ဟင်. . . ဘုရားရေ"

"သူက ကားပစ္စည်းခန်းထဲမှာ ဘာမှမတွေ့ရဘူးလို့ ပြောသည့်တိုင်အောင် အဲဒီအချက်ဟာ ခိုင်လုံတဲ့အထောက်အထားမဟုတ်သေးဘူး၊ ထင်မြင်မှန်းဆချက်သဘောပဲဖြစ်နေမှာပဲ၊ တစ်ယောက်ယောက်က အဲဒီတာယာ ဖြုတ်ယူသွားပြီး အသစ်ပြန်တပ်ပေးထားတာ ဖြစ်နိုင်တယ်၊ ဒါပေမယ့် ဒီအချက်ကြောင့် သွမ်မဆင်အတွက် သက်သာခွင့် မရနိုင်ပါဘူး"

"ဒါပေမယ့် သူ့မှာအပြစ်မရှိဘူးဆိုတာ ကျွန်တော်တို့နှစ်ယောက်စလုံး သိပါတယ်"

စတီးဖ်က ပြောလိုက်သည်။ *ဟုတ်တယ်။ ဒါကတော့ သေချာတယ်၊ သူ့မှာ အပြစ်လုံးဝ မရှိပါဘူး။*



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျုပ် နားထောင်နေပါတယ်"

ဟူး၍ နားစွင့်နေလိုက်သည်။

"ဟုတ်ကဲ့၊ အများကြီးကျေးဇူးတင်ပါတယ်"

သူက ဖုန်းကို ပြန်ချလိုက်သည်။ ပြီးတော့ စတီးဗ်ဘက်သို့လှည့်ပြီး. . .

"သူ့ကားထဲပစ္စည်းတွေ ထည့်တုန်းက နောက်ပိုင်းပစ္စည်းခန်းမှာ စပယ်ယာတာယာကိုမတွေ့ရဘူးတဲ့၊ သွမ်မဆင်က အဲဒီအတိုင်းပဲ ပြောတယ်"

"ပြည်နယ်အုပ်ချုပ်ရေးမှူး လှမ်းခေါ်ပါဦး. . ."

စတီးဗ်က ပြောလိုက်သည်။

"သူ့ကို ပြောပါ၊ တောင်းပန်ပါ၊ ကျေးဇူးပြုပြီး . . သေဒဏ်ကို ခဏဆိုင်းပေးထားဖို့ တောင်းပန်ပါ၊ လိုအပ်ရင် ကျွန်တော်ကိုယ်တိုင် တောင်းပန်ပါ့မယ်"

ဟူး၍က နိုင်ငံတော်ဂေဟာဖုန်းနံပါတ်ကို လှည့်နေသည်။

"ဒါက သက်သေခံအထောက်အထားမဟုတ်ဘူး"

သူက စတီးဗ်ဘက်သို့ လှည့်၍ပြောသည်။

"တိုက်ဆိုင်မှုတစ်ခုအဖြစ်ပဲ ယူဆရမှာ၊ ဒီအချက်ကြောင့် ပြည်နယ်အုပ်ချုပ်ရေးမှူးက သေဒဏ်စီရင်ချက်ကို ရွှေ့ဆိုင်းထားလိမ့်မယ်လို့ ကျုပ် လုံးဝမထင်ဘူး၊ သူက နီးလ်နဲ့ ရှုရှန်တို့ ပျောက်ဆုံးနေတယ်ဆိုတာ သိရရင်၊ ပြီးတော့ အခု ခင်ဗျားပြောမယ့်စကားကြားရင် ဒီကိစ္စဟာ သွေးရိုးသားရိုးမဟုတ်ဘဲ လုပ်ကြံဖန်တီးမှုလို့ပဲ တစ်ထစ်ချယုံကြည်မှာပဲ"

တစ်ဖက်ဖုန်းမှ စကားပြန်ရသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးဆီကို လုံးဝဆက်သွယ်၍မရ။ သေဒဏ်ရွှေ့ဆိုင်းရန် ကိစ္စနှင့်ပတ်သက်သော မေတ္တာရပ်ခံချက်မှန်သမျှကိုလည်း နိုင်ငံတော်ရှေ့နေချုပ်ကြီးက သင့်သလို အရေးယူဆောင်ရွက်ရန် လုံးဝ တာဝန်လွှဲအပ်ထားသည်ဟု ဆိုသည်။ နိုင်ငံတော် ရှေ့နေချုပ်ကြီးကလည်း မနက် (၈)နာရီတွင်မှ သူ့ရုံးခန်းမှာ ရှိလိမ့်မည်။

သူ့အိမ်သို့ ဖုန်းဆက်၍ မရ။ သူ့အိမ်ဖုန်းနံပါတ်ကို လုံးဝပေးမထား။

စောင့်နေရန်မှတစ်ပါး ဘာမှမလုပ်နိုင်တော့။ စတီးနှင့်ဟူး၍တို့သည် အခန်းကျဉ်းကလေးထဲတွင် ထိုင်နေကြသည်။ မှန်ပြတင်းများကို ဖောက်၍ နံနက်ခင်းနေခြည်ဖျော့ဖျော့များ ဝင်ရောက်စပြုပြီ။ စတီးဗ်သည် ကုလားထိုင်ပေါ်တွင် ငူငူကြီးထိုင်ရင်း စိတ်ထဲမှ ကျိတ်ပြီး ဆုတောင်းနေမိသည်။

အို. . . ဘုရားသခင် သူတို့ကို ကယ်တင်တော်မူပါ။ သူတို့သုံးယောက်ကို စောင့်မတော်မူပါ။ သူတို့အားလုံးသည် အရွယ်အားဖြင့် အလွန်ငယ်ရွယ်သေးသူများသာ ဖြစ်ပါသည် ထာဝရဘုရားသခင်။

ခြောက်နာရီထိုးတွင် အပေါ်ထပ်မှ ဒေါ်ရာ ဆင်းလာသည်။ သူမ၏ခြေသံများက နွေးထွေးလေးလံနေကြသည်။ သူမသည် တော်တော်အိုဖာသွားသည်။ သောကစိတ်ကြောင့် ပင်ဖြစ်မည်။ သူမက ငြိမ်ငြိမ်ဆိတ်ဆိတ်ဖြင့် မီးဖိုထဲတွင် ကော်ဖီဖျော်ရန် ပြင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်နာရီခွဲတွင် ဟူးချ်က နယူးယောက်မြို့ အက်ဖ်ဘီအိုင်ဌာနချုပ်သို့ ဖုန်းဆက်သည်။ ဘာမှမထူးခြား။ မစ္စတာဟင်နရီပွိုက်သည် သန်းခေါင်ယံလေယာဉ်ဖြင့် ဆန်းဗယ်လီသို့ ထွက်ခွာသွားသည်ဟု ဆိုသည်။ လေယာဉ်ကွင်းသို့ လိုက်သွားရန်မှာလည်း အချိန်လွန် နှောင်းသွားပြီဖြစ်သည်။ သူသည် အငှားကားနှင့် ထွက်သွားသည်။ စုံထောက်များက တည်းခိုရိပ်သာများနှင့် သီးသန့်အခန်းငှားဌာနများသို့ ဆက်လက်ထောက်လှမ်းနေကြသည်။

ထို့ပြင် မစ်လ်တာဗန်အရက်ဆိုင်သို့ လာသူများအားလည်း မျက်ခြည်ပြတ်မခံဘဲ စောင့်ကြည့်နေကြသည်ဟု သိရသည်။ နံနက် (၇)နာရီခွဲတွင် ဘောဘ်ကာနား၏ကားသည် ခြံဝင်းထဲ မောင်းဝင်လာသည်။

သူက ဘဲလ်ကို အဆက်မပြတ် တီးလိုက်သည်။

ဒေါ်ရာက တံခါးလာဖွင့်ပေးသည်။ သူက ဒေါ်ရာကို ဂရုမစိုက်ဘဲ အိမ်ထဲအပြေးဝင်လာသည်။ စပယ်ယာတာယာအကြောင်းနှင့် ပတ်သက်ပြီး ရိုနယ်သွမ်မဆင်ကို ဘာကြောင့် မေးရတာလဲဟု မာမာတင်းတင်း မေးလိုက်သည်။

ဟူးချ်က စတီးဖ်ကို စောင်းကြည့်လိုက်သည်။ စတီးဖ် ခေါင်းညိတ်ပြသည်။

ဟူးချ်က တိုတိုနှင့်လိုရင်းကို ရှင်းပြလိုက်သည်။

ဘောဘ်၏မျက်နှာ ညှိုးကျသွားသည်။

"ဒီလိုဆိုရင် မစ္စတာပက်တာဆင်ရဲ့ သားကလေးနဲ့ မစ္စစ်ရှရွန်တို့ကို ပြန်ပေးဆွဲခံနေရတယ်လို့ ဆိုလိုတာလား မစ္စတာပက်တာဆင်၊ အဲဒါကို လူမသိအောင် ဖုံးကွယ်ထားကြတယ်ဆိုရင် ဘယ်လိုပြောမလဲခင်ဗျား၊ တကယ်လို့ ဒီကိစ္စကို ပြည်နယ်အုပ်ချုပ်ရေးမှူးသာသိသွားရင် သေဒဏ်ကို ဘယ်နည်းနှင့်မဆို ရွှေ့ဆိုင်းမှာသေချာတယ်ခင်ဗျာ့၊ ဒါအမှန်တရားပဲ၊ သူ့အနေနဲ့ တခြားရွေးစရာလမ်း မရှိပါဘူး"

"အဲဒါကို အားကိုးလို့မရနိုင်ပါဘူး" ဟူးချ်က ပြောသည်။

"ဒီမှာ မစ္စတာပက်တာဆင်. . . ဒီလိုဖြစ်ရတာ လူကြီးမင်းအတွက် ကျွန်တော် စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ဒီကိစ္စကို မနေ့ညကတည်းက လူကြီးမင်းအနေနဲ့ ကျွန်တော့်ကို မပြောခဲ့တာကိုလဲ ကျွန်တော် အများကြီး စိတ်မကောင်းဖြစ်ရပါတယ်"

ဘောဘ်က တော်တော်ပင် မကျေမချမ်းနိုင်အောင် ဖြစ်နေပုံရသည်။

"ဘုရားသခင်. . ဒါနဲ့ (၈)နာရီမထိုးခင် နိုင်ငံတော်ရှေ့နေချုပ်ကြီးဆီကို ဖုန်းဆက်လို့ ရနိုင်မလား"

"မိနစ် (၂၀)ပဲ ကျန်တော့တယ်"

"လူတစ်ယောက်ရဲ့အသက်ကို ကယ်တင်ဖို့ အချိန် (၃)နာရီနဲ့မိနစ်(၅၀)တိတိ ရှိနေသေးတဲ့အချိန်မှာ မိနစ် (၂၀)ဆိုတာ နည်းတဲ့အချိန်မဟုတ်ပါဘူး မစ္စတာတေလာ၊ အများကြီး လုပ်လို့ရနိုင်သေးတဲ့ အချိန်ပါ"

(၈)နာရီတိတိတွင် ဟူးချ်က နိုင်ငံတော်ရှေ့နေချုပ်ကြီးထံ ဖုန်းလှမ်းဆက်သည်။ သူက (၃၅)မိနစ်တိတိ ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက အားမာန်ရှိသည်။

တိုက်တွန်းသံလည်း ပါသည်။ တောင်းပန်သံလည်း ပါသည်။

"ဟုတ်ပါတယ်ခင်ဗျား။ ပြည်နယ်အုပ်ချုပ်ရေးမှူးက နှစ်ကြိမ်တိတိ ရွှေ့ဆိုင်းခဲ့ပြီးတာ မှန်ပါတယ်ခင်ဗျား၊ ဟုတ်ပါတယ်ခင်ဗျား၊ ကွန်နက်တီကပ်ပြည်နယ် တရားရုံးချုပ်က သေဒဏ်စီရင်ချက်ကို အတည်ပြုပြီးပြီဆိုတာလဲ မှန်ပါတယ်ခင်ဗျား၊ အို. . . အဲဒီလို မဟုတ်ပါဘူးခင်ဗျား၊ ကျွန်တော်တို့ဘက်က သက်သေခံအထောက်အထား၊ ဟုတ်ကဲ့ ထင်မြင်ချက်ကလွဲပြီး ဟုတ်ကဲ့ခင်ဗျား၊ တိတ်ခွေတော့ ရှိပါတယ်ခင်ဗျား၊ ဟုတ်ကဲ့ခင်ဗျား၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဆီလှမ်းပြောကြည့်ရင်. . . ဟုတ်ကဲ့ခင်ဗျား အများကြီး ကောင်းပါတယ်ခင်ဗျား ကိစ္စမရှိပါဘူး ခင်ဗျား. . . ရပါတယ်ခင်ဗျား။ ကျွန်တော် ကိုင်ထားပါ့မယ်ခင်ဗျား"

ဟူးချ်က တယ်လီဖုန်းနားခွက်ကို လက်ဝါးနှင့်ပိတ်အုပ်ထားလိုက်ပြီး. . .

"သူက အဘွားကြီးဆီ လှမ်းဆက်ကြည့်မယ်တဲ့. . ဒါပေမယ့် သူ့အနေနဲ့သေဒဏ်ကို ရွှေ့ဆိုင်းပေးပါလို့တော့ ထောက်ခံမှာ မဟုတ်ဘူးတဲ့"

သုံးမိနစ်ခန့် ကြာသွားသည်။

စတီးဖ်နှင့်ဘော့ဘ်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်မိကြ။

ဟူးချ်က တယ်လီဖုန်းကို နားဝသို့ ပြန်ကပ်လိုက်သည်။

"ဟုတ်ကဲ့ခင်ဗျား၊ ကျွန်တော် နားထောင်နေပါတယ်ခင်ဗျား၊ ဒါပေမယ့်. . ."

တစ်ဖက်မှ ဖုန်းပြန်ချသွားသည်။

ဟူးချ်ကလည်း ဖုန်းကို ပုခက်ပေါ်သို့ ဂွမ်းခနဲပြန်ချပြီး သံပြတ်နှင့်ပြောလိုက်သည်။

"မရတော့ဘူး စီရင်ချက်အတိုင်းပဲ. . . တဲ့"

www.burmeseclassic.com

www.burmeseclassic.com

## ၃၇

တစ်ကိုယ်လုံး ရိုက်ထားသလို နာကျင်နေသည်။ နာကျင်လွန်း၍ ဘာကိုမှ စဉ်းစားတွေးခေါ်နိုင်စွမ်း မရှိတော့သလို ဖြစ်နေသည်။ အထူးသဖြင့် ခြေထောက်တွေက ပို၍ဆိုးသည်။ သားရေဘွတ်ဖိနပ်ကြီးကြောင့် အနေရကျပ်လှသည်။ သံပြားကြီးနှင့် ညှပ်ထားသလို တင်းကျပ်နေသည်။ ဖိနပ်ပေါ်က ကြိုးတွေချည်ထားတာကြောင့် ပို၍ဆိုးလှသည်။

ဖိနပ်ထဲတွင် ခြေထောက်တွေက ရောင်ကိုင်းပြီး ပုပ်ပွ၍များနေကြပြီလားမသိ။

သူမသည် သည်ဒုက္ခကို သည်ထက်ပို၍မခံနိုင်တော့။ သူမအကြံကို မဖြစ်ဖြစ်အောင် အကောင်အထည် ဖော်ရတော့မည်။ အပြင်ထွက်၍ ရထားလမ်းဆုံရောက်လျှင် သူမက သံကုန်အော်လိုက်တော့မည်။ ဘာမှမကြိုးစားဘဲ သေရခြင်းထက် ကြိုးစား၍ သေရခြင်းက ပို၍မွန်မြတ်သည် မဟုတ်လား။

ဘယ်အချိန်များရှိပြီလဲ မသိ။ သူမအဖို့ အချိန်လည်းမရှိတော့။

အချိန်ဆိုတာ ရှိသည်ဟုလည်း မသိတော့။

တနင်္လာနေ့လား၊ အင်္ဂါနေ့လား၊ ဗုဒ္ဓဟူးနေ့များ ရောက်နေပြီလား။

ဒီနေရာက ဘယ်လိုများ လွတ်မြောက်နိုင်ပါလိမ့်မလဲ။

နီးလ်. . . နီးလ်. . .

သူ့အသက်ရှူသံကို ကြားနေရသည်။ သူ့နှာဝမှ လေက သူမကိုယ်ကို လာထိနေသည်။ သူက ဖြည်းဖြည်းမှန်မှန် အသက်ရှူနေသည်။ ကလေးငယ်သည် သူမ ပြောသည့်အတိုင်း ‘ လိုက်နာကျင့်သုံးနေသည်။

သူမသည် လွှတ်ခနဲ တစ်ချက်ညည်းလိုက်မိသည်။

နှုတ်ခမ်းကိုကိုက်၍ စိတ်ကို တင်းထားလိုက်သည်။

နီးလ်က သူမဘက်သို့ တိုးကပ်လာသည်။ သူမကို နှစ်သိမ့်ရန်အားထုတ်ခြင်းဖြစ်သည်။ နီးလ်လည်း ကြီးလာလျှင် ဖအေလိုပဲနေလိမ့်မည်။ သူကြီးလာလျှင် ဖအေတူ။

စတီးဖ်. . . စတီးဖ်. . .

သူနှင့်အတူနေရလျှင် ဘယ်လိုများနေလိမ့်မလဲ။ သူတို့ သားအဖနဲ့ အတူနေရလျှင် ဘယ်ဘဝမျိုးရောက်သွားမလဲ။ ပျော်ရမှာလား၊ ငိုရမှာလား။

စတီးဖ်က လောကဓံကို ရင်စည်းပြီး ခံနေရသူတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



သူမဘဝကတော့ လိုတာရဘဝ ဖြစ်ခဲ့သည်။ ရွှေဘုံစံဘဝ ဖြစ်ခဲ့သည်။ သူမ ဖေဖေက ပြောဖူးသည်။ "ရှုရှန်က ရောမမှာမွေးတယ်. . . ပက်တီက အီဂျစ်မှာမွေးတယ်၊ တီနာကတော့ ဟောင်ကောင်သူ" တဲ့။ မေမေကလည်း ပြောဖူးသည်။ "တို့မှာ တစ်ကမ္ဘာလုံးမှာ မိတ်ဆွေတွေ ရှိတယ်" တဲ့။ မဆိုကောင်းဆိုကောင်း သူမသေဆုံးသွားတောင်မှ မေမေတို့ ဖေဖေတို့မှာက သူတို့နှစ်ယောက် ကျန်နေသေးသည်။ စတီးဖ်မှာတော့ နီးလ်တစ်ခုခုဖြစ်သွားလျှင် ဘယ်သူမှ မကျန်တော့။

တစ်ခါက စတီးဖ်က သူမအားမေးဖူးသည်။ "မင်းက အခုအထိဘာပြုလို့ အိမ်ထောင် မပြုသေးတာလဲ" တဲ့။ သူမက တခြားလူတစ်ယောက်ကို ချစ်နေရမည့်တာဝန်ကို ကြောက် သောကြောင့် အိမ်ထောင်မပြုသေးခြင်း ဖြစ်သည်။

နီးလ်. . သူ့ခမျာ လပ်ဖ်တို့လင်မယားနှင့် လိုက်သွားရမှာကို တွေးပြီး အလွန်ကြောက် နေသည်။ သူမက သူ့ဖေဖေကို သူ့ဆီက ခွဲယူသွားမှာကို အလွန်ကြောက်နေသည်။ သူမသည် သူ့ကို မဖြစ်ဖြစ်တဲ့နည်းနှင့် သည်နေရာက ထုတ်ယူရမည်။

သူမသည် ကြိုးချည်ထားသော လက်ကောက်ဝတ်များကို အင်္ဂတေကွာနေသော အုတ်နံရံကြမ်းကြမ်းပေါ်တွင် ပွတ်တိုက်နေမိပြန်သည်။ ဒါပေမယ့် ကြိုးတွေက အလွန်တင်း နေသည်။ လက်ကောက်ဝတ်မှ ပြတ်ကျတော့မလောက် မြုပ်ဝင်နေသည်။ အုတ်နံရံနှင့်ပွတ် လို့တော့ ဘယ်လိုမှ ရနိုင်မည်မဟုတ်။ သူမက အကြံထုတ်ကြည့်ပြန်သည်။

သူမ၏တစ်ခုတည်းသော ရည်မှန်းချက်မှာ နီးလ် လွတ်မြောက်ရေးဖြစ်သည်။

နီးလ်ကို သည်အခန်းထဲမှ ထုတ်ယူရန်ဖြစ်သည်။ နီးလ်က အခန်းတံခါးဖွင့်လိုက်လျှင် သေတ္တာထဲက ပုံးများပေါက်ကွဲမှာလား။

ရေချိုးခန်းတံခါး။

ရေချိုးခန်းတံခါးမှာ တံခါးဘုရှိသည်။ "မြေခွေး" ပြန်ဝင်လာလျှင် ရေချိုးခန်းသွားခွင့် တောင်းမည်။ ပြီးတော့ တံခါးဘုကို တအားဆွဲဖြုတ်ယူမည်။

တစ်ခုခုတော့ အသုံးကျနိုင်သည်။

တကယ်လို့ သူပိုက်ဆံရပြီးတော့ သူက ငါတို့ကို ဘယ်လိုများလုပ်မလဲ။ လွှတ်ပေး မှာလား သတ်ပစ်မှာလား။ သူမ အတွေးတွေ ပြတ်သွားသည်။ ဦးနှောက်တွေ ရီဝေနေသည်။ ဘာကိုမှ စဉ်းစားလို့မရတော့။

အချိန်. . . အချိန်တွေ ကုန်လွန်သွားသည်။ နေ့လား ညလား ခွဲခြား၍မရ။

ရထားသံသဲ့သဲ့ကြားရသည်။

ဩော်. . . စတီးဖ်ရယ် ကျွန်မတို့ကို မြန်မြန်လာကယ်ပါတော့။

မင်းကို. . ငါ. . သိပ်ပြီးချစ်ပါတယ် ရှုရှန်ရယ်၊ မင်းကို ငါ အောက်မေ့လှပါပြီကွယ်၊ ပြီးတော့ ညင်သာသော ယုယသော လက်ကြီးများက သူမမျက်နှာပေါ် လာထိကြသည်။

*ညင်သာသော. . . ယုယသော လက်ကြီးများ။*

သူမက မျက်လုံးဖွင့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြေခွေး"က အနီးတွင်ရပ်ကာ သူမကို စိုက်ကြည့်နေသည်။ ပြီးတော့ ကြောက်စရာကောင်းသော သူ့လက်များဖြင့် သူမ၏မျက်နှာကို ဖြည်းဖြည်းကလေး ပွတ်ကစားနေသည်။ လည်ပင်းတစ်ဝိုက်ကို ပွတ်ကစားနေသည်။

သူက သူမ၏ပါးစပ်မှ အဝတ်ကိုဆွဲဖြုတ်လိုက်ပြီး သူမအား နမ်းလိုက်သည်။ သူ့နှုတ်ခမ်းတွေက ခြစ်ခြစ်တောက်ပူနေသည်။ သူ့ပါးစပ်က မာတောင့်နေသည်။

သူမက ဦးခေါင်းကို ဘေးဖက်သို့ လွှဲပစ်လိုက်သည်။

သူက လေသံဖြင့် ပြောသည်။

"အားလုံးပြီးသွားပြီ ရှရွန်၊ ငါ ပိုက်ဆံရလာခဲ့ပြီ၊ ခုပဲ ငါထွက်သွားတော့မယ်"

သူမက မျက်လုံးအစုံကို စူးစိုက်ကြည့်လိုက်သည်။ သူ့ရုပ်သွင်သည် မှုန်ဝါးနေရာမှ တဖြည်းဖြည်း ကြည်လင်လာသည်။ သူ့မျက်လုံးအရောင် တလက်လက်တောက်ပနေသည်။ နှုတ်ခမ်းပါးတွေ စေ့ထားသည်။

"ကျွန်မတို့ကို ရှင်ဘာလုပ်မှာလဲ. . . ဟင်"

သူမက မနည်းကြိုးအားယူပြီး မေးလိုက်ရသည်။

"မင်းတို့ကို ဒီမှာထားပစ်ခဲ့မယ်၊ မင်းတို့ကို ဘယ်နေရာမှာ လာယူပါဆိုတာ ပက်တာဆင်ကို ပြောခဲ့မယ်"

သူလိမ်ပြောတာ။ အရင်ကလည်း သည်လိုပဲ လိမ်ပြောခဲ့သည်။ သူမကလည်း သူ့ကို လိမ်ခဲ့သည်။ သူ့ကို သတ်ရန်ကြံခဲ့သည်။ ထို့ကြောင့် သူက သူမကို တွန်းပစ်ခဲ့သည်။

"ရှင်က ကျွန်မတို့ကို သတ်တော့မလို့လား"

"ဟုတ်တယ် သတ်ရမယ်"

"နီးလ်ရဲ့အမေကို သတ်တာလဲ ရှင်ပဲလား"

"ဟုတ်တယ် ငါသတ်တာ၊ ဩော်, ငါမေ့နေလို့. ."

သူက သူမအနီးမှ ပြန်လျှောက်သွားသည်။

သေတ္တာထဲမှ စာရွက်တစ်လိပ်ကိုယူပြီး ဖြန့်လိုက်သည်။

"ဒီပုံကိုလဲ တခြားပုံတွေနဲ့အတူ ကပ်ထားရမယ်"

သူမခေါင်းပေါ်တွင် တစ်စုံတရာ လွင့်မျောနေသည်။ နီးလ်၏မျက်လုံးများက ခြေပစ်လက်ပစ်လဲကျနေသော ခန္ဓာကိုယ်၏အစိတ်အပိုင်းတစ်ခုဖြစ်သော မျက်လုံးတွေကို စိုက်ကြည့်နေသည်။ ထိုခန္ဓာကိုယ်၏လည်ပင်းတွင်လည်း လည်စည်းပဝါကို တင်းကျပ်စွာ ချည်နှောင်ထားသည်။

သူမလည်ချောင်းတွေ စေ့သွားသလို ထင်လိုက်ရသည်။

တစ်ကိုယ်လုံး နာကျင်လာသည်။ ဦးခေါင်းထဲက ရီဝေလာသည်။

ရုတ်တရက် ပြန်ပြီးသတိဝင်လာသည်။ အမြင်ရှင်းလာသည်။ ဓာတ်ပုံကို ကြည့်လိုက်သည်။ ဓာတ်ပုံကိုင်ထားသောလူ၏ အရောင်တလက်လက်တောက်နေသော မျက်လုံးများကို ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက စာတ်ပုံကို ခုတင်ပေါ်မှ နံရံတွင် တခြားပုံများဘေးတွင် ကပ်ထားလိုက်သည်။ သေသေသပ်သပ်နှင့် စနစ်တကျကပ်သည်။

အလေးအမြတ်ပြုရမည့် ဓာတ်ပုံတစ်ပုံကို ကပ်သလို ကပ်သည်။

သူမက ရင်တထိတ်ထိတ်ဖြင့် ကြည့်နေသည်။ သူတို့ကို သတ်တော့မှာလား။

တခြား မိန်းမတွေကို သတ်သလို သတ်တော့မှာလား။

"ဒီမှာ ငါ နာရီနှိုးစက်ချထားမယ်"

သူကပြောသည်။

"နှိုးစက်. . ."

"ဟုတ်တယ် နှိုးစက်ချထားမယ်၊ (၁၁)နာရီခွဲတိတိ၊ အဲဒီအချိန်မှာ ဗုံးပေါက်ကွဲလိမ့်မယ်၊ ဘာမှမကြောက်ပါနဲ့ ရှရှန်၊ ဘာမှကြောက်စရာမရှိပါဘူး၊ မင်း ဘာမှသိမှာ မဟုတ်ဘူး၊ မင်း ငြိမ့်ခနဲသေသွားရုံပဲ၊ ဒီကလေးလဲ ငြိမ့်ခနဲ သေသွားလိမ့်မယ်၊ သွမ်မဆင်လဲ ငြိမ့်ခနဲသေသွားလိမ့်မယ်"

သူက အဝတ်သေတ္တာကြီးကို သတ်ကြိုးစွာဖြင့် ဖြည်းဖြည်းကလေး ဖွင့်နေသည်။ စားပွဲတင်နာရီကို ယူထုတ်လိုက်သည်။ သူ့လက်ပတ်နာရီနှင့်တိုက်ပြီး လက်တံကို (၈း၃၀) နာရီသို့ လှည့်လိုက်သည်။ ဗုဒ္ဓဟူးနေ့နံနက် (၈း၃၀)၊ ပြီးတော့ နှိုးစက်လက်တံကို (၁၁း၃၀) နာရီသို့ ရွှေ့လိုက်သည်။

သူသည် နာရီကို ဝါယာကြိုးနှင့် ဆက်သွယ်နေသည်။

သုံးနာရီ. . . သုံးနာရီသာ လိုတော့သည်။

သူက သေတ္တာကြီးကို သတိနှင့်မ,လျက် တံခါးဝနားတွင် အသာကလေးချထားလိုက်သည်။ နာရီကို သေတ္တာပေါ်တွင် တင်ထားလိုက်သည်။ နာရီမျက်နှာဝကို သူမဘက်သို့ လှည့်ထားသည်။ နာရီလက်တံနှင့် ဂဏန်းစာလုံးများသည် ပြောင်လက်ပေါ်လွင်နေသည်။

"ငါ ထွက်မသွားခင် မင်း ဘာလုပ်ချင်သေးသလဲ ရှရှန်။ ရေသောက်မလား၊ ငါက နှုတ်ဆက်အနမ်း နမ်းပေးရဦးမလား"

"ကျွန်မ ရေချိုးခန်း ခဏဝင်လို့ရမလား. . . ဟင်"

"အို. . . ရပါတယ်၊ ရပါတယ်"

သူက ရှေ့သို့တိုးလာပြီး သူမ၏လက်မှကြိုးကို ဖြေပေးသည်။ ပြီးတော့ သူမကိုပွေ့ချီလိုက်သည်။ ခြေထောက်တွေက တွဲလောင်းကြီးကျနေသည်။ နာကျင်ခြင်းက တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားသည်။ သူမ၏မျက်နှာရှေ့တွင် မှောင်ရိပ်ကြီးကျလာသည်။

ဟင့်အင်း. . . ဟင့်အင်း၊ ငါမေ့မြောသွားလို့ မဖြစ်ဘူး။

စိတ်ကိုတင်းထား. . . တင်းထား။

သူက သူမအား ရေချိုးခန်းထဲ သွင်းပေးလိုက်သည်။ သူမက လက်ကိုင်ဘုကို လှည့်သည်။ တအားလှည့်သည်။ လှည့်ပြီးရင်းလှည့်ရင်း လှည့်သည်။ အသံမမြည်အောင် သတိထား၍ လှည့်သည်။ ကလစ်ခနဲ အသံသဲ့သဲ့မြည်သွားသည်။ လက်ကိုင်ဘု ပြုတ်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် လက်ကိုင်ဘုကို အတွင်းခံအင်္ကျီအိတ်ထဲသို့ ကပျာကယာ ထိုးထည့်လိုက်သည်။ ပြီးတော့ သူမ ပြန်ထွက်လာသည်။

သူက သူမကိုပွေ့ချီပြီး ခုတင်ပေါ် ပစ်တင် လိုက်သည်။ လက်နှစ်ဖက်ကို ခပ်မြန်မြန် ကလေးပြန်ချည်လိုက်သည်။ သူမက တစ်ဖက်နှင့်တစ်ဖက် ခပ်ခွာခွာထားပေးလိုက်သည်။

သည်တစ်ကြိမ်တွင် ယခင်ကလောက် ကြိုးမတင်းတော့။

သူက သူမပါးစပ်ကို အဝတ်ပြန်စည်းလိုက်သည်။

"မင်းကို ငါ အင်မတန်ချစ်ခဲ့တယ် ရှုရှန်၊ မင်းကလဲ ငါ့ကို ပြန်ချစ်လိမ့်မယ်လို့ ထင်ခဲ့တယ်၊ ဒါပေမယ့် မင်းက ငါချစ်သလို ပြန်မချစ်ဘူး"

ထို့နောက် သူက နီးလ်မျက်နှာစည်းအဝတ်ကို ဆတ်ခနဲ ဆွဲခွာလိုက်သည်။

နီးလ်သည် ရှတ်တရက်ကြောင်နေသည်။ မျက်ခွံတွေ မို့မောက်နေကြသည်။

မျက်လုံးအိမ်တွေ ပြူးထွက်နေသည်။

သူက နီးလ်၏မျက်လုံးတွေကိုတစ်လှည့်၊ နံရံပေါ်မှ ဓာတ်ပုံကိုတစ်လှည့် စိုက်ကြည့်နေသည်။ ပြီးတော့ နီးလ်၏ဦးခေါင်းကို ရှတ်တရက်လှမ်းကိုင်ကာ ခုတင်ပေါ်တွင် ဖိကပ်လိုက်သည်။ ထို့နောက် အခန်းမီးကို ပိတ်လိုက်ပြီး ချာခနဲလှည့်ထွက်သွားသည်။

ရှုရှန်က နာရီဒိုင်ခွက်ကို စိုက်ကြည့်နေသည်။

(၈)နာရီ (၃၆)မိနစ်. . .။

www.burmeseclassic.com

www.burmeseclassic.com

## ၃၈

ဂလင်ဒါ၏အိပ်ရာပေါ်တွင် စာရွက်တွေပြန့်ကြဲနေကြသည်။

"မဟုတ်သေးဘူး ရော်ဂျာ၊ မဟုတ်သေးဘူး၊ (၁၄)ရက်နေ့က ကျွန်မ ဆရာဝန်ဆီကို တန်းသွားတာမဟုတ်ဘူး။ ကျွန်မ စာကြည့်တိုက်ကို ခဏဝင်သေးတယ်၊ အဲဒါပါ မှတ်ထား မှတ်ထား၊ ပြီးတော့ အဲဒီမှာ မိတ်ဆွေတစ်ယောက်နှစ်ယောက်နဲ့ စကားပြောခဲ့သေးတယ်"

"နေဦး ငါ စာရွက်အသစ်နဲ့ ပြန်ရေးဦးမယ်၊ ဒီစာရွက်က အားလုံး ရှုပ်ယှက်ခတ်နေပြီ၊ ဒါနဲ့ ဆေးတိုက်က ဧည့်ခန်းမှာ မင်းဘယ်သူနဲ့ စကားပြောခဲ့သလဲ"

လွန်ခဲ့သောလအတွင်းက လုပ်ခဲ့သောလုပ်ငန်းများကို လင်မယားနှစ်ယောက်က အသေးစိတ်ပြန်လည်စစ်ဆေးကြသည်။ သို့သော် သူကိုယ်သူ "မြေခွေး" ဟု နာမည်ပေးထားသော ့နှင့် ပတ်သက်၍ ဂလင်ဒါက ဘာတစ်ခုမျှ မမှတ်မိ။

မနက် (၄)နာရီထိုးတော့ သူမ၏တိုက်တွန်းချက်အရ ရော်ဂျာက အက်ဖ်ဘီအိုင်ရုံးသို့ ဖုန်းဆက်သည်။ ဟူးချ်နှင့် အဆက်အသွယ်ရသည်။ ဟူးချ်က နောက်ထပ်ရရှိသော သတင်း အချက်အလက်များကို ပြောပြသည်။

"ပြန်ပေးက ရှရွန်နဲ့နီးလ်ကို ဒီနေ့ (၁၁)နာရီခွဲတိတိမှာ ပြန်အပ်မယ်လို့ ကတိပေးတယ် တဲ့"

ရော်ဂျာက သူ့ဇနီးကို ပြန်လည်ပြောပြလိုက်သည်။

"အဲဒါကို သူတို့က ယုံသလား"

"မယုံပါဘူး၊ ယုံမယ်မထင်ပါဘူး"

"အဲဒီလူဟာ ငါသိတဲ့လူ ဖြစ်ရင် နီးလ်လဲ သိလိမ့်မယ်၊ ဒီတစ်ဝိုက်မှာ နေတဲ့သူပဲ ဖြစ်မယ်၊ အဲဒါဆိုရင် သူက နီးလ်ကို ဘယ်နည်းနဲ့မှ ပြန်လွှတ်မှာမဟုတ်ဘူး"

"ကဲ. . . ရှင်မရေ တို့နှစ်ယောက်စလုံး ဖတ်ဖတ်မောနေကြပြီ၊ စဉ်းစားလို့လဲ ဘာမှ မထွက်တော့ဘူး၊ တစ်ရေးလောက်တော့ အိပ်လိုက်ကြမှထင်တယ်၊ အဲဒါဆိုရင် မင်း ပြန်စဉ်း စားရင် အဖြေတစ်ခုခုပေါ်လာနိုင်လိမ့်မယ်၊ မဟုတ်ဘူးလား ငါပြောတာ"

"ကောင်းပါတယ် နားလိုက်ကြတာပေါ့"

သူမက စိတ်ပျက်ပျက်နှင့် စာရွက်များကို ရက်စွဲအစီအစဉ်အလိုက် ပြန်ထပ်နေသည်။

ရော်ဂျာက နှိုးစက်ကို (၇)နာရီတွင် ချထားလိုက်သည်။

ပြီးတော့ လင်မယားနှစ်ယောက် အိပ်ရာဝင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးနာရီတိတိ အိပ်လိုက်ရ သည်။ သို့သော် ပျော်တစ်ချက် မပျော်တစ်ချက်နှင့်။
(၇)နာရီထိုးတော့ ရော်ဂျာက လက်ဖက်ရည်ဖျော်ရန် မီးဖိုခန်းသို့ ဆင်းခဲ့သည်။
ဂလင်ဒါက သူ့ယောက်ျားအလစ်တွင် ဆေးတစ်ပြားမျိုချလိုက်သည်။
ပြီးတော့ ရေချိုးခန်းထဲဝင်ခဲ့သည်။
မျက်နှာသစ်ပြီး အိပ်ရာပေါ် ပြန်တက်သည်။ စာရွက်တွေ ပြန်ကောက်သည်။
(၉)နာရီတွင် မာရီယံဇော်ဂလာ ရောက်လာသည်။
(၉)နာရီ (၁၅)တွင် မာရီယံက ဂလင်ဒါအခန်းထဲ ဝင်လာသည်။
"အန်တီ နေမကောင်းဘူးဆို၊ ကျွန်မ စိတ်မကောင်းပါဘူး အန်တီ"
"ကျေးဇူးတင်ပါတယ်ကွယ်"
"ကျွန်မတော့ အန်တီ့ဆီ ခဏခဏ လာနိုင်မှာမဟုတ်ဘူး၊ အောက်ထပ်က အခန်းတွေရှင်းရဦးမယ်၊ တစ်နေ့တစ်ခန်းပြီးအောင် ရှင်းမှ. . ."
"အဲဒါ ကောင်းပါတယ်"
"အဲဒါဆိုရင် တစ်ပတ်အတွင်းမှာ အောက်ထပ်ကို အားလုံးရှင်းပြီးဖြစ်သွားမယ်၊ အားလုံးပြီးသွားရင် အန်တီကြည့်ပြီး သိပ်စိတ်ချမ်းသာလိမ့်မယ်"
"ကောင်းပါတယ်ကွယ် ကျေးဇူးတင်ပါတယ်၊ ကောင်းသလိုသာ ကြည့်လုပ်ပါတော့"
"ကျွန်မ အန်တီတို့ဆီမှာ အလုပ်ရတာ ဝမ်းသာပါတယ်၊ ကျွန်မကားလဲ ပြန်ရပြီဆိုတော့"
"ဟုတ်ပါရဲ့. . အဲဒီအကြောင်း အန်တီ့ခင်ပွန်းက ပြောပြလို့ သိရတယ်"
ဂလင်ဒါက မျက်နှာရှေ့တွင် ခဲတံကို မြှောက်ကာမြှောက်ကာ ကစားနေသည်။
"ဟုတ်ပါတယ် အန်တီ၊ အဖြစ်ကတော့ တော်တော်ဆန်းတာပဲ၊ ဒေါ်လာလေးရာ အကုန်ခံပြီး ပြင်ထားတာမှ ရက်မလည်သေးဘူး၊ သူခိုးက အချောင်လစ်သွားတော့တာပဲ၊ တကယ်တော့ ထုံးစံအတိုင်းဆိုရင် ကားဟောင်းတစ်စီးအတွက် ကျွန်မတို့အနေနဲ့ အဲဒီလောက် အကုန်မခံသင့်ပါဘူး၊ ဒါပေမယ့် အာတီက စေတနာနဲ့ လုပ်ပေးတာပါ၊ သူက သိပ်ပြီး တော်တဲ့ မက္ကင်းနစ်၊ ဒီလောက်ပေးရတာ မများပါဘူးလို့ ကျွန်မယောက်ျားက ပြောပါတယ်၊ ကဲ. . . အန်တီလဲ အလုပ်များနေတယ်၊ ကျွန်မကြောင့် အနှောင့်အယှက် ဖြစ်နေပါဦးမယ်၊ ကျွန်မ အောက်ထပ်ပြန်ဆင်းပြီး လုပ်စရာရှိတာကလေးတွေ သွားလုပ်လိုက်ပါဦးမယ်၊ ဒါနဲ့ မနက်စာ နည်းနည်းစားလိုက်ဦးမလား အန်တီ"
"နေပါစေ နေပါစေ၊ ကျေးဇူးတင်ပါတယ်၊ မစားတော့ပါဘူးကွယ်"
မာရီယံ ပြန်ထွက်သွားသည်။
မကြာမီတွင် ရော်ဂျာပြန်ဝင်လာသည်။
"ငါ ရုံးကို ဖုန်းလှမ်းဆက်လိုက်တယ်၊ တုပ်ကွေးဝင်ချင်လို့ ခွင့်တစ်ရက်ပေးပါဆိုပြီး ပြောလိုက်တယ်"
"ရော်ဂျာ ခဏ. . ခဏ"



www.burmeseclassic.com

www.burmeseclassic.com



ဂလင်ဒါက ပြောပြောဆိုဆို ကက်ဆက်ခလုတ်ကို လှမ်းနှိပ်လိုက်သည်။

ကြားနေကျအသံ နားဝသို့ ဝင်လာသည်။

***အိတ်ဖွင့်ခေတ်ဆိုင်နားက တယ်လီဖုန်းရုံမှာ စောင့်ပါ။***

ဂလင်ဒါက ကက်ဆက်ကို ရုတ်တရက် လှမ်းပိတ်လိုက်သည်။

"ရော်ဂျာ. . . ကျွန်မကားကို 'ဆားဗစ်' သွားအပ်တာ ဘယ်တုံးကလဲဟင်"

"တစ်လကျော်ကျော်ကလေးပဲ ရှိဦးမှာပါ။ ငါကိုယ်တိုင် သွားအပ်တာ မဟုတ်ပါဘူး။ ဘီလ်လပ်ဖ်က သူ့အသိစက်ပြင်ဆရာ သိပ်တော်တယ်ဆိုလို့ သူ့ကို အပ်ခိုင်းလိုက်တာ"

"ဟုတ်တယ် ဟုတ်တယ်၊ ကျွန်မ ခုမှမှတ်မိတယ်၊ ကားပြင်ပြီးသွားတော့ ရှင်က ရုံးသွားရင်း ကျွန်မကို အဲဒီမှာချထားခဲ့တယ်မဟုတ်လား၊ ဒါနဲ့ ဘာတဲ့ အဲဒီစက်ဆရာနာမည်က အာတီ. . . အေ. . . အာတီ. . . အဲဒါ သူ့နာမည်မဟုတ်ဘူးလား"

"ဟုတ်တယ်ထင်တာပဲ၊ ဘာဖြစ်လို့တုံး"

"ဘာဖြစ်လို့ဆို. . . ကျွန်မရောက်သွားတော့ ကားက အားလုံးပြင်ပြီးနေပြီ၊ ဒါပေမယ့် ဆီမရှိလို့ သူက ဆီထည့်မလို့ လုပ်နေတယ်၊ ကျွန်မက ကားနားမှာရပ်ပြီး သူနဲ့စကားပြောတယ်၊ သူ့ဆိုင်းဘုတ်က '**အေ၊ အာ၊ တက်ဂတ်. . . ကားပြင်ဌာန**' တဲ့၊ 'အေ'ဆိုတာ 'အာသာ'ကို ပြောတာလားမသိဘူး၊ ဘီလ်ကို မေးကြည့်ရင် သိပါလိမ့်မယ်၊ ဘီလ်က သူ့ကို အာတီလို့ခေါ်တာ ကျွန်မကြားရတယ်၊ အေး. . . ဟုတ်ပြီ ဟုတ်ပြီ ရော်ဂျာ"

သူမက အားတက်သရော အိပ်ရာပေါ်မှ ထထိုင်ကာ ရော်ဂျာ၏လက်ကို ဆုပ်ကိုင်လိုက်သည်။

"ရော်ဂျာ ကျွန်မမှတ်မိပြီ၊ သူက ကျွန်မကိုပြောတယ်၊ သူ့ကို လူတွေက 'အာတီ'လို့ ခေါ်တာ၊ သူ့နာမည်ရဲ့အစ စကားလုံးတွေဖြစ်တဲ့ 'အေ၊အာ၊တီ'ကို ပေါင်းခေါ်ကြတာတဲ့၊ ဒါပေမယ့် သူ့နာမည်ရင်းကတော့ ဩဘတ်စ်ထ် ရှမ်းမဲ တက်ဂတ်တဲ့၊ ဒါနဲ့ ကျွန်မက ရှမ်းမဲ ဆိုတာ ကမ္ဘာကျော် ဂျာမန်စစ်ဗိုလ်ချုပ်ကြီးရဲ့ နာမည်မဟုတ်ဘူးလားလို့ မေးကြည့်တော့ သူက ဟုတ်ပါတယ်၊ ရှမ်းမဲဆိုတာ 'ကန္တာရမြေခွေး'တဲ့၊ အဲဒီတော့ သူက သူ့ကိုယ်သူ 'မြေခွေး'လို့ နာမည်ပေးထားတယ်မဟုတ်လား၊ တယ်လီဖုန်းနဲ့ပြောတာ အဲဒီ အတိုင်းပဲမဟုတ်လား၊ ဟုတ်ပြီ ကျွန်မ သိပြီ၊ အဲဒီ 'မြေခွေး'ဆိုတာ ကားပြင်ဆရာပဲ၊ သူ့အသံကို အခုမှ ကျွန်မမှတ်မိပြီ၊ အဲဒီတော့ ရှုရှန်နဲ့နီးလ်ကို ပြန်ပေးဆွဲတဲ့လူဟာ အဲဒီလူမှ အဲဒီလူအစစ်ပဲ"

ထိုအချိန်တွင် (၉)နာရီ၊ (၃၁)မိနစ် ထိုးနေပြီ။

www.burmeseclassic.com

www.burmeseclassic.com

# ၃၉

အဘွားကြီးလာလီသည် သူမ၏အခန်းသို့သွားရန် လျှောက်လာခဲ့သည်။

ယနေ့သည် မီးရထားရဲ့ အော်လန်ဒေါ့ဖ် နားရက်။ သူနေရာတွင် တခြားရဲတစ်ဦးဦး ဝင်လိမ့်မည်။ သို့သော် ကိစ္စမရှိ။ တခြားရဲတွေက သူမအပေါ်တွင် အော်လန်ဒေါ့ဖ်လို ချိုးချိုး နှိမ်နှိမ်မရှိ။ သူမကို ကြင်နာကြသည်။ သနားကြသည်။

သူမသည် တစ်ညလုံး တစ်မှေးကလေးမျှအိပ်မပျော်ခဲ့။ သူမ နာမကျန်းဖြစ်နေသည်။ အကိုက်အခဲဝေဒနာကြောင့် သေရတော့မည်။ သို့သော် သေရမှာကို သူမ မကြောက်။ သူမ၏ အခန်းကလေးထဲတွင် မသေရမှာကိုသာပို၍ကြောက်မိသည်။ သူမအဖို့ အခန်းကိုစွဲလမ်းသော ဝေဒနာက အကိုက်အခဲဝေဒနာထက် ပို၍ ဆိုးရွားသည်။ သူမသည် အခန်းကလေးသို့သွားပြီး ခုတင်ပေါ်တွင် လှဲအိပ်ကာ မျက်လုံးတွေကို မှိတ်ထားလိုက်ချင်သည်။

သည်နေ့တော့ သွားကို သွားရမည်။ သူမသည် (၈)နာရီ (၄၀) မောင့်ဗာနွန်ရထားစီး ခရီးသည်အုပ်ထဲရောဝင်ကာ ခုံးတံတားဘက်သို့ ပတ်လျှောက်လာသည်။ သူမသည် အချမ်းလုံ အောင်ခြုံရန် သတင်းစာ ဟောင်းများ ယူလာခဲ့ပြီ။ ကော်ဖီတော့ ဝင်မဝယ်တော့။ သူမ ဘာကိုမှ စားချင်စိတ်မရှိ။ အခန်းကလေးထဲ လှဲအိပ်နေဖို့ကိုသာ အာသာငမ်းငမ်း ဖြစ်နေသည်။

အကယ်၍ အခန်းထဲတွင် ဟိုလူရှိနေသည့်တိုင်အောင် ကိစ္စမရှိ။

သူမအနေဖြင့် သည်အခွင့်အရေးကိုတော့ ဖြစ်သည့်နည်းနှင့်ယူရတော့မည်။

ဂျင်နရယ်တာစက်သံတွေ ကြားလာရသည်။ ကြားနေကျအသံတွေမို့ နားယဉ်နေပြီး နားထောင်၍ပင် ကောင်းသလိုလို ထင်မိသည်။ သူမသည် ခြေသံမကြားစေရန် ဘွတ်ဖိနပ် စီးထားသော ခြေထောက်ကို ရွရွကလေးလျှောက်လာသည်။

ဟော. . . ကြားရပြီ။

တံခါးဖွင့်သံ။ သူမအခန်းမှ တံခါးဖွင့်သံ။

သူမသည် ဂျင်နရယ်တာစက်နောက်မှ မှောင်ရိပ်ထဲသို့ အသာကလေး ဝင်ပုန်းနေ လိုက်သည်။ ဖြည်းဖြည်းမှန်မှန် လျှောက်နေသော ခြေသံများ။ သူ သံလှေကားအတိုင်း ဆင်း လာပြီ။

ဟုတ်တယ် သူပဲ. . . သူပဲ။

သူမသည် သူ့ကိုကျောခိုင်းပြီး အုတ်နံရံကို မျက်နှာအပ်ကာနားစွင့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုံးတံတားဘက်သို့ ဖြည်းဖြည်းလျှောက်သွားသံများ ကြားနေရသည်။ မိနစ်ပိုင်းအတွင်း သူ အဝေးသို့ ရောက်သွားတော့မည်။ သည်တော့မှ အခန်းထဲဝင်ပြီး ဟိုသူငယ်မကို မောင်းထုတ်လိုက်မည်။

သူမသည် လက်တုန်တုန်ယင်ယင်ဖြင့် အင်္ကျီအိတ်ထဲမှ သော့ကို နှိုက်ယူလိုက်ရာ အင်္ကျီစနှင့်ငြိပြီး သော့လွတ်ကျသွားကာ ချွင်ခနဲ အသံမြည်သွားသည်။

သူမ အသက်ရှူရပ်သွားသည်။ သူ ကြားများသွားပြီလား။

လုံးဝ လှည့်မကြည့်ရဲ။ နားရွက်မခတ် ငြိမ်နေလိုက်သည်။

တော်ပါသေးရဲ့။ သူ အဝေးသို့ ရောက်သွားပြီ။ ခြေသံတွေ တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားသည်။ ခဏကြာတော့ ဘာသံမှ မကြားရတော့။

သို့သော် သူမက ချက်ချင်းမလှုပ်ရဲသေး။

(၁၀)မိနစ်ခန့် ငြိမ်နေလိုက်သေးသည်။

တထိတ်ထိတ်ခုန်နေသော ရင်ကို ငြိမ်အောင်စောင့်နေရသေးသည်။

ပြီးတော့မှ ခက်ခက်ခဲခဲ ဖြည်းဖြည်းသာသာ ကိုယ်ကိုကုန်းပြီး သော့ကို လက်နှင့်လိုက်စမ်းသည်။ မှောင်ကလည်းမှောင်၊ မျက်စိကလည်း မွဲသောကြောင့် အတန်ကြာကြာ လိုက်စမ်းတော့မှ သော့ကို စမ်းမိသည်။ သက်မတစ်ချက် ဟင်းခနဲချလိုက်သည်။

ကိုယ်ကို ကုန်းနေရာမှ ဖြည်းဖြည်းကလေး ခါးဆန့်ပြီး ပြန်ထမည်ပြုလိုက်စဉ်မှာပင် သူမ၏နောက်ကျောကို ချွန်ထက်မာကျောသော အရာဝတ္ထုတစ်ခုလာထိသည်။

ထိုအရာသည် အရေပြားကို စစ်ခနဲ စူးဝင်သွားရာ နာကျင်မှုဝေဒနာကို အသည်းခိုက်မျှခံစားလိုက်ရသည်။ နွေးထွေးသောသွေးများ ပန်းထွက်လာပြီး သူမသည် ဒူးညွတ်ကာ ဦးစိုက်ခွေကျသွားသည်။

လက်နှစ်ဖက်က ဘေးတစ်ဖက်တစ်ချက်သို့ ဖြန့်ကျနေပြီးသော့ကိုကျစ်ကျစ်ပါအောင် ဆုပ်ထားသော ညာဘက်လက်က သူမ၏အခန်းကလေးဆီသို့ ဦးတိုက်လျက်။

www.burmeseclassic.com

www.burmeseclassic.com

# ၄၀

နံနက် (၉)နာရီခွဲတွင် အက်ဖ်ဘီအိုင်ရုံးချုပ်မှ စုံထောက်တစ်ယောက်က စတီးဖ်၏ အိမ်သို့ရောက်နေသော ဟူးချ်ထံသို့ ဖုန်းလှမ်းဆက်သည်။

"ကျွန်တော်တို့ သဲလွန်စတစ်ခုတော့ ရထားပြီဆရာ"

"အင်း. . . ပြောပါဦး ဘာလဲ"

"အာတီတဲ့ဆရာ. . . အာတီ၊ ဟို. . . အာတီတက်ဂတ်ဆိုတဲ့ ကားပြင်ဆရာပေါ့"

"အင်း. . . သူ ဘာဖြစ်လို့တုံး"

"သူ့နာမည်က ဂတ်စ်တက်ဂတ်တဲ့ဆရာ၊ ဒီလူက လွန်ခဲ့တဲ့ (၁၂)နှစ်လောက်တည်းက ဆိပ်ကမ်းတစ်ဝိုက်မှာ ကျက်စားနေခဲ့တာ ဆရာ၊ (၁၆)နှစ်သမီးကလေးတစ်ယောက် ပျောက်သွားတုန်းက သူ့ကို မသင်္ကာလို့ ခေါ်စစ်ခဲ့ဖူးသေးတယ်၊ အဲဒီတုန်းက ကျွန်တော်တို့က သူနဲ့ပတ်သက်ပြီး ဘာသဲလွန်စမှတော့မရခဲ့ဘူး၊ ဒါပေမယ့် လူတွေတော်တော်များများက အဲဒီကလေးမ ပျောက်သွားတာ သူ့လက်ချက်ဖြစ်နိုင်တယ်လို့ပဲ ယူဆနေကြတယ်၊ ပြီးတော့ တခြားမိန်းကလေးတွေ ပျောက်သွားတဲ့ကိစ္စနဲ့ပတ်သက်လို့လဲ သူ့ကို ခေါ်စစ်ခဲ့ဖူးသေးတယ်၊ သူ့ရုပ်ရည်ကလဲ ကျွန်တော်တို့ကို ဆရာပေးထားတဲ့အချက်တွေနဲ့ အားလုံး တူညီနေတာတွေ့ရတယ်"

"ကောင်းတယ် ကောင်းတယ်၊ ဒါနဲ့. . . နောက်ထပ် ဘာတွေ တွေ့ရသေးသလဲ၊ သူနဲ့ပတ်သက်လို့ပေါ့"

"သူ ဘယ်လိုအလုပ်တွေကို လုပ်ခဲ့ဖူးသလဲဆိုတာ ဆက်လိုက်နေတုန်းပဲဆရာ၊ လောလောဆယ်သိရသလောက်တော့ သူက နယူးယောက်မှာ မျိုးစုံ လျှောက်လုပ်နေတဲ့လူပဲ၊ ဝက်စ်ထ်ဆိုက်လမ်းပေါ်က ဓာတ်ဆီဆိုင်တစ်ဆိုင်မှာ ဆီဖြည့်လုပ်သားလုပ်ခဲ့တယ်၊ အဌမ အဲဗင်းနယူးလမ်းက စားသောက်ဆိုင်တစ်ဆိုင်မှာ စားပွဲထိုးလုပ်ခဲ့တယ်၊ ပြီးတော့ အွိုက်စတာ အရက်ဆိုင်မှာ ပန်းကန်ဆေးလုပ်ခဲ့တယ်"

"ဟုတ်ပြီ. . . အဲဒီတော့ သူ ဘယ်မှာနေသလဲ၊ အဲဒါဆက်လိုက်၊ မိန်းမရှိသလား၊ သားသမီးရှိသလား၊ အဲဒါတွေအားလုံး အမြန်ဆုံးသိချင်တယ်"

ဟူးချ်က ဖုန်းပြန်ချလိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာပက်တာဆင်၊ သဲလွန်စတစ်ခုတော့ ရထားပြီ၊ မစ်လ်တာဝန်အရက်ဆိုင်ကို ခဏခဏလာတတ်တဲ့ ကားပြင်ဆရာတစ်ယောက်ကို မသက်ာစရာတွေ့ထားတယ်၊ ဒီလူက လွန်ခဲ့တဲ့ (၁၂)နှစ်လောက်ကတည်းက မသင်္ကာစရင်းဝင်ခဲ့ဖူးတဲ့လူပဲ၊ မိန်းကလေးတွေ တော်တော်များများ ပျောက်ဆုံးသွားတာနဲ့ ပတ်သက်ပြီး သူ့ကို ခေါ်ယူစစ်ဆေးခဲ့ဖူးတာ ရှိတယ်၊ သူ့နာမည်ကတော့ အာတီတက်ဂတ်တဲ့"

"အင်း. . . ကားပြင်ဆရာ ကားပြင်ဆရာ"

စတီးဖ်က အသံမြှင့်ပြီး "ကားပြင်ဆရာ. . . ဟုတ်လား" ဟု ပြန်မေးလိုက်သည်။

"ဟုတ်တယ်၊ ကားပြင်ဆရာတဲ့၊ ခင်ဗျားဘာစဉ်းစားနေတယ်ဆိုတာ ကျုပ် ခန့်မှန်းမိပြီ။ ဒါက သိပ်တော့ မကျိန်းသေပါဘူး၊ ဒါပေမယ့် အဲဒီနေ့က ခင်ဗျားဇနီးရဲ့ ကားတာယာကို တစ်ယောက်ယောက်က ပြင်ပေးခဲ့တာမှန်ရင် ခင်ဗျားဇနီးက ချက်လက်မှတ်ဖြတ်ပိုင်းတွေများ သိမ်းထားတာ ရှိသေးသလား။ လွန်ခဲ့တဲ့ နှစ်နှစ် ဇန်နဝါရီလကစပြီး ပြန်ကြည့်ရင် အဖြေတစ်ခုခု ပေါ်လာနိုင်လိမ့်မယ်"

"ဟုတ်ကဲ့. . . ကျွန်တော် ရှာကြည့်ပါဦးမယ်"

"ဒါက ကျုပ်တို့က ရနိုင်သမျှ သဲလွန်စတွေ လိုက်ရှာကြည့်တဲ့သဘောပါ၊ အမှန်က ဒီလူနဲ့ ပတ်သက်လို့ ဟိုအရင်တုန်းက. . . ခေါ်ယူစစ်ဆေးခံခဲ့ရဖူးတယ် ဆိုတာကလွဲပြီး ဘာအထောက်အထားမှ ခိုင်ခိုင်လုံလုံရသေးတာ မဟုတ်ဘူး"

"ဟုတ်ကဲ့ ဒီအချက် ကျွန်တော်လဲ သဘောပေါက်ပါတယ်"

စတီးဖ်သည် ထိုင်ရာမှထကာ စာရေးစားပွဲဆီ လျှောက်သွားသည်။

တယ်လီဖုန်း မြည်လာသည်။

မစ္စတာရော်ဂျာပယ်ရီထံမှ ဖြစ်သည်။ အေးအာ၊တက်ဂတ်ဆိုသူ ကားပြင်ဆရာသည် 'မြေခွေး'ဆိုသူဖြစ်ကြောင်း ဂလင်ဒါက အတိအကျသိရပြီဟု သူက အကျယ်ကြီး အော်ပြောသည်။

ဟူးချ်က ဖုန်းကို ပြန်ချလိုက်သည်။

နပူးယောက်သို့ ဖုန်းခေါ်မလို့ စိတ်ကူးလိုက်စဉ်မှာပင် တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာပြန်သည်။

"ဟုတ်ကဲ့. ."

သူက စိတ်မရှည်သံဖြင့် အော်ပြောလိုက်သည်။

သို့သော် ချက်ချင်းပင် အမူအရာပြောင်းသွားပြီး. . .

"ဘာ. . . ဩော်၊ ဟုတ်ကဲ့ ခဏကိုင်ထားပါဦး၊ ပြန်ပြောပါဦး"

စတီးဖ်က ဟူးချ်၏အမူအရာကို စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေတုန်း ဟူးချ်က ဖောင်တိန်ကို လှုပ်ပြသဖြင့် စားပွဲပေါ်မှ စာရေးကတ်ကို ကမ်းပေးလိုက်သည်။

ထို့နောက် ဟူးချ်က စာရွက်ပေါ်တွင် အလျင်အမြန် ရေးချနေသော စာလုံးများကို လိုက်ဖတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



*ပိုက်ဆံရတာကျေးဇူးတင်ပါတယ်၊ အားလုံးတိတိကျကျပါပဲ။ ခင်ဗျားဘက်က တတိတည်ပါတယ်၊ကျွန်တော့်ဘက်ကလည်း ကတိတည်ရမှာပေါ့။ နီးလ်နဲ့ရှုရွှန်တို့အသက်ထင်ရှားရှိနေကြပါတယ်၊ ဒါပေမယ့် ဒီနေ့မနက် (၁၁)နာရီခွဲမှာ နယူးယောက်ပြည်နယ် ထဲက တစ်နေရာမှာ ဗုံးပေါက်ကွဲတဲ့အခါမှာတော့ သူတို့နှစ်ယောက်စလုံးသေသွားကြပါလိမ့်မယ်၊ သူတို့အလောင်းကို လိုချင်ရင် ပြှာပုံထဲမှာသာ ယက်ရှာယူပေတော့၊*

(ပုံ) မြေခွေး

"ခဏနေပါဦး ခဏနေပါဦး"

ဟူးချ်က ကမန်းကတန်း ပြောလိုက်သည်။

"ပိုပြီးသေချာအောင် တစ်ခေါက်လောက် ထပ်ပြောပါဦး"

သူက တစ်ဖက်မှ ပြောပြချက်ကို နားစွင့်နေလိုက်သည်။

ခဏကြာတော့မှ. . .

"ကောင်းပါပြီ၊ အများကြီးကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားဆီ ကျုပ်တို့ အမြန်ဆုံးလာခဲ့မယ်"

သူက ဖုန်းပြန်ချလိုက်သည်။

"အခုဆက်တာ ဘယ်သူလဲ"

စတီးဖ်က အသံတုန်တုန်ယင်ယင်ဖြင့် မေးလိုက်သည်။ သူ့တစ်ကိုယ်လုံး ထုံထိုင်းမာတောင့်သွားပြီး စဉ်းစားဉာဏ်ရော ကြောက်စိတ်ရော မရှိတော့သလို ခံစားနေရသည်။

ဟူးချ်က စတီးဖ်၏အမေးကို ချက်ချင်းပြန်မဖြေသေးဘဲ အတော်ကြာအောင် စောင့်နေသေးသည်။ ပြီးတော့မှ မျက်စိမျက်နှာပျက်ကာ ကွဲအက်အက်လေသံဖြင့် ပြောလိုက်သည်။

"ခင်ဗျားမိန်းမ အသုဘကိစ္စစီစဉ်ပေးခဲ့တဲ့ ကာလေမြို့က အသုဘစီစဉ်ရေးမှူးဆီကဆက်တာ"

ထိုအချိန်တွင် (၉)နာရီ မိနစ် (၃၅)မိနစ် ရှိခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com

## ၄၁

သူ တော်တော်ကံကောင်းသည်။ အဘွားကြီးအသံကြားလိုက်ရလို့ တော်ပါသေးသည်။ သို့မဟုတ်လျှင် မလွယ်. . . မလွယ်။ အကြီးအကျယ် မလွယ်။

စိုးရိမ်စိတ်ကြောင့် သူ့တစ်ကိုယ်လုံး ချွေးတွေစို့ရွှဲနေသည်။ ဘောင်းဘီတွေကလည်း နံစော်နေသည်။ သည်အလုပ်မျိုးလုပ်တိုင်း သည်အတိုင်းချည်း ဖြစ်တတ်သည်။

အဘွားကြီးက အခန်းထဲမှာ နေတာဖြစ်မည်။ ခေါက်ခုတင်ကလည်း အဘွားကြီးယူလာတာပဲ ဖြစ်မည်။ အဘွားကြီးမှာ အခန်းသော့ရှိမှာ သေချာသည်။ အကယ်၍သာ သူသတိမထားလိုက်မိလျှင် အဘွားကြီးက အခန်းထဲဝင်သွားလိမ့်မည်။ သူတို့ကို တွေ့မည်။ ဗုံးပါရဂူတွေ ချက်ချင်းရောက်လာပြီး ဗုံးကို အချိန်မီဖြုတ်ယူလိုက်ကြမည်။ အဲဒီလိုဆို သူ့ စီမံကိန်းကြီးအားလုံး သဲထဲရေသွန်ဖြစ်ပါလေရော။

သူသည် မီးရထားသံလမ်းကို ဖြတ်ကာ ပေါင်းကူးစကြံဘက်သို့ ခြေလှမ်းသွက်သွက်နှင့်လျှောက်လာခဲ့သည်။ မကြာဘဲ ဘီလ်မိုးဟိုတယ်ကားရုံသို့ ရောက်လာသည်။ ကားရုံထဲမှ ကားကို ထုတ်လိုက်သည်။ ကားထဲတွင် လက်ဆွဲသေတ္တာနှင့် ရေဒီယို လက်ရာခြေရာမပျက် ရှိနေသည်။

အီးစ်ထ်ဆိုက်ဒ် လမ်းမကြီးအတိုင်း. . ထရိဘာရာဖ်တားဘက်သို့ စက်ကုန်ဖွင့်၍ မောင်းနှင်လာခဲ့သည်။ သည်လမ်းသည် လာဂွာဒီးယားလေယာဉ်ကွင်းသို့ သွားရန် ဖြတ်လမ်းဖြစ်သည်။ သူက နယူးယောက်မြို့မှ အမြန်ဆုံး ထွက်သွားရန်ကိုသာ စိတ်စောနေသည်။

(၁၀)နာရီခွဲတွင် ဖီးနစ်မြို့သို့ လေယာဉ်ထွက်မည်။

လွန်ခဲ့သော နာရီပိုင်းအတွင်းက သူ ထွက်ခွာလာခဲ့သော ကားရပ်စခန်းသို့ ပြန်လာခဲ့သည်။ ပက်တာဆင်ထံမှ ပိုက်ဆံသွားယူခဲ့စဉ်က လုပ်ငန်းစဉ်အားလုံး ချောချောမောမော ဖြစ်ခဲ့သည်ကို ပြန်တွေးမိပြီး တော်တော်ကလေး ကျေနပ်သွားသည်။

သည်တစ်ကြိမ်တွင်တော့ သူ့ကားကို သီးသန့်စခန်းနှင့် ခပ်ဝေးဝေးတစ်နေရာတွင် သွားရပ်သည်။ သည်နေရာက အမြဲတမ်း ကားကျပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စွန့်ပစ်ထားသော ကားပျက်တစ်စီးမှ ကားနံပါတ်ကိုယူကာ သူ့ကားတွင် လဲတပ်ထားပြီးဖြစ်၍ ပြဿနာမရှိတော့။ နောက်တစ်လလောက် ကြာသောအခါမှ သည်နေရာတွင် ဗောက်စ်ဝက်ဂွန်းတစ်စီး အကြာကြီးရပ်နေခဲ့ကြောင်း တစ်ယောက်ယောက်က သတိပြုမိချင် ပြုမိလိမ့်မည်။

သို့သော် ထိုအချိန်ကျတော့ သူက အဝေးရောက်သွားပြီ။

ဘယ်လိုပင် ခြေရာခံလိုက်ပေမယ့် သူ့ကို မမိနိုင်တော့ပြီ။

လက်ဆွဲသေတ္တာနှစ်လုံးနှင့် ရေဒီယိုကို ကားနောက်ပိုင်းပစ္စည်းခန်းထဲမှ ထုတ်ယူလိုက်သည်။ ပေါ့ပေါ့အလုံးတွင် အဝတ်အစားနှင့် ကက်ဆက်ထည့်ထားသည်။ လေးလေးတစ်လုံးကတော့ ပိုက်ဆံသေတ္တာ။ ယခုဆိုလျှင် သူ့ကို ခြေရာခံလိုက်နိုင်မည့် သက်သေခံပစ္စည်းဆို၍ ကားထဲတွင် ဘာတစ်ခုမှ မကျန်တော့။

ထို့နောက် ဘတ်စ်ကားဂိတ်သို့ ခပ်မြန်မြန်လျှောက်လာခဲ့သည်။ အခန့်သင့်ပင် လေယာဉ်ပို့ဘတ်စ်ကား ဝင်လာသည်။ ကားပေါ်တက်လိုက်သည်။ အခြားခရီးသည်များက သူ့အား မသိလိုက်မသိဖာသာ စောင့်ကြည့်ကြသည်။ သူတို့မျက်နှာရိပ်မျက်နှာကဲကို ကြည့်၍ သူ့ကို သိပ်သဘောကျပုံမပေါ်ဆိုတာ သတိပြုလိုက်မိသည်။

သူက (၁၉)နှစ်အရွယ် ခပ်ချောချောမိန်းကလေးတစ်ယောက်ဘေးတွင် ဝင်ထိုင်သည်။ မိန်းကလေးက သိပ်မကြည်ချင်။ တစ်ချက်စောင်းကြည့်ပြီး မျက်နှာလှည့်သွားသည်။ ခွေးစုတ်မလေး. . . ငါဟာ ဘယ်လောက်တော်ပြီး ဘယ်လောက်ချမ်းသာတယ်ဆိုတာ နင်မသိသေးလို့။

ဘတ်စ်ကားသည် ပြည်တွင်းလေယာဉ်ခရီးသည်ဂိတ်တွင် ရပ်သွားသည်။ သူက ပေ (၂၀၀)ခန့်ဝေးသော အမေရိကန်လေကြောင်းဌာနအဝင်ဝသို့ လျှောက်လာသည်။

အမှုထမ်းတစ်ယောက်က အထုပ်အပိုးတွေ စစ်ဆေးနေသည်။ သူ့အနေဖြင့် ပစ္စည်းသုံးခုစလုံးကို လေယာဉ်ပေါ် ဆွဲယူသွား၍မဖြစ်။

သူက လက်မှတ်ကို ထုတ်ပေးလိုက်သည်။ လက်မှတ်ပေါ်မှ နာမည်က ရေးနာဒ်၊ ပြင်သစ်လို "မြေခွေး" ဟု အဓိပ္ပာယ်ရသည်။ အရစ်ဇိုနာပြည်နယ်ရောက်လျှင် ဒီနာမည်ကို ပြောင်းရန် စိတ်ကူးထားသည်။

"သုံးခုစလုံးအပ်မလား. . ခင်ဗျာ့"

"ဒီနှစ်ခုပဲအပ်မယ်၊ ကျန်တာတစ်ခုတော့ ဆွဲယူသွားမယ်"

သူက ပိုက်ဆံသေတ္တာကို ခပ်လှမ်းလှမ်းသို့ တွန်းထားလိုက်သည်။

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ သေတ္တာက အတော်ကြီးနေပါတယ်၊ လေယာဉ်ပေါ်ဆွဲယူသွားလို့ ဖြစ်ပါ့မလား"

"အို. . . ကိစ္စမရှိပါဘူး ဖြစ်ပါတယ်၊ ဖြစ်ပါတယ်၊ အလုပ်ကိစ္စအရေးကြီးတဲ့ စာရွက်စာတမ်းတွေ ပါလို့ပါ"

စစ်ဆေးရေးအမှုထမ်းက ပခုံးကို တွန့်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုလဲ ကောင်းပြီလေ၊ ဒါပေမယ့် လိုအပ်ရင်တော့ လေယာဉ်မယ်ကယူပြီး သီးသန့်ခန်းထဲမှာ သိမ်းထားလိမ့်မယ်ခင်ဗျာ့"

ကိစ္စမရှိ နောက်ခါလာ နောင်ခါချေးပေါ့။

အချိန်က (၉)နာရီ (၂၈)မိနစ်။ ဗိုက်ထဲက ဆာလာပြန်ပြီ။

သို့သော် တယ်လီဖုန်း အရင်ဆက်ရဦးမည်။

အစွန်ဆုံးက တယ်လီဖုန်းရုံတစ်ခုသို့ လျှောက်လာခဲ့သည်။

ပို၍သေချာအောင် သူပြောမည့်စကားကို စာရွက်ပေါ် ချရေးလိုက်သည်။

သည်သတင်းကို ပက်တာဆင်ရလျှင် ဘယ်လိုများ နေလိမ့်မလဲဟုတွေးကြည့်သည်။ အသုဘစီစဉ်ရေးဌာနသို့ လွယ်လွယ်ကူကူပင် ခေါ်၍ရသည်။

သူက ခပ်တိုးတိုးပြောသည်။

"ခင်ဗျား. . . အလောင်းကောက်စရာရှိတယ်"

"ဟုတ်ကဲ့. . . အခုပြောနေတာ ဘယ်သူပါလဲခင်ဗျာ"

"ကျုပ်ပြောတာ လိုက်ရေးပါ၊ အဆင်သင့်ဖြစ်ရဲ့လား"

"ဟုတ်. . ဟုတ်ကဲ့ ဖြစ်ပါတယ်ခင်ဗျား"

သူက လေသံပြောင်းပြီး အသံမာမာဖြင့်. . .

"ကျုပ်ပြောတာလိုက်ရေး၊ ပြီးတော့ ပြန်ဖတ်ပြပါ၊ ဒါမှ ခင်ဗျားရေးတာ မှန်မမှန် ကျုပ်သိရမယ်"

ထို့နောက် သူက လိုက်ရေးရန် စကားများကို ရွတ်ပြသည်။

ခဏကြာတော့. . .

"ကဲ. . . ပြန်ဖတ်ပြစမ်း"

တစ်ဖက်မှလူက အသံတုန်တုန်ယင်ယင်ဖြင့် ပြန်ဖတ်ပြသည်။ စာဆုံးသွားတော့. . .

"ဘုရားသခင်. . . ခဏ. . ခဏ"

အာတီက ကျေနပ်ပြုံးပြုံးရင်း ဖုန်းကို ပြန်ချလိုက်သည်။

ထို့နောက် လေယာဉ်ကွင်းစပ်မှ စားသောက်ဆိုင်ထဲ ဝင်လာခဲ့သည်။

ဝက်ပေါင်ခြောက်၊ ပေါင်မုန့်ထောပတ်သုတ်၊ လိမ္မော်ရည်နှင့် ကော်ဖီတို့ကို ဖြည်းဖြည်းစားသောက်ရင်း လူတွေကို အကဲခတ်ကြည့်ရှုနေသည်။

အသုဘစီစဉ်ရေးဌာနသို့ ဖုန်းဆက်လိုက်သည်ကို တွေးမိပြီး အသံတိတ် ကျိတ်ရယ်လိုက်မိသည်။ ပထမတွင် သူက ဗုံးပေါက်ကွဲမည့်နေရာကို နယူးယောက်မြို့ထဲက တစ်နေရာဟု ပြောရန်ရည်ရွယ်ခဲ့သည်။ သို့သော်. . . နောက်ဆုံးပြောခါနီးမှကပ်ပြီး နယူးယောက်ပြည်နယ်ထဲကတစ်နေရာဟု ပြင်ပြောလိုက်သည်။

သည်အချိန်လောက်ဆို ရဲတွေ ခေါင်းမီးတောက်နေကြပြီ၊ သွေးရှူးသွေးတန်းနှင့် ဗုံးရှာဖို့ ထွက်ကုန်ကြပြီ၊ နယူးယောက်ပြည်နယ်တစ်ခွင် ပြုပြစ်စင်အောင် မြေလှန်ပြီးသာ ရှာကြပေရော့။



www.burmeseclassic.com

www.burmeseclassic.com



အရစ်ဇိုနာ။ ပန်းချီခြယ်ထားသော ကန္တာရ။

စောစောတုန်းက ကောင်လေးမျက်လုံးတွေကို စိုက်ကြည့်ခဲ့မိသည်။ လိုအပ်သည်။

(၁၁)နာရီခွဲတွင် ဂရင်းဘူတာကြီးတွင် ဘယ်လိုများ ဖြစ်နေလိမ့်မလဲဟု တွေးကြည့်သည်။ ဗုံးပေါက်ကွဲပြီး အဆောက်အအုံခေါင်မိုးတွေ ပြိုကွဲပျက်ကုန်ကြမည်။ ရွှန်နှင့်နီးလ်တို့အပေါ်တွင် အင်္ဂတေအပိုင်းအစတွေ၊ အုတ်ကျိုးတွေ တန်ပေါင်းများစွာ. . . တန်ပေါင်းများစွာ ဖုံးသွားလိမ့်မည်။

ဤသို့ဖြင့် 'မြေခွေး'ဆိုတာ ဘယ်သူလဲဆိုပြီး သူ့အကြောင်းကို လူတိုင်း သိချင်လာကြလိမ့်မည်။ ထိုအခါ 'ကန္တာရမြေခွေး'ဟူ၍ ကမ္ဘာကျော်သော နာဇီဗိုလ်ချုပ်ကြီး ရွှမ်းမဲအကြောင်းကို ရေးကြသလို သူ့အကြောင်းကိုလည်း စာအုပ်တွေရေးကောင်းရေးကြလိမ့်မည်။

သူက ကော်ဖီပန်းကန်ကို မော့သောက်လိုက်ပြီး ပါးစပ်ကို လက်ခုံနှင့် သုတ်လိုက်သည်။ လက်ဆွဲအိတ်ကိုယ်စီဆွဲကာ လေယာဉ်ဂိတ်များသို့ သုတ်သီးသုတ်ပျာ သွားနေကြသောခရီးသည်တွေကို မှန်ပြတင်းမှ မြင်နေရသည်။

လွန်ခဲ့သောနှစ်နှစ်ခန့်က ခရစ်စမတ်ပွဲတော်ရက်တွင် လာဂွာဒီးယားလေယာဉ်ကွင်း၌ ဗုံးပေါက်ကွဲခဲ့သည်ကို သွား၍တွေးမိသည်။ အာဏာပိုင်များ သွေးရူးသွေးတန်းဖြစ်ကာ လေယာဉ်ကွင်းကိုပင် ပိတ်ထားခဲ့ရသည်။ ထိုဖြစ်ရပ်ကို တယ်လီဗီးရှင်းတွင် သူမြင်ခဲ့ရသည်။

သူသည် ဂရင်းဘူတာကြီးတွင် ဗုံးပေါက်ကွဲခြင်းသတင်းကို အရစ်ဇိုနာပြည်နယ်၊ ဖီးနစ်မြို့မှ အရက်ဆိုင်တစ်ဆိုင်တွင် ယနေ့ညအရက်ထိုင်သောက်ရင်း သွေးအေးအေးဖြင့် နားထောင်မည်ဟု စိတ်ကူးထားသည်။

ထိုသတင်းကို တစ်ကမ္ဘာလုံးအနှံ့ ရုပ်မြင်သံကြားလွှင့်ထုတ်ကြလိမ့်မည်။

သို့သော် ဗုံးမပေါက်ကွဲခင် နယူးယောက်တစ်မြို့လုံးမှ ရဲတွေကို အနားမနေရအောင် အလုပ်ပေးလိုက်ရလျှင် တော်တော်ကောင်းမည်။ အစဉ်အလာအရ ယခင်ကဗုံးထောင်ခဲ့သော ပုဂ္ဂိုလ်များလည်း သည်အတိုင်းပင် လုပ်ခဲ့ကြသည်။ သူတို့က သက်ဆိုင်ရာသို့ ဖုန်းဆက်ပြီး သူတို့ဗုံးထောင်ထားကြောင်း ပြောပြလိုက်သည်။ သို့သော် ဘယ်နေရာမှာဟု အတိအကျမပြော။ လေးငါးခြောက်နေရာလောက် ဝါးပြီးပြောလိုက်သည်။ ဤတွင် ရဲတွေက သွေးရူးသွေးတန်းဖြင့် ဗုံးကို လိုက်ရှာကြရတော့သည်။ လူတွေကိုလည်း သက်ဆိုင်ရာအဆောက်အအုံထဲမှ အမြန်ဆုံးထွက်သွားရန် အသံချဲ့စက်ဖြင့် အော်ကြရသည်။

သူ့အနေဖြင့်လည်း ယင်းသဘောမျိုးလုပ်လျှင် ကောင်းမည်။ သူတို့ကို ဘယ်လိုပြောရမလဲ။ သူက အပြင်ဘက်သို့ ငေးကြည့်နေသည်။

သည်လေယာဉ်ကွင်းသည် အလွန်လူရှုပ်သည်။ မျက်စိရှုပ်လောက်အောင် လူတွေ လူးလာခေါက်ပြန် လှုပ်ရှားသွားလာနေကြသည်။ ပြီးတော့ ကနေဒီလေယာဉ်ကွင်းလောက်လည်း မကြီး။ ဘူတာရုံ သို့မဟုတ် ကားဂိတ်လိုနေရာမျိုး လူတွေ အမြဲတမ်း ပြေးလိုက်လွှားလိုက်ဖြစ်နေသည်။ ဘယ်သူကို ဘယ်သူမှ ဂရုမစိုက်အား။ ကိုယ့်ကိစ္စနှင့်ကိုယ် ရှုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် အကြံရလာသည်။

သူက ရဲကိုဖုန်းဆက်ပြီး သတိပေးလိုက်ပြီ ဆိုပါစို့။ နယူးယောက်မြို့တွင်းက အရေးပါသော ပို့ဆောင်ဆက်သွယ်ရေးစခန်းတစ်ခုတွင် ရှုရွှန်ရော၊ နီးလ်ရော၊ ဗုံးရော ရှိနေကြောင်း ပြောလိုက်ပြီဆိုပါစို့။

ယင်းသို့ပြောလိုက်လျှင် လေယာဉ်ကွင်းနှစ်ခု၊ ဘတ်စ်ကားဂိတ်နှစ်ခုနှင့် ဂရင်းဘူတာကြီးအပါအဝင် ဘူတာနှစ်ခုတို့ကို ပိုက်စိပ်တိုက်၍ ရှာဖွေကြတော့မည်။ နီးနားဝန်းကျင်ရှိ လူတွေကို အားလုံး မောင်းထုတ်ကြမည်။ ထိုအခါ လေယာဉ်၊ ရထား၊ ဘတ်စ်ကားခရီးသည်များအားလုံး ခရီးစဉ် ပျက်ကုန်ကြမည်။

ရဲတွေအနေနှင့်လည်း ရှုရွှန်နှင့်နီးလ်တို့ကို လုံးဝ ရှာတွေ့ကြမည်မဟုတ်၊ ဘယ်တော့မှ ရှာတွေ့ကြတော့မည်မဟုတ်။ သူတို့ရှိသောအခန်းကို သိသူ တစ်ယောက်သာ ရှိသည်။

အဘွားကြီးလာလီ။ အဘွားကြီးလည်း မပြန်လမ်းသွားရှာပြီ။

သည်တော့ တယ်လီဖုန်းမှ သူစကားတစ်ခွန်းပြောလိုက်ရုံဖြင့် ကမ္ဘာပေါ်တွင် အကြီးဆုံးမြို့ကြီးတစ်မြို့ထဲက လူတွေအားလုံးကို ငြိမ်ကျသွားအောင် ချုပ်ကိုင်ထားနိုင်မည်။

ပက်တာဆင်က ငါ နာမည်ကျော်အယ်ဒီတာကြီး၊ ငါ့မှာ ဘဏ်အပ်ငွေတွေလည်း ရှိတယ်၊ မိန်းမချောချောကလေးလည်း ရတော့မယ်ဆိုပြီး သူ့ကိုယ်သူ အလွန်ဂုဏ်ယူနေသည်။

"မြေခွေး"က အသံထွက်ပြီး ရယ်ပစ်လိုက်သည်။

သူနှင့် ဘေးချင်းကပ်စားပွဲမှ လင်မယားက သူ့ကို တအံ့တဩ လှမ်းကြည့်သည်။

ဟုတ်ပြီ။ လေယာဉ်ပေါ်မတက်ခင် ဖုန်းဆက်ရမည်။ ဘယ်သူ့ဆီဆက်မလဲ။

အသုဘစီစဉ်ရေးဌာန၊ ဟင့်အင်း. . . ဖုန်းသရဲတစ်ယောက်ယောက်က အလကားပါးစပ်ကမြင်းတာပါဟု မထင်နိုင်တဲ့ လူဆီ ဆက်မှဖြစ်မယ်။

ဟုတ်ပြီ. . . သိပြီ။

သူက ကျေနပ်စွာပြုံးလိုက်ပြီး ကော်ဖီတစ်ခွက် ထပ်မှာလိုက်သည်။

❁

(၁၀)နာရီ (၁၂)မိနစ်။

ကော်ဖီဆိုင်ထဲမှ ပြန်ထွက်လာခဲ့သည်။

လက်တစ်ဖက်က လက်ဆွဲသေတ္တာကို ဆွဲထားသည်။

သူက ကော်ဖီဆိုင်တွင် သည်မျှ ကြာကြာထိုင်နေခဲ့ခြင်းမှာ အကြောင်းရှိသည်။

လေယာဉ်ပေါ်တင်မည့် ပစ္စည်းများကို သက်ဆိုင်ရာမှ ဓာတ်မှန်ရိုက်၍ စစ်ဆေးနေသောကြောင့် ဖြစ်သည်။

သို့သော် သူ့လက်ထဲမှ လက်ဆွဲသေတ္တာကိုတော့ ဘယ်သူမှ ဂရုစိုက်မည်မဟုတ်။ လေကြောင်းဌာနတွေက အချိန်တိကျမှုကို အထူးဂရုစိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၀)နာရီ (၁၅)မိနစ်။

လေယာဉ်ဂိတ်အမှတ် (၉)အနီးမှ တယ်လီဖုန်းရုံထဲဝင်လာခဲ့သည်။

ဝိုက်ဆံထည့်ပြီး ဖုန်းနံပါတ်တစ်ခုကို လှည့်သည်။

ပြီးတော့ တစ်စုံတရာကို လေသံဖြင့် ပြောလိုက်သည်။

ဖုန်းကို ဖြည်းဖြည်းကလေး ပြန်ချလိုက်သည်။

စစ်ဆေးရေးစားပွဲသို့ လျှောက်လာသည်။

ဘာပြဿနာမှမပေါ်ဘဲ ချောချောမွေ့မွေ့ပင် ပြီးစီးသွားသည်။

လေယာဉ်ဆီသို့သွားရန် စင်္ကြံလမ်းဘက်သို့ ဖြတ်လျှောက်လာစဉ် "လေယာဉ်ပေါ်တက်ကြပါ" ဟူသော ဆလိုက်စာတန်း ပေါ်လာသည်။

ထိုအချိန်တွင် (၁၀)နာရီ (၁၆)မိနစ်ရှိနေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## ၄၂

သူမ၏အဝတ်အစားတွေ အားလုံး စိုရွဲနေသည်။ နွေးထွေးစေးထန်းနေသည်။

သွေးတွေ. . သွေးတွေ။ ငါ သွေးလွန်နေပြီ။ ငါ သေရတော့မယ်။

ငါ့ကို တစ်ယောက်ယောက် သတ်သွားပြီ။

အဲသည်လူပဲ. . . အဲသည်လူပဲ။ သူက ငါ့အခန်းကိုလည်း အပိုင်စီးထားတယ်။

ငါ့ကိုလည်း သတ်သွားတယ်။

ငါ့အခန်း. . . ငါ့အခန်းကလေး။ ဒီအခန်းလေးထဲမှာပဲ ငါသေတော့မယ်။

အခန်းထဲ မှာပဲ ငါနေချင်တယ်။

သူကတော့ ပြန်မလာတော့ပါဘူး။ သူ ဘယ်တော့မှ ပြန်မလာရဲတော့ပါဘူး။

ငါ့ကိုလည်း ဘယ်သူမှ တွေ့တော့မှာမဟုတ်ဘူး။ ဒီအခန်းကလေးထဲမှာပဲ ငါ့ကိုယ်ငါ ဂူသွင်းလိုက်တော့မယ်။ ရထားသံတွေနားထောင်ရင်း အိပ်နေလိုက်တော့မယ်။

သူမစိတ်သည် တဖြည်းဖြည်း ကြည်လင်လာသည်။ သို့သော် သူမ ကြာကြာမနေရတော့။ သည်အချက်ကို သူမ သိသည်။

သူမသည် အခန်းကလေးသို့ရောက်အောင် သွားရမည်။

လက်သီးဆုပ်ထဲမှ သော့ကို သတိရမိသည်။ နေရာမှထရန် အားယူလှုပ်ရှားကြည့်သည်။ တစ်စုံတစ်ခုက နောက်မှဆွဲထားသလို ခံစားရသည်။

ဓားမြှောင်. . . ဓားမြှောင်။ သူမကျောကုန်းထဲတွင် စူးဝင်နေသော ဓားမြှောင်။

ဓားမြှောင်ကိုနုတ်ရန် လက်နောက်ပြန်လှမ်းကြည့်သည်။ ဘယ်လိုမှ မမီ။

ထိုင်လို့လည်းမရ။ ထလို့လည်း ဘယ်လိုမှမဖြစ်နိုင်တော့။

လေးဘက်တွားသွားတော့မှ ဖြစ်တော့မည်။

သူမသည် အခန်းကို မျက်နှာမူ၍ လဲနေသည်။ ကိုယ်ကို တရွတ်တိုက်ဆွဲကာ ဖြည်းဖြည်းချင်းတွား၍ တွား၍သွားရမည်။ လှေကားရင်းသို့ရောက်ရန် ပေ (၂၀)လောက် တွားသွားရမည်။ ပြီးတော့ လှေကားကို တက်ရဦးမည်။ တက်နိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



သူမက အမှောင်ထဲသို့ လှမ်းကြည့်ရင်း ခေါင်းကို ခါယမ်းနေသည်။

ပါးစပ်ထဲမှ သွေးတွေထွက်လာကြသည်။

သလိပ်ဟပ်ပြီး တံတွေးထွေးပစ်လိုက်သည်။

ညာလက်က သော့ကိုဆုပ်ထား၊ ဘယ်လက်က ရှေ့ကိုလှမ်း။ ညာဘက်ဒူးကို အားပြုပြီးတဖြည်းဖြည်းရှေ့တက်။ ပြီးတော့ ဘယ်ဘက်ဒူး၊ ညာဘက်လက်။ တစ်လှည့်စီယက်ပြီးတွားသွား။

အဲသည်အတိုင်းဆို လှေကားရင်းသို့ ရောက်နိုင်ပြီ။

လှေကားကိုလည်း ကြံဖန်ပြီး တက်ရတော့မည်။

အခန်းရှေ့ရောက်တော့ တံခါးကိုဖွင့်၊ အထဲတွားဝင်၊ တံခါးပြန်ပိတ်၊ ခုတင်နားတွားသွား၊ ခုတင်ပေါ် ချိတ်တက်၊ ခြေပစ်လက်ပစ်လှဲချလိုက်။ ပြီးတော့. . . မျက်စိမှိတ်ပြီးငြိမ်နေလိုက်တော့။

မကြာခင် လူသားတိုင်း၏ ထာဝရမိတ်ဆွေကြီး သေမင်းရောက်လာပြီး သူမအားလက်အေးကြီးနှင့် ညင်ညင်သာသာကလေးလာစမ်းလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

# ၄၃

သူတို့သေကြရတော့မည်။ သူတို့ကို သေဒဏ်စီရင်ချက်ချထားပြီးပြီ။

သေဒဏ်ချခံရပြီးရင် သေတာနှင့် ဘာမျှမထူးတော့။

သည်နေ့ညနေတွင် ရိုနယ်သွမ်မဆင်၏မိခင်က သူ့သား၏အလောင်းကို သက်ဆိုင်ရာမှ တောင်းခံလိမ့်မည်။ သည်နေ့ညနေတွင် ရှယ်ရီဒန်အသုဘစီစဉ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ဗုံးပေါက်ကွဲသည့်နေရာသို့သွားရောက်ကာ ရှရွန်နှင့်နီးလ်တို့၏ အလောင်းများကို သယ်ယူကြလိမ့်မည်။

နယူးယောက်ပြည်နယ်အတွင်းက တစ်နေရာရာမှာ။

စတီးဗ်သည် ပြတင်းပေါက်ဝတွင် ရပ်နေသည်။ အပြင်ဘက်တွင် သတင်းစာတိုက်ပေါင်းစုံမှ သတင်းထောက်တွေ၊ ရုပ်မြင်သံကြားဆရာတွေ စုပြုံစောင့်ဆိုင်းနေကြသည်။

"အင်း. . . သတင်းက ချက်ချင်းပြန့်သွားတာပဲ၊ ကျွန်တော်တို့ စာနယ်ဇင်းလင်းတတွေက သတင်းခွေးသေကောင်ပုပ်ဆိုရင် အရမ်းသည်းခြေကြိုက်တာ"

သူက ညည်းပြော ပြောလိုက်သည်။

"စတီးဗ်. . . ငါအများကြီးစိတ်မကောင်းဖြစ်မိပါတယ်။ ဘာကူညီရမှာလဲ၊ အားမနာပါနဲ့၊ ပြောသာပြောပါ" ဟူ၍ ဘရက်ဒလေရောဘတ်ခေါ်က [illegible]

မလိုပါဘူး. . . ဘာမှကူညီစရာမလိုပါဘူး။ ဒါပေမယ့် အင်္ဂလိပ် [illegible] တွန်းထားကို ခမောင်းသွားတဲ့ အသက် (၃၈)နှစ်အရွယ်ရှောင် [illegible] ကိုကိုမိကာလား။ အဲဒါကိုပဲ သိချင်သည်

ထိုသူသည် သူ့ကားတွင် ကားနံပါတ်ကို ပြောင်း [illegible] သည်။

အချိန်က တစ်နာရီနှင့် မိနစ် (၂၀)ပဲ ကျန်တော့သည်။

"ဒါနဲ့. . . ဗုံးကိစ္စ ဘယ်လိုအစီအစဉ်လုပ်ထားသလဲ"

သူက မစ္စတာဟူးချ်တေလာအား မေးလိုက်သည်။

"ပြည်နယ်တစ်ဝန်းလုံးက အဓိကမြို့ကြီးတွေမှာ ရဲတွေကို အဆင်သင့်ရှိကြဖို့ အရေးပေါ် အမိန့်ထုတ်ထားတယ်၊ တကယ်တော့. . . ကျုပ်တို့ ဘာမှမလုပ်နိုင်ပါဘူး နယူးယောက်မြို့က တစ်နေရာမှာဆိုတော့ ဘယ်လိုလုပ်ပြီး ဘယ်နေရာမှာ သွားရှာမှာလဲ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ဒီကိစ္စဟာ လိမ်လည်ခြိမ်းခြောက်တာဖြစ်နိုင်စရာလဲ ရှိတယ်၊ ဗုံးပေါက်ကွဲမယ်ဆိုတာနဲ့ အသုဘစီစဉ်ရေးဌာနကို ဖုန်းဆက်တာတွေကို ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး. . မဟုတ်ဘူး။ ဒီအတိုင်းဆိုရင် သိပ်နောက်ကျသွားလိမ့်မယ်။

စတီးဖ်က ဘာမှပြန်မပြောဘဲ သူ့ဖာသာသူ စိတ်ကူးနေသည်။

နီနာသေဆုံးပြီးနောက် လပ်ဖ်တို့လင်မယား ပြောင်းလာကြသည်။ သူတို့သည် သူ့ကို ကူညီဖို့လာကြခြင်း ဖြစ်သည်။ နီးလ်ကလေးကို စောင့်ရှောက်ပေးဖို့လာကြခြင်း ဖြစ်သည်။

သို့သော် ဘီလ်၏ ပါးစပ်ဖွာမှုကြောင့် ရှရွန်နှင့်နီးလ်တို့ ပြန်ပေးဆွဲခံခဲ့ရပြီ။ မကြာခင် သူတို့သေကြရတော့မည်။ တစ်ဆက်တည်းတွင် အပြစ်ကင်းသော သွမ်မဆင်ကလေးလည်း သေဒဏ်ပေးခံရတော့မည်။

ဩော်. . . ဘုရားသခင် ကယ်မတော်မူပါ။

သူတို့ကို အချိန်မီရှာတွေ့နိုင်အောင် ကူညီစောင်မတော်မူပါ။

သူသည် ပြတင်းပေါက်မှ မျက်နှာလွှဲလိုက်သည်။ စုံထောက်ဟန့်ခ်လာမွန်နှင့် ဘီလ်တို့ ဝင်လာကြသည်။ သူတို့က သူတို့သိသမျှတွေကို ပြောပြကြသည်။ ဘာမှမထူး။ စတီးဖ်က ဒီအကြောင်းတွေ အလွတ်ကျက်မိနေပြီ။ အားလုံးသိနေပြီ။

"မစ္စတာလပ်ဖ်. . . ခင်ဗျားက အာတီနဲ့စကားအများကြီးပြောဖူးတယ်မဟုတ်လား၊ ဒီတော့ ပြန်စဉ်းစားကြည့်ပါဦး၊ သူ တစ်နေရာရာကို ပြောင်းချင်တယ်လို့များ ခင်ဗျားကို သူ ပြောခဲ့ဖူးသလား၊ ဥပမာ. . . မက်စီကို ဒါမှမဟုတ် အလာစကာလို နေရာမျိုးဆိုပါတော့"

ဘီလ်က ခေါင်းကို ခါယမ်းလိုက်သည်။ သူ့အနေဖြင့် ဘယ်လိုမှ မပြောတတ်အောင် ဖြစ်ရသည်။ အာတီက ရှရွန်နှင့်နီးလ်တို့ကို ပြန်ပေးဆွဲထားသည်ဟု သူတို့အားလုံး ယူဆထားကြသည်။ သည်အချက်လောက်တော့ သူက ကောင်းကောင်းသဘောပေါက်သည်။

တကယ်တော့ အာတီက လူအေးတစ်ယောက်ပါ။

အလွန်တော်သော စက်ပြင်ဆရာတစ်ယောက်။

လွန်ခဲ့သော နှစ်ပတ်ကျော်ကျော်လောက်ကပဲ အာတီ၏ကားပြင်ဌာနသို့ သူ ရောက်သွားခဲ့သေးသည်။ နီးလ်လည်း သူနှင့်ပါလာသည်။ ထိုနေ့ညကစပြီး နီးလ်သည် ပန်းနာရင်ကျပ် ပေါ်လာသည်။ သည်အချက်ကိုလည်း သူက ကောင်းကောင်းမှတ်မိသည်။

သူက အာတီပြောခဲ့သော စကားများကို ပြန်ပြီးစဉ်းစားကြည့်သည်။

သို့သော် အာတီပြောတာက နည်းနည်းကလေး။

သူကသာ တောင်စဉ်ရေမရစကားတွေ ဖောင်လောက်အောင် ပြောခဲ့သည်။

စုံထောက်လာမွန်ကလည်း သူ့ကိုယ်သူ တော်တော်မကျေမချမ်းဖြစ်နေမိသည်။

သူသည် မစ်လ်တာဗန်အရက်ဆိုင်တွင် သွားထိုင်ပြီး အာတီကို စောင့်ကြည့်ခဲ့သည်။ သို့သော် မသင်္ကာစရာ ဘာတစ်ခုမှ မတွေ့ရ။ အာတီကို လိုက်နေလို့တော့ အချိန်ကုန်ရုံပဲရှိမယ်ဟူ၍ပင် သူက ဌာနချုပ်သို့ အစီရင်ခံခဲ့သေးသည်။ သို့သော် အာတီအကြောင်းကို ဘီလ်ကတော့ ပိုသိနိုင်သည်။ သူတို့နှစ်ယောက်က တော်တော်လည်း ရင်းနှီးကြသည်။

ထိုနေ့က အာတီက အရက်ဆိုင်ထဲမှ နှုတ်ဆက်ပြီးပြန်ထွက်သွားသည်။

သူ့နှုတ်ဆက်ပုံက တစ်မျိုးတော့တစ်မျိုး၊ ဘယ်လိုတစ်မျိုးပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ဘီလ်က သူသိသလောက် ဆက်ပြောနေသည်။

"ဒီလူက လူအေးတစ်ယောက်ပါ၊ သူ့အလုပ်ကို သူ တော်တော်စိတ်ဝင်စားတယ်၊ တော်လဲတော်တဲ့လူပါ၊ အရက်မူးလာရင် သူက သိပ်မပြောဘူး၊ သူများပြောတာ နားထောင်ပြီး မေးခွန်းထုတ်တာက ပိုများတယ်"

"အဲ. . . ဟုတ်ပြီ ဟုတ်ပြီ၊ ခဏ. . ခဏ"

လာမွန်က ရုတ်တရက် ဝင်တားလိုက်သည်။

"ဘာလဲ"

ဟူးချ်က လာမွန်ဘက်လှည့်ရင်း. . .

"တစ်ခုခုများ ထူးတာရှိလို့လား"

"ဟုတ်တယ်၊ ထူးနိုင်တယ်၊ အဲဒီနေ့က အာတီနဲ့တခြားလူတွေ ဆိုင်ထဲကအထွက်မှာ ပြောသွားတာရှိတယ်။ ဘာတဲ့. . သူတို့ပြောသွားတာ. . အဲ. . ဟုတ်ပြီ၊ အာတီက မကြာခင် ရော့ဒ်အိုင်လင်းကို ထွက်သွားတော့မှာမို့ ဒီအတိုင်းဆိုရင် ဘီလ်ကို တွေ့ရမှာမဟုတ်တော့ဘူး ဆိုပြီး ပြောသွားတာ ကျွန်တော် ကြားလိုက်ရတယ်"

"အင်း. . . ဒါ စဉ်းစားစရာပဲ၊ ဒီကောင် ရော့ဒ်အိုင်လင်းသွားမလို့ စိတ်ကူးနေတာဖြစ်နိုင်တယ်"

"ဟုတ်တယ်. . . ကျွန်တော်လဲ အဲဒီလိုပဲ တွက်နေတယ်။ သူက အဲဒီလိုပြောတော့ ဟို. . ကြော်ငြာဌာနမှာလုပ်နေတဲ့ အလန်ကရိုးဂျားဆိုတဲ့လူက နောက်ပြောတာ တစ်ခုရှိသေးတယ်၊ ဘာပါလိမ့် သူပြောတာ၊ ဟို. . ဟို ပန်းချီခြယ်ထားတဲ့ ကန္တာရဆိုလား၊ ဟုတ်ပြီ ဟုတ်ပြီ အဲဒါပဲ"

"ဘာလဲ၊ ဘာအဲဒါလဲ"

ဟူးချ်က မေးလိုက်သည်။

"သူတို့က ဘီလ်ကို နှုတ်ဆက်မသွားရတာ ဆိုးတာပဲဆိုပြီး ပြောပြီးတဲ့နောက် အာတီက ရော့ဒ်အိုင်လင်းက အရစ်ဇိုနာမဟုတ်ပါဘူးဆိုပြီး ပြောသွားသေးတယ်၊ ဒါ အဓိပ္ပာယ် တစ်ခုခုတော့ ရှိမယ်ထင်တယ်"

"ရှိနိုင်တယ်၊ နေဦး မကြာခင် သိရလိမ့်မယ်"

ဟူးချ်သည် တယ်လီဖုန်းစားပွဲကို ခပ်မြန်မြန်လျှောက်သွားသည်။

ထိုအခိုက် မစ္စတာရော်ဂျာပယ်ရီ ဝင်လာသည်။ သူက စတီးဗ်၏ပခုံးပေါ် လက်တင်လိုက်ပြီး တယ်လီဖုန်းမှ အော်ပြောနေသော ဟူးချ်၏အသံကို နားစွင့်နေလိုက်သည်။

ဟူးချ်က ဖုန်းကိုပြန်ချလိုက်ပြီး. . .

"တကယ်လို့ သူသာ အရစ်ဇိုနာကို သွားတာမှန်ရင် ကျုပ်တို့သူ့ကို ဖမ်းမိမှာ သေချာတယ်. . မစ္စတာပက်တာဆင်၊ ဒါတော့ ကျုပ် သေချာပေါက် ပြောနိုင်ပါတယ်"

"ဘယ်တော့လဲ"

ဤတွင် ရော်ဂျာက မျက်နှာမသာမယာဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"စတီးဖ်. . ခဏလိုက်ခဲ့ပါ၊ ဂလင်ဒါက မောင်ရင့်ကို အရေးတကြီးပြောစရာရှိလို့တဲ့ လာပါ"

စတီးဖ်က ခေါင်းကို ခါယမ်းလိုက်သည်။

"ကဲ. . . လာပါ ကျုပ်ပါလိုက်မယ်" ဟူး၏ချ်က ပြောသည်။

ပြီးတော့ ဟန့်ခ်လာမွန်ဘက်သို့ လှည့်ပြီး. . .

"ဟန့်ခ်က ဒီမှာစောင့်ကျန်ရစ်"

စတီးဖ်က ခေတ္တတွေနေပြီးတော့မှ . . .

"ကောင်းပြီလေ" ဟုပြောကာ အိမ်ရှေ့သို့ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။

ဤတွင် ဟူး၏ချ်က. . .

"နေပါဦး၊ အဲဒီက မသွားပါနဲ့၊ နောက်ဖေးဘက်က လှည့်ထွက်ရအောင်၊ နို့မဟုတ်ရင် သတင်းထောက်တွေနဲ့ဝင်တိုးနေရဦးမယ်"

စတီးဖ်က ယဲ့ယဲ့ကလေးပြုံးလိုက်ပြီး. . .

"ကိစ္စမရှိပါဘူး၊ ကျွန်တော် သူတို့ကို ရှောင်မသွားချင်ဘူး"

သူက တံခါးကို ဖွင့်လိုက်သည်။ သတင်းထောက်များက စုံထောက်များကို တိုးဝှေ့ပြီး စတီးဖ်ဆီသို့ စုပြုံလာကြသည်။ သူ့မျက်နှာရှေ့တွင် မိုက်ကရိုဖုန်းတွေ ရှုပ်ယှက်ခတ်နေသည်။ ရုပ်မြင်သံကြားစက်ဆရာတွေကလည်း ဟိုပြေးသည်လာ ရိုက်ကွက်ရွေးနေကြသည်။

"မစ္စတာပက်တာဆင် ဒီကိစ္စနဲ့ပတ်သက်ပြီး နောက်ထပ်ဘာများ ထူးခြားချက် ရှိပါသေးသလဲ"

"ဘာမှမရှိပါဘူး"

"ရှုရွန်နဲ့လူကြီးမင်းရဲ့ သားကလေးကို ပြန်ပေးက တကယ်သတ်လိမ့်မယ်လို့ ယူဆပါသလား"

"သူ့အနေနဲ့ ဒီအလုပ်မျိုးလုပ်နိုင်တယ်ဆိုတာ ယုံကြည်နိုင်လောက်တဲ့အကြောင်း ရှိပါတယ်"

"ဒီတော့. . ဗုံးပေါက်ကွဲချိန်နဲ့ ရှိနယ်သွမ်မဆင်ကို သေဒဏ်ပေးချိန် တူညီနေတာကို ဘယ်လိုယူဆပါသလဲ၊ တိုက်ဆိုင်မှုလို့ပဲ ယူဆပါသလား"

"ဒီကိစ္စကို ကျုပ်က တိုက်ဆိုင်မှုလို့ မယူဆပါဘူး၊ အဲဒီမြေခွေးဆိုတဲ့ ပြန်ပေးဟာ ကျုပ်ဇနီးသေဆုံးမှုနဲ့လဲ ပတ်သက်နေတယ်လို့. . ကျုပ်ယူဆတယ်၊ ဒီအကြောင်းကို ကျုပ်က ပြည်နယ်အုပ်ချုပ်ရေးမှူးကို ပြောပြဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် သူက ကျုပ်နဲ့ အတွေ့မခံဘူး၊ ဒါကြောင့်မို့ အခုအချိန်ကစပြီး ရှိနယ်သွမ်မဆင်အမှုကို ရွှေ့ဆိုင်းထားဖို့အတွက် ကျုပ်က သူ့ဆီကို လူသိရှင်ကြား တောင်းဆိုပါတယ်၊ ရှိနယ်သွမ်မဆင်မှာ လုံးဝအပြစ်မရှိပါဘူးလို့ ကျုပ် ယုံကြည်ပါတယ်"

"မစ္စတာပက်တာဆင်. . . ဒီလိုဆိုရင် မစ္စတာပက်တာဆင်ရဲ့ သားကလေးနဲ့ မစ္စစ်ရှုရွန်တို့ရဲ့ အသက်အန္တရာယ်အတွက် စိုးရိမ်လွန်နေတာကြောင့် သေဒဏ်အပြစ်ပေးခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက်လုံးထောက်ခံလာတဲ့ မစ္စတာပက်တာဆင်ရဲ့ ခံယူချက်ကို အခုလို ပြောင်းလဲလိုက်ပြီလို့ ဆိုလိုပါသလား၊ ဒီတော့. . . အဲဒီပြန်ပေးကို ဖမ်းမိလို့ သေဒဏ်ပေးခဲ့ရင်လဲ အဲဒီလို သေဒဏ်ပေးတာကို မစ္စတာပက်တာဆင်အနေနဲ့ လက်ခံသဘောတူနိုင်ပါ့မလား"

စတီးဖ်က သူ့မျက်နှာရှေ့မှ မိုက်ခွက်များကို လက်နှင့်ဖယ်ပစ်ရင်း ရှေ့သို့တိုးသွားပြီးနောက်. . .

"ခင်ဗျားတို့မေးခွန်းကို ကျွန်တော် ဖြေပါ့မယ်"

သတင်းထောက်များက စိတ်ဝင်စားစွာဖြင့် ငြိမ်နေကြသည်။

စတီးဖ်က ကင်မရာဘက်သို့ တည့်တည့်ကြီးမျက်နှာမူလိုက်ပြီး. . .

"ဟုတ်ပါတယ်၊ ကျွန်တော့်ခံယူချက် ပြောင်းလဲသွားပါပြီ၊ ကျွန်တော် ဒီစကားကိုပြောတာ ကျွန်တော့်သားကလေးနဲ့ မစ္စစ်ရှုရွန်တို့ အသက်ရှင်နေဖို့အကြောင်း မရှိတော့ဘူးလို့ဆိုတဲ့ အသိဝင်ပြီးတဲ့နောက်မှ ပြောတာပါ၊ ဒါပေမယ့်. . သူတို့သေဆုံးပြီးမှ ပြန်ပေးကို ဖမ်းမိခဲ့ရင်တောင်မှ ကျွန်တော့်အနေနဲ့ အသိတစ်ခု ရရှိထားပါပြီ၊ လွန်ခဲ့တဲ့ နှစ်ရက်အတွင်းမှာ ရရှိခဲ့တဲ့ အသိပါ၊ အဲဒီအသိက တခြားမဟုတ်ပါဘူး၊ ***လူသားတစ်ယောက်ဟာ. . . အခြားလူသားတစ်ယောက်ယောက်ရဲ့ အသက်သေရမယ့်အချိန်ကို ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး***ဆိုတဲ့ အသိပါပဲ၊ အဲဒီလို အမိန့်အာဏာမျိုးကို ထာဝရဘုရားသခင်မှသာလျှင် ပိုင်ဆိုင်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်၊ ဒါကြောင့်မို့. . ."

သူက အက်ကွဲသောအသံဖြင့်. . .

"ဒါကြောင့်မို့လို့ မကြာမီအချိန်ပိုင်းအတွင်းမှာ ရှုရွန်၊ သွမ်မဆင်နဲ့ နီးလ်တို့ကို ထာဝရဘုရားသခင်က သေမင်းလက်က ကယ်တင်နိုင်ပါစေလို့ပဲ ကျွန်တော် ဆုတောင်းပါတယ်"

သူ့မျက်လုံးအစုံမှ မျက်ရည်တွေ စီးကျလာသည်။

"ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

သတင်းစာဆရာများက ငြိမ်သက်စွာဖြင့် လမ်းရှဲပေးကြသည်။ သူက လမ်းမဘက်သို့ လျှောက်ထွက်သွားသည်။ မစ္စတာရော်ဂျာနှင့် ဟူးချ်တို့က သူ့နောက်မှ ပြေးလိုက်လာကြသည်။

❁

မစ္စက်ရော်ဂျာဂလင်ဒါက တံခါးမှ အဆင်သင့်ရပ်စောင့်နေသည်။ သူမကိုယ်တိုင်ပင် တံခါးဖွင့်ပေးသည်။ ထို့နောက် စတီးဖ်၏ပခုံးနှစ်ဖက်ကို သိုင်းဖက်လိုက်ရင်း. . .

"စတီးဖ်ရယ် ဘယ်လိုလုပ်ကြတော့မလဲဟင်၊ အချိန်မှမီပါ့ဦးမလားဟင်"

"ဖြစ်တဲ့နည်းနဲ့ ကြိုးစားရမယ်၊ ကျွန်တော့်သားကလေးနဲ့ ရှုရွန်တို့ အသေမခံနိုင်ဘူး၊ အသေမခံနိုင်ဘူး"

သူကပြောရင်း ငိုသံပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မစ္စက်ဂလင်ဒါက စတီးဖ်၏ပခုံးကို ဖက်ထားရင်း ဘာမှမပြောတတ်အောင် ငိုင်နေမိသည်။ စတီးဖ်က ပခုံးနှစ်ဖက် သိမ့်သိမ့်လှုပ်ရင်း ရှိုက်ငိုနေသည်။

ဩော်. . . ဘုရားသခင် ငါ အသိနောက်ကျလေခြင်း၊ အသိနောက်ကျလေခြင်း။

စတီးဖ်က တရှုပ်ရှုပ်ငိုနေရာမှ စိတ်ကိုတင်းကာ မစ္စက်ဂလင်ဒါကို မော့ကြည့်လိုက်သည်။

"ကဲ,အန်တီ၊ ဘာမှစိတ်မကောင်းဖြစ်မနေပါနဲ့တော့၊ အန်တီက သိပ်နေကောင်းတာမဟုတ်ဘူး"

"အန်တီနေကောင်းပါတယ်ကွယ်၊ အန်တီအတွက် ဘာမှမပူပါနဲ့၊ လာပါသားရယ်၊ သားက မအိပ်မစားတာဟာ. . နှစ်ရက်တောင်ရှိပြီ၊ လက်ဖက်ရည်တစ်ခွက်လောက်တော့ သောက်လိုက်ပါဦး"

သူတို့သည် ငြိမ်သက်စွာဖြင့် ထမင်းစားခန်းသို့ ဝင်လာခဲ့ကြသည်။

"ဒါနဲ့ မစ္စတာပက်တာဆင်. . ."

ဟူးချ်က စဉ်းစဉ်းစားစားအမူအရာဖြင့် ပြောလိုက်သည်။

"ဒီနေ့ အထူးထုတ် မနက်သတင်းစာတွေမှာ ရှုရွန်နဲ့ နီးလ်တို့ရဲ့ ဓာတ်ပုံတွေ ပါလာတာမြင်ပြီးပြီလား။ ပြီးတော့ ရုပ်မြင်သံကြားတွေကလည်း ထုတ်လွှင့်နေကြတယ်၊ အဲဒီတော့ တစ်ယောက်ယောက်က အဲဒီဓာတ်ပုံတွေကြည့်ပြီး သူတို့သွားတာလာတာ မှတ်မိနိုင်စရာများ ရှိမလားလို့"

"သူတို့ကို ဖမ်းထားတဲ့ပြန်ပေးက သူတို့နှစ်ယောက်လက်ဆွဲပြီး လမ်းမကြီးပေါ် လျှောက်သွားနေမယ်လို့ မစ္စတာဟူးချ်က ထင်လို့လား"

စတီးဖ်က ဒေါသသံဖြင့် ပြန်မေးလိုက်သည်။

"ဩော်ဝ ကျုပ်ပြောတာ ဒီလိုပါ၊ တစ်ယောက်ယောက်ကများ သွားရင်းလာရင်းက အမှတ်တမဲ့ သဲလွန်စတစ်ခုခုများပေးနိုင်မလားလို့ပါ၊ ပြန်ပေးက ဖုန်းဆက်နေတာကို တစ်ယောက်ယောက်က အမှတ်မထင်ကြားလိုက်မိတာလဲ ရှိနိုင်တာပေါ့၊ ဒါမှမဟုတ် အရက်ဆိုင်တို့ ဘာတို့မှာ မူးမူးနဲ့ လျှောက်ပြောနေတာကို တစ်စွန်းတစ်စကြားလိုက်တဲ့ လူတစ်ယောက်ယောက်ရှိနိုင်တယ်"

မာရီယံဟော်ဂလာက ရေနွေးအိုးမှရေကို လက်ဖက်ရည်ကရားထဲ လောင်းထည့်လိုက်သည်။ ထမင်းစားခန်းနှင့် မီးဖိုခန်းကြားမှ တံခါးပွင့်နေသဖြင့် သူတို့ပြောနေသံတွေကို သူမ အားလုံးကြားနေရသည်။

မစ္စတာပက်တာဆင်ခမျာ သနားစရာပါပဲ။ ငါ့ကို စကားပြောတုန်းကတော့ သူက တော်တော်ရိုင်းတာပဲ။ ဒါပေမယ့် အဲဒီတုန်းက သူ့ခမျာ သားကလေးအတွက် သောကကြောင့် စိတ်ရှုပ်နေတာနဲ့ ပြောမိပြောရာ ပြောမိခဲ့တာဖြစ်မှာပါ။ ငါကလဲ ဘာမှမသိရသေးတော့ စေတနာရိုးရိုးနဲ့ ပြောလိုက်မိတာ၊ လူတွေကို အကဲခတ်ဖို့ မလွယ်ပါဘူး။ သူ့ရင်ထဲမှာ ဘယ်လို ဒုက္ခတွေ ခံစားနေရတယ်ဆိုတာ သိဖို့မလွယ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် လက်ဖက်ရည်ကရားကိုယူပြီး အခန်းထဲသို့ ဝင်လာသည်။

စတီးဖ်က မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် ဖုံးထားသည်။

"မစ္စတာပက်တာဆင်"

သူမက အသံသာသာဖြင့် ခေါ်လိုက်သည်။

"လက်ဖက်ရည်ပူပူကလေးတစ်ခွက်လောက် သောက်လိုက်ပါဦးနော်"

မာရီယံက စတီးဖ်၏ရှေ့မှ လက်ဖက်ရည်ပန်းကိုယူပြီး ကရားထဲမှ လက်ဖက်ရည်ကို ငှဲ့ထည့်သည်။

စတီးဖ်သည် မျက်နှာပေါ်မှ လက်နှစ်ဖက်ကို ဖြည်းဖြည်းကလေး ပြန်ရုပ်လိုက်သည်။

လျှပ်တစ်ပြက်အတွင်းမှာ လက်ဖက်ရည်ကရားသည် ဝရုန်းသုန်းကားဖြစ်ကာ ကျွမ်းပြန်သွားပြီး စားပွဲပေါ်တွင် လက်ဖက်ရည်တွေ အိုင်ထွန်းသွားတော့သည်။

တစ်ပြိုင်တည်းတွင် ဂလင်ဒါ၊ ရော်ဂျာနှင့် ဟူးချ်တို့မှာလည်း ဘာမသိညာမသိဖြင့် လန့်ဖျပ်သွားကြပြီး ထိုင်ရာမှ ဆတ်ခနဲ ထလိုက်မိကြသည်။

သူတို့သုံးယောက်သည် မာရီယံ၏လက်ကို ဆုပ်ကိုင်ထားသော စတီးဖ်အား တအံ့တသြကြည့်ကာ ကြက်သေ သေနေကြသည်။

ဤတွင် စတီးဖ်က ဒေါသအိုးပေါက်ကွဲသံကြီးဖြင့်. . .

"ဒီလက်စွပ် ခင်ဗျား ဘယ်ကရသလဲ၊ ဒီလက်စွပ် ဘယ်ကရတာလဲ"

. . . ဟူ၍ အကျယ်ကြီး အော်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၄၄

ဆိုးမားအကျဉ်းထောင်တွင် မစွက်သွမ်မဆင်သည် သူမ၏သားငယ်ကို နောက်ဆုံးနှုတ်ဆက်နေသည်။ သူမသည် သားဖြစ်သူ၏ ကတုံးပြောင်ကြီးကို ကြောင်ကြောင်ကြီး စိုက်ကြည့်နေသည်။

သားဖြစ်သူက မိခင်ကြီးအား သိုင်းဖက်လိုက်သည်။ သူမသည် ငို၍ မရတော့။ သူမ၏မျက်လုံးများတွင် မျက်ရည်တွေ ခန်းခြောက်ကုန်ကြပြီ။

သူမသည် သားငယ်၏မျက်နှာကို လက်နှစ်ဖက်ဖြင့် ဖျစ်ညှစ်ကာ အနီးကပ် ကြည့်လိုက်သည်။

"သတ္တိရှိပါ လူလေးရယ်. . . သတ္တိရှိပါ"

"စိတ်ချပါ မေမေ၊ သားအတွက် ဘာမှမပူပါနဲ့မေမေ၊ ဘော့ဘ်က မေမေ့အတွက် ဆက်ပြီး ကူညီပါလိမ့်မယ်"

သူမသည် လေးလံသောခြေလှမ်းများဖြင့် သားဖြစ်သူအနီးမှ ပြန်ထွက်လာခဲ့သည်။ သည်ကိစ္စကို ဆုံးခန်းတိုင်အောင် ဆက်လိုက်ရန် ဘော့ဘ်က ဆုံးဖြတ်ထားသည်။

သည်အချက်ကို သူမ ကောင်းကောင်းသိသည်။

အချိန်ရှိတုန်း ဘော့ဘ်နှင့်သွားတွေ့လိုက်လျှင် သူ့အတွက် အလုပ်လုပ်ရတာ ပို၍ လွယ်ကူသွားလိမ့်မည်။

အကျဉ်းထောင်အပြင်ဘက်တွင် လေတဟူးဟူးတိုက်နေသည်။

သူမတစ်ကိုယ်လုံးသည် အအေးဒဏ်ကြောင့် ခိုက်ခိုက်တုန်နေသည်။

သူမရှေ့တွင် ရဲကားတစ်စီး ရုတ်တရက်ထိုးရပ်လိုက်သည်။

"ဘယ်သွားမလို့လဲ အန်တီ၊ ကျွန်တော်လိုက်ပို့ပါရစေ၊ အားနာစရာမရှိပါဘူး"

"ကျေးဇူးတင်ပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ကားပေါ်ဝင်ထိုင်လိုက်သည်။

"အန်တီက တည်းခိုရိပ်သာမှာ တည်းနေတယ်မဟုတ်လား၊ အခု ကျွန်တော် အဲဒီကို လိုက်ပို့ရမှာလား အန်တီ"

"ဟင့်အင်း အန်တီ့ကို စိန့်ဘားနက်ဘုရားရှိခိုးကျောင်းကို ပို့ပေးပါ သားရယ်"

❁

ဘုရားကျောင်းတွင် မနက်ပိုင်း ဝတ်ပြုပွဲအခမ်းအနားများ ပြီးဆုံးသွားကြပြီ။ ဘုရားကျောင်းခန်းမကြီးတစ်ခုလုံး လူသူကင်းမဲ့ပြီး ခြောက်ကပ်တိတ်ဆိတ်လျက် ရှိသည်။ မစ္စက်သွမ်မဆင်သည် ခရစ်တော်၏ မယ်တော်မာရီရုပ်တုရှေ့တွင် ဒူးတုပ်ထိုင်ချလိုက်သည်။

"မယ်တော်ဘုရား ကျွန်မသားငယ်နဲ့ ဆုံးခန်းတိုင် ရှိနေပါစေ၊ ကျွန်မ၏နှလုံးသားမှ အမုန်းတရားကိုလည်း ဖယ်ရှားပေးတော်မူပါ၊ အပြစ်ကင်းမဲ့တဲ့ သားရတနာကို စွန့်လွှတ်ခံရတဲ့ မယ်တော်သည် ကျွန်မ၏သားငယ်ကို ကျွန်မစွန့်လွှတ်ရသောအခါမှာလဲ ကူညီစောင့်ရှောက်ပေးတော်မူပါ မယ်တော်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

## ၄၅

မာရီယံသည် နတ်ဝင်သည်လို တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ ပါးစပ်ကလည်း ဘာစကားမှ ပြောလို့မရ။ လည်ချောင်းတွေစေ့ပြီး လျှာတွေမာတောင့်နေသလို ဖြစ်နေသည်။ သူမလက်တွင် လက်ဖက်ရည်ပူလည်း လောင်သွားသည်။ မစ္စတာပက်တာဆင်က လက်စွပ်ကို အတင်းဆွဲချွတ်တုန်းကလည်း လက်နာသွားသည်။

အားလုံးကပင် သူမအား စိန်းစိန်းဝါးဝါး စိုက်ကြည့်နေကြသည်။ စတီးဖ်က သူမ၏ လက်ကောက်ဝတ်ကို အတင်းဖျစ်ညှစ်ကာ အော်မေးနေပြန်သည်။

"ပြောစမ်း. . . မှန်မှန်ပြောစမ်း၊ ဒီလက်စွပ် မင်းဘယ်ကရသလဲ"

"ကျွန်မ. . . ကျွန်မ. . ကောက်. . . ကောက်ရတာပါရှင်"

သူမသည် တစ်ကိုယ်လုံးတုန်နေသလို အသံတွေလည်း တုန်နေသည်။

သူမ ငိုတော့မည်။

"ကောက်ရတယ်. . . ဟုတ်လား"

ဟူးချ်က စတီးဖ်၏လက်ကို အသာဆွဲဖြုတ်ရင်း မေးလိုက်သည်။

"ကောက်ရတယ်. . . ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဘယ်မှာရတာလဲ"

"ကျွန်မကားထဲမှာပါ"

ဟူးချ်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး စတီးဖ်၏မျက်နှာကို လှည့်ကြည့်လိုက်သည်။

"ဒီလက်စွပ်ဟာ ရှုရွန်ကို ခင်ဗျားပေးတဲ့ လက်စွပ်ဆိုတာ သေချာရဲ့လား"

"ဟာ, သိပ်သေချာပါတယ်ခင်ဗျား၊ ကျွန်တော်မက္ကဆီကိုရောက်တုန်းက ရွာကလေးတစ်ရွာက ဝယ်လာခဲ့တာ၊ ဒါမျိုးက ဒီမှာမရှိပါဘူး၊ ဒီမှာကြည့်. . . "

သူက လက်စွပ်ကို လက်ဖျားပေါ်တင်၍ လှုပ်ပြလိုက်သည်။

"လက်ဝဲဘက်စောင်းမှာ အခုံးတန်းကလေးနဲ့ တမင်လုပ်ထားတာ စမ်းကြည့်ပါလား'

ဟူးချ်က လက်စွပ်ကို လက်နှင့်ပွတ်ကြည့်လိုက်သည်။

သူ့မျက်နှာ တင်းမာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . မစွက်ဖော်ဂလာ၊ ခင်ဗျားအပေါ်အကျီချွတ်ယူပါ၊ ခင်ဗျားကို မေးမြန်းစရာတွေ ရှိတယ်"

သူက ခပ်မြန်မြန်ပင် ကျမ်းကိုင်လိုက်သည်။

"သင့်အား မေးသမျှကို သင့်ဆန္ဒအတိုင်း မဖြေလိုက မဖြေဘဲနေနိုင်သည်၊ သို့သော် သင်ထွက်ဆိုသမျှကို သင့်အတွက် စွဲချက်အဖြစ် အသုံးပြုနိုင်သည်၊ သင်သည် ရှေ့နေငှားရမ်းနိုင်ခွင့်ရှိသည်၊ ကဲ. . . လာ. . . သွားကြစို့"

"ဘုရားသခင်. . . ဒါက ဘာလုပ်တာလဲ မစ္စတာဟူးချ်"

စတီးဖ်က အော်ပြောလိုက်သည်။

"ဘယ့်နှယ်လုပ်ပြီး မေးတာကို မဖြေချင် မဖြေဘဲ နေနိုင်တယ်လို့ ပြောရတာလဲ၊ အဓိပ္ပာယ်မရှိတာဘဲ၊ မေးသမျှကို သူ ဖြေကိုဖြေရမယ်ခင်ဗျာ"

ဂလင်ဒါက မာရီယံအား မျက်နှာကြောတင်းတင်းနှင့် ကြည့်နေသည်။

သူမ၏မျက်နှာတွင် မုန်းတီးရိပ်တွေ ပေါ်လွင်နေ၏။

"ညည်းက ဒီနေ့မနက်ပဲ အာတီအကြောင်းပြောသေးတယ်၊ အာတီကညည်းကားကို ပြင်ပေးတယ်ဆို၊ အံ့ပါရဲ့တော်. . ညည်းလိုကလေး အမေတစ်ယောက်က ကိုယ်ချင်းစာတရား တော့ထားဖို့ကောင်းပါတယ်၊ ဒီကိစ္စမှာ ကြံရာပါဖြစ်နေတော့ ငါတော့ လက်တွေ့မှိုသာ ယုံရပါ သတော်"

"ဟင်. . . သူက အာတီအကြောင်း ပြောသေးတယ်ဟုတ်လား"

ဟူးချ်က ဖြတ်မေးလိုက်သည်။

"ဟုတ်တယ်. . . သူပြောသေးတယ်"

"ဒါဖြင့် သူဘယ်မှာလဲ၊ ပြောစမ်း"

စတီးဖ်က ဒေါသဖြင့် ပြောလိုက်သည်။

"သူတို့ကို သူ ဘယ်မှာဝှက်ထားသလဲဘုရားသခင်ရေ. . ကျွန်တော်ခုမှသတိရတယ်၊ ကျွန်တော် သူ့ကို ပထမဆုံးတွေ့တဲ့နေ့က သူက နီးလ်အကြောင်းတောင်ပြောသေးတာပဲ၊ မဟုတ်ဘူးလား၊ မင်း မပြောဘူးလား"

စတီးဖ် ထိုးတော့ကြိတ်တော့မလို ရှူးရှူးရှဲရှဲဖြစ်နေသည်။

"စတီးဖ်. . စတီးဖ် စိတ်ထိန်းပါ"

ဟူးချ်က စတီးဖ်၏လက်ကို လှမ်းကိုင်လိုက်သည်။

မာရီယံသည် သူမကိုယ်သူမ မူးမေ့လဲကျသွားတော့မလို ခံစားလိုက်ရသည်။

မှန်ပါသည်။ သူမသည် လက်စွပ်ကို သိမ်းဆည်းထားခဲ့သည်မှာ မှန်ပါသည်။

သို့သော် ရိုးရိုးသားသား ကောက်ရခြင်းသာဖြစ်ပါသည်။

ယခုတော့ သည်လက်စွပ်ကို အကြောင်းပြုပြီး သူမလည်း ပြန်ပေးမှုတွင် ကြံရာပါ တစ်ယောက်ဟူ၍ သူတို့က စွပ်စွဲနေကြပါပြီ။ သူတို့ ယုံအောင် သူမ ဘယ်လိုပြောရပါ့။ ခေါင်းထဲမှာ မူးနောက်နောက် ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ မစဉ်းစားတတ်တော့သလို ခံစားရသည်။ သူမ၏ခင်ပွန်းကိုခေါ်ပြီး ရှင်းပြနိုင်းလျှင် ကောင်းလိမ့်မည်။ ထိုလက်စွပ်ကို သူမ ကားထဲမှ ကောက်ရခြင်းမှန်ကြောင်း ဂျင်ကို ပြောပြနိုင်းမှ ဖြစ်တော့မည်။

တစ်ခန်းလုံး ချာချာလည်လာသည်။ သူမခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။

စားပွဲကို ရုတ်တရက် လှမ်းကိုင်ထားလိုက်သည်။

စတီးဖ်က ဝုန်းခနဲထပြီး သူမကို ဖေးမထားလိုက်သည်။

သူမမျက်လုံးတွေ ဝါးနေသည်။ စတီးဖ်၏မျက်နှာကို ကြိုးစားပြီး ကြည့်လိုက်သည်။ သူ့မျက်နှာတွင် ဒေါသရိပ်တွေ မြင်နေရသည်။ သူမက သူ့ကို တော်တော် သနားသွားသည်။ စိတ်ကိုထိန်းပြီး ကြိုးစားပြောလိုက်သည်။

"မစ္စတာပက်တာဆင်၊ ကျွန်မ ဘယ်သူ့ကိုမှ နစ်နာအောင်မလုပ်ဖူးပါဘူး။ ယုံပါရှင်၊ ကျွန်မ အမှန်အတိုင်း ပြောတာပါ။ ရှင့်ကို ကျွန်မ ကိုယ်ချင်းစာပါတယ်၊ တတ်နိုင်ရင် ကူညီချင်တဲ့ စိတ်လည်း ရှိပါတယ်၊ ဒီလက်စွပ်ကို ကျွန်မ ကောက်ရတာအမှန်ပါ၊ ကျွန်မတို့ကားထဲက ရတာပါ။ ကျွန်မတို့ကားကို တနင်္လာနေ့ညက သူခိုးခိုးခံရပါတယ်၊ အဲဒီကားကို အာတီကပြန်ပြင် ပေးထားတာပါ"

သူမ၏မျက်နှာတွင် ကြောက်လန့်မှုနှင့် ရိုးသားမှုများ ပေါ်လွင်နေသည်။

စတီးဖ်က သူမကို စိုက်ကြည့်နေသည်။

မာရီယံ၏စကားကြောင့် သူ့ခေါင်းထဲတွင် အတွေးဝင်လာသည်။

"အခိုးခံရတယ်ဟုတ်လား၊ တနင်္လာနေ့ညက ဟုတ်လား"

"ကဲပါ. . . ဒီကိစ္စ ကျုပ်ကိုင်ပါ့မယ်"

ဟူးချ်က ဝင်ပြောလိုက်သည်။

သူက မာရီယံအတွက် ကုလားထိုင်ဆွဲပေးသည်။

မာရီယံက ကုလားထိုင်တွင် ဝင်ထိုင်သည်။

"မစ္စက်ဗော်ဂလာ. . . ခင်ဗျားက အမှန်အတိုင်းပြောတာသာမှန်ခဲ့ရင် ဒီကိစ္စမှာ ခင်ဗျားက ကျုပ်တို့ကို ကူညီနိုင်တာရှိကောင်းရှိနိုင်တယ်၊ အဲဒီတော့ ကျုပ်မေးမယ်၊ အာတီကို ခင်ဗျား ဘယ်လိုလုပ်သိတာလဲ"

"ကျွန်မက သူ့ကို ရင်းရင်းနှီးနှီးသိတာမဟုတ်ပါဘူး၊ သူက စက်ပြင်ဆရာတစ်ယောက်ပါ၊ တော်လဲတော်ပါတယ်၊ တနင်္ဂနွေနေ့မှာ ကျွန်မ သူ့ဆီက ကားကိုပြင်ပြီး ယူလာပါတယ်၊ တနင်္လာနေ့ကျတော့ ကာလေလဟာပြင်မှာ (၄)နာရီခွဲပွဲ ရုပ်ရှင်သွားကြည့်ပါတယ်၊ ကျွန်မက ကားကို ရုပ်ရှင်ရုံနောက်ဘက်မှာ ရပ်ထားခဲ့ပါတယ်၊ ကျွန်မ ခုနစ်နာရီခွဲ ရုံထဲက ပြန်ထွက်လာ တော့ ကားမရှိတော့ပါဘူး"

"ဒီလိုဆို. . . ခင်ဗျားကားအကြောင်း သူ ကောင်းကောင်းသိနေတာပေါ့"

ဟူးချ်က ပြောသည်။

"ခင်ဗျားရုပ်ရှင်သွားကြည့်မယ်ဆိုတာ သူသိသလား"



www.burmeseclassic.com

www.burmeseclassic.com



"သိနိုင်ပါတယ်၊ သူ့အလုပ်ရုံမှာ ကျွန်မတို့ပြောနေတာ ကြားနိုင်ပါတယ်၊ ပြီးတော့. . . သူက ကားကို ဆီလဲထည့်ပေးသေးတယ်၊ အဲဒါက ကားပြင်ခစရိတ်ကြီးသွားတဲ့အတွက် အပိုဆုပေးတာလို့လဲ သူက ပြောပါသေးတယ်"

"အဲဒီကားက အရောင်ရင့်ရင့် ခပ်ကျယ်ကျယ်ကားလို့ ကျွန်မပြောတာ မှတ်မိသေးသလား"

မစ္စက်ဂလင်ဒါက ဝင်ပြောသည်။

"ဟုတ်ပြီ. . . ဒီအချက်ဟာ သိပ်ပြီးအရေးကြီးပါတယ် မစ္စက်ဇော်ဂလာ"

ဟူးချ်က ပြောသည်။

"အဲဒီတော့ ခင်ဗျားကားကို ဘယ်နေရာက ပြန်ရသလဲ"

"နယူးယောက်မြို့ထဲမှာပါ၊ ရဲကားက တွေ့လို့ ဆွဲယူလာတာ၊ ကားကို လမ်းမကြီးမှာ ရပ်ထားလို့ ဒဏ်ငွေတောင် ဆောင်လိုက်ရပါသေးတယ်"

"ဘယ်နေရာမှာလဲ၊ ကားကို အတိအကျတွေ့ရတဲ့ နေရာသိသလား"

မာရီယံ ပြန်စဉ်းစားနေသည်။

"ဟိုတယ်တစ်ခုအနားမှာပဲ၊ ဘာဟိုတယ်ပါလိမ့်. . ."

"စဉ်းစားကြည့်ပါဦး၊ ဘာဟိုတယ်လဲ၊ အဲဒါသိရရင် အများကြီး အချိန်ကုန်သက်သာသွားနိုင်ပါတယ်"

မာရီယံက ခေါင်းကို ခါယမ်းလိုက်သည်။

"ကျွန်မ မမှတ်မိပါဘူးရှင်"

"ခင်ဗျားယောက်ျား မှတ်မိနိုင်မလား"

"ဟုတ်ကဲ့. . . မှတ်မိနိုင်မှာပါ၊ ဒါပေမယ့် ဒီနေ့ သူ အလုပ်မှာ ရှိချင်မှရှိမှာ၊ အပြင်လုပ်ငန်းနဲ့ ထွက်ချင်ထွက်နေမှာ၊ သူ့စက်ရုံကို ဆက်ကြည့်ရင်တော့ သိရမှာပဲ"

"ဒါနဲ့ ခင်ဗျားတို့ကားလိုင်စင်နံပါတ်က ဘယ်လောက်လဲ"

မာရီယံက လိုင်စင်နံပါတ်ကို ပြောလိုက်သည်။

ပြီးတော့ သူမက ပြန်ပြီးစဉ်းစားနေသည်။

ဘာဟိုတယ်ပါလိမ့်။

ဂျင်ကတော့ အဲဒီဟိုတယ်ရှိတဲ့ လမ်းနာမည်ကို ပြောဖူးတယ်။

သူ့ဆီဆက်ဖို့ကလဲ မလွယ်ဘူး။

ငါ့နှယ် မှတ်ဉာဏ်ကလဲနည်းလိုက်တာ၊

ဘာလမ်းဆိုပါလိမ့်။ အဲ. . . ဟုတ်ပြီ ဟုတ်ပြီ. . . မှတ်မိပြီ။

"ကျွန်မ ခုမှသတိရပြီရှင့်၊ အဲဒီလမ်းနာမည်က 'ဗန်ဒါဘစ်လ်အဲဗင်းနယူး' တဲ့၊ အဲဒီလမ်းပေါ်က 'ဘီလ်မိုး' ဟိုတယ်ရှေ့မှာ ကျွန်မတို့ကား ရပ်ထားခဲ့တာ"

ဟူးချ်က တယ်လီဖုန်းကို ချက်ချင်းကောက်ကိုင်ပြီး နယူးယောက်မြို့ အက်ဖ်ဘီအိုင်ရုံးချုပ်သို့ ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆီ ချက်ချင်းသတင်းပြန်ပို့"

သူက ဖုန်းကို ပြန်ချလိုက်သည်။

"ဘီလ်မိုးဟိုတယ်ကို ကျုပ်တို့စုံထောက်တစ်ယောက် လိုက်သွားပြီ၊ အာတီနဲ့ ရုပ်ချင်းဆင်တဲ့ စုံထောက်တစ်ယောက်ကိုလဲ ခေါ်သွားတယ်၊ တစ်ခုခုတော့ ထူးပါလိမ့်မယ်"

သူတို့အားလုံး နားရွက်မခတ် ငြိမ်သက်နေကြသည်။

ဖုန်းခေါ်သံကိုသာ နားစွင့်နေကြသည်။

ဘုရားသခင်ကယ်တော်မူပါ. .

ကယ်တော်မူပါ . . .

စတီးဖ်က ကျိတ်ပြီး ဆုတောင်းနေသည်။

ဖုန်းမြည်လာသည်။

ဟူးချ်က ဖုန်းကို အလျှင်အမြန် လှမ်းကိုင်လိုက်သည်။

"ဘာထူးသလဲ"

သူက ခေတ္တနားထောင်နေလိုက်သည်။

ပြီးတော့ အော်ပြောလိုက်သည်။

"ဟုတ်ပြီ၊ ကောင်းပြီ၊ ကျုပ် ဟယ်လီကော်ပတာနဲ့ လာခဲ့မယ်"

သူက ဖုန်းကို ပြန်ချပြီး စတီးဖ်ဘက်သို့လှည့်ကာ. . .

"တနင်္ဂနွေနေ့ညက အေအာရေးနတ်ဆိုတဲ့ လူတစ်ယောက် လာတည်းတယ်တဲ့၊ သူမှာ အစိမ်းရောင်ကားတစ်စီးလည်း ပါတယ်၊ ဟိုတယ်ကားရုံမှာပဲ သွင်းထားတယ်တဲ့၊ သူ ဒီနေ့မနက်ပဲ ပြန်ထွက်သွားပြီ"

"ရေးနတ်. . . ဟုတ်လား၊ အဲဒါ ပြင်သစ်စကားပဲ၊ 'မြေခွေး'လို့ အဓိပ္ပာယ်ရတယ်"

ဂလင်ဒါက အော်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ အဲဒီအတိုင်းပါပဲ"

ဟူးချ်က ပြန်ပြောသည်။

"ဒါဖြင့်. . . သူ. . . "

စတီးဖ်က စားပွဲစွန်းကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ထားသည်။

"သူက တစ်ယောက်တည်းပဲ၊ ဟိုတယ်မှာလာတည်းပြီးတဲ့နောက် ဝင်လိုက်ထွက်လိုက်လုပ်နေတယ်လို့ ဟိုတယ်စာရေးက ပြောတယ်၊ တစ်ခါတလေ ဟိုတယ်ကထွက်သွားပြီး ခဏကလေးအတွင်း ပြန်ရောက်လာတတ်တယ်တဲ့၊ ဒီအတိုင်းဆိုရင် ရှရွန်နဲ့နီးလ်ကို မြို့လယ်တစ်နေရာရာမှာ ဖွက်ထားတာ ဖြစ်နိုင်တယ်၊ သူ့ဆီက ကက်ဆက်တိတ်ခွေထဲမှာ ရထားသံတွေ ကြားရတယ်လို့ ဂျင်အိုဝင်ပြောတာ မှတ်မိရဲ့လား"

ဟူးချ်က ရှင်းပြသည်။

"ဒီလိုဆို အချိန်မရှိတော့ဘူး၊ မြန်မြန်လုပ်မှ ဖြစ်မယ်၊ ဘာလုပ်ကြမလဲ"

စတီးဖ်က အလောတကြီး မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ပင်-အမေရိကန် အဆောက်အအုံပေါ်ကို ဟယ်လီကော်ပတာနဲ့ လာခဲ့မယ်၊ အဲဒီမှာ သူတို့က အရေးပေါ်လေယာဉ်ဆင်းမယ့်နေရာ ပြင်ထားကြလိမ့်မယ်၊ ကျုပ်တို့က အာတီတက်ဂတ်ကို အချိန်မီဖမ်းမိလိုက်ရင် အားလုံးကိစ္စပြတ်ပြီ၊ မမိလိုက်ရင်တော့ ဘီလ်မိုးဟိုတယ်တစ်ဝိုက်မှာ ထပ်ရှာရမှာပဲ၊ ဒါနဲ့. . . ခင်ဗျားလဲ လိုက်ဦးမှာလား"

စတီးဖ်က ဘာမှပြန်မပြောတော့ဘဲ တံခါးဝဆီသို့ တန်းပြေးသွားသည်။

ဂလင်ဒါက နာရီကိုကြည့်လိုက်ပြီး ကမန်းကတန်းလှမ်းပြောလိုက်သည်။

"မြန်မြန်လည်း လုပ်ကြပါနော်၊ အချိန်သိပ်မရှိတော့ဘူး၊ (၁၀)နာရီတောင် ခွဲနေပြီ"

www.burmeseclassic.com

www.burmeseclassic.com

## ၄၆

ဖာသာကနေဒီသည် စိန့်မွန်နီကာဘုရားရှိခိုးကျောင်းရှိ သူ့စားပွဲတွင်ထိုင်ကာ ရေဒီယို သတင်းနားထောင်နေသည်။

မနေ့ညက ဘုရားရှိခိုးကျောင်းထဲတွင် တစ်စုံတစ်ယောက်က ချပစ်ခဲ့သော အထုပ်ကိစ္စကြောင့် စတီးဖ်ပက်တာဆင်အနေနှင့် ဘယ်အထိ သောကရောက်နေရမည်ဆိုသည်ကို ဖာသာကနေဒီ တွေးပြီး စိတ်မချမ်းမသာ ဖြစ်နေမိသည်။

ကလေးငယ်နှင့် အမျိုးသမီးကို သူတို့ အချိန်မီရှာတွေ့နိုင်ပါ့မလား။ ဗုံးပေါက်ကွဲမယ့်နေရာက ဘယ်မှာလဲ။ မတော်ရင် မဆိုင်တဲ့လူတွေ အများကြီး သေကုန်ကြတော့မယ်။

ဪ . . . ဘုရားသခင်။

တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။

ဖာသာကနေဒီက စိတ်လေးလေးဖြင့် ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဖာသာကနေဒီပါ"

"ဟုတ်ကဲ့၊ မနေ့ညက ကျွန်တော်ထားပစ်ခဲ့တဲ့အထုပ်ကို သက်ဆိုင်ရာကို ပို့ပေးတာ ကျေးဇူးတင်ပါတယ် ဖာသာ၊ အခုပြောနေတာ 'မြေခွေး' ပါ ဖာသာ"

ဖာသာကနေဒီသည် လည်ချောင်းစေ့သွားသလို ခံစားလိုက်ရပြီး ရုတ်တရက် စကား ပြန်မပြောနိုင်ဘဲ ဖြစ်နေမိသည်။

"ဒါနဲ့. . ."

"ဘာမှမမေးနဲ့တော့ ဖာသာ၊ အခု ကျွန်တော်ပြောမယ့်စကားကိုသာ စတီးဖ်ပက်တာဆင်ဆီကျေးဇူးပြုပြီး အမြန်ဆုံးပို့ပေးပါ၊ ဗုံးပေါက်ကွဲမယ့်နေရာက နယူးယောက်မြို့ထဲက အဓိက သယ်ယူပို့ဆောင်ရေးဌာနကြီး တစ်ခုအတွင်းမှာလို့ သူ့ကို ပြောလိုက်ပါ၊ အဲဒီမှာ အလောင်းတွေကို သူ သွားကောက်ရုံပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

## ၄၇

"မြေခွေး"သည် ဂိတ်နံပါတ် (၉)ကို ဖြတ်ပြီး လေယာဉ်ဆီသို့ သွားသော ခြံခတ်ရဲ့ ဘက်သို့ ခပ်ဖြည်းဖြည်းလျှောက်လာသည်။ သူသည် စိုးရိမ်စိတ်ကြောင့် စိတ်ရောကိုယ်ပါ ဂနာမငြိမ် ဖြစ်နေသည်။ သူ့မျက်လုံးများက အငြိမ်မနေဘဲ ကျီးကန်းတောင်းမှောက် လှုပ်ရှား နေကြသည်။ သို့သော်. . အခြားခရီးသည်များကတော့ သူ့ကို လုံးဝ ဂရုမစိုက်နိုင်ကြ။ လက်ဆွဲ သေတ္တာတွေ၊ အထုပ်အပိုးတွေဆွဲကာ လေယာဉ်ဆီသို့သာ သုတ်သီးသုတ်ပျာနှင့်လျှောက်သွား နေကြသည်။

သူသည် လက်ထဲမှ လေယာဉ်ပေါ်တက်ခွင့်လက်မှတ်ကို တစ်ချက် ငုံ့ကြည့်လိုက် သည်။ တခြားလက်တစ်ဖက်ကလည်း အနက်ရောင်လက်ဆွဲသေတ္တာကြီးကို ဆွဲလာသည်။

ထိုအခိုက် ခြေသံတွေ ကြားလိုက်ရသည်။ သူ့နောက်မှ ပြေးလိုက်လာသောအသံ။

သူက နောက်ပြန်လှည့်ကြည့်လိုက်သည်။

လူနှစ်ယောက် သူ့ဆီသို့ ပြေးလိုက်လာကြသည်။

သူက ဘေးဘီသို့ ကျီးကန်းတောင်းမှောက် လှည့်ကြည့်လိုက်သည်။ ပေ (၅၀)ခန့် အဝေးတွင် အရေးပေါ်ထွက်ပေါက်တံခါးကို လှမ်းမြင်လိုက်ရသည်။

ထိုအပေါက်မှထွက်လျှင် ကွင်းထဲသို့ ရောက်သွားမည်။

သေတ္တာကြီး ဘယ်လိုလုပ်မလဲ၊ ဒါကြီးဆွဲပြီး မပြေးနိုင်။

သူက လျှပ်တစ်ပြက် အကြံထုတ်ပြီး သေတ္တာကြီးကို နောက်ဖက်သို့ လွှင့်ပစ်လိုက် သည်။ သေတ္တာကြီးသည် အုတ်ခုံတွင် သွားထိပြီး အဖုံးပွင့်ထွက်သွားသည်။ ကြမ်းပေါ်တွင် ပိုက်ဆံတွေ ပြန့်ကျဲသွားကြတော့သည်။

"ဟေ့လူ၊ ရပ်လိုက်ပါ. . . ရပ်လိုက်ပါ၊ မရပ်ရင် ပစ်ထည့်လိုက်မယ်"

နောက်မှ လူတစ်ယောက်က လှမ်းအော်လိုက်သည်။

"မြေခွေး"က လုံးဝမရပ်ဘဲ အရေးပေါ်ထွက်ပေါက်တံခါးဆီသို့ စွတ်ပြေးသည်။

တံခါးရွက်ကို ဝုန်းခနဲတွန်းဖွင့်ပြီး ကွင်းထဲသို့ သုတ်ခြေတင်ပြေးထွက်လာခဲ့သည်။

ဖီးနစ်မြို့သို့ ထွက်မည့် လေယာဉ်ပျံသည် သူ့လမ်းတွင် ပိတ်ဆို့နေသည်။

သူက လေယာဉ်ကို ပတ်ပြေးသည်။ ဓာတ်ဆီဖြည့်ယာဉ်ကလေးတစ်စီးက စက်နှိုးပြီး လေယာဉ်ဘယ်တောင်ပံနားတွင် ရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြေခွေး" က ဒရိုင်ဘာအား နောက်ဘက်မှခုန်အုပ်ပြီး ဘေးသို့ တွန်းချကာ ယာဉ်ပေါ် တက်ထိုင်လိုက်သည်။ ပြီးတော့ လီဘာကို တအားဆောင့်နင်းလျက် လေယာဉ်ကိုပတ်ပြီး မောင်းထွက်လာခဲ့သည်။ လေယာဉ်က ကြားတွင်ခံနေ၍ ရဲသားတွေက သူ့ကို သေနတ်နှင့် လှမ်းပစ်ရန် အခွင့်မသာဖြစ်နေသည်။

စက္ကန့်ပိုင်းအတွင်း ရဲကားတွေ သူ့နောက်လိုက်လာနိုင်သည်။ ဒါမှမဟုတ် တခြားရဲကားများက သူ့ကို ရှေ့မှဆီးဖမ်းရန် သတင်းပို့ကောင်းပို့နိုင်သည်။

သူ့အတွက် ဘေးကျပ်နံကျပ် ကြုံနေရပြီ။ ကားပေါ်မှ ဆင်းပြေးရန်လည်း အခက်၊ ကားပေါ်တွင် ဆက်နေရန်လည်း မလွယ်။ လေယာဉ်ပြေးလမ်း ပတ်ပတ်လည်တွင်လည်း ခြံစည်းရိုးခတ်ထားသည်။ ပြေးလမ်းအတွင်း လျှောက်မောင်းပြေးရန်မှာလည်း အဆုံးတွင် ရေလက်ကြားက ခံနေသည်။

လေယာဉ်ဂိုဒေါင်အနီးတွင် အလားတူယာဉ်ကလေးတစ်စီး မြင်လိုက်ရသည်။

ယင်းယာဉ်ဆီသို့ မောင်းသွားပြီး ဘေးတွင် ထိုးရပ်လိုက်သည်။

သူ့ဘေးမှ ထိုင်ခုံပေါ်တွင် စာအုပ်ကြီးတစ်အုပ် စာမျက်နှာပွင့်လျက်ရှိနေသည်။

သူက ကမန်းကတန်းစောင်းကြည့်လိုက်သည်။ စာရင်းစာအုပ်ကြီးဖြစ်သည်။

စာအုပ်ကို ကောက်ယူပြီး ယာဉ်ပေါ်မှ ခုန်ဆင်းလိုက်သည်။

မနီးမဝေးတွင် "တာဝန်ရှိပုဂ္ဂိုလ်များသာ" ဟူ၍ ဆိုင်းဘုတ်တပ်ထားသော အခန်းတစ်ခန်းပွင့်နေသည်။ မျက်နှာကို စာအုပ်ပေါ်ငုံ့လျက် ထိုအခန်းဘက်သို့ ခပ်သုတ်သုတ်လျှောက်ခဲ့သည်။

တံခါးဝတွင် လေကြောင်းဌာနဝတ်စုံဝတ်ထားသော အမျိုးသမီးတစ်ယောက်နှင့် ပက်ပင်းဝင်တိုးသည်။ အမျိုးသမီးက သူ့လက်ထဲမှ စာအုပ်ကို တစ်ချက်စောင်းကြည့်ပြီး သူ့ဘေးမှ ဖြတ်ထွက်သွားသည်။

ခြေလှမ်းကျဲကျဲဖြင့် ဆက်လျှောက်လာခဲ့သည်။ သီးသန့်ရုံးခန်းများရှေ့မှ စင်္ကြံလမ်းကလေးအတိုင်း ဆက်လက်လျှောက်လာခဲ့သည်။ လေယာဉ်ကွင်းအစောင့်ရဲတချို့က ဘေးမှဖြတ်ကာ ကွင်းဆီသို့သာ စွတ်ပြေးသွားကြသည်။

စင်္ကြံလမ်းအဆုံးတွင် ကားရပ်ကွက်လပ်တွေ့ရသည်။

သူက အငှားကားတစ်စီးကို လက်ပြခေါ်လိုက်သည်။

"ဘယ်သွားမလဲဆရာ"

ဒရိုင်ဘာက မေးသည်။

"ဂရင်းဘူတာကြီး"

သူက အိတ်ထဲမှ ဒေါ်လာ (၂၀)တန်တစ်ရွက်ဆွဲထုတ်လိုက်သည်။

"အဲဒီကို ဘယ်လောက်မြန်မြန်မောင်းနိုင်မလဲ၊ ကျုပ်စီးမယ့်လေယာဉ်က ခရီးစဉ်ဖျက်လိုက်လို့၊ အဲဒါ (၁၁)နာရီခွဲ ရထားမထွက်ခင် အမီရောက်ချင်တယ်"

ဒရိုင်ဘာမှာ အသက် (၂၀)ပင် ပြည့်သေးဟန်မတူသော လူငယ်ကလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်ကတော့ သိပ်နီးကပ်နေပြီဆရာ၊ ဒါပေမယ့် ကျွန်တော် အမြန်ဆုံး မောင်းပါ့မယ်၊ လမ်းတွေကလဲ ကောင်းပါတယ်၊ ကားတွေလဲ သိပ်မကျပ်ပါဘူး"

သူက လီဘာကို နင်းလိုက်ရင်း. . .

"တက်ပါဆရာ"

သူက ကားတံခါးဖွင့်ဝင်ပြီး ဆိုဖာပေါ်တွင် နောက်မှီထိုင်ချလိုက်သည်။

သူ့တစ်ကိုယ်လုံး ချွေးတွေပြန်ပြီး အေးစက်နေလေသည်။

သူ့ကို သူတို့သိသွားကြပြီ။ သူ့နောက်ကြောင်း ရာဇဝင်ကိုလည်း စုံစမ်းပြီးဖြစ်နိုင်သည်။ တကယ်လို့ တစ်ယောက်ယောက်က "ဒီလူက အို့ကစ်စတာဘားမှာ အလုပ်လုပ်ခဲ့တာ၊ သူ ပန်းကန်ဆေးသမား လုပ်ခဲ့တယ်" ဟု ပြောလိုက်လျှင် အကျိုးနည်းပြီ။ တစ်ဆက်တည်းမှာ သူတို့က အခန်းကလေးကို သတိရပြီး သွားကြည့်နိုင်သည်။

ပုံးကို နာရီနှင့် ဆက်သွယ်ထားသည်။ သဘောကတော့ ထိုအခန်းထဲသို့ ဘယ်သူပဲ ဝင်ဝင် အခန်းတံခါးဖွင့်လိုက်တာနှင့် တစ်ပြိုင်နက် ပုံးပေါက်ကွဲမည်သာဖြစ်သည်။

ဟာသာကနေဒီထံ နောက်ဆုံးဖုန်းဆက်ခဲ့တာ အကြီးအကျယ် မှားသည်။ တကယ်တော့ ဒီလိုဖြစ်ရတာ ရှရွန်၏အပြစ်။ သူမကို မနေ့ကတည်းက လည်ပင်းညှစ်သတ်ခဲ့ဖို့ ကောင်းသည်။ သူက တခြားမိန်းမတွေကို သူ့လက်နှင့် ဘယ်တော့မှ ညှစ်မသတ်ခဲ့စဖူး။ လည်စည်းပဝါနှင့်သာ စည်းသတ်ခဲ့သည်။

သို့သော် ရှရွန်ကိုတော့ သူ့လက်နှင့် ကျကျနန ညှစ်သတ်ချင်သည်။

သူမက သူ့ကို လိမ်ညာခဲ့သည်။ ပရိယာယ်ဆင်ပြီး အကောက်ကြံခဲ့သည်။ ချစ်ဟန်ဆောင်ခဲ့သည်။ သူမကြောင့် ယခုလို သူ့လုပ်ငန်းကြီး ပျက်စီးခဲ့ရပြီ။

သူမကို အခန်းကလေးထဲ ခေါ်သွားတာလည်း အလွန်မှားသည်။

ကလေးတစ်ယောက်တည်းကိုသာ ခေါ်သွားခဲ့လျှင် ယခုလို မဖြစ်နိုင်။

ယခုတော့ ပိုက်ဆံလည်း တစ်ပြားမှမကျန်တော့။ သူ့ကိုလည်း သိကုန်ကြပြီ။

တစ်နေရာရာမှာ သွားပုန်းမှဖြစ်တော့မည်။

သို့သော် ဘယ်မှမသွားခင် ဒီကောင်မကို အရင်သွားသတ်ရမည်။

သူ့လက်နှင့် ညှစ်ပြီးသတ်ရမည်။ သတ်ကိုသတ်ရမည်။

သည်လောက်ဆိုလျှင် လေဆိပ်တွေ၊ ဘူတာတွေမှာ ရဲတွေ ပိုက်စိတ်တိုက်၍ ရှာဖွေနေကြရော့မည်။ သို့သော် အခန်းကလေးကိုတော့ ရုတ်တရက် စိတ်ကူးရကြမည်မထင်။ သည်ကောင်မက ပုံးပေါက်ကွဲ၍ သေရလောက်အောင် တန်ဖိုးမရှိ။ ပုံးနှင့်မတန်။ လက်နှင့်ညှစ်သတ်ရုံလောက်သာ တန်ဖိုးရှိတဲ့မိန်းမ။

ပထမ သူမမျက်နှာကို စားတော့ဝါးတော့မလို စိုက်ကြည့်နေမည်။ သည်တော့ သူမက ခြေထောက်ဖက်ပြီး တောင်းပန်လိမ့်မည်။ ပြီးတော့မှ သူမလည်ပင်းကို လျှာထွက်အောင် လက်နှင့် တအားညှစ်ပြီး သတ်ပစ်လိုက်မည်။

သူက မျက်လုံးတွေ မှိတ်ထားလိုက်သည်။ လည်ချောင်းတွေ ခြောက်ကပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တံတွေးကို အတင်းကျိတ်ပြီးမျိုချသည်။ ချွေးတွေပြန်လာသည်။

ဘူတာထဲတွင် လေးမိနစ် ငါးမိနစ်လောက်ပဲ အချိန်လိုသည်။ (၁၁)နာရီ (၂၇)မိနစ်တွင် အခန်းထဲရောက်နိုင်လျှင် တော်ပါပြီ။ သူမကို သတ်ပြီးလျှင် သတ်ပြီးချင်း ပတ်ခ်အဲဗင်းနယူးမြေအောက်သံလမ်းအတိုင်း ထွက်ပြေးလာခဲ့မည်။

ယခုအခါ သူ့ဆီမှာ အသံသွင်းတိတ်ခွေ မရှိတော့။ သို့သော် သူက ရှရွန်၏အသံကို တော့ ကောင်းကောင်းမှတ်မိနေသေးသည်။ သူမအသံကို ထပ်ပြီး ကြားချင်သည်။ သူမ အသက်ထွက်ခါနီး အော်ညည်းသံကို ပို၍ကြားချင်သည်။

ကောင်လေးကိုရော ဘယ်လိုလုပ်မလဲ။ သူ့ကိုတော့ ဒီအတိုင်းပဲ ထားပစ်ခဲ့မည်။ ဗုံးပေါက်ကွဲမှုပဲ သေပါစေတော့။ သူတို့ကို လိုက်ရှာတဲ့ရဲတွေ၊ ဘူတာရုံထဲကမထွက်ဘဲ ပေကပ်နေကြတဲ့လူတွေ အဲဒီလူတွေနဲ့ တစ်ပါတည်း 'ကွဲ'သွားပါစေတော့။

သူတို့သည် မြို့လယ်လိုဏ်ခေါင်းထဲ ဝင်လာခဲ့ကြသည်။ အငှားကား ဒရိုင်ဘာကလေးက လူတော်ကလေးပဲ။ ယခုမှ (၁၁)နာရီတောင် မထိုးသေး။ (၁၀)မိနစ်ကြီးများတောင် လိုသေးသည်။ နောက် (၁၀)မိနစ်၊ (၁၅)မိနစ်ဆိုလျှင် (၄၂)လမ်းလောက် ရောက်သွားပြီ။ သည်အတိုင်းဆို သူ့အတွက် အချိန်အများကြီးရသည်။

ရှရွန်အတွက် အချိန်အများကြီးရသည်။

အငှားကားကလေးသည် လိုဏ်ခေါင်းလမ်းတစ်ဝက်လောက်တွင် ရုတ်တရက်ရပ်သွားသည်။ "မြေခွေး"က အတွေးအိပ်မက်ထဲမှ ဖျတ်ခနဲလန့်နိုးသွားပြီး. . .

"ဘာဖြစ်တာလဲကွ"

ကားဆရာကလေးက ပခုံးနှစ်ဖက် တွန့်လိုက်ရင်း. . .

"ဆောရီးပဲဆရာ၊ ဟိုရှေ့မှာ ထရပ်ကားကြီးတစ်စီး ပိတ်နေတယ်၊ ကားပေါ်က ပစ္စည်းတွေလဲ အောက်မှာ လွင့်ကျနေတာ တွေ့တယ်၊ ဟိုဘက်လမ်းက ပတ်သွားလို့ မဖြစ်ဘူး ဆရာ၊ နှစ်ဖက်စလုံး လမ်းပိတ်နေတယ်၊ ဒါပေမယ့် သိပ်ကြာမယ်မထင်ပါဘူး၊ ဆရာဘာမှ မပူပါနဲ့၊ ရထားချိန်မီအောင် ကျွန်တော် မောင်းပါ့မယ်"

စောင့်နေရန်မှတစ်ပါး ဘာမှမတတ်နိုင်တော့။ သူက တော်တော် စိတ်စောနေသည်။ လက်တွေလည်း မီးကင်ထားသလို ပူနေကြသည်။ ကားပေါ်မှဆင်းပြီး လမ်းလျှောက်သွားလိုက်ရကောင်းမည်လားဟုပင် စိတ်ကူးလိုက်သည်။ သို့သော် ယင်းစိတ်ကူးကို ချက်ချင်းဖယ်ထုတ်လိုက်သည်။လိုဏ်ခေါင်းတစ်လျှောက်ရှိ ရဲတွေနှင့် ပက်ပင်းသွားတိုးမည်မှာသေချာသည်။

သူတို့ကား လိုဏ်ခေါင်းလမ်းထိပ်မှထွက်၍ မြောက်ဘက်သို့ ချိုးကွေ့လိုက်ချိန်တွင် (၁၁)နာရီ (၁၇)မိနစ် ရှိသွားပြီ။

လမ်း (၄၀)ဘက်တွင် ကားတွေ ပိတ်ကျပ်နေကြသည်။

ဒရိုင်ဘာကလေးက လေတစ်ချက်ချွန်လိုက်ပြီး. . .

"ဟာ. . . အဲဒါမှ ခွကျတာပဲဆရာ၊ တစ်ခုခုတော့ ထူးနေပြီထင်တယ်၊ ကျွန်တော် အနောက်ဘက်က ဖြတ်မောင်းကြည့်ဦးမယ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



တတိယအဲဗင်းနယူးလမ်းကျတော့ လုံးဝ ပိတ်ဆို့နေသည်။ လမ်းပေါ်တွင် ကားတွေ စီတန်းရပ်နေကြသည်။ ဟွန်းသံတွေကလည်း ဆူညံနေသည်။ လမ်းသွားလမ်းလာတွေက ကားကြိုကားကြားကဖြတ်ပြီး အရှေ့ဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားနေကြသည်။

"ဆရာ တစ်ခုခုတော့ ထူးခြားနေပြီထင်တယ်၊ ဟိုရှေ့ဘက်မှာလဲ လမ်းတွေ ပိတ်ထားပုံရတယ်၊ ခဏနေဦး၊ ကျွန်တော် ရေဒီယိုဖွင့်ကြည့်လိုက်ဦးမယ်၊ နောက်ထပ် ဗုံးတစ်လုံး ပေါက်ကွဲပြန်တော့မယ်ထင်တယ်"

"မြေခွေး" က ဒရိုင်ဘာကလေးအား ပိုက်ဆံ (၂၀)တန်ဒေါ်လာကမ်းပေးလိုက်ပြီး ကားထဲမှ ကမန်းကတန်းထွက်ကာ ကားကြိုကားကြားထဲ လျှောက်ဝင်လာခဲ့သည်။

(၄၂)လမ်းကျတော့ သူတို့ကို မြင်လိုက်ရတော့သည်။

ရဲသားတွေ. . . ရဲသားတွေ။ တစ်လမ်းလုံး ပြည့်နေကြသည်။

(၄၂)လမ်းကို လုံးဝပိတ်ထားသည်။

သူက လူတွေကြားထဲတိုးပြီး ဆက်လျှောက်လာသည်။

ဗုံး. . . ဗုံး။

သူက ရုတ်တရက်ရပ်လိုက်သည်။

လမ်းသွားလမ်းလာတွေက ဘူတာကြီးမှ ဗုံးအကြောင်း ပြောသွားကြသည်။

သူတို့ ရှရွှန်နှင့် ကလေးငယ်ကိုများ တွေ့သွားကြပြီလား။

သည်အတွေးကြောင့် သူက ပိုပြီး သွေးပူလာသည်။

လူအုပ်ထဲ ပခုံးချင်းတိုက်ပြီး အတင်းဝင်တိုးရင်း ဆက်လျှောက်လာခဲ့သည်။

"ဟိုး. . မိတ်ဆွေ နောက်ပြန်လှည့်ပါ၊ ရှေ့ဆက်သွားလို့ မရဘူး၊ လမ်းပိတ်ထားတယ်"

သူက တတိယအဲဗင်းနယူးလမ်းကို ဖြတ်မလို့လုပ်နေတုန်း ရဲသားတစ်ယောက်က သူ့ပခုံးကို လှမ်းဆွဲသည်။

"ဘာတွေများ ဖြစ်နေကြတာလဲဗျ"

သူက ခပ်တည်တည်နှင့် ပြန်မေးလိုက်သည်။

"ဘာမှတော့ မဖြစ်သေးပါဘူးဗျာ၊ ဗုံးပေါက်ကွဲမယ်ဆိုပြီး တယ်လီဖုန်းသတင်းရလို့ ဆိုလား၊ ဒါနဲ့ ကြိုတင်ကာကွယ်ရေးသဘော လုပ်နေကြတာပါ"

တယ်လီဖုန်းသတင်းရလို့တဲ့၊ သူက ဖာသာကနေဒီထံ ဖုန်းဆက်ပြောခဲ့သည်။

သည်အတိုင်းဆို သူတို့ရှာမတွေ့သေးတာ ထင်ရှားသည်။

သူ တော်တော်ဝမ်းသာသွားသည်။

သူက လေသံငြိမ်ငြိမ်ဖြင့် ပြောလိုက်သည်။

"ကျုပ်က ဆရာဝန်တစ်ယောက်ပါ၊ လိုအပ်ရင် အရေးပေါ်အကူအညီပေးရအောင် ကျုပ်သွားချင်တယ်"

"ဟုတ်ကဲ့. . . ဒေါက်တာ ရပါတယ်၊ သွားပါ. . . သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



သူသည် (၄၂)လမ်းထဲ အပြေးကလေးဝင်လာခဲ့သည်။

သို့သော် လမ်းမ သိပ်မထွက်ဘဲ အဆောက်အအုံတွေဘေးနားကပ်ပြီး သတိနှင့် လျှောက်လာခဲ့သည်။ နောက်ထပ်ရဲသားတစ်ယောက်က တားသည်။ မှတ်ပုံတင် တောင်းကြည့်သည်။ လူတွေက အဆောက်အအုံတွေ၊ ဈေးဆိုင်တွေထဲမှ ပြုံထွက်လာကြသည်။

ရဲကားအသံချဲ့စက်မှ "မြန်မြန်ထွက်ကြပါ၊ မြန်မြန်ထွက်ကြပါ၊ ဒါပေမယ့် မကြောက်ကြပါနဲ့၊ တတိယအဲဗင်းနယူးလမ်းနဲ့ ပဉ္စမအဲဗင်းနယူးလမ်းထဲ လျှောက်သွားကြပါ။ သတိပေးတာကိုနားထောင်ရင် အန္တရာယ်ကင်းပါလိမ့်မယ်" ဟူ၍ အော်ပြောနေသည်။

ကြောက်လန့်နေသော လူအုပ်ကြီးကြားမှ ဖြတ်လျှောက်ပြီး ဘူတာဂိတ်ဝရောက်သွားချိန်တွင် (၁၁)နာရီ (၂၆)မိနစ် ရှိနေပြီ။

ထွက်ပေါက်တွေကို ဝုန်းခနဲတွန်းဖွင့်လိုက်ကြသည်။ ဘယ်ဘက်ထွက်ပေါက်နားတွင် အစောင့်ရဲတစ်ယောက် ရပ်နေသည်။ "မြေခွေး"က ရဲရှေ့မှ ဖြတ်သွားမလို့ လုပ်သည်။

ရဲသားက သူ့လက်ဖမ်းဆွဲလိုက်သည်။

"ဟေ့ဆရာ. . ဝင်လို့မရဘူး"

"ကျုပ်က ဒီဘူတာက. . အင်ဂျင်နီယာပါ၊ အရေးပေါ်ခေါ်ထားလို့ ကမန်းကတန်းလာခဲ့တာ"

သူက အတည်ပေါက်နှင့် 'ဖြီး'လိုက်သည်။

"ခင်ဗျား သိပ်နောက်ကျသွားပြီ၊ မိနစ်ပိုင်းအတွင်းရှာဖွေရေးသမားတွေ ပြန်ထွက်လာကြတော့မယ်"

"ကျုပ်သွားမှဖြစ်မယ်ဗျ၊ ကျုပ်ကို ဆက်ဆက်လာဖို့ ခေါ်ထားတာ"

"ဒါဖြင့်လဲ ခင်ဗျားသဘောပဲ"

ရဲသားက သူ့လက်ကို လွှတ်ပေးလိုက်သည်။

ဆိုင်ရှင်တွေထွက်သွားသော ဘူတာတွင်းသတင်းစာဆိုင်တွေပေါ်တွင် သတင်းစာတွေပုံနေကြသည်။ "မြေခွေး"က ခေါင်းစီးစာတန်းကို လှမ်းကြည့်လိုက်သည်။

ထူးဆန်းသော ပြန်ပေးမှုကြီး. . .

သူ့အကြောင်းတွေ ရေးထားကြတာဖြစ်သည်။ သူ ဘာတွေလုပ်ခဲ့ကြောင်း ဝေဝေဆာဆာ ရေးထားကြလိမ့်မည်။ နေဦး. . . နောက်မှ အေးအေးဖတ်ကြည့်ရမည်။

သူက အပြေးကလေးဆက်လျှောက်လာသည်။

သံခမောက်တွေ ဆောင်းထားသော ရဲသားများ ပျာယာခတ်ကာ နေရာအနှံ့ရှာဖွေနေကြသည်။

ချောင်ကြိုချောင်ကြားတွေ၊ ကုလားထိုင်စားပွဲအောက်တွေပါမကျန် မျက်ကလူးဆန်ပျာလိုက်ရှာနေကြသည်။

ရဲသားတွေက အများကြီး။ သူက တစ်ယောက်တည်း။

ဒါပေမယ့် သူတို့က သူ့လောက်မတော်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာ ပြန်ကြားရေးဌာန ကောင်တာတွင် လူတစ်အုပ်ဝိုင်းအုံနေကြသည်။

ပခုံးကျယ်ကျယ်၊ ဆံပင်နီကြန့်ကြန့်၊ အရပ်မြင့်မြင့်နှင့် အကျီအိတ်ထဲ လက်နှိုက်ထားသူမှာ စတီးဖ်ပက်တာဆင်။

သူ့အနေဖြင့် နောက်ထပ်အချိန်တစ်မိနစ်သာ လိုချင်သည်။

သူ့လက်တွေတုန်ပြီး မီးလိ ပူနေကြသည်။

လက်ချောင်းများကို ဆန့်လိုက်ကွေးလိုက်လုပ်ရင်း လှေကားကို ပြေးဆင်းလာခဲ့သည်။ မောင့်ဟန္တန်ရထားစကြီသို့ ရောက်လာသည်။

စကြီကိုဖြတ်ကျော်ပြီး စကြီနောက်ဘက်ရှိ အခန်းကလေးဆီသို့ ပြေးလျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၄၈

ဟူးချ်နှင့် စတီးဖ်တို့သည် ထရိဘာရာတံတားပေါ် သို့ ဟယ်လီကော်ပတာ ရောက်ချိန်တွင်မှ "မြေခွေး" ထံမှ နောက်ဆုံးဖုန်းဆက်သည့်သတင်းကို ရရှိကြသည်။

"နယူးယောက်မြို့ထဲက အဓိကသယ်ယူပို့ဆောင်ရေးဌာနတစ်နေရာ. . . တဲ့"

ဟူးချ်က ဖုန်းခွက်ထဲသို့ ပြောလိုက်သည်။

"ဘုရားသခင်. . . ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ၊ လေယာဉ်ကွင်းနှစ်ခု၊ ကားဂိတ်နှစ်ခု၊ ပင်းဘူတာရုံနဲ့ ဂရင်းဘူတာကြီး၊ အဲဒါတွေအားလုံး အကျုံးဝင်နေကြတာပဲ၊ ခင်ဗျားတို့ အဲဒီနေရာတွေ စရှာနေကြပြီလား"

စတီးဖ်က ဘေးနားမှထိုင်ကာ နားရွက်မခတ် အာရုံစိုက်နေသည်။ သူ့လက်ချောင်းတွေကို ကွေးလိုက်ဆန့်လိုက်လုပ်နေသည်။ သူ အလွန်စိတ်လှုပ်ရှားနေသည်။

ဟူးချ်က ဖုန်းကို ပြန်ချိတ်ထားလိုက်ပြီး လေယာဉ်မှူးကို ပြောလိုက်သည်။

"ခင်ဗျားလေယာဉ်က ဒီထက် နည်းနည်းမြန်မြန်မောင်းလို့ မရဘူးလားဗျ"

"လေက တော်တော်ပြင်းနေတယ်၊ ကျွန်တော် ခပ်နိမ့်နိမ့်မောင်းကြည့်ဦးမယ်"

ဟူးချ်က စတီးဖ်ဘက်သို့ လှည့်လိုက်သည်။

"အခြေအနေကတော့ သိပ်မကောင်းဘူး၊ အချိန်ကလဲ သိပ်ကပ်နေပြီ"

"ရှရွန်နဲ့နီးလ်တို့က ဗုံးနားမှာပဲ ရှိမယ်ထင်တယ်"

သူ့အသံက အက်ကွဲနေသည်။

"ကျွန်တော်တို့ ဘယ်နေရာက စရှာကြမလဲ"

"ကုသိုလ်ပဲပေါ့ဗျာ၊ ဂရင်းဘူတာကြီးကပဲ စရှာမယ်၊ သူက ကားကို ဗန်ဒါဘစ်လ်လမ်းပေါ်မှာ ရပ်ထားပြီး ဘီလ်မိုးဟိုတယ်မှာ တည်းတာ သတိပြုမိတယ် မဟုတ်လား၊ ဒီလူက ဘူတာကြီးအကြောင်း ချေးခါးအူမ သိထားတာဗျ၊ ပြီးတော့ တိတ်ခွေထဲမှာ ရထားသံတွေ အဆက်မပြတ်ကြားရတယ်လို့ ဂျင်အိုဝင်ပြောတာလဲရှိတယ်"

"ရိုနယ်သွမ်မဆင်ကိစ္စ ဘယ်လိုလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ အဲဒီ 'မြေခွေး'ကို အချိန်မီဖမ်းမိလို့ သူက ဖြောင့်ချက်ပေးရင်တော့ အဆင်ပြေတာပေါ့၊ အဲဒီလိုမှမဟုတ်ရင်တော့ ဘာတတ်နိုင်မှာလဲ၊ သူလဲ ကံတရားအတိုင်းပဲပေါ့"

(၁၁)နာရီ (၁၅)မိနစ်တွင် ပင်အမေရိကန် အဆောက်အအုံရှေ့၌ ဟယ်လီကော်ပတာဆိုက်သည်။ ဟူးချ်က လေယာဉ်တံခါးကို တွန်းဖွင့်လိုက်သည်။ သူတို့လေယာဉ်ပေါ်မှ ဆင်းနေချိန်တွင် မျက်နှာသွယ်သွယ်နှင့် စုံထောက်လေးတစ်ယောက် ပြေးလာသည်။

ဒေါသကြောင့် သူ့မျက်နှာ နီရဲနေသည်။ သူက နှုတ်ခမ်းကို ကိုက်ပြီး အံကြိတ်လိုက်သည်။ ပြီးတော့မှ "မြေခွေး" လွတ်ထွက်သွားကြောင်း သတင်းပို့သည်။

"မင်းပြောတာ ဟုတ်မှဟုတ်ရဲ့လား၊ မဖြစ်နိုင်တဲ့ ဥစ္စာပဲ၊ အဲဒီလူဟာ 'မြေခွေး'ပဲဆိုတာ မင်းတို့က ဘယ်လိုလုပ် သိသလဲ"

"မြေခွေးမှ မြေခွေးအစစ်ပါ ဆရာ၊ ဆရာ့ကို ကျွန်တော် အလကားညာပြောပါ့မလား၊ သူက ပိုက်ဆံသေတ္တာကြီး ဒီအတိုင်းလွှတ်ချပစ်ခဲ့ပြီး ထွက်ပြေးတာ၊ အခု လေယာဉ်ကွင်းအနှံ့ သူ့ကို လိုက်ရှာကျန်ရစ်ကြတယ်၊ လေယာဉ်ကွင်းကိုလဲ လောလောဆယ် ပိတ်ထားလိုက်ပြီ"

"အဲဒီပိုက်ဆံသေတ္တာက အရေးမကြီးဘူးကွ၊ ပုံး. . . ပုံးကို တွေ့ဖို့ပဲ အရေးကြီးတာ၊ ဒီကောင့်ကို အမြန်ဆုံးမိနိုင်မှ သွမ်မဆင် အသက်ချမ်းသာရာရမှာ"

"မြေခွေး" လွတ်သွားပြီ။ စတီးဖ်က သူ့နားသူ မယုံနိုင်အောင် ဖြစ်သွားမိသည်။

ဒီလိုဆို ရှုရှန်နှင့်နီးလ်တို့ ဘယ်လိုဖြစ်ကြမလဲ။

***"စတီးဖ်. . . ကျွန်မကို ခွင့်လွှတ်ပါ"***

***"ဖေဖေ. . မေမေက သားကို ဒီနေရာမှာ ရှိစေချင်မှာမဟုတ်ဘူး"***

သည်စကားတွေကို သူတို့နှစ်ယောက်က တိတ်ခွေဖြင့် နောက်ဆုံးပြောခဲ့ကြသည်။

တိတ်ခွေ. . . တိတ်ခွေ. . . နီနာ့အသံ။

သူက ဟူးချ်လက်ကို ရုတ်တရက်ဆုပ်ကိုင်လိုက်သည်။

"ဒါနဲ့ သူ့ဆီက တိတ်ခွေ၊ အဲဒီအထဲမှာ သူက နီနာ့အသံကို ကူးသွင်းထားတာ ဖြစ်ရမယ်၊ သူ့ကားရှုံထဲက ပစ္စည်းတွေ အကုန်ရှင်းခဲ့တယ်လို့ မစ္စတာဟူးချ် ပြောဖူးတယ် မဟုတ်လား၊ သူ့မှာ တခြား ဘာပစ္စည်းတွေ ပါသေးသလဲ၊ သူဟာ လက်ဆွဲအိတ်တစ်ခုတော့ ဆွဲလာဦးမှာပဲ၊ အဲဒီအထဲမှာ နီနာ့အသံသွင်းထားတဲ့ တခြားတိတ်ခွေရှိနိုင်တယ်၊ ဆိုလိုတာက ရှုရှန်နဲ့ နီးလ်တို့ ဘယ်မှာရှိတယ်ဆိုတာ သိနိုင်မယ့် တိတ်ခွေတစ်ခုခု သူ့မှာ ရှိနိုင်တယ်"

ဟူးချ်က စုံထောက်ဘက်သို့ လှည့်၍ မေးလိုက်သည်။

"သူ့မှာ တခြားဘာပစ္စည်းတွေ ပါသေးသလဲ"

"သူ ချထားခဲ့တဲ့ လေယာဉ်လက်မှတ်နဲ့တွဲပြီး တန်ဆာရွေး ဖြတ်ပိုင်းကလေးနှစ်ခုကို လဲတွေ့ရတယ်၊ ဒီအတိုင်းဆို လေယာဉ်ပေါ်မှာ တခြားလက်ဆွဲအိတ်သေတ္တာနှစ်ခု တင်လိုက်တယ်ဆိုတာ ထင်ရှားနေတယ်၊ ဒါပေမယ့် လေယာဉ်က လွန်ခဲ့တဲ့ (၁၅)မိနစ်လောက် ကတည်းက ထွက်သွားပြီ၊ လေယာဉ်ကို မထွက်ခိုင်းဖို့ ဘယ်သူမှ သတိမရခဲ့ကြဘူး၊ အဲဒီ ပစ္စည်းတွေတော့ ဖီးနစ်မှာ လေယာဉ်ဆိုက်တော့မှ ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမှ တစ်ခါတည်း သေတာပဲ"

ဟူးချိကစိတ်ပျက်သံဖြင့် အော်ပြောလိုက်သည်။

"ကဲ ဒီတော့ ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး၊ အဲဒီလေယာဉ် ချက်ချင်းပြန်ခေါ် လိုက်၊ ပါသမျှပစ္စည်းတွေကို လာဂွာဒီယားလေဆိပ်မှာ အားလုံးဖွင့်စစ်၊ လေယာဉ်ထိန်းမျှော်စင်ကို အမြန်ဖုန်းဆက်စမ်း၊ လေယာဉ်ပြေးလမ်း အဆင်သင့်ရှင်းထားပါလို့ ပြော၊ ငါပြောတဲ့အတိုင်း ဖြစ်အောင်လုပ်၊ ဘာအနှောင့်အယှက်မှ မရှိစေနဲ့၊ ဘယ်မှာလဲ တယ်လီဖုန်း"

"အထဲမှာ ရှိပါတယ်ဆရာ"

ဟူးချိက ဖုန်းဆီသို့ ပြေးသွားရင်း မှတ်စုစာအုပ်ထုတ်လိုက်သည်။

ဆိုးမားအကျဉ်းထောင်သို့ လှမ်းဆက်ပြီး ထောင်မှူးဆီပေးရန် ပြောလိုက်သည်။

"သွမ်မဆင်မှာ လုံးဝအပြစ်မရှိကြောင်း ခိုင်လုံတဲ့အထောက်အထား ပြနိုင်အောင် ကျွန်တော်တို့ ကြိုးစားဆဲရှိနေပါတယ်၊ တယ်လီဖုန်းနားမှာ အမြဲတမ်း တစ်ယောက်လောက် တာဝန်ချထားပေးပါ။ အခြေအနေထူးလာရင် ထူးချင်း ပြန်ဆက်ပါ့မယ်"

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ထပ်ဆက်သည်။

အတွင်းရေးမှူးစာရေးမက ဖုန်းကို ကောက်ကိုင်သည်။

"ပြည်နယ်အုပ်ချုပ်ရေးမှူးဆီ အချိန်မရွေးဆက်လို့ရအောင် လုပ်ထားပါ၊ ပြီးတော့ လာဂွာဒီးယားလေယာဉ်ကွင်းက ကျုပ်တို့လူတွေနဲ့ရော၊ ထောင်မှူးနဲ့ရော ချက်ချင်းပြောနိုင် အောင်လုပ်ထားပါ၊ နို့မဟုတ်ရင် အပြစ်မရှိတဲ့ ကလေးတစ်ယောက်ကို ရက်ရက်စက်စက် သတ်လိုက်မိလို့ ကျုပ်တို့နိုင်ငံ သိက္ခာကျနေဦးမယ်"

သူက ဖုန်းကို ပြန်ချလိုက်ပြီး. . .

"ကဲ. . . လာ. . . သွားကြစို့" ဟု စတီးဖ်ကို ပြောလိုက်သည်။

(၁၀)နာရီ (၁၉)မိနစ်။

ဓာတ်လှေကားထဲမှ အဆင်းတွင် စတီးဖ်က ကျိတ်ပြီး ရေရွတ်လိုက်မိသည်။

ပင်-အမေရိကန်အဆောက်အအုံညှော်ခန်းတွင် ရထားစကြီအသီးသီးမှ ပြန်လာသော လူတွေနှင့် ပြည့်ကျပ်နေသည်။

ဗုံး. . . ဗုံး. . . ဗုံးပေါက်တော့မယ်။

သည်စကားကို လူတိုင်းပါးစပ်မှ ပြောနေကြသည်။

ဟူးချိနှင့် စတီးဖ်တို့သည် လူအုပ်ကြီးထဲ တိုးဝှေ့ဝင်လာခဲ့ကြသည်။

ဘယ်နေရာမှာသွားရှာရမလဲ။ စတီးဖ်သည် အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။ သူသည် မနေ့ကပဲ ရထားစောင့်ရင်း အွိုက်စတာဘားတွင် ထိုင်နေခဲ့သေးသည်။

ရှရွန်နှင့်နီးလ်တို့၏အသက်ကို မီမှမီနိုင်ကြပါဦးမလား။

အသံချဲ့စက်မှ နှိုးဆော်သတိပေးချက် ပေါ်ထွက်လာသည်။

"ခရီးသွားပြည်သူအပေါင်းတို့ခင်ဗျား. . . အဆောက်အအုံထဲက ချက်ချင်းထွက် သွားကြရန် မေတ္တာရပ်ခံပါတယ်ခင်ဗျား၊ ချက်ချင်းထွက်သွားကြပါခင်ဗျား၊ အနီးဆုံးထွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကို သွားကြပါခင်ဗျား၊ ဘာမှမကြောက်ကြပါနဲ့၊ ထွက်ပေါက်တွေမှာ စုပြုံမနေကြပါနဲ့၊ ချက်ချင်း ထွက်သွားကြပါ၊ အခုချက်ချင်း ထွက်သွားကြပါ"

ဘူတာရုံအပေါ်ထပ်ရှိ အရေးပေါ် မီးနီစာတန်းထိုးထားသော ပြန်ကြားရေးဌာနမှာ ရှာဖွေရေးအဖွဲ့၏ယာယီဌာနချုပ်ပင် ဖြစ်သည်။ အင်ဂျင်နီယာတွေကမြေပုံတွေ၊ကားချပ်တွေကို စားပွဲပေါ် ဖြန့်ခင်းထားပြီး ရှာဖွေရေးတပ်စိတ်များအား အရေးပေါ်အမိန့်တွေ အဆက်မပြတ် ပေးနေကြသည်။

"လောလောဆယ်မှာတော့ ကျွန်တော်တို့က အပေါ်ထပ်ကြမ်းပြင်နှင့် အောက်ထပ် မျက်နှာကြက်တွေကို အဓိကထားပြီး ရှာဖွေနေကြပါတယ်"

ကြီးကြပ်ရေးမှူးတစ်ဦးက ဟူး၍အား ရှင်းပြသည်။

"စကြိုတွေအားလုံး၊ ဖုံးလို့ဝှက်လို့ကောင်းမယ့်နေရာတွေအားလုံး တစ်ခုမှ မကျန်စေရပါဘူး၊ တကယ်လို့ ဗုံးကိုရှာတွေ့ရင်တောင်မှ မပေါက်အောင်ဖြုတ်ဖို့ တော်တော် ခဲခဲယဉ်း ယဉ်းလုပ်ယူရဖို့ရှိပါတယ်၊ ဒါပေမယ့် ဗုံးဖျက်ဆီးရေး တပ်စိတ်ဝင်တွေအားလုံးတော့ ဗုံးကာ အုပ်ဆောင်းတွေတပ်ထားကြပါတယ်။ တခြားရှာဖွေရေးအဖွဲ့ဝင်တွေ အားလုံးကိုလဲ အပြည့် အစုံပေးထားပါတယ်"

စတီးဖ်က ရထားလမ်းဆုံဘက်သို့ မျက်လုံးဝေ့ကြည့်လိုက်သည်။ ယခုအချိန်တွင် အသံချဲ့စက်မှ ဘာသံမှမကြားရတော့။ ကျယ်ပြန့်သော ဘူတာရုံဝင်းကြီးတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လျက်ရှိသည်။

သူ့မျက်လုံးများက ပြန်ကြားရေးဌာနစားပွဲပေါ်မှ နာရီဆီသို့ ရောက်သွားသည်။

နာရီလက်တံများ မရပ်မနား ရွေ့သွားနေကြသည်။

(၁၁)နာရီ (၁၂)မိနစ်. . .

(၁၁)နာရီ (၁၇)မိနစ်. . .

(၁၁)နာရီ (၂၅)မိနစ်. . .

ဖြစ်နိုင်လျှင် သူက နာရီလက်တံများကို ကိုင်ထားလိုက်ချင်သည်။ စကြိုတစ်လျှောက် အခန်းတိုင်းအခန်းတိုင်းသို့ လျှောက်ပြေးပြီး "ရှုရှန်ရေ နီးလ်ရေ" ဟူ၍ သံကုန်သာ အော်ခေါ် လိုက်ချင်သည်။

သူက သွေးရူးသွေးတန်းဖြင့် ဦးခေါင်းကို ပြန်လှည့်လိုက်သည်။

သူ တစ်ခုခု လုပ်မှဖြစ်တော့မည်။ သူကိုယ်တိုင် ထွက်ရှာမှ ဖြစ်တော့မည်။

ရှေ့တည့်တည့်သို့ကြည့်နေရင်းမှ အရပ်ရှည်ရှည် ပိန်ပိန်သွယ်သွယ် လူတစ်ယောက် ကို ရုတ်တရက် လှမ်းမြင်လိုက်ရသည်။ ထိုသူသည် (၄၂)လမ်းထဲမှ ခပ်သုတ်သုတ်ထွက်လာပြီး ကုန်းလျှောအတိုင်းပြေးတက်လျက် မြေနိမ့်ဘူတာသို့ ဆင်းသော လှေကားခြေရင်းတွင်ပျောက် ကွယ်သွားသည်။

စတီးဖ်က တစ်ခုခုကို မှတ်မိနေသလို ထင်လိုက်မိသည်။ စုံထောက် တစ်ယောက် ယောက်များ ဖြစ်နေမလား။ သူက အဲဒီနေရာမှာ ဘာများသွားလုပ်မှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



အသံချဲ့စက်မှ သတိပေးသံ ပေါ်ထွက်လာပြန်သည်။

"(၁၁)နာရီ (၂၇)မိနစ် ရှိသွားပါပြီ၊ ရှာဖွေရေးအဖွဲ့ဝင်တွေအားလုံး နီးရာတံခါးဝကို ချက်ချင်းသွားကြပါခင်ဗျား၊ ဘူတာထဲက ချက်ချင်း ထွက်ခွာသွားကြပါခင်ဗျား၊ နောက်ဆုံး သတိပေးနေပါတယ်၊ နောက်ဆုံးသတိပေးနေပါတယ်၊ ချက်ချင်း ထွက်ခွာသွားကြပါခင်ဗျား"

"မထွက်ဘူး မထွက်နိုင်ဘူး"

စတီးဖ်က ဟူးချ်၏ပခုံးကို ရုတ်တရက်လှမ်းကိုင်ပြီး သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။

"ကျွန်တော် မထွက်နိုင်ဘူး"

"စဉ်းစဉ်းစားစားလည်း လုပ်ပါဦး မစ္စတာပက်တာဆင်၊ ဗုံးပေါက်သွားရင် ကျုပ်တို့ အားလုံး သေကုန်ကြလိမ့်မယ်၊ ရှရွန်နဲ့နီးလ်တို့ ဒီမှာရှိနေတာတောင်မှ ဒီအချိန်ရောက်နေ မှတော့ ကျုပ်တို့ ဘာမှမတတ်နိုင်တော့ပါဘူး"

ဟူးချ်က စိတ်မကောင်းစွာဖြင့် ပြောလိုက်သည်။

"တတ်နိုင်နိုင် မတတ်နိုင်နိုင် ကျွန်တော်တော့ မထွက်နိုင်ဘူး"

သူက ထိုင်ရာမှ ထရန်ပြင်သည်။

ဟူးချ်က သူ့လက်တစ်ဖက်ကို ဆွဲချုပ်ထားလိုက်သည်။

အခြားစုံထောက်တစ်ဦးက တခြားတစ်ဖက်ကို ချုပ်ကိုင်လိုက်သည်။

"ခေါင်းအေးအေးနဲ့လုပ်ပါ မစ္စတာပက်တာဆင်၊ တဇောက်ကန်းမလုပ်စမ်းပါနဲ့"

စတီးဖ်က လက်နှစ်ဖက်ကို ရုတ်တရက်ဆွဲဖြုတ်ပြီး အတင်းရုန်းထွက်လိုက်သည်။

"ဖယ်ကြပါ ခင်ဗျားတို့ ဖယ်ကြပါ၊ ကျွန်တော်သွားမယ်၊ သူတို့ကို မတွေ့တွေ့အောင် သွားရှာမယ်၊ မတွေ့ရင်လဲ သေချင်သေပါစေတော့၊ ဘာမှမထူးတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

## ၅၉

သွားပြီ. . . သွားပြီ. . . အားလုံးသွားပြီ။

ရှုရှန်က နာရီကိုလှမ်းကြည့်နေရင်းမှ လက်ကောက်ဝတ်တွင် ချည်ထားသောကြိုးကို တံခါးလက်ကိုင်သံစဖြင့် သွေးရူးသွေးတန်း လှီးဖြတ်နေသည်။ သံစကို လက်တစ်ဖက်မှကိုင်ပြီး တခြားတစ်ဖက်မှ ကြိုးထုံးကို မမိမကမ်းဖြင့် ပွတ်တိုက်နေရသည်မှာ တော်တော်မလွယ်သော အလုပ်ဖြစ်သည်။

ဇောကြီးနေသဖြင့် ကြိုးကိုမထိဘဲ လက်ကိုသွားထိပြီး ဒဏ်ရာမှ သွေးတွေ စီးကျလာကြသည်။ သို့သော် သူမစိတ်ထဲတွင် နာကျင်သည်ဟု မထင်မှတ်တော့၊ တကယ်တော့ သူမသည် နာရီမလပ် မိနစ်မလပ်ခံ စားနေရသော ဝေဒနာဒဏ်ကြောင့် တစ်ကိုယ်လုံး ထုံသွားပြီး နာကျင်မှုမှ လွန်မြောက်သွားခဲ့ပြီ ဖြစ်သည်။

ကြိုးတွင် သွေးစိုသွားသောကြောင့် ကြိုးက ပို၍ပျော့လာသည်။ သူမသည် လက်မှ ဒဏ်ရာကို လုံးဝဂရုမစိုက်ဘဲ ကြိုးကိုသာ လက်ကိုင်သံစဖြင့် အဆက်မပြတ် လှီးဖြတ်နေသည်။ တစ်နာရီကျော်ကျော် ဖြတ်နေခဲ့ပြီးဖြစ်သော်လည်း လက်နှစ်ဖက်စလုံးပူးချည်ထားသောကြောင့် အချိန်ကြာသလောက် ခရီးမရောက်ဖြစ်နေသည်။

(၁၁)နာရီထိုးရန် (၂၅)မိနစ်. . .

(၁၁)နာရီထိုးရန် (၂၀)မိနစ်. . .

(၁၁)နာရီထိုးရန် (၁၀)မိနစ်. . .

(၁၁)နာရီထိုးရန် (၅)မိနစ်. . .

(၁၁)နာရီ (၅)မိနစ်. . .

သူမသည် အဆက်မပြတ် လှီးဖြတ်နေတုန်းပင် ဖြစ်သည်။ သူမမျက်နှာတစ်ပြင်လုံး ချွေးတွေ သီးနေသည်။ လက်တွေမှာလည်း သွေးတွေပေကျံပြီး စေးထန်းနေသည်။

သို့သော် နာကျင်မှုကိုတော့ လုံးဝသတိမရ။

နီးလ်၏မျက်လုံးများက သူမကိုသာ မျက်တောင်မခတ်ပြူးကြည့်နေကြသည်။

ဆုတောင်းပါ နီးလ်. . . ဆုတောင်းပါ။

(၁၁)နာရီ (၁၀)မိနစ်. . .



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတွေ တဖြည်းဖြည်း လျော့စပြုလာပြီ။ ရှိသမျှအားကို စုစည်းပြီး လက်နှစ်ဖက်ကို ဆွဲခွာလိုက်သည်။ ကြိုးပြေသွားပြီ။ လက်နှစ်ဖက်စလုံးတွင် ကြိုးစတွေတိုးလိုးတန်းလန်း ဖြစ်နေကြသည်။ သူမသည် လက်တွေကို မြှောက်ကြည့်သည်။ လှုပ်ခါကြည့်သည်။ ထုံကျဉ်မှုတွေ ပျောက်ပြီး သွေးလျှောက်လာအောင် လှုပ်လှုပ်ရှားရှား လုပ်ကြည့်သည်။

(၁၁)နာရီ (၁၅)မိနစ်. . .

တံတောင်တစ်ဖက်ကို ထောက်ကာ အားပြုပြီး နံရံတွင် ကပ်မှီလိုက်သည်။ ပြီးတော့ ခြေနှစ်ချောင်းကို ခုတင်ဘေးသို့ချကာ ထိုင်သည်။ ခြေကျင်းဝတ်တစ်လျှောက် ပြတ်ကျမတတ် နာကျင်ခြင်းဝေဒနာကို မချီအောင် ခံစားလိုက်ရသည်။

(၁၁)နာရီ (၁၆)မိနစ်. . .

သူမသည် တုန်ယင်အားနည်းသော လက်များဖြင့် ပါးစပ်တွင်စည်းထားသော အဝတ်ကိုဖြေသည်။ အဝတ်စနှစ်ဖက်က တင်းကျပ်စွာ စုချည်ထား၍ ဖြေရတာ တော်တော်ခက်ခဲသည်။ ရှိသမျှအားကို စုပြီး ကြိုးစားဖြေရင်းဖြေရင်းနှင့် နောက်ဆုံးတော့ အဝတ်စပြုတ်ထွက်သွားတော့သည်။ လေကို တစ်ဝရှိုက်သွင်းလိုက်ရသောကြောင့် ခေါင်းထဲတွင် ရှင်းသွားသည်။

(၁၁)နာရီ (၁၇)မိနစ်. . . သူမ လမ်းလျှောက်၍ လုံးဝမရ။

နီးလ်ကို ကြိုးဖြေပေးရမည်။ သူလွတ်သွားလျှင် အပြင်ထွက်ပြေးသွားပြီး လူတွေဆီ အကူအညီတောင်းနိုင်သည်။

သူမက နီးလ်၏ပါးစပ်မှ အဝတ်ကို ဆွဲဖြုတ်လိုက်သည်။

"အန်တီ. . ."

"မကြောက်ပါနဲ့သားရယ်၊ သားကို အန်တီ ကြိုးဖြေပေးမလို့ပါ၊ နာများ နာသွားသလားဟင်၊ ခဏ အောင့်ခံလိုက်ပါကလေးရယ်"

"ရပါတယ် အန်တီ၊ ကျွန်တော် မနာပါဘူး"

ထိုခဏ၌ အသံကြားလိုက်ရသည်။ တံခါးကို တစ်စုံတရာ လာထိသံ။

သူများ ပြန်လာတာလား။ သူ စိတ်ပြောင်းသွားပြီး ပြန်လာတာများလား။

သူမက နီးလ်ကလေးကို ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်ပြီး တံခါးဝသို့ လှမ်းကြည့်လိုက်သည်။

တံခါး တဖြည်းဖြည်း ပွင့်လာသည်။ မီးခလုတ်ဖွင့်သံ ချက်ခနဲ ပေါ်ထွက်လာသည်။

မှုန်ဝါးဝါးအလင်းရောင်တွင် အရိပ်တစ်ခု မြင်လိုက်ရသည်။

ထိုအရိပ်သည် ဒယီးဒယိုင်ဖြင့် အခန်းထဲသို့ ဝင်လာသည်။

မိန်းမတစ်ယောက်။

ပါးစပ်မှ သွေးတွေစီးကျနေသော အဘွားအိုတစ်ယောက်။

မျက်လုံးတွေကလည်း ကျွတ်ထွက်တော့မတတ် ပြူးထွက်လျက်။

အဘွားကြီးက ယိုင်တိယိုင်တိုင်နှင့် ရှေ့သို့တိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



နီးလ်ကလေးက ရှုရွန်ကို ဖက်ထားလိုက်သည်။

ကြည့်နေရင်းမှပင် အဘွားအိုသည် ရှေ့သို့ ဦးစိုက်ကာ ခွေယိုင်လဲကျသွားသည်။

အဘွားကြီးသည် ဘေးစောင်းလဲနေရင်းမှ အားယူ၍ စကားပြောသည်။

“ဓားမြှောင်. . . ဓားမြှောင်၊ ငါ့နောက်ကျောမှာ လုပ်ကြပါဦး၊ နုတ်ကြပါဦး၊ အမယ်လေးနာလိုက်တာ. . နာလိုက်တာ၊ ကျွတ်. . . ကျွတ်. . . ကျွတ်. . ငါသေရတော့မယ်၊ သေရတော့မယ်၊ ဒီနေရာမှာပဲ သေ. . .”

အဘွားကြီးက ပြောနေရင်းမှ အသံတိမ်ဝင်သွားသည်။

ရှုရွန်က အံ့အားလည်းသင့်၊ ကြောက်လည်းကြောက်ကြောက်ဖြင့် အဘွားအိုကို ငုံ့ကြည့်လိုက်သည်။ အဘွားအို၏ဦးခေါင်းသည် သူမခြေရင်းတွင် ဦးစိုက်နေသည်။

ကျောကုန်းမှာတော့ ဓားတန်းလန်းနှင့်။

ဒီဓားကိုနုတ်ပြီး နီးလ်ကို ကြိုးဖြေပေးရမယ်။

ရှုရွန်က ကြောက်ကြောက်လန့်လန့်ဖြင့် ဓားမြှောင်ကို တအားဆွဲနုတ်သည်။ ဓားက မကျွတ်။ နောက်တစ်ချက် ဆောင့်ဆွဲလိုက်တော့မှ ဓားကျွတ်သွားသည်။

သူမက ဓားမြှောင်ကို လက်ထဲတွင်ကိုင်ရင်း ငိုင်ကြည့်နေသည်။ ဓားသွားက မြည့်နေအောင်ထက်နေသည်။ သွေးတွေကလည်း ပေကျံနေသည်။

အဘွားအိုသည် ကြမ်းပြင်တွင် ခွေခွေကလေးလဲရင်း ညည်းညူနေသည်။

ရှုရွန်က နီးလ်၏ကိုယ်မှ ကြိုးများကို ဓားမြှောင်နှင့်ဖြတ်လိုက်သည်။

“နီးလ်. . . ပြေး ပြေး၊ မြန်မြန်ပြေးတော့၊ အပြင်ရောက်တော့ သံကုန်အော်၊ ဗုံးပေါက်ကွဲတော့မလို့၊ ကယ်ကြပါဦးလို့ တအားအော်၊ မြန်မြန်လုပ်၊ လှေကားက ပြေးဆင်း. . . အဲဒီမှာ ခုံးလှောတံတားကြီးရှိတယ်၊ အဲဒီကို ပြေးသွား၊ စကြံရောက်တော့ လူတွေတွေ့လိမ့်မယ်၊ သားဖေဖေလဲ ရှိနေမှာပဲ၊ ကဲ မြန်မြန်လုပ်၊ ပြေး. . ပြေးတော့၊ မြန်မြန်ထွက်၊ မြန်မြန်ထွက်”

“အန်တီ အန်တီကရော”

“အန်တီ့အတွက် မပူနဲ့၊ သားပဲအရင်ထွက်ပြေးပါ၊ သွားပါ မြန်မြန်. . မြန်မြန်”

နီးလ်က ခုတင်ပေါ်မှ ဆင်းရပ်လိုက်သည်။ ယိုင်လဲတော့မလို ဖြစ်သွားသည်။

“ခြေထောက်တွေ နာတယ် အန်တီ”

“ကဲပါ၊ ခဏနေ ပျောက်သွားလိမ့်မယ်၊ မြန်မြန်လုပ်ပါ နီးလ်ရယ် အချိန်မရှိတော့ဘူး၊ ကဲ. . သွားတော့၊ ချက်ချင်းသွားတော့”

နီးလ်က ရှုရွန်အား တစ်ချက်လှည့်ကြည့်ပြီး အခန်းထဲမှ ပြေးထွက်သွားလေသည်။

သူသည် မြေညီထပ်အတိုင်း ပြေးသွားပြီး မကြာမီ လှေကားသို့ ရောက်လာသည်။ လှေကားကို ပြေးတက်သည်။ အော်လိုက်ရကောင်းမလားဟု စိတ်ကူးလိုက်မိသည်။ သို့သော် ပြေးရဦးမည်။ နောက်မှ အော်မည်။ တစ်ယောက်ယောက်နှင့်တွေ့အောင် ပြေးရဦးမည်။

ခုံးလှောတံတားအဆုံးသို့ ရောက်လာသည်။

ရထားဘူတာတစ်ခုအတွင်းသို့ ရောက်နေပြီ။ သံလမ်းတွေ တွေ့နေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



စကြိုကိုပတ်ပြီး ဆက်ပြေးလာသည်။ သံလမ်းအဆုံးသို့ ရောက်လာသည်။
အော်ပြောသံလိုလို ကြားလိုက်ရသည်။ နားစွင့်လိုက်သည်။
အသံချဲ့စက်မှ အော်ပြောနေသံ။
"မြန်မြန်ထွက်ကြပါ၊ ချက်ချင်းထွက်ကြပါ"
အသံချဲ့စက် ဘယ်နေရာက ပြောနေတာပါလိမ့်။
ရုတ်တရက် ခြေသံလိုလို ကြားလိုက်ရသည်။ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။
လှေကားတစ်ခုပေါ်မှ လူတစ်ယောက်ဆင်းလာသည်။
သူ ငါ့ကို ကယ်လိမ့်မယ်။
နီးလ်သည် တော်တော်ဝမ်းသာသွားသည်။ သူက အော်ခေါ်ရန် ပါးစပ်ဟလိုက်သည်။ အော်လို့မရ။ မောလွန်းလို့ အသက်ရှူမဝအောင် ဖြစ်နေသည်။ ခြေထောက်တွေကလည်း အလွန်နာနေသည်။
သူက စိတ်ကိုတင်းပြီး လှေကားပေါ်တက်သည်။
ဘယ်သူ့ကိုပဲတွေ့တွေ့ ရှရွန်အကြောင်း ပြောရမည်။ ဒါမှ မြန်မြန်ကယ်တင်နိုင်မည်။
နီးလ်က မျက်နှာမော့ကြည့်လိုက်သည်။ သူသည် ကြက်သီးဖြန်းခနဲထပြီး တစ်ကိုယ်လုံး ထူပူသွားသည်။
မြေခွေး. . . မြေခွေး။
မြေခွေးက သူ့ကို စိုက်ကြည့်နေသည်။ မျက်နှာရှုံ့မဲ့ပြီး မျက်လုံးတွေ မှေးကြည့်နေသည်။ နှုတ်ခမ်းကို တင်းတင်းကိုက်ထားသည်။ မြေခွေးက လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းလိုက်သည်။
နီးလ်က ဘေးသို့ ပြေးကပ်လိုက်သည်။ မြေခွေးက နီးလ်ကို ပြေးဖမ်းလိုက်ရင်း လှေကားထစ်တွင် ခြေခေါက်ပြီး လဲကျသွားသည်။
နီးလ်က ဘာမှမကြည့်တော့ဘဲ လှေကားပေါ် ပြေးတက်ပြီး ခြေဦးတည့်ရာ စွတ်ပြေးလာခဲ့သည်။ မြေညီပြင်ကျယ်ကြီးတစ်ခုသို့ ရောက်လာသည်။ လူသူတစ်ယောက်မှ မတွေ့။ ရှေ့မှာ လှေကားတစ်ခုမြင်ရပြန်ပြီ။ အဲဒီမှာ လူတွေရှိနိုင်သည်။
မြေခွေးက ရှရွန်ဆီပြေးသွားပြီ။
သူ ရှရွန်ကို သတ်တော့မည်။
နီးလ်က တစ်ချက်ရှိုက်လိုက်ပြီး လှေကားပေါ် ပြေးတက်လာသည်။
လှေကားအဆုံးသို့ ရောက်လာပြီ။
"ဖေဖေ. . ဖေဖေ. . ဖေဖေရေ"
သူက သံကုန်အော်ခေါ်လိုက်သည်။
လှေကားအလွန်တွင် ရဲသားတွေကို လှမ်းမြင်လိုက်ရသည်။
ရဲသားတွေ သူ့ဆီပြေးလာကြသည်။
ရှေ့ဆုံးတွင် အရပ်ရှည်ရှည်လူက သူ့ဖေဖေ . . . သူ့ဖေဖေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ. . . ဖေဖေ"

နီးလ်က သူ့ဖေဖေဆီသို့ တအားစွတ်ပြေးလာသည်။

"သားလေး သားလေး၊ နီးလ်. . နီးလ်"

စတီးဗ်က နီးလ်ဆီ ပြေးလာပြီး ရင်ခွင်ထဲ ဆွဲသွင်းလျက် ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်သည်။

"ဖေဖေ. . . ဖေဖေ. . . "

နီးလ်က ငိုရှိုက်ရင်း ပြောလိုက်သည်။

"ဟို. . ဟို. . . လူဆိုး. . လူဆိုးလေ. . အန်တီ့ကို သတ်ဖို့ ပြောသွားပြီ၊ သူ မေမေ့ကို သတ်သလို အန်တီ့ကို သတ်တော့မယ် ဖေဖေရဲ့၊ အန်တီ့ကို ကယ်ကြပါဦး ကယ်ကြပါဦး"

နီးလ်သည် အော်ပြောရင်း အမောဆို့ပြီး သူ့ဖေဖေရင်ခွင်ထဲတွင် ပျော့ခွေကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၅၀

သူ့ကို ဖြစ်တဲ့နည်းနဲ့ကယ်ရမယ်၊ ဖြစ်တဲ့နည်းနဲ့ ကယ်ရမယ်။

ရှိစီက ရင်ထဲတွင် မချိစွာဖြင့် အသံထွက်အောင်ပင် တစ်ကိုယ်တည်း ပြောလိုက်မိသည်။ လာလီသည် 'ဆင်. . . ဆင်'ထောင်ထဲရောက်နေပြီ။ သူမအခန်းကလေးထဲ ရောက်နေပြီ။ ဒါကိုတော့ ရှိစီက ကျိန်းသေပြောနိုင်သည်။ သူမ ရှိကိုရှိရမည်။

ဘူတာကြီးတစ်ဝန်းလုံး ရဲတွေနှင့် ဖွဲဖွဲလှုပ်လှုပ် ဖြစ်နေသည်။ ပြန်ကြားရေးဌာနစားပွဲနားတွင် ရဲတွေ ဝိုင်းနေကြသည်။ ရှိစီက ဟူးချ်တေလာကို သွားမြင်မိသည်။ ဟူးချ်က အက်ဖ်ဘီအိုင်မှ အရာရှိ။ အလွန် စိတ်ကောင်းရှိသူ။ သူမကို ဘူတာရုံတစ်ဝိုက်တွင် တွေ့တိုင်းကောင်းကောင်းမွန်မွန် နှုတ်ဆက်တတ်သည်။ သူမနှင့် ရင်းနှီးသည်။

သူမသည် ဟူးချ်ဆီသို့ ပြေးသွားပြီး လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

"မစ္စတာတေလာ ကျွန်မကို ကယ်ပါဦး၊ ဟို. . ဟို. . အဘွားကြီးလာလီလေ. . ."

ဟူးချ်က သူမ၏လက်ကို ပြန်ဖြုတ်လိုက်ရင်း. . .

"ဒီအဘွားကြီး ဒီမှာ ဘာလာရှုပ်နေရတာလဲ၊ အရေးထဲသေသွားဦးမယ်၊ ကဲ. . . သွားသွား. . . မြန်မြန်သွား"

အသံချဲ့စက်မှ အော်ပြန်သည်။

အမြန်ဆုံးထွက်ကြရန် နောက်ဆုံးအကြိမ်သတိပေးနေသည်။

"ကျွန်မမသွားနိုင်ဘူး မသွားနိုင်ဘူး၊ လာလီကိုကယ်မှ"

ဟူးချ်အနီးမှ အရပ်ရှည်ရှည်နှင့်လူက ဟူးချ်၏လက်ကို ဖမ်းဆုပ်ပြီး အတင်းဆွဲခေါ်နေသည်။ သူလည်း ရှိစီလိုပင် မျက်ရည်တွေ စီးကျနေသည်။

ဟူးချ်နှင့်အခြားရဲတစ်ယောက်က သူ့လက်နှစ်ဖက်ကို ချုပ်ကိုင်ထားကြသည်။

"ဖေဖေ. . . ဖေဖေ"

အသံလာရာဘက်သို့ အားလုံး အလန့်တကြားလှည့်ကြည့်လိုက်ကြသည်။

ကလေးငယ်တစ်ယောက်သည် ရထားလမ်းကိုဖြတ်ပြီး သူတို့ဆီသို့ပြေးလာနေသည်။ စောစောကပုဂ္ဂိုလ်က ဟူးချ်နှင့်ရဲသားလက်မှ ရုန်းထွက်ပြီး ကလေးငယ်ဆီသို့ ပြေးထွက်သွားသည်။

ကလေးငယ်က. . .

"လူဆိုး. . . လူဆိုး"ဆိုပြီး မောကြီးပန်းကြီး ပြောနေသံကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိစီက သူတို့ဆီသို့ ပြေးလိုက်သွားသည်။

လူဆိုး. . . လူဆိုး. . . လာလီနှင့်သူမတို့ သိတဲ့လူဆိုးဖြစ်နိုင်သည်။

"ဖေဖေ. . . ဖေဖေ၊ အန်တီရှုရှန်ကို မြန်မြန်သွားကယ်ပါ။ သူမှာဒဏ်ရာတွေနဲ့ သူ့ကို ကြိုးနဲ့တုပ်ထားတယ်၊ အဲဒီမှာ ဒဏ်ရာနဲ့အဘွားကြီးလဲ တစ်ယောက်. ."

"ဘယ်မှာလဲ. . သား၊ ဘယ်မှာလဲ"

"အဘွားကြီးတစ်ယောက် ဟုတ်လား"

ရှိစီက ကမန်းကတန်းဝင်ပြောသည်။

"ဒါဆိုရင် လာလီပဲ၊ သူ့အခန်းထဲမှာဖြစ်မယ်။ ကျွန်မသိတယ် မစ္စတာတေလာ၊ ဟို. . ဟို. . ဆင်ဆင်ထောင်လို့ခေါ်တဲ့ အခန်းကလေးပဲ၊ အရင်က ပန်းကန်ဆေးခန်းလုပ်ခဲ့တာလေ"

"ကဲ. . . လာ. . . မြန်မြန်လာ"

ဟူး၌က အော်ပြောလိုက်သည်။

စတီးဖ်က နီးလ်ကို ရဲသားတစ်ယောက်လက်ထဲ ထိုးအပ်လိုက်ပြီး. . .

"ကဲ. . . ဒီကလေး အပြင်ခေါ်သွား"

ပြီးတော့ ဟူး၌နောက်မှ ပြေးလိုက်သွားသည်။ ရဲသားနှစ်ယောက်က လေးလံသော ဗုံးကာသံအုပ်ဆောင်းကြီး ကိုယ်စီဆွဲကာ သူတို့နောက်မှ အပြေးလိုက်သွားကြသည်။

"ဘုရားသခင်. . . . အချိန်မရှိတော့ဘူး။ လာ. . လာ အဘွားကြီး မြန်မြန်ထွက်၊ ဗုံးပေါက်ကွဲတော့မယ်"

နေရာတွင် ကြက်သေသေကာ ရပ်ကြည့်ကျန်ရစ်သော ရှိစီအား အနီးမှ ရဲသား တစ်ယောက်က လက်ကိုအတင်းဆွဲပြီး အပြင်ဘက်သို့ ကမန်းကတန်း ခေါ်ထုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၅၁

နီးလ်ပြေးထွက်သွားသော ဖိနပ်သံကို ရှုရှန်ကြားလိုက်ရသည်။

ဘုရားသခင်ကယ်တော်မူပါ။

နီးလ်ကလေး ဘေးကင်းလို့အန္တရာယ်ရှင်းအောင် စောင့်ရှောက်တော်မူပါ။

အဘွားကြီးအော်ညည်းသံ ရပ်သွားပြီ။ အသက်ကို မျှဉ်းမျှဉ်းကလေးရှူနေသည်။

သူမက ကိုယ်ကိုကုန်းကာ အဘွားကြီးဆံပင်ကို ပွတ်ကြည့်လိုက်သည်။

ပြီးတော့ နဖူးကို ပွတ်ကြည့်သည်။ ချွေးစေးပြန်ကာ အေးစက်နေကြပြီ။

အဘွားကြီးသည် ကိုယ်ကို သိမ့်ခနဲတစ်ချက်လှုပ်လိုက်ပြီး သဲ့သဲ့ညည်းရင်း ငြိမ်သက်သွားသည်။ အဘွားကြီး အသက်ပျောက်သွားပြီ။

ငါလည်း မထူးတော့ဘူး။ ဒီမှာပဲသေတော့မယ်။

အဘွားကြီးနဲ့အတူ ဒီအခန်းထဲမှာပဲ သေတော့မယ်။

ဩော်. . . စတီးဖ်ရယ်. . . ရှင့်ကို ကျွန်မ ချစ်ပါတယ်ကွယ်။

အများကြီး ချစ်ပါတယ် စတီးဖ်ရယ်။

သူမသည် မျက်လုံးကို စုံမှိတ်လိုက်သည်။

"အို. . . ဘုရားသခင်၊ ကျွန်မတို့ကို ကျူးကျော်စော်ကားလာသူအား ခွင့်လွှတ်ခဲ့သလို ကျွန်မတို့ကိုလဲ ခွင့်လွှတ်တော်မူပါ။ ကျွန်မ၏ စိတ်နှင့်ကိုယ်ကို ဘုရားသခင်ထံ အပ်နှံပါသည်၊ ကျွန်မအား စောင့်ရှောက်တော်မူပါဘုရားသခင်"

သူမမျက်လုံးတွေ ပြန်ပွင့်လာသည်။

တံခါးဝတွင် "မြေခွေး" ရပ်နေသည်။

"ဟား. . . ဟား. . . ဟား. . . ဟား"

"မြေခွေး"က ပါးစပ်ကြီးကို နားရွက်နှစ်ဖက်ထိရောက်အောင် ဖြဲကာ ဟားတိုက်ရယ်လိုက်သည်။

သူ့လက်ချောင်းတွေကို ကုပ်ထားပြီး လက်မ,နှစ်ဖက်ကို ထောင်ထားသည်။

သူသည်သူမဆီသို့ တစ်လှမ်းချင်း လျှောက်လာနေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

ဟူးချ်က ရှေ့ဆုံးမှဦးဆောင်ကာ မောင့်ဗာန္ဓနဲရထားစကြီလမ်းအတိုင်း ပြေးလာခဲ့ကြသည်။ သံလမ်းတွေကို ဖြတ်ကျော်ပြီးနောက် ခုံးလျှောတံတားကိုကျော်ကာ မြေအောက်ဘူတာသို့ ဆင်းလာခဲ့ကြသည်။

စတီးဖ်က ဟူးချ်၏ဘေးသို့ ပြေးကပ်လာသည်။ ဗုံးကာသံအုပ်ဆောင်းကိုင် ရဲသားနှစ်ယောက်ကလည်း ထက်ကြပ်မကွာ လိုက်လာကြသည်။

ခုံးလျှောတံတားအဆုံးသို့ ရောက်သောအခါ အော်ညည်းသံများ ကြားလိုက်ကြရသည်။

"ကျွန်မကို မသတ်ပါနဲ့ မသတ်ပါနဲ့၊ စတီးဖ်ရေး. . . စတီးဖ်ရေ ကျွန်မကို လာကယ်ပါဦး. . . လာကယ်ပါဦး"

စတီးဖ်သည် ကျောင်းသားဘဝတုန်းက အပြေးသမားတစ်ယောက် ဖြစ်ခဲ့သော်လည်း မလေ့ကျင့်သည်မှာ ကြာခဲ့ပြီ။ သို့သော်. . . သူက ရှိသမျှအားမာန်ကိုစုစည်းပြီး တခြားလူတွေကို ကျော်တက်ကာ ရှေ့သို့ အတင်းစွတ်ပြေးလာခဲ့သည်။

"စတီးဖ်. . . အီး. . အီး. . အီး. . ရေ"

အော်သံသည် အရှည်ကြီးထွက်ပေါ်လာပြီး ရုတ်တရက်ရပ်သွားသည်။

လှေကားသို့ရောက်လာပြီ။ သူသည် လှေကားခြေရင်းတွင် ခေတ္တရပ်သွားသည်။

လှေကားပေါ်သို့ တအားပြေးတက်လာခဲ့ပြီးနောက်. . . တံခါးဝသို့ မောကြီးပန်းကြီး ရောက်လာသည်။

တံခါးက ဟင်းလင်းပွင့်လျက်။

ရုတ်တရက်မြင်လိုက်ရသောမြင်ကွင်းကြောင့် သူ့ဦးခေါင်းသည် ချာချာလည်သွားသည်။

ကြမ်းပြင်တစ်ခုလုံး သွေးတွေအိုင်ထွန်းနေသည်။

ကြမ်းပြင်တစ်ခုလုံး သွေးတွေ သွန်းလောင်းထားသလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုရှန်က ထိုင်တစ်ဝက်အိပ်တစ်ဝက်ဖြင့် ပက်လက်ကလေးဖြစ်နေသည်။ ခြေထောက်နှစ်ဖက်ကိုလည်း ကြိုးတုပ်ထားသည်။ ဆံပင်တွေက နောက်ကျောတွင်ဖွာရရာပြန့်ကျဲနေသည်။ လူတစ်ယောက်က သူမကိုယ်ပေါ်တွင် ကုန်းကာ လည်ပင်းကို အတင်းလိုက်ညှစ်နေသည်။ သူမသည် ခြေတွေလက်တွေကန်ကျောက်ကာ အတင်းရုန်းကန်နေသည်။

စတီးဖ်က လူစိမ်းပေါ်သို့ ခုန်အုပ်လိုက်သည်။

လူစိမ်း၏လည်ပင်းကို တအားဖက်၍ နောက်သို့ဆွဲလှန်လိုက်သည်။

သို့သော် လူစိမ်းက အားပြုပြီး ရှေ့သို့ကုန်းလျက် အတင်းတွန်းဆွဲလိုက်သဖြင့် နှစ်ဦးစလုံး ရှုရှန်၏ကိုယ်ပေါ်သို့ လဲကျသွားကြသည်။

လူသုံးယောက်၏အလေးကြောင့် ခေါက်ခုတင်ကလေး ကျိုးကျသွားပြီး သုံးယောက်စလုံးကြမ်းပြင်ပေါ် စုပုံနေကြသည်။

လူစိမ်းက သူ့လက်များကို ရှုရှန်၏လည်ပင်းမှ မလွှတ်သေး။

သို့သော် လဲကျသွားသည့်အရှိန်ကြောင့် အားတော့အတော်ကလေး ပျော့သွားပြီ။

လူစိမ်းက လဲနေရာမှ ကုန်းထရန် ကြိုးစားသည်။ စတီးဖ်က အဘွားကြီးလာလီ၏အလောင်းကို ကျော်ပြီး လူစိမ်း၏လည်ပင်းကို တအားလိုက်ညှစ်နေသည်။

လူစိမ်းက ခေါင်းတယမ်းယမ်းလုပ်ကာ အတင်းရှောင်ခံနေသည်။

ထိုအခိုက် အခန်းထဲသို့ ဟူးချ်ပြေးဝင်လာသည်။

စတီးဖ်က သတိလစ်ပြီး လက်ဆုပ်အားလျော့သွားချိန်တွင် လူစိမ်းက အတင်းရုန်းထွက်ပြီး အခန်းထောင့်သို့ ပြေးကပ်လိုက်သည်။

ထို့နောက် လျှပ်တစ်ပြက်အတွင်းတွင်ပင် အိမ်သာတံခါးကို အလျင်အမြန်ဆွဲဖွင့်ပြီး အိမ်သာထဲဝင်လိုက်သည်။

ပြီးတော့ တံခါးကို တအားဆောင့်ပိတ်ပြီး အထဲမှ ဂျလက်ကို ချလိုက်သည်။

"ဟေး. . . မြေခွေး. . . လူသားစားမြေခွေး ထွက်ခဲ့စမ်း။ မြန်မြန်ထွက်ခဲ့စမ်း။ မင်းက လူတွေဒီလောက်လိုက်သတ်နေတာ ခုမှ ဘာကြောက်နေရသေးသလဲ၊ သူများတောင် သတ်ရဲတာ. . . ကိုယ်လဲသေရဲစမ်းပါ. . . မြေခွေးရဲ့"

ဟူးချ်က ဒေါသတကြီးနှင့် သံကုန်အော်ပြောလိုက်သည်။

သို့သော် မြေခွေးက ထွက်မလာ။

ဗုံးကာသံအုပ်ဆောင်းကိုင် ရဲသားများ ပြေးဝင်လာကြသည်။ ချက်ချင်းပင် သတိကြီးစွာဖြင့် သေတ္တာနက်ကြီးပေါ်တွင် သံအုပ်ဆောင်းကို ဖုံးအုပ်လိုက်ကြသည်။

စတီးဖ်က ရှုရှန်အနီးသို့ ကပ်သွားပြီး သူမကို ပွေ့ချီလိုက်သည်။

သူမမျက်စိ လုံးဝ မှိတ်ထားသည်။ ဦးခေါင်းက နောက်သို့လန်ကျနေသည်။

ပါးစပ်တွင်လည်း အမြှုပ်တွေ ထွက်နေကြသည်။

သူမကိုယ်သည် နွေးထွေးနေတုန်း ရှိသေးသည်။ ရင်ဘတ်ကလည်း ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေသည်။ သူမသည် အသက်ကို မျှဉ်းမျှဉ်းကလေး ရှူရှိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ မသေသေး. . . မသေသေး။

စတီးဖ်သည် ရှရွန်ကို ပွေ့ချီထားရင်း နံရံကို ကြည့်လိုက်သည်။

ပေါ်စတာကားချပ်၊ နီနာ၏ဓာတ်ပုံ။

သူက ရှရွန်အား ခပ်တင်းတင်းပွေ့ထားလိုက်မိသည်။

ဟူးချ်က လာလီ၏အလောင်းပေါ် ကုန်းပြီး ငုံကြည့်လိုက်သည်။

"အဘွားကြီးတော့ သွားရှာပြီ"

နာရီလက်တံကြီးက ခြောက်ဂဏန်းဆီသို့ ရွေ့သွားနေပြီ။

"ကဲ. . . မြန်မြန်ထွက်ကြ. . . ထွက်ကြ"

ဟူးချ်က အော်၍ အမိန့်ပေးလိုက်သည်။

ချက်ချင်းပင် အားလုံးပြန်ထွက်သွားကြသည်။

"ဥမင်လမ်း. . . ဥမင်လမ်းဆုံးကိုသွား"

မြေခွေးက အိမ်သာထဲမှနေ၍ သူတို့အသံကြားလိုက်ရသည်။ ခြေသံတွေလည်း အဆက်မပြတ် ကြားနေရသည်။ ခဏကြာတော့ ဘာသံမှ မကြားရတော့။

သူတို့သွားကြပြီ။ သူတို့သွားကြပြီ။

မြေခွေးသည် ဂျလက်ကိုဖြုတ်၍ တံခါးကို ပြန်ဖွင့်လိုက်သည်။

သေတ္တာကြီးပေါ်မှ သံအုပ်ဆောင်းကြီးကို လှမ်းမြင်လိုက်သည်။

"ဟား. . . ဟား. . . ဟား. . . ဟား"

သူက သရော်သံဖြင့် တအားပေါက်ရယ်လိုက်သည်။

သူ့အတွက် နောက်ကျသွားခဲ့ပြီ။ တစ်ချိန်တည်းတွင် သူတို့အတွက်လည်း နောက်ကျသွားခဲ့ပြီ။ သို့သော် နောက်ဆုံးတော့ "မြေခွေး"ကပင် အောင်ပွဲခံရမည်ပင်။

သူက သေတ္တာနားသွားပြီး သံအုပ်ဆောင်းကြီးကို တအားဆွဲဖြုတ်လိုက်သည်။

မျက်လုံးတွေ မီးပွင့်သွားပြီးနောက် နားကွဲဘနန်း ဝုန်းခနဲအသံကြီး မြည်ဟည်းသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃၇

နံနက် (၁၁)နာရီ (၄၂)မိနစ်။

ရွှေနေကလေး ဘော့ဘ်ကာနားသည် စိန့်ဘာနတ်ဘုရားရှိခိုးကျောင်းအတွင်းသို့ သုတ်သီးသုတ်ပျာ ဝင်လာခဲ့သည်။

ဘုရားခန်းမဆောင်သို့ ကမန်းကတန်းပြေးသွားပြီး ဒူးတုပ်ဝပ်တွားနေသော မိန်းမကြီးအားနောက်မှနေ၍ ပြေးဖက်လိုက်သည်။

BURMESE CLASSIC .com

"အားလုံးပြီးသွားပြီလား သား"

သူမက တည်ငြိမ်သောအသံဖြင့် မေးသည်။

"ဟုတ်ကဲ့. . . အားလုံးပြီးသွားပါပြီအမေ၊ ကဲ. . . လာပါတော့၊ အမေ့သားကို သွားခေါ်ကြပါစို့၊ လူသတ်တရားခံအစစ်ကိုသိရပြီအမေ၊ သူပို့လိုက်တဲ့ တိတ်ခွေကပဲ သူ့အကြောင်းကိုဖြောင့်ချက်ပေးလိုက်တယ်လေ၊ အခုဆိုရင် ပြည်နယ်အုပ်ချုပ်ရေးမှူးက အမေ့သားကို အိမ်ပြန်ခေါ်နိုင်ပါပြီလို့ အမိန့်ထုတ်လိုက်ပြီအမေ၊ အမေ ဝမ်းမသာဘူးလား. . . ဟင်"

ဘာသာတရားကို ကိုင်းရှိုင်းသော၊ မေတ္တာစွမ်းအင်ကို ယုံကြည်သော ရှိနယ်သွမ်မဆင်၏မိခင်ကြီး မစ္စက်ကိတ်သွမ်မဆင်သည် ဝမ်းသာလုံးဆို့ကာ နေရာတွင်ပင် မေ့မြောလဲကျသွားလေသည်။

❁

မစ္စတာရော်ဂျာပယ်ရီသည် လက်ထဲမှ တယ်လီဖုန်းကို ပြန်ချပြီး သူ့ဇနီးဘက်သို့ လှည့်လိုက်ရင်း. . .

"ဝမ်းသာလိုက်တာဂလင်ဒါ၊ သူတို့အားလုံး လွတ်လာကြပြီ"

"ဟင်. . . သူတို့လွတ်လာကြပြီ၊ ဝမ်းသာလိုက်တာရှင်ရယ်. . . တော်ပါသေးရဲ့. . . နီးလ်ကလေးနဲ့ရှရွန်တို့ရယ်. . . ဘုရားသခင် စောင့်ရှောက်ပါစေ၊ အမေ ဝမ်းသာလိုက်တာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့တင် မဟုတ်သေးဘူးကွ၊ ရှိနယ်သွမ်မဆင်လဲ လုံးဝလွတ်သွားပြီ"

"ဟင်. . . ဟုတ်လား"

ဂလင်ဒါက လက်ဝါးနှစ်ဖက်ကို ရင်ဘတ်ပေါ် ကပ်လိုက်ပြီး. . .

"ဩော်. . . ဘုရားသခင်ကျေးဇူးတော်ပါပဲ၊ အဲ့ဩစရာကောင်းလိုက်တာ၊ ကျွန်မ ဝမ်းသာလိုက်တာ ရော်ဂျာရယ်၊ ကဲ. . . ရော်ဂျာ. . . ဒီဆေးလုံးတွေ လွှင့်ပစ်လိုက်ပါတော့ ကျွန်မ မစားချင်တော့ဘူး၊ စားဖို့လဲ မလိုတော့ဘူး၊ ဒီတော့ ထုံးစံအတိုင်း ကျွန်မတို့ လင်မယား သောက်နေကျ မာတီနီ ချိုချိုပြင်းပြင်းကလေးတစ်ခွက်သာ လုပ်ပါတော့"

❁

ရှီစီက တသိမ့်သိမ့်နှင့် ရှိုက်၍ရှိုက်၍ ငိုနေသည်။ အက်ဖ်ဘီအိုင်စုံထောက်အရာရှိ ဟူးချ်တေလာက သူမကို ဖက်ထားရင်း နှစ်သိမ့်စကားပြောသည်။

"မငိုပါနဲ့တော့ အန်တီရယ်၊ တကယ်တော့. . အဒေါ်ကြီးလာလီက ကောင်းသော သေခြင်းနဲ့ သေသွားရတာပါ။ သူ့ကျေးဇူးကြောင့် ကျွန်တော်တို့ ဂရင်းဘူတာကြီး မပျက်စီးခဲ့ရ တာပါ၊ သူက သူ့အသက်နဲ့လဲပြီး ဂရင်းဘူတာကြီးကို ကယ်တင်သွားတာပါ၊ ဒီလုပ်ရပ်အတွက် သူ့ကို ဂုဏ်ထူးဆောင်ဆုတံဆိပ်ပေးဖို့ ကျွန်တော်တို့က သက်ဆိုင်ရာကို အစီရင်ခံစာ တင်လိုက် ပါ့မယ်၊ နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူးမစ္စတာတေရီက ပေးကို ပေးမှာပါ၊ သူက အင်မတန်တော်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါ"

"လာလီအတွက် ဆုတံဆိပ် ဆုတံဆိပ်၊ အင်း. . . ကောင်းတယ်၊ သိပ်ကောင်းတယ်၊ သူကလဲ သိပ်သဘောကျမှာပါပဲကွယ်"

ရှီစီက တိုးတိုးကလေး ရေရွတ်လိုက်သည်။

BURMESE CLASSIC .com

❁

သူမမျက်နှာပေါ်တွင် တခြားမျက်နှာတစ်ခုက စိုးမိုးနေသည်။

သူမ သေရတော့မယ်။ သေရတော့မယ်။ စတီးဖ်ကို ဘယ်တော့မှ မတွေ့နိုင်တော့။

"ဟင့်အင်း. . . ဟင့်အင်း၊ တွေ့မယ်. . . တွေ့မယ်၊ သူ့ကို တွေ့မယ်"

"ရှူရှူး. . . ဒါလင်၊ ဒီမှာ ကိုယ်ရှိတယ်လေ၊ ကိုယ်ရှိပါတယ်၊ ဘာမှမပူနဲ့တော့နော်၊ အားလုံးအေးချမ်းသွားပါပြီကွယ်"

စတီးဖ်၏ အသံပါလား။

မျက်နှာကလည်း စတီးဖ်၏မျက်နှာ၊ သူ့မျက်နှာ သူ့အသံ။

"အားလုံးပြီးသွားပါပြီ၊ ဘာမှမစိုးရိမ်ပါနဲ့တော့၊ အခု ကိုယ်တို့ ဆေးရုံကို သွားနေ ကြပြီလေ၊ မကြာခင် နေကောင်းသွားတော့မှာပေါ့၊ ဒဏ်ရာက မပြင်းပါဘူး၊ အသေးအဖွဲ ကလေးပါ၊ စိတ်အေးအေးထားပြီး မှိန်းနေလိုက်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"နီးလ်. . . နီးလ်ကောဟင်"

"အို. . . အန်တီ၊ ကျွန်တော်ဒီမှာရှိပါတယ်အန်တီ၊ အန်တီ့အနားမှာ ရှိပါတယ်"

နီးလ်က သူမ၏လက်ကို ရွရွကလေးဆုပ်ကိုင်ထားလိုက်သည်။

သူမ၏ပါးပြင်ပေါ်၊

နဖူးပေါ်၊

နှုတ်ခမ်းပေါ်သို့ . . .

တစ်စုံတစ်ယောက်၏နှုတ်ခမ်းများက ညင်ညင်သာသာကလေး လာထိသည်။

စတီးဖ်၏ နွေးထွေးသော နှုတ်ခမ်းများ။

မျက်လုံးကို ပိတ်ထားပေမယ့် သူမက ကောင်းစွာသိပါသည်။

ပြီးတော့. . . နီးလ်ကလေး၏အသံ ပေါ်လာပြန်သည်။

"အန်တီ. . အန်တီက ကျွန်တော့်ကိုပြောတာ မှတ်မိသေးသလား ဟင်၊ ကျွန်တော်တော့. . ဘယ်တော့မှ မမေ့ဘူးအန်တီ၊ အန်တီက ကျွန်တော့်ကို လက်ဆောင်ကောင်းကောင်း ပေးမယ်ဆိုတာလေ. . . မှတ်မိသေးသလားဟင်၊ ကျွန်တော့်ကို မီးရထားလှလှကလေးတွေ ဝယ်ပေးရမယ်နော်. . . အန်တီ. . . နော်. . ."

မောင်ပေါ်ထွန်း

နိုဝင်ဘာ ၂၈၊ ၁၉၈၁။

www.burmeseclassic.com